www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်
နက္ခတ္တရောင်ခြည်









လောကီ ပညာ ရသ စုံ မ ဂ္ဂ ဇင်း

F.IA. January, 2016.
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၁

www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ်ရောင်ခြည်

လောကီပညာရသစုံမဂ္ဂဇင်း

နာယကကြီး

ဒေါက်တာ အောင်မိုင်

M.B.B.S (Ygn)

ဒု-ဉာ-ဝ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics

Training (London)

M.C.P.A, A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic

Medicine(India)

သာသနာ့အကျိုးဆောင်

ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်အေး

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ

အယ်ဒီတာ

ကိုကိုမောင်

စာတည်းချုပ်

ဦးကျော်မိုးသိန်း၊

တာဝန်ခံစာတည်း

မေမြအေး

နယ်လှည့်အယ်ဒီတာ

အောင်ဇေ(LL.B)၊ ကိုမိုးဆန်း၊

သန်းထွန်း၊ (ဘားအံ)

ပါဠိ အယ်ဒီတာ

* ဦးစံတင်

(တေနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)

* ဦးသန်းအောင်ရွှေ

[ဓမ္မာစရိယ (မဟာဝဏ္ဏဒီ မြန်မာဂုဏ်ထူး)

ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ

(နိကာယဝိပုလ)]

ဥပဒေအကြံပေး

ဦးထွန်းမိန်

B.A(Myanmar),H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း



မန္တလေးနယ်မှ ရှင်အရဟံသမုတ်ခဲ့သော
ညောင်ကွဲသိမ်တော် ပရိဝုဏ်ရှိ
ရှင်အဇ္ဇဂေါဏ ရုပ်တုတော်မှ...

☛ ၈၁-၁၁၅

ထုတ်ဝေသူ

ဦးခင်မောင်ဝင်း(ခ)ဦးကျော်မိုးသိန်း(၀၀၃၉၉)

နက္ခတ်ရောင်ခြည်မဂ္ဂဇင်းတိုက်

၂၈၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးကျော်မင်းနိုင်(၀၀၄၅၉) မိုးမေဃာပုံနှိပ်တိုက်

အမှတ် ၁၇/၈၈ ၅၆-လမ်း ၂-ရပ်ကွက်

ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့

မန္တလေးဖြန့်ချိရေး

နဂါးစာပေ

ရွှေတောင်ကာသား ဖြန့်ချိရေး

စိတ်ချမ်းသာစာပေ (တောင်ကြီး)

ဝါးနီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ် ကရင်ပြည်နယ်ဖြန့်ချိရေး

ကျော်ကျော်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ ၂၈၉ ၂၉ လမ်း ရန်ကုန်မြို့

ဖ- ၀၁ ၂၄၂၂၈၅

ကြော်ငြာဌာနမှူး - ကိုတင်မောင်ရွှေ၊

မင်္ဂလာ မီဒီယာ ကြော်ငြာလုပ်ငန်း

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ

အမှတ် ၃၅၄

တန်ဖိုး - ၂၀၀၀ကျပ် (ဖြန့်ချိရေး)

[နှစ်ထောင်တစ်ရာကျပ်]

အုပ်ရေ

၁၀၀၀

ဖ-၀၁ ၂၄၂၂၈၄



F.1B. January, 2016.

www.burmeseclassic.com

www.burmeseclassic.com



ဘဝအငြိမ်းအနေ့တိုးတက်၍
အောင်မြင်မှုရရှိစေရန်သစ္စာပြု
တိုင်တည်နိုင်သောရုပ်ပွားတော်ကြီးဖြစ်သည်...
☛ ၈-၁၈

ဒီ နဘူးခွယ် ခွယ်ကျွင်းထိုးဆိုရင်
အနှောင့်အယှက်နဲ့ အတိုက်အခံတွေကို
အထူးအောင်မြင်စေတယ်တဲ့...
☛ ၈-၂၃



## ဗေဒဆုံခြင်းရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်
ကျွန်းမာပါစေတိုင်းရင်းဆေးကုခန်း ဆရာဦးသိတ
(ထဆ-၀၃၉၈၀)နှင့် တွေ့ဆုံမေးမြန်းခဲ့သော
ပန်းနာရင်ကျပ်ရောဂါ ကာကွယ်စောင့်ရှောက်နည်းများ
[မြောင်းမြ မောင်ယဉ်တင့်] ၁၃၇

## ပညာပေးရောင်ခြည်

ခါးနာခြင်းအတွက် ကုထုံးဆေးရတု(၁) [မှန်စိုင်းဝမ်း] ၁၄၇

## လက္ခဏာရောင်ခြည်

အဝေးရှိ၍ အမြဲရှိခဲ့ရပါသည်
[ဆရာဦးခင်မောင်လင်း-B.Sc ရွှေဘို] ၃၁
သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၅၅
ရွှေကူဗိုလ်မြို့ဆရာတော်ကြီး၏ လက္ခဏာတော်ကို
ပူဇော်ခြင်း ၅၇
ချစ်မှုရေးရာ လက္ခဏာ [ဦးသော်ဇင်-ဟင်္သာတ] ၆၃
လက္ခဏာပဟေဠိ အဖြေညီကြစို့
[ဆရာကြီး ဦးအောင်မြင့်-ဥပဓေဒွဲ့] ၂၂၀

## ခရီးညွှန်ရောင်ခြည်

နာဂဝံသတောင်များဆီမှ တွမ်းယင်းအရှင်ကောင်းမှု
ရှဥ္စာဓာတ်စေတီတော်သို့ [ကုန်ကျော်ရွာ-မြင့်ထက္ကဝိုလ်] ၉
နှစ်ပေါင်း(၁၂၀)ကျော် သက်တမ်းရှိ ရွှေရန်ပြေညွှန်သာစေတီ
နှင့် ရွှေရန်ပြေဖတ္တမနှိုးကျောင်းသို့ အလည်တစ်ခေါက်
ဘုရားဖူးရောက်ခဲ့စဉ် (၁) [နိုင်မင်းညို] ၄၁
မှတ်လအိ မှတ်လအပ် တောင်ထွတ်များပေါ်
ဆံတော်ရှင် ဘုရားဖူးခရီး (၄) [အောင်-LL,B] ၆၅

## အထူးကဏ္ဍရောင်ခြည်

စစ်ကိုင်း ရှင်မြူရှင်လှဘုရားသို့ ဘုရားဖူးသာသနာပြုမည့်
ဘုရားဖူးမြွေမောင်နှမတို့၏ ဖြစ်ရပ်ဆန်း
[ဂါမဏိဇော်-စစ်ကိုင်း] ၃၃
ကြေးခေါင်းလောင်း...ကြေးမောင်း...ကြေးစည်...
ကြေးလေး... ဝန္ဒီရွှန်းအားများ (၂) [ရွှေစိုး] ၅၃
ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့မှ မေတ္တာရှင်
တောင်သူတန်းဆရာတော်ကြီးအား
ဖူးမြော်ကြည်ညိုခြင်း(၂) [ညီလေးငယ်-လယ်တော်] ၉၇
ရထားနာဝှစေတီနှစ်ဆူနှင့် ရွှေဖျုံးညီနောင်
နတ်ပူဇော်ပွဲ (၃) [ငြိမ်းသော်တာ] ၁၀၅
မွန်လာနယ်မှ ရှင်အရဟံသိမ်တော် ပူဇော်မှုခရီး(၄)
[ညောင်ကွဲနေဝင်သိမ်] [စံထွန်းသော] ၁၁၃
အာဇရီ နမာမီ (၂)
[ဒေါ်သုမနစိစိတ္တ-B.Sc, H.G.P, Dip.Ed] ၂၄၉



www.burmeseclassic.com

www.burmeseclassic.com

## ✱ ကိုယ်ကျေးရောင်ခြည် ✱

ထူးထားတွေ့တော့ မြော့ချင်ပြစ်ချင် [ဓာတ်ပုံထဲတွင်
ပေါ်လာသည့် ပေါ်တော်မူ ဆင်းတုတော်ကြီး]
[မောင်ကံ-ထံတားရွာ] ၂၀၁
အသအောင်မင်းခေါင်နှင့် ကြုံခဲ့ရသော
တွန်တော့အသွား [ကိုကိုခန့်ချော-ကသာမြေ] ၂၃၃
ဆရာမနိုင် နှစ်ဆောင်ပြိုင်ရွာ [ထွန်းအေးကြိုင်-ရွှေတောင်] ၂၃၅
အိပ်ပျော်ရင်း လမ်းလျှောက်ကြသူများ
[ကောင်းခန့်-သခွတ်မြေ ဝက်လက်] ၂၅၁
ချွေဖြစ်ဒါ အသားတွေ [ရွှေမိုးဟိန်း-ရမည်းသင်း] ၂၆၇

## ✱ ကျင့်စဉ်ရောင်ခြည် ✱

ထူးခြားတဲ့ သရဏဂုံကျင့်စဉ်
[အောင်ထက်-ရွာအနောက်မြို့တော်] ၁၃၂
ယောဘုတ်ချိန်ခွင်နှင့် ယတြာကျင့်စဉ်ထူးများ
[၅-ကြွင်းမဟာဘုတ်ပိုင်ရှင်များအတွက်] [ကဝိသိရော့မထီ] ၃၀၃

## ● အမိအရင်းရောင်ခြည် ●

ပြိတ်စာကျွေးလျှင် အနိဋ္ဌစင် [ဦးအုန်းမြင့်-ဟသ်ာတ] ၁၄၀
ပုလဲမိခင်ဘုရားနှင့် လွတ်မြောက်စေခြင်းအစီအရင်
[ထက်မင်းကျော်စွာ] ၁၅၈
အဝီစိပြိတ်အဆိုးနှင့် ကြုံရလျှင်
[ဘုန်းကျော်စွာ-မြိုင်တဂ္ဂသိုလ်] ၁၇၇
ထွမ်းရွှတ်အမြွာအဆောင် မြှုလုပ်စီရင်ပုံ
[လောကီပညာသုတေသီ] ၁၉၃
အိမ်ရှက်နာလှည့် မသင့်သူတို့အတွက် ယတြာအစီအရင်
[ဂါမဏီဖော်-ဝိဇ္ဇာဓရ စစ်ကိုင်း] ၂၀၄
သခေါ်ဘသီးအမြှုတေနှင့် သူ့အစီအရင် [ခင်ထွန်း] ၂၁၇
ဘေးရန်ကင်းစင် လူချစ်လူခင်ပေါများစေတဲ့ အဆောင်
[ကောင်းမြင့်မြတ်စိန်] ၂၁၉

## ❒ အချိုရှက်ရောင်ခြည် ❒

လွယ်မယောင်နဲ့ခက် ထိမ်မယောင်နဲ့နက်(၉)
[ဦးမင်းဇင်-ရွှေနဝင်း] ၁၄၂
ဝိဇ္ဇာဓရဆရာတော်ကြီး (ခေါ်) ဓာတ်ကြီး(၄)ပါး
ရှပ်နာခံဆေးတော် [ရာမြေ ကျော်ဝေ] ၁၆၅
ထိရောက်အောင်မြင်စေသည့် ဓာတ်လုံးမီးသတ်နည်းများ
[အောင်သန့်-ပုသိမ်ကြီး] ၂၁၄
တျာတ် ဧ က ယ လမ်း [တင်လှ-ဆ-မကြိမ်း] ပုသိမ်ကြီး] ၂၂၄

## ✱ ဂါထာမန္တန်ရောင်ခြည် ✱

သွေးတိတ်စေနိုင်သောဂါထာ [ရာတိမ်ကျော်-မအူပင်] ၁၁၀
ဘေးရန်ကင်းတွာ စီးပွားလာဂါထာ
[ထက္ကသိုလ် အပန်ငယ်] ၁၂၅
အဝူရိုင်ကျနှင့် ဓတ်တလောင်မန်းဂါထာ
[စိုးလင်းအောင်-မြန်အောင်] ၁၇၆



ဆရာတော်က လာဖူးတဲ့သူတိုင်းကို
အနိစ္စ မေတ္တာပိုဒ် ရွတ်ခိုင်းတယ်
ဘာအကျိုးရှိလဲဆိုရင်...
➡ တ-၂၅

ဒီ ရေသရက်ကင်းကို
စားလဲ စား အရည်ညှစ်ပြီး
အစုအကျိုး အနာပေါ် လိမ်းပေးလို့ရတယ်...
➡ တ-၇၉





www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောကြနဲ့
ကိုယ်တိုင် မကျင့်ကြံဘဲ
ငါ့နောက်ကိုသာ လိုက်နေကြလိမ့်မယ် ... ☛ စာ-၆၁

ဤဓူယ်တော်ရှက်ပဟာ ကွမ်းရွက်ပြားကို
စိရင်ခြင်းဖြင့် ပြောစကား ဆိုစကား
အောင်မြင်ခြင်းအကျိုးကို ဖြစ်ပေါ်စေ၏ ... ☛ စာ-၁၉၃




* ဆေးနည်းတို့ရောင်ခြည် *

ဆီးကျိတ်ရောင်ရောဂါအတွက် ဆေးမြီးတို [အောင်ဆန်းလင်း-ဘီအေ] ၁၅
သစ်မှတွက်သော ရဲယိုပင်နှင့် ဆေးဖက်ဝင်အစီအရင် [ခင်ခင်ဝင်း-မော်ရဝတီ] ၁၂၉
နှလုံးသွေးကြောကျဉ်း ဝေဒနာရှင်များအတွက် သတ်တွေ့ဆေးနည်းကျော် [မောင်အေးကြူ-စီပွားရေး] ၁၉၉

◆ ဆေးဆေးရောင်ခြည် ◆

တရုတ်စံတားပွဲ ရေနွေးကြမ်း [ဆေးသုတေသီတစ်ဦး] ၁၃၄
သင်းရုံးမြိ သက်ရှည်ကျန်းမာ ရောပယ်ဖျောက် တရမက် [သိတာဆန်း-မော်လမြိုင်] ၁၉၆
အစွမ်းထက်သော အာယုဝဇ္ဇနဆေးကြီးတစ်လက် [ဇရာမြေ ထွန်းထွန်း] ၂၄၈

* ဂမ္ဘီရပညာရောင်ခြည် *

တွင်းပိုင်ကြီးနှင့် တွဲသောင်းကျွန်း [ကိုဇနေ] ၂၄၄
တစ်ချိန်တစ်ခါက ရှိခဲ့သွားခဲ့သော သိုက်ဝင် မဟူရာကျောက်ကလေးတစ်လုံး [မောင်ဘုန်းမြင့်-သင်္ဂ] ၂၇၉

❖ စိတ်စွမ်းအင်ရောင်ခြည် ❖

အိပ်မက်ထဲမှ ခေါ်သံ [ညွှန့်ဝင်း-နတ်တလင်း] ၂၈၆

† ထူးခြားအဖြစ်ပျက်ရောင်ခြည် †

မြည့်ပုံခြင်းကို ပေးစွမ်းနိုင်သည့် လိပ်ဝမ်းနှင့် ရှေကြာဝမ်း [ထက်မင်းကျော်စွာ] ၁၈၉
ဝမ်းပင်စိုက်လျှင် သတိထားစေချင် [မောင်အောင်ကျော်-အိမ်မဲ] ၂၅၅

✂ ဟာသသုတရောင်ခြည် ✂

မှတ်ဆိတ်ပျားစွဲ [စိုးစိုး-ရွှေ မင်းလှ] ၄၆

† ထူးခြားပုံပြင်ရောင်ခြည် †

နဘူးမွယ်တွင်းထိုး စီပွားတိုး [သာထက်ဇော်-မကွေး] ၂၁
ထူးဆန်းသော နွားခြောက်ကလေး [မြင့်မောင်ဇော်-ရွှေဘို] ၁၂၁
ခြတောင်ပို့အတွင်းမှ ထူးခြားသော ခြအမြွေ [ရဲမျိုးသူ-တောင်ငူမြို့၊ သစ်တစ်ပင်ဇနီး] ၁၅၆

* ကုထုံးရောင်ခြည် *

အကြောနှင့်ဆရာ ဆတ်စင်ဒါ မြန်မာ့ပျောက်တင်းမှု [သားအိမ်လျှော့ရောဂါနှင့် အကြောပြုပြင်ကုသခြင်း] [ဆရာဦးလှညိမ်း-အကြောပညာရှင်၊ တံတားဦး-အင်းဝ] ၁၁၄
နဝလောကုတ္တရာ ဗိုလ်တော်ကြီး၏ မြေမှော်ပညာနှင့် အဆိပ်တုထုံးကျမ်း(၅) [ရဲရဲထွန်း-ဟသ်ာတ] ၂၃၀




www.burmeseclassic.com

www.burmeseclassic.com

## ✤ အပျိုးအပီးအရွေးရောင်ခြည် ✤

ဆွမ်းချိန်အခါ ဆွမ်းကျတ်ခြွန်မောင် [မပြုံ] ၂၆၇

## ○ သုတေသနရောင်ခြည် ○

မဟာဘုတ်ချိန်ခွင်နှင့် ကျောဖူးရှင် ဆရာတော်ကြီးများ
[အိမ်မဲမြို့၊ သဲအင်းဂူကမ္ဘာ့ဝဍ္ဍာနိရုဒ်သာတောရကျောင်း၊
ဆရာတော် ဘဒ္ဒန္တဥတ္တမသာရထေန်အား
ဂါရဝပြု ပူဇော်ခြင်း၊] [သန်းပညာ] ၄၅
စိတ်ဝင်စားဖွယ်ကောင်းသော ထိုမြို့လက်မှတ်များအကြောင်း
[ဆရာကြီး၊ ဦးအောင်မြိုင်-ဥပဒေသွဲ့] ၁၈၀
တိုက်ဆိုင်မှုမဟုတ်သော မြစ်ရှယ်တစ်ခု
[ဦးအေးဆွေ-ကမ္မောင်] ၂၄၇

## ○ မြန်မျှင်းကြီးအောင်းပင်ဆေးပြွမ်းရောင်ခြည် ○

ဝမ်းတိုက်နာနှင့် ရေသရက်တင်း [ဆေးသုတေသီ] ၅၉
တမာရွက်နှင့် သလိပ်ပုပ် ထုတ်ပစ်ရအောင်
[ချစ်ငိုင်ညို] ၈၇
နိုပဝါဆရာ ဦးကျော်ညွန့်၏ ဆေးပင် ဆေးရွက်များနှင့်
ဆေးစွမ်းများ [ဝရိတ္တွာ၊ ဆေးသမား] ၁၅၃
ဆေးဝင်ဘာဆရာတော်ကြီး ညွှန်ပြသော ဓာတသတ်ပင်
[ရဲမျိုးသူ-ဓောမိမြိုင်] ၁၈၂

## ✲ ဓါတ်ပျှလျှန်ရောင်ခြည် ✲

တဲ့ရွား နှာရာလှောနာရောဝါ ကုသပေးပါ
[ကိုကိုအောင်-မြကန်သာ] ၁၅၀
သားကြီးအောင်မောင်း ပိုးထိလို့ [ကိုထွန်း-မင်းလှ] ၂၀၇

## ◉ ကြည့်ရှုခြင်းရောင်ခြည် ◉

မလွန်မြို့တောင်း မြစ်တမ်နာရူ့မှ ရေပွစ်
တင်ပျဉ်ခွေရှုပ်ဘွားတော်ကြီး [လွှားမောင်] ၁၇

## ✱ အောင်မြေရောင်ခြည် ✱

စစ်တိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
နိမိတ်ပုံစာ ဝါထာတော်များ(၃၅) [ရွှေကြက်တောင်စေတီတော်]
[အောင်မြေမြတ်-စစ်ကိုင်းတောင်] ၈၉

## ✧ ထီဓနရောင်ခြည် ✧

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ထီအတွက်
မွေးရှယ်ပါ ဤဂဏန်း [ဆရာရဲထက်-သုတေသီ] ၁၃၁
၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် ထီဆုကြီးများ
ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၂၀၀



[illegible]

[illegible]





www.burmeseclassic.com

www.burmeseclassic.com



[illegible]
[illegible]
[illegible] ➡ စာ-၉၁

မြောက်ဦးဘုရားတောင်ပေါ်ရှိ
မိန်းမဘုရားရှင်ပြင်၏ အာဇ္ဌာန် သမိုက်လုံးမှာ
ထူးခြားလှသည်... ➡ စာ-၆၉



ထိပ်ဝမုန်းကို ဒီရေကြောဝမုန်းနဲ့
တွဲစိုက်ထားရင် စိုက်ပျိုးသူတွေမှာ
ပြည့်စုံခြင်းအကျိုးကို ခံစားရစေတယ်... ➡ စာ-၁၄၀



## ❖ စိုက်ပျိုးရေးရောင်ခြည် ❖


သရက်ပင်ရှိ အသီးသီးစေရန် ဖုန်တုတ်နည်း
[နတ်မောက် မျိုးနော်] ၂၉၆


## ✪ အင်းစစရောင်ခြည် ✪


တုသိုလ်ရ အန္တရာယ်တင်း ရှင်ဥပဂုတ်ရဟန္တာအင်း
[အောင်ချမ်းကြည်-ကြို့ပင်ကောက်] ၁၆၅
၁၂၉၉ ခုနှစ်၊ တပ်တော့် ဗုဒ္ဓအတွရာ ဖျည်း"စမ"
ပုံတော်နှင့် ဓမ္မလေးတောင် ရသေ့ကြီးဦးခန့်၏
အန္တရာယ်အတားအတွယ်ဂါထာ
[မောင်ဘိုဝင်း-ချင်းတွင်းမြေ] ၂၀၉
နိုးတီတ်စစအင်း [ထက်မြက်မြင့်-ဝက်လက်] ၂၉၁


## ✎ မှရိုးပေါ်ထူးမေရာင်ခြည် ✎


ရဟန္တာဟု ကျော်ကြားသော မကြီးတောဆရာတော်
အရှင်တိလောက(၁) [ဗံတွန်းသာ] ၂၁
ရှပ်ကလာပ်တွင် အလင်းရောင်တွန့်မြူးသည့်
ရထနာသိဒ္ဓိဆရာတော်ဦးပဏ္ဍာဝ(၁) ၄၉
စတုဘုမ္မိတင့်ကော်တွင်းဆရာတော်ကြီး ဦးပဏ္ဍာဝအား
ဝါရမြူပူဇော်ခြင်း (၂) [ထက်မင်းကျော်စွာ] ၈၁


## ❖ ထူးခြားအမှုးကြုံတော်ရောင်ခြည် ❖


ကျောင်းဆောက်ရန် ရွှေတစ်တုံး လာလှူသည့်
တ်တာဦးမြို့နယ်၊ အေးကြည်ရွာမှ အမေရှမ်း(ခေါ်)
သွားချမ်းသာ [ချို-အမရပူရ] ၂၄၄
ဝင်းကျိုက်ဆံတော်ရှင် အနိုင်ဝယ် အတီတ်ထစ်ချိန်က
(၃)ထပ်ဝ့အောက် ဆံတော်တွင်းမှ ဖြစ်ရပ်ဆန်း
[ဂမ္ဘာရီစမ်းသည်] ၂၁၇
ရေစမ့်အောင်သူ ဦးအာဝေါ [ညီမင်း-တိုးချောင်ကြီး] ၂၆၂
ရာဇဝင်ထဲက မင်းသား [ကျော်ဇင်ဖြူ] ၃၀၀


## ❖ အစေးအင္ဒြေရောင်ခြည် ❖


သိမ်ပနွတ်တိုင် သံယိတာမဟုတ်
[တဏ္ဍာသိုလ် အောင်ဖမ့္ဂ-မရမ်းကုန်း ရန်ကုန်] ၃၇
နဂ္ဂဏ္ဍရောင်ခြည်ယွမ်ဂ္ဂစင်း ၅

www.burmeseclassic.com

✂ နေ့နည်းသုံး အဘိဓမ္မမြန်ရောင်ခြည် ✂

၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း
လာဘ်လာဘ အရှင်သန်းစေဖို့ [ထက်မင်းကျော်စွာ] ၁၀၃

၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွက်
နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစု-ကျိုက်လတ်] ၁၉၂

၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း
ပုံရိပ်ရှင်တို့၏ ထံပြုမှာ [ဟူဂျင်းစီ] ၂၁၆

၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၂၂

◇ ဖြစ်ရပ်ဆန်းများ ပညာရောင်ခြည် ◇

မွေးရပ်ပုံတော်နှင့် ထွင်းဆတ်များ
[မောင်ပပဒိန်း-အင်းတော်] ၃၆

သင့်ကို အတိုချေပေးမည့်အလုပ် တွက်နည်းဟောနည်း
[ကောင်းစန္ဒီ-သခွတ်မြေ ဝက်လက်] ၂၁၃

◆ ကျန်းမာရေး ဆေးဝါးရောင်ခြည် ◆

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဆေးသုတေသီ] ၂၄၂

◆ ဝိဇ္ဇာမဂ္ဂရောင်ခြည် ◆

ဘိုးတော်စရ မိန့်ကြားသော ဝိဇ္ဇာလောကနှင့်
ကြားနာခဲ့ရသော ဖြစ်ရပ်ဆန်းများ(၁) [ဝိပလ္လာသီရိ] ၁၆၁

ထူးဆန်းနှင့် ဆရာအရှင် ပုဂ္ဂိုလ်ထူးများ (၂)
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၁၈၅

ထူးခြားတော်သီသော ပုဂ္ဂိုလ်ထူး ဝစ်တိုင်းဟောင်းသူ
အဘကြီး (၂) [ဝင်းမောင်မြင့်-ကသော] ၂၆၀

✂ ရွှေရာသီအမျိုးရောင်ခြည် ✂

ရွှေရာသီနှင့် ကျန်းမာရေး ဆေးအစာသိမှတ်စရာ
[ဆရာဦးမင်းခင်-ရွှေနဝင်း] ၁၇၁

● [illegible]ရောင်ခြည် ●

မောင်တစ်ထမ်း မယ်တစ်ရွက် (၂)
[ရွှေတောင် ကြည်မောင်အေး] ၂၂၅

ဥစ္စာစောင့်ဆိုတာတွေ ပေါ်သည့်ဓလေ့ [မင်းမြတ်သီဟ] ၂၆၅

ထူးခြားထိုက်တွေကြုံသော တောင်စောင့်ဘီလူးနှင့် မြွေမင်း
[ဝင်းအောင်ကြိုင်] ၂၇၃

ဝရလောကသားနှင့် ဝရိတ်တရားတော်
[ရွှေ ကြည်ကြည်အေး] ၂၀၁

ဓ နက္ခတ်ရောင်ခြည်မဂ္ဂဇင်း

ဒြောင်ကျွဲဆိမ့်
မရှိတော့
အတွင်းရှိ
ဝိဇ္ဇာ
မယ်ဒေါ်တာ
ရှိတုန်းမှာ...
ဓာ-၁၁၆ ◆



အင်္ဂလိပ်ဖြူပုံ
အသိုးတွေ
ကြဲရင်
ဒီလို
ပုလင်းထဲ
ပြည့်ရှင်
ထည့်ပြီး
ယတြာ
ပြုရပါတယ်...
ဓာ-၁၇၇ ◆



ဖွားမမြင်ရတဲ့မလေး
ထွေးပြီး
သိမ်မကြားဘူး
ရွှေကလင်
မထားတဲ့
ရွှေ ဝါးသိမ်း
ရခဲ့တယ်...
ဓာ-၁၂၀ ◆



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

ရှဥ္ဍာမဟာစေတီ

နာဂဝံသတောင်ရှားဆီမှ ကွမ်းယင်းအရှင်ထောင်းရှူ

# ရှဥ္ဍာမဟာစေတီတော်သို့

...ဘ်လမြိုင်မြို့လယ်ရှိ နာဂဝံသ ...ောင်ရိုး၏ တောင်ဘက်ခုလတ် ခမွ ... ကျောင်းတိုက်ဝင်းအတွင်း ...ဘက်ကုန်းမြေ၌ စေတီတော် ...ကိန်းဝပ်တော်မူသည်ကို ဖူးတွေ့ ...

...ောက်မှတောင်သို့ ရှဥ္ဍာမဟာစေတီ ...ည်ရည်စေတီနှင့် အောင်ခမွ ...၌ ဗိတန်းစံပယ်တော်မူကြ ...

...စေတီများအနက် ရှဥ္ဍာမဟာ ...တော်ကို ကွမ်းယင်းအရှင် ... ...

သည်ဟု ဦးပဏ္ဍိက မိန့်ကြားသဖြင့် ဦးပဍ္ဍင်းနှင့်အတူ ဓမ္မရိပ်သာကျောင်း ဆရာတော် အရှင်ဣန္ဒကအား ဖူးမြော် မေးလျှောက်ဖြစ်ခဲ့သည်။

## နောင်တော်စေတီများ

'ဘုန်းကြီး ဒီကိုရောက်ခါစက တဲ ကျောင်းကလေးနဲ့ တစ်ပါးတည်း အေး အေးဆေးဆေး တရားမှတ်ချင်လို့ ရောက်လာတာ။ ဟိုးလွန်ခဲ့တဲ့ နှစ်,နှစ် ဆယ်လောက်က ဒီမြေနိမ့်ကုန်းရပ်ကွက် က ဆိတ်ငြိမ်တယ်။ တောင်ပေါ်တောင် ရိုးဖြစ်လို့ လူသူ အသွားအလာ နည်းပါး တယ်။ နာဂရေးကိစ္စပေါ်မှ မြေနိမ့်ကုန်း သုသာန်ကို အသုဘပို့လာသူနဲ့ လူများ များ တွေ့ရတတ်ပါတယ်။

(ယခုသော်ကား မြေနိမ့်ကုန်း သုသာန်ကို ဖျက်သိမ်း၍ မိရိုးဖလား ဘုတာရုံဝင်း။ အဝေးပြေးကားဝင်း စသည် တည်ဆောက်ခဲ့ရာ လူသူ စည်ကားသော အရပ်အရပ်ဖြစ်နေရာ ဖြစ်နေလေပြီ။)

အဲဒီလို တရားမှတ်နေတုန်း တစ်ည မှာ...

"ဦးပဍ္ဍင်း ဘုရားတည်ရမယ်။ တစ်ထက်မှ တစ်ဆီ တစ်ယာသနာမှာ တစ်ခါ ရတော့မှာ





www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေဥမင်စေတီတော်၊ [illegible]

အခွင့်အရေးပါဘူး"

လို့ လျှောက်ထားသံ ကြားရတယ်။ လူလဲ မတွေ့ရဘူး။ ငါ့နယ် တောရ ကျောင်းဘုန်းကြီး၊ ဝတ္ထုငွေကလဲ မရှိ၊ တပည့်ဒါယကာလဲ နည်းလှတာ၊ ဘယ်လိုလုပ်ပြီး ဘုရားတည်နိုင်မှာလဲ လို့ တစ်ကိုယ်တည်း တွေးမိတယ်။

နောက် တစ်ပတ်လောက်ကြာ တော့...

"ဦးပဉ္ဇင်း ဘုရားတည်ဖို့ မြေနေရာ လာ တောင်းလိမ့်မယ်။ တောင်ဘက်အစွန်မှာ နေရာပေးလိုက်ပါ။ မြောက်ဘက်မှာ နောက် နှစ်ဆူ တည်ရဦးမယ်"

တဲ့။ ထပ်ပြောပြန်တယ်။

နောက်နေ့မနက် ရောက်တော့ ဒါယကာ မိသားစုတစ်စု ဆွမ်းပို့ရင်း ဘုရားတည်ဖို့ နေရာတောင်းတယ်။ ဒါနဲ့ တောင်ဘက်အစွန်က 'ဓာတ်မွေ စေတီတော်ကြီး' စတင် ပွင့်ထိတ်မူပါ တယ်။

နောက်တစ်နှစ်ကျတော့ အလယ် က 'အနန္တဂုဏ်ရည်စေတီ' ပွင့်တော်မူ တယ်။ အဲဒီနောက် နှစ်,နှစ်လောက် အထိ ထူးခြားမှု မရှိသေးဘူး။ နှစ်,နှစ် ကျော်တော့ အများကောင်းမှုနဲ့ 'ရွှေဥမင်ကစ်ကျော်စေတီ' တည် လိမ့်မယ်လို့ ပြောပြန်တယ်။

မကြာခင်မှာ ဒေါက်တာ တင်မောင် ယု၊ မကြည်ကြည်မြင့်တို့ ဖနီးမောင်နှံ က မ,တည်ပြီး စေတီအုတ်မြစ် ချဖြစ် တယ်'

ထိုစဉ်အခါက တောင်ရိုးမှာ စည်ကားစ ပြုလာပြီဖြစ်ကာ လူသူ အသွားအလာ အတန်အသင့် ရှိလာ လေရာ လမ်းသွားလမ်းလာများက ကုန်းတော်အနီး ဖြတ်သွားလေတိုင်း စေတီအတွက် အလှူငွေ ထည့်ဝင်ကြ သည်ချည်း ဖြစ်သည်ဟု သိရသည်။

ထိုစဉ်က တက္ကသိုလ်ကထိက ဆရာ အဖြစ် တာဝန်ထမ်းဆောင်နေသူ ဦးစံသာထွန်းက...

"ဒီအနားက ဖြတ်သွားရင် စေတီတည်ဖို့ ပါတဲ့ငွေကုန် လှူချင်နေတယ်။ တစ်ယောက် ယောက်က တိုက်တွန်းတာမဟုတ်ဘူး စေတီတော် ပွင့်လာရင် ကောင်းမှာပဲဆိုပြီး အလိုလို လှူချင်နေတာပါ"

ဟူ၍ ပြောပြသည်။ ဦးစံသာထွန်းမှာ ယခုအခါ ပုသိမ်တက္ကသိုလ် အရှေ့ဗိ သိပ္ပံဌာန ပါမောက္ခအဖြစ် သင်ကြား ရေးတာဝန် ထမ်းဆောင်လျက် ရှိပါ သည်။

ထိုစဉ်က အလှူငွေ လက်ခံဖြတ်ပိုင်း သွင်းသူ (၄)ဦးမှာ နေ့စဉ်နှင့်အမျှ လက်မလည်နိုင်အောင် ရေးသား





www.burmeseclassic.com

www.burmeseclassic.com



◆ မော်လမြိုင်တောင်ရိုးရှိ ကျိုက်သာလာကျောင်းတိုက်

ထက်ခံပေးခဲ့ရသည်ဟု မိနရကွိတ ကျောင်းမှ အရှင်ပဏ္ဍိတက မိန့်ကြားတော်မူသည်။

## အသင့်ပြုပြင်ထားသော ဓာတ်တော်များ

ရှုဗ္ဗာမတိ စေတီတော်အတွက် ဌာပနာပြု ပူဇော်ရန် ရွှေငွေကျောက်မျက်ရတနာများ၊ ရေးဟောင်းပစ္စည်းများ အတန်အသင့် ပြည့်စုံပြီ ဖြစ်သော်လည်း ဘုရားရှင်နှင့် ရဟန္တာများ၏ သရီရဓာတ်တော်မွေတော်များ နည်းပါးနေသေးသဖြင့် မြိုင်းခြံဓာတ်တော်တိုက်သို့ သွားရောက်ပင့်ဆောင်ရန် ညှိနှိုင်းစီစဉ်ကြသည်။

ထို့နောက် ဓာတ်တော်ပင့်ဆောင်ရေးအဖွဲ့က မြိုင်းခြံသို့ သွားရောက်ကြရာ မြိုင်းခြံမြို့ ဇေတဝိကာရုံ ဓာတ်တော်ကျောင်းတိုက်သို့ရောက်၍ မော်လမြိုင်က လာရောက်ခြင်းဖြစ်ကြောင်း လျှောက်ထားသည်နှင့် ဓာတ်တော်ကျောင်းဆရာတော်က အသင့်ထုပ်ပိုး ပြင်ဆင်ထားသော ဓာတ်တော်များကို ပေးလှူလေသည်။

'ပနေ့မနက်ကတည်းက မော်လမြိုင်က အဖွဲ့လာပြီး ဓာတ်တော် ပင့်ကြလိမ့်မယ်လို့ ဒါယိကာမတစ်ယောက်က လာလျှောက်ထားတယ်၊ ဒါကြောင့် အဆင်သင့်ပြင်ထားတာပါ'

ဟုလည်း မိန့်ကြားတော်မူလေသည်။

ဤသို့ဖြင့် ရှုဗ္ဗာမတိစေတီတော်ကြီး ဌာပနာပြု တည်ဆောက်ပြီးစီးသော အချိန်တွင် ထီးတော်အတွက် ညှိနှိုင်းဆွေးနွေးကြသည်။ ထိုည ဆရာတော် ဦးကုဿလက ကမ္မဋ္ဌာန်းသိမ်းချိန်၌ 'ထီးတော်ကို တစ်ဦးတည်းက လှူလိမ့်မယ်၊ မနက်ဖြန်မနက် လှူလိမ့်မယ်' ဟု ပြောသံကြားရလေသည်။

## ထီးအလှူရှင်

နောက်တစ်နေ့နံနက် အရုဏ်ဆွမ်း ဘုဉ်းပေးပြီးသောအခါ အညောင်းအညာပြေ လမ်းလျှောက်ရာမှ မိုလ်ချုပ်လမ်းပေါ်ရှိ ဒေါက်တာတင်မောင်ယု အိမ်ရှေ့ ရောက်သွားသည်။ အိမ်ရှေ့တွင် ဒေါက်တာတင်မောင်ယုနှင့် တွေ့ရသဖြင့် ပဋိသန္ထာရစကား ဆိုဖြစ်စဉ်...

'ဆရာရေ စေတီတော်ကြီးက ပြီးသွားပြီ၊ ထီးတော်ပဲ လိုတော့တယ်'

'ဆရာတော်ဘုရား ထီးတော်ကို တပည့်တော်တို့ မိသားစု ဒါယကာခံယူပါရစေဘုရား'

www.burmeseclassic.com



● ကာလရှည်ကြာ မြတ်စွာဘုရား [illegible]

ဖြစ်ပုံကား ထိုနေ့နံနက် မိုးမသောက်မီတွင် ဒေါက်တာတင်မောင်ယုနှင့် ဇနီး မကြည်ကြည်မြင့်တို့သည် တိုက်ဆိုင်စွာပင် အိပ်မက်တစ်ခုတည်းကို ပြိုင်တူ မြင်မက်သည်။

'မနက်လင်းရင် ဆရာတော်တစ်ပါးလာ၍ စေတီတော် အလှူခံလိမ့်မယ်။ မငြင်းပါနဲ့'

ဟု ပြောသံ ကြားရခြင်း ဖြစ်သည်။ ပြောသူကို မမြင်ရပါ။ အိပ်မက်အတိုင်း ဖြစ်လာသောကြောင့် စေတီတော်အတွက် ထက်သန်စွာ တာဝန်ယူကြခြင်း ဖြစ်လေသည်။

## ကွမ်းယင်းအရှင်
## ကြွရောက် ဖူးမြော်ခြင်း

စေတီတော်၏ အရှေ့ဘက် ဆင်ခြေလျှော လမ်းနံဘေးရှိ ကွမ်းယာဆိုင်ပိုင်ရှင် ဦးမြင့်ကြည်သည် ထုံးအစဉ်ကောင်းသဖြင့် ကွမ်းယာမှာ နာမည်ရသည်တွင် ရှဥ္ဇာမထီစေတီ တည်ဆောက်ရာ၌ ပရိသတ် စည်ကားသဖြင့် ကွမ်းယာပို၍အရောင်းသွက်လေသည်။

ကွမ်းယာဆိုင်ကို ပုံမှန်ဖွင့်နေကျအချိန်ထက် စောစီးစွာဖွင့်ကာ ကြိုတင်ယာထားမှ အလျဉ်မီတော့သည်။ တစ်နေ့ ဝေလီဝေလင်းအချိန် ကွမ်းယာများ ယာ၍ ထုပ်ပိုးနေစဉ် အရှေ့ဘက်ကောင်းကင်ယံမှာ အဖြူရောင်တိမ်တိုက်တစ်ခု လွင့်လာသည်ကို သတိပြုမိသည်။

ထိုအဖြူရောင် အငွေ့ကြီးသည် တဖြည်းဖြည်း အရှိန်မြန်လာကာ စေတီအနီးသို့ ရောက်သောအခါ ကွမ်းယင်းအရှင်ရုပ်တုတော် ဖြစ်နေကြောင်း တွေ့ရသည်။

လက်ဝဲလက်ဖဝါးက ရေဘူးကောင်း အိုးငယ်တစ်ခု ကိုင်ထားကာ လက်ယာလက်ဖဝါးကို ထောင်လျက် စေတီတော်ကို ပူဇော်ကန်တော့နေဟန် ဖြစ်သည်။

အချိန်အနည်းငယ်မျှ ငြိမ်သက်စွာ ဖူးမြော်ကန်တော့ပြီးနောက် လာရာလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားရာ အဖြူရောင် ဝါဂွမ်းလုံးကလေးပမာ မြင်ရသည်အထိ ကြည့်နေမိလေသည်။

ဦးမြင့်ကြည်သည် ယခုအခါ ကွယ်လွန်သွားရှာပြီ ဖြစ်သော်လည်း ဆရာတော် ဦးကုသလကမှ...

'ဘုန်းကြီးလဲ တွေ့လိုက်တယ်။ ဘယ်သူ ဘယ်ဝါရယ်လို့တော့ မသဲကွဲဘူး။ အဖြူရောင် အငွေ့ကြီး ရွေ့နေတာပဲ သတိထားမိပါတယ်'

ဟု မိန့်ကြားတော်မူသည်။

'လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က "ကွမ်းယင်းအရှင်ကို ဖူးတွေ့ရခြင်း" ဆိုပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဆောင်းပါး ပါလာလို့ ရပ်နီးရပ်ဝေး အနယ်နယ် အရပ်ရပ်က လာကြတဲ့ ဘုရားဖူးပရိသတ် ကြိတ်ကြိတ်တိုး စည်ကားနေတာပဲ'

'တင်ပို့ဘုရား အဲဒီတုန်းက ဦးပဥ္စင်း ဦးပဏ္ဍိတ ရဟန်းဘောင် မရောက်သေးဘူး။ ဆရာဦးမျိုးသိန်းအဖြစ်နဲ့ မှန်လေးဆူမှာနေတုန်း လိုက်ပို့ပေးလို့ တပည့်တော်ပဲ ရေးလိုက်တာပါ။ မကြည်ကြည်မြင့်နဲ့ တပည့်တော်က တက္ကသိုလ် ပထမနှစ်ကတည်းက အတန်းတူ ကျောင်းနေဖက်ပါ ဘုရား'

'အေး... အေး... ဒါကြောင့် အကာကို မြင်ဖူးသလို ရှိတာကိုး။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက သာသနာပြုခရီးမှာ အတော်ကုသိုလ်ကြီးတာပဲ။ ဒေါက်တာ တင်မောင်ယုတို့ကတော့ ကွမ်းယင်းနဲ့ ဆက်စပ်မှုရှိဟန်တူပါရဲ့'

'ဟုတ်ပါတယ် ဘုရား။ တပည့်တော်ကို ပြောပြဖူးပါတယ်'

## ကွမ်းယင်းအရှင် လမ်းညွှန်ကူညီခြင်း

ယင်းမတိုင်မီကာလတွင် ဆရာတို့ဇနီးမောင်နှံက ဈေးကြီးဘုံဘုရားကျောင်း၌ စာရေးတံမဲပေးဒင် မေးမြန်းကြရာ ကွမ်းယင်းအရှင်က လမ်းညွှန်ကူညီမှုပေးသည်။ ဘုရားကြီးကောင်းမှု ပြုရမည်ဟု သိရှိရသည်။

ထိုမှ နောက်ပိုင်းတွင်မှ အိပ်မက်တွင်

www.burmeseclassic.com

ဖူးတွေ့ရကာ လိုအပ်သမျှ လမ်းညွှန်ပိန့်ကြားတော်မူသည်ဆို၏။ ဦးစွာမြင်မက်ချိန်တွင် ကွမ်းယင်းအရှင်က...

'ပင်း ဆေးထိုးအပ် မကိုင်နဲ့တော့ စားသောက်ဆေးနဲ့သာ ကုရမယ်'

'ဒီအတိုင်းတောင်မှ လူနာက သိပ်မရတာ၊ ဆေးထိုးအပ် မကိုင်ရင် တပည့်တော် စားဝတ်နေရေး အခက်တွေ့ပါမယ် အရှင်'

ကွမ်းယင်းက မည်သို့မျှ ပြန်မပြောပါ။ သို့သော် ထိုနောက်ပိုင်းတွင် လူနာများစွာ လာရောက်ပြသကြသဖြင့် နံနက်၊ ည နှစ်ချိန်ခွဲကာ မအားလပ်နိုင်အောင် ကုသပေးရလေတော့သည်။

အန္တရာယ်ရှိပါလျှင်လည်း ကြိုတင်သတိပေးတတ်သည်။

'ကားအဆင်းအတက် ဂရုစိုက်ပါ။ တံခါးတစ်ခြမ်းပြုတ်လိမ့်မယ်'

ဟု သတိပေးထားသဖြင့် ကားကို ဂရုတစိုက် မောင်းနှင်ကာ အဆင်းအတက်တွင်လည်း ရှေ့နောက်ဝဲယာကို သေချာစွာကြည့်ရှုပြီးမှ ဆင်းတက်သည်။

ဈေးကြို စမ်းကြီးရပ်မှ ပင့်ဖိတ်ထားသော လူနာအိမ်ရှေ့ရောက်သော် တံခါးဖွင့်၍ မဆင်းမီ ရှေ့နောက်သတိထားနေစဉ်တွင်ပင် ရုတ်တရက်ဆော့တက်လာသော ကားတစ်စီးက တံခါးကို တိုက်မိကာ မောင်းပြေးသွားလေသည်။

တံအားလျော့စွာပင် ကားဝပ်ရှော့ရှေ့တွင် ဖြစ်သောကြောင့် ကားပြင်ဆရာအား အပ်နှံပြုပြင်ရသည်။ ပြီးစီး၍ မွေ့ရှင်းသောအခါ လက်မခံချေ။

'ဒီနက်တင်ပဲ အသကြီးတစ်ယောက်က ကားတံခါးပြုတ်တာ လာပြင်လိမ့်မယ်၊ ပိုက်ဆံမယူနဲ့လို့ မှာသွားတယ်'

ဟု ပြောပြလေသည်။



◆ ရွှေကိုင်သာကျောင်းတိုက်

ကွမ်းယင်းအရှင်က ကံငါးပါးလုံခြုံအောင် ထိန်းသိမ်းပါရန် မှာကြားသည့်အတိုင်း လိုက်နာခဲ့ရာ ကိုယ်ပိုင်ကားတစ်စီး ရရှိမှုမှက စူဠာမဏိစေတီတည်ရန် အလှူငွေ မှတည်သူ ဘုရားဒါယကာ ဒါယိကာမများအဖြစ် ကုသိုလ်ပြုနိုင်ခဲ့ကြလေသည်။

စူဠာမဏိစေတီတော် ပွင့်ထွန်းလာသောအခါ စေတီကိန်းဝပ်တော်မူရန်နေရာမှအစ ပန္နက်ချရန်၊ ဌာပနာပင့်ရန်၊ ထီးတော်တင်ရန် စသည်ဖြင့် အသေးစိတ် ညွှန်ကြားကူညီတော်မူခဲ့သဖြင့် ကောင်းမှုရှင်ကမ္ပည်းတွင် "**ကွမ်းယင်းအရှင် ထည့်ထားကိုးကွယ်သည့် စူဠာမဏိကာဝ်ကျော်စေတီ**" ဟု မှတ်တမ်း ရေးထိုးခဲ့လေသည်။

သူတို့၏ အမည်များကိုမူ "**နှစ်ဖက်မိဘနှင့် ဖေါက်ထာတင်မောင်ယူ၊ ကြည်ကြည်မြင့် ကမကထပြုသည်**" ဟူ၍ ကမ္ပည်းတင်ထားသည်ကို တွေ့ရသည်။

## ဖူးတွေ့ရာဝယ်

စူဠာမဏိစေတီတော်မှာ လိုဏ်တစ်ထပ်ပါ၍ အထက်တွင် ခေါင်းလောင်းမှောက်စေတီပေါက်၍ အရံစေတီလေးဆူ ပူဇော်ထားသည်။

စေတီလိုဏ် တိုက်မတွင် မှန်လေးခုပါရှိ၍ မှန်နှစ်ခုကြား တိုက်မနံရံအပြင်ဘက်၌ နဂါးရုပ်နှင့် ရွှေခွက်တို့ကို ကြွေပြားပန်းချီဖြင့် သရုပ်ဖော်ထားသည်။ လိုဏ်အတွင်း၌ကား တင်ပျဉ်ခွေ ရုပ်ပွားတော်များ ပူဇော်ထားလေသည်။

ဂေါတမမြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်ရာ အနော်မာမြစ် တစ်ဖက်ကမ်းတွင် ဆံတော်ကို သန်လျက်ဖြင့် ဖြတ်၍ ကောင်းကင်သို့ အဓိဋ္ဌာန်ပြု ပစ်မြှောက်တော်မူသည်။

သိကြားမင်းသည် ထိုဆံတော်ကို ရတနာပန်းတောင်းဖြင့် ခံယူ၍ တာဝတိံသာ၌ စူဠာမဏိစေတီတည်၍ ကိုးကွယ်သည်။ မြတ်စွာဘုရားရှင်၏ သာသနာတွင် အစဦးဆုံးသော စေတီပုထိုးဖြစ်သည်။ ဤသည်ကို ရည်၍ ယခု တည်ထားသောစေတီကို စူဠာမဏိစေတီဟု ဘွဲ့မည် ကင်ပွန်းတပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



◆ မျှော်ရိုသာဆရာတော် အရှင်[illegible]

သည်။

ဘုရားရှင် ပွင့်တော်မူခါနီးတွင် သုံးဓာတ်ဘာသူရှေးသမီး ကဝ်လှူသော နို့ယနာ ဆွမ်းခံတော်မူပြီးနောက် "ဘုမ္မတိဋ္ဌိတ" ရေဆိပ်၌ ရေချိုးပြီးမှ ကမ်းစပ်သောင်နံ့တွင် အရှေ့သို့ ရှေးရှု လျက် လေးဆယ့်ကိုးလုတ် ဘုဉ်းပေး တော်မူသည်။

ထို့နောက်...

'ငါသည် ယနေ့စင်စစ် ဘုရားဖြစ်မည်မှန်မူ ရေညာကို ဆန်စေသတည်း'

ဟု အဓိဋ္ဌာန်၍ ရွှေခွက်(ယနာနို့ဆွမ်းထည့်၍ကပ်သော အဖိုးတစ်သိန်းတန် ရွှေခွက်)ကို မျှောတော်မူလျှင် ရေညာ ဆန်၍ ခြစ်လယ်တွင် မြုပ်ပြီး ကာဠနဂါး ဗိမာန်အနီး ရှေးဘုရားတို့ ရွှေခွက်သုံး လုံးကိုထိ၍ ထိုရွှေခွက်တို့၏အောက်၌ တည်၏။

ဤဖြစ်စဉ်တော်ကို ရည်မှန်းကောက်ရော် သောအားဖြင့် တိုက်မအပြင်နံရံတွင် ရွှေခွက်နှင့် ကာလနဂါးရုပ်ပုံတို့ တန်ဆာဆင် ပူဇော်ထားခြင်း ဖြစ် ပေသည်။

စေတီရင်ပြင်တော်တွင် စေတီတော် တည်ဆောက်မှုမှတ်တမ်း ကျောက်စာ စိုက်ထူထားသည်။ ထိုကျောက်စာ တွင်...

"ဆုတောင်းပြည့် ဂူဗြာမထိစေတီ တော်အား ၁၃၅၆ ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် (၈)ရက်တွင် ပန္နက်ချ၍ ၁၃၅၇ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် အနေကဓာတင် ရေစက်ချကြောင်း နှင့် ဘုရားဓာတ်တော်၊ ရဟန္တာဓာတ် တော် အရေပေါင်းတစ်သိန်း ဌာပနာပြု ပူဇော်ထား၍ ကွမ်းယင်းအရှင်နှင့် ဘိုးဘွားအနန်းကုန်းတို့အား အမှူးထား လျက် ခုနစ်ရက်သားသမီးကောင်းမှု" ဟူ၍ ဖော်ပြထားလေသည်။

## ရောင်ခြည်တော်ကွန့်မြူးခြင်း

စေတီတော်သုံးဆူစလုံး ပွင့်ထွန်း တော်မူပြီးသော ၁၃၆၃ ခုနှစ်တွင် စေတီသုံးဆူစလုံးမှ ရောင်ခြည်တော် များ ကွန့်မြူးတော်မူသည်။ ယင်းနှင့် ပတ်သက်၍ ဦးပဋ္ဌိတက ဤသို့ ပြောပြသည်။

'အဲဒီတုန်းက ဦးပဥ္စင်းက ရဟန်းမဖြစ်သေး ဘူး ပုံနိလေးဆူကုန်းတော်မှာနေတုန်း ထမ်း လျှောက်ထွက်တော့ ဖျွန့်ရိုသာဆရာတော် ဦးကုန္တကနဲ့တွေ့တယ်။ ဆရာရေ့ မနက်တုန်း က ပြောသံကြားရတယ်။ ဒီည (၇)နာရီမှာ ရောင်ခြည်တော် ကွန့်မြူးမယ်တဲ့။

ဟုတ်မဟုတ်ကတော့ ဆရာ လာစောင့် ကြည့်မှပဲ သိလိမ့်မယ်ဆိုပြီး မိန့်တော်မူတယ်။ ကဆုန်လပြည့် ည (၆)နာရီမှာ အဓိဋ္ဌာန်ဝင် ဒုလ္လဘ ထိုင်ကြတဲ့ ရဟန်းတွေကို ဆရာတော် က တရားပေးတယ်'

'ဆရာတော်က တရားပြ ကမ္မဋ္ဌာန စရိယဆရာလား ဘုရား'

'ဟုတ်တယ်၊ ဝိပဿနာကမ္မဋ္ဌာန်း ကို အမြဲအားထုတ်ခဲ့ပြီး ကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ် တရားစခန်းဝင် ယောဂီတွေကို တရားပြပေးသလို တရားဟောကောင်းတဲ့ ဓမ္မကထိက ဆရာတော်တစ်ပါးလဲ ဖြစ်တယ်။

ကော့ပေါက်ဆရာတော်ကြီး သက် တော် (၁၀၈)နှစ်မှာ ပျံလွန်တော်မူတော့ အန္တိမရှာပနသဘင်မှာ သာသန ဓောတက ဆရာတော် ဦးမာနိတစာရနဲ့ အတူ ငါးညတိုင်အောင် တရားဟောပြီး ဆရာ့ကျေးဇူးကို ပူဇော်ခဲ့တယ်။

အဲဒီလို တရားပေးပြသနေတုန်း (၇)နာရီထိုးတာနဲ့ စေတီတော်တွေရဲ့ ထီးတော်ဝန်းကျင်မှာ ရောင်စုံမီးလုံးတွေ ပျံဝဲနေတာ တွေ့ရတယ်'

'အချိန် ဘယ်လောက်ကြာသလဲ ဦးပဥ္စင်း'

'တစ်ညလုံးလိုလိုပဲ၊ မိုးလင်းခါနီးမှ ပျောက်သွားတယ်။ တစ်ယောက်စကား တစ်ယောက်ကြားပြီး လာဖူးကြတာ စေတီဝန်းကျင် ပြည့်နှက်နေတယ်'

'နောက်နေ့တွေကော ဖူးရသေး သလား'

'ရက်ခြားဆိုသလို ကွန့်မြူးတော်မူ ပါတယ်။ လပြည့်လကွယ်ညတွေ့ ပိုကြတယ်။ ၁၃၆၃ ခုနှစ် တစ်နှစ်လုံး



www.burmeseclassic.com

www.burmeseclassic.com

အားပါးတရ ဖူးခဲ့ရတယ်။ နောက် နှစ်နည်းနည်းကြာတော့(...)စေတီတော် ရောင်ခြည်တော် ကွန့်မြူးတယ်ဆိုလို့ သွားဖူးတယ်။ အမှန်မဟုတ်ဘူးဆိုတာ သိရလို့ သူတို့ကို သတိပေးခဲ့သေးတယ်။ ရောင်ခြည်တော် ကွန့်မြူးတာ အစစ် အမှန်ကို နှစ်ပေါက်အောင် ဖူးတွေ့ တယ်ဆိုတော့ ဖန်တီးထားတာ သိသာ ပါတယ်'

ဦးကုဋ္ဌကမှလည်း ဤသို့ မိန့်တော် မူသည်။

'ဒီနားက တခြားကာလာဝင်တွေက ဘုန်းကြီးတို့ဘုရား တယ်ဒီးလင်းသကိုးလို့ ပြောကြတယ်။ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့တွေကလဲ လာစစ်ဆေးပြီး ဖန်တီးမှု မဟုတ်ဘူး ဆိုတာကို ထောက်ခံအတည် ပြုပေးကြပါတယ်'

ယခု နောက်ပိုင်းကာလများတွင် လည်း ဖူးမြော်ထိုက်သူတို့မှာ ရောင် ခြည်တော် ကွန့်မြူးသည်ကို ဖူးတွေ့ကြ ရသည်။ ထိုနှစ်ကကဲ့သို့ အကြိမ်ရေ များလှဟု သိရသည်။

---

စိတ်မန္တာ

---

ဤသို့လျှင် ဖြစ်စဉ်အထူးဖြင့် ပွင့် ချပ်လာတော်မူသော ရှုဋ္ဌမကဓိစေတီ တော်သည် မော်လမြိုင်မြို့ မြေနီကုန်း ရပ်ကွက် မွေ့ရိုဝ်သာကျောင်းဝင်း အတွင်း ကိန်းဝပ်တော်မူလျက် ရှိတော်အရလည်း အဦးအစဖြစ်ခြင်း ကြီးကောင်းဆောင်ဖော်မူရာ အခွင့် ကြုံပါက ကြွရောက်၍ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပွားများနိုင်ကြစေရန် ဖော်ထုတ်၍ တင်ပြလိုက်ပါသည်။

ဘုန်းကျော်စွာ
(မြိုင်ထက္ကသိုလ်)

# သီးကျိတ်ရောင်ရောဂါ



အတွက် ဆေးမြီးတို

ဦးတက်ကီးသည်(...)တိုင်းရင်းသား လူမျိုးတစ်ယောက်ဖြစ်ပြီး အသက်(၆၀)နှစ် ကျော်တွင် "**ယောက်ျားများဆီ။ မိန်းမဗီး**" ဟုသည့် စကားအတိုင်း ဆီးနှင့်ပတ် သက်သော ရောဂါဝေဒနာကို ခံစားရလာသဖြင့် (...)မြို့နယ် ဆေးရုံကြီးသို့ ဆေးကုသမှု ခံယူရန် ရောက်ရှိလာခဲ့သည်။

ဦးတက်ကီး၏ရောဂါကို ဆီးနှင့် ကျောက်ကပ်ရောဂါဆိုင်ရာ ဆရာဝန်ကြီးမှ **ဆီးကျိတ်ရောင်ရောဂါအဆင့် (၃)** ဟု သတ်မှတ်ပြီးနောက်ဆေးရုံတက်၍ ဆေးဝါး ကုသ စေခဲ့လေသည်။

လူပြောသူပြောနှင့် ဦးတက်ကီး ကြားသိထားသည်မှာ ဤရောဂါ အဆင့်(၄) ဆိုက ချက်ချင်း ခွဲစိတ်ကုသမှု ခံယူရသည်ဟုဆိုသည်။ ယခုတော့ ဦးတက်ကီး ခံစားနေရသောရောဂါ၏ အဆင့်(၃)ကို မည်သို့ပြုလုပ်မည်ဆိုတာ မသိရှိရပေ။

သူ ဆေးရုံတက်နေရစဉ်ကာလတွင် စားသောက်များ မှန်မှန်ပေးပြီးနောက်နေ့စဉ် သွေးဖောက်ယူသွားလျက် စမ်းသပ်ကြည့်ရှုနေတာကိုသာ တွေ့ရလေသည်။

ဆေးရုံပေါ်တွင် နှစ်ပတ်ခန့်ကြာသောအခါ ဦးတက်ကီးက မိမိသဘောဆန္ဒ အလျောက်ဆေးရုံဆင်းလိုကြောင်း ပြောဆိုပြီးနောက် လက်မှတ်ထိုး၍ဆင်းခဲ့လေသည်။

ဆေးရုံမှ လုပ်ပေးသည့်အတိုင်း ဆီးသွား၍ အဆင်ပြေစေရန် ဆီး ပိုက်တန်းလန်း နှင့် မိမိနေအိမ်ရှိရာသို့ ပြန်လည် ရောက်ရှိလာခဲ့သည်။

ထို့နောက် အလုံမြို့နယ်မှာ နေထိုင်သော တရားဟောဆရာ ဦးသောမတိစ် မှာ ဤသို့ ဆီးကျိတ်ရောင်ရောဂါဖြစ် လျှင် ပျောက်ကင်းအောင် ကုသရန် တိုင်းရင်းဆေးမြီးတိုနည်းလမ်းရှိကြောင်း ကြားသိထား၍ ဆက်သွယ်စုံစမ်းရလေ သည်။

'ဆီးကျိတ်ရောင်ရောဂါဖြစ်ခဲ့ရင် ပေါင်းကြီးသည်းခြေကို ရေနဲ့ ကျောက်ပျဉ်မှာ သွေးပါ နံ့သာဖြူကိုလဲ သွေးပြီး သတ္တုရေပဲ တစ်နေ့တစ်ကြိမ် ဝက်ခွက်ကြီး တစ်ခွက်စာကို အဆနဲ့ ထဲထည့်သောက်ပါ။ ရောဂါပြင်းလျှင် တစ်နေ့နှစ်ကြိမ် သောက်ပေးပါ။ လုံးဝ ပျောက်ကင်းသွားစေရမယ်။ ငါ ကိုယ်တိုင် ဒီဆေးနည်းလမ်းသုံးပြီး ဆီးကျိတ်ရောင်ရောဂါ ပျောက်ကင်းခဲ့တာ လက်တွေ့ပါပဲ'

တရားဟောဆရာ ဦးသောမတိစ် ပြောပြသည့် ဆေးနည်းအတိုင်း ဦးတက်ကီး သောက်ခဲ့ရာ တစ်လခန့်ကြာလာသောအခါ ဆီးပိုက်တန်းလန်းကိုလည်း ဖြုတ်ပစ် နိုင်ခဲ့ပြီး လုံးဝ ရောဂါပျောက်ကင်းသွား၍ ရပ်ကွက်ထဲတွင် စက်ဘီးတစ်စီးဖြင့် ယခင်ကလို စီးနင်းသွားလာနေသည်ကို ပြန်လည် မြင်တွေ့ရလေသည်။

ငယ်စဉ်ကတည်းက နှစ်မြိုက်စွာ ကွမ်းယာအမြဲ စားသုံးလေ့ရှိခဲ့သူ ဦးတက်ကီး သည် ကွမ်းယာတွင် ပါဝင်သော ထုံးဓာတ်ကြောင့် ဆီးလမ်းကြောင်းတွင်အနောင့် အယှက်ဖြစ်ပြီး ဆီးကျိတ်ရောင်ရောဂါ ရရှိခဲ့သည်ဟု ယုံကြည်သဖြင့် ရောဂါ ပျောက်ကင်းပြီးနောက် ကွမ်းစားခြင်းကို လုံးဝ ရပ်တန့်လိုက်လေသည်။

**စာကြွင်း။ ။ မိမိရောဂါ ပျောက်ကင်းခဲ့ပုံကို ပြောပြပြီး နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ ဆေးနည်းရေးသားခွင့်ပြုသော ဦးတက်ကီး ရွယ်နို(၁၃) လမ်း မြောက်ဥက္ကလာအေး အထူး ကျေးဇူးတင်ရှိပါသည်။**

**အောင်ဆန်းလင်း(ဘီ-ဖေ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
ဝ၃၀၆ Y ၀၆၆၅၃
လိုင်စင်-၃/၂၀၀၄၊
တအဆလ (၁၂၅၁)]

ပြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ "နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ" ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို တွေ့ခဲ့ကာဝင်ပြီး မြန်းခဲ့မိပါတယ်။



အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရနိမ့် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လည်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေပြီး တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **စိမ်းတွင်မှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျက်ပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

**သို့အခါ သွေးစက်မှာ၊ သွေးကြောဆိုင်ရာ ရောဂါများ နောက်ဆက်တွဲ** ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိရှိခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးခုန်ခြင်း၊ မောခြင်း၊ ကျိုက်ခြင်းတို့ဟာ သိတဲ့အတိုင်း စိတ်ရောဝိပွာ ကြောင့် ဖြစ်လာရခြင်းပါ။ အချို့ အဆိမ့် အဆီအစေးများသော အစာအာဟာရများ၊ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ ဓါးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ မိမိခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေ့ပူ မိုးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျှင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူးရှအောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း၊ စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကာလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ခံစား ဝမ်းလေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့် မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်-(၁၉၂) ရေ(ဂ)လမ်း (ည)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း ၀၉ ၈၀၁၁၂၅၅ ၀၉ ၂၅၀၀၉၃၀၄

မြောင်းမြ မောင်ယဉ်ထင်



www.burmeseclassic.com

www.burmeseclassic.com

မလွန်မြို့ဟောင်း မြင်ကာလှည့်ဘုရား

# နေပူခံ တင်ပျဉ်ခွေရုပ်ပွားတော်ကြီး

ရွှေမောင်



● ရှေ့တည့်မြင်ကွင်း



လက်ယာဘက်မှ မြင်ရပုံ ▶

'ဆရာ... သရက်ကို ဘယ်တော့ သွားမှာလဲ'

'မင်းလှမှာ လေ့လာစရာကုန်ရင် ဆိုပါတော့'

'မလွန်မြို့ဟောင်းဘက် ရောက်သေးသလား'

'ရောက်တော့ ရောက်ခဲ့တယ်။ စေတီပုထိုးတွေ အများကြီးပဲ။ နောက်ခံ ဖြစ်စဉ်တော်မသိ၊ ရည်ညွှန်းစာအုပ် ထမ်းလဲ မရှိတော့ ရေးရခက်တယ်'

'မြင်ကာလှည့်ထားတဲ့ တင်ပျဉ်ခွေ ဘုရားကြီးကိုတော့ ဖူးသင့်တယ်။ နက်ဖြန် ကျွန်တော်လဲ အချိန်ရတယ်။ သွားကြစို့'

မင်းလှမြို့ တည်းခိုခန်းတွင် တွေ့ဆုံခင်မိဖြစ်သော ဦးအောင်မောင်းသည် သရက်မင်းလှ နယ်များတွင် တာဝန်ထမ်းဆောင်ဖူးသည့် အထက်တန်းကျောင်းအုပ်ဆရာကြီး ဖြစ်သည်။ သူ၏ဇာတိ ယောနယ်သို့ ပြောင်းရွှေ့ပြီးနောက် သက်ပြည့် အနားယူခဲ့သည်။

ယေ်စဉ် ဘကြီးဘုန်းကြီးနှင့် အတူ နေကာ သမိုင်းအဓိကဖြင့် ဝိဇ္ဇာဘွဲ့ ရထားသူဖြစ်သည်။ မင်းလှနယ် ရေနံတွင်းတူး လုပ်ငန်းခွင်သို့ ရောက်နေကြသော သားမြေးတို့အား လာရောက်တွေ့ဆုံရာမှ တည်းခိုခန်း၌ ဆုံတွေ့ကြခြင်း ဖြစ်လေသည်။

နောက်တစ်နေ့ နံနက်တွင် ဆိုင်ကယ်ကိုယ်စီငှား၍ မင်းလှမှ သုံးမိုင်ခန့်ကွာဝေးသည့် မလွန်မြို့ဟောင်းသို့ သွားကြသည်။

ဦးအောင်မောင်းက ဦးဆောင်ငှားပေးသဖြင့် ဆိုင်ကယ်စမှာ ယမန်နေ့ မြင်ကင်းတောင်၊ ကျောက်ဝင်တောင် သွားစဉ်က ရှေ့နှုန်းထက် ထက်ဝက်မျှသာ ရှိသည်ကို တွေ့ရ၏။

ဆိုင်ကယ်သမားက ထိုဒေသက သူငယ်ပင် ဖြစ်သည်။

မလွန်မြို့၏ အဓိကရစေတီတစ်ဆူ ဖြစ်သော မြသပိတ် စေတီကုန်းတော်အား လွန်မြောက်၍ က.စ.စက်ရုံ (ယခင် နော်ဝေးစက်ရုံ)လမ်းခွဲတွင် မြစ်ကမ်းဆီသို့ ချိုးကွေ့သွားရ၏။

လေးကျွန်းစကြာမြဲဒီပါစေတီ၊ ငနေ နံ့စေတီများ၏ တောင်ဘက် သဗ္ဗညာန စေတီများ၏ အရှေ့ဘက်မြစ်ကမ်းနဖူး၌ ကိန်းဝပ်တော်မူသည်။

ရောဝတီမြစ်ကမ်းထိပ် ကပ်လျက် ရှိကာ ရေပြည့်သည့် မိုးတွင်းချိန်ခါများတွင် ခြေတော်ရင်းသို့ ရေများဦးခိုက်ရောက်ရှိသည်ဆို၏။

နွေနှောင်းကာလဖြစ်၍ ရေမရောက်

[illegible]

www.burmeseclassic.com





◆ ရုပ်ပွားပလ္လင် နောက်ကျောဘက်

◆ လက်ဆောင်မှ မူရာဥ

သော်လည်း ချောက်ကမ်းပါးသာရှိသဖြင့် ဓာတ်ပုံရိုက်ကူးရာတွင် ကိုယ်လုံးတော်ပြည့် မှတ်တမ်းပြုနိုင်ရန် ဘေးဘာစောင်းအနေအထားမှ ရိုက်ကူးခဲ့ရသည်။

**"လေးကျွန်းစမွှုစမုနီ"** ရုပ်ပွားတော်ကြီးဟု ဘွဲ့မည်ရှိ၏။ ရှေးဟောင်းရုပ်ပွားတော်ကြီးဖြစ်ကာ မူလကောင်းမှုရှင်ကို မသိရပေ။ ကာလရှည်ကြာ၍ ပျက်ယွင်းနေသည့် မူလရုပ်ပွားတော်အား ခန္တီကမြကင်းတောင်တောရဆရာတော်ကြီး အရှင်သာသနဦးဆောင်၍ က.စ.စ(၁၇)စက်ရုံ ထုတ်လုပ်ရေး(၄) (ယခင် နော်ဗယ်စက်) ဝန်ထမ်းများနှင့် အများကောင်းမှုဖြင့် မူလလက်ရာအတိုင်း ပြုပြင်မွမ်းမံခဲ့သော စေတီဖြစ်ကြောင်း သိရ၏။

ပြုပြင်သည့်ရက်စွဲကို မတွေ့ မသိရပေ။(ဆရာတော်ကြီး အရှင်သာသန ပြုပြင်မွမ်းမံခဲ့သော ဘုရားပုထိုးများနှင့် ပတ်သက်၍ ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် စာရေးသူ အချို့က ရေးသား ထုတ်ဝေကြသော်လည်း ထိုထိုသော ဘုရားစေတီများအား ပြုပြင်သည့် ခုနှစ်၊ ရှောက်ကြောင်း ဖြစ်စဉ်တော်အကျဉ်းမျှပင် မပါရှိသည်ကို တွေ့ရ၏။)

ဦးအောင်မောင်းက ဤသို့ ဆို၏။

"ဒီဘုရားကြီး ပျက်စီးနေတာ ကြာပါပြီ။ ကျွန်တော် ဒီကနေ ပြောင်းပြီးမှ ခန္တီက ဆရာတော်ကြီး ပြုပြင်မွမ်းမံတယ်လို့ ကြားရတယ်။ ဆယ်စုနှစ် တစ်ခုလောက်ရှိပြီ ထင်ပါရဲ့ မြတ်စွာဘုရားရှင်ကိုယ်စား ရုပ်ပွားတော်တွေထဲမှာ အရှေ့ လှည့် ရုပ်ပွားတော်တွေက ထူးခြားတယ်။

ကျမ်းဂန်အလိုအရ အရှေ့အရပ်က မြင့်မြတ်တယ်လို့ ဆိုတယ်။ ကမ္ဘာဦးအစမှ နေနဲ့ လတို့ဟာ အရှေ့အရပ်က ပေါ်ထွန်းလာတယ်။

မြတ်စွာဘုရားရှင်တို့က ဘောဓိပင်ရဲ့ အရှေ့မျက်နှာမှာ အရှေ့အရပ်ကို မျက်နှာမူ ထိုင်တော်မူလျက် ဘုရားအဖြစ်ကို ရောက်တော်မူကြပါတယ်။

မြတ်စွာဘုရား တရားဟောကြားရာ အဲဒီခေတ်က မဇ္ဈိမဒေသမှာ နေထိုင်တဲ့ သူတော်ကောင်းတွေဟာ အဆောက်အအုံ ဒါမှမဟုတ် မဏ္ဍပ်ရဲ့ အလယ်ဗဟိုမှာ တရားတော်ပလ္လင်ကို အရှေ့ဘက် မျက်နှာမူပြီး ခင်းကျင်းကြတယ်။

ပလ္လင်နောက်က ရဟန်းတွေက ရှေ့ကို မျက်နှာမူပြီး ထိုင်ကြရတယ်။ တရားနာပရိသတ်က အနောက်ကို မျက်နှာမူပြီး နာကြားကြရတယ်။

ဘုရားရှင်ဟာ အရှေ့အရပ်ကို မျက်နှာမူပြီး တရားဟော တော်မူတယ်လို့ အရှေ့လယ်တီ ဆရာတော်ကြီး ရေးတဲ့ မဟာသုတဒီပနီ ပထမတွဲ (စာမျက်နှာ–၁၃၉)မှာ ဖော်ပြထားပါတယ်။

ဒါကြောင့် အရှေ့လှည့်တဲ့ ဒီရုပ်ပွားတော်ထံမှာ ဘဝအခြေအနေ တိုးတက်မြင့်မားဖို့ အနာဂတ်ရေးရာ အောင်မြင်ဖြစ်ထွန်းဖို့ အကြံအစည်လုပ်ငန်းဆောင်တာတွေ အောင်မြင်ဖို့ဆုတောင်းရင် ပြည့်ဝတယ်လို့ ယုံကြည်ကြပါတယ်။ သတိထားမိဖို့က သစ္စာရှိဖို့ပါပဲ။





www.burmeseclassic.com

www.burmeseclassic.com

ဒီရုပ်ပွားတော်ကြီး ရှေ့တော်မှောက်မှာ မမှန်ကန်၊ မရိုးသားတဲ့ ကိစ္စတွေ မအောင်မြင်ဘူး။ တိုင်တည်ဆုတောင်းလို့ မပြည့်ဝနိုင်ဘူး'

ဦးအောင်မောင်းက ရုပ်ပွားတော်ရှေ့ ဧရာဝတီမြစ်ပြင်ကို ညွှန်ပြလျက်...

'ဆရာ ဟိုမှာ သတိထားကြည့်ပါ။ ရေပြင်မှာ သာယန်ရေစီးဆင်းပုံမဟုတ်တဲ့ လှုပ်ရှားနေတာကို သတိထားကြည့်ပါ'

ဟု ဆို၏။

အတန်ကြာအောင် စူးစိုက်ကြည့်မှ [illegible]မှန်ရေစီးပုံနှင့် မတူဘဲ ဝဲကတော့ [illegible]မှနဲ့ ပြင်း ရေပြင်တွင် လှုပ်ရှား[illegible]ဖြစ်နေသည်ကို တွေ့ရသည်။

'အဲဒီ ငါးရှူးတွေ မြူးနေကြတာပါ။ [illegible]ဧရာဝတီမြစ်ကူးတဲ့တားသစ် တစ်စင်းကို [illegible]မြှုပ်နေမှာ တည်သောက်ဖို့ စီစဉ်ကြ[illegible] ဒီနေရာမှာ မြေအောက် အုတ်မြစ်[illegible]ကြတယ်။ မပြိုဘူး။ ရေစီးနဲ့[illegible]ကြတာချည်းပဲ။

[illegible] စူးစမ်းကြည့်တော့မှ [illegible]အောက်မှာ ငါးရှူးနုံတွင်း (ငရှူးများ [illegible]နေထိုင်ကြသော ရေအောက် [illegible]ကြီးကို တွေ့ရတယ်။

[illegible] ငါးရှူးတွေ ဘယ်လောက်ကြီးသလဲ [illegible] ဒူးတောင်တစ်ခုကို တစ်တောင် [illegible]ရှိပြီ။ ကိုယ်လုံးက လေ့တစ်စင်း [illegible]လောက် ရှိသတဲ့။

[illegible] ထားကို နေရာရွှေ့ပြီး အောက်တက် [illegible]လောက်သေတဲ့ ကိုယ်ရှူနဲ့ ဝိကျောင်းရဲ့ [illegible] မြစ်ပြင်မှာ တည်ဆောက် [illegible]

[illegible]ရှူးတွေက သက်တမ်းရာချီ [illegible]

[illegible] အဝေါ်များများ [illegible] ရှေ့တော်မှောက်မှာ မမှန် [illegible]လို့ မရဘူးဆိုတဲ့ ဥပမာကို



◆ [illegible] မြန်မာ [illegible]
ဧရာဝတီမြစ်[illegible]

ကျွန်တော် ပြောပြမယ်။ သာယာဝတီ မင်းလက်ထက် အေဒီ ၁၈၂၄ ခုနှစ် နှောင်းပိုင်းမှာ ပထမအင်္ဂလိပ်-မြန်မာ စစ်ပွဲဖြစ်တယ်။

၁၈၂၅ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှာ စစ်သူကြီး မဟာဗန္ဓုလ ဗုံးဆန်ထိပြီး ကျဆုံးတယ်။ နောက်တစ်နေ့မှာ ဒနုဖြူ ခံတပ်ကျတယ်။ ဒါနဲ့ ဇွန်လမှာ အင်းဝက စစ်ကူတွေ အောက်မြန်မာနိုင်ငံကို ချီတယ်။

စက်တင်ဘာလမှာ တောင်ငူက စစ်ကူတွေ ထပ်ရောက်တယ်။ အောက်တိုဘာလရောက်တော့ နှစ်ဖက် စလုံး စစ်ပန်းပြီး ပြည်မြို့အထက် "ညောင်ပင်ဆိပ်"မှာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲလုပ်တယ်။ မအောင်မြင်ဘူး။ ဆက်တိုက်ကြပြန်တယ်။

ဒီဇင်ဘာ(၃၁)ရက်ကျတော့ မလွန်နဲ့ ပတ္တနဂိုရ်ကြား လှေပေါ်မှာ ထပ်ပြီး ဆွေးနွေးပြန်တယ်။ အဲဒါက ဒီနေရာပဲ။ အရှေ့ဘက်ကမ်းက "ပတ္တနဂို"မြို့ ဟောင်းပေါ့။ အင်္ဂလိပ်တွေ တစ်ဖက် သတ်အနိုင်ယူ ရေးဆွဲထားတဲ့ ငြိမ်းချမ်းရေးစာချုပ်က တောင်းဆိုချက်တွေ ကြောင့် မြန်မာတွေ သဘောမတူ ဆွေးနွေးပွဲပျက်လို့ ဆက်ပြီး တိုက်ပွဲ ဝင်သွားကြတယ်။

တစ်လအကြာ (၃၀-၁-၁၈၂၆)နေ့မှာ အင်္ဂလိပ်တွေ မလွန်မြို့ကို သိမ်းပြီး (၂)ရက်အကြာမှာ လောကနန္ဒာ (ပုဂံ)ကိုသိမ်းတယ်။ (၂၆-၂-၁၈၂၆) နေ့မှာတော့ ရန္တပိုစာချုပ် ချုပ်ဆိုပြီး ရခိုင်နဲ့ တနင်္သာရီကို အင်္ဂလိပ်လက်ထဲ ထည့်လိုက်ရပါတယ်။

ကျွန်တော် ပြောချင်တာက မမှန် မကန် လိမ်ဆယ်လုပ်ကြတဲ့ ကိစ္စတွေ ရှေ့မှောက်မှာ မအောင်မြင်ဘူး။ ဒါကြောင့် သစ္စာဆိုတိုင်တည်ရင် မှချ ဒိဋ္ဌ အကျိုးထူး ခံစားရနိုင်ပါတယ်'

'အဲဒီငါးရှူးကြီးတွေက ဒီနေရာမှာ တံတားမဆောက်စေချင်ဘူးလို့ ယူဆ နိုင်မလား'

'ငါးတွေကတော့ သူတာသာတာဝ ကျင်လည် မြူးထူးနေတာပါ။ ဒီကျင်းတွေကြောင့် တံတားဆောက်ရန် မိုင်းယမ္မမရှိလို့ နေရာ ပြောင်းရွှေ့တာပဲ။

ထူးခြားတာက ကိုယ်ရှူပနာမှာ တံတား ဆောက်ဖို့ ယူနိုးရောတွေနဲ့ ပြောတူတဲ့[illegible]

www.burmeseclassic.com

[illegible] ပျော့ပြောင်းလုံးကြီး ထင်ညီမ်သော အထက်အောက်နဲ့ လူကြီး တစ်ယောက်က လက်ကာပြော တွေ့ရလို့ စက်ရုပ်ကြီး အောက်ထင်ကြည့်သတဲ့။

လူကြီးကိုတော့ မတွေ့ရဘူး။ မြေပုံစက် အလွှာမှာ ရွှေစည်းပဏ္ဏကြီးတစ်ထပ် မြင်နေ တာမြင်ရတယ်။ နိုင်ငံတော်ကို အပ်လိုက် တော့ အဲဒီအချိန် ရွှေပေါက်ဈေးနဲ့တွက်ပြီး ပြန်ပေးတာ (၄၈၅)သိန်း ရသွားသတဲ့။

သတင်းစာတွေထဲမှာ ဓာတ်ပုံနဲ့တကွ ပါလာလို့ဖတ်လိုက်ရသေးတယ်။ စက်ယောင် သမားရဲ့ အတိတ်က အကျိုးပေးပေါ့လေ”

ဤနေရာတွင် ဧရာဝတီမြစ်ရေ အလျဉ်သည် အရှေ့တောင်ယွန်းယွန်း ဆီသို့ ကွေ့ဝိုက် စီးဆင်းသွားလေရာ မြစ်ပြင်၌ စုန်ဆန်သွားလာကြသော ရွက်နာဝါများတို့ အသွားအပြန် ဦးဆိုက် ကြည်ညိုနှင့်ရသော ရုပ်ပွားတော်ကြီး ဖြစ်သည်။

ညာဘက်တော် မြင့်မားထည်ဝါလှ သဖြင့် မြစ်ပြင်အလယ်မှသာမက တစ်ဖက်ကမ်း ပတ္တနဂိုကမ်းခြေမှပင် ထင်ရှားစွာ ဖူးတွေ့နိုင်ကြောင်း သိရပေ သည်။

## နေပူခံ ရုပ်ပွားတော်

ရုပ်ပွားတော်ကြီးမှာ ဂန္ဓကုဋိတိုက် တော် အမိုးတန်ဆောင်းမပါ၊ နေပူခံ ကိုယ်တော်အဖြစ် ပူဇော်ထားခြင်းဖြစ် သည်။ ဤသည်မှာ မွန်ဗိသုကာပညာ ရှင်တို့ ဒွန်းလုပ်ပူဇော်လေ့ရှိသော ဓလေ့တစ်ရပ် ဖြစ်သည်။

ရှေးမွန် အိုးအိမ်ဟောင်းများဖြစ်ကြ သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီကမ်းခြောင် ဒေသများတွင် ယနေ့တိုင် တွေ့မြင်နိုင်ကြသည်။

ရုပ်ပွားတော်အား ရပ်ဝေးမှပင် ထင်ထင်ရှားရှား ဖူးမြင်နိုင်စေရာ ပူဇော်သူမှာလည်း ရပ်နီးရပ်ဝေး ထင်ရှား ကျော်ကြား၍ အောင်မြင်မှုရရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအထက်ပိုင်း မွန်အဆက် အနွယ်များ နေထိုင်ရာ ဒေသများတွင် လည်း ဖူးတွေ့ရတတ်သည်။

ထင်ရှားသည်ကား ပုဂံရောက် သထုံဘုရင် မနော်ဟာရီရာဇမင်းသည် မိမိ၏လက်စွပ်ကို ရောင်း၍ရသော အသပြာငွေ လှည်းအစီး (၄၀)ဖြင့် လျောင်းတော်မူနှင့် တင်ပျဉ်ခွေရုပ်ပွား တော်တစ်ဆူစီကို ကျောချင်းကပ် နေပူခံ ရုပ်ပွားတော်များအဖြစ် တည်ဆောက် ကိုးကွယ်ခဲ့သည်။

ထိုမှ နှစ်အတန်ကြာပြီးနောက် မြစ်ဖြစ်သူ မဟာသမန်းအမတ်သည် ဘိုးတော်၏ကောင်းမှု ရုပ်ပွားတော် နှစ်ဆူကို ဂန္ဓကုဋိတန်ဆောင်း ဆောက် လုပ်ပူဇော်ရာ ကျောချင်းကပ်ထား သဖြင့် နေရာအခက်အခဲကြောင့် ဂန္ဓကုဋိမှာ ကျဉ်းကျပ်သော အနေ အထားဖြင့်သာ ဆောက်လုပ်နိုင်ခဲ့လေ သည်။ *[မောင်ကြည်ပန်း(မြင်းကပါ)၏ ယဉ်ကျေးမှုအမွေပုဂံမြေမှ စေတီပုထိုး များစာအုပ် စာမျက်နှာ-၁၁၀၊ ၁၁၁]*

ရှေးမွန်တို့၏ အိုးအိမ်ဟောင်းများ တည်ရှိခဲ့ရာ နေရာဒေသများရှိ နေပူခံ၊ မိုးစိုခံရုပ်ပွားတော်ကြီးများမှာ နောင်း ခေတ်တွင် မနူဟာဘုရားကဲ့သို့ ဂန္ဓကုဋိ တန်ဆောင်းများ ဆောက်လုပ်ပူဇော် ကြသည် ရှိသကဲ့သို့ မူလအတိုင်း ဆက်လက် ပူဇော်ထားကြသည်လည်း ရှိပါသည်။

ဥပမာအားဖြင့် ကြခင်းမြို့ (ဤ အမည်မှာ မွန်ဝေါဟာရ ဖြစ်သည်၊ ကြ=မိကျောင်း။ ခင်း=ကင်းစောင့် သည်။ မိကျောင်းများရန်မှ ကင်း စောင့် ကာကွယ်သည့်နေရာ၊ မိကျောင်းကင်းစေနေရာဟု ဆိုလို၏) တွင် တင်ပျဉ်ခွေရုပ်ပွားတော်ကြီး တစ်ဆူ၊ နှစ်ဆူ၊ ကျောချင်းကပ်လေးဆူ လေးမျက်နှာဆိုင် စသည်ဖြင့် အမိုးအကာမဲ့ နေပူခံ မိုးစိုခံ ပူဇော်ထားသည်ကို များစွာ တွေ့ရ၏။

ပဲခူး ကျိုက်ပွန်ဘုရားကို လည်းကောင်း၊ နောင်းခေတ်ပူဇော်မှု အဖြစ် ဝင်းစိန်တောရမှ အတောင် (၄၀၀)ပြည့် လျောင်းတော်မှ ရုပ်ပွား တော်ကိုလည်းကောင်း ဖူးတွေ့နိုင်ကြ ပေသည်။

မလွန်မြို့ဟောင်းမှ မြစ်ကမ်းခြေ အရှေ့လှည့် ရုပ်ပွားတော်ကြီးသည် လည်း အင်းဝခေတ်ကာလ ဟံသာဝတီ နှင့် အင်းဝမင်းတို့ မောင်လှယ်၊ နှမလှယ် ခွေမျိုးစပ်ကာ အားပြိုင်ခဲ့ကြရာ မွန်ဗိသုကာပညာရှင်တို့ ရောက်၍ တည်ဆောက်ခဲ့သည်ဟု ယူဆဖွယ် ရှိ၏။

မူလကောင်းမှုရှင်ကို မသိရသော် လည်း ခမ္ဘီကမြကင်းတောင် ဆရာ တော်ကြီး ဦးဆောင်မှုဖြင့် သပ္ပါယ်စွာ မွမ်းထွန်းလာပြီဖြစ်လေရာ မိမိနှင့် မိသားစုဝင်တို့၏ အတွက်သော် လည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ခွေမျိုး မိတ်သဂ်ဟ များအတွက် သော် လည်းကောင်း ဘဝအခြေအနေ တိုးတက်၍ အောင်မြင်မှု ရရှိစေ[ရန်] သစ္စာပြုတိုင်တည်နိုင်သော ရုပ်ပွား တော်ကြီးဖြစ်ကြောင်း တိုက်တွန်း လမ်းညွှန်လိုက်ရပါသည်။

ထွေးမောင်



www.burmeseclassic.com

www.burmeseclassic.com

# နဂါးငွေ့မြွေရှင်နေရိုး

စိုးမွှားထိုး

သာယာကျေးရွာ
(မကွေး)



နဂါးမြွေယ်လွှမ်းတို့ကို တွေ့ရှာသာသည့် ဘက်မှ တွေ့မြင်ရပုံ

တစ်နေ့သော အခါသမယ်တွင် ကျွန်တော်သည် မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ အိမ်ခြေ(၅၀)ကျော် သာယာကုန်းရွာကလေးသို့ အလည်တစ်ခေါက် ရောက်ခဲ့ပြန်လေသည်။

ထိုရွာကလေးသည် ကျွန်တော်၏ဇာတိချက်ကြွေ မွေးရပ်မြေလည်း ဖြစ်ပေ၏။ ရွာရှိ ရွာသူရွာသား အများစုသည် တောင်သူအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းကြသည်။ အနည်းငယ်မျှသာ ဝန်ထမ်းအလုပ်၊ ကျပန်းအလုပ် လုပ်ကြလေသည်။

ထို သာယာကုန်းရွာကလေးတွင် ဦးမျိုးညွန့် + ဒေါ်မြကွန့်(ခ)ဒေါ်ကောက်တို့ ဇနီးမောင်နှံ နေထိုင်ကြသည်။ သူတို့နှစ်ဦးသည် အပျိုကြီး၊ လူပျိုကြီးဘဝနှင့် အချိန်ကြာမြင့်စွာ နေထိုင်လာခဲ့ကြပြီးမှ အိမ်ထောင်ပြုခဲ့ကြသူများဖြစ်၏။

ဦးမျိုးညွန့်သည် (၁၀)တန်းအောင်မြင်ပြီးနောက် ကျောင်းဆက်မတက်တော့ဘဲ မိဘ လက်ငုတ်လက်ရင်းဖြစ်သည့် တောင်သူလုပ်ငန်းကို တူဖြစ်သော ကိုသက်နိုင်ဦးနှင့် လက်တွဲလုပ်ကိုင်ခဲ့သည်။

ထိုမှနေ အိမ်နီးချင်း အပျိုကြီး ဒေါ်မြကွန့်နှင့် အကြောင်းဆက်၍ ပေါင်းဖက်ခဲ့ကြ၏။ ဒေါ်မြကွန့်တွင် ညီမငယ် ဒေါ်ငွေ(အပျိုကြီး) တစ်ယောက် ရှိသည်။

ထိုဒေါ်ငွေသည်လည်း ဦးမျိုးညွန့်တို့ ဇနီးမောင်နှံနှစ်ဦးနှင့်အတူ တောင်သူအလုပ်ကို ပူးတွဲလုပ်ကိုင်ပေးသည်။

ဦးမျိုးညွန့်သည် မူလတန်းကျောင်းသားဘဝကပင် စာပေဖတ်ရှုလေ့လာခြင်း၌ ပျော်မွေ့လေ့ ရှိခဲ့သူဖြစ်သည်။ သူ၏ အစ်ကိုကြီးဆုံးဖြစ်သော ဦးစိုးနိုင်(တိုင်းသမဝါယမဦးစီးဌာန၊ မကွေးမြို့)၏ စာအုပ်အငှားဆိုင်ကလေးကနေ စာအုပ်များကို တစိုက်မတ်မတ် ဖတ်ရှုခဲ့သူလည်း ဖြစ်သည်။

ထို့ကြောင့် ဦးမျိုးညွန့်သည် စာပေဗဟုသုတ ထိုက်သင့်သလောက် ရှိသူဟု ဆိုရပေမည်။ ရိုးသားသည်။ တော်တည့်မှန်ကန်စွာ စဉ်းစားဆုံးဖြတ်လေ့ရှိ၏။

ရိုးရှင်းစွာ (ပွင့်လင်းစွာ) ပြောဆိုတတ်၏။ အမှန်တရားကို မြတ်နိုး၏။ ကောင်းနည်း၏။ သူ၏ဇနီး ဒေါ်မြကွန့်မှာလည်း သူ့လိုပင် ရိုးသားကြိုးစားသည်။

ကျွန်တော် ရွာကို ရောက်သွားချိန်သည် မြန်မာတစ်နိုင်ငံလုံး မုန်တိုင်းဝင်ရောက်ပြီး မိုးသည်းထန် ရေကြီးသော ဝါဆိုဝါခေါင် ဥတုရာသီ ခုနှစ်။

ဝုန်းခိုင်းကြနေသော မိုးသီးမိုးပေါက်များ ခန္ဓာကိုယ်ပေါ် လာရောက်ထိမှန်လာသဖြင့် ကျွန်တော်သည် နီးရာ



www.burmeseclassic.com

www.burmeseclassic.com



[illegible]

ဦးမျိုးညွန့်တို့ နေအိမ်ထဲသို့ အခပြေးနိုဝင်လိုက်သည်။

'ဟော... သူငယ်ချင်းကြီးပါလား။ လာ...လာ...အထဲကို၊ မိုးကလဲကွာ မင်းအဖေပြောတဲ့ ဝေါ်မိုးပါပဲ'

အိမ်ထဲကို ဝင်ဝင်ချင်း သူငယ်ချင်း မျိုးညွန့်က ထိုသို့ စကားဆိုလာသည်။

ထို့ကြောင့် ကျွန်တော်က...

'ဘာ...ဘယ်လို ဝေါ်မိုး ဟုတ်လား'

ဟု ပြန်မေးလိုက်သည်။ ထိုအခါ မျိုးညွန့်က ကျွန်တော့်ကို စောင်းငဲ့ကြည့်လိုက်ရင်း...

'မင်းကလဲကွာ ကိုကြီးတင်လှသား လုပ်နေပြီး တယ်ပြီး ခုံလေးတာပဲ၊ တယ်လဲ "ပိမ်"တာကိုကွ။ မင်းအဖေ ဟိုနေ့တုန်းက ထိုင်းမိုးလာပြီး မျိုးညွန့်ရေ ဒီလောက်မိုး အဆက်မပြတ် ရွာနေလို့ကတော့ တို့တောင်သူလယ်သမားတွေ အားလုံးအတွက် ရွှေမိုးငွေမိုး မဟုတ်တော့ဘူး။ အဝတ်ချော ရောက်စေမယ့် "ဝေါ်မိုး"ပဲတဲ့။

ဒီလိုပြောသွားတယ်။ ဟုတ်လဲ ဟုတ်တယ်။ ယာ့ကောင်ရေ၊ သူ ပြောပြီးကတည်းက ရွာလိုက်တဲ့မိုး၊ ဒီနေ့ပါဆို တစ်လပြည့်ပြီ။ တစ်ရက်မှ မနားဘူး။ ဒီတော့ အားလုံး ဝေါ်ပြီပေါ့ကွာ'

ဟု ပြောလာသည်။ ထို့ကြောင့်...

'ဒါဆို မင်းတို့အနေနဲ့ စီးပွားရေး အခက်အခဲ ကြုံနိုင်တာပေါ့။ မနှစ်က ကော ဘယ်လိုနေလဲ သီးနှံအထွက် အပြု အခြေအနေ...'

ဟု ကျွန်တော်က မေးလိုက်သည်။ ထိုအခါ မျိုးညွန့်က...

'နှစ်စဉ်နှစ်တိုင်းတော့ အရအပြု (သီးနှံထွက်ရှိမှု အခြေအနေ) မဆိုးခဲ့ပါဘူး။ နှစ်တိုင်းလိုလို ထွက်နှုန်း ကောင်းခဲ့တာချည်းပဲ'

ဟု ပြော၏။

'ကောင်းတာလဲ မပြောနဲ့လေ။ ဟောဟို ကျုပ်တို့ အိမ်ရှေ့ မန်ကျည်းပင်မှာ ချိတ်ဆွဲထားတဲ့ နွယ်ဝင်ကွင်း ထိုးက အထောက်အပံ့ ပြုတာလို့ ထင်တာပဲ မောင်ဆရာရေ'

ကျွန်တော်တို့ သူငယ်ချင်း နှစ်ယောက် စကားဝိုင်းထဲသို့ အမှတ်မထင် ဝင်ရောက်ခွေးနွေးလာသည့် ဒေါ်မြကွန့်စကားကြောင့် ကျွန်တော် မှင်တက်သလို ဖြစ်သွားရင်း...

'ဗျာ... ဟိုမန်ကျည်းပင်အကိုင်းမှာ ကြိုးတစ်ချောင်းနဲ့ ချည်ပြီး ဆွဲထားတဲ့ ရွှေမင်ချထားတဲ့ ဥစ္စာလား'

ဟု ပြန်မေးလိုက်၏။

'ဟုတ်ပါသကော သားထက်ဇော်ရယ်... အဲဒီနွယ်ဝင်ကွင်းထိုးက ငါတို့ မမွေးခင် တို့အဘိုးလက်ထက်ကတည်းက တောနက်ကြီးထဲကနေ တွေ့လို့ ခုတ်ယူလာခဲ့တာဟဲ့။

အကျိုးအာနိသင်ကတော့ဟယ် တို့ အဘိုးနဲ့အဘွားတို့က ရေးရောင်းတော့ ဘာရောင်းကောင်းသလဲ မမေးနဲ့။ လူတကာ ရေးရောင်းတာထက်တို့ အဘိုး၊ အဘွားတို့က ပိုလို့ ရောင်းရတယ်။ လာဘ်လာဘ ရှင်ခဲ့တယ်ပေါ့ ဟယ်။

ဒီတော့ စီးပွားပြိုင်ဘက်တွေက မနာလို အတိုအရှည်ဖြစ်ပြီး အဘိုးတို့ကို တိုက်ခိုက်ရန်စလာကြတာ ကြုံရတယ်ပေါ့။

ဒါပေမယ့် အဘိုးတို့ကို သူတို့ပြိုင်လို့ မနိုင်ခဲ့ကြပါဘူး။ နောက်ဆုံးမတော့ အဘိုးတို့လင်မယားရှေ့ ဒူးထောက် တောင်းပန်ခဲ့ကြရှာတယ်'

ဟု အဖျိုကြီး ဒေါ်မွေက ထပ်မံ ရှင်းပြလာသည်။



www.burmeseclassic.com

www.burmeseclassic.com



နဘူးနွယ်ကွင်းထိုးကို တင်ဆက်မှု မြင်ရပုံ

ဒီတောင်ပဲလှလှားဆိုတော့ မဟုတ်သေး ဘူး ငါ့ကောင်ရေ။ ပေဟာဒီ မမြကွန့် ရဲ့ အဘိုးအိမ်ကို သူနိုးဝင်နိုးတော ကြိမ်ကြိမ်။ ဒါပေမယ့် အိမ်နား ရောက်တာနဲ့ အိမ်ကို ရှာမတွေ့တော့ ဘူးတဲ့။ သူနိုးတွေသိကနေ တစ်ဆင့် ကြားတဆင့်နားနဲ့ ကြားရတာလေ။

ဒီလိုရွှမ်းခဲ့တဲ့ ဂမ္ဘီရပစ္စည်း အကြောင်းကို မမြကွန့်နဲ့ လက်ထပ်ပြီး နှစ်လောက်အကြာမှ ကောင်း ကောင်း သိခွင့် ရခဲ့တယ်။

ဘယ်လောက်၊ ဘယ်နှနှစ်လဲတော့ မသိတော့ဘူး။ နက္ခတ္တ ရောင်ခြည် မဂ္ဂဇင်းအုပ်ထဲမှာ ဖတ်မိလိုက်တယ်။ နွယ်ဝင်ကွင်းထိုးကို အိမ်ထဲ မထားရ ဘူး၊ တယ်လို့ ထားခဲ့ရင် လာတိပိတ် တတ်တယ်တဲ့။ နေအိမ်ခြံဝင်းထဲမှာပဲ ထားသင့်တယ်တဲ့။

အဲဒါနဲ့ စာဖတ်ပြီးပြီးချင်း ထရံမှာ ချိတ်ဆွဲထားတဲ့ နွယ်ဝင်ကွင်းထိုးကို ဖြုတ်ယူ၊ ရေဆေးသန့်စင်၊ ရေမွှေး ဖျန်းပက်၊ ရွှေမင်သုံးထပ်ချပြီး အခုလို မန်ကျည်းပင်မှာ ချိတ်ဆွဲထားခဲ့တာပဲ။

အဲဒီနောက်ပိုင်း ငါ့ကောင်ရေ တိုက် ဆိုင်တယ်ပဲ ဆိုရမလား အရောင်း အဝယ်ကောင်းခဲ့တယ်။ ငါ တစ်ကြိမ် မကာ ကြုံဖူးတယ်။

'ငါ သီးနှံတွေ သွားရောင်းတဲ့အခါ တိုင်း "တက်" ဈေးနဲ့ပဲ ရခဲ့တယ်။ ဟော... ငါရောင်းပြီး နောက်နေ့က စပြီး "ကျ" ဈေးတွေချည်းပဲ ဖြစ်ကုန် တယ်'

မျိုးညွန့်က ပြော လက်စ စကားကို ရပ်လိုက်ရင်း ရေမွှေး ကြမ်းကရားနှင့် ပဲ ထောပတ်ပြုတ် မုန့် ကန်အား ကျွန်တော့် ရှေ့သို့ တွန်းထိုးပေး လာသည်။ ကျွန်တော် က မျိုးညွန့်ပေးလာ သည့် အကြမ်း တစ် ခွက်ကိုယူ၍ မော့ သောက်လိုက်ရင်း...

'အပေါ် သူငယ်ချင်း ရာ ဂမ္ဘီရပစ္စည်း တွေမှာ သူ့အစွမ်းသူ့ အစနဲ့တော့ အသီးသီး ရှိကြတယ် မဟုတ်လား။ ငါ မင်းစကားကို ထပ်ပြီး ဖြည့်ပြောရရင် ဒီလို နွယ်ဝင်ကွင်း ထိုးတွေ ဟာ ဗီကွင်းစသေတဲ့ နောက်တစ်ရက နဘူးနွယ် နွယ်ဝင်ကွင်း ထိုးဆိုရင် အနေအထားနဲ့ အတိုက်အခံ တွေကို အထူး အောင်မြင်စေတယ်တဲ့'' ဟု ပြောလိုက်သည်။ ထိုအခါ မျိုးညွန့်က...

'အောင်မလေး ငါ့ကောင်ရာ ဒီ အလျား(မြောက်) (၁၁)လက်မ တိတိရှိတဲ့ နွယ်ဝင်ကွင်းထိုးက မင်းပြောတဲ့ နဘူး နွယ် နွယ်ဝင်ကွင်းထိုးပေါ် မောင်ရာ။ အဟား...ဟား... ပြောမှ ပြောတတ်ပ လေ ဗေဒင်ဆရာ၊ စာရေးဆရာရေ' ဟု ဟားတိုက်ရယ်မောရင်း ပြောဆို နေလေတော့သတည်း။

မြွေ ဟစ်ဝ ရှူရှဲ မြွေဆိုး

သာထက်စော(မကွေး)



www.burmeseclassic.com

www.burmeseclassic.com




# ကျားမမှန်လျှင် အားသန်ရအောင်
# မြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

ထိုင်ဝင်-၅/၂၀၁၀/တသထလ/တိုး(၁၁၄၇၂)

"ကိုမင်းဝေပါလား. . . ရွှင်မသန်းနဲ့ စိတ်ဝင်ဝန်းလုဝင်ဝန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဆရာ. . . စိတ်သွားတိုင်းကိုယ်မပါတဲ့ ကိုရာဆဲ့မပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသား အားနည်းနေလို့ ထယ်ဆေးစားပြီး ထယ်ဆရာနဲ့တုသရင်တောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိရတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . မြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ဝန်းဤုးဝန်းသေရောဂါ) ယိမ်ခေါင်းရောဂါ၊ သောဝန်းသေကြွတ်ရောဂါတွေကို ဦးစားပေးကုသနေတာရ. . . မြည်စိုးဆေးတိုက်ကို ထမ်းညွှန်ထိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့ မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . မြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်"

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်စောင်ပါလား. . . မသာတာကြာလို့ သတိရနေတာ. . . ဧည့်သည်ယဲပါလာတာကိုး၊ ထဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ တခေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါတဲ့ အမျိုးသားအားနည်းနေလို့ ဆရာနဲ့တွေ့ရအောင် အမျိုးသားအားဆေးလဲ သာဝယ်တာပါ"

"ထဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ ထိပ်သဲမိုးနိမ်တော့ကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြသာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ တိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောသုတ်လွှတ်ကြသူများ၊ (၃) တုန်ခန်းသွားသောသုတ်စေတ်နဲ့ အင်အားများကို ဆေးဝါးတတ်စားနဲ့ ပြန်လည်ဖြည့်ဆည်းသူများ၊ (၄) အရှော်အပါးလိုက်စားသူများ၊ (၅) မြစ်ကြောတ်နာရှိသူများ၊ (၆) သားကြောကြွတ်သားသူများ၊ (၇) အရက်ရောဂါရှိသူများ၊ (၈) သေကြွတ်ရေသူများနဲ့ သေဝန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချို ရောဂါရှိသူများ၊ (၁၀) ယိမ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ ဝန်းဤုးဝန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ဝန်းဤုးရောဂါခံစားနေရပြီဆိုရင် (၁) ချွေးကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) ခေါင်းမူးခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညည့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တခေါ်နိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့သတွေအတွေ့ရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် မြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"မြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"မြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေရင်းသုတ်လွှတ်ခြင်း၊ သုတ်အားနည်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ ခေါင်းမူးခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်တမြဲ အားအင်နုံချည့်သလို ခံစား ရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "မြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

ဆေးထုတ်လုပ်ပင်ရင်း

ဆေးဖြန့်ချိရေး - မြည်စိုး ဆေးကုမ္ပဏီ




www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာဟု ကျော်ကြားသော

# မကြီးတောဆရာတော် အရှင်တိလောက (၁)

ခံလွန်းသာ

'သယ်တာဆရာတော်ကြီး ပျံတော်မမူခင် ထိုင်းလောက်မှာ ပြောမှုတယ်။ မကြီးတောဘုန်းကြီးက ရဟန္တာသဲ။ သူလဲ ထိုနည်း မကွာဘူးတဲ့။

မကြီးတောဆရာတော်က နှစ်နှစ် ပိုကြီးတယ်။ သိပ်မကွာဘူးဆိုတော့ သက်တော်ကို ပြောတာလား။ ရဟန္တာဆိုတာကိုလား။ မခွဲတတ်ဘူး။ တို့က ရဟန္တာမဟုတ်ဘူး။ ဆုကြီးပန်(ဘုရားဆုပန်)ကွယ့်လို့ မိန့်လေ့ရှိတာကို တွေ့ရခဲ့ရပါတယ်'

သရက်မြို့၊ ဘိလပ်မြေစက်ရဲ့ တံတားအနီး လက်ဖက်ရည်ဆိုင်မှ ကိုကြည်လင်၊ မတင်တင်နိုင်တို့က မကြီးတောဆရာတော် ဦးတိလောက အကြောင်း ပြောဆိုရာမှ ဘုရားစင်၌ ပူဇော်ထားသည့် ဆရာတော်၏ ဓာတ်ပုံကို ညွှန်ပြပေးသည်။

လက်ဝဲလက်၌ တောင်ဝှေးကိုကိုင်ကာ မတ်တတ်ရပ်နေပုံဖြစ်၍ မေးရိုးထောင့်ကျကာ နားရွက်ပြန့်ကျယ်သော ဥမိရုပ်သွင်ရှိတော်မူသည်။

၁၉၆၄ ခုနှစ်၊ မိုးရာသီတွင် ဧရာဝတီမြစ်အတွင်း တာဝန်ဖြင့် ပြေးဆွဲခုတ်မောင်းနေသည့် ဆင်ပေါက် စက်ရေယာဉ်သည် ရုတ်တရက် မိုးသက်မုန်တိုင်းနှင့် ကြုံရသည်။

စက်ရေယာဉ်မှာ သင်္ဘော၊ မော်တော်ဘုတ်များကဲ့သို့ ရေတွင် နစ်မျောက်မည်ကို မစိုးရိမ်ရသော်လည်း ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းကာ သဲကြီးမဲကြီး ရွာသွန်းနေသော မုတ်သုံမိုးကြီးအတွင်း အင်ဂျင်စက်က ရပ်သွားသည်။



မကြီးတောဆရာတော် အရှင်တိလောက

ထို့ပြင် ပြင်းထန်စွာ တိုက်ခတ်လာသော လေပြင်းက စက်ရေယာဉ်ကို သယ်ဆောင်သွားလေ၏။ ကမ်းစပ်ကျောက်ဆောင် သစ်ပင်ကြီးများနှင့် ရိုက်မိလျှင် တွေးဝံ့စရာ မရှိတော့ပါ။

ထိုစဉ်ကာလ မီးဆလိုက် ထိုးထားသကဲ့သို့ အလင်းရောင်တန်းတစ်ခုက ရေယာဉ်ဦးပိုင်းသို့ ကျရောက်လာကာ ဦးအထက် ဝေဟင်၌ သက်တော်(၈၀) ခန့် ဆရာတော်တစ်ပါးကို ဖူးတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြီးတောကျောင်းမုခ်ဦး

အားလုံး အံ့အားသင့်နေရာမှ အားကိုး တကြီးဖြင့် ဦးချလျှောက်ထားကြသည်။

'ဆရာတော်ဘုရား တပည့်တော်တို့ကို ဒီအကျွတ်ငြမ်းက ကယ်တင်တော်မူပါ'

မကြာမီ လေပြင်းနှိမ့်ချ၍ ကောင်းကင် ကြည်လင်လာသည်။ ပတ်ဝန်းကျင်ကို လှမ်းကြည့်ရာ ဘောစ်လံမြို့ အထက်ရှိ မြေဝဲမြို့ဟောင်း ကမ်းခြေကို အောက်ဘက်ဝေးဝေး၌ တွေ့ရ၏။ ရေယာဉ်ဦးပိုင်းသို့ လှမ်းကြည့်ကြသော အခါ မည်သူတစ်ဦးတစ်ယောက်မှ မတွေ့ရတော့ပေ။

သင်္ဘောသားတစ်ဦးက...

'ခုနက တွေ့ရတာ မကြီးတောဆရာတော် ပဲ'

ဟု အားရဝမ်းသာ အော်ဟစ်ပြော ဆိုသည်။

မကြီးတောကျောင်းနှင့် မဝေးလှ သော ကမ်းခြေသို့ ရောက်နေပြီဖြစ်၍ ရေယာဉ်ရှိ ရိက္ခာခြောက်များကို ချက် ပြုတ်စီမံကာ မကြီးတောဆရာတော် အား သွားရောက်ကပ်လှူကြသည်။

'ဒီမြစ်ဝဲကြောင့် သရက်၊ မင်းလှ မြို့တွေသာမက ရပ်ဝေးကပါ ရဟန္တာ ဆိုပြီး လာဖူးကြတယ်။ မကြီးတော ကျောင်းဆိုတာက သရက်မြို့အထက် မီးရထားဘူတာရှိတယ်။ ကားရထားမဲ့ ပြေးဆွဲတာနဲ့ ကျပ်ညပ်လိုက်သွားရင် ရပေမယ့် သရက်ကနေ မနက်အစော ကြီးထွက်ပြီး ညကို ကိုးနာရီလောက်မှ သရက်ပြန်ဝင်တယ်။

ခရီးထောက်တာနဲ့ ကျွန်တော်တို့လဲ စိတ်နဲ့ပဲ ပူဇော်ခဲ့ရတယ်။ ကိုယ်တိုင် မဖူးမြင်လိုက်ဘူး။ သမင်တာဆရာတော် ပြောတော့မှ မော်တော်(စက်တပ်လှေ) ငှားပြီး ရေဝတီမြစ်ကြောင်းက သွား ဖူးမြင်ကြတယ်။ တည်ငြိမ်အေးချမ်းပြီး အင်မတန် ကြည်ညိုစရာကောင်း တယ်။ **လောဘမထဲ့ဘူးတိုင်းကို ဆန် ထက်တစ်ဆုံမီ ဖွင့်တင်တယ်'**

'ဘာအတွက်လဲ ကိုကြည်လင်'

'ပရိတ်ဆန် ဆိုပါတော့ ထိုးရသုံးလို့ရ တယ်။ နေမကောင်းရင် ချေ‌ပြီး တလို ရတယ်။ အိမ်မှာ အနှောင့်အယှက်တွေရှိရင် ပွားပြီး(ဆန်တင်ရေပြီး) အိမ်ပြင်အနှံ ဖျန်းပေးရတယ်။ ဆန်ဒိုးထဲ ထည့်ထားရင် ဆန်ကုန်တာနဲ့ တစ်နည်းမဟုတ် တစ်နည်း နဲ့ ဆန်ပြန်ရောက်လာတာပဲ'

သမင်တာဆရာတော်က တို့နဲ့ မကွာဘူးလို့ ပြောပြီး မကြာခင် ပံ့လွန် တော်မူသွားတော့မှ မကြီးတောဆရာ တော်လဲ သိပ်ကြာကြာနေမယ် မထင် ဘူး။ ထင်ရှားရှိတုန်း ဖူးကြစို့ဆိုပြီး မွေ့မိတ်ဆွေ မော်တော်ငှားပြီး ထပ်ဖူး ဖြစ်ကြတယ်။ တစ်နှစ်ကျော်ကျော် လောက်အကြာမှာ မကြီးတောဆရာ တော်လဲ ပံ့လွန်တော်မူတာပဲ'

ဤသို့ဖြင့် မိတ်ဆက်သိရှိရသဖြင့် မကြီးတောကျောင်းသို့သွားရန် စုံစမ်း ကြည့်သည်။ သရက်မြို့ထဲက ရွှေဘုံ သာစေတီအနီးတွင် ဆိုင်ကယ်သမား တစ်ဦးတွေ့၍ စကားစပ်မိရာ မကြီး တောကျောင်းသို့ ရထားသံလမ်း နံဘေးအတိုင်း မြောင်း၍သွားလေ့ရှိ ကြောင်း သိရသည်။

သို့ဖြင့် သူ့ကိုပင် ငှားရမ်းကာ သွားရောက်ဖူးမြော် လေ့လာဖြစ်ခဲ့ သည်။

## ကျောက်မြစ်ဆရာတော်

ဦးစွာပထမ ကိုကြည်လင်လမ်းညွှန် မှုဖြင့် ဆရာတော်၏ ဒါယကာရင်း တစ်ဦးကို သွားရောက်တွေ့ဆုံသည်။

သရက်မြို့ နံ့ပေါင်းရုံရပ်ကွက် နေ့ဆိပ်တင်းကိန်း၌ အသက်(၆၀)ကျော် အရွယ်ရှိ ဦးလှမိန်နှင့် တွေ့ဆုံမေးမြန်း ရာ သူ သိသမျှ ပြောပြသည်။

'ကျွန်တော်က မန်ကျည်းတောရွာထဲပါ။ ဆရာတော်ကို အမြဲတမ်း ကိုးကွယ်ခဲ့ပါ တယ်။ အခု ဒီမှာ ထီး သယ်တွေနဲ့ သားချော့ ပဲ့နမ်းရိုက်နေတာ သုံးလေးနှစ် လောက်ပဲ ရှိသေးတယ်။

ဆရာတော်နေတဲ့ ကျောင်းက မန်ကျည်း တောရွာနဲ့ မြစ်ကိုင်းရွာကြားမှာ ရှိတယ်။ ဆရာတော်ကိုယ်တိုင်"မကြီးတောကျောင်း" ဆိုပြီး ကျောင်းနာမည်ပေးထားတယ်။ ဘာ အဓိပ္ပာယ်ဆိုတာတော့ မသိရဘူး။

ဆရာတော်က ဓိဋ္ဌာန်ဆိုင်ထားတယ်။ ကျောင်းပြင်မှာ ကုဋီတစ်လုံး ဆောက်။ အထုပ်ကုဋိရှိတဲ့ အပြင်ကြမ်းကျောင်း





www.burmeseclassic.com

www.burmeseclassic.com

မှာပဲ ဆီဝင်ကိစ္စ ရှင်းနိုင်ပါတယ်။

ဒီက ရာသီဥတုအခြေအနေကို ဆရာလဲ သိပါလောက်ပါပြီ။ အခန်းထဲက ပိတ်မို ဝင်ခါနီးလေဝှေ့မှာတောင် မိုးက ရွာနေပြီ ရွာတာ အခုထက်ထိ မစဲသေးပါ။ ရာသီဥတု ဘယ်လောက်ပူပါစေ။ အခန်းအလိပ် ရှိပြီး ကိုယ်တုံးလုံးနေတာ မရှိဘူး။

ရေချိုးရင်တော့မှ ရေလန်အနားရောက်မှ ပေါ်ထိကို တန်ဆောင် ရေသနပ်ပြီး ရေချိုးတယ်။ ကျောင်းမှာ အပေါ်ရုံအင်္ကျီ ထားပြီး ရေချိုးကန်သွားတာ မရှိဘူး။

ဆွမ်းဘုဉ်းပေးတော့လဲ ရှေ့နားက ဆွမ်းဟင်းခွက် သုံးခွက်ထက် ပိုမခံဘူး။ အဝေးက ပန်းကန်ကို လှမ်းယူတာမရှိဘူး။ အကြောင်းသိတဲ့ ဒါယကာတွေက ဆွမ်းစားဖိတ်ရင် ဘုဉ်းပေးစေလိုတဲ့ဟင်းကို ရှေ့နားကပ်ပြီး ထားပေးရတယ်။

ဖျော်ရည်လဲ မကိုင်ဘူး။ လမ်းသွားတဲ့အခါ ရေအိုးရေကွက်တွေ ဖြတ်ရရင် ကျွန်တော်တို့ လူတွေက ပိုဆိုးအောက်နားကို မတင်လေ့ရှိကြတယ်။ ဆရာတော်က သင်းပိုင်ကို မပြင် မဟာဘူး။ ရဟန်းဆိုတာ ကြည့်ညိုဖွယ်ဖြစ်အောင် နေရတယ်လို့ အမြဲမိန့်လေ့ရှိပါတယ်။

ပုံလွှန်တော်မူတဲ့အထိ ပုတီးကို လက်က မလွှတ်ခဲ့ဘူး။ ဒကာတွေကိုလဲ ဂုဏ်တော်ပုတီးစိပ်ဖို့ မှာလေ့ရှိပါတယ်။

တချို့က လျှောက်ကြတယ်။ တပည့်တော် တစ်နေ့ကို ဂုဏ်တော်(၁၀၀၀) စိပ်ပါတယ်။ တချို့က ပုတီးပတ်ရေ (၅၀) (၁၀၀) စိပ်ပါတယ် စသဖြင့် လျှောက်ကြတဲ့အခါ ဆရာတော်က...

“ဒီ တစ်နေ့လုံးလုံး စိပ်ပို့ လေယက်ထည့်ရတာ”

လို့ မိန့်လေ့ရှိတယ်။ (ပုတီးကိုအာရုံနဲ့ စိတ်ကိုဖြောင့်ကြောင်းသူများကို မြှောက်မိ



▲ မကြီးတောရှည်တောင်ကျောင်း

▼ မကြီးတောအုတ်တိုက်ကျောင်း



*တရားဓလေ့။ သက်တိုင်အောင်ရှိ သွယ် ပိုက်ဆံမေကျွဲ၊ ဖြစ်တန်ရှိသည့်ဆုံးမစကား)*

ဦးလှရှိန်က မကြီးတောကျောင်းသို့ သွားနိုင်ရန်သည်။ လမ်းညွှန်ပေးခဲ့သည်။ ထို့နောက် ဤသို့ အမှာပါးခဲ့။

‘ဆရာတော် ပုံလွှန်တော်မူတော့ ကိုရက်ကြာမှုတော်ထားတယ်။ မွေ့မီထဲ သောလဲ မပိုင်ဘူး။ မှယ်ယှာက်လို့ မှန်ပေါ်နဲ့ မိမ်းသွင်း မှုတ်ထားပါတယ်။

အခုအခါ ရုပ်ကလာပ်တော်ကနေ အမြဲ ဓာတ်ရှိနိုင်တွေ ထွက်လာပြီ ရုပ်ကလာပ် တစ်ခုလုံး ကျောက်ဖြစ်သွားပါတယ်။ အခု အခြေအနေကိုတော့ မပြောတတ်ဘူး။ ဆရာရောက်ရင် လေ့လာကြည့်ပေါ့’

## မကြီးတောကျောင်းဆီ

ဦးလှရှိန်အား ကျေးဇူးတကားဆိုကာ သရက်မြို့မှ ဓာလီတောင်လမ်းအတိုင်း ထွက်ခွာသည်။ မြဲတောင်၊ အရှည်တောင်များကို ကျော်လွှန်၍ ဓာလီတောင် ရောက်ခါနီးတွင် လက်ဝဲဘက်လမ်းအတိုင်း ချိုးကွေ့၍ တောင်ကုန်းအဝက် လွန်သောအခါ သရက်–မင်းလှ မီးရထား လမ်းဘေး



www.burmeseclassic.com

www.burmeseclassic.com





◆ ဆရာတော် ကျိန်းစက်ခဲ့ရာခုတင်

◆ ဆရာတော် ဦးကုသလမဟာထေရ်တော်

(ရေမြှုရွာ)ရောက်သည်။ ထိုမှ မီးရထား သံလမ်းနံဘေးမှ ကာဝ်မြောင်ကာ မြောက်ဘက်သို့ ခရီးဆက်သည်။

ချောင်းကူးတံတားတစ်ခု ကျော်ပြီးနောက် ဆင်တဲဘူတာကို တွေ့ရ၏။ ဘူတာဆိုင်းဘုတ်နှင့် လေးတိုင်စင်တဲ တစ်လုံးသာရှိသည်။ ဘူတာရုံဝန်ထမ်းများ မရှိပါ။

ဆင်တဲမှ လက်ပန်ဆိပ် ညောင်ပင်သာရွာများ လွန်သောအခါ မန်ကျည်းတောရွာသို့ ရောက်ရှိ၏။ မန်ကျည်းတောရွာနှင့် မြစကိုင်းရွာကြားတွင် "မကြီးတောကျောင်းတိုက်" ဟူသော မှတ်ဦးကမ္ပည်းကို တွေ့ရ၏။

ဆရာတော် မိန့်မှာသည့်အတိုင်း ကမ္ပည်းထိုးထားသည်ဟု သိရ၏။ သရက်မြို့မှ အမြောင့်တိုင်းသွားလျှင် (၆)မိုင်ခန့် ကွာဝေးပေသည်။ မီးရထားလမ်းနှင့် မြစ်ကြောင်းလမ်းသာရှိ၍ မော်တော်ကားလမ်း မရှိချေ။

## ထေရုပ္ပတ္တိအကျဉ်း

မကြီးတောကျောင်း အတွင်း၌ကား ဥပုသ်နေ့ဖြစ်သဖြင့် ဥပုသ်သီတင်းဆောက်တည်နေကြသူ သက်ကြီးပိုင်းရွာသားအချို့ကို တွေ့ရသည်။ သူတို့မှတစ်ဆင့် ဆရာတော်၏ ထေရုပ္ပတ္တိကို မှတ်သားခဲ့ရသည်။

မကြီး တောဆရာတော် လောင်းလျာ **မောင်စံမွေးဦး**ကို ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငစိမ်းပြင်ကျေးရွာအုပ်စု၊ မအူတော်ရွာနေ ဦးရွှေထွန်း၊ ဒေါ်ညိုသာဖြူတို့မှ ၁၂၇၇ ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့တွင် ဖွားမြင်ခဲ့သည်။

ကိုးနှစ်သားအရွယ်တွင် မအူတောရွာကျောင်း ဦးကုသလထံတွင် ရှင်သာမဏေပြုသည်။ ရှင်တိလောကဘွဲ့မည်တွင်၏။ နောက်နှစ်တွင် ဆရာတော် ဦးကုသလသည် မအူတောရွာကျောင်းမှ နဂါးရွာ '**သေးတောင်နဂါး**' ကျောင်းသို့ ပြောင်းရွှေ့ သီတင်းသုံးရာ ရှင်တိလောကလည်း လိုက်ပါခဲ့၏။

သာမဏေဘဝဖြင့် ဝိနည်းငယ်လေးစောင်၊ ကဝိ စသော အခြေခံပရိယတ်စာပေများသာမက ဗေဒင်ပညာကိုပါ သင်ယူတတ်မြောက်ခဲ့သည်။

၁၂၉၇ ခုနှစ်၊ တန်ခူးလကွယ်နေ့တွင် **သေးတောင်နဂါးကျောင်း** ဆရာတော် ဦးကုသလကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်သည်။

ရဟန်းဝါ (၈)ဝါအရ ၁၃၀၄ ခုနှစ် ပြာသိုလတွင် ဘကြီးဦးပွင့်နှင့်အတူ ရန်ကုန် ကိုးထပ်ကြီးဘုရားတွင် ဗားကရာတိုက်တွင် စာဝါသင်ယူ၍ ထိုမှ သရက်မြို့ ရွှေဘုံသာကျောင်းသို့ ကြွရောက်ကာ ဆက်လက်သင်ယူခဲ့သည်။

၁၃၀၆ ခုနှစ်တွင် ပခုက္ကူသို့ သွားရောက်၍ တသင်စဉ့် စမ်းမီးလောင် ကျွမ်းသဖြင့် သရက်မြို့နယ်၊ မိုးနတ်ကုန်းကျေးရွာအုပ်စု၊ တလုပ်ယ ကျေးရွာကျောင်းသို့ စစ်ဘေးရှောင် ကြွရောက်သီတင်းသုံးသည်။

၁၃၀၇ ခုနှစ်တွင် မန်ကျည်းတောရွာမှ ဒါယကာ၊ ဒါယိကာများ ဆောင်သဖြင့် မကြီး တောကျောင်း



www.burmeseclassic.com

www.burmeseclassic.com





◆ ဆရာတော် ဦးတိလောကာဘိဝံသ

◆ ဓါတ်ပုံတွင်း ဘုရားခန်းကို

ကြွရောက်သီတင်းသုံးသည်။ ထိုအချိန်မှစ၍ မဟာသတိပဋ္ဌာန် ဝိပဿနာ ဆရာကို တစ်ဆိုက်မတ်မတ်အား ထုတ်ခဲ့သည်။

၁၃၀၄ ခုနှစ်တွင် ဇာတိမြေမှ ထွက်လာခဲ့သည်တွင် မိဘဆွေမျိုးများ ထံသို့ တစ်ခေါက်တစ်ခါမျှ ပြန်လည် ကြွရောက်ခြင်းမရှိဘဲ သံယောဇဉ်ပြတ် ဘာ ဝိပဿနာကမ္မဋ္ဌာန်းကိုသာ ကြိုးစားအားထုတ်ခဲ့ရာ ၁၃၆၄ ခုနှစ်မှ (သက်တော် ၈၈ နှစ်)မှစ၍ ရဟန္တာဟု သံမှတ်ခြင်းခံရကာ မြန်မာနိုင်ငံအနှံ့ အပြားမှ ပရိသတ်များစွာ လာရောက် ဖူးတော်ဆည်းကပ်ကြသည်။

ဆရာတော်ကြီးသည် အသက်(၉၆) နှစ်၊ ဝါတော်(၇၆)ဝါအထိ ကျန်းမာစွာ ဖြင့် ဆည်းကပ်လာသူတို့အား တရား ဟော တရားပြခြင်း၊ အနီးဝန်းကျင်ရှိ ဘုန်းကျောင်းစေတီပုထိုးများ ပြုပြင် မွမ်းမံခြင်း၊ ဝေနေယျတို့အား မေတ္တာ ပို့သ ကာယမပေးခြင်း စသည်ဖြင့် လောကအကျိုး သာသနာ အကျိုး ဆောင်ရွက်တော်မူ သည်။

ထို့နောက် ၁၃၇၃ ခုနှစ်၊ တန်ခူး လဆုတ်(၁၁)ရက် သောကြာနေ့ နေ့လယ်(၁၂)နာရီတွင် ဘဝခန္ဓာ ချုပ်ငြိမ်းတော်မူပါသည်။

*(ဆရာတော်၏ ရုပ်ကလာပ်တော်အား ယနေ့အထိ တွင် ဖြန့်ဝေသော လက်ကမ်းစာစောင်မှ ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။)*

## ထူးခြားမှုအချို့

၁၃၆၅ ခုနှစ် မိုးဦးကာလတွင် မန်ကျည်းတောရွာနှင့် အနီးချုပ်စပ် ရွာများမှ တောင်သူတို့သည် (၈)မိုင်ခန့် ဝေးကွာသော ညောင်ရွာဒေသ တောင်ပေါ်သို့ ဝါးခုတ်ရန် သွားကြ သည်။

ဝါးများ ခုတ်ယူစုစည်းနေကြစဉ် ဆရာတော်ကြီး ကြွတော်မူလာသည် ကို တွေ့ရသဖြင့် နေရာပေးကာ ရှိခိုး ကန်တော့ကြသည်။

အချိန်မှာ နေမွန်းတည့်လုပြီဖြစ်ရာ ဝါးခုတ်သူတို့က ပါလာသော ထမင်း ထုပ်ကိုဖွင့်၍ ဆွမ်းကပ်ကြသည်။

'ပလိုပါဘူး နေ့ဆွမ်းဘုဉ်းပေးပြီးပါပြီတယ်ကွယ်'

ဟု မိန့်ကြားကာ ဆက်၍ ကြွချီ ကြွတော်မူသည်။ ညနေပိုင်းတွင် ဝါး များ သယ်ယူ၍ ရွာသို့ပြန်ရောက်ကြ သောအခါ ရွာရှိလူများက ဆရာတော် ဘယ်မှ ကြွရောက်ခြင်းမရှိဘဲ ကျောင်း တွင်သာ သီတင်းသုံးတော်မူကြောင်း ပြောပြကြသည်။

* ထိုနှစ်တွင်ပင် အောင်လံနှင့် ပြည်လို့ အကြားရှိ ငှက်ကြီးတော်တောကို တည် ဆောက်ကာ ခုတ်မြစ်တိုင်များ ချပေးတိုင်း မအောင်မြင် လုပ်ငန်း ခွင်ဆက်ရန် အခက်တွေ့ကြရစဉ်။

သို့ဖြစ်၍ ဆရာတော်အား လာ ရောက် လျှောက်ထားကြသည်တွင် ပရိတ်ဆန်အချို့ကို ခွန့်လှူလိုက်သည်။ ထိုဆန်များကို ကြဲပက်ပြီးနောက် လုပ်ငန်းခွင် ပြန်စကြရာ တံတားတစ်ခု လုံး အပြီးတိုင် အောင်မြင်လေသည်။

သို့ဖြစ်လေရာ ဆရာတော်ကြီး ကျောင်းကန်ဘုရားများ မွမ်းမံမှုတွင် အသုံးပြုရန်ဟူ၍ ဘီလပ်မြေအိတ် (၁၀၀)ကို လာရောက်လှူဒါန်းကြလေ

www.burmeseclassic.com



◆ သရက်မြို့မှ [illegible]

သည်။

✱ ထိုနှစ်ဆောင်းတွင်းကာလ တစ်နေ့တွင် ဒါယိကာမများ မကြီး တောဆရာတော်ကြီး ဆွမ်းခံကြွတော်မူသည်ကို တွေ့ကြရသဖြင့် ဒါယိကာမများက ဆွမ်းလောင်းရန် ပြင်ဆင်စောင့်ဆိုင်းနေကြသည်။

ဆရာတော်သည် သရက်တောရပ်ကွက်တွင် ဆွမ်းခံပြီးနောက် သပိတ်ပြည့်သွားသဖြင့် မိုလ်ကုန်းရပ်ကွက်သို့ မကြွတော့ဘဲ လှည့်ပြန်သွားသည်။

ထိုအခါ မိုလ်ကုန်းရပ်ကွက်မှ ဆွမ်းမလောင်းလိုက်ရသူများက စက်လှေငှား၍ မကြီး တောကျောင်းသို့ လာရောက်လျက် ဆွမ်းများ ကပ်လှူကြသည်။

ထိုနေ့က ဆရာတော်ကြီး ဆွမ်းခံပြန်လာရာတွင် ဆွမ်းမပါ သပိတ်ချည်းသာ တွေ့ရသဖြင့် အောင်လံဒါယကာများ ပြန်သွားသောအခါ ရွာခံ ဒါယကာများက ဆရာတော်အား မေးလျှောက်ကြသည်။

'ဆရာတော်ဘုရား ဒီမနက် အောင်လံကို ဆွမ်းခံကြွသလား ဘုရား'

'အင်း ဟုတ်ချင်လဲ ဟုတ်မှာပေါ့' ဟု ဆို၍ တစ်စုံတစ်ရာ ဆက်၍ မိန့်ကြားခြင်း မရှိတော့ချေ။

✱ တစ်ခါသော် မြစ်တွင်းသွား ဆင်ပေါက်(၃) ဖက်ရေယာဉ်မှာ မန်ကျည်းတောရွာအနီး ကမ်းကပ်ရပ်နားက ဆရာတော်ထံသို့ ရှမ်းတကြီး ရောက်လာကြသည်။

မိမိတို့ သယ်ယူလာသော ဒီဇယ်ဆီကန်များအတွင်း ဆီများအစား ရေရှည်းသာ ဖြစ်နေသောကြောင့် ရာဇဝတ်အမှုအခင်း ကျရောက်မည်စိုး ကြနေရကြောင်း လျှောက်ထားကြသည်။

ဆရာတော်က အထူးအထွေ မိန့်ကြားခြင်းမပြုဘဲ ဆန်လက်တစ်ဆုပ်စီ စွန့်လှူလိုက်သည်။ ထိုဆန်များကို ရေယာဉ်ဆီကန်အတွင်း ထည့်လိုက်ရာ ရေများသည် ဒီဇယ်များ ပြန်ဖြစ်နေသည်ကို တွေ့ကြရ၏။

နောက်တစ်နေ့တွင် ဆင်ပေါက်(၃) ဖက်ရေယာဉ် ဝန်ထမ်းများက (၂၀) ပုလင်းဝင် မြေပဲဆီပုံး(၁၀)ပုံးကို ကျောင်းသို့ ပို့လှူကြလေသည်။

✱ အလားတူပင် ဆင်ပေါက်(၁၀) ဖက်ယာဉ်သည် မြစ်လယ်၌ ရုတ်တရက် ရပ်တန့်သွား၏။ အင်ဂျင်စက်နိုး၍မရ ထိုးပါးလည်း မမီသဖြင့် ရေရှန်မှူးကာ အခက်တွေ့ရစဉ် ရေယာဉ်ပေါ်သို့ ဆရာတော်ကြီး ကြွလာသည်ကို တွေ့ရသဖြင့် ဦးချကန်တော့ကြသည်။

ထိုအခါမှ ဆရာတော် စွန့်လှူထားသော ဆန်များကို သဝီရကာ ရေယာဉ်နှင့် ဝန်ကျင်ကို ပက်ဖျန်းလေရာ စက်နိုး၍ ဆန့်တက်ခရီးကို ဆက်နိုင်ကြလေသည်။

✱ တစ်ခုသော ဝါဆိုလပြည့်နေ့တွင် ရန်ကုန်မှ ဦးပွင့်းတစ်ပါး အာဂန္တုအဖြစ် ကြွလာသည်။

'တပည့်တော်ကို မေတ္တာပို့ပေးတော်မူပါ ဆရာတော်ဘုရား'

'အရှင်ဘုရားက ဘာဖြစ်လို့ပါလဲ'

'တပ်ခါတပ်ခါ အထိတ်တလန့်ဖြစ်ပြီး ကြောင်တောင်တောင် ဖြစ်သွားပါတယ်။ တခြားရွာတွေကတော့ ဘုန်းကြီးရူးလို့ တပည့်တော်ကို ခေါ်ကြတယ် ဘုရား။ အရှင်ဘုရား ကယ်မပေးတော်မူပါ'

ဆရာတော်ကြီးက အာဂန္တုဘုန်းကြီး၏ ယေဘီထိခ်ကို ထောက်ပံ့မြှင့်စုပ်ကာ ရှုစိုက်၍ မေတ္တာပို့ပေးတော်မူသည်။ ယင်းနောက် မကြာမီတွင်ပင် ထိုအာဂန္တုက...

'အရှင်ဘုရားရဲ့ ကျေးဇူး ကြီးမားလှပါတယ် ဘုရား'

ဟု ထိခြင်းငါးပါးဖြင့် ရှိခိုး၍ ကန်တော့လျှောက်ထား၍ ချက်ချင်းပင် ရန်ကုန်သို့ ပြန်ကြွသွားလေသည်။

ရွှေလ ဆက်ဖော်ပါရှုန်

စိတ္တနိဗ္ဗော



www.burmeseclassic.com

www.burmeseclassic.com

ဘယ်

# [illegible]

အဖြေရှိခဲ့ရပါသည်




* ငွေများစွာ ရခြင်း...
တို့ကို ဖြစ်စေပါတယ်။

○ကြာသပတေး ဖြူပတ်ရုံတွင် မျဉ်းမတ်တစ်ကြောင်း ထင်ရှား ပါတယ်။ (ခ)

ဒါကတော့...

* ရည်မှန်းချက်တိုင်း ပြီးမြောက်ခြင်း။
* ဂုဏ်သိက္ခာ ကာအဆင့်အနေ တိုး တက် မြင့်မားစေခြင်း။
* အလိုဆန္ဒ ပြည့်ဝစေနိုင်ခြင်း...

ကို ဖြစ်စေပါတယ်။

ကဲ...ဒါဆိုရင်တော့...

'အလှူတစ်ခုကို ကြီးကြီးမားမား ပြုနိုင်မှာ' လို့ အဖြေပေးလိုက်ရပါပြီ။

'အလှူတစ်ခုဖို့ ငွေအလုံအလောက် ရနိုင်မလား'

[illegible]သည့် လက္ခဏာရှင်ရဲ့ အမေးကို [illegible] အဖြေပေးလိုက်ပါတယ်။ [illegible]

[illegible]ကြောင်းအကောင်းတဲ့ လက် [illegible] စနေဖြူပတ်ရုံတွင် [illegible]ရှင်ရှားမြင့် အစ်ဝင် အမွှာန် တွေ့ရပါတယ်။ ကံအစ် ဝင်လို့လဲ ခေါ်ပါတယ်။ (က)

ဒါကတော့...

* ဘားအာနိုင်ရာဝုန်များ အောင်မြင် ခြင်း။
* အလှူကြီး အတန်းကြီး ပေးလှူခြင်း။
* ကံကောင်းခြင်း။
* ထီပေါက်ခြင်း။

ထင်စီအသ • အသလာရှင်ရွှေပါဝေး

**ဆရာဦးခင်မောင်ထင်း**
*(B.Sc. ရှေ့ဝိ)*
(လက္ခဏာဗေဒပညာရှင်)



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နွ၊ သမားတော်ကြီး ဦးမွှယ်၊ မြန်မာ့ရိုးရာဆေးတော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မှုရင်းဆေးစွမ်းကောင်း တို့ကို သမားတော်ကြီး ဦးမွှယ် ၏မြေး သမားတော် ဦးတင့်လွင်(ငြိမ်း/ ဒိုင်ကြီး) ဖန်ဆင်းကျွင်းသိန္ဓိသဘာဝ (သမားဆို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာဆေးစွမ်း ကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း၊ အကြားမဝိုတဲ့

# သမားအိုဆေးတိုက်

မှုထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အခြေကျော်လေဆေးလျက်ဆား



### ဦးမိန်စောင်း၏

**သမားအို အမှတ်တံဆိပ် ငှက်ဖျားရောဂါသောက်ဆေး ဈေး ၇၀၀ ကျပ်**

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးမြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိ နာစေခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

### ဒေါ်ခင်ခင်ချွေး၏

**သမားအို အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ဈေး ၇၀၀ ကျပ်**

လူမှာအကျင့် ဝမ်းမှာအရှင့် ဆိုသလို မသင့်သော အစားအစာများ ကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အမင်ဆေးပျက်ခံသော် လည်း၊ အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ၊ တာရှည်ရာမှ ပါဝကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ လေတိုးလေအောင့် ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ် ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်း စေပါသည်။

### ဒေါ်နှင်းနှင်းကြည်၏

**သမားအို အမှတ်တံဆိပ် ယားနာသောက်ဆေး ဈေး ၇၀၀ ကျပ်**

ပိုးမွှားတို့ရှောက်အချိုမှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့် လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေစွာ အမျိုးမျိုးဖြစ်ခဲ့မှုမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ မှုစ်မှုလောင်ယားယံပြီး အဖုအပိန့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း၊ အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

### ဒေါ်စောစောဆွေ၏

**သမားအို အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ဈေး ၁၂၇၀၀ ကျပ်**

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်း ယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုသက်ဖြစ်နေခြင်း၊ တချို့မြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာ လျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ် ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး၊ ရောဂါများ သက်သာ လာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့် မည်။ ဤဆေးသည် အသံကို အလွန်ကြည်လင်စေသဖြင့် အဆို တော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေး ဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထား ရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

### ဦးအေးဝင်း၏

**သမားအို အမှတ်တံဆိပ် အခြေကျော်လေဆေးလျက်ဆား ဈေး ၇၀၀ ကျပ်**

လူမှာအကျင့် ဝမ်းမှာအရှင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မှုဝေအောအန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှော ဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနှုံရာမှ တစ်လေးပါး ပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါ သည်။ အထက်ပါ အစားမှား အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ် ပေါက်ခြင်း၊ အစာမှာ၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြား ဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

ဆေးဆိုးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးအေးမောင် (တ၁၀-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၈၄၄၁၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။

**သမားအိုဆေးတိုက်**

အမှတ်(၄၇) (၁၁၈)လမ်း ပါတော်ရေအေး ပါတော်တောင်ရပ်ကွက် ရန်ကုန် ဖုန်း ၂၉၀၆၁၀ အပြင် မြန်မာ့ဆေးဆိုင်များတွင် ရနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်း ရှင်ဖြူရှင်လှဘုရားသို့ ဘုရားဖူး သာသနာပြုမည့်

# ဘုရားဖူး
# မြွေဟောင်နှင့်မဟိုဂါ

ဂျီမောင်ကြော် (စစ်ကိုင်း)

မြစ်ရပ်ဆန်း

မြွေကြီးတစ်ကောင်သည် ရေဝတီမြစ်ထဲမှတက်လာကာ စစ်ကိုင်းတောင်ရိုးပေါ်တွင် တည်ရှိသော "ရှင်ဖြူရှင်လှ"ဘုရားသို့ ဦးတည်လျက် တရွေ့ရွေ့ သွားနေလေသည်။

ရှင်ဖြူရှင်လှရွာအနီးသို့ ရောက်သောအခါတွင် လူနေအိမ်တို့၏အနီးမှ ရှောင်ကွေ့ ဖြတ်သွားရမည်ဖြစ်၍...

မြွေကြီးသည် တစ်ချက် တုံ့ရပ်လျက် အမိုးအကာကိုကြည့်ကာ အတတ်နိုင်ဆုံး အသံကို မထွက်စေဘဲ တရွေ့ရွေ့ ရွာကို ဖြတ်ကျော်နေလေသည်။

သို့သော် ကံကြမ္မာက မျက်နှာသာ ပေးခဲ့။ တံငါလုပ်နေသောသူ တစ်ယောက်က သူ့အား လှမ်း၍ မြင်လိုက်ချေပြီ။

သို့နှင့် လျှင်မြန်သောအဟုန်ဖြင့် ဝင်ရာ တောင်စောင်းလှိုဏ်ထဲသို့ ဝင်ရောက်ကာ ပုန်းအောင်း နေလိုက်တော့၏။

တံငါသည် မောင်တင့်(အမည်လွှဲ) ဖြစ်၏။ သူသည် ရှင်ဖြူရှင်လှ ရွာသား မဟုတ်သော်လည်း ရွာအပြင် ကမ်းနားတွင် တဲထိုးလျက် နေထိုင်ကာ တံငါလုပ်နေသူ ဖြစ်လေသည်။

မောင်တင့်သည် မြင်လိုက်ရသော မြွေကြီးနောက်သို့ ပြေးလိုက်သွားကာ ကြည့်ပါသော်လည်း တောင်စောင်းလှိုဏ်ထဲ ရောက်သည့်တော့ မလိုက်ရဲတော့။ လှိုဏ်ထဲ ကိုသာ ငေးကြည့်ကာ ပြန်လာလေသည်။

မြွေကြီးကလည်း သူ့အား လူသူ မြင်သွားသဖြင့် ရှင်ဖြူရှင်လှ ဘုရားသို့ ဆက်မသွားသေးဘဲ နှစ်ရက် ကြာအောင် ပုန်းအောင်းနေရှာလေသည်။

တံငါသည်ဘဝတွင်နေ၍ ကိုတင့်သည် ဗိုက် ဆာ မွဲတေခြင်း စဉ်းစားနေသည်။





မြွေဟောင်နှမအား လက်ခံထိန်းသိမ်းထားရှိသောသမိုင်းဝင် ရှင်ဖြူရှင်လှဘုရား

စပါးကြီးသည်းခြေက ဈေးကောင်း ကောင်းရသည်ဟု သူသိထား၏။

ထိုမြွေကြီးအား ရလိုက်လျှင် ဟူသောအတွေးဖြင့် မကြာမကြာ တောင်စောင်းလှိုဏ်နားသို့ သွားရောက် ကြည့်မိ၏။

မြွေကြီးကား ပုန်းအောင်းနေသည်မှာ နှစ်ရက်ကျော်ကြာပြီဖြစ်၍ သူ့အား မြင်သူ မေ့လျော့လောက်ပြီဟု ခန့်မှန်း လျက် လှိုဏ်ထဲမှထွက်ကာ ရှင်ဖြူရှင်လှ ဘုရားဆီသို့ ဦးတည်၍ ခရီးစတင်လေ၏။

ထိုစဉ် ဖွဲကောင်းကောင်းနှင့် ချောင်း မြောင်းနေသော တံငါသည်မောင်တင့် သည် ဓားမိုးတစ်ချက်ကို ကိုင်ဆောင် လျက် လျှင်မြန်သောအဟုန်ဖြင့် သူ့ အနားသို့ ရောက်ရှိလာခဲ့လေတော့၏။

သူ၏ ရည်ရွယ်ချက်တို့ "ဒီနေရာ မှာပင် အဆုံးသတ်တော့မည်"ဟု စဉ်းစားနေဆဲတွင် သူ၏ ခေါင်းပေါ်သို့ မိုးဖြင့် ထိုးစိုက်ခြင်းကို ခံလိုက်ရပေ တော့သည်။

ခန္ဓာကိုယ် အိုးစားကွဲသွားသော် လည်း သူ၏စိတ်ကား အရာအားလုံး ကို သိမြင်နေပေသည်။

သို့နှင့် ထိတ်လန့်သောစိတ်ဖြင့် သို့



www.burmeseclassic.com

www.burmeseclassic.com

နေရာမှ ထွက်ခွာခဲ့ကာ ကျောက်တော ရေကားရွာဘက်သို့ ရောက်သွားလျှင် အရိုးသင်းတစ်ဦးတွင် ဝင်ကပ်ပြီး သူ၏ ဖြစ်စဉ်တို့အား ပြောပြသောအခါ မယုံ သူက မယုံ၊ ယုံသူက ယုံ ဖြစ်နေကြ လေ၏။

ယုံသောသူတို့အား သူ၏ ဖြစ် ကြောင်းကုန်စင်တို့ကို ရှင်ဖြူရှင်လှ ဆရာတော်ကြီးအား လျှောက်ထားနိုင်း လေတော့သည်။

ဆရာတော်အား လျှောက်ထားကြ သဖြင့် ဆရာတော်သည် အကြောင်းစုံ သိသောအခါ ရှင်ဖြူရှင်လှရွာသားများ ကို ခေါ်စေ၍...

'အကာတို့...ဒီ ရှင်ဖြူရှင်လှဘုရားကို လာ ရောက်ဖူးမြော်ပြီး အလုပ်အကျွေးပြုဖို့ အတွက် ရောက်လာတဲ့မြွေကြီးကို တံငါတဲမှာ နေတဲ့ တံငါသည်တစ်ယောက်က သတ်ဖြတ် လိုက်ပေတယ်။

သေသွားရှာတဲ့ မြွေကြီးဟာ သူ့ရဲ့ရည်ရွယ် ချက်ကို ပျက်စေတဲ့ အဲဒီသူကို မကျေမနပ် ဖြစ်နေပါတယ်။ ဘုန်းဘုန်းက သည်းခံဖို့ တောင်းပန်ပေးရဦးမယ်။ နို့ပြီး ဒီနှစ်တစ်ပိုက် ဒုက္ခတွေ့နိုင်တယ်။

မိန့်ကြားလျှင် ဒကာတို့ မယုံကြည် နိုင် ဖြစ်နေကြလေ၏။

'အကာတို့ မယုံလျှင် တံငါတဲကို သွားကြည့် ကြ။ သူ့ရဲ့ခုတင်အောက်မှာ အိတ်ထဲထည့် ထားတဲ့ မြွေကြီးကို တွေ့ရလိမ့်မယ်။ ဒါကို ဆောင်ယူခဲ့ သယ်လာခဲ့ကြ'

ဟု မိန့်လျှင် သွားရောက်ကြည့်ကြ သောအခါတွင် တကယ်ပင် တွေ့ရှိကြ ၍ ရွာသားတို့သည် ထိတ်လန့်တုန်လှုပ် သော စိတ်တို့ဖြင့် ထိုမြွေကြီးအား ဆရာတော်အထံသို့ ယူဆောင်လာခဲ့ ကြလေတော့၏။

ထိုအခါ ဆရာတော်မှ...

'အေး...သေချာတွေ့ ကျွတ်ကြပေ။



◆ ခက်ခဲစွာလက်မှုပ်များဖြင့် ထမ်းပိုးရောက်ရှိလာသော အစ်ကိုတော်အား လေးစားစွာပြုစု ဆောင့်ကြောင့်ထိုင်နေသော

ဒီ အကာမမြွေကြီးဟာ ရှင်ဖြူရှင်လှဘုရားကို ပြုပြင်ဆောင်ရွက်ဖို့အတွက် ရောက်လာတဲ့ သာသနာပြုမြွေကြီး ဖြစ်ပေတယ်။

ရည်ရွယ်ချက်ပျက်ရလို့ သူ့အား သတ်သူကို အတုံ့အလှည့် ကလဲ့စားချေချင်နေပေတယ် အကာတို့...

ဒါကြောင့် အကာမမြွေကြီး ရှင်ဖြူရှင်လှဘုရား ကို ပြုပြင်မှုမော်လိုတဲ့ ဆန္ဒပြည့်ဝအောင် အကာမကြီးကိုယ်စားအဖြစ် အဲဒီ အကာနှင့် တကွ ရွာသူရွာသားတွေကို လုပ်အားနဲ့ ဖြည့်ဆည်းနိုင်ပါ့မယ်လို့ ဘုန်းဘုန်း ကတိ ပေးခဲ့တယ်။

ဒီတော့ အကာတို့အနေနဲ့ သာသနာပြုချင် ရှာတဲ့ မြွေကြီးရဲ့ဆန္ဒကို ဖြည့်ဆည်းပေးကြ ပါလို့ ဘုန်းဘုန်းက မေတ္တာရပ်ခံပါတယ်'

ဟု မိန့်လျှင် ရွာသူရွာသားတို့သည် ပြုလုပ်ကြပါမည့်အကြောင်းကို ညီညာ စွာ အာမခံချက်ကြလေသည်။

'နောက်ပြီး လုပ်စရာတွေ ကျန်သေးတယ် အကာတို့ ဒီမြွေကြီးကို မီးသင်္ဂြိုဟ်ပေးရလိမ့် မယ်ထင်ရဲ့...



◆ သေဆုံးသွားသော မြွေကြီးအား မှန်ဘောင်သွင်း တွေ့မြင်ရသော

သို့သော်ငြား ဒီအတိုင်း ထားလိုက်ကြမည်။ သူ့ရဲ့အစ်ကိုတော် မြွေကြီးတစ်ကောင် သူ့ နောက်လိုက်လာနေတယ်တဲ့...

အစ်ကိုတော်မှာလဲ အထိရာတွေရနေတဲ့ အတွက်ကြောင့် နောက်ကျနေတယ်လို့ ဆို ပေတယ်။ သူရောက်လာမှ ကြည့် စီစဉ်ကြ တာပေါ့'

ဟု ဆရာတော်မှ မိန့်ကြားလေ၏ သုံးရက်ခန့် ကြာသောအခါ စစ်ကိုင်းမြို့သစ်ရပ်ကွက်တွင် နေထိုင် သော ကိုကျော်ဆိုသူသည် နောက် တစ်ယောက်နှင့် ဆရာတော်ထံသို့ ရောက်ရှိလာပြီးလျှင်...

'ဘုန်းတုန်းဘုရား... တပည့်တော် အိပ်မက် မြင်မက်လို့ လာရောက်လျှောက်ထားခြင်း ဒီက မြွေမကြီးရဲ့ အစ်ကိုတော်ဟာ ... ရွာထဲက မန်ကျည်းပင်ကြီးပေါ်ကို ရောက် နေပြီတဲ့ ဘုရား'

ဟု လျှောက်ထားလျှင် ထိုအ... နှင့် ရွာသားအချို့တို့ကိုခေါ်၍ မြွေ... ရှိရာသို့ ထွက်ခဲ့ကြလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





◆ မြွေကြီးအား သင်္ဂြိုဟ်ပြီးနောက် လာရောက်ကြည့်ရှုသူ
အချို့သမီးအား ပူဇော်စဉ်
ဆရာတော်မှ ဖယောင်းပြုစဉ်

◆ မြွေမောင်နှမအား လာရောက်ကြည့်ရှုသော
အထွေထွေနည်းများမှ ပရိသတ်များ

မန်ကျည်းပင်ကြီးသို့ ရောက်လျှင် အပင်ပေါ်မှ မြွေကြီးအား မည်သို့ ချခေါ်ရမည်မသိ အခက်တွေ့နေခဲ့ချိန် နတ်ကတော်တစ်ဦး ရောက်ရှိလာသည်။

ထို့နောက် နတ်ကတော်မှပင် "ထိုသို့မှ အန္တရာယ်မပြုပါ။ အောက်သို့ ဆင်းလာခဲ့ပါ" ဟု ပြောဆိုသောအခါမှ မြွေကြီးသည် အပင်အောက်သို့ ဖြည်းညင်းစွာ လျောဆင်းလာလေ၏။

အောက်သို့ရောက်သောအခါ ရွာသားတစ်ဦးသည် အတင့်ရဲစွာဖြင့် မြွေကြီးအား ဝင်ရောက်ကိုင်တွယ်လိုက်ရာ မြွေကြီးသည် ထိုသူအား ဦးခေါင်းကိုင်တွယ်လျက် လျင်မြန်စွာ ရစ်ပတ်လိုက်လေတော့၏။

အနားတွင်ရှိသူတို့သည် အမှတ်တမဲ့ ကြည့်နေရာမှ ကြောက်ရွံ့စွာ အောက်သို့ ဆုတ်လိုက်ကြ၏။

ထိုအခါတွင် ရှင်ဖြူရှင်လှ ဆရာတော်ကြီးသည် တည်ငြိမ်စွာဖြင့် မြွေကြီး၏ အနီးသို့ ကြွရောက်၍...

'ဒကာတော်မြွေကြီး... သည်းခံပါ စိတ်လျှော့ပါ ဒကာတော်အား ယုယ၍ ရန်မပြုကြပါ ဘုန်းဘုန်းတာဝန်ယူပါတယ်။

ဒကာကြီးရဲ့နယ်ဘေးအတွက်လဲ အကောင်းဆုံးဖြစ်အောင် စီစဉ် လုပ်ကိုင်နေကြပါတယ်။

ဒကာတော်အနေနဲ့ ဘုရားမှာနေပြီး သာသနာပြုမယ်ဆိုတဲ့ ဆန္ဒရှိလျှင် အေးချမ်းစွာ လိုက်ခဲ့ပါ။ အခု ဒကာ ရစ်နှောင်ထားသူကိုလဲ ဘုန်းဘုန်းအလှူခံပါတယ်'

ဟု ညင်သာစွာ မိန့်ကြားလေလျှင် မြွေကြီးသည် ရစ်နှောင်ထားသူအား ဖြေလျှော့ပေးလျက် အနားတွင် ရပ်ထားသော ကားနောက်ခြံကို မေးတင်ထားလေတော့၏။

ထိုအခါမှ လူတို့သည် မြွေကြီးအား ကားပေါ်သို့ တင်ဆောင်ကြပြီး ဘုရားသို့ ခေါ်ခဲ့ကြလေသည်။

ဘုရားရောက်သောအခါ မြွေကြီး၏ ခါးတွင် ဒဏ်ရာရှိနေသဖြင့် ဆေးကုသ သန့်ရှင်းပေးပြီး အဝတ်ဖြင့် စည်းပေးရလေသည်။

ဤတွင် ကျွန်ုပ်ရေးသားသည်ကို အဆုံးသတ်လိုက်ပေသည်။

**နောက်ဆက်တွဲ အနေဖြင့်ကား...**

ရှင်ဖြူရှင်လှဆရာတော်ကြီး ဦးတေဇမှ သေဆုံးသွားသော မြွေမလေးအား မှန်ခေါင်းဖြင့် ကျနစွာ ထားရှိလေသည်။

အနယ်နယ်အရပ်ရပ်မှ အိပ်မက်ရ၍ လာရောက်ကြသော ပဌာန်းဆက်များမှ ရက်ခံသေးများနှင့် လိုအပ်သည်များကို လှူဒါန်းကြသဖြင့် မီးမသင်္ဂြိုဟ်တော့ဘဲ ဒီအတိုင်း ထားရှိတော့မည် သိရပေသည်။

(၁၇)ရက်၊ (၉)လ၊ ၂၀၁၅ခုနှစ်နေ့တွင် မြွေမလေးအတွက် ဆွမ်းသွပ်ကုသိုလ် ပြုကြလေသည်။

နောက်ထပ် ဝင်ပူး၍ ပြောပြသည်မှာ ထက်ဝိယအဆိပ်ကိုတစ်ကောင် ရှိပေသေးသည်။ ဤစစ်ကိုင်းတောင် ရှင်ဖြူရှင်လှဘုရားသို့ ဖူးမြော်လျက် သာသနာပြုကြရန် မောင်နှမ(၃)ကောင် ချိန်းဆို၍ လာရောက်ကြခြင်းဖြစ်သည်ဟု သိရပေသည်။

**ဂါမဏီဇော်(စစ်ကိုင်း)**



www.burmeseclassic.com

မှဲ့သျှတ္တရကား လွန်စွာ ကျယ်ဝန်းပါသည်။ မှဲ့နှင့်ပတ်သက်ပြီး အဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြသည့် ပညာရှင်များ သည်လည်း မရေနိုင်ခဲ့ပါ။

တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်းဆိုသည့်အတိုင်း အနက်အဓိပ္ပါယ် ဖွင့်ဆိုသူများ ရှိခဲ့ကြပါသည်။

ကထိန်ပြီးနောက် တစ်ရက်တွင်မူ စာရေးသူ နားနောင်ကျောင်းသို့ သွားဖြစ်ခဲ့ပါသည်။ ဆောင်းဦးအဝင်စမို့ သစ်ရိပ်ဝါးရိပ် ကျောင်းအရိပ်တို့မှာ လွန်စွာ ငြေနေပါသည်။

ရန်မျိုးအောင်စေတီ ဘုရားမွှာရုံသို့ မျှော်ကြည့်ရာ ဆရာတော်ဦးကလျာဏ တစ်ပါးတည်း သီတင်းသုံးနေသည်ကို တွေ့ရလိုက်ရပါသည်။

စာရေးသူ ကျောင်းပေါ်သို့ မတက်ဘဲ မွှာရုံသို့သာ သွားလိုက်ပါသည်။ ဆရာတော်အား ထိကြီးငါညီနှင့်အညီ ရှိခိုး အပြင် သင့်ရာနေရာတွင် ထိုင်နေလိုက်ပါသည်။

ဆရာတော်သည် ကျောင်းသား တစ်ဦးခေါ်ပြီး စာရေးသူအတွက် မုန့်နှင့် ရေနွေးဇမ်း၊ တစ်ဇမ်း လာချရန် ပြောလိုက်ရာ သိပ်မကြာ၊ ရွာလုပ်သည့် မုန့်ပက်ထုပ်နှင့် ရေနွေးကြမ်းလာချပေးပါသည်။

'စားဦး ဒကာ'

သည်တစ်ကြိမ်တွင် ဖေဒင်ဘက် မသွေးနွေးလိုဘဲ မှဲ့ရှာပုံတော်ဘက် ဦးတည်ပြီး မေးကြည့်ရာ ဆရာတော်က စာရေးသူအား ရှင်းပြပြောဆိုပါသည်။

'မှဲ့မှာ အရောင်အသွေးအားဖြင့် (၆) မျိုးလောက်ရှိတယ်။ မှဲ့ဖြူ၊ မှဲ့နီ၊ မှဲ့နက်၊ မှဲ့ညို၊ မှဲ့ဝါ၊ မှဲ့စိမ်း ဆိုပြီး ခွဲခြမ်းစိတ်ဖြာထားတယ်'

'တင်ပါ့ဘုရား'



# မှဲ့ရှာပုံတော်က နှင့်

တွင်းဆက်များ

ဇော်ဝေမိုး
(အင်းတော်)



'မှဲ့ဖြူသဘောကတော့ အလယ်အလတ်သဘောပဲ ရှိတယ်။ အားကြီးကောင်းအားမရှိသလို ဆိုးအားအများကြီးလဲ မဟုတ်ဘူး။

မှဲ့နီကတော့ ကောင်းကျိုးအပေးဆုံးမှဲ့ပဲ၊ ဆိုးကျိုးကတော့ မဆိုသလောက်ပဲ...

မှဲ့နက်က ကောင်းကျိုးထင် မကောင်းကျိုးက များတယ်။

မှဲ့ညိုရှိတဲ့သူက အကြင်နာရှိသူ၊ သနားတတ်သူ၊ သစ္စာရှိသူ၊ သမာဓိရှိသူပဲ....

မှဲ့ဝါကတော့ စိတ်ကူးယဉ်သမား၊ အနုပညာသမားတွေမှာ တွေ့တတ်တယ်။

မှဲ့စိမ်းကတော့ မှဲ့အားလုံးထဲမှာ အမြတ်ဆုံး ပုဂ္ဂိုလ်ထူးတွေ၊ ပါရမီထူးတွေမှာ တွေ့ရတတ်တယ်။ ကောင်းကျိုး ချမ်းသာအပေးဆုံးပေါ့'

ဆရာတော် ရှင်းပြမှ စာရေးသူ ရှင်းရှင်းလင်းလင်း သိရပါသည်။ မှဲ့သည် လူ့ခန္ဓာကိုယ်မှာရှိသည့် နေရာအလိုက်သာ ကောင်းကျိုးဆိုးကျိုးကို သာမန်မျှသာ သိခဲ့ရပါသည်။

ယင်းကြောင့်လည်း ရှေးမြန်မာကြီးများ မှဲ့ကို ကြည့်ပြီး လူသားတွေ၏ စိတ်ပိုင်းဆိုင်ရာ စရိုက်လက္ခဏာများကို ဟောကြားကြသည်ကို တွေ့ရှမြင်ရခဲ့ပါသည်။ ဆရာတော်က ဆက်၍ ပြန်လည် ရှင်းပြပြန်ပါသည်။

'နောက်ထပ် မှဲ့သုံးမျိုး ခွဲခြားမှုရှိသေးတယ် မှဲ့ကြောက်၊ မှဲ့ဝိ၊ မှဲ့ရှင်ဆိုတာ ရှိသေးတယ်။

မှဲ့ကြောက်က ခန္ဓာကိုယ်မှာ ပေါ်လာရင် ရောဂါဝေဒနာတစ်ခုခု ဆုတ်ယုတ်နေခြင်းကို ပြတဲ့ လက္ခဏာပဲ။ အသားအရေ၏ အ ကို ဖျက်ဆီးတတ်တဲ့ အမျိုးအစားပါတယ်

မှဲ့ဝိကတော့ အသားအရေပေါ်မှာ ကြွတက်နေလေ့ရှိတဲ့ မှဲ့ပဲ... အဆင်းမှာလဲ စိုစိုပြည်ပြည်ရှိတယ်။ မှဲ့ရှင်ကတော့ အရောင်အသွေး အပြောင်းအလဲ ရှိတယ်။ စိမ်းစိုနေတတ်တယ်

ရွှေပြောင်းတဲ့အခါ အရွယ်အစား ချင်း တူနေတတ်တယ်။ လူကောင်း လူတော်တွေမှာ ပါတတ်သလို လူဆိုးလူမိုက်တွေမှာလဲ ပါတတ်တယ်

သီဒ္ဓိပေါက်မြောက်တဲ့ သူတွေမှာ ရှိတတ်တယ်။ ကောင်းကျိုးပေး လွန်စွာ ထူးကဲသလို မကောင်းကျိုး ပေးရာမှာလဲ ထူးကဲမှုရှိတယ်။

အမျိုးသားနဲ့ အမျိုးသမီးမှာ အကြမ်းအားဖြင့်တော့ လက်ယာ မှဲ့ရှိသူဟာ အမျိုးသားဖြစ်ရင် ကော ပြီး အမျိုးသမီးဆိုရင် လက်ဝဲဘက် ကောင်းတယ်လို့လဲ ပြောကြတယ်

အမျိုးသားမှာ လက်ဝဲဘက် ပိုများရင် သားယောက်ျားကလေး ပို၍ မွေးတတ်တဲ့... လက်ယာ က များရင်တော့ မိန်းကလေး ပို



www.burmeseclassic.com

www.burmeseclassic.com

# [illegible]



သံဃိကတော်

(၃-၁၀-၂၀၁၅)နေ့က ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလထုတ် နှလုံးလှရောင်ခြည် မဂ္ဂဇင်းကို ကြိုတင်ရထား၍ အလုပ်နားရက်ဖြစ်တာနှင့် မိမိ ကြည့်လိုသော ဆောင်းပါး တော်တော်များများကို လှန်လှောဖတ်ကြည့်မိ၏။

စာမျက်နှာ(၂၈၈)တွင် "နေအိမ်၌ မရှိအပ်သောပစ္စည်း" ဟူသော ခေါင်းစီးဖြင့် ရေးသားထားသည့် ဆောင်းပါးကိုလည်း စိတ်ဝင်တစား ဖတ်ရှုမိ၏။ ထိုဆောင်းပါးတွင် ကျောက်ထရံ ဆရာတော်ကြီး ဦးကောဝိဒမှက...

'လူအများနေထိုင်ကြရာ အိမ်ခြံမြေအတွင်းမှာ သံဃာတော်များပိုင်ဆိုင်သော (သံဃိက) ပစ္စည်းများကို အသုံးမပြုအပ်သလို ရှိလဲမရှိအပ်ပါဘူး'

ဟု ဆုံးမမိန့်ကြားကြောင်း ပါရှိ၏။ ဆရာတော်ကြီးက...

'မင်းတို့ မှတ်ထားကြ (သံဃိက)ပစ္စည်းဆိုတာ လူပုဂ္ဂိုလ်များနဲ့ လုံးဝ မအပ်စပ်သော ပစ္စည်းဖြစ်တယ်၊ သံဃိကပစ္စည်းကို သံဃာတော်များကိုယ်တိုင် လွယ်လွယ်ကူကူ သုံးစွဲဖို့ ခက်ခဲတယ်၊ သံဃပစ္စည်း အဆိပ်သီးလို့ မှတ်ထား'

ဟုလည်း အမိန့်ရှိကြောင်း ထိုဆောင်းပါးမှာ ပါရှိ၏။ ထိုဆရာတော် မိန့်ကြားသည့် စကားတို့သည် အမှန်ဖြစ်ပါ၏။ သို့သော် သံဃိကပစ္စည်း အကြောင်းကို သိသင့်ပါသည်။

**သံဃိကပစ္စည်း ဆိုသည်မှာ...**

သံဃိကပစ္စည်း ဆိုသည်မှာ အလှူရှင် ဒကာ၊ ဒကာမများက ...

'ဤဆက်ကပ်ကို သံဃာတော်များအား လှူပါ၏၊ ဤကျောင်းကို သံဃာတော်များအား လှူပါ၏'

အစရှိသဖြင့် ဆို၍ လှူဒါန်းထားသော ပစ္စည်းများသည် သံဃိကပစ္စည်း ဖြစ်ပါသည်။

တက္ကသိုလ် အောင်မြေ
(မရမ်းကုန်း၊ ရန်ကုန်)

## မလှူဘဲ သံဃိကဖြစ်သွားသောပစ္စည်း

- ကျောင်းတိုက်တစ်တိုက်မှ ဆရာတော် (သို့မဟုတ်) ရဟန်းတော်တစ်ပါးသည် မိမိပုဂ္ဂလိကပိုင် ပစ္စည်းများကို ဘယ်ပုဂ္ဂိုလ်အားမျှ မပေးခဲ့ဘဲ ပျံတော်မူသွားပါက ထိုပျံတော်မူသော ဆရာတော်၏ ကျန်ရှိပစ္စည်းများသည် 'ထိုကျောင်းတိုက်အတွင်းရှိ သံဃာအားလုံးနှင့် ဆက်ဆိုင်သော သံဃိကပစ္စည်း' ဖြစ်သွားပါသည်။

ကျောင်းတိုက်ကြီးသည် ကျောင်းဆောင် အဆောက်အအုံတွေကလည်း အများကြီး၊ ရဟန်းတွေကလည်း အများကြီးရှိရာ သံဃိကပစ္စည်းက နည်းနည်းပါးပါး ဆိုပါက ထိုပျံတော်မူသွားသည့် ဆရာတော် (သို့မဟုတ်) ရဟန်းတော် ကျောင်းမှ သံဃာတော်များအား ခွဲဝေခွင့်ပြုရန် တစ်တိုက်လုံးရှိ သံဃာတော်များအား ပန်ကြား၍ ခွဲဝေရပါသည်။

ထို သံဃိကဖြစ်သွားသော ပစ္စည်းများသည်လည်း...

၁။ အလေဝါဟီကပစ္စည်း - မခွဲအပ်သောပစ္စည်း
၂။ ဝေဘင်္ဂပစ္စည်း - ခွဲဝေကောင်းသော ပစ္စည်း

ဟု (၂)မျိုး ရှိပါသေးသည်။

သံဃိကပစ္စည်း အကြောင်းကလည်း ရှည်လျားဝေဖြာသဖြင့် ဒီမျှလောက် မှတ်ထားကြပါဦး။

နေအိမ်၌ မရှိအပ်သော ပစ္စည်းမှာ သံဃိကပစ္စည်း မှန်သော်လည်း သံဃာအများသုံးရန် သိမ်သမုတ်ရာ၌ မြေအတွင်း စိုက်သွင်းထားသော သိမ်ပန္နက်တိုင်များသည် သံဃိကပစ္စည်း ဟုတ်မဟုတ် စိစစ်ရန် လိုအပ်ပါသည်။

အဆိုပါ ဆောင်းပါး၌ သိမ်ပန္နက်တိုင်သည် သံဃိကပစ္စည်း သဘောသက်ရောက်လို့ အိမ်အတွင်းမှာ ဆောင်မထားကောင်း၊ မထားကောင်းသည့် သိမ်ပန္နက်တိုင်ကို ထားမိ၍ ကိုစံလှဦးတို့မိသားစု စီးပွားရေးကျဆင်းခြင်း၊ မိသားစုအချင်းချင်း အမှားမြင်ခြင်း၊ အတိုက်အခံပြုခြင်းများ ကြုံရကြောင်း တစ်ယောက်ပြီးတစ်ယောက် ကျန်းမာရေးမကောင်းခြင်း စသည်များနှင့် ကြုံတွေ့ရပုံတို့ကို ရေးသားထားပါသည်။

အမှန်မှာ သိမ်ပန္နက်တိုင်သည် သံဃာတော်များအား လှူဒါန်းထားသည့် ပစ္စည်း မဟုတ်သဖြင့် သံဃိကပစ္စည်း မဟုတ်ပါ။

သိမ် သမုတ်တော့မည်ဆိုလျှင် သိမ်သမုတ်မည့်နေရာ၌ ရှေးဟောင်းများ ရှိခဲ့လျှင် ထိုသိမ်

www.burmeseclassic.com

ပျက်စေရန် နုတ်ရ ကမ္ဗည်းစာဖြင့် ပယ်ဖျက်ရပါသည်။

ထိုသိမ်နုတ်ရာ၌ နုတ်ပြီးသည့်နေရာ၊ မနုတ်သေးသည့်နေရာ မှတ်မိစေရန် အလျား(၄)တောင်၊ အနံ(၂)တောင်ရှိသော ညောင်စောင်းကွက်များ ရေးဆွဲရပါသည်။

ရေးဆွဲထားသည့် အကွက်များ မပျက်စေရန် အုန်းဆံကြိုးများဖြင့် ပန္နက်တိုင်ကို ရစ်ပတ်ကာ မြေထဲသို့ ရိုက်သွင်းရပါသည်။ (သို့မဟုတ်) ချည်ကြိုးများဖြင့် ရစ်ပတ်ကာ ရိုက်သွင်းရပါသည်။

သိမ်ဆောက်မည့်နေရာ၊ အုတ်မြစ်ချမည့်နေရာ စသည်တို့၌လည်း ပန္နက်တိုင်များ ရိုက်ရပါသည်။

သိမ်ပန္နက် ရိုက်ထားသည့် နေရာတွင် သိမ်နုတ်သည့်အခါ၌ လည်းကောင်း၊ သိမ်သမုတ်သည့်အခါ၌ လည်းကောင်း မြတ်စွာဘုရား မိန့်မြွက်ထားသော ကမ္ဗည်းစာဖြင့် အကြိမ်ပေါင်းများစွာ နုတ်ရ သမုတ်ရပါသည်။

**ထို့ကြောင့် ဤသိမ်ပန္နက်တိုင်များ၌ ကမ္ဗည်းစာတန်ခိုးများ [illegible] ရှိသည်မှာ [illegible] သိမ်သမုတ်အပြီး [illegible]**

## ကြုံတွေ့ဖူးသော သိမ်ပန္နက်တိုင် ယူဆောင်သူများ

လွန်ခဲ့သော နှစ်(၂၀)ကျော် (၃၀)နီးပါးက မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်ကြီးတွင် သိမ်သမုတ်သည်ကို ကြုံဖူးပါသည်။ သိမ်သမုတ်တာထက် သိမ်နုတ်သည့်အချိန်က ပိုကြာပြီး ကမ္ဗည်းစာလည်း အခေါက်ပေါင်းများစွာ ဖတ်တော်မူကြပါသည်။

သိမ်နုတ်ရာ၌ နံနက်ပိုင်းတစ်ချိန် (၂)နာရီလောက်ကြာပြီး ညနေပိုင်းတစ်ချိန်မှာလည်း (၂)နာရီလောက်ကြာပါသည်။ နေရာညောင်စောင်းကွက်များကို နှစ်ခေါက် လှည့်လာ ပြန်၍ **[illegible]** များကြီးစွာ စေသော **နည်းများဖြင့်** ကမ္ဗည်းစာများကို အကြိမ်များစွာ ဖတ်တော်မူကြသည်ကို တွေ့ရပါသည်။ သမုတ်သည့်အခါမှကား တစ်နံနက်ခင်းမှာပဲ ပြီးသွားပါသည်။

သိမ်သမုတ်အပြီးမှာ သိမ်ပန္နက်တိုင်များ ဦးရော နုတ်ယူကြပါသည်။ ဤစာရေးသူလည်း သိမ်ပန္နက်တိုင်တစ်ချောင်းရရာ ရင်းနှီးသော မိတ်ဆွေတစ်ဦးက တောင်းသဖြင့် ပေးလိုက်ရပါသည်။

တိပိဋကနိကာယ ကျောင်းတော်အတွင်း သိမ်သမုတ်ရာမှာလည်း သိမ်ပန္နက်တိုင်(၂)ချောင်းရရာ (၁)ချောင်းကို မိမိအိမ်ဘုရားဆောင်မှာ ထားရှိပြီး (၁)ချောင်းကို ရင်းနှီးသည့် မိတ်ဆွေက တောင်း၍ ပေးလိုက်ရပါသည်။

တိပိဋကနိကာယ သာသနာ့ပြုအဖွဲ့ဝင် လူကြီးများလည်း ယူဆောင်သွားကြသည်။ ရည်ရွယ်ချက်မှာ အန္တရာယ်ကင်းစင်ဖို့ရန် ဖြစ်ပါသည်။

ဤစာရေးသူသည် လည်းကောင်း၊ စာရေးသူ ပေးလိုက်သည့် ပန္နက်တိုင်များကို ယူဆောင်သွားသူများသည် လည်းကောင်း မည်သည့်အန္တရာယ်မျှ မရှိကြောင်း သိရှိရပါသည်။

**ထို့ကြောင့် သိမ်ပန္နက်တိုင်သည် [illegible] သည့် ပစ္စည်းမဟုတ် ကြောင်း တင်ပြအပ်ပါသည်။**

**တက္ကသိုလ် [illegible]**
**(မရမ်းကုန်း၊ ရန်ကုန်)**

**စာမျက်နှာ (၃၆)မှ အဆက်**

စာမျက်နှာ (၃၆)မှ အဆက်

တယ်'

ဆရာတော်သည် စာရေးသူအား ရှင်းပြလိုက်ရသဖြင့် [illegible] ရှိသည်။

ရေနွေးတစ်ခွက် သောက်လိုက်ပြီး [illegible] နည်းဖြင့် ပညာတစ်ရပ် [illegible] စာရေးသူအား [illegible] ရလိုက်ပါသည်။

'[illegible] (၇)နှင့်စား [illegible]

[illegible]

တစ်ခုကြွင်းရင် [illegible] မှာ မှဲ့ရှိမယ်၊

နှစ်ခုကြွင်းရင် [illegible] မှာ မှဲ့ရှိမယ်၊

သုံးခုကြွင်းရင် [illegible] မှာ မှဲ့ရှိတယ်၊

လေးခုကြွင်းရင် [illegible] မှာ မှဲ့ရှိမယ်၊

ငါးခုကြွင်းရင် ပါးမှာ မှဲ့ရှိတယ်၊

ခြောက်ခုကြွင်းရင် [illegible]

ခုနစ်ခုကြွင်းရင် ကျောပြင်မှာ မှဲ့ရှိမယ်တဲ့...

ဤအတိုင်း မှဲ့ရှိနေရင် [illegible] ကြီးပွားမယ်လို့ မှဲ့ပညာရှင်တွေက ပြောတယ်။ [illegible] ဆရာတော်ထံက ရခဲ့သော မှဲ့အကြောင်း ပြောရင်တော့ [illegible] ဘဲ'

စာရေးသူ [illegible] ဆရာတော်က ပြုံးပြီး [illegible] နောင်တစ်ကြိမ် [illegible] ဖြစ်ပါသည်။

[illegible]

**မောင်ဗဟိန်း(အင်းတော်)**

www.burmeseclassic.com

ကြော်ငြာဓာတ်ဆောင်းပါး

သိုး ဝမ်း လေဖုန့်၍ ရှုထိမ်းကြည် အကြောပြေပြီး အဝှအဝှဝ် ထင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည်
# အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ခင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံ နေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦး ကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား။ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်း ပြီးစာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး ရေးအခု စာရေးဆရာကြီးကို အကူအညီ တောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ။ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ် အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိ တာတို့ အလုပ်ထဲကို အာရုံစူးစိုက်တာတို့ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာ တို့ဆိုရင် မျက်ခုံး မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည် တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောတိုးလာတယ်။ အမြဲ တမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာ တောင်းတာ'

'ညွှသည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကို။ တော်ပီလေး သုံးဆောင်ပါဦး'

'ကြွေးမှုပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီး မောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေ သူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ် နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့ တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထ လေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နှင်းနှိပ်ပေး ရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ ကျန်း မာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ ကိုယ်ရေစိတ်ကြား ခန္ဓာကိုယ် သွယ်လျပြီး ဖနီးဖောင်နဲ့ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြော ပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးပါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြော ထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်ပေါ်လာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးဖောင်နဲ့ဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး၊ အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြော ပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့၊ ခေါင်းကိုက်ခြင်း၊ မျက်ခုံး၊ မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်၊ သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူနီး အပုပ်နီးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပူဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း၊ အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး၊ ဝမ်း၊ လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် တရုံး ယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး လူမှုရေး စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

ပင်ရင်း-ဖြန့်ချိရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သုဓမ္မာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၁-၆၉၁၀၁၁၁ ၇၂၂၂၂၄၁



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်း(၁၂၀)ကျော် သက်တမ်းရှိ

# ရွှေရန်ပြေညီသဒေါ်စေတီ

နှင့် ရွှေရန်ပြေအတုမရှိကျောင်းတို့ အလည်တစ်ခေါက် ဘုရားဖူးရောက်ခဲ့စဉ် (၁)

[ ၁ ]

## တည်နေရာမှာ တီလောပါ

စာရေးသူတို့ရဲ့ ရှမ်းပြည်နယ် တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်ထဲက "ရွှေရန်ပြေညီသဒေါ်စေတီ"နဲ့"ရွှေရန်ပြေအတုမရှိ ကျောင်းတော်ကြီး" အကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ချစ်သူများကို တင်ပြလိုပါတယ်။

ရွှေညောင်နဲ့ ညောင်ရွှေတောင်ဘက် လမ်းခွဲက (၆)မိုင်ခန့်အကွာ ညောင်ရွှေမြို့ မြောက်ဘက်မှဆို တစ်မိုင်ခွဲခန့်အကွာမှာ တည်ရှိပါတယ်။ တီလောကျေးရွာအုပ်စု တီလောကျေးရွာအနီးမှာပါ။

တီလောဆိုတဲ့ ရွာလေးမှာ ရှမ်း၊ အင်း၊ ဗမာ၊ ပအိုဝ်း စတဲ့ တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်စွာနဲ့ နေထိုင်ကြပါတယ်။

တီလောဆိုတာ ရှမ်းတိုင်းရင်းသားဘာသာစကား တစ်ခုဖြစ်ပြီး တီ- အဓိပ္ပာယ်၊ လော-လှည်း၊ စာရေးသူတို့မြန်မာစကားဖြင့် လှည်းတန်းရွာ ဒါမှမဟုတ်ဆိုရင် လှည်းစခန်းရွာလို့ အဓိပ္ပာယ်ရပါတယ်။

ဟိုးအရင် ခေတ်အဆက်ဆက် ဘိုးဘွားကြီးများလက်ထက် ရှမ်းတိုင်းရင်းသားများသာ အများဆုံးနေထိုင်ပြီး အခွန်ဘဏ္ဍာဆက်သ မင်းမှုထမ်းများ အများဆုံးနေထိုင်ခဲ့ကြောင်း သိရတယ်။



● ရွှေရန်ပြေဘုရား ညီသဒေါ်စေတီတော်

## အမည်ခေါ်သည် ရွှေရန်ပြေ

ရွှေရန်ပြေလို့ အမည်နာမ တင်ခဲ့ရတဲ့ ရွှေရန်ပြေရှင်းတမ်းကို လေ့လာကြည့်တော့ သိမ်၊ ကျောင်း၊ ဇရပ်ကို အစိုးပြုလို့ မူလအမည် "ရွာတော်" ပျောက်ပြီး ယခုကဲ့သို့ "ရွှေရန်ပြေရွာ"လို့ အမည်တွင်ခဲ့ခြင်း ဖြစ်ပါတယ်။

ညောင်ရွှေစော်ဘွားများ စိုးစံခဲ့ ကာလတုန်းက "ရွာတော်ရွာ၌

www.burmeseclassic.com





▲ အပြင်ဘက်မှ ရှုသည့် ဥဒ္ဒိဿစေတီ အဝေးမြင်ကွင်း

◀ ရွှေရန်ပြေကျောင်းတိုက် အရှေ့ဘက်အဝင် မုခ်ဦးကြီး

▼ တောင်ဘက်မုခ်ဦးကြီးအဝင် ရွှေရန်ပြေကျောင်းတိုက်



နေထိုင်သူတို့သည် သားသတ်၊ မုဆိုး၊ တံငါ၊ တိရစ္ဆာန်မွေးမြူခြင်းများ ပြုလုပ်၍ အသက်မွေးခြင်းကို မပြုလုပ်ရပါ" ဟု သစ္စာဆိုပြီး နေထိုင်ရတယ်လို့ သိရတယ်။ ဒါကြောင့် အခွန်ကင်းလွတ်ခွင့်ရသောရွာ၊ ဘေးမဲ့ပေးရာရွာလို့လဲ ဆိုကြတယ်။

ဒါကြောင့် အဲဒီခေတ်တုန်းက အချို့ ရာဇဝတ်သားများ ရွှေရန်ပြေရွာအတွင်း လာရောက် ခိုအောင်းနေထိုင်ခဲ့ပါက ဖမ်းယူခွင့် မရှိလို့ပင် အဆိုရှိခဲ့ပါတယ်။

အခုရွာတော်ခေါ် ယခု ရွှေရန်ပြေရွာတွင် နေထိုင်ကြသူ အများက သစ်ပင်ပန်းမန်စိုက်ပျိုးလို့ လယ်ယာလုပ်ငန်းတွေနဲ့ အဓိကအားထား အသက်မွေးဝမ်းကျောင်းပြုပြီး ရွှေရန်ပြေအတုမရှိကျောင်းကြီးရဲ့ ဝေယျာဝစ္စတွေကို ဆောင်ရွက်လို့ ကုသိုလ်ယူနေကြသူများပါ။

လက်ရှိမှာတော့ ရွာတော်လို့ လူသိနည်းလာပြီး ဘုရားကြီးကို အမှီပြုလို့ ရွှေရန်ပြေရွာလို့ အထင်ကရ ဖြစ်နေခြင်းပါပဲ။ အိမ်ခြေ(၁၀၀)ခန့်နဲ့ လူဦးရေ (၄၀၀)ခန့် နေထိုင်ပြီး တိုးတက်စည်ပင်ဝပြောနေတဲ့ ရွာကြီးတစ်ရွာဖြစ်လို့ နေပါပြီ။

ဒီနေရာမှာတော့ အပိုးဖြတ်မရနိုင်အောင် လက်ရာမြောက်စွာနဲ့ ထွင်းထုပုံဖော် တည်ဆောက်တော်မူခဲ့တဲ့ **ရွှေရန်ပြေဥဒ္ဒိဿစေတီ** သမိုင်းအကျဉ်းကို လေ့လာသိရှိ မှတ်သားရသမျှ ပြန်လည်လို့ ဝေငှလိုက်ပါတယ်။

စေတီလေးမျိုးဖြစ်တဲ့ ဓမ္မစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီနဲ့ ပရိဘောဂစေတီအနက်မှ ဥဒ္ဒိဿစေတီတစ်ဆူဖြစ်တဲ့ ရွှေရန်ပြေစေတီကို (၃၂)ဆက်မြောက် ညောင်ရွှေဟော်နန်းစံ စော်ဘွားကြီး **စနောင်စော်ထော် ဆာစောဒုံ** (၁၂၄၇–၁၂၅၉)မှ ကမကထပြု၍ နယ်သူနယ်သားအပေါင်းနဲ့ ရွာသူ ရွာသား(၇)ရက်သားသမီး အပေါင်း





www.burmeseclassic.com



◆ သမိုင်းဝင် ရှေးဟောင်းစေတီတော်ကြီး ဘုရားမြင်ကွင်း
အရှေ့ဘက်စောင်းတန်းမှ မြင်ရသည့်မြင်ကွင်း ◆



က တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပါတယ်။

ကောဇာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့ သီပေါမင်း ပါတော်မူပြီးနောက် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝ ရောက်သွားတဲ့အခါ ဘာသာ သာသနာ ကိုရှိညှိုးမှုန်းမဲ့အရေးကို နိုးနှိုင်တော်မူပြီး ညောင်ရွှေစော်ဘွားကြီး ဆာစောအုံနဲ့ စေတနာရှင်များက ၁၂၅၀ ပြည့်နှစ် တပေါင်းလဆန်း (၅)ရက်နေ့မှာ အခြင်လို့ အုတ်မြစ်ချ တည်ထားကိုး ကွယ်တော်မူကြောင်း သိရှိရပါတယ်။

စေတီတော်တည်ရာမှာ ပစ္စယံ ဆင့်ဆင့် ရှစ်မြောင့်၊ ကြေးကွဲ။ ခေါင်းလောင်း၊ ဟောင်းရုပ်၊ ငှက်ပျောဖူး၊ ထီး ဘုတ်မြတ်နား။ စိန်ဖူးတို့ကို သပ္ပါယ် လှပသိုဖွယ် ကောင်းအောင်ကို အချိုး အစားကျနစွာနဲ့ တည်ဆောက်ခဲ့တာကို တွေ့ရှိရသူတို့ ဖူးတွေ့ရမှာပါ။

ဖူးမြော်သူတို့ရဲ့ ပျံ့လွင့်နေတဲ့ စိတ် အတွေ့တွေကို ထိန်းချုပ်နိုင်ဖို့ အပြင်က ဝင်ရောက်လာတဲ့ အလင်းရောင်ကို မှောင်ဖျောင်းမှောင် ဖန်တီးထားတဲ့ ဘုရား အတွင်းက မှုန်ရီနေမှု ရသ တစ်မျိုးကို ရှေးပညာရှင်ကြီး များရဲ့ တီထွင်ဖန်တီးထားမှု လက်ရာမြောက် အနုပညာတစ်ရပ်ကို ကိုယ်တိုင်မျက်မြင် ဖူးတွေ့ရမှု ယုံနိုင်မှာ ဖြစ်ပါတယ်။

လိုဏ်ဂူတော်ကြီးရဲ့ မြေပြင်ကနေ အထက်ကိုနှုံးပြီး တက်သွားပုံ၊ ဘုရား ဆင်းတုတော်များအထက် နံရံဘေး ဘက် လွှမ်းခြုံထားပုံတွေကို တွေ့ရှိရပြီး အံ့မွယ်ထူးဆန်းကြည်ညိုဖွယ် စိတ်ထား တွေ ဖြစ်ပေါ်လာမယ်လို့ ဆိုထားပါ တယ်။

ရှေးဗိသုကာပညာရပ်တွေရဲ့ တစ်ခု နဲ့တစ်ခု ဆက်စပ်လို့ ညီညွတ်စွာ၊ အချိုးကျစွာ၊ ဟန်ပန်သွင်ပြင်အမူ အရာတို့ လှပစွာနဲ့ သဘာဝယုတ္တိကျ ခြင်း၊ အဆင်ပြေပြစ်ခြင်း သဘော တွေကြောင့် တပေါင်းတစည်းတည်း ညီညွတ်မှုရှိတဲ့ အနုပညာသဏ္ဌာန်တွေ ကတော့ ပုဂံခေတ်ပေါင်း မြန်မာ ဗိသုကာလက်ရာနဲ့ နှိုးနွှယ်မှုရှိကာ ကုန်းဘောင်ခေတ်နှောင်း ရတနာပုံ ခေတ်လက်ရာတွေလို့ သုတေသီပညာ ရှင်များက ခန့်မှန်းခဲ့ကြတယ်။

## ထူးခြားတည်ငြိမ် ဥဒ္ဒိဿစေတီ

စေတီတော်ကြီးရဲ့ ဉာဏ်တော် အမြင့်ကတော့ (၅၂)တောင်၊ ပေပေါင်း (၇၈)ပေနဲ့ ထီးတော်အပါအဝင်ဆို (၈၁)ပေခန့် ရှိတယ်။ စေတီတော်ကြီး တည်ဆောက်ထားပုံကတော့ အလယ် မှာစေတီတည်ထားပြီး စတုဒိသာ လေးမျက်နှာတော့ တံတိုင်းရှည်မှတ်၊ စတုရန်းကျကျ ဂူသဖွယ် ကာရံထား ရှိတာကို တွေ့ရမှာဖြစ်တယ်။

လိုဏ်ဂူကြီးရဲ့ အလျားအနံမှာ ပေပေါင်း(၁၂၀)ခန့် ရှိပါတယ်။ အရှေ့ မျက်နှာစာက လိုဏ်ဂူနံ့ကြီး ဖန်တီး ထားတာက တရေးသူတို့ ရှမ်းပြည် နယ်တစ်ခွင်ရှိတဲ့ မည်သည့် ဘုရား စေတီတွေနဲ့ မတူတာအမှန်ပါ။ ရှိသမျှ လေးမျက်နှာလိုဏ်ဂူတို့အနက် အမြင့် ဆုံးနဲ့ အကျယ်ပြန့်ဆုံး လိုဏ်ဂူတော် ကြီးဖြစ်ကြောင်း သိရတယ်။ အမြင့်

www.burmeseclassic.com





● [illegible] ပြာသာဒ် [illegible]

◆ [illegible]

ပေ(၅၀)ခန့် အကျယ်ပေ(၃၀)ရှိပါတယ်။

လိုဏ်ဂူကြီးအတွင်းမှာ ဘုရားဆင်းတုတော်ပေါင်း (၇၄၄)ဆူကို ပူဇော်ထားရှိပြီး နယ်ချဲ့တွေကို တိုင်းရင်းသားအပေါင်း တွန်းလှန်ခဲ့တဲ့ တော်လှန်ရေးအာဇာနည် သချင်ဖော်ပြကွက်၊ ပြည်သူ့ဘဝရှုကွက်၊ ဘုရားဗုဒ္ဓဝင်၊ မဟာဝင်စတဲ့နံရံဆေးပန်းချီတွေကိုတွေ့ကြမှာပါ။

အဲဒီ နံရံဆေးရေးပန်းချီလက်ရာများမှာ အနီခံအရောင်ပေါ်မှာ ရွှေရောင်မှန်စီ ရွှေချကောက်ကြောင်းလိုက်ချထားခြင်း။ ရွှေပိန်းချထားတဲ့ ရွှေရောင်ခံပေါ်မှာ အနီရောင်၊ အပြာရောင်၊ အစိမ်း၊ ခရမ်း၊ အဖြူရောင်၊ မှန်စီကျောက် ကောက်ကြောင်းတွေကို ရေးခြယ်ထားခြင်း...

မှန်စီရွှေချထားတဲ့ မှန်ကွက်တွေအတွင်းမှာ မိုင်းကိုင်စက္ကူခံပြီး ဆေးရောင်စုံကောက်ကြောင်းတွေ ရေးဆွဲခြင်း စတာတွေကို စာချစ်သူတို့ တွေ့မြင်ရရင်ဖြင့် ရတနာပုံခေတ်ရဲ့ နံရံဆေးလက်ရာသာမက မှန်စီရွှေချအနုပညာ လက်ရာစွမ်းတွေကို ချီးကျူးလို့ ဂုဏ်ပြုမိကြမှာ အမှန်ပါပဲ။

အရှေ့ဘက် အာရုံခံမုခ်ဦးနဲ့ အပြင်ဘက်ခြမ်းတွေမှာ ရွှေနန်းကျင်ဇာတ်တော်ကို မင်းစာစာတန်းများ။ မြောက်ဘက်ထွက်တဲ့ဂုံးမှာ တံခွန်ကုက္ကားမှန်လေးမွား မှန်စီရွှေချ ပန်းချီကားတွေကိုပါ တွေ့ကြရမှာ ဖြစ်ပါတယ်။

အရှေ့ဘက်မုခ်မှာရှိတဲ့ ဘုရားဆင်းတုတော်ကြီးမှာ ဘူမိဖဿမုဒြာပုံဖြစ်ပြီး တောင်ဘက်မုခ်မှာတော့ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်က အမိနတ်သားကို အဘိဓမ္မာတရား ဟောကြားအပြီး လူ့ပြည်ကို ဆင်းသက်တော်မူခြင်းအတွက် ရည်ရွယ်ကိုးကွယ်ထားရှိတာကို ဖူးမြော်ရမှာပါ။

မုခ်ဦးတွေရဲ့ ဘေးတစ်ဖက်တစ်ချက်ဆီမှာ ဝသုန္ဒြေနတ်မင်း ဆံတော်ညှစ်နေပုံကို တွေ့ရမှာပါ။

အဓိပ္ပာယ်ကတော့ ဤရွှေရန်ပြေ ဥဒ္ဒိဿစေတီကို ဖျက်ဆီးမည့် မသမာသူတွေကို ဝသုန္ဒြေနတ်မင်း ဆံတော်ညှစ်ရာမှ ဖြစ်ပေါ်လာတဲ့ ရေအလျဉ်မှာ မျောပါပျက်စီးစေလို့ တိုင်တည်ခဲ့ကြောင်း လေ့လာမှတ်သားရပါတယ်။

## စစ်မက်အမျက်ပြေ ရွှေရန်ပြေ

သမိုင်းကို ပြန်လည် လေ့လာကြည့်ပါက ညောင်ရွှေဟော်နန်းကို စိုးစံအုပ်ချုပ်နေစဉ်ကာလ မိုးနဲ့နဲ့ ရပ်စောက်စတဲ့ စော်ဘွားများမှ ပြည်ညောင်ရွှေကိုသိမ်းလို့ နန်းကိုယူမည် စိတ်အစဉ်ဖြင့် ချီတက်တိုက်ခိုက်စစ်မက် ဖြစ်ပွားကြသည်။

မိုးနဲ၊ ရပ်စောက် စော်ဘွားများက ယခုစေတီတော်တည်မယ့် နေရာအရောက် တာ့လုံ လှည်းတုံ၊ စစ်လှည်းရှုံး၍ စစ်ပြေငြိမ်းအောင် ကြံဆောင်ခဲ့ကြ၍ မျက်မာန်အာဃာတမထား မေတ္တာရှေ့ထားလို့ ရန်ပြေငြိမ်းရကြောင့် ညောင်ရွှေစော်ဘွားကြီး [illegible] ဤနေရာ ဤဌာနသည် နေရာထူး နေရာမြတ်ဖြစ်သည်ဟု ရည်ရွယ်၍ ရွှေရန်ပြေစေတီ တည်ထားကြောင်း [illegible] ပါ ထင်မံလေ့လာသိရပါတယ်။

ရွှေလ ဆက်ဖတ်ပါရန်

နိုင်မင်းညို



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်

## နှင့် ကျေးဇူးရှင် ဆရာတော်ကြီးများ

အိမ်မဲမြို့၊ သဲအင်းဂူကမ္မဋ္ဌာန်း
ရိပ်သာတောရကျောင်း ဆရာတော်
ဘဒ္ဒန္တ ဥတ္တမသာရထေရ်အား
ဂါရဝပြုခြင်း

ဆရာတော်ကြီးသည် ၁၃၀၀ ပြည့်နှစ်တွင် ဖွားမြင်တော်မူသဖြင့် မဟာဘုတ်အရ (၅)ကြွင်း မဟာဘုတ်ပိုင်ရှင်ဖြစ် ပါတယ်။

* * *

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

**၅-ကြွင်း၊ မဟာဘုတ်**

တနင်္ဂနွေဂြိုဟ်သည် မရဏအိမ်မှာ ရပ်တည်နေတဲ့အတွက်...

* အုပ်စုအသင်းအဖွဲ့များနှင့် အကျိုးမပေးတတ်ခြင်း။
* အဆောက်အအုံကောင်းများ မပြည့်စုံတတ်ခြင်း။
* အဖွဲ့အစည်းများ၊ အများရဲ့ အကြီးအကဲခေါင်းဆောင် မဖြစ်တတ်ခြင်း။
* ရှက်ပုန်းသီးပမာ ထင်ရှားနေတတ်ခြင်း။
* ဂုဏ်ခေတို့ကို မမက်မောတတ်ခြင်း တို့ ပါပဲ။

အင်္ဂါဂြိုဟ်သည် ရာဇအိမ်၌ ရပ်တည်နေသဖြင့်...

* စိတ်ဆိုးဖြတ်ချက် ပြတ်သားခြင်း။
* စိတ်စွမ်းရည် ထက်မြက်ခြင်း။
* ရဲရင့်ခြင်း။
* သတ္တိရှုထိုးနဲ့ ပြည့်စုံခြင်း...
  တို့ပါပဲ။

ကြာသပတေးဂြိုဟ်သည် အဓိပတိအိမ်၌ ရပ်တည်နေတဲ့အတွက်...

* ပညာရေး လုပ်ငန်းအကျိုးမပေးတတ်ခြင်း။
* ပညာရေး မပြီးဆုံးတတ်ခြင်း။
* အတွေးအခေါ် များပြားခြင်း။
* ဉာဏ်ရည် ထက်မြက်ခြင်း။
* ဆရာသမားကောင်းကို မမှီခိုရတတ်ခြင်း...
  တို့ပါပဲ။

စနေဂြိုဟ်သည် သိုက်အိမ်၌ ရှိသောကြောင့်...

* ကံ အခွင့်အလမ်းကောင်းများ ကြုံရခြင်း။
* မင်းစိုးရာဇာ ဩဇာတိက္ကမ ကြီးမားသူများရဲ့ ကိုးကွယ်ဆည်းကပ်မှုကို ခံရခြင်း။
* ဘာသာရေးဆိုင်ရာ အလှူကြီးပေးရခြင်း။
* အများသူငါရဲ့ ပူပင်သောကကို ငြိမ်းစေနိုင်ခြင်း။
* ဒုက္ခရောက်သူများ၏ မှီခိုအားကိုးမှုကို ခံရခြင်း...
  တို့ပါပဲ။ သို့ရာတွင်...

စနေဂြိုဟ်(သိုက်)နှင့် အင်္ဂါ(ဂြိုဟ်) ရာဇတို့သည် ပက္ခမိသောကြောင့် စိတ်ရဲ့အပူ မကင်းတတ်ပါဘူး။



အိမ်မဲမြို့၊ သဲအင်းဂူကမ္မဋ္ဌာန်းရိပ်သာ
တောရကျောင်း ဆရာတော်
ဘဒ္ဒန္တဥတ္တမသာရထေရ်

ဒါကြောင့်လဲ ပူပင်သောက ကြုံကြသူများရဲ့ အခက်အခဲ ပြဿနာများကို ဆရာတော်ရဲ့ သီလ၊ သမာဓိ၊ အကျင့်စရဏအားဖြင့် လမ်းညွှန် သာသနာပြုနိုင်ကြောင်းလဲ ဖြစ်ပါလိမ့်မယ်။ သုတေသနပြုဖို့ လိုပါဦးမယ်။

**ဆေးပါစေ၊ ဆောင်ပါစေ**

**သနိုးပညာ**



www.burmeseclassic.com

www.burmeseclassic.com

# မုတ်ဆိတ်ပျားစွဲ

မြို့မြို့ (ရွှေ-မင်းလှ)



ကျွန်မ အားလပ်သောနေ့တစ်နေ့ နံနက်စောစော တက်ခန်းသို့ မိုးယံ ရွှေလမင်းနှင့် မြတ်ဆုကုရွှေထီးရောင်း ကိုယ်စားလှယ်ကြီး ကိုစောဝင်း တစ်ယောက် ဗိတ်ဝာကိုင်၍...

'ဆရာမ မနက်ဖြန် ကျွန်တော့်ဆိုင် ကို ကြွဖို့ ဖိတ်ကြားပါတယ်'

'ဟုတ်ကဲ့ ကျွန်မ ဆက်ဆက်လာ ခဲ့ပါမယ်'

ကိုစောဝင်းပြန်သွားသော် ဖိတ်စာ ဖတ်ကြည့်ရာ မိုးယံရွှေလမင်းနှင့် မြတ် ဆုကုရွှေထီးဆိုင်အသစ်ဖွင့်ပွဲသို့ တက် ရောက်ရန် ဖိတ်ကြားခြင်းဖြစ်ပေသည်။

ကျွန်မ နံနက်(၆)နာရီကျော် ဆိုင် သစ်ဖွင့်ပွဲသို့သွားရောက်ရာ ဆိုင်ထဲတွင် လူကြီးမင်းများ၊ ပရိသတ်များ စုံလင်စွာ တွေ့လိုက်ရသည်။ ကိုစောဝင်းမှ...

'လာ ကြွပါ ဆရာမ'

နေရာထိုင်ခင်း ပေးပြီးနောက် ကိုစောဝင်းမှ ဓာတ်ပုံများကို လိုက်လံ ပေပြသည်။

ကျွန်မလက်ထဲသို့ ရောက်ရှိလာ သော (အထက်ပါပုံ)ဓာတ်ပုံကြည့်ပြီး၊ အံ့ဩမှင်သက်နေစဉ် ကိုစောဝင်းမှ မုန့်သုံးဆောင်ဖို့ပြောမှ သတိရပြီး...

'ဟုတ်ကဲ့ ရပါတယ် နေပါဦး။ ဒီ ဓာတ်ပုံထဲမှာ ပျားစွဲနေတာ(၉)ခုပေါ်နေ တယ်။ ဒါ(နဝင်း)ဓာတ်ပဲနော်'

'ဟုတ်ပါတယ် ဆရာမ ဒီ ထီနံ ပါတ်လေးကို စွန့်မပစ်ဘူး။ ဒီ ဆိုင်ထဲမှာပဲ ထားတယ်'

'ကောင်းပါတယ်၊ ပျားစွဲအကြောင်း လေး ရှင်းပြပေးပါဦး'

ကျွန်တော် ဆရာမကို အစအဆုံး ရှင်းပြမယ်။

ကျွန်တော် အိမ်ထောင်ကျပြီး လုပ်ငန်းတွေလုပ်ဖို့ စိတ်ကူးနေတာ များသွားပြီ၊ ဘာတစ်ခုမှ အလုပ် မဖြစ်ဘူး။ နောက် ကြံရာမရဖြစ်ပြီး လုံလုပ်ငန်း လုပ်ကြည့်တယ်။ ပထမ အဆင်ပြေတယ်။

နောက်တော့ ပန်းထိမ် သမားတွေ စက်တွေနဲ့လုပ်ပါ များတော့ လုံလုပ်ငန်း မတွင် ကျယ်ဘဲ လုပ်ငန်းရပ်ထားရ တယ်။ ဒါနဲ့ နောက်အလုပ် တစ်ခု ထပ်ပြောင်းတယ်။ ဖော်ရှိုန်ဆိုတဲ့နာမည်နဲ့ ဆေး ရောင်းတယ်၊ ပထမ အဆင် ပြေပါတယ်။

နောက်တော့ အဆင်မပြေ ဘဲ ဆေးဖော်ရောင်းခြင်း ရပ်ထားရ တယ်။ ကျွန်တော်လဲ စိတ်ညစ်ပြီး လှူတိုင်၊ တမ်းတနေကြတဲ့ အောင်ဘာ လေထီကို မိုးယံရွှေလမင်းနှင့် မြတ်ဆု ကုရွှေဆိုင်မှာ ထီကိုယ်စားလှယ်လုပ်ပြီး ရောင်းချခဲ့တယ်။

ထီကတော့ အဆင်ပြေပါတယ်။ တစ်လတစ်လ ထီပေါက်ဂဏန်းပါနေ တော့ ထီးရောင်းရတာပိုပြီး သွက် တယ်။ ထီရောင်းချတဲ့ကာလတွေမှာ သက်သတ်လွတ်စားတယ်။ အဓိဋ္ဌာန် ဝင်တယ်။ ကျွန်တော့်ရဲ့အကြံအစည် အောင်မြင်ဖို့အတွက် "**သောတာဂဗ္ဗီ ဗုဒ္ဓပိဋိ ဗိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော်**"ကို ရွတ်ဖတ်ပူဇော်စိပ် တယ်။

လွန်ခဲ့တဲ့(၃)လလောက်က ထီ ရောင်းတဲ့ဆိုင်ခုံမှာ ပျားစွဲနေတာတွေ့ရ တယ်။ တဖြည်းဖြည်းနဲ့ ပျားအုံက ကြီးလာပြီး (ကိုးနဝင်း) ၉-ခု ပေါ်နေ တယ်။ ဘေးဆိုင်ကလူတွေ လာ ကြည့်ပြီး၊ တစ်ယောက်တစ်မျိုး ပြောကြတယ်။

ကျွန်တော်ကတော့ သူများ အဆောက်အအုံကို မဖျက်မစီးစေချင် ဘူး။ သူတို့ကို သတ်မပစ်ရက်ဘူး။ ဘာပဲဖြစ်ဖြစ်ဆိုပြီး ဘာသာရေးဦးစား ပေးလို့ ယခင်ထက်ပိုပြီး လုပ်ဆောင် ပေးတယ်။

ပထမဦးဆုံး ထူးခြားချက်ကတော့ အိပ်မက်အရ ယိုးဒယားထီနှစ်သောင်း ဖိုးပေါက်တယ်။ ထီဆိုင်ကလဲ ထီ



www.burmeseclassic.com

www.burmeseclassic.com

လက်ကျန်က ဆုတွေပါလာတယ်။ လုပ်ငန်းတွေ အဆင်ပြေနေတယ်။ ရှေ့လူကြီးတွေပြောတဲ့ **"စားရက်ကြို တော့ မုတ်ဆိတ်မျှားစွဲ"** စကားအရ ယခုလိုဆိုင်ကိုပြင်ဆင်ပြီး ဆိုင်ဖွင့်မင်္ဂလာလုပ်ပေးတာ ဆရာမ'

'ကိုစောဝင်းရဲ့ ကုသိုလ်ကံကြောင့်လဲ ကောင်း။ ဘာသာရေးကလဲ အကျိုးပေး မျှားစွဲနိမိတ်က ထူးခြားတယ်ဆိုတော့ လာဘ်ပွင့်ကံပွင့်ပေါ့ရှင်၊ ရှေ့ကိုတိုးတက်ဦးမှာပါ'

'ဟုတ်ကဲ့ အခုလို ဆရာမကျွန်တော့်ဆိုင်ကို လာရောက်ချီးမြှင့်တာ ကျေးဇူးတင်ပါတယ်'

ကျွန်မလဲ ဦးစောဝင်းကို နှုတ်ဆက်၍ ထွက်ခွာလာခဲ့ရာ လမ်းတစ်လျှောက် အတွေးများစွာနှင့် အိမ်သို့ ရောက်ရှိချိန် မျှားစွဲနိမိတ်ကျမ်းကို ရှာဖွေဖတ်ရှု လေ့လာနေရလေတော့သည်။

## မျှားစွဲနိမိတ်အဟောကျမ်း

ပညာရှင်အချို့ ပြုစုထားခဲ့သော ကျမ်းစာပေများအရ ယုတ္တိဗေဒကျ၍ ခိုင်လုံသော ပညာရပ်တစ်ရပ်ဟု ယူဆသူများလည်း ရှိကြသည်။

ထို့အတွက် ယုံကြည်သူတို့ အသုံးပြုလိုလျှင် အသုံးပြုနိုင်စေရန် အတိတ်နိမိတ်ဟောစာအချို့ကို ပညာရှင်တို့ ပြုစုထားခဲ့သည့် စာပေများမှ ထုတ်နုတ်ကာ ဖော်ပြလိုက်ပါသည်။

မျှားသည်လည်းကောင်း၊ နကျယ်သည်လည်းကောင်း…

* အိမ်၏အရှေ့အစွန်း၌စွဲမူ သောက ရောက်တတ်သည်။ အိမ်ပြောင်း သင့်၏။

* အိမ်၏ အနောက်ခေါင်တိုင်တွင်စွဲမူ ဥစ္စာရအံ့၊ ဥစ္စာလည်းပျောက်အံ့။

* ကောင်ဘက်အစွန်း၌မူ သူတစ်ပါး



၏ ဆဲရေးခြင်း ခံရအံ့၊ နာဖျားအံ့။

* မြောက်ဘက်ကစွဲမူ အဆွေအမျိုးများ လာ၍ ဥစ္စာပေးအံ့။

* တောင်ဘက်ထုပ်ကစွဲမူ ထိုစွဲသောမျှား၊ နကျယ်တို့ကို အစာကျွေးပါ။ ရန်အောင်အံ့။

* အရှေ့တောင်ထောင့်ကစွဲမူ သမီး ကညာ၊ သားပျိုရအံ့။

* အနောက်တောင်ထောင့်ကစွဲမူ မိုး သူ ဝင်ရောက်တတ်သဖြင့် သတိထားပါ။

* အနောက်မြောက်ထောင့်က စွဲမူ ဆွေမျိုးများ ဥစ္စာလာပေးအံ့။

* ရှေ့မြောက်ထောင့်ကစွဲမူ ရွှေငွေ ရအံ့။

* အရှေ့အိမ်ခေါင်၌စွဲမူ ကြောင့်ကြဗျာပါဒများအံ့။

* အနောက်အိမ်ခေါင်ကစွဲမူ ဥစ္စာ ပျောက်အံ့။

* အထက်ထုပ်၌စွဲမူ သားယောက်ျား ရအံ့။ တောင်အရပ်၌ စွဲမူမကောင်း။

* သင်ဖြူးအောက်၌စွဲမူ မင်းမှုဇော်ခံ ရအံ့။

* အိပ်ရာအောက်၌စွဲမူ မြတ်သောဥစ္စာ ရအံ့။

* ဝတ်သောအဝတ်၌စွဲမူ မြင့်မြတ်သောဥစ္စာပေးခြင်း ခံရအံ့။

* တံခါးရွက်တွင်စွဲမူ လာဘ်ကြီးရအံ့။

* စားဖိုခွဲမူ ကျွန်သမီးရအံ့။

* လှေကားအောက်၌စွဲမူ ပျောက်သောဥစ္စာ ပြန်ရအံ့။ အနာအဖျားများအံ့။

* လုံရိုးတွင်စွဲမူ ရန်အောင်အံ့။

* နတ်အုန်းတွင် မြောက်အရပ်မှလာ၍ မျှားစွဲသော် ကောင်းစားအံ့။

* လှေမှာစွဲမူ ဖျားနာတတ်၍ ရောင်းပစ်ပါ။

* အိပ်ရာခုတင်အောက်၌စွဲမူ ကြွယ်ဝအံ့။

* အရှေ့ကလာ၍စွဲမူ ဥစ္စာပျောက်အံ့။

* တောင်ကလာ၍စွဲမူ ကြောင့်ကြများအံ့။

* နေထွက်ချိန်၌ အရှေ့ကလာ၍စွဲမူ အကြီးအမှူးဖြစ်အံ့။

* မွန်းတည့်ချိန်၌ တောင်ကလာ၍ စွဲမူ အဆွေအမျိုးများရောက်အံ့။

* အရှေ့တောင် အနောက်တောင် ထောင့်အရပ်မှလာ၍စွဲမူ အခြေလေးခုရှိသောဥစ္စာ ရအံ့။

* အရှေ့ခေါင်လျောက်၌စွဲမူ ဥစ္စာ ပျောက်အံ့။

ဘယ်လိုရှိနည်းပဲ မျှားစွဲဲ့ ဘာသာရေးကို အလေးဂရုစိုက်ပြီး လုပ်ကိုင်၍ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ခြင်း၊ ဂုဏ်တော်ပုတီးများစိပ်ခြင်းဖြင့် ကောင်းကျိုးများစွာရရှိကြောင်း ဖြစ်ရပ်မှန်ကို တင်ပြပေးလိုက်ပါသည်။ ဘုရားတော်ကောင်းအပေါင်းတို့…။

***အမွှေးရာသီကာလ၌ ကြိုမှာထားနိုင်သောသင်***

**စေ။**

**ရိုးရိုး (ရွှေ–မင်းကျော်)**



www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈ တာစေလေ (တိုး)-၁၃၁၂

## အဆီကျ အကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် ဘဆဝက (တနယ်စင်း) ၁၃၁/၀၀၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ ဝမ်း၊ လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျှော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေ့မက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းတာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ ရွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ဖေးသွင်းဖြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ

ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ် ၅/၁၃၄၆၊ ပေဖော်လဝ်းလမ်းကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၉၀၁၁၇၊ ၀၉-၅၁၁-၈၀၆၅

မုံရွာဆရာမိုး - ဖုန်း-၀၇၁-၂၁၆၁၀ ကိုဒ်-၁၉ ၂၁၈၁၊ ၀၉-၅၁၉၁၈ ၀၁-၅၁ ၁၃၈၈၁



www.burmeseclassic.com

www.burmeseclassic.com

စုံလွှမ်းသော ရုပ်ကလာပ်တွင် အသင်းရောင် ကွန့်မြူးသည့်

# ရတနာသိင်္ဂီဆရာတော် ဦးပဏ္ဍဝ (၁)



ရတနာသိင်္ဂီကျောင်းတိုက် ဆရာတော် ဦးပဏ္ဍဝ

မြင်းခြံမြို့ ကိုးဆောင်တိုက် အနောက်ဘက်အနီးရှိ ရတနာသိင်္ဂီကျောင်းဆရာတော် ဦးပဏ္ဍဝသည် ၁၃၇၁ ခုနှစ်တွင် ပျံလွန်တော်မူရာ ထူးခြားသော ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်။

စွန်းလွန်းဆရာတော်ကြီး ဦးကဝိ ၁၃၁၄ ခုနှစ်တွင် ပျံလွန်တော်မူပြီးနောက် (၅၇)နှစ်တာအတွင်း ပရိသတ် အစည်ကားဆုံး ရှာပနအခမ်းအနားဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများက ပြောပြကြသည်။

ဆရာတော် ဦးပဏ္ဍဝ သက်တော်ထင်ရှား ရှိစဉ်အခါက ကိုးကွယ်ဆည်းကပ်သူ ပရိသတ် များပြားလှကာ ရဟန္တာဟု သမုတ်ခြင်း ခံရသည့် ဆရာတော်တစ်ပါး ဖြစ်လေသည်။

စွန်းလွန်းဆရာတော်၏ နိဿယဖြင့် အားထုတ်၍ ရှာန်အဘိညာဉ်ရသူဟု ကျော်ကြားသည့် ဦးလောကတိဿနှင့် သီတင်းသုံးဖော် ဖြစ်ခဲ့သည့်အပြင် စွန်းလွန်းဆရာတော်၏ နည်းဖြင့်ပင် အနေတကျ အားထုတ်ကျင့်ကြံတော်မူခဲ့ကြောင်း ကြားသိရလေသည်။

သို့ဖြစ်၍ ရတနာသိင်္ဂီကျောင်းတိုက်သို့ သွားရောက် လေ့လာသောအခါ ကျောင်းယောဂီ လူယောဂီတို့ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်နေကြသော် ရဟန်းရှင်လူ လှုပ်ရှားမှု တစ်စုံတစ်ရာ မတွေ့ရှိပေ။

အတန်ကြာသော် အနီးမှ လူတစ်ယောက်က ညနေ သုံးနာရီ ကမ္မဋ္ဌာန်းထိုင်ချိန်မှသာ တွေ့ဆုံမေးမြန်းခွင့်ရနိုင်သည်ဟု ပြောပြသည်။

ဆရာတော် ဦးပဏ္ဍဝ လက်ထက်အခါကပင်လျှင် နံနက်အရုဏ်တက်ချိန်မှ ည(၁၀)နာရီတိုင်အောင် ဆက်တိုက်၍ တရားထိုင်၊ တရားစစ်ခြင်းများ ပြုလုပ်တော်မူခဲ့သည်ဟု သိရ



www.burmeseclassic.com

www.burmeseclassic.com



● ပျံတော်မူပြီး ကန္တာရကျောင်းဆရာတော်ရုပ်ကလာပ် တွေ့ရစဉ်

သည်။

စက်ဘီး ဆိုင်ကယ်များစွာ တွေ့ရသဖြင့် မြင်းခြံမြို့နှင့် အနီးဝန်းကျင်မှ လာရောက် အားထုတ်ကြသော ယောဂီများဖြစ်ကြောင်း မှန်းဆရလေသည်။

ညနေ သုံးနာရီကျော်ခန့်တွင် ထပ်မံသွားရောက်သောအခါ ကမ္မဋ္ဌာန်းသိမ်းပြီးဖြစ်၍ လူသုံး,လေးဦးခန့်သာ တွေ့ရသည်။ သန့်ပြန့်စွာ ဝတ်စားဆင်ယင်ထားသည့် အသက်(၇၀)ကျော် အမျိုးသားတစ်ဦးအား စုံစမ်းကြည့်သောအခါ...

'ဆရာတော် ကိုးဆောင်တိုက်က ဘုန်းကြီးပျံကိုသွားတယ်။ ပြန်လာပါလိမ့်မယ်။ ခဏထိုင်စောင့်ပါ'

'ပျံတော်မူသွားတဲ့ ဆရာတော် ဦးပဏ္ဍိတကို ရဟန္တာလို့ သမုတ်ကြတယ်နော်'

'ဘယ်ဟုတ်မှာလဲကွာ၊ ငါကတော့ ရဟန္တာအစစ်ပဲလို့ ယုံကြည်တယ်'

'ရှာနဲ့အဘိညာဉ် တန်ခိုးတွေကော ကြုံတွေ့ရဖူးသလား'

'အဲသလိုကြီး မဟုတ်ပေမယ့် နေထိုင်ပြောဆိုပုံတွေက သိပ်ကြည်ညိုစရာ ကောင်းတယ်။ တရားပြလဲကောင်းတယ်။ ဆရာတော်ကြီးကြောင့် ဖိတို့ တရားသုခ ခံစားရတာ။ ပျံတော်မူတော့လဲ ဓာတ်တော်တွေ ကွန့်မြူးတယ်'

ထိုစဉ် လက်ရှိကျောင်းထိုင်ဆရာတော် ဦးဥာဏဝရဟုန္ဒ ကြွရောက်လာသဖြင့် ဝတ်ဖြည့်ကာ မေးလျှောက်ခွင့်ရခဲ့သည်။

'နကန္တာရကျောင်းမြည်ပက္ခဝ်မှာ ဆရာတော်ကြီးတွေရဲ့ ထူးခြားအံ့ဖွယ်ဖြစ်ရပ်တွေ ပျံလွန်တော်မူပြီး မီးသဂြိုဟ်တဲ့အခါ အရွယ်အစား အရောင်အသွေး ထူးခြားတဲ့ ဓာတ်တော်တွေ ကျတာတွေ ဖတ်ရပါတယ်။ သာသနာအတွက် အားတက်ဝမ်းမြောက်စရာပါပဲ။

ရေတနာသီရိဆရာတော် ဦးပဏ္ဍိတက အဲဒီလို ထူးခြားမှု မရှိပါဘူး။ စကားနည်းပြီး အနေအေးတယ်။ ဝိနည်းလေးစားတယ်။ ရှာန်အဘိညာဉ် တန်ခိုးပြတာတွေ မကြုံရပါဘူး အဘ'

'မီးသဂြိုဟ်တော့ ဓာတ်တော်တွေ ကျပါသလား'

'မကျပါဘူး။ သာမန်အရိုးတော်ဓာတ်တွေပါပဲ။ ရွာပနေအခမ်းအနားမှာ ကျောင်းမှာ ပူဇော်ထားတုန်း ရှစ်ကလာပ်တော်ကနေ စူးရှတဲ့ အထင်းလုံးတွေ မိန်လိုက်လင်းလိုက်နဲ့ နာရီအတော်ကြာအောင် တွေ့ရတာ တော့ရှိတယ်။ ဓာတ်တော်ကွန့်မြူးတယ် ဆိုကြပါရဲ့'

'ဓာတ်ပုံထဲမှာ ပေါ်နေတာလား အရှင်ဘုရား'

www.burmeseclassic.com



● ကြွင်းကျန်ရစ်သည့် အရိုးတော်စာတ်

'သာမန်မျက်စိနဲ့ကို မြင်ရတာပါ။ ဒီဟိုမှတ်တမ်းမှာလဲ ထင်ထင်ရှားရှား မြင်နိုင်ပါတယ်။ ဒကာ ပြန်ရင် အဲဒီ ဓာတ်တမ်းဗီဒီယိုခွေ ပေးလိုက်ပါ့မယ်'

ဆရာတော် ဦးဉာဏဝရဗုဒ္ဓိ က ဦးထွန်းဝေ၏ ထေရုပ္ပတ္တိအကျဉ်းနှင့် အရာအဆုပ်များ စွန့်လှူပေးတော်မူ ခြင်း နောက်ခံဖြစ်စဉ်တော်ကို သိမှတ် နိုင် ရခဲ့သည်။

## ထေရုပ္ပတ္တိအကျဉ်း

ရေနံချောင်းကျောင်း ဆရာတော် ဦးထွန်းဝလောင်းလျာ မောင်မြသွေးကို မြင်းခြံမြို့နယ်၊ ဂေါင်းကွဲကျေးရွာနေ ထိုက်သူကြီး ဦးစံဝေ၊ ဒေါ်ငွေသီးတို့ ၁၂၂၂ ခုနှစ်၊ ပြာသိုလဆုတ်(၁၁) ရက် ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့ သည်။ မွေးချင်း (၆)ယောက်အနက် စတုတ္ထဖြစ်သည်။

အသက်လေးနှစ်သားမှ စတင်ကာ ဂေါင်းကွဲရွာ မြောက်ကျောင်းဆရာ တော် ဦးပညာသာရထံတွင် စာပေ သင်ယူသည်။

မောင်မြသွေးသည် ဉာဏ်ပညာ ထက်မြက်သဖြင့် ဖခင်က အတန်း ကျောင်းထားကာ ဘီအေ အိုင်အေဘွဲ့ရ မြို့အုပ်၊ အရေးပိုင် ဖြစ်စေလိုသော် လည်း အတန်တန် ငြင်းဆို၍ ဘုန်းကြီး ထံတွင်သာ ပညာသင်လိုသည် ဆို သဖြင့် လက်လျှော့ခဲ့ရသည်။

အသက်(၁၃)နှစ်တွင် ရှင်သာမဏေ ဝတ်၍ ၁၃၀၂ ခုနှစ်၊ ဝါဆိုလဆန်း(၁၁) ရက်တွင် ဂေါင်းကွဲမြောက်ကျောင်း ဆရာတော် ဦးပညာသာရအား ဥပဇ္ဈာယ် ပြုလျက် ရဟန်းဘောင်သို့ ရောက်ရှိ သည်။

ရဟန်းဖြစ်ပြီးနောက် တောင်သာမြို့၊ မြင်းခြံမြို့နယ် မြို့ဘုရား၊ မြောင်မြို့နယ် ရွာပုလဲရွာတို့တွင် စာဝါ သင်ယူကာ ဒုတိယကမ္ဘာစစ် ပြီးခါနီးတွင် မြင်းခြံ မြို့နယ်၊ ဂေါင်းကွဲရွာသို့ ပြန်လာ သည်။

မြင်းခြံသို့ မပြန်မီက ၁၃၁၅ ခုနှစ်၊ တန်ဆောင်မုန်းလ၌ မတ္တရာမြို့အနီး တောရ ဆောက်တည်နေသည့် ဦးဇဝန ထံ တစ်လကြာအောင် ကမ္မဋ္ဌာန်း နည်းနာခံယူ အားထုတ်ခဲ့သည်။ ဦးဇဝနသည် ရွှေလွန်းဆရာတော်ကြီး ဦးကဝိ၏ တပည့်ရင်း ဖြစ်လေသည်။

ရွှေလွန်းနည်းဖြင့် တစ်လကြာသော် လက်တွေ့ကျကျ နည်းခံအားထုတ်ပြီး နောက် ညီငယ်ကိစ္စဖြင့် မြင်းခြံသို့ ရောက်လာသောအခါ ကိုးဆောင် တိုက်၊ ပခန်းကျောင်းရှိ ကမ္မဋ္ဌာန်း

www.burmeseclassic.com

ကျောင်းကလေးတွင် ဦးလောကတိဿ နှင့်အတူ သီတင်းသုံးကာ ဝိပဿနာ တရားကို သမ္မပ္ပဓာန် လုံ့လဝီရိယဖြင့် အစွမ်းကုန် အားထုတ်လေသည်။

ထိုစဉ် ခမည်းတော်က မြင်းခြံ၌သာ သီတင်းသုံးရန် လျှောက်ထား၍ အစ်ကို ဖြစ်သူ ဦးသာဆောင်က ကျောင်း ဆောက်လုပ် လှူဒါန်းသည်။

## ရတနာသီရိကျောင်း

ရတနာသီရိကျောင်းတော် ပေါ် ပေါက်လာပုံကို မြတ်ထေရ်မှန်၏ ဘဝ ဖြစ်စဉ် သာသနာဝင်စာအုပ် စာမျက်နှာ (၂၈၊ ၃၀)၌ ဤသို့ ဖော်ပြထားသည်။

ဦးသာဆောင်သည် ကျောင်း အတွက် မြေနေရာ အဆင်မပြေသဖြင့် ဦးတိဿမှတစ်ဆင့် ဦးလောကတိဿ အား မေးမြန်းလာသည်။ ဆရာတော် ဦးလောကတိဿက...

'မိုးနိမ့်စရာ မရှိပါ။ ဓေယျသိမ်ဘုရား အရှေ့ဘက်က မြေကွက်ဟာ သူ့နေရာပဲ'

ဟု မိန့်ကြားသည်။

ထိုနေရာကို ငွေငါးထောင်နှင့် ဝယ်ရာ မရခဲ့။ တရုတ်သူဌေးတစ်ဦးက လည်း ငွေနှစ်သောင်းဖြင့် ဝယ်ရာ၌ လည်း မရခဲ့ကြောင်း ပြန်လျှောက်ရာ...

'မြေရဖို့က ကျပ်တာဝန်၊ သွားပြောဖို့က ဒကာကြီးတို့ တာဝန်ပဲ'

ဟု အမိန့်ရှိသည့်အတိုင်း ထိုနေရာ ကို ငွေ(၅၀၀၀)ကျပ်ဖြင့် လွယ်ကူစွာ ဝယ်ယူရရှိခဲ့သည်။

ကျောင်းဆောက်ရန် မင်္ဂလာအချိန် ကိုလည်း ဦးလောကတိဿက ရွေးပေး ၏။

'ပန္နက်ရိုက်ရမယ့်နေ့မှာ တောင်အရပ်က ဝါးလှည်း ဝက်လှည်း တစ်ခုခုလာမယ်။ အနောက်မြောက်က စက်ပါတဲ့ တစ်ခုခုလာ မယ်။ အရှေ့အရပ်က ကြက်တွန်လိမ့်မယ်။



ရုပ်ကလေးမှ ထွက်ပြနေသည့် အလင်းရောင်

ဒါဝါ မင်္ဂလာအခါပဲ'

ဟု ဆို၏။

ပန္နက်ရိုက်မည့် ၁၃၀၆ ခုနှစ်၊ ကဆုန်လဆန်း(၇)ရက်နေ့တွင် တောင်ဘက်၊ ချမ်းသာကုန်းအရပ်မှ ဝါးလှည်း တစ်စီး မောင်းလာသည်။ ဦးပဏ္ဍိတ၏ ခမည်းတော်သည် ဂျစ်ကား၊ မှန်ကား များ ရှိသော်လည်း မစီးဘဲ လယ်ထွန် စက်ကိုမောင်း၍ အနောက်မြောက် ထောင့်မှ ဝင်လာသည်။

ထို့နောက် အရှေ့ဘက် ဘုန်းကြီး ကျောင်းမှ ကြက်ဖကြီးသည် ငုက်ပျော ပင်ပေါ်တက်၍ အားပါးတရ တွန်လေ ရာ ရတနာသီရိကျောင်းကို ပန္နက်ချ တည်ဆောက်ခဲ့ကြလေသည်။

ကျောင်းတိုက် ဒါယကာဆောင်နှင့် ဒါယိကာမ ဒေါ်အေးတင်တို့က ဆရာ တော် ဦးပဏ္ဍိတနှင့် ဦးလောကတိဿ တို့နှစ်ပါးကို ဒွိသန္တကအဖြစ် ရေစက်ချ လှူဒါန်းသည်။

၁၃၁၉ ခုနှစ်၊ နယုန်လအထိ ဆရာ တော်နှစ်ပါး အတူသီတင်းသုံးကာ ဦးလောကတိဿက ယောဂီများအား ပဋိပတ္တိသာသနာ ဖြန့်ဝေ၍ ဦးပဏ္ဍိတ က ပရိယတ္တိ သာသနာတော်အတွက် ကြိုးစားတော်မူသည်။

၁၃၁၉ ခုနှစ်၊ နယုန်လဆုတ်(၉) ရက်နေ့တွင် စွန်းလွန်းတိုက်ခွဲ သတိ ပဋ္ဌာန်ကျောင်း ဆောက်လုပ်ပြီး၍ ဦးလောကတိဿကို ပင့်ဆောင် လှူဒါန်းရာ ဦးပဏ္ဍိတ တစ်ပါးတည်းသာ လျှင် ပရိယတ်၊ ပဋိပတ် သာသနာတော် ကို ဖြန့်ဝေပြုစုတော်မူသည်။

ဤသို့ နှစ်ပါးဆိုင် လှူဒါန်းခဲ့သဖြင့် ရတနာသီရိကျောင်းတိုက် အက်တွဲ ယိုယွင်းလာသောအခါ ဦးပဏ္ဍိတ ဦးအုန်းမှတစ်ဆင့် ဦးလောကတိဿ အား လျှောက်ထားစေရာ မိမိမှာ ရတနာသီရိမှ ထွက်လာပြီးဖြစ်၍ ဦးပဏ္ဍိတ သဘောအတိုင်း ဆောင်ရွက် ရန် မိန့်တော်မူသည်။

ကျောင်းတိုက်အသစ် ဆောက်ပြီး သောအခါ ဆရာတော် ဦးပဏ္ဍိတ တစ်ပါးတည်းသာ ရေစက်ချ အလှူ ခံခဲ့သည်။

## အာလိုနည်းသည့် ဆရာတော်

လက်ရှိဆရာတော်က ဤသို့ မြွက် သည်။

'သတိပဋ္ဌာန်ဆရာတော်ဦးလော



www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာတော်စံခန်းရာ

ထိုစဉ်က ပုံတော်မမှုခင် တစ်လလောက် အလို ကျန်းမာရေး အားနည်းလာချိန်မှာ ရတနာသီရိကျောင်းကို ရောက်လာတယ်။ အတော်ကြာအောင် ထိုင်နေပြီးမှ "ဆရာတော် ဦးပဏ္ဍိတ ဘာ လျှောက်ချင်ပါသလဲ" တဲ့။

ကျုပ်တို့ ဆရာတော်ကလဲ စကား အလွန်နည်းတယ်။

"ဘာမှ မလျှောက်ချင်ပါ ဘုရား"

"မလျှောက်ချင်ရင်တော့ တပည့် တော် ပြန်တော့မယ်"

ကျုပ် သဘောပေါက်တယ်။ သူ ပုံတော်မမူခင် သတိပဋ္ဌာန်ကျောင်းကို ဦးပဏ္ဍိတကို ဆက်ခံစေချင်တယ်။ ဆရာတော် ဦးပဏ္ဍိတကလဲ စကားနည်း သလို အလိုကလဲ နည်းတော့ "မလျှောက်ချင်ပါဘူး" လို့ ပြောတာ ပဲ

ဆရာတော် ဦးပဏ္ဍိတအား ရပ်နီး ရပ်ဝေး ပရိသတ် သာဝကများက လေးစားကြည်ညိုသဖြင့် လှူဖွယ် ပစ္စည်းများစွာ လာရောက်ဆက်ကပ် လှူဒါန်းလေ့ ရှိကြသည်။

ဆရာတော်သည် တစ်နှစ်ပြည့်သော အခါ ဒီမိ ရရှိသမျှ လာဘ်လာဘပစ္စည်း အစုစုတို့ကို တပည့် စာသင်သား အာဂန္တုသံဃာတို့အား ခွဲဝေထောက်ပံ့ လှူဒါန်းသည်။

မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလ စာမေးပွဲအသင်း၊ ပုညသဟာယဆွမ်း လောင်းအသင်း၊ မိမိဇာတိ ဂေါင်းကွဲရွာ ဝိမုတ္တိ ဆွမ်းလောင်းအသင်းတို့တွင် လည်း ငွေပင်ငွေရင်း စိုက်ထူလှူဒါန်း သည်။

နှစ်စဉ် မိမိမွေးရက် ကျရောက်သော အခါတွင် သံဃာတော်များအား ပင့် ဖိတ်၍ ထီး၊ ဖိနပ်၊ သင်္ကန်း၊ စာအုပ် စသည့် ပစ္စည်းအစုစုကို မိမိ ဝတ်ရုံ ထားသည့် သင်္ကန်းမှလွဲ၍ အားလုံး တရေးတပ်မဲချကာ လှူဒါန်းလေ့ ရှိလေ သည်။

## တရားဥယျာဉ်မှူး

ရတနာသီရိဆရာတော် ဦးပဏ္ဍိတ သည် ဆရာတော်ထံမှ နည်းနိဿယ ခံယူ၍ ဝိပဿနာကမ္မဋ္ဌာန်း ပွားများ အားထုတ်ရန်အတွက် ရတနာသီရိ ကျောင်းသို့ ရောက်လာကြသော တပည့်သာဝကတို့၏ ရှုမှတ်ပွားများမှု တွင် နည်းစနစ် မှန်ကန်အကျိုးရှိစေရန် နေ့စဉ်ညစဉ် ဝါယမ စိုက်ထုတ်ပေး သည့် အပြင် အခြားသော နေရာဌာန များတွင် ဝိပဿနာတရားစခန်း ဖွင့်လှစ်သင်ကြားပေးပါရန် တောင်းပန် ပင့်ဆောင်ရာသို့လည်း လိုက်ပါဆောင် ရွက်ပေးတော်မူခဲ့သည်။

★ ၁၃၄၈ ခုနှစ်၊ ကဆုန်လတွင် မြောင်းမြမြို့နယ်၊ ပန်းညိုရွာ မဟာ သတိပဋ္ဌာန် တရားစခန်း၊

★ ၁၃၅၀ ပြည့်နှစ်၊ ဝါဆိုလတွင် မြင်းခြံမြို့နယ်၊ ဂေါင်းကွဲရွာ တိုက်ကျောင်း မဟာသတိပဋ္ဌာန် အလုပ်ပေး တရားစခန်း။

★ ၁၃၅၂ ခုနှစ်၊ ဝါဆိုလတွင် ဂေါင်းကွဲ ရွာ မိုးကောင်းကျောင်း အလုပ်ပေး တရားစခန်း။ တူရွှင်းဘိုရွာ စွန်းလွန်း ဝိပဿနာဌာနခွဲ တရားစခန်း၊

★ ၁၃၅၄ ခုနှစ်၊ တန်ခူးလတွင် ပဲခူး မြို့၊ အင်းဝင်ရပ်၊ အင်းဝင်ကုန်း တော် အလုပ်ပေးတရားစခန်း။

★ ၁၃၅၉ ခုနှစ်၊ ဝါဆိုလတွင် မြင်းခြံ မြို့မြောက်ဘက် ကံရွာ နန္ဒယာ ရာမကျောင်း စွန်းလွန်းဝိပဿနာ အလုပ်ပေးတရားစခန်း...

တို့ကို စတင်ဖွင့်လှစ်၍ ကမ္မဋ္ဌာနာ စရိယဆရာတော်အဖြစ် တရားပြခဲ့ရာ အဆိုပါနေရာများတွင် စတင်သည့် အချိန်မှစ၍ နှစ်စဉ် စဉ်ဆက်မပြတ် ဆက်လက် ကျင်းပနိုင်ခဲ့သည်ဆို၏။

ပဋိပတ် သာသနာပျိုးပင်များ စိုက်ပျိုးပြုစုတော်မူခဲ့သည့် တရား ဥယျာဉ်မှူးဆရာတော် ဖြစ်တော်မူလေ သည်။

## အစွမ်းထက်သည့် ပရိတ်ရေ

လက်ရှိဆရာတော် ဦးဉာဏဝရဗုဒ္ဓိ က ကျောင်းဆောင်အပေါ်ထပ်သို့ ခေါ်ဆောင်သွားကာ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာတော်၏ ပရိတ်ကြိုးများ

ဦးပဏ္ဍိတက ပေးကြားတော်မူခဲ့သည့် မဟာသတိပဋ္ဌာနသုတ္တန် တရားတော် အမှတ်စဉ်(၁၊ ၂၊ ၃၊ ၄၊ ၅) စာအုပ်များကို စွန့်လှူပေးတော်မူသည်။

ထို့အပြင်ထပ် ဘုရားခန်းတွင် စတီးရေစစ်အိုးဖြင့် ဆရာတော် ဦးပဏ္ဍိတ၏ ပရိတ်ရေများကို ပွားယူထားရှိကြောင်း သိရသည်။

ဆရာတော် ဦးပဏ္ဍိတ ပရိတ်တော် ပူဇော်ရာတွင် ရေများဆူပွက်ခြင်း မရှိသော်လည်း ထိုပရိတ်ရေများသည် ကျန်းမာရေးအတွက် အထူးပင် အစွမ်းထက်မြက်သည်။

သောက်မရောက် သူ့အတွက် အသက်ဓိဓိန မပျက်မကြွေအောင် တားဆီးပေးနိုင်သည်ဟု ကြားသိရ၏။ ထို့ကြောင့် ဦးဉာဏဝရဗုဒ္ဓိအား မေးမြန်းကြည့်သည်။

ဆရာတော် ဦးပဏ္ဍိတ ပျံတော်မူရန် နှစ်ပတ်ခန့်အလို ၁၃၆၉ ခုနှစ်တွင် စစ်ကိုင်း၊ ဝါးချက်ရွာ၊ ကျူစွာချောင် ဆရာတော် ဦးလက္ခဏ နှလုံးရောဂါ ဝေဒနာ ပြင်းထန်စွာ ခံစားရသဖြင့် တပည့် ဒါယကာများ ပင့်ဆောင်ချက်အရ ဆရာတော် ဦးပဏ္ဍိတနှင့် ဦးဉာဏဝရဗုဒ္ဓိတို့ သွားရောက်ကာ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပေးကြသည်။

ကျူစွာချောင် ဆရာတော်မှာ နှလုံး ချို့ယွင်းမှုကြောင့် နှလုံးခုန်စက်ဖြင့် အစားထိုးကုသရန် စောင့်ဆိုင်းနေရချိန် ဖြစ်သည်။

ဆရာတော် ဦးပဏ္ဍိတ ကြွရောက်၍ ပရိတ်ကမ္မဝါများ ရွတ်ဖတ်ပူဇော်ပေးပြီးနောက် ထိုပရိတ်ရေ သုံးဆောင်ခြင်းဖြင့် ကျူစွာချောင်ဆရာတော်မှာ ခွဲစိတ် အစားထိုးရခြင်း မရှိဘဲ ပကတိ ကျန်းမာလာခဲ့သည်ဟု ကြားနာရလေသည်။

ဤပရိတ်ရေများမှာ ဆရာတော် ရှိစဉ်ကပင် ရွတ်ဖတ်ပူဇော်ရာ၌ ထားရှိခဲ့ကာ ပွားများ၍ ဦးဉာဏဝရဗုဒ္ဓိစသော တပည့် သံဃာတော်များ ဆက်လက်ပူဇော်ခဲ့ကြသည့် ပရိတ်ရေ ဖြစ်သည်။

ရပ်နီးရပ်ဝေး ပရိသတ် သာဝကများသည် ဤပရိတ်ရေကို ပင့်ဆောင်သွားများကာ ကျန်းမာရေးမှအစ လောကီ မျက်နှာစာများတွင် အောင်မြင်မှုရကြောင်း သိရှိရသည်။

အလားတူပင် ပရိတ်ရွတ်ဆိုပူဇော်ရာတွင် ထားရှိသော ပရိတ်ကြိုးများသည်လည်း အစွမ်းထက်မြက်လှသည်။ ယာဉ်ရထားနှင့် အခြားသော မတော်တဆဖြစ်မှုဘေးမှ လွတ်ကင်းစေနိုင်ကြောင်း သိရှိရသည်။

ရှေ့လ ဆက်ဖော်ပြပါမည်

**စံထွန်းသော**



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူတလဲ

ကြည့်ပါ။

- ဉာဏ်လမ်းကြောင်းနဲ့ အသက်လမ်းကြောင်း ကွာဟနေတယ်။ (က)

ဒါကတော့...

ဖွတ်တချွတ်ဆန်မယ်၊ ထိန်းသိမ်းရခက်ခဲမယ်၊ ဇော်ဖြင်းယားမယ်။

- လက်သန်းတိုပြီး ကြောင့်တယ်။ (ခ)

ဒါကတော့...

စကားပြောင်မယ်၊ ပရိယာယ်ကင်းမယ်၊ ဟန်လုပ်ပြီး အလိုက်သင့် စားပေါက်ချောင်အောင်နေတဲ့စိတ်မရှိဘူး။ တွင်းတွင်းပြောမယ်။

- လက်မ တောင့်တင်းပြီး ကြောင့်မတ်နေတယ်။ (ဂ)

ဒါကတော့...




ခိုင်မာတဲ့ကြံ့ခိုင်
မယ် သဘောရှိမယ်
ကြောက်မရွံ့ အရာရာကို
ခိုင်ခိုင်မာမာ ပြတ်ပြတ်သားသား
ခိုင်ခိုင်မာမာ ရင်ဆိုင်ရဲတဲ့ စွမ်းရည်ရှိမယ်။
ယုံကြည်စိတ်ရှိတယ်။
ကဲ ဒါဆိုရင်...
သူ ဘယ်လိုလူစားလဲဆိုတာ
သိပြီးသောက်ပါပြီ။

အောင်ပါစေ အောင်ပါစေ

**သန်းပညာ**

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်ဓာတ်ကျ စိတ်ဓွေးခြင်း (ဆောင်းပါး)


'ဟေ့ ကိုကြီးကောင်း အိပ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိပ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး။ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ။ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ "အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ" ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း။ အားအင်ကုန်ခန်းခြင်း။ သုက်ဓာတ်အားနည်းခြင်း။ သုက်လွှတ်မြန်ခြင်း။ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း။ ပင်ပန်းနွမ်းနယ်နေခြင်း။ စိတ်ဖိစီးမှုများခြင်း။ အကြောအားနည်းခြင်း။ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း။ စားမကောင်းခြင်း။ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း။ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား, နှလုံးအား, သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောရှဲ့၍ စိတ်ဓာတ်အား, ဆန္ဒအား, အကြောအား, ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို


ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်ဓာတ်ကျ စိတ်ဓွေးခြင်း

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး

မှီဝဲ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (၀၇၁၁ YR ၀၀၆၀၂၄)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆေက(တနယ်ဖင်း)
၅၃/၀၅၁၃


သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သား မြေပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွစေ တဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အား တိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့


# ဆရာမြင့်

## စကြာမင်း တိုင်းရင်းဆေးတိုက်

အမှတ် (၈/၆၆၆)၊ သုဝဏ္ဏလမ်းမကြီး၊ သုဝဏ္ဏမှတ်တိုင်အနီး

(၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၅၂၂၅၉


ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေကူကြီးမြိုင် [illegible]

# ရွှေကူကြီးမြိုင် ဆရာတော်ကြီး

## ၏ လက္ခဏာတော်တို့ ပူဇော်ခြင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေသ)
လက္ခဏာဗေဒင်ပညာသုတေသီ

ရွှေဟောင်းသမိုင်းဝင် ကျိုက်မွတ်ဘီ ဆံတော်ရှင်စေတီတော်အား သွားရောက်ဖူးမြော်စဉ် ဆံတော်ရှင်စေတီတော်တောင်ထိပ်တွင် ဓမ္မာရုံဆောက်လုပ်နေသည့် ဦးပဥ္စင်းဦးဥတ္တမနှင့် တွေ့ဆုံရင်းနှီးခဲ့ပါသည်။

ထိုဦးပဥ္စင်းဦးဥတ္တမမှာ မြဝတီမြို့နယ်ရှိ ရွှေကူကြီးမြိုင်ဆရာတော်၏ တပည့်ရင်းဖြစ်ကြောင်း သိရှိရသည်။ မိုးတွင်းကာလတွင် ရွှေကူကြီးမြိုင်မှာပင် သီတင်းသုံး ဝါဆိုမည်ဖြစ်၍ ရွှေကူကြီးမြိုင်သို့ တစ်ခါတစ်ခေါက် လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပါသည်။

ကျွန်ုပ်လည်း ရွှေကူကြီးမြိုင်ဒေသကို ကြားဖူးနေသည်မှာ ကြာပြီဖြစ်သော်လည်း တစ်ကြိမ်တစ်ခါမှ မရောက်ခဲ့ဘူးသဖြင့် ဒေသန္တရဗဟုသုတ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် သွားရောက်ရန် ရည်ရွယ်ရင်း ရှိခဲ့သည့်အတိုင်း လာလည်ပါမည်ဟု ကတိပေးခဲ့သည်။

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ တတိယပတ်အတွင်း ကျွန်ုပ်တို့မိသားစုသည် ရန်ကုန်မြို့မှ မနက်(၄)နာရီခန့် ကိုယ်ပိုင်ကားနှင့် ခရီးစထွက်သည်။ ရန်ကုန်သို့ အလည်ရောက်ရှိသော ဦးပဥ္စင်းဦးဥတ္တမလည်း ကျွန်ုပ်တို့ ကားနှင့် အတူလိုက်ပြန်ပါသည်။

ရန်ကုန်–ဘားအံ မော်တော်ကားမောင်းချိန် (၅)နာရီခန့်သာ ကြာသည်။ လမ်းတွင် အတူပါသော ဦးပဥ္စင်းကို အရုဏ်ဆွမ်းကပ်ခြင်း၊ ကျွန်ုပ်တို့ နံနက်စာစားခြင်းတို့ ပြုကြခြင်းကို ကျိုက်ထိုမြို့အဝင် ခိုင်ခိုင်ကျော် စားသောက်ဆိုင်မှာ ဆောင်ရွက်ခဲ့ကြသည်။

ဘားအံမြို့မှ ကော့ကရိတ်မြို့သို့ အချိန် သုံးနာရီခွဲခန့် မောင်းရသည်။ ကျိုင်းရွာတွင် ဦးပဥ္စင်းကို နေ့ဆွမ်းကပ်ပြီး ကျွန်ုပ်တို့မိသားစု နေ့လယ်စာ ထမင်းစားသောက်ကြသည်။

ထိုမှ ဆက်ထွက်ပြီး ကော့ကရိတ်မြို့

www.burmeseclassic.com

သို့ ရောက်ရှိသည်။ ကော့ကရိတ်-မြဝတီ အာရှလမ်းသစ်အတိုင်း အချိန်နာရီဝက်ကျော်ကျော် မောင်းသောအခါ သင်္ကန်းညိုနောင်မြို့သို့ ရောက်ရှိကြသည်။

သင်္ကန်းညိုနောင်မှ မြဝတီမြို့သို့ ဆက်မသွားဘဲ ရွှေကုက္ကိုမြို့သို့ ထပ်ခွဲအတိုင်း ဆက်မောင်းရသည်။ ငွေရှမ်းရွာ၊ ရေပ်ဖြူကုန်းရွာ၊ မွဲပလဲ့ရွာတို့ကို ကဗ္ဗရာလမ်းအတိုင်း ဖြတ်သန်းရသည်။

ငွေရှမ်းရွာတွင် ခြေတော်ရာတောင်ရှိကြောင်း၊ ခြေတော်ရာဘုရားပွဲကာလတွင် အလွန်စည်းကားကြောင်း သိရသည်။

မွဲပလဲ့ချောင်းကူး တံတားကျော်ပြီးနောက် စမွလိုက်ရွာ၊ ထီးချားရားရွာတို့ကို ဖြတ်ကျော်ရပြီးနောက် တောင်တက် တောင်ဆင်း အကွေ့အကောက်များစွာ ဖြတ်ကျော်မောင်းနှင်ရသည်။

ကဗ္ဗရာလမ်း အလွန်ကောင်းသည်။ လမ်းဘေးဘယ်ညာ မြင်မြင်သမျှတွင် ပြောင်းဖူးစိုက်ခင်းများကိုသာ တွေ့မြင်ရသည်။ ရော်ဘာစိုက်ခင်းလည်း ကြိုးကြားကြိုးကြား တွေ့ရသည်။

အချိန် နာရီဝက်ခန့် ကြာပြီးနောက် လမ်းဆုံတစ်ခုကို ရောက်သည်။ အစောင့်ကင်းစခန်းရှိသည်။ BGF တပ်ဖွဲ့ဝင်အချို့ရှိသည်။ လမ်းလယ်တွင်…

လှိုက်လှဲစွာ ကြိုဆိုပါ၏
ရွှေကုက္ကိုမြို့ မြဝတီမြို့

ဆိုင်းဘုတ် တွေ့ရသည်။

သင်္ကန်းညိုနောင်မှ ရွှေကုက္ကိုမြို့အထိ လမ်းတစ်လျှောက် အပါအဝင် ရွှေကုက္ကိုမြို့ ဒေသတစ်ခုလုံးမှာ သေနတ်သံ တစ်ချက်မှ မကြားရဘဲ




ငြိမ်းချမ်းနေသည်မှာ (၁၅)နှစ်ခန့်ရှိပြီဖြစ်ကြောင်း သိရပြန်သည်။

ထိုနေရာမှ ဆက်မောင်းပြီး (၁၀) မိနစ်ခန့်တွင် လူနေအိမ်ခြေများ စတင်တွေ့ရှိရသည်။ တိုက်တာအဆောက်အအုံ များစွာရှိသည်။ ရွာလယ်လမ်းဆုံနေရာတွင် နာရီစင်ရှိသည်။ ဖားစည်ပုံနှင့် ကရင်အလံပုံများဖြင့် တန်ဆာဆင်ထားသဖြင့် အလွန်ကြည့်ကောင်းပါသည်။

ထိုလမ်းဆုံနှင့် မနီးမဝေးမှာ အထက်တန်းကျောင်းနှင့် အားကစားကွင်း(ဘောလုံးကွင်း) တွေ့ရသည်။ ကျောင်းနှင့် ဘောလုံးကွင်းကြားမှ အင်္ဂတေလမ်းအတိုင်း ဝင်သွားရာ စေတီတော် ပရိဝုဏ်တစ်ခုသို့ ရောက်ရှိသည်။

စေတီတော်မှာ ရွှေတိဂုံစေတီတော်နှင့် ပုံတူ တည်ထားခြင်းဖြစ်သည်။ အရွယ်အစားတော့ ငယ်ပါသည်။ ၎င်းစေတီတော်၏ ဘွဲ့အမည်မှာ "ဒီတာ ဇီစမျှုဒီပါစေတီ" ဖြစ်ကြောင်း သိရ



www.burmeseclassic.com

www.burmeseclassic.com

သည်။

စေတီတော်အနီးတွင် နှစ်ထပ်ဓမ္မာရုံကြီးတစ်ဆောင်လည်း တွေ့ရသည်။ ဤနေရာကား ရွှေကူကြီးမြိုင် ဆရာတော် သီတင်းသုံးရာ **“မဟာသုခ အောင်မင်္ဂလာ သောမဲ့ကျောင်း”** ပရိဝုဏ်ဖြစ်ပါသည်။

ဦးပဉ္စင်းညီဥတ္တမက ကျောင်းပရိဝုဏ်တစ်ပတ် ကားမောင်းနိုင်ပြီး လိုက်ပြပါသည်။ ကျောင်းပရိဝုဏ်မှာ ဧကများစွာ ကျယ်ဝန်းပါသည်။ သစ်ပင်မျိုးစုံနှင့် အရိပ်အာဝါသကောင်းသလို စိမ်းစိမ်းစိုစိုနှင့် မျက်စိအေးလှသည်။

ကျောင်းပရိဝုဏ်အတွင်းမှာ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ စသော အဆောက်အအုံများလည်း အလုံးသုံးလေးဆယ်ခန့်ရှိသည်။ ရွှေတိဂုံပုံတူ စေတီတော်ကြီး၏ အရှေ့ဘက်နှင့် အရှေ့တောင်ဘက် ကပ်လျက်မှာ နဂါးရုံဘုရား၊ ဝတ်ကျောင်းဘုရား၊ စေတီငယ်တစ်ဆူတို့ကိုလည်း ဖူးတွေ့ရသည်။

ရွှေတိဂုံပုံတူ စေတီတော်၏ အနောက်မြောက်ရင်ပြင် အနီးမှာ တရားဟော မဏ္ဍပ်ကြီးရှိသည်။ ထိုမဏ္ဍပ်၏ တောင်ဘက်ကပ်လျက်မှာ ဆွမ်းစားကျောင်းရှိပြီး ဆွမ်းစားကျောင်း၏ အရှေ့ဘက်မှာ ရွှေကူကြီးမြိုင် ဆရာတော် သီတင်းသုံးသော သစ်သားကျောင်းငယ် ရှိပါသည်။

ကျွန်ုပ်တို့မိသားစုကို ဦးပဉ္စင်းညီဥတ္တမက တည်းခို ညအိပ်ရန် နေရာထိုင်ခင်းစီစဉ်ပေးနေစဉ် ကျွန်ုပ်က ရွှေကူကြီးမြိုင်ဆရာတော်အား သွားရောက်ဖူးမြော်ပါသည်။

ဦးပဉ္စင်းညီဥတ္တမက မိတ်ဆက်ပေးပြီး နောက် ဆရာတော်၏ ဘယ်၊ ညာ လက်ဖဝါးပြင်တို့ကို ပုံနှိပ် ရယူပါသည်။




ရွှေကူကြီးမြိုင် ဆရာတော်၏ ဘွဲ့အမည်မှာ ဘဒ္ဒန္တကောသလ္လဖြစ်ပြီး ၁၃၂၃ ခုနှစ်၊ နယုန်လဆန်း(၉)ရက် တနင်္လာနေ့မှာ မုလအိဘုရား တောင်ခြေရှိ ကွင်းကလေးကျေးရွာတွင် ဖွားမြင်ခဲ့သည်။ စကောကာရင်တိုင်းရင်းသား ဖြစ်၏။ ဖခမည်းတော်ဦးထွန်းကြိုင်နှင့် မယ်တော်ဒေါ်မမေတို့၏ သားသမီး(၄)ဦးတွင် တတိယဖြစ်သည်။

ဘုန်းကြီးမျိုးရိုးဖြစ်၍ အဘိုး၊ ဘကြီး၊ ဦးလေး၊ အစ်ကိုကြီးစသည်တို့မှာလည်း ဘုန်းကြီးဝတ်များဖြစ်ကြောင်း သိရသည်။

အသက်(၉)နှစ်အရွယ်တွင် မြဝတီမြို့၊ မိုးကုတ်စက်ဝိုင်းကျောင်း ဆရာတော်ဦးအရိယဝံသကို ဥပဇ္ဈာယ်ပြု၍ ကိုရင်ဝတ်ခဲ့သည်။

ထို့နောက် မြဝတီမြို့တော်ရကျောင်း ဆရာတော် ဦးဝဇီရာသီရိကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဝတ်ခဲ့သည်။ [ကိုရင်မှ ထွက်ပြီး အိမ်ထောင်ကျပြီး အသက်(၂၇) နှစ်မှ ရဟန်းဝတ်ခြင်းဖြစ်သည်။]



www.burmeseclassic.com

www.burmeseclassic.com



▲ ရွှေကူကြီးမြို့ ရွှေစည်းခုံဘုရား စေတီတော် (မဟာဝိဇယမြို့ဦးစေတီတော်ကို မှုမြင်ရပုံ)

▼ ရွှေကူကြီးမြို့ မဟာသုခအောင်မင်္ဂလာ တောရကျောင်းသို့ အဝင်လမ်းမုခ်ဦး



▼ ရွှေကူကြီးမြို့တောသို့ အဝင်ဝရောက်



ပရိယတ္တိစာပေအနေဖြင့် မော်လမြိုင်မြို့ မောင်ငံရပ်၊ နတ်မော်ကျောင်း ဆရာတော် ဦးသုမန(ပါဠိပါရဂူ)ထံတွင် သဒ္ဒါပါဠိစာမေးပွဲ မူလပထမ၊ မူလဒုတိယ၊ မူလတတိယ စသည်ဖြင့် သင်ယူဖြေဆိုခဲ့သည်။

ထို့ပြင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးကျောင်းတွင် (၃)နှစ်ကြာအောင် ကျမ်းကြီးပေါက် သင်ယူခဲ့သည်။

ထို့နောက် ကရင်ပြည်နယ်သို့ ပြန်လာပြီး ဖလူးရွာ၊ သီဘောဘိုးရွာတို့တွင် သီတင်းသုံးခဲ့သည်။ ထိုင်း(ယိုးဒယား) နိုင်ငံမှာလည်း သွားရောက် သီတင်းသုံးခဲ့ဖူးသည်။

ရွှေကူကြီးမြို့သို့ ရောက်ရှိ သီတင်းသုံးခဲ့သည်မှာ (၂၇)နှစ် ကြာခဲ့ပြီဟု သိရသည်။

ဆရာတော်မှာ ဘုရားတည်ကျောင်းဆောက်စသော သာသနာ့တာဝန်များကို အားသွန်ကြိုးပမ်းခဲ့ရာ ထိုင်း (ယိုးဒယား)နိုင်ငံအတွင်း စေတီတော်ပေါင်း (၃၁)ဆူတည်ခဲ့ပြီးဖြစ်သလို ကရင်ပြည်နယ် အတွင်းမှာလည်း စေတီတော်ပေါင်း (၅၉၇)ဆူ တည်ထားခဲ့ပြီး ဖြစ်သည်။

ကရင်ပြည်နယ်နှင့် ထိုင်း(ယိုးဒယား) နိုင်ငံနယ်စပ်၊ သောင်ရင်းမြစ်ကမ်းတစ်လျှောက် ဗုဒ္ဓသာသနာ ပြန့်ပွားစေရန် အထူးကြိုးပမ်းရာ ရွှေကူကြီးမြို့ ဘုန်းတော်ကြီး ကျောင်းခွဲပေါင်း (၃၉) ကျောင်းရှိပါသည်။

ဆရာတော်မှာ မြဝတီမြို့နယ် ရွှေကျွင်နိကာယ သံဃနာယက ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါသည်။ ဆရာတော်၏ ယခုလက်ရှိ သက်တော် (၅၅)နှစ်၊ (၂၈)ဝါအတွင်း ဘုရားတည်



www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရေတွင်း ရေကန်တူးခြင်း စသည်တို့ကို အားကြီး မာန်တက်ကိုယ်တိုင် ဦးဆောင် လုပ် ကိုင်ခဲ့သဖြင့် ဆရာတော်၏ လက်ဖဝါး ပြင်တို့မှာ မာကျော ကြမ်းရှနေပါ သည်။

ဆရာတော်၏ ပင်ကိုယ်မှာ ဝါရှာ ထည်ဝံမှုကို မနှစ်သက်သဖြင့် ဘယ် ဆောက်အဦ သစ်သားကျောင်းငယ်၊ ထိကျောင်းငယ်များတွင်သာ မြဲမြဲ သီတင်းသုံးသည်။ တောမှဲ့ သက်ငယ် ချစ်မြဲမှုတို့ကို ရာသက်ပန် ဘဉ်ဖေး သည်။

ဆရာတော်မှာ ထိုင်းဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင် ဘာသာနှင့် မြန်မာဘာသာစကားတို့ကို ကောင်းစွာ နားလည်ပြောဆိုနိုင်သည်။ မြန်မာစကားပြောရာတွင် ကရင်သံဝဲ ခြင်းမရှိ အလွန်ပီသသည်။

ဆရာတော်မှာ ဘုရားရှိခိုးခြင်း၊ ဆိုက်တော်များ ရွတ်ပွားခြင်း၊ ပဋ္ဌာန်း တော်များ ရွတ်ပွားခြင်း၊ တရားဟော ခြင်းတို့ကို နေ့စဉ်ဆောင်ရွက်သလို ထည့် သံဃာတော် ရဟန်းကိုရင်များ ကိုလည်း အဆင့်ဆင့် သင်ကြားပေး လေ့ရှိသည်။

ဤဆောင်းပါးတွင် ပူးတွဲဖော်ပြထား သည့် ရွှေကုက္ကိုမြိုင် ဆရာတော် ဘုရားဘာသရေ၏ ဘယ်/ညာ လက်ဖဝါး ပြင်ပုံစံများကို လေ့လာ စစ်ဆေးသော အခါ အောက်ပါ ထူးခြားချက်များကို တွေ့ရှိရပါသည်။

၁။ ဘယ်/ညာ အသက်လမ်းကြောင်း တို့မှာ ဖြောင့်တန်းခြင်း၊ တနလ်ာ ဂြိုဟ်ခုံဘက် ကားထွက်နေခြင်း။

[(က)အကျိုးရာ]

ခွဲကောင်းခြင်း၊ လုံ့လဝီရိယကြီးမားခြင်း၊ ဖွံ့ဖြိုးနိုင်ခြင်း၊ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဖြစ်စေပါသည်။



◆ မဟာဝိသုဒ္ဓါရုံဆရာတော် အထူးဘက် ရုပ်ပြင်အမိုးရှိ ဘုရားရုပ်ပွားတော်များကို ဖူးမြော်ကြ

◆ မဟာဝိသုဒ္ဓါရုံဆရာတော်၏ အဆောက်အဦကြောင်းအတိုင်း ဆောက်လုပ်ထားသဲ ရွှေတိုကြီး



◆ ရွှေကုက္ကိုမြိုင် ရွာလယ်လမ်းဆုံနာရီစင်



www.burmeseclassic.com



◆ [illegible]
[illegible]



◆ [illegible]
[illegible]

၂။ ဘယ်/ညာ တနင်္လာဂြိုဟ်ခုံ အပေါ် ပိုင်းတို့မှာ **သဘာဝဓမ္မတစ်လုံးစီ ရှိသည်။ ထံခါးကာဝိဓမ္မဟုလည်း** ခေါ်သေးသည်။ [(စ)အက္ခရာ]
ရေမြေတောတောင် သဘာဝအလှတို့ကို နှစ်သက်ခြင်း။ တောထဲတောင်ထဲမှာသာ အနေပျော်ခြင်း။ အတိတ်ဘဝ ကုသိုလ်ကံထူ ကြောင့် ရုတ်တရက် မထင်မှတ်တဲ့ အကူအပံ့ အလှူစုထူးပွင့်သည်။ စသည် အစုအပုံ အမျိုးမျိုး လှူဒါန်းပေးကပ်မည့်သူ ပေါ်ပေါက်ခြင်း။ အလှူခံရှိခြင်း။ မြို့လည် လှူဒါန်းသာသနာ မြှင့်ခြင်းတို့ ဖြစ်ပေါ် သည်။

၃။ ဘယ်လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံတွင် **ညောင်ရွက်ပုံ မင်္ဂလာအမြီအစုံရှိခြင်း။**
[(ဂ) အက္ခရာ]
အကြီးအမှူး ဦးစီးခေါင်းဆောင်ဖြစ်ခြင်း။ အုပ်ချုပ်စီမံခန့်ခွဲမှု ကောင်းမွန်ထူးချွန်ခြင်း။ ရာထူးကြီးမြင့်မားသူတို့၏ ကိုးကွယ် ထောက်ပံ့ခြင်းတို့ဖြစ်သည်။

၄။ ဘယ်/ညာ လက်သူကြွယ်ရင်း ကဝ်လျက် **ဒေါင်းလံသဏ္ဍာန် မင်္ဂလာအမြီအစုံရှိခြင်း။**
[(ဃ) အက္ခရာ]
သာသနာပြုလုပ်ငန်းများ၊ အောင်မြင် ပြီးမြောက်ရန်နှင့် စီးပွားလုပ်ငန်းနယ်ပယ်တွင် အောင်မြင်ကျော်ကြား ထိပ်ပိုင်းရောက်ရန် အထောက်အပံ့ဖြစ်ပါသည်။

၅။ ဘယ်/ညာ အသက်လမ်းကြောင်း အတွင်းရှိ အင်္ဂါဂြိုဟ်ခုံထဲသို့ ဦးခေါင်း လမ်းကြောင်းအများမှ လမ်းခွဲထိုး ဝင်နေခြင်း။ [(င)အက္ခရာ]
စိတ်တိုစိတ်မြန် ဒေါသကြီး စည်းကမ်း တင်းကျပ်တတ်သော ပင်ကိုစရိုက် ရှိနိုင်သော် လည်း ဘယ်/ညာလက်သန်းထိပ်များတွင် ခရုပတ်တွေများရှိ၍ လည်းကောင်း၊ ဦးခေါင်း လမ်းကြောင်းက တနင်္လာဂြိုဟ်ခုံဘက်ကျွေ ခြင်းကြောင့်လည်းကောင်း စိတ်မြင့်ထား မာကျောခြင်းကို ထိန်းချုပ်နိုင်စွမ်းရှိသည်။
[(င)အက္ခရာ]

ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ရွှေကုက္ကိုမြို့သို့ တစ်ခါတစ်ခေါက် ဒေသန္တရ ဗဟုသုတရရန် ခရီးသွားရင်း ရွှေကုက္ကိုမြို့ဆရာတော်အား ဖူးမြင် ကာ ဆရာတော်၏ ဘုရားတည် ကျောင်းဆောက် သာသနာပြုလုပ်ငန်း များကို တတ်အားသရွေ့ ပါဝင် ကူညီ ဖြည့်နိုင်ကြပါစေသတည်း။

**အောင်မြင်ကျော်ကြား ချမ်းသာ ကြီးပွားစေသော်...**

ဆရာကြီးဦးအောင်မြိုင်
(ဥပဓေဒ)
[လက္ခဏာဗေဒင်ပညာသုတေသ...



www.burmeseclassic.com

www.burmeseclassic.com

# ချစ်မှုရေးရာ လက္ခဏာ




ကြည့်ပါ။

- အခက်အလက်ဖြင့်စတဲ့ နှလုံးလမ်းကို တွေ့ရတယ်။ (က)

ဒါကတော့...

အချစ်ရေး အိမ်ထောင်ရေးမှာ ကံကောင်းစေတဲ့ သင်္ကေတပါပဲ။

- ကြာသပတေးဂြိုဟ်ခုံတွင် ကြဖာ လမ်းထစ်ကြောင်း တွေ့ရတယ်။ (ခ)

ဒါကတော့...

ဘဝအခြေအနေ တိုးတက်မြင့်မားမှုနဲ့ သန့်ပြည့်ဝမှုကို ဖြစ်စေတဲ့သင်္ကေတပါ။

ကဲ ဒါကြောင့်...

"ရောကန်အသင့် ကြာအသင့်" လို အချစ်မျိုးလို့ ဆိုချင်ပါတယ်။

[illegible]

ဦးသော်ခင် (ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com

**ORGANIC PRODUCTS**
**FROM KANDARAWADDY ORGANIC HERB FARM**

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၂/၂၀၁၂၂၀၀၀၀၀/ထိုင်(၁၀၂၇)

ပင်ရုံး   တိုက်၇ရ၊ အမှတ်ဆီဆိုင် ကန္တရဝတီဈေးတိုက် အမှတ်-၃၄၃၊ ဓနသိဒ္ဓိလမ်း၊ (၁)ရပ်ကွက်
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း ၀၉ ၅၀၄၀၁၄၀၁၊ ၀၉ ၄၂၀၀၀၄၀၈၅




**ကြက်လည်ဆံ ဆီးစေးပြား**
**အပြား ၁၀၀ပါ ဗူးကြီး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)






**ကြက်လည်ဆံ ဆီးစေးပြား**
**အပြား ၄၀ပါ ဗူးငယ်**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)





**မင်းမကိုဋ်**
**သွေးတိုး ဆီးချိုကျဆေး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012254(0916)





**ရင်ကြိမ်းဆေး**
**နှလုံးဆေး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012014(0516)



ကြော်ငြာခွင့်ပြုချက်အမှတ် တအဆက(ဓာနယ်ခင်း) ၆၇/၀၆၁၃



www.burmeseclassic.com

www.burmeseclassic.com



◆ နိုးကင်းမြို့နယ်များအတွင်း ရောက်ခဲ့သူတိုင်း မှော်ဘီသိဒ္ဓိဘုရားတော်ကို ကြည်ညိုကြ ဖူးမြော်ကြသည့်ပုံ

# မှော်ကလေဒီ မှော်ကလျောင်

## တောင်ထွတ်များပေါ် ဆံတော်ရှင် ဘုရားဖူးခရီး (၄)

မြောက်ခြံ (L.L.B)

သစ်ပင်ယမ္မာ တံခွန်

ကျွန်ုပ်တို့လည်း ခွင်းစားစရိပ်မှ ပြန်လာကြပြီး မှော်ရုံကြီးသို့ ရောက်သောအခါ ဘုရားဖူးတစ်ဖွဲ့က ဤမှော်ရုံတွင် ပစ္စည်းများ ချထားသည်။

မိကရင်ကျောင်း ဆရာတော်နှင့် မြေကွင်းတောရတိုက်ကျောင်း တိုက်အုပ်ဆရာတော်တို့က ရွှေကုက္ကိုလ်မြို့ ဆရာတော်၏ တပည့်ဦးပဥ္စင်း ဦးဥတ္တမ သီတင်းသုံးရာ မှော်ရုံတွင် ရောက်ရှိနေသဖြင့် ကျွန်ုပ်နှင့် ကပ္ပိယကျောင်းသား မောင်ကျော်လှတို့လည်း ထိုမှော်ရုံသို့ သွားရောက်ပြီး ညအိပ်ရန် ပြင်ဆင်ကြပါသည်။

ထိုအချိန်မှာပင် မှော်ရုံနှင့် မနီးမဝေး လမ်းပေါ်မှာ ကျွန်ုပ်တို့နောက်မှ ရောက်လာသော ဘုရားဖူးအဖွဲ့ဝင်များ လှုပ်လှုပ်ရှားရှား အသံဗလံများ ကြားရသဖြင့် သူတို့ ဘာတွေလှုပ်ရှားနေသနည်းဟု စူးစမ်းလိုစိတ်နှင့် အပြင် ထွက်ကြည့်မိသည်။

လျှပ်စစ်မီးစက်နှိုးပြီး မီးပေးထားသဖြင့် ဇရပ်၊ မှော်ရုံ၊ အဘိုး(ကျောက်လုံးကြီး)ကျောင်းဆောင်၊ အလျှံမဏ္ဍပ်တို့မှာ မီးလင်းထိန်နေသည်။

ထိုမီးရောင်ဖြင့် လှုပ်ရှားနေသူတို့ကို တွေ့မြင်ရသည်။ ဝါးများကို ဓားနှင့် ခုတ်ဖြတ်နေကြသဖြင့် မေးကြည့်မိ၏။

'ဒီဝါးတွေကို ဝါးမင်းလို့ခေါ်တယ်။ ခုလို ညဘက်တွေမှာ ဝါးမင်းကို ခုတ်ယူပြီး ကိုယ့်အရပ်နဲ့အညီ တိုင်းဖြတ်ရတယ်။ ပြီးရင် မောဟိုက အဘိုး(ကျောက်လုံးကြီး) ကျောင်းမှာ သွားထောင်ထားရတယ်။ လိုရာဆုတောင်းကြရတယ်။

မနက်မိုးလင်းမှာ သွားပြန်ယူပြီး ကိုယ့်အရပ်နဲ့ ပြန်တိုင်းကြည့်ရတယ်။ ဝါးက အရပ်ထက် ပိုရှည်နေရင် ဆုတောင်းပြည့်တယ်။ ဝါးက အရပ်အောက် တိုနေရင် ဆုတောင်းမပြည့်ဘူးလို့ ယုံကြည်ကြတယ်'

ဒေသခံဘုရားဖူးတစ်ဦးဟု ယူဆရသော ပြန်ရှင်းပြပါသည်။

ထို့နောက် သူတို့အားလုံး အဘိုး (ကျောက်လုံးကြီး) ကျောင်းဆောင်သို့





www.burmeseclassic.com



◆ [illegible]

◆ [illegible]
တောင်ကုန်းထိပ်ရှိ စေတီတော်ကို လှမ်းမြင်ရပုံ



သွားကြသဖြင့် ကျွန်ုပ်လည်း လိုက်သွားသည်။ အဘိုးကျောင်းတွင်းမှာ **စီးတော်ကျားရုပ်၊ ဘီလူးရုပ်၊ ကပ္ပရသေ့ရုပ်တု၊ ရွှေဟောင်းနဂါး၏ ရုပ်ပွားတော်နှင့် ကျောက်လုံးကြီး။** ကျောက်လုံးကြီးရှေ့တွင် ကန်တော့ပွဲ ကျောက် လုံးကြီးပေါ်မှာ ဝါးမင်းများ ထောင်ထားသည်ကို တွေ့ရ၏။

ကျောက်လုံးကြီးရှေ့မှာ ပူဇော်ခံထားသော နဂါးရုံဗုဒ္ဓရုပ်ပွားတော်၏ ပုံသဏ္ဍာန် အတော်ထူးခြားပါသည်။ ဒူးတော်တစ်ဖက်ထောင်၍ ညာလက်ဖဝါး ထောင်ထားသည်။ ထိုင်းလက်ရာဟု ယူဆမိပါသည်။

ကျောက်တုံးကြီး၏ ညာဘက်ရှေ့တွင် ဆံတော်ရခဲ့သော ကပ္ပရှင်ရသေ့၏ ရုပ်တုတော်ကြီးရှိသည်။ ဒေသခံများက အဘိုးဟုလည်းကောင်း ဘိုးဘိုးဟုလည်းကောင်း ခေါ်ကြသည်။

ဘုရားဖူးများက အဘိုးကျောင်း (ကျောက်လုံးကြီး)ရှေ့မှာ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ကန်တော့ပွဲ စသည်တို့ လှူဒါန်းခြင်း၊ အဓိဋ္ဌာန်ဝါးများ ထောင်ခြင်း၊ ရှိခိုးပူဇော်ဆုတောင်း အဓိဋ္ဌာန်ပြုခြင်းတို့ ဆောင်ရွက်ကြသည်ကို ကျွန်ုပ်လည်း မှတ်တမ်းဓာတ်ပုံများ ရိုက်ယူပါသည်။

သူတို့အဖွဲ့ ဆုတောင်းပွဲပြီးသည်အထိ ကျွန်ုပ် မစောင့်ဆိုင်းတော့ ညအိပ်ရန် ဓမ္မာရုံသို့ ပြန်လာခဲ့၏။ ဓမ္မာရုံသို့ရောက်သောအခါ မောင်ကျော်





www.burmeseclassic.com



• မှတ်လသီတဂူအောင်ကျော် အထက်လမ်းတော်ရောက်မှ ကားလမ်းအတိုင်းလျှောက်လာသောအခါ သွင်မြို့ကိုပါ လှမ်းမြင်ရပုံ

• ကိုရင်လေးရှည်ပဲ အသွားလမ်း အခြေရာ



သွား အိပ်ရာခင်းပြီး လှဲနေပြီ။ မိကရင်ဆရာတော်နှင့် မြဝတီတောရတိုက်ကျောင်း တိုက်အုပ်ဆရာတော်တို့က ချင်းချင်း စကားပြောနေကြသည်။

ရွှေကုက္ကိုလ်မြိုင် ဆရာတော်ဦးကောသလ္လ၏ တပည့်ဦးပဉ္စင်း ဦးဥတ္တမ(ခေါ်) ဦးပုတီးနှင့်အတူ အဓိဋ္ဌာန်လာခဲ့နေသော ဘိုးတော်သက်ရှည်တို့ကလည်း အချင်းချင်း စကားပြောနေကြသည်။ ကျွန်ုပ်လည်း သူတို့နှင့် စကားပြောရင်း စပ်စုမိ၏။

'ဦးပဉ္စင်းအကြောင်း နည်းနည်းပြောပြပေးပါလား ဘုရား'

'ရွှေကုက္ကိုလ်မြိုင် ဆရာတော်ဦးကောသလ္လဟာ သက်တော်(၅၃)နှစ်ရှိပြီ။ ဦးပဉ္စင်းက ဆရာတော်နဲ့ လက်ထပ်ပြီး သာသနာပြုနေတာပါ။ အသက်(၁၃)နှစ် (၉)ဝါ ကရင်ပြည်နယ်မြောင်မြို့ရွာဇာတိပါ။ ဒါပေမယ့် မြန်မာနိုင်ငံအနှံ့တော့ ရောက်ဖူးတယ်'

'ဒါဆိုရင် မှတ်လသီစေတီတော်ကို ရောက်ဖူးသလား ဘုရား'

'ရောက်ဖူးတာပေါ့။ လွန်ခဲ့တဲ့ ကလေးကပဲ တစ်ခါရောက်ခဲ့သေးတယ်။ ခရီးစဉ်ကတော့ ရုကသီရွာကနေ ကားနဲ့သက်သွားရင် မြို့မှာ-ထိုင်းနယ်စပ်ကို ရောက်တယ်။ အဲဒီကနေ နယ်စပ်ကို ကျော်သွားပြီး ထိုင်းရွာကြီး (၃,၄)ရွာကို ဖြတ်သွားရတယ်။ ထိုင်းနယ်မှီပါတီဖြစ်ပေမယ့် နေထိုင်ကြတာက ကေအာကရင်တိုင်းရင်းသားတွေပါ။ အဲဒီရွာတွေ လွန်သွားရင် မှတ်လသီတောင်ခြေကိုရောက်ပြီ။ တောင်ခြေမှာ တောင်ယာလုပ်ကိုင်နေထိုင်တဲ့ ကရင်(၃,၄)

နံ့ဂျူကျူရောင်ခြည်မေ့ရှင်းမိရ



◆ ကိုင်းသာလတွင် ပူဇော်ထားသော စေတီငယ်ကို အနီးကပ်ရိုက်သည့် ဓာတ်ပုံရိုက်ထားပုံ

မွတ်လအိပ်စေတီတော်ရင်ပြင်တော်တွင် ဘုရားဖူးများ အာရုံပြု ကန်တော့နေပုံ ◆



အိမ်ရှိတယ်။

သူတို့ကို အကူအညီတောင်းတော့ သူတို့က တောင်ပေါ်တက်တဲ့လမ်းကို လိုက်ပြတယ်။ ကျိုက်ထီးရိုးတောင်တက်ခြေကျင်လမ်းလိုပါပဲ၊ လမ်းမှားစရာ မရှိပါဘူး။

အဲဒီတောင်ခြေကနေ တောင်ထိပ်ရင်ပြင်အထိ (၄)နာရီလောက် တက်ရတယ်။ ခပ်မြန်မြန်လို့ရှိ အတက်အဆင်းလမ်းရှိ တချို့နေရာမှာ လေးဖက်တွားပြီး တက်ရတယ်။ လူသွားလူလာ နည်းလို့ လမ်းသိပ်မကောင်းဘူး။

စေတီတော်တစ်ဆူ တောင်ထိပ်မှာ ဖူးရတယ်။ မွတ်လအိပ် စေတီတော်ပေါ့။ ဘုရားရင်ပြင်မှာ ကင်ပွန်းနက် အပင်နှစ်ပင်ပေါက်နေတာ တွေ့ရတယ်။ စေတီတော်မှာ ပြန်လည်ပြုပြင်သူ့ရဲ့ ကမ္ပည်းစာကို ထွင်းထုထားတယ်။

၂၀၀၀ ခုနှစ် ကောလုံဆရာတော် ပြုပြင်သည်လို့ တွေ့ရတယ်။ ဒီမှာ ဓာတ်ပုံတွေ ရိုက်လာခဲ့သေးတယ်'

ဦးပွင့်ဦးဥတ္တမ (ခ) ဦးပုတီးမှ ဖုန်းကောင်မရောမြင့် ရိုက်ယူခဲ့သည့် မွတ်လအိပ်ဘုရားနှင့် ပတ်သက်သော ဓာတ်ပုံများ ကျွန်ုပ်ကို ပြသသည်။

ကျွန်ုပ်ကလည်း နောင်လာမည့် တပေါင်းလတွင် ထိုမွတ်လအိပ်စေတီတော်သို့ သွားရောက်ဖူးမြော်လိုကြောင်း လျှောက်ထားသောအခါ လိုက်ပါပို့ဆောင်ပေးမည်ဟု ကတိပြုပါသည်။

'ရွှေကုက္ကိုလ်ဆရာတော်က တာဝန်ပေးလို့ အဲဒီမွတ်လအိပ်စေတီတောင်မှာ ဦးပွင့်း ဘုရားသွားတည်ဖို့ရှိတယ်။ သွားတဲ့အခါ ဒကာကြီးကို အကြောင်းကြားပေးမယ်။ အတူလိုက်လို့ရတာပေါ့'

'ဆရာတော် ၊ တပည့်တော်ရဲ့ လိပ်စာကတ်ပြားယူထားပါ။ ရန်ကုန်ကို ရောက်တဲ့အခါ ဖုန်းဆက်ပါ။ တပည့်တော် လာကြိုပါမယ်။ သွားလိုရာ လိုက်ပို့ပေးပါ့မယ် ဘုရား'

ဦးပွင့်းလဲ ဒီမွတ်လအိဘုရားနဲ့ မွတ်လအိပ်ဘုရားသမိုင်းစာအုပ် ထုတ်ချင်တယ်။ အချက်အလက် သမိုင်းအထောက်အထားတွေ စုဆောင်းနေပါတယ်။ ရန်ကုန်မြို့ကို ဒီမိုးတွင်းလာဖို့ရှိတယ်။ ဒကာကြီးကို ဆက်သွယ်ပါ့မယ်'

ကျွန်ုပ်နှင့် ဦးပွင့်း ဦးဥတ္တမတို့ စကားပြောနေစဉ် ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော ဘိုးတော်သက်ရှည်က စကားဝိုင်းသို့ ဝင်လာသဖြင့် ဆက်၍ စပ်စုပါတော့သည်။

'ဘိုးတော်အကြောင်း နည်းနည်းလောက် ပြောပြပါလား'

'ကျုပ်က ရှိုးပိုင်းရွာသားပါ။ အသက် (၈၀)ရှိနေပြီ။ ရှိုးမြို့နယ် ပေယုတောင်စေတီပြင်ရိုးမှာ မွေးတယ်။ ထိုင်းနိုင်ငံမှာ အလုပ် လာလုပ်ရင်း ထိုင်းအမျိုးသမီးနဲ့ အိမ်ထောင်ကျတယ်။ ထိုင်းနိုင်ငံမှာပဲ အနှစ် ၅၀ နေထိုင်ခဲ့တယ်။

တနိုင်ကြီးဘုရားတွေမှာ လိုက်ပြီး အဓိဋ္ဌာန်ဝင်တာ ကြာခဲ့ပြီ။ ဒီမွတ်လအိ ဘုရားကိုမကြာခဏရောက်ပါတယ်။ အခု ဒီမှာ (၁... အဓိဋ္ဌာန်ဝင်ရင်း ဦးပွင့်း ဦးဥတ္တမတို့ အ... ထားသနပြုလုပ်ချင်နေကို ကြားနေ တယ်

www.burmeseclassic.com



◆ မြို့တော်ကာဌမန္ဒူမြို့ အမြင့်မှ သိမ်းလှပုံ

◆ မှော်ဘဝဲခံတော်ကုန်းပြင်ရှိ လုမ္ဗိနီကြီးတော်ကောင်း
ဆော်ဂေါ်ရှင် ဘုရားဖူးအဖွဲ့ဝင် အမျိုးသားများ နေထားပုံ



…တိုင်းရင်းသား ဖြစ်သော်လည်း …သိ သိပ်မဝဲတော့ပါ။ မသိမသာ …သော ဖြစ်သည်။ အသက်(၈၀)ဟု …သော်လည်း အရွယ်တင်ပြီး သန်စွမ်း …မာနေသဲဖြစ်၏။

ည(၁၀)နာရီခန့်ရှိပြီ။ အအေးဓာတ် …တဲလာသည်။ အိပ်ရာအောက်မှာ …ကာဝ်နှစ်ထပ်၊ ဦးခေါင်းမှာ စောင် …ည်ပတ်၊ ကိုယ်မှာ စောင်လေး …ည် ထပ်၍ခြုံကာ အိပ်ရာဝင်ခဲ့သည်။ …ဦးမွှင်ဦးဥတ္တမနှင့် ဘိုးတော်

သက်ရှည်တို့နှစ်ဦးက စကားကောင်း နေသည်။ ည(၁၂)နာရီလောက်အထိ သူတို့စကားသံကို ကြားနေရသေး သည်။

နံနက်(၃)နာရီခန့် တစ်ရေးနိုးတော့ အပေါ့အပါး ထသွားရာ အအေးဓာတ် အလွန်ပြင်းထန်ကြောင်း ခံစားရ သည်။

ကောင်းကင်ကို မော့ကြည့်လိုက်ရာ ကြယ်တာရာများက ဦးခေါင်းနှင့် ထိလု ထိခင် ထင်ရလောက်အောင် နီးကပ်

နေသည်။

နီပေါနိုင်ငံရှိ ကမ္ဘာ့အမြင့်ဆုံးဖြစ် သော ဧဝရက်တောင်ထွတ်ပေါ် တက် ရောက်ကြသော တောင်တက်သမား များက ယခုထက် နှစ်ဆ၊ သုံးဆ ပို၍ နီးမည်ဟု တွေးလိုက်မိသေးသည်။

လုမ္ဗိနီအင်ကြင်းတစ်တောင် ခံရာ တော်နှင့်အတူ ပါလာသော အမျိုးသား အမျိုးသမီး ဘုရားဖူးအဖွဲ့များက အိပ်ရာမှထ၍ ခွန်းချက်ရန် လှုပ်ရှား နေကြပြီ။

နံနက်စောစော တောင်ထိပ်ဘုရား ပေါ်တက်၍ အာရုံဆွမ်းကပ်လှူရင်း ဘုရားဖူးကြမည်ဟု ဆိုသည်။ ကျွန်ုပ် ပြန်အိပ်လိုက်သည်။

(၂၉-၄-၂၀၁၅)ရက် နံနက် (၆)နာရီခန့် အိပ်ရာမှထပြီး သွားတိုက်၊ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်သည်။ ရေတော်တော်အေးပါသည်။ နှင်းမြူ များ အုံ့ဆိုင်းနေသော တစ်ခါတစ်ရံ လှုပ်ပြယ်ပြီး အလင်းရောင်ပေါ်လာ တတ်သည်။

ကျွန်ုပ်တို့ ဘုရားဖူးအဖွဲ့ (၄)ဦးက ကျွန်ုပ်တို့ ညအိပ်တည်းခိုခဲ့သော မှော်ရုံအနီးရှိ ကျောက်တောင်ကုန်း ထိပ်ပေါ်သို့တက်ပြီး ပတ်ဝန်းကျင် အရပ်လေးမျက်နှာကို ရှုခင်းအလှများ ကြည့်ကြသည်။

အရှေ့အရပ်မှ ထွက်ပြူစ နေမင်း နှင့် တောတောင်ရှုခင်းအလှကို ဓာတ်ပုံရိုက်ယူသည်။ တောင်ကုန်း အရှေ့ဘက်စောင်းတွင် အရှေ့ဘက် လှည့် လိုဏ်ဂူသဏ္ဌာန် နေရာများတွင် တွေ့ရှိရ၍…

ထိုနေရာများမှာ နံနက်ပိုင်း နေကသိုဏ်းရှုသော ဝိပဿနာယောဂီတို့၏ နေရာဟု ယူဆမိပါသည်။

အနောက်ဘက်သို့ ကြည့်သောအခါ

www.burmeseclassic.com



● မွတ်လအိသင်္ဘောဟုခေါ်သော [illegible]

အနီးကပ် အောက်ခြေတွင် ကျွန်ုပ်တို့ ညအိပ်တည်းခိုသော ဓမ္မာရုံများ၊ ကားရပ်နားစခန်း၊ ထွမ်းစားရေပ်၊ ရေချိုးကန်၊ အဘိုးကျောင်း(ကျောက်လုံးကြီး) စသည်တို့ကို တွေ့မြင်ရ၏။

ထိုနေရာမှ အနောက်တောင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ရာ မြင့်မြင့်မောက်မောက် တောင်ထွတ်ကို တွေ့ရှိရသည်။ ထိုနေရာကို နှင်းမြူတွေ အုပ်ဆိုင်းသွားလိုက် လင်းလာလိုက် ဖြစ်နေသည်။

'အဲဒီ ညက. သွားတက်ခဲ့တဲ့ မွတ်လအိဘုရားတောင်ပေါ့'

မြဝတီတောရကျောင်းထိုင် တိုက်အုပ်ဆရာတော်က ညွှန်ပြသည်။ ထိုမွတ်လအိတောင်ထွတ်ကို နောက်ခံထားပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြ၏။ ထို့နောက် မွတ်လအိဘုရားတောင်ကို အနီးကပ်ခွဲ၍ ဓာတ်ပုံရိုက်ကူးပါသည်။

'ကဲ နေရောင်ထွက်လာပြီ ဘုရားကို တစ်ခေါက် သွားဖူးကြမယ်၊ ဖူးပြီးရင် မွန်းစေတီကို သွားဖူးရဦးမယ်၊ ဦးပွင့် ဦးဥတ္တမက လိုက်ပို့ပေးမယ်လို့ပြောတယ်၊ မွတ်လအိဘုရားတောင်ကို ရောက်ပြီးမှ မွန်းစေတီကို မရောက်ရင် ဘုရားဖူး လာရကျိုးမနပ်ဘူးလို့ အဆိုရှိတယ်'

မြဝတီတောရတိုက်ကျောင်း ဆရာတော်က ပြောပြောဆိုဆို တောင်ကုန်းပေါ်မှဆင်း၍ ကျွန်ုပ်တို့လည်း နောက်မှ လိုက်ကြသည်။

အလျှုံခံမဏ္ဍပ်နှင့် သောက်ရေအိုးစင်အနီးမှာ မွတ်လအိဘုရား တောင်ထွတ်ပေါ်တက်သော လှေသွားလမ်းကို တွေ့ရသည်။

ထိုလမ်း၏ တောင်ဘက်ပေ(၅၀)ခန့် ကုန်းမြင့်ပေါ်တွင် အလှူနီလက်ရာ ပြောက်သော အဆောက်အအုံတစ်ဆောင်ကို တွေ့ရသည်။ မွတ်လအိဘုရားတောင်၏သိမ်တော် ဖြစ်ပါသည်။ ကြွေပြားခင်း၊ ကြွေပြားကာဖြစ်သည်။

မွတ်လအိဘုရား တောင်ထွတ်သို့ တက်လမ်းအစ လမ်းဘေးတွင် ကြွေပြားကာထားသော အလှူနီလှပသည့် နှန်းဆောင်ကိုလည်း တွေ့ရှိရသည်။

ထိုနှန်းဆောင်အတွင်းမှာ ဖယောင်းတိုင်၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားသော ရသေ့ရုပ်တုရှိသည်။ ကမ္ဘာ့ရှင်ရသေ့ကျောင်းဆောင်၊ ကမ္ဘာ့ရှင်ရသေ့ရုပ်တု ဖြစ်ပေသည်။

ရှေ့လဆက်ဖတ်ပါရန်

**အောင်၈ (L.L.B)**



www.burmeseclassic.com

www.burmeseclassic.com

# အသက်ကြီး အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား တို့ပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ် ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု ဟုတ်တစ်ခု ဖြစ်ပေါ် ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် အကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း ပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ညစ်ရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ တွေလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လှလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစိပ်ပုခါးလို ပုံကပျက်၊ ရောဂါက ထပ်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ် ခံစားတွေ့ကြုံနေရတဲ့ အမျိုးသမီးရောဂါပေါ့ဗျာ" တဲ့လေ. .။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့-

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်၊ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်၊ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ



www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကောသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေခြောက်သွေ့ခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်ဆီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်ဆီးကျန် ဝမ်းချုပ်ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ၊နှုတ်ခမ်း၊ အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခေတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" (**ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။**)

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

**ပင်ရင်း - ကြော့မင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ၊ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃. . .၉၅၂

---



www.burmeseclassic.com

www.burmeseclassic.com

ရှုခိုး

ကြေးခေါင်းလောင်း...ကြေးစင်...

# ကြေးစည်...ကြေးမောင်း...

ထွန်းထွန်းအောင်ဖူး (၂)

[illegible]

ထို ကြေးခွက်မျိုးကို [illegible]အနောက်တိုင်းသား [illegible]လိပ်များက ဆင်း[illegible]ဂင်းဘိုး(လ်)(SINGING BOWL)ဟု ခေါ်ကြပါသည်။ သာယာသော [illegible]သံစဉ်လေးတစ်ခု ထုတ်[illegible]ပေးသော ခွက်လေး[illegible] "သာယာသံ[illegible]ခွက်လေး"ဟု ခေါ်[illegible] ဖြစ်ပါလိမ့်မည်။

[illegible]စင်အားဖြင့် ထို [illegible]ခွက်မျိုးမှာ ပင်မအားဖြင့် [illegible] ဘာသာရေး [illegible] အထောက်အကူ [illegible] ပစ္စည်းတစ်ခု ဖြစ်ပါသည်။ ရှေးတို့ မူမူ [illegible]သော မြန်မာလူမျိုးတို့ [illegible]ဘာသာရေးကိစ္စများတွင် [illegible]သုံးပြုလေ့ ရှိသည့် [illegible]ခေါင်းလောင်း၊ မောင်း၊ ကြေးစည်တို့ကဲ့သို့ [illegible]ပြုသော ဘာသာရေးနှင့် [illegible]ကြည်မှုဆိုင်ရာတွင် အသုံးပြုသည့် [illegible]တစ်ခု ဖြစ်ပေမည်ဟုပင် ခန့်[illegible]

ခေါင်းလောင်း၊ မောင်း၊ ကြေးစည် [illegible] သည်သာမြီး ယခု ဖော်ပြလျက်ရှိ[illegible] "သာယာသံထွက်ကြေးဖလား" [illegible] နည်းပညာတီအရပ်မှာမှ တိဗက်ဖြစ်



● မောင်း

● [illegible]





www.burmeseclassic.com

www.burmeseclassic.com

ပါ၏။

အသုံးပြုသော အခါကာလမှာ ဘာသာရေးနှင့် ကျန်းမာရေးအတွက် ပြုလုပ်သည့် ဆုတောင်းပွဲ၊ အဓိဋ္ဌာန်ပွဲများတွင်သုံး၏။ ကျန်းမာရေး ကုထုံးများတွင်သုံး၏။ ယောဂလေ့ကျင့်ခန်းများတွင်သုံး၏။ ဂီတအနုပညာ တီးဝိုင်းများတွင်သုံး၏။ အမျှဝေ မေတ္တာပို့ရာတွင်လည်း သုံး၏။

ထိုတိဗက် သာယာသံစဉ်ထွက် ကြေးဖလားကို ဟိမဝန္တာကြေးဖလား ဟူ၍လည်းကောင်း၊ ဆူဇူး(SUZU) ခေါင်းဟူ၍လည်းကောင်း တိဗက်တို့က ခေါ်ကြ၏။ အာရှနိုင်ငံ အတော်များများတွင် သုံးကြ၏။

အထူးသဖြင့် တိဗက်၊ တရုတ်၊ ဂျပန်နိုင်ငံများမှ ဗုဒ္ဓဘာသာဝင်တို့ အသုံးများကြ၏။ အိန္ဒိယနိုင်ငံတွင်လည်း အချို့ အိန္ဒိယ ဘုန်းတော်ကြီးများ သုံးလေ့ရှိ၏။ သို့သော် နည်းပါ၏။

### ဘာသာရေးဆိုင်ရာတွင် သာယာသံစဉ်ထွက် ကြေးဖလား(SINGING BOWL)ကို အသုံးပြုပုံ

တိဗက်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား နိုင်ငံများမှ မဟာယာနဗုဒ္ဓဘာသာဝင်များသည် ထိုကြေးဖလားကို ဘုရားဝတ်ပြုအခမ်းအနားများ၊ မဟာယာနဗုဒ္ဓဘာသာပရိတ်တော်များ ရွတ်ဖတ်ကြသောအခမ်းအနားများ၊ ဆုတောင်းခြင်းအမျှဝေခြင်းများ၊ အထူးပြုလုပ်သည့် အခမ်းအနားများတွင် သုံးကြ၏။

ရှေးရိုးကိုယ်တိုင် တိဗက်ဘုန်းကြီးအချို့ တရုတ်ဘုန်းကြီးအချို့



◆ သာယာသံစဉ် ကြေးဖလားများ

◆ သံစဉ်သာယာသည့် ကြေးဖလားတစ်လုံး



တရုတ်ဝတ်ပြုသူအချို့တို့နှင့် အတူ ဘန်ကောက်မြို့ရှိ ကွမ်ယင်ကျောင်းတော်ကြီး၏ ဝတ်ပြုခန်းမကြီးတွင် ပွင့်တော်မူပြီးသော ဗုဒ္ဓရှင်တော်မြတ်များနှင့် အရိမေတ္တေယျအလောင်းတော်ကြီးကို အကြိမ်အတော်များများ ဝတ်ပြုဖူး၏။

ထိုစဉ်ကလည်း အဆင့်မြင့် ဘုန်းတော်ကြီးအချို့က ထိုကြေးဖလား လေးများကို မိမိတို့၏ လက်ဝဲဘက် လက်ဝါးပြင်ပေါ်တွင်တင်ပြီး လက်ယာ လေးဖြင့် ဖွဖွလေးထုကာ ရွတ် သရဇ္ဈာယ် ဝတ်ပြုကြသည်။

တရုတ်ဘုန်းတော်ကြီးတစ်ပါးက





www.burmeseclassic.com

ရှုဆင်းတုတော်နံဘေးရှိ ရာဝင်စဉ်ဆိုး ကြီးတစ်လုံးခန့်ကြီးမားသော ကြေး လောင်းကြီးလို လက်ခတ်မျိုး ခပ်ကြီးကြီး မြင့် ထုကာ ထုကာ ရွတ်ဖတ်သရဇ္ဈာယ် ဝတ်ပြုကြ၏။

ရွတ်ဖတ် သရဇ္ဈာယ်ကြသည်မှာ သည်း သူတို့၏ ဗောဓိသတ္တဂုဏ်တော် များသော ဂါထာမန္တန်တော်များနှင့် အရှတ်မှဒ္ဒဘာသာ မဟာယာနပရိတ် တော်များ ဖြစ်၏။

တရုတ်ပရိတ်ဆန်ဆန် ပရိတ်တော် များလည်း ပါဝင်၏။ ကွမ်ယင်မယ် တော်၏ မန္တန်ရှည်ကြီးများပါ၏။

ရှေးကလည်း ဗဟုသုတလည်း မြင်း အတွေ့ကြုံဆန်းတစ်ခုလည်းရ သိလ်လည်း ပွားပေသည်ဟုသော သဘောဖြင့် ဝတ်ပြုသူများ ခုပ်စုထဲ တွင် ဝင်ရောက်ပါဝင်ခဲ့ခြင်းဖြစ်၏။

တစ်ခုတုန်း ဖော်ပြရလျှင် ဤသို့ ဝင်ရောက်ဝတ်ပြုနိုင်ရန် နိုင်ငံခြားသား ဧည့်သည်နေဖြင့် လွယ်ကူခြင်းတော့ မရှိ။ သူတို့ ထိုင်းလူမျိုးအချင်းချင်း သင့် ရင်းနှီးသော အသိအကျွမ်းရှိ မှနှင့် သူတို့ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန် လိုပါသည်။

ထို့ပြင် ဝတ်ပြုစဉ်တွင် တရုတ်သိုင်း ကားများထဲမှ ရှောင်လင်ဘုန်းတော် ကြီးများ ဝတ်ဆင်သော ဝတ်စုံမျိုး အရောင်ကို ဝတ်ဆင်ကြရပါသည်။ ဧည့်သည်တို့ ဝတ်ပြုသူများအတွက် ထို သတ်မှတ်ဝတ်စုံများကိုလည်း လဲလှယ် ဝတ်ဆင်ရန် အဝတ်လဲခန်းလည်း ကျောင်းတော်တွင် ရှိပါသည်။

ဝတ်စုံများလည်း အဆင်သင့် ထား ရှိသည်။ ဝတ်စုံများ လဲလှယ်ဝတ် ဆင်ပြီးနောက် ဝတ်ပြုခန်းမကြီးထဲ တွင် ဝင်ပြုကြရပါသည်။ ဝတ်ပြုပြီး



◆ သံချိုသာသည့် ကြေးလောင်းခွက်လုံး

◆ သံချိုသာသည့် ကြေးလောင်းခွက်လုံး



သောအခါ ဝတ်ထားသော ဝတ်စုံများ ကိုချွတ်ပြီး အဝတ်လျှော်ရန် ခြင်းကြီး များထဲတွင် ထည့်ခဲ့ရပါသည်။

ထိုအဝတ်များကို ကျောင်းတော်ရှိ ဝေယျာဝစ္စ ဆောင်ရွက်ကြသူများက ချက်ချင်းပင် လျှော်ဖွပ်ပေးကြပြီး နောက်နေ့ ဝတ်ပြုရန် လာကြသူများ အတွက် အဆင်သင့် ထားရှိပေးကြပါ သည်။ ထိုသို့ ဝတ်ပြုရန်အတွက် ငွေကြေးထည့်ဝင် လှူဒါန်းရန် မလိုပါ။

လိုရင်းဖြစ်သော သာယာသံစဉ် ထွက် ကြေးဖလားအကြောင်း ပြန် ဆက်ပါဦးမည်။

တိဗက်ဘုန်းတော်ကြီးများ၊ တရုတ် ဘုန်းတော်ကြီးများသည် ဘုရားရှင် တော်ထွက်ဟု သူတို့ယုံကြည်သော

www.burmeseclassic.com



ကြေးဖလားတော်ကြီး

သုတ်တော်၊ ပရိတ်တော်၊ မန္တန်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်လျက် ဘုရားဝတ်ပြုသော အခါများတွင် ထိုကြေးဖလားကို သာသာထုကြ၏။

ရွတ်ဖတ်သော ပရိတ်တော် စသည်တို့၏ သံစဉ်အတိုင်း စည်းဝါးတကျ ထုကြခြင်းဖြစ်၏။ ဤသို့ ထုရာတွင် ရွတ်ဖတ်မှုနှင့် ရွေ့လျားမှုကို လိုက်၍ ထုချက် အလေးအပေါ့နှင့် အနေးအမြန် ပြောင်းလဲခြင်းများရှိ၏။

ဝတ်ပြုသူတို့ကလည်း ထိုသံစဉ်ထဲမှ သင်္ကေတ သတ်မှတ်ချက်အလိုက် ထိုင်၍ဝတ်ပြုခြင်း၊ ထ၍ မတ်တတ်ရပ်လျက် သရဇ္ဈာယ်ကာ ဝတ်ပြုခြင်း၊ လမ်းလျှောက် ကြွသွားလျက် သရဇ္ဈာယ်ကာ ဝတ်ပြုခြင်းဟူ၍ အမျိုးမျိုးပြောင်းလဲလေ့ရှိကြ၏။

[illegible]

အချို့ ကျောင်းတော်များတွင် ထိုကြေးဖလားနှင့် ဝုဒင်းဖစ်(ရှ်) (WOODEN FISH)ဟုခေါ်သော သစ်သားမောင်းတို့ သစ်သားလက်ခတ်ဖြင့် ခေါက်ကာ တွဲ၍သုံးတတ်၏။

## သာယာသံစဉ်ထွက် ကြေးဖလား၏ ကြေးသားနှင့် ပြုလုပ်ပုံ

"ကြေးဖလား"ဟု ခေါ်ကြရသော်လည်း စင်စစ်အားဖြင့် သတ္တု(၇)မျိုးဖြင့် ပြုလုပ်ထားသော သတ္တု(၇)မျိုးဖလားဖြစ်၏။ ယင်းသတ္တု(၇)မျိုးမှာ ရွှေ၊ ငွေ၊ ပြဒါး၊ ကြေးဝါ၊ ခဲ၊ သံနှင့် သံဖြူတို့ ဖြစ်၏။

ယင်းသတ္တု(၇)မျိုးကို အချိုးအစားဖြင့် ရောနှောအရည်ကျိုပြီးနောက် အပြားခတ်ရ၏။ လိုအပ်သော ထုထိ

ရောက်အောင် အပြားခတ်ပြီးမှ ဖလား[illegible] ပုံစံရောက်အောင် လက်ဖြင့် ထုကြ[illegible] ၏။

ဖလားပုံစံရောက်အောင် လက်ဖြ[illegible] ထုသော အဆင့်သည် အလွန်အလွ[illegible] ပင် အရေးကြီးသောအဆင့် ဖြစ်[illegible] ဖလားထုသူတို့သည် သီလ၊ ကျင့်ဝ[illegible] များ ဆောက်တည်ထားရ၏။

ဖလားထုနေစဉ်တွင်လည်း သုဝ[illegible] မဟာယန ဗုဒ္ဓသာသနာတော်လ[illegible] သုတ်တော်၊ ပရိတ်တော်၊ ဂါထာတော်[illegible] မန္တန်တော်များကို မပြတ် ရွတ်ဖတ်[illegible] ထုကြရ၏။

သို့မှသာ ဖလားကို ထုကာ ဝတ်[illegible] သည့်အခါတွင် ဖလားအတွင်းမှ [illegible] တော်၊ ဂါထာတော်၊ မန္တန်တော်[illegible] သတ္တိများ နိုးကြွထွက်ပေါ်လာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



၈. ကြေးလင်ပန်းတောင်မြီးကိုင်ဆုံ

ဟု ယုံကြည်ကြ၏။

ထို့ပြင် ထိုသတ္တု(၇)မျိုးသည် ဂြိုဟ်ကြီး(၇)လုံးနှင့် (၇)ရက်သားသမီးတို့ကိုလည်း ကိုယ်စားပြုသည်ဟု ဆို၏။ ကိုယ်စားပြုခံရသည့် ဂြိုဟ်ကြီး(၇)လုံးတို့မှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ ရွှေ ➜ တနင်္ဂနွေဂြိုဟ်
၂။ ငွေ ➜ တနင်္လာဂြိုဟ်
၃။ သံ ➜ အင်္ဂါဂြိုဟ်
၄။ မြိုင်း ➜ ဗုဒ္ဓဟူးဂြိုဟ်
၅။ သံဖြူ ➜ ကြာသပတေးဂြိုဟ်
၆။ ကြေးနီ ➜ သောကြာဂြိုဟ်
၇။ ခဲ ➜ စနေဂြိုဟ်

တို့ဖြစ်၏။

ထို သတ္တု(၇)မျိုးတို့၏ ပင်ကိုသတ္တိများကို ရောပေါင်းကာ စွမ်းအင်ကြီးမားသော အကျိုးသက်ရောက်မှုကို ဖော်ထုတ်အသုံးပြုခြင်း ဖြစ်သည်ဟု ဆို၏။

သံစဉ်များ ထွက်လာသည်မှာလည်း ထိုသတ္တုရော၏ အတွင်းဓာတ်သားမှုန်လေးများ တုန်ခါပြီး အချင်းချင်း ရိုက်ခတ်ကြခြင်းကြောင့် သံစဉ်ထွက်ပေါ်လာခြင်းဖြစ်၏။

ထိုသံစဉ်လှိုင်းတွင် သတ္တု(၇)မျိုးတို့၏ သတ္တိရှိန်စော်များ ရော၍ ပါဝင်လာပြီး ထိုသံစဉ်လှိုင်းကို ဖမ်းယူလိုက်သူ၊ သံစဉ်လှိုင်း ကူးစက်ရိုက်ခတ်ခံရသူတို့ ရုပ်နှင့် နာမ်တို့အပေါ် အကျိုးသက်ရောက်ခြင်း ဖြစ်သည်ဟု ဆိုကြ၏။

ထို ကြေးလင်းမျိုးလေးများကို (၁၀)ရာစုလောက် ကတည်းကစ၍ တရုတ်ဘုန်းတော်ကြီးများက အသုံးပြုခဲ့ကြ၏။ တောကြီးများထဲတွင် တရားကျင့်နေကြသော တိဗက်ဘုန်းတော်ကြီးများ၊ တရုတ်ဘုန်းတော်ကြီးများသာ ထိုစဉ်က သုံးခဲ့ကြ၏။

သမထကျင့်သော တရုတ်ဘုန်းတော်ကြီးများ၊ တိဗက်ဘုန်းတော်ကြီးများသည် အသံနှင့် အသံလှိုင်းတို့၏ သက်ရှိများအပေါ် ဩဇာသက်ရောက်မှုတို့ကို ကောင်းစွာ တွေ့ရှိထားသည့်ကြသူများဖြစ်ကြသည်။

သို့ဖြစ်၍ မိမိ၏ တစ်ကိုယ်ရေ ထက်မြက်ရေးအတွက်ကိုသာ အသံနှင့် အသံလှိုင်းတို့၏ သတ္တိစွမ်းအင်တို့ကို မသုံးဘဲ မိမိ၏ ဝန်းကျင်ရှိ သက်ရှိ

[illegible]

www.burmeseclassic.com

www.burmeseclassic.com

သင်္ဃဝါများနှင့် ဖိနပ်အလှူအရှင်များ ကောင်းစားရေး၊ ဒုက္ခအခက်အခဲများမှ ဆွဲထုတ်ကယ်တင်ရေးများအတွက်ပါ ရည်စူးလျက် ထိုဖလားဖြင့် အသံစဉ်များကို ထိန်းချုပ်ခြင်း၊ ဖော်ထုတ်ခြင်းတို့အားဖြင့် ပိုမိုတွင်ကျယ်စွာ သုံးလာကြ၏။

ထို့ကြောင့် တရားအားထုတ်ခြင်း ကိစ္စမှလွဲလျှင် ဝေဒနာဖယ်ရှားခြင်း၊ ရောဂါကုသခြင်း၊ ယောဂကျင့်ခြင်း၊ စိတ်ဖိစီးမှု ပြေလျော့ခြင်းများအတွက်ပါ အသုံးပြုလာကြလေသည်။

တိဗက်ဘုန်းတော်ကြီး တစ်ပါး၏ အဆိုအရဆိုလျှင် အလွန်သမာဓိကောင်းသော သမထ ဘုန်းတော်ကြီးများသည် မန္တန်တော်တို့ကို ရွတ်ရင်း ထိုကြေးဖလားကို ထုခေါက်ကာ အသံဆန်း အသံစဉ်တစ်မျိုးကို ဖန်တီးကာ သဘာဝရာသီဥတုများကို ရုတ်ခြည်း ပြောင်းလဲနိုင်သည်ဟု ကြားဖူး၏။

ထို့နောက် သံစဉ်တို့သည် မြင်ရိုသော အကြောအချဉ်များကိုပါ ပြောင်းလဲသည်။ ထို့ပြင်သည်မှာ တရားထိုင်၍ သမာဓိရလာသောအခါတွင် သံစဉ်မှာ ကြေးစည်သံကဲ့သို့ အားကောင်းလာက် အထက်တွင်ကဲ့သို့ ချိတ်၍ ရေ့ပတ်တက်သွားသည့် ချိတ်တက်သံမျိုး [illegible] နောက် အထက်တွင်ကဲ့သို့ ချိတ်၍ ရေ့ပတ်တက်သွားသည့် ချိတ်တက်သံ ရှိကြ၏။

အသံအတက်အကျ အလွန်ညက်ညောလှ၏။ ဝေဒနာဖယ်ရှားခြင်း၊ ရောဂါကုသခြင်း စသည် ကိစ္စများအတွက်လည်း သိမ်မွေ့အသံမျိုး ဖြစ်၏။

ဂန္ဓာရဖြစ်သော ပညာတို့ဖြင့် အထူးစီစဉ်ထားသော ကြေးဖလားများတွင် နံဘေးပတ်လည်၌ အိန္ဒိယဘာသာ စာလုံးများနှင့်ဆင်သည့် စာတန်းတစ်ခု ပါရှိ၏။ ကြေးဖလားအတွင်း၌ ဗုဒ္ဓရုပ်



◆ တိဗက်ဘုန်းတော်ကြီးတစ်ပါး[illegible] သာယာသံစဉ် ဖလားကြီးကို ပွတ်သပ်ပြီး အသံထွက်စေပုံ

ခင်းတော် (သို့မဟုတ်) ခင်းကွက်ဝသည် ပါတတ်၏။ ကြေးဖလား၏ အောက် ဖင်အက်ဝိုင်းတွင်လည်း အင်း (သို့မဟုတ်) သင်္ကေတ တစ်ခုပါတတ်၏။

ကြေးဖလား၏ နံဘေးပတ်လည်မှ စာတန်းမှာ တိဗက်ဘာသာဖြင့် ရေးထားသော ဂါထာဖြစ်၏။ ယင်းဂါထာ၏ အသံထွက်မှာ "ဥုံ မဏိပဒ္မေဟုံ" ဟူ၍ဖြစ်၏။

ထိုဂါထာမှာ တိဗက်လူမျိုး ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ် ဂါထာဖြစ်၏။ အချို့ဖလားတွင် တိဗက်ဘာသာဖြင့် ရေးထိုးထားပြီး အချို့ဖလားတွင် ရှေးဟောင်းအိန္ဒိယတို့၏ ရန်ဇနာ(RANJANA) ဘာသာဖြင့် ရေးထွင်းထားတတ်၏။

ထိုဂါထာမှာ မြန်မာနိုင်ငံတွင် တစ်ချိန်က အလွန် ရေပန်းစားထင်ရှားခဲ့သော ဂါထာဖြစ်၏။ ထိုကြေးဖလားအတွင်းအပြင်ရှိ သင်္ကေတတို့မှာ မဟာယာနဗုဒ္ဓသာသနာတော်၏ သင်္ကေတ (၈)ခုဖြစ်၏။ တစ်နည်းအားဖြင့် မင်္ဂလာ (၈)ပါး၏ သင်္ကေတဟု သူတို့က ညွှန်းတတ်သေး၏။

သီလ၊ သမာဓိ၊ ပညာတို့ဖြင့် ပြည့်စုံတော်မူကြသော မဟာယာန ဘုန်းတော်ကြီးများ ကိုယ်တော်တိုင် စေတနာ၊ မေတ္တာ၊ သစ္စာ၊ ဆုတောင်းနည်းတို့ဖြင့် နည်းစနစ် မှန်ကန်စွာ စီရင်တော်မူထားသော ထို "သာယာ သံစဉ်ကြေးဖလား" တို့မှာ အမှန်တကယ်ပင် တန်ခိုးသိဒ္ဓိထူးများ သက်ဝင်လျက် ရှိပါသည်။

ထို့အပြင် မဟာယာနသိဒ္ဓိရှင် ဘုန်းတော်ကြီးများ၏ သစ္စာမေတ္တာတော်နှင့် ပေါင်းစပ်ကာ ယုံကြည်သူတို့အား အမှန်တကယ် အကျိုးပေးသော ဂန္ဓာရကြေးဖလားဖြစ်ပါကြောင်း ကိုယ်တိုင်လေ့လာမိသမျှ စူးစမ်းမိသမျှ အင်တာနက်ကွန်ယက်များမှာ ရှာဖွေစုဆည်းမိသမျှတို့ကို ပေါင်းစပ်ပြီး သုတဒါနပြုလိုက်ပါသည်။

ရွှေမိုး



www.burmeseclassic.com

www.burmeseclassic.com

'မောင်ထွန်းလင်းအောင် ဒီနေ့ အထန်းချိန် မရှိဘူးလား'

'ရှိတယ် ဦးလေး။ ဝမ်းကိုက်နေလို့ နှင်းသွားတာတယ်'

'ဘာဆေးသောက်ထားသလဲ'

'ဘာမှ မသောက်ရသေးဘူး။ ဒီလောက်ကလေးနဲ့ ဆေးရုံဆေးခန်း သဲ မပြချင်ဘူး'

'ရှေ့မှာ ရေသရက်ကင်း ရှိမယ်ထင်တယ်။ ထက်တွင်း တစ်ဆုပ်စာလောက်ယပြီး တို့မြိမ်းစားလိုက်ကွာ'

'အရွက်သေးသေး အမြစ်မွှားတွေ နဲ့ သရက်ကင်းနဲ့မွှေးတဲ့ တို့စရာ ဟုတ်လား။ ကျွန်တော် သွားရှာကြည့် လိုက်မယ်'

ထို့နောက် နေခင်းအချိန်တွင် မောင်ထွန်းလင်းအောင် ရောက်လာသည်။

'ဝမ်းတော့ ကောင်းသွားပြီ။ ညနေ ထမင်းစားရဦးမလား'

'စားချင် စားပေါ့။ အဟာရဖြစ်တာပဲ။ ဆေးလွန်တာမျိုးတော့ မရှိပါဘူး။ အဆီ ထုတ်ထားတဲ့ဆေး ပေါတ်လို့ ဆေးထွက် ဆိုးကျိုးမရှိဘူး။ သဘာဝယင်းစားပင်ပဲ။ သားတို့ ဂျပ်ခဲ့ပေါက်တာ အနာပိမ်းပေါက် တာတွေအတွက် "အင်ပီကလော့" ဆောက်လေ့ရှိတယ် ပေါတ်လား'

'ဟုတ်ကဲ့ ဆရာဝန် ညွှန်ကြားလို့ ပါ'

'ရေသရက်ကင်းလဲ အဲဒီဆေးလို ပိုးသေ စေတယ်။ စားလဲစား၊ အရည်ညှစ်ပြီး အပု အနာပေါ် လိမ်းပေးလို့ရတယ်'

မောင်ထွန်းလင်းအောင် ပြန်သွား ပြီးနောက် ရေသရက်ကင်းနှင့် ပတ် သက်၍ ဆေးစာအုပ်များ၌ ရှာဖွေ ကြည့်သည်။ ဆရာဦးကျော်ညွှန့် (မျော်ဘွယ်)လယ်ညွှန့်သဖြင့် သုံးဖြစ် သော ပွဲတွေ့ဆေးနည်းကို ဒါနပြုခဲ့



# ဝမ်းကိုက်နာနှင့်

ရေးသူ့ဂိုဏ်း

ခြင်းဖြစ်ကာ ဆေးကျမ်းအဆိုကား...

သရက်ကင်း(ရေ)သည် အေးသော အရပ်ဒေသများတွင် ပေါက်သည်။ နီးရာသီ သက်ငယ်ပင်မျိုးဖြစ်သည်။ အမြစ်သေး။ အမြစ်မွှားများ၏ လယ်ယာရေစပ်များတွင် မိုးနှင့် ဆောင်းရာသီအကူး၌ များစွာပေါက် ၏။

အနံ့မှာ သရက်သီးကောင်းနံ့ ရ၏။ (လယ်ကွက်များတွင် ပေါက်သော သရက်ကင်းပင်သည် အရွက်ကြီး၍ အနံ့ဆိုးသဖြင့် အသုံးနည်း၏။ စမ်းချောင်းနံ့သေး တောင်ခြေ တောင်ကြားတို့ရှိ ရေရိုင်ရေစပ် နံ့သေးတို့၌ပေါက်သော သရက် ကင်းပင်မှာ အပင်အရွက်ငယ်၏။ နှစ်လိုဖွယ် သင်းပျံ့သောအနံ့ ရှိသဖြင့် တို့စရာအဖြစ် အသုံးပြုသူ များ၏။)

သရက်ကင်းပင်သည် မကောင်း သောအနံ့များကို တားမြစ်တတ်၏။ ပိုးကို နိုင်၏။ ထိရှမှုကြောင့်များလျှင် သရက်ကင်းပွင့်ပါး သတ္တုရည်ကို အသုံးပြုရ၏။

အတိသာရ ဝမ်းရောဂါ (ဗိုက်ကိုက် ၍ ဝမ်းသွားခြင်း) သာမန်ဝမ်းကိုက် ရောဂါ၊ ဝမ်းချုပ်လွန်၍ ဝမ်းသွားရခက် သော ရောဂါတို့ကို ချင်းခြောက်၊ ဒီယာတို့နှင့်စွက်၍ အသုံးပြုရ၏။

ပွင့်ပါးကို ညက်စွာကြိတ်၍ အုန်းဆီနှင့်ချက်ပြီးနောက် ဆင်ခြေ ထောက်ရောဂါကို တစ်နေ့(၃)ကြိမ် လိမ်းပေးက များစွာအကျိုးရှိ၏။

ဟု အရှင်နာဂသိန် ဗုံပြဆေး အဘိဓာန် တတိယတွဲ စာမျက်နှာ (၃၉၂၊ ၃၉၃)တို့တွင် ဖော်ပြထားလေ သည်။

ဆေးသုတေသီ



www.burmeseclassic.com

www.burmeseclassic.com


# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းသန်းချင်ရင် အင်ကြင်းသန်း သွေးတိုးကျဆေးကို သောက်ပါ




"တိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"
"ဆရာတို့ယဉ်တင့်နဲ့ ဆရာတိုဇော်ရှိန်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . တံကောင်းတာပဲဗျို့"
"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"
"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"
"တိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"
"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . ထက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . ."
"မပေါ်နဲ့တိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ . . .
"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"
တိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ . . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်းရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ **အင်ကြင်းသန်း** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများစွာ နည်းနာခံယူပြီး ဆေးကုသတ် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသပေးခဲ့ပြီး အောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ **အင်ကြင်းသန်း** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"
"ဆရာတို့တိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့တံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . တံကောင်းပြီးရင် . . . တံကောင်းတာပဲဗျို့"
"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"
"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစား ချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . ."
"ကျွန်တော်ပြောမယ်တိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးတို၊ လွန်, ယုတ်, ယွဲမှားပြုမိ များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဇီပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အဲဒ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်တိန်းဆိုက်သိမ့်မယ် ...
"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"
"ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ **အင်ကြင်းသန်း** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇတ်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေများအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် တိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . ထာဝစဉ်ကျန်းမာပြီးရင်တွင်းသန်းချင်ရင် . . အင်ကြင်းသန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ . . . . ."

"ဝင်း" ဆေးဆိုင်

ဖြန့်ချိရေး – အောင်သဒ္ဓါဆေးဆိုင်

www.burmeseclassic.com

ယခင်လမှ အဆက်

### အရိုးဂူစေတီ

အရိုးဂူစေတီမှာ ကုလားကျောင်းတိုက်မ,ခံ၍ အထက်၌ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။ ထူးခြားသည်ကား အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာကို ဆောင့်စွန်းပြုကာ အရှေ့တောင်ဆောင့်အရပ်တွင် အဝင်မုခ်ရှိ၏။

အတွင်းတွင် အရှေ့မြောက်ထောင့်အရပ်၌ ဆရာတော်ကြီး၏ တင်ပျဉ်ခွေရုပ်တုတော်ကို မှန်ကျောင်းဆောင်ဖြင့် ပူဇော်ထား၏။ အနောက်တောင်ထောင့်အရပ်သို့ မျက်နှာပြုထားပုံ ဖြစ်သည်။

တိုက်မ လိုဏ်၏ အနောက်မြောက်ထောင့်အရပ် အပြင်ဘက်ကပ်လျက်၌ ကျောက်စာကမ္ပည်းရှိသည်။ ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းနှင့် သတုံမြို့ စေတုဘုမ္မိကကျောင်း ဖြစ်စဉ်များကို ရေးထိုးထား၏။

၁၂၇၂ ခုနှစ်တွင် ဆရာတော်ကြီး၏ အရိုးဂူစေတီ တည်ထားကိုးကွယ်ကြသော ဦးဇောတစသည့် တပည့်ကြီးများ အလှူညီကျ သိတင်းသုံး စေ့ရောက်ကြ၏။ ထိုကျောင်းကို "ရွှေဂူကျောင်း" ဟု ခေါ်ကြ၏။

၁၂၇၇ ခုနှစ်တွင် ဒေါ်ခင်က "သိမ်" တော် ဆောက်လုပ်လှူဒါန်း၍ ၁၂၈၀ ပြည့်နှစ်တွင် ပေါင်မြို့နယ်၊ ကွဲခြံ ရွာနေ ဦးထွန်းသာက ဆွမ်းစားကျောင်းလှူဒါန်း၏။

၁၂၉၀ ပြည့်နှစ်၌ ကွမ်းခြံကုန်း ဆရာတော်ဦးဇော ကြွရောက် အလှူခံသိတင်းသုံးရာ "ပါရမီမဂ်လာ ကျောင်းတွေ့ရှိရာ စေတုဘုမ္မိက မဟာ

E.HA. January, 2016.

စေတုဘုမ္မိကကျောင်းတိုက် ဆရာတော်ကြီး

# ဦးပဏ္ဍုစ

အား ပါရမီပြုမော်ကြွင်း (၂)

ထက်မြင့်ကျော်စွာ



● ဂုဏ်ထွဋ်ဆရာတော်ဦးပဏ္ဍုစ ပန်းချီပုံ



www.burmeseclassic.com

www.burmeseclassic.com



◄ သထုံ စေတုတ္တိကကျောင်း လက်ရှိ ဆရာတော်ဦးတိက္ခဉာဏ



၁၂၇၇ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် စေတုတ္တိက သိမ် ►

သတိပဋ္ဌာန်"ကျောင်းဟု အမည်ပေးခဲ့၏။

ထို့နောက် ဆရာတော်အဆက်ဆက် သီတင်းသုံး စောင့်ရှောက်ကြသဖြင့် ဆရာတော်ကြီး၏ အရိုးဂူစေတီမှာ မပျက်မစီး တည်ရှိကြောင်း ဖော်ပြထားလေသည်။

လက်ရှိဆရာတော် ဦးတိက္ခဉာဏသည် ၁၃၇၃ ခုနှစ်တွင် ကျောင်းထိုင်ဆရာတော်အဖြစ် စတင် တာဝန်ယူခဲ့သည်။

ရှေးအခါက စေတုတ္တိကကျောင်းများတွင် သံဃာတစ်ပါးသည် သုံးနှစ်ထက်ပို၍ သီတင်းမသုံးရဟု စည်းကမ်းထုတ်ထားသဖြင့် ကျောင်းထိုင်ဆရာတော် များစွာ ပြောင်းလဲခဲ့သည်။ ယခုအခါ ထိုစည်းကမ်းကို ပယ်ဖျက်ပြီးဖြစ်ကြောင်း သိရ၏။

ဆရာတော်ကြီး အရိုးဂူစေတီအနီး အရှေ့တောင်နှင့် အနောက်မြောက်ထောင့်အရပ် မြေပြင်၌ အာရုံခံတန်ဆောင်းဆောက်ရန် အုတ်မြစ်တူးရာမှ ရှေးအုတ်ခွက်ဘုရားများ၊ အရေ (၅၀၀)ကျော်ခန့် ပေါ်တော်မူလာသဖြင့် ကျောင်းထိုင် ဆရာတော်ကျောင်းတွင် မှန်စီရွှေချ၍ ပူဇော်ပြသထားသည်ကို တွေ့ရ၏။

တင်ပျဉ်ခွေ ရုပ်ပွားတော်များ၊ မတ်ရပ်တော်များအပြင် နတ်ရုပ်များလည်း ပါဝင်သည်။ အချို့မှာ သရေခေတ္တရာ ပျူခေတ်ထက် စောသည့် လက်ရာများဟု ကျွမ်းကျင်သူများ ခန့်မှန်းကြသည်ဆို၏။

ဘုရားရှင် လက်ထက်ကာပင် မြို့ဖြစ်သော သုဝဏ္ဏဘူမိတည်ရာ ဒေသ နှင့်ပတ်သက်၍ များစွာ အကျိုးဖြစ်ထွန်းစေသော ရှေးအထောက်အထားများ ဖြစ်ဖွယ်ရှိပေသည်။

ဆရာတော်ကြီး အထိမ်းအမှတ် စေတီကိုင်း၍ ပတ်လည် အာရုံခံ တန်ဆောင်းနှင့် အထက်တွင် ဘုရား





www.burmeseclassic.com

www.burmeseclassic.com





● သိမ်းဆောက်လုပ်သည့် ရှုခင်းများ

● သိမ်မှန်တံခါးများ

ချိန်၏ သရီရဓာတ်တော်များ၊ ရဟန္တာ ဓာတ်တော်များ၊ ဌာပနာပြု၍ စေတီ တည်ထုလုပ်ငန်းစတင်နေခြင်းဖြစ်သည်။

စေတုဘုမ္မိကဂိုဏ်းမှ ကုန်ကျငွေ ကျပ် သိန်းတစ်ထောင် ချမှတ်ထားပေး သည်။ ဖြစ်ပေသို့ အလှူခံထွက်ခြင်း၊ စေတုဘုမ္မိကအမည်နှင့် အလှူငွေဖြတ် ပိုင်း ရိုက်နှိပ်ကောက်ခံခြင်း မရှိပါ။

ကောင်းသည်ရှုရှင်မိမိတို့သဒ္ဓါအလျောက် ပေးလာခြင်းကိုမှ ခွင့်ပြုကြောင်း သိမ်ရှိဆရာတော်က မိန့်ကြားပေ၏။

သိမ်းအမှတ်စေတီ၏မြောက်ဘက် တွင် ဓမ္မသဘာလာရုံ၍ အတွင်း၌ ဆရာတော်ဦးပဏ္ဍဝ၏ ထေရုပ္ပတ္တိ ပုံတော်များကို သရုပ်ဖော်ပန်းချီ ကားချပ် ဖော်ပြချိတ်ဆွဲထားသည်။

## ထူးခြားမှုအချို့

ဆရာတော်လောင်းလျာအား နတ်ဝင် မှုဝင် မိခင် ဖေါ်ခင်ပြီးသည့် ပြဒ်မွေး ကျိုးသော ဆင်ဖြူတစ်စီးကို မွေးဖက်ရသည်ဟု အိပ်မက် မက်မြင်ခဲ့သည်။

ခုနစ်လသား အရွယ်တွင် မိခင်နှင့် သီလရှင်ဆရာကြီး ဒေါ်မယ်ထီးတို့သည် ကလေးကိုချီ၍ မြစ်နားကန်တွင်းသို့ စီးဝင်သော “မှုး” ချောင်းတွင် ရေချိုးစဉ် ကလေးသည် မိခင်လက်မှ လွတ်ကျသွားသည်။

သို့သော် ရေတွင်မနစ်ဘဲ ပေါ်လော ပေါ်၍ မျောပါသွား၏။ မိခင်တို့ အလွယ်တကူ ဆယ်ယူနိုင်၍ အသက် မသေခဲ့ချေ။

ငယ်တွင်းဆရာတော် ဖြစ်လာသည့် အခါတွင်လည်း ရေဘေးကြုံရပြန် သည်။ ကွမ်းခြံကုန်းမှ ရေလမ်းဖြင့် ဒေးဒရဲသို့ တရားဟောရန် ကြွရစဉ် ကွမ်းခြံကုန်းအထွက်နှင့် ဒေးဒရဲမြစ်ဝ အဆုံး ဝဲကြီးတွင် စီးလာသော သမ္ဗန် နစ်မြုပ်သွားသည်။

လှေပေါ်ပါသူများ အသက်ကိုလု၍ ကူးခပ်ကာ ကမ်းခြေသို့ရောက်လေမှ ဆရာတော်ကို ရှာဖွေကြသည်။ ဆရာ တော်ကား ကမ်းစပ်သို့ အလျှင်ရောက် နှင့်နေကာ သင်္ကန်းပင် ရေမစိုချေ။ မေးလျှောက်သောအခါ...

'ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောကြနဲ့ ကိုယ်တိုင်မကျွတ်ကြတဲ့ ဖိုးနောက်ကိုသာ လိုက်နေကြလိမ့်မယ်'

ဟူ၍ တရားမြွက်တော်မူလေသည်။

ဆရာတော်သည် ဓာတ် ရွှေကိုင်ပြီ သို့လည်း ကြွရောက်၍ တရားဟော လေ့ရှိရာ ရွှေကိုင်ပြီ နယ်၊ ဇီးတောရွာမှ ဦးစိုးဝေါ်ဝင်က သူ့အိမ်ကို ကျောင်း အဖြစ် ယာယီလှူဒါန်း၍ သီတင်းသုံး စေသည်။

ဦးစိုးဝေါ်ဝင်၏ ဇနီးကာမှ ဆရာတော် အား မကြည်ညိုသဖြင့် ဝတ်ကျေတမ်း ကျေမျှသာ လုပ်ကျွေး၏။ သို့သော် ညအိပ်ရာဝင်ချိန်တွင် ဆရာတော် ကျိန်းသည့် အခန်းတွင်းမှ အလင်း ရောင်များ ထွက်ပေါ်နေသည်ကို တွေ့ ရလေမှ အတိုင်းထက်ပင် အလွန် ကြည်ညိုသဒ္ဓါစိတ် ပေါ်ကာ ဇီးတောရွာ ၌ စေတုဘုမ္မိက ကျောင်းတစ်ဆောင် ဆောက်လုပ် လှူဒါန်းလေသည်။ ဦးစိုးဝေါ်ဝင်သည် စေတုဘုမ္မိကဂိုဏ်း ၏ လူဝေမှုကထိက ဆရာကြီးအဖြစ် ဆရာတော် အားကိုးရသည့် တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



◆ ကြေးမြင် ဗိုလ်ရာကျောင်းတိုက်ရှိ ဆေးရေးပန်းချီကား

ကြီးတစ်ဦး ဖြစ်လာခဲ့သည်။)

## ဆရာတော် ရေးသားခဲ့သည့် ကျမ်းများ

ငှက်တွင်း ဆရာတော်ကြီးသည် စတုဘုမ္မိကျင့်စဉ် ပြန့်ပွားစေရန် ကျင့်စဉ်စာအုပ်များစွာ ရေးသားခဲ့သည်။

၁။ မဂ်လသုတ္တန်သာသနဝိသောဓနီကျမ်း။ (ရဟန်း ၅ဝါအရ သင်္ဂဟဆရာတော်ထံ ပညာသည်ပုံစဉ်က ရေးထား ကျန်စာအုပ်များကို ပါရမီစံကျောင်းတိုက် အလှူခံပြီးနောက် စတုဘုမ္မိကကျင့်စဉ်တရား ဟောကြားနေချိန် ၁၃၅၂ ခုနှစ် နောက်ပိုင်း၌ ရေးသားခြင်းဖြစ်သည်။)
၂။ သာသနာလင်္ကာရပဋိပတ္တိကျမ်း။
၃။ သာသနာသုဒ္ဓိပဋိပတ္တိလင်္ကာရကျမ်း။
၄။ ပရမတ္ထဗျူဟာကျမ်း။
၅။ ကမ္မဋ္ဌာနကြေးမုံကျမ်း။
၆။ သာသနာလင်္ကာရ ပဋိပတ္တိမဂ္ဂဟာသနီကျမ်း။
၇။ ဒိဋ္ဌိသောဓနဥဒါဟရဏပဏ္ဍ လောကဝိဒူကျမ်း။
၈။ ဝမ္မဝဒေသာတတ္တသိုလ်ကျမ်း။
၉။ သာသနသုဒ္ဓိကျမ်း။
၁၀။ မဂ်သုတ်နှင့်သာသနဝိသောဓနီကျမ်း။
၁၁။ ရာဇောဝါဒကျမ်း။
၁၂။ သာသနဗျူဟာကျမ်း။
၁၃။ ဗုဒ္ဓိကျမ်း။
၁၄။ မဟာသတိပဋ္ဌာနမဂ္ဂနီကျမ်း။
၁၅။ လောကမိတ္တာကျမ်း။
၁၆။ မဟာသတိပဋ္ဌာနနိဿယသစ်ကျမ်း။
၁၇။ ဓမ္မစက္ကပဝတ္တနနိဿယသစ်ကျမ်း။
၁၈။ ဝိဇ္ဇာတိသုံးပုံပလှယ်ကျမ်း။
၁၉။ ပဋ္ဌာနဒီပနီယာကထာကျမ်း။
၂၀။ သမ္မိနိဿယသစ်ကျမ်း။
၂၁။ ရတနသုတ် မေတ္တသုတ် နိဿယသစ်ကျမ်း။(လက်ရေးမူ)
၂၂။ ဒိဋ္ဌိဇာလဒီပကာသနီကျမ်း။
၂၃။ သာသနာဂေါစရပရမတ်ကျမ်း။
၂၄။ လောကုတ္တရာအဓိသီလကြီးလေးပါး။
၂၅။ နယောတသာသနကိစ္စာကကျမ်း။
၂၆။ ဓမ္မပဒနိဿယသစ်ကျမ်း။(လက်ရေးမူ)
၂၇။ အဘိဓမ္မာဝိဘင်္ဂပါဠိ နိဿယသစ်ကျမ်း။ (လက်ရေးမူ)
၂၈။ သဂြိုဟ်ကျမ်းသစ်ကျမ်း။(လက်ရေးမူ)
၂၉။ ပါဠိသဒ္ဒတအဘိဓာန်ကျမ်း။
၃၀။ ဝိရိယ အဆုံးအဖြတ် စာစုများ။

ဆရာတော်၏ ပုံနှိပ်ပြီး ကျမ်းများ၊ လက်ရေးမူများကို ရှာဖွေစုဆောင်းကာ ကွမ်းခြံကုန်းမြို့ ပါရမီစံကျောင်း "ငှက်တွင်းသမိုင်းပြတိုက်" တွင် ထိန်းသိမ်း စောင့်ရှောက်ထားကြောင်းသိရ...

ကျောင်းဝင်း အရှေ့ဘက်တွင် "သိမ်" တည်ရှိ၍ သိမ် အပေါ်ထပ်နံရံ နံရံစည်း၌ "သက္ကရာဇ် ၁၂၇၇ ခုနှစ် ဝါခေါင်လဆန်း(၁၀)ရက် သောကြာနေ့ကစ၍ မဟာသတိ ပဋ္ဌာန်သိမ်ကျောင်းဆောက်" ဟူသော ကမ္ပည်းစာကို တွေ့ရ၏။

မူလဆရာတော်ကြီး၏ အမိန့်... ဗိမာန်ကို တပည့် ဆရာတော်များ အလှည့်ကျ စောင့်ရှောက်သိတင်းသုံး ရာ ရွှေဂူကျောင်းဟု ခေါ်တွင်၍ ထိုစဉ် ကာလ သထုံမြို့မှ ခေါ်ခင် ဆောက် လုပ်လှူဒါန်းသော သိမ်ဖြစ်သည်။

ထိုမှ သုံးနှစ်အကြာ ၁၂၈၀ ပြည့်နှစ် တွင် ကွဲခြံရွာမှ ဦးတွန်းသော လှူဒါန်း သည့် ဆွမ်းစားကျောင်းကား သိမ် အနောက်ဘက် ကပ်လျက်၌ ရှိခဲ့ သည်။

## စတုဘုမ္မိက ကျင့်စဉ်တရား

ငှက်တွင်းဆရာတော် ဦးပဏ္ဍု... သည် ကွမ်းခြံကုန်းမြို့တွင် ပါရမီ... ကျောင်းကို အလှူခံပြီး၍ ကျောင်း... ဖြစ်လာသော်လည်း ကျောင်းတိုက်... တူတော် ဦးဇောတ[ထိုစဉ်က သိ... (၁၀)ဝါသာရှိသေး၏]အား ဦး... စေကာ ဆရာတော်က... အနယ်...

www.burmeseclassic.com




◆ မယ်တော်အိမ်ဝင်ရှင်ပြု ဆေးရုပ်ပုံ ပန်းချီကား

အရပ်ရပ်သို့ ကြွ၍ စေတနာ့ဝန်ထမ်းအဖြစ် ကျင့်စဉ်တရားကို ဟောကြားတော်မူသည်။

ဆရာတော်၏ ကျင့်စဉ်တရားသည် ထိုစဉ်က အစဉ်အလာတည်ဆောက်ခဲ့ကြသော သီလများနှင့် ကွဲပြား၍ အချို့က ဝေဖန်ကြသော်လည်း အတွင်းကျကျ လေ့လာ သူတို့က ဆရာတော်၏ ကျင့်စဉ်တရားကို လွန်စွာ နှစ်သက်ကြသည်။

သို့ဖြင့် ဂိုဏ်းဝင်ပုဂ္ဂိုလ် တစ်နေ့တခြား တိုးပွား၍ မိမိတို့ မြို့ရွာများ၌ ကျောင်းတိုက်များ ဆောက်လုပ်လှူဒါန်းကြသည်။ ဆရာတော်သည် ထိုကျောင်းများ၌ အလျဉ်းသင့်သလို ဒါတစ်ဆိုလေ့ရှိသည်။

ထို့နောက် တပည့်ရဟန်းတို့အား ခွဲဝေ၍ ကျောင်းထိုင်စေခဲ့သည်။ ဆရာတော်က လူအများ နားလည်စေရန် အောက်ပါအတိုင်း လင်္ကာသွားဖြင့် ဟောလေ့ရှိ၏။

**အဖိဘ်လာမှုယ် ကြေမှန်ဆယ် ဘယ်နှမ်းကြွ၍ ဆယ်မည်မင်း။**

**ဝိရတီသုံးရှုမ်း ရှောင်ကြဉ်ဆယ်း ကျော်ရှိုလ်ဒြန်း၍ ဆင်မည်မင်း။**

ဒုစရိုက်ဆယ်ပါး အဓမ္မကဒါနဆယ်ပါး ဤနှစ်ဆယ်သော ကထုကက်အနုသုက္ကဏ်တို့ကို ဘဝသံသရာ အဆက်ဆက်က အကြိမ်ကြိမ် ပြုလုပ်ခဲ့ခြင်း အကြွေးဟုခေါ်ရ၏။ ထိုအကြွေးကို မဆပ်နိုင်လျှင် အပါယ်ကျမည်ဖြစ်သည်။

သို့ဖြစ်၍ ထိုအကြွေးကို မည်သို့ ဆပ်မည်နည်းဟု အမေးပြုထား၏။ ဝိရတီသုံးပါးနှင့် ပြည့်စုံအောင် ကြိုးစားခြင်းဖြင့် ထိုအကြွေးကို ဆပ်ရမည်ဟု ဖြေထား၏။

ဒုစရိုက်ဆယ်ပါးတွင် ကာယကံ ဒုစရိုက်သုံးပါးကို ဖြူစင်အောင် ကြိုးစားလျှင် သမ္မာကမ္မန္တမဂ္ဂင်မည်၏။ ဝစီကံဒုစရိုက်လေးပါးကို ဖြူစင်အောင် ကြိုးစားလျှင် သမ္မာဝါစာမဂ္ဂင်မည်၏။ မနောဒုစရိုက်သုံးပါးကို ဖြူစင်အောင် ကြိုးစားလျှင် သမ္မာအာဇီဝမဂ္ဂင် မည်၏။ ဤမဂ္ဂင်သုံးပါးကို ဝိရတီသုံးပါးဟု ခေါ်ခြင်းဖြစ်၏။

သို့ဖြစ်လေရာ အာဇီဝဋ္ဌမက သီလကို စောင့်ထိန်း၍ အဓမ္မကဒါနဆယ်ပါးကို ရှောင်ကြဉ်ပယ်ရှားခြင်းဖြင့် ဝဋ်ဘဝသံသရာ ကျင်လည်စေတတ်သော ပုညကြိယာကုသိုလ်များ။ အပါယ်ဆင်းရဲကို ဖြစ်စေသော အကုသိုလ် ဒုစရိုက် ဒုရာစီဝများကို ရှောင်ကြဉ်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

**အာဇီဝဋ္ဌမကသီလရှစ်ပါး**

၁။ အသက်သတ်ခြင်းကို ရှောင်ကြဉ်မှု၊
၂။ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်မှု၊
၃။ သူတစ်ပါးအိမ်ရာကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်မှု၊
၄။ လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊
၅။ ကုန်းချောသွေးခွဲစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊
၆။ ဆဲရေးကြမ်းတမ်းသော စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊
၇။ သိမ်ဖျင်းအကျိုးမဲ့သော စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊
၈။ မကောင်းသော မှားယွင်းသော အသက်မွေးခြင်းမှ ရှောင်ကြဉ်မှု၊



www.burmeseclassic.com

## အဓမ္မဒါန ဆယ်ပါး

၁။ မိန်းမ ယောကျ်ား ဆောင်သွယ်ပေးခြင်း။
၂။ တိရစ္ဆာန်သားတို့ မျိုးပွားပေးခြင်း။
၃။ ကာမဂုဏ်အာရုံ ဖြစ်စေသည့် ပန်းချီသေရေးပုံများ လှူခြင်း။
၄။ မူးယစ်စေသောပစ္စည်း ပေးလှူခြင်း။
၅။ သေစေတတ်သော လက်နက် ပေးလှူခြင်း။
၆။ အဆိပ်ပေးလှူခြင်း။
၇။ လက်ထိတ်,ခြေချင်း အနှောင်အဖွဲ့ ပေးလှူခြင်း။
၈။ မမှန်သော ချိန်ခွင်,ခြင်ခွက်, အသပြာ ပေးလှူခြင်း။
၉။ စားသုံးရန် ကြက်,ဝက် အရှင်ပေးလှူခြင်း။
၁၀။ ပွဲလမ်းသဘင် ပေးလှူခြင်း။(ပွဲခံခြင်း။ ပွဲကြည့်ရန် နေရာထိုင်ခင်း ပေးခြင်း။ ပွဲလမ်းသဘင်ဖြစ်မြောက်စေရန် ကူညီအားပေးခြင်း)

ဤ(၁၀)ပါးကို ရှောင်ကြဉ်ခြင်းတို့ ဖြစ်ကြသည်။

ဤ အဓမ္မဒါန(၁၀)ပါး အကြောင်းကို မိလိန္ဒပဉ္ှာဝတ္ထု၊ အနုမာနပဉ္ှာကဏ္ဍ၊ ဝေဿန္တရဒါနဝဂ်တွင် မကောင်းသော အလှူဒါနဟု သမုတ်အပ်သော အလှူ(၁၀)ပါး အဖြစ် ပြဆိုထား၏။

* * * ———

ဤ(၁၀)ပါးသော အလှူကို ပေးလျှင် အပါယ်သို့လားကြောင်းဖြစ်သည်။ ယင်းတို့အနက် သေအရက် ယစ်မျိုးကို အနာရောဂါအတွက် ဆေးဖော်၍ လှူသော် အကျိုးရှိ၏။ ကျွန်မိန်းမ နွားလားဥသဘတို့မှာ သေနာသနပရိဘောဂ ကျောင်းအသုံးအဆောင် အလို့ငှာလှူသော် အကျိုးရှိသေး၏။

ဓားလက်နက် သံခြေချင်းတို့ကို ဖျက်ဆီး၍လှူသော် အကျိုးရှိ၏။ အဆိပ်ကို ဗာဟိရအနာဆေး အလို့ငှာ လှူသော် အကျိုးရှိ၏။

ကြက်,ဝက်တို့ကို ချမ်းသာစိမ့်သောငှာ(ဘေးမဲ့ပေးခြင်း)လှူသော် အကျိုးရှိ၏။ ချိန်စဉ်းလဲ၊ တင်းစဉ်းလဲတို့ကို ဖျက်ဆီး၍ လှူသော် အကျိုးရှိ၏ဟု ယူအပ်၏။

ကျန်အလှူတို့မှာကား ယောနိသော မနသိကာရ အသင့်တရားနှင့် လျော်အောင် လှူသော်လည်း တရားမဝင် အဓမ္မဒါနဟု သမုတ်အပ်၏ ဟူ၍ ဖော်ပြထား၏။ အကျယ်ကို သိလိုက မိလိန္ဒပဉ္ှာဝတ္ထုတွင် ကြည့်ရှုနိုင်ကြပေသည်။

ငှက်တွင်း ဆရာတော်ကြီးသည် ဤသို့ စတင် စောင့်ထိန်းစေပြီးလျှင် သတိပဋ္ဌာန်တရား (၄)မျိုးအနက် ကာယာနုပဿနာသတိပဋ္ဌာန် အခန်းပါ ကာယဂတာသတိပဋ္ဌာန်ကို အားထုတ်စေ၏။

ကာယဂတာသတိပဋ္ဌာန် ဟူသည် ခန္ဓာကိုယ် အစိတ်အပိုင်း(၃၂)ခုကို အဖန်ဖန် အထပ်ထပ် ဆင်ခြင်ပွားများ အားထုတ်ခြင်းဖြစ်သည်။

ဥဂ္ဂဟကောသလ္လဉာဏ် (၇)ပါး မနသိကာရကောသလ္လဉာဏ်(၁၀)ပါး ထင်ရှားအောင်အားထုတ်နိုင်သောအခါ အသုဘနိမိတ်ထင်၍ သံဝေဂဉာဏ်၊ ဝိပဿနာဉာဏ်တို့ကို ထင်ရှားဖြစ်ပေါ်လာ၏။

ထို့ကြောင့် ဤကျင့်စဉ်ကို "ဒွတ္တိံသာကာရ"သို့မဟုတ်"ကောဋ္ဌာသ" ကမ္မဋ္ဌာန်းဟု ခေါ်ကြ၏။ ဤသမာဓိ ကျင့်စဉ်မှတစ်ဆင့် ပညာစခန်းသို့ တက်လှမ်းအားထုတ်ခြင်းဖြင့် ယောဂီ၏ လိုရာကိစ္စ ပြီးစီးစေသည်ဟု သိမှတ်ရ၏။

ပွားများပုံ အသေးစိတ်ကို သိရှိလိုပါလျှင် နီးစပ်ရာ စေတုဘုမ္မိက ကမ္မဋ္ဌာနာစရိယ ဆရာတော်ထံ မေးမြန်းလျှောက်ထားနိုင်ကြလေသည်။

(ဤမူဇော်မှုတွင် ထိုအစ်သမျှ ရှင်းပြ ကူညီပေးတော်မူသော သထုံမြို့ စေတုဘုမ္မိကကျောင်းတိုက် ထက်ရှိဆရာတော် ဦးတိက္ခဉာဏ အား ကျေးဇူးတင် ဂါရဝပြုပါသည်။)

**ထက်မင်းကျော်စွာ**

| | | |
|---|---|---|
| ၁။ | သမဇ္ဇဒါန | = ကချေသည်အလှူ |
| ၂။ | မဇ္ဇဒါန | = သေအရက်အလှူ |
| ၃။ | ဣတ္ထိဒါန | = မိန်းမအလှူ |
| ၄။ | ဥသဘဒါန | = နွားဥသဘအလှူ |
| ၅။ | သတ္ထဒါန | = လက်နက်အလှူ |
| ၆။ | စိတ္တကမ္မဒါန | = ပန်းချီသေရေး အလှူ |
| ၇။ | ဝိသဒါန | = အဆိပ်အလှူ |
| ၈။ | သင်္ခလိကဒါန | = သံခြေချင်းအလှူ |
| ၉။ | ကုက္ကုဋသူကရဒါန | = ကြက်,ဝက် အလှူ |
| ၁၀။ | တုလာကူဋမာနကူဋဒါန | = ချိန်စဉ်းလဲ၊ တင်းစဉ်းလဲအလှူ |



www.burmeseclassic.com

www.burmeseclassic.com

# တမာရွက်နှင့်

သထိပ်ထုဝ် ထုတ်ဝစ်ရအောင်

အကြောင်းမှာ အကွာရာနှစ်လုံးသည်ဖြင့်သာ ဖွဲ့စည်းထားသော "အဝ" ဟူသည့် ခရီးလမ်းကို ဖြတ်မပါသည့်တစ်ခါ၊ ထီးမဆောင်း ထုတ်ခါခြေကျင်တစ်လှည့် ကုန်ကြောင်းတစ်လှည့်ဖြင့် ကူမည့်သူမပါ၊ ကယ်မည့်သူမရှိဖြင့် လျှောက်လမ်းခဲ့ရပေသည်။

မိမိ၌ရှိသမျှသော အင်အားဖြင့်သာ တစ်ပါးသူတို့ကိုသာ ကာယ၊ ဉာဏ၊ ဝေဒ၊ စိတ်ခွန်အား စသည်တို့ကို ဖြည့်စွမ်းပေးဆပ်ခဲ့သည်မှာ နှစ်ပေါင်း (၃၀)မျှ ကြာမြင့်ခဲ့ပေသည်။

ထို့ကြောင့် စာပေရေးသားခြင်းကို အဘယ်ကာစ၍ ရေးရမည်ကိုပင် နည်း စဉ်းစားရပေတော့သည်။ ထိုအခါ ကျွန်ုပ်သည် သူတစ်ပါးအကျိုးအတွက် ရည်မျှော်၍ ဆေးမြီးတိုလေးတစ်ခုကို ပထမဦးစွာ ရေးသားလိုက်ရပါသည်။



ထိုဆေးမြီးတိုကို ကျွန်ုပ်ကိုယ်တိုင် စမ်းသပ်သောက်သုံးကြည့်ပြီး အလွန်အစွမ်းထက်သည်ကို သိရသဖြင့် အိမ်နီးချင်းသားစုများ၊ ယုံကြည်၍သောက်သုံးကြည့်သူများ၊ သက်သာ ပျောက်ကင်းကြကြောင်း သိရှိရပေသည်။

ယင်းမှာ လူသိများလှသောရောဂါများထဲမှ တစ်မျိုးဖြစ်သည့် အဆုတ်ရောဂါပင် ဖြစ်ပါသည်။ ယင်းရောဂါသည် စွဲကပ်လာလျှင် ငွေကုန်၊ လူပန်း အလွန်ခံစားရခက်သော ဝေဒနာတစ်ရပ်ဖြစ်ပါသည်။

အဆုတ်ရောဂါဖြစ်လာလျှင် ဆေးရုံ ဆေးခန်းဝေးလှသောနေရာ၊ ငွေကြေးမရှိသော ပြည်သူများကြုံလာပါက အောက်ပါ လက်တွင်းတစ်ဆုပ် ရှုယူ၍ သန့်စင်စွာဆေးပါ။ သန့်ရှင်းသော မြေအိုးအသစ်တွင် ရွာနီ လက်ဖက်ရည်ကြမ်းပန်းကန်တစ်လုံးစာနှင့် ရေလက်ဖက်ရည်ပန်းကန် (၆)ခွက်စာရော၍ သုံးခွက်တစ်ခွက်တွင် ပြုတ်ပါ။ လက်ဖက်ရည် တစ်ပန်းကန်စာ ကျန်ရှိလျှင် အရွက်များကိုဖယ်၍ ထားအေးသည်းငယ်စေ၍သောက်ပါ။ ထိုအခါ သည်ရောင်းတွင်း၌ တွေ့မရ မျိုးမရနှင့် ဆို့နေသော သလိပ်ပုပ်များ ထဲတွေးအဖြစ်နှင့် လည်းကောင်း၊ ဝမ်းသွားရာတွင် အမိုးအချဲများအဖြစ်ဖြင့်လည်းကောင်း၊ ပါသွားပြီး ရောဂါ သက်သာလာပါမည်။

ယင်းကို တစ်ပတ်လျှင် (၁)ကြိမ်၊ တစ်လလျှင်(၄)ကြိမ် သောက်ပြီး၊ သက်သာလာသောအခါ တစ်လလျှင် (၁)ကြိမ် သောက်သုံးခြင်းဖြင့် မိမိ၌ စွဲကပ်နေသော အဆုတ်ရောဂါများမှာ သက်သာ ပျောက်ကင်းစေနိုင်ပါသည်။

ဆေးလိပ်သောက်၍ ဆေးပန်းစွဲပြီး လည်ချောင်းတွင် သလိပ်ခဲနေသူများလည်း ပျောက်ကင်းပါသည်။

သို့ရာတွင် ဝေဒနာရှင်သည် သွေးတိုးရောဂါ ရှိ၊ မရှိ အရင်စစ်ပါ။ သွေးတိုးရောဂါရှိလျှင် တမာရွက်နှင့် မတည့်ပါ။

ဤဆေးနည်းသည် တိဘိဆေးရုံကြီးမှ ဝန်ထမ်းတစ်ဦးပြောကြားသဖြင့် သိရှိခဲ့ရသော ဆေးနည်းဖြစ်ပါသည်။

ကျွန်ုပ်သည် ထိုဆေးနည်းကို ကြားပြီးသောအခါ ကိုယ်တိုင်စမ်းသပ်ခြင်း၊ နီးစပ်ရာ မိတ်ဆွေအပေါင်း အသင်းများကို ချိတ်ဆက်၍ စမ်းသပ်တိုက်ကျွေးကြည့်ရာ လက်တွေ့ ပျောက်ကင်း သက်သာသွားကြသည်ကို ကြားသိရသည်မှာ ကျွန်ုပ်၏ ရောင်တမှုရရှိသော ဝီတိကလေးတစ်ခု ဖြစ်ပါတော့သည်။

**ချစ်ဖိုးညို**



www.burmeseclassic.com

www.burmeseclassic.com


注 商
册 標



နိုဝ်– ကျားရထာနာဆေးသည်
ထရွတ်ပြည် ရှေးခေတ် ဧကရာဇ်မင်း၊

နန်းတွင်းတွင် အသုံးပြုသော
ဆေးတော်မြတ်ဖြစ်သည်။







龍鳳寶

နိုဝ်– အမျိုးသားအားဆေး
ကျားရထာနာဆေး

မြန်မာတိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

နဂါးဘေးမဲ့ရထာနာ (လုံးစုန့်ပေါင်)

(ယောကျ်ားသုံးအဆင့်မြင့်အားဆေး) မှတ်ပုံတင်အမှတ် TMR-009365 (1014)

နိုဝ်– ကျားရထာနာဆေး (မူလအမည်။ နဂါးကျားအားမာန်ဆေးလုံး)သည် ထရွတ်ပြည် ရှေးခေတ်ဧကရာဇ်မင်း၊ နန်းတွင်းတွင် အသုံးပြုသော ဆေးတော်မြတ်ဖြစ်သည်။ ၎င်းသည် ဘုရင်မှ မောင်းမမိဿံများ၊ ရွှေမောလျှာသည့် မိဖုရားတို့နှင့် ကာမဖျော်ပါးရာတွင် သီးသန့်အသုံးပြုရန် ဖြစ်သည်။

ဤတို့ဝက်ဆေးနည်းသည် ယခုအခါ ဝင်္ကက်မပြတ် ဆက်ခံလာသည်မှာ အနှစ်(၃၀၀)ကျော်ရှိပြီ ဖြစ်ပြီး လူလောက၏ ဒုတိယကြား ဆေးဟု တင်စားခြင်းခံရပေသည်။ ဤဆေးကို ရေရှည်မှီဝဲသုံးစွဲပါက အသက်ရှည်၍ အစဉ်နုပျိုစေပါမည်။ မန်ချူးမင်းဆက် ဧကရာဇ် ချန်လုံသည် ကာမစည်းစိမ်ဖျော်၍ အသက်(၈၉)နှစ်အထိ နေထိုင်နိုင်ခဲ့ခြင်းမှာ နိုဝ်–ကျားရထာနာဆေးကို ရေရှည်မှီဝဲသုံးစွဲခြင်းကြောင့် ဖြစ်သည်။

အစီအကူးသမှု ။ ယောကျ်ား၊ ကျောက်ကပ်အားချို့တဲ့၍ သုက်ရည်နည်းခြင်း။ ပန်းညို၍ မထိန်းနိုင်ဘဲ သုက်လွှတ်စောခြင်း။

အာနိသင် ။ ကာမရာဂစိတ် ပိုမိုစွမ်း နုပျိုလာစေမည်။ ကျောက်ကပ်အားပေး၍ လူသန်စွမ်းကာ အသက်ရှည်စေသည်။

ဖြန့်ချိရေး– ဦးမြင့်ဆွေ၏သားများ– မြန်မာဆေးမျိုးရုံ C-264(D)၊ မြေအောက်ထပ် သိမ်ကြီးဈေး ဖုန်း–၂၅၇၃၂၉ ရန်ကုန်။ ◆ဆိုင်အမှတ်(၂၈) ဈေးကြီး မော်လမြိုင်မြို့၊ ဖုန်း ၀၃၂–၂၃၁၁၄၊ ◆ဒေါ်သယ်ဆေးတိုက်–အမှတ်(၆၉)၊ တရုတ်တန်း ပြည်မြို့၊ ဖုန်း–၂၁၂၆၂။ ◆မဟူရီမြန်မာဆေးဆိုင်–(၂၈)လမ်းနှင့်(၈၄)လမ်းထောင့် မန္တလေး။ ◆မြနန္ဒာဆေးဆိုင်–အမှတ်(၁၀)မင်းလမ်း၊ ဗိုင်းကန်းတောင်၊ ပဲခူးမြို့၊ ဖုန်း–၂၂၁၀၆။ ◆မောင်မျိုးဆေးဆိုင်–၄/ကျောင်းလမ်း၊ မြောက်ဥက္ကလာ။ ◆ကန်ကော်ရုံ၊ အမှတ်(၈၁/၈၂/၈၃)၊ လားရှိုးမြို့ မဈေး၊ ဖုန်း–၀၈၂–၂၂၁၀၆။ ◆နေလကြယ်ဆေးတိုက်–(၆)လမ်း၊ တောင်ကြီး၊ ဖုန်း–၀၈၄–၂၁၀၇၉။ ◆အခန်း(၈) အဝေးပြေးကိတ်ဝင်း၊ ကင်မလင်းကျွန်း၊ ပုသိမ်မြို့၊ ဖုန်း–၂၁၄၂၁။ ◆ကိုသိန်းဌေး–အမှတ်(၁၈၇)၊ ရွှေပြည်သာဈေး၊ ပုသိမ်မြို့။ ◆ရွှေစန္ဒီဆိုင်–ဒေါ်ခင်စန်းရီ(၃၁/အေ)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့၊ ဖုန်း–၂၁၈၇၉။ ◆ရောဂ်–အမှတ်(၅၂/၈) ကုန်သည်လမ်း၊ ပုသိမ်မြို့။ ◆ဒေါ်ထွေးမြင့်–၅၃/၁ ဦးကြီးခင်ဝေလမ်း၊ ဦးကြီးခမ်း၊ တောင်ကြီးမြို့၊ ဖုန်း–၀၈၁–၂၃၀၂၉။ ◆မြတ်မွန်ဆေးဆိုင်၊ မြစ်ကြီးနား၊ ဖုန်း–၀၇၄–၂၂၉၉၄။ ◆ဝါးသယ်မြို့ အမှတ်၁၂/၆ ဈေးရုံ(၈)၊ ဈေးချုပ်ကွက်–ဦးကျော်လင်း။ ◆အမှတ်(၁၂၂)၊ ရာဇာလမ်း၊ ဝိန်းကန်ရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း–၂၄၃၁၀၄။ ◆ဂေါတမီဆေး[illegible] ဆေးပစ္စည်းဆိုင်–အမှတ်(၇)၊ မြင်းခြံမြို့၊ ဖုန်း–၀၆၆–၂၁၄၄၁။ ◆Topကုန်မာဆိုင်– လားရှိုးလမ်း(နာရီဝင်အနီး) ပြင်ဦးလွင်မြို့၊ ဖုန်း–၀၈၅–၂၁[illegible] ◆ဒေါ်သယ်ဆေးတိုက်–အမှတ်(၆၉)၊ တရုတ်တန်း ပြည်မြို့၊ ဖုန်း–၂၁၂၆၂၊ ၀၈၅–၂၁၂၅၆။ ◆ဦးစိန်သန်း+ဒေါ်နီနီဝင်း–ဆေးပဒေသာ၊ ရတနာမာန်တောင်[illegible] စိတ္တသုခဂေဟာ၊ ရတနာမာန်တောင်ဘုရားအနီး၊ မိတ္ထီလာမြို့–ဖုန်း၂၁၃၉၂။ ဦးအောင်မြင့်နှင့်သားသမီးများ(ဆေးပစ္စည်းဆိုင်)အမှတ် (မ/၁၂၂)၊ ဘု[illegible] တောင်ဘက်လမ်း၊ အရှေ့ပြင်ရပ်၊ မိတ္ထီလာ–ဖုန်း–၂၂၀၄၂။ တက်နေဝန်းမြန်မာ့ဆေးလုပ်ငန်း–ဈေးအရှေ့ဘက်၊ နေပြည်တော်လမ်း၊ စစ်ကိုင်း၊ ဖုန်း–၀၇၂–၂၂[illegible] ထွန်းသောင်စတိုး–ဖုန်း–၂၁၆၄၅။ ဆောင်းပေဟာန်ဆေးပစ္စည်း၊ ဈေး ဝ၁၊ အင်းတော်ဈေး၊ မြစ်ကြီးနား၊ ဖုန်း–၂၂၁၀၆။ ◆ပျဉ်းမနားမြို့၊ ပွဲကတော်ဆေးဆိုင် အမှတ်(၁၁၁)၊ (၇)လမ်း၊ မင်္ဂလာရပ်ကွက်–ဦးထင်ဦး+ဒေါ်မြသန်း။ ◆ဦးကျော် ကွန်ပျူတာဆိုင်–ဗိုလ်ချုပ်လမ်း၊ ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့၊ ဖုန်း–၅၁၂[illegible] ပဲခူးတိုင်း၊ သာယာဝတီမြို့၊ ဈေးအတွင်း–နီညီနောင်ဆေးဆိုင်။ ◆ ကရဏာဆေးဆိုင်–၃၂/အားကစားဒေါင်၊ သဆုံတံတားလမ်း၊ မော်လမြိုင်မြို့၊ ဖုန်း–၀၃[illegible] ၂၂၄၇၇။ ◆ရေထွန်းစတိုး(မြန်မာ့ဆေးမျိုးစုံနှင့်အလှကုန်ဆိုင်)ရုံ(၁)၊ လိုင်း(အေ)။ ◆ဆိုင်အမှတ်–(၂၈)ဈေးကြီး၊ မော်လမြိုင်မြို့၊ ဖုန်း–၀၃၂–၂၃၁၁၄။ ◆ကိုအောင်[illegible] (ဆေးတိုက်) ထုံတိုလ်စိမ်း၊ ဆိပ်ငယ်ရပ်၊ မြိတ်မြို့၊ ဖုန်း–၀၅၉–၄၁၆၀၄။

ပင်ရင်းဖြန့်ချိရေး – နိုဝ်ဆေးတိုက်အမှတ်(၁၅)၊ ပထမထပ်၊ ထီးတန်း(၂)လမ်း၊ ကမ်းနားလမ်း၊ ဘီနီမင်္ဂလာဈေးအနီး၊ တုမ်းလမ်းမှတ်ဆိုင်[illegible]
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၃၀ ၅၉၈၀၈၊ ၀၉–၅၀၅ ၈၁၀၈၊ ၀၉–၄၂၀၀ ၁၈၅၂၁၊ ၀၉–[illegible]


[illegible]

www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရှိ သမိုင်းဝင်စေတီများ

## ၏ အောက်ခြေမှ ဖူးမြော်ဖွယ်စေတီတော်များ (၃၅)

ရှောင်ဖြူမြတ်
(စစ်ကိုင်းတောင်)



◆ တောင်တော်၏ အရှေ့ဘက် ချောက်ကြီးဘုရားသွားမှ
ဖူးမြင်ရသော ရွှေကြက်တောင်စေတီ

### ရွှေကြက်တောင်စေတီတော်

နမောတဿ ဘဂဝတော အရဟ
...တော သမ္မာသမ္ဗုဒ္ဓဿ။ [၃-ကြိမ်ရွတ်
...]

နရပတိစည်သူ ဇရာလေနံ
...ဟာပုညေနံ ဟပိတံ၊
ရွှေကြက်တောင်တိ ပယာထုပံ၊
...ရှာဒိ ဝိသုတံ၊
...သော ပါဠိအဘိဓာန်
...တာပုညေနံ = မဟာပုန္နံညေနံ
...ဝံ = ယန်တံ
...ဒိ = ဝန္ဒါမိ

...ပြန်
...ဟာပုညေနံ – ဘုန်းတော်ကြီးမြင့်များ
...ကြီးကြဲပါသော၊
...ဇရာစနေ – နရပတိ
...ဘွဲ့ယူတော်မူသော ပုဂံပြည့်ရှင်
...ရှင်သည်၊
...တံ – မြန်မြည်တစ်လွှား လွှန်
...ကြားသည့်၊
...၏ ရွှေကြက်တောင်တိ မဟာ
...– အကြင် ရွှေကြက်တောင်
...ည့် စေတီတော်မြတ်ကြီးကို၊
...တံ – ငါးတောင်သာသနာ ထို
...အောင် တည်တော်မူလေပြီ။
...– ထိုရွှေကြက်တောင် စေတီတော်
...ကြီးသား
...– "......"ဟု နာမ သမုတ်
...ခဲ့သည်။

[မှတ်ချက်။ ။"......"နေရာတွင် မိမိအမည် ထည့်ဆိုရန်]

ဈာမိ – ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။

**ဘုရားတည်နှစ်**

သက္ကရာဇ် ၅၄၇ ခုနှစ်။

**ဘုရားဒါယကာ**

နရပတိစည်သူမင်းကြီး။

**တည်နေရာ**

စစ်ကိုင်းမြို့ တောင်ရိုးလမ်း နန်းဦးကျောင်းတိုက် အရှေ့ဘက်။

**ပွဲတော်ရက်**

သတ်မှတ်ထားခြင်းမရှိပါ။

**အောင်မြေ**

လိုဏ်အတွင်း ရွှေကြက်မင်း ရုပ်ပွားတော်ရှေ့။

**အစောင့်အရှောက်**

သောတာပန် ဘိုးဘိုးကြီး။

**ထူးခြားချက်**

ရွှေကိုင်းသားခေါ် အနုရုဒ္ဓါချောင် ဆရာတော်ကြီး ဦးသောဘိတနှင့် ဆရာကြီး သမြူးမြသောင်းတို့၏ လေ့လာမှတ်သားချက်များကို ဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိတို့၏ ခြွင်းပါနှင့်အညီ တင်ပြပါမည်။

စစ်ကိုင်းမြို့သမိုင်း (၁၀၉၉ ခုတိုးပေမူ)အရ တောင်တော်ပေါင်း (၅၀) ပါဝင်လေရာ စစ်ကိုင်းတောင်ရှိ တောင်ထွတ်များကို ဖော်ပြထားပုံမှာ မြေပုံလမ်းညွှန်သဖွယ် တိကျစွာ ပါရှိလေသည်။ ထိုတောင်များ၏ အမည်နှင့်အတူ စေတီတော်များကို ပြဆိုလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေကြက်တောင်စေတီသို့ ဖူးမြော်ရန် အဝင်မုခ်ဦး

ရွှေကြက်တောင်စေတီ၏ အထိမ်းအမှတ်ပုံ ◆



◆ ရွှေကြက်တောင်စေတီတော်သို့ အတက်လှေကား



၁။ စစ်ကိုင်းမြို့ တကောင်းနယ် ရေဝတီမြစ် အနီး စစ်သားတောင် သရွာစေတီ။

၂။ ထိုတောင်၏ မြောက်ဘက် ခါးမင်းဆဲတောင် ရှူသပက်မြည်နံ့စေတီ။

၃။ ထိုတောင်၏ အရှေ့ဘက် ရွှေတောင်ဦး တောင် ရွှေတောင်ဦးမော်စေတီ။

၄။ ထိုတောင်၏ မြောက်ဘက် လေးမျက်နှာ တောင် လေးမျက်နှာစေတီ။

၅။ ထိုတောင်၏ အနောက်ဘက် အိမ်မြှု တောင် အိမ်မြှုဝေ ပုံမြှုစေတီ။

၆။ ထိုတောင်၏ အနောက်မြောက်ဘက် ရွှေ ကြက်တောင် ရွှေကြက်တောင်စေတီ။

၇။ ထိုတောင်၏ အနောက်ဘက် လင်းဦး တောင် ရှင်ပင်နန်းဦးစေတီ။

၈။ ထိုတောင်၏ အရှေ့ဘက် မိပေါက်ကြီး တောင် မဟာမိရိပေါက်ကြီးစေတီ။

၉။ ထိုတောင်၏ အရှေ့ဘက် မြပုံတောင် မြသဲ့လုံးဆယ်စေတီ။

၁၀။ ထိုတောင်၏ အရှေ့ဘက် နံ့ကိုင်းတောင် ရှင်ပင်နံ့ကိုင်းစေတီ။

၁၁။ ထိုတောင်၏ အနောက်မြောက်ဘက် ယန်းကျည်းတောင် မြပုံတောင်စေတီ။

၁၂။ ထိုတောင်၏ အနောက်ဘက် ဘီလူး တောင် ရှင်တေပုဆုတောင်ပြည့်စေတီ။

၁၃။ ထိုတောင်၏ အရှေ့မြောက်ဘက် ရွှေဆံ့ တောင် သယမ္ဘူစေတီ။

၁၄။ ထိုတောင်၏ အရှေ့ဘက် ပဲပုံတောင် ပဲ မှဋ္ဌာစေတီ။

၁၅။ ထိုတောင်၏ အရှေ့ဘက် မဟာတောင် လေးကျွန်းသီးစေတီ။

၁၆။ ထိုတောင်၏ မြောက်ဘက် ဖါးဦးတောင် လေးကျွန်းချမ်းသာစေတီ။

၁၇။ ထိုတောင်၏ အနောက်ဘက် ဝက်ရဲတောင် ဝေဠုဝန်စေတီ။

၁၈။ ထိုတောင်၏ မြောက်ဘက် ဟံသာ တောင် ဆင်ဘိုစေတီ။

၁၉။ ထိုတောင်၏ အနောက်ဘက် ဝေဘာတောင် ဆွမ်းဦးပုညရှင်စေတီ။

၂၀။ ထိုတောင်၏ အရှေ့မြောက်ဘက် မြတောင် ဥမင်ကိုးဆယ်စေတီ။

၂၁။ ထိုတောင်၏ မြောက်ဘက် ကျိုးမန်တောင် ကျိုးမန်ချောင်း

၂၂။ ထိုတောင်၏ မြောက်ဘက် ဂုဏ်ရည် တောင် ဂုဏ်မြတ်နာစေတီ။

၂၃။ ထိုတောင်၏ အရှေ့ဘက် ရွှေတော်တောင်





www.burmeseclassic.com



● ရွှေကြက်တောင်
ရုပ်ပွားဆင်းတုကြီးအား
ရှုမငြီးဖွယ်



● ရွှေကြက်တောင်စေတီတော်မြတ်အား နန်းဦးဘေးရာဇဝင်ဆိုင်ရာ
တခဲနက်ပူဇော်ကြ ကုသိုလ်တော် တော့အော်ပဲ့တင်
ရှုမြင်ဖွယ်

အုံတော်မူစေတီ။

ထိုတောင်၏ အရှေ့ဘက် ပထိကုဋ္ဌလတောင် အောင်မြေရှုကုစေတီ။

ထိုတောင်၏ အနောက်တောင်ဘက် သရက္ခန်တောင် (စေတီမရှိ)။

ထိုတောင်၏ တောင်ဘက် ရှမ်းမြှင်လှတောင် ရှမ်းမြှင်လှစေတီ။

ထိုတောင်၏ အရှေ့ဘက် ဓမ္မိကတောင် ပုထိုးချောင်း။

ထိုတောင်၏ ဓတောင်ဘက် သပိတ်လဲတောင် မြတ်ချောင်း။

ထိုတောင်၏ တောင်ဘက် ရတနာပဂ္ဂိုင်တောင် ပဟာသယစေတီ။

ထိုတောင်၏ အရှေ့ဘက် သရက်ချောင်းတောင် ဝိတိလုခ နာဂဝံသချောင်း။

၃၁။ ထိုတောင်၏ တောင်ဘက် တံခွန်တိုင်တောင် အာသောကရဲ့ ခုတောင်မြှုံ့စေတီ။

၃၂။ ထိုတောင်၏ ဝဲချက်တောင်ဘက် ကျွှာတောင် ကျွှာစေတီ။

၃၃။ ထိုတောင်၏ အနောက်ဘက် သိကြားတောင် သိကြားစေတီ။

၃၄။ ထိုတောင်၏ အနောက်ဘက် တောမပျှိုင်တောင် တောမပျှိုင်ချောင်း။

၃၅။ ထိုတောင်၏ အရှေ့မြောက်ဘက် ပေယျပွှတတောင်(စေတီမရှိ)။

၃၆။ ထိုတောင်၏ မြောက်ဘက် ပဂ္ဂမြားတောင် ပဂ္ဂမြားစေတီ။

၃၇။ ထိုတောင်၏မြောက်ဘက် ဒွဂ္ဂာသောလာတောင် (စေတီမရှိ)။

၃၈။ ထိုတောင်၏ အနောက်ဘက် လေးကျွန်းဆီးစီးတောင် (စေတီမရှိ)။

၃၉။ ထိုတောင်၏ မြောက်ဘက် တောင်ပီလာတောင် တောင်ပီလာစေတီ။

၄၀။ ထိုတောင်၏ အရှေ့မြောက်ဘက် တောင်လှတောင် ရွှေကြက်တော့စေတီ။

၄၁။ ထိုတောင်၏ မြောက်ဘက် တောင်မကြီးတောင် (စေတီမရှိ)။

၄၂။ ထိုတောင်၏မြောက်ဘက် သုံးဆင့်တောင် (စေတီမရှိ)။

၄၃။ ထိုတောင်၏ မြောက်ဘက် ရေနီတောင် (စေတီမရှိ)။

၄၄။ ထိုတောင်၏ မြောက်ဘက် မြိမ်ပိတောင် ရွှေမြိမ်ပိစေတီ။

၄၅။ ထိုတောင်၏ မြောက်ဘက် နိတောင်



www.burmeseclassic.com





◆ ရွှေကြက်တောင်စေတီ မြောက်ဘက်ရှိ
ရှင်ဥပဂုတ္တမထေရ်၏ အဆောင်တော်

◆ ရွှေကြက်တောင်စေတီတော်
ကျောက်အချို့ပေါ်တွင် နေရှင်ဘုရားများနှင့်

ရွှေကြက်အိပ်စေတီ။
၄၆။ ထိုတောင်၏ မြောက်ဘက် ပင်းရဲတောင် (စေတီမရှိ)။
၄၇။ ထိုတောင်၏ မြောက်ဘက် ပင်းယန်တောင် (စေတီမရှိ)။
၄၈။ ထိုတောင်၏ မြောက်ဘက် ယောမတောင် (စေတီမရှိ)။
၄၉။ ထိုတောင်၏ မြောက်ဘက် ရွှေမြတ်တင်တောင် ရွှေမြတ်တင်စေတီ။
၅၀။ စစ်ကိုင်းတောင်၏ အနောက်ဘက် ပင်းခံတောင် ရွှေပင်းခံစေတီ။

ဤကား စစ်ကိုင်းတောင့်၏ သမိုင်းဝင် တောင်တော်ပေါင်း(၅၀)၏ တည်နေရာ တောင်ညွှန်းကျမ်း မှတ်တမ်း ဖြစ်လေတော့သည်။

ရွှေကြက်တောင် စေတီတော်မြတ်သည်လည်း စစ်ကိုင်းမြို့၏ သမိုင်းဝင်အိုက်ဝင် တောင်တော်၌ တည်ရှိလေရာ စစ်ကိုင်းတောင်၏ အမှတ်(၆)တောင်လည်း ဖြစ်လေသည်။

ဘုရားအလောင်းကြက်မင်းဘဝတွင် ကြင်ရာတော်နှင့်အတူ နီနား ကျက်စားခဲ့ရာ တောင်တော်လည်း ဖြစ်လေ၏။

အလောင်းတော် ကြက်မင်းသည် ဘဝကြင်ဖော်ဖြစ်သည့် ယသော်ဓရာ အလောင်းနှင့်အတူ ဗန်းမော်မြို့အနီး "ကြက်တန်းစင်" အရပ်တွင် နေထိုင်ရာမှ ဗန်းမော်မြို့၏အနီး (၆)မိုင်ကွာ ဧရာဝတီမြစ်ကမ်းသို့ ရောက်ရှိခဲ့ကြလေ၏။

## ကြက်တန်းစင်စေတီ

ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းရှိမြစ်၏ အပေါ် အုပ်မိုးလျက်ရှိနေသော တောင်စွယ်ပေါ်တွင် နေထိုင်ခဲ့လေ၏။ ထိုတောင်ကို ကြက်တန်းစင်တောင်ဟု တွင်လေသည်။

ကြက်မင်း ... ကြက်မများ ... ကြက်များ ...

ယင်းတောင်စွယ်၏ အထက်တွင် ကိုးတောင်ပြည့်စေတီတစ်ဆူ တည်ထားတော်မူလေရာ "ကြက်တန်းစင်ဘုရား"ဟူ၍ တည်ရှိနေလေသည်။

## ရွှေကြက်အိပ်စေတီ

မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်လာအတိုင်း နရပတိစည်သူမင်းကြီးသည် စစ်ကိုင်းတောင်၏ မြောက်ဖျား ဧရာဝတီမြစ်ကမ်းအထက် နီတောင်ချောင်းပေါက်အရပ်၌ ကုန်းတော်ထိပ်တွင် အလောင်းတော် ကြက်မင်းမောင်နှံ အိပ်စက်နားနေရာ အထိမ်းအမှတ်အဖြစ် တည်ထားမြိုနှံလေရာ "ရွှေကြက်အိပ်စေတီ"ဟု အမည်တွင်နေလေ၏။

ရွှေကြက်အိပ် စေတီတော်မှာ ရွှေကြက်ယက်ဘုရားကဲ့သို့ ကျောင်းခံပြီး အထက်တွင် စေတီပေါ်တည်ဆောက်ထားလေသည်။ မုခ်လည်း အရှေ့သို့ လှည့်ထားလေ၏။

ရွှေကြက်အိပ် စေတီတော်၏ မြောက်ဘက် တံတိုင်းအနီးတွင် ပရိတ္တ ကြာညောင်းလှုပြီး ... လည်း ယနေ့ထက်တိုင် ...

www.burmeseclassic.com



◆ ရွှေကြက်တောင်စေတီတော် အနီးတော်မှ ရှေ့သိမ်တော်

ရွှေကြက်တောင်စေတီတော်ရင်ပြင်ထက်မှ

ဆီမီးလောင်းကြီး ◆



ရှိသော သိုက်ဝင်ပေပင်ကြီးအား အမှတ်အသားအဖြစ် တွေ့မြင်နိုင်ကြလေသည်။

## ရွှေကြက်တောင့်စေတီ

အလောင်းတော် ရွှေကြက်မောင်နှံသည် တစ်တောင့်တစ်နား အိပ်စက်ကွန်းရှိပြီးနောက် နံနက်မိုးသောက်အလင်းရောက်သောအခါ ဆက်လက်ပျံသန်းလာခဲ့ကြလေ၏။

နိုတောင်ချောင်းပေါက်အရပ်မှ (၂) မိုင်ကွာဝေးသော ယခုအခါ ကြက်တောက်ရွာ၏ မြောက်ဖျားကုန်းဖြစ်သည့် "တောင်လှတောင်" ထက်တွင် တစ်တောက် နားကြလေ၏။

ထိုတောင်လှတောင်ထက်တွင် ရွှေကြက်မောင်နှံ တစ်တောက်နားအထိမ်းအမှတ်အားဖြင့် အရှေ့ဘက်မုခ်ဝလှည့် ပုတ်ခံစေတီတစ်ဆူ တည်ထားတော်မူပြန်လေ၏။

စေတီတော်အား "ရွှေကြက်တောင့်စေတီ" ဟု အမည်တွင်လျက် ရှိလေရာ ယနေ့တိုင် ဘုရားပွဲတော်မှာ အလွန်စည်ကားလှပေသည်။

စစ်ကိုင်းမြို့၏ ကြီးလေးကြီး အပါ အဝင်ဖြစ်သော ဘိုးတော် ဦးဝိုင်း၏ ကုသိုလ်ကြက်တောင်ကန်တော်ကြီးမှာ ရွှေကြက်တောင့်ဘုရား၏ အနောက်ဘက်မင်းကွန်းကားလမ်းဘေးတွင် တွေ့ရှိနိုင်ကြလေ၏။

## ရွှေကြက်တောင်စေတီ

အလောင်းတော် ရွှေကြက်မင်းသည် ကြက်တောက်အရပ်တွင် တစ်တောက်နားနေပြီးနောက် ဆက်လက် ပျံသန်းလာခဲ့ကြလေ၏။

ကြက်တောက်အရပ်မှ (၂)မိုင်ခန့်ကွာသော စစ်ကိုင်းမြို့ ရေဝန်းရပ်သို့ ယခု နှမ်းဦးမြို့သစ်ရပ် "ရွှေကြက်တောင်" သို့ ရောက်ရှိကာ နေထိုင်ကြပြန်လေ၏။ ရွှေကြက်တောင်သည် စစ်ကိုင်းတောင်၏ တောင်စွယ်ဖြစ်၍ တောအုပ်ကြီး ဖြစ်လေသည်။

ရွှေကြက်တောင်တွင် ရွှေကြက်မင်း အထိမ်းအမှတ်အဖြစ် ရှေ့က စေတီတော်များကဲ့သို့ပင် ကုလားကျောင်းခံ၍ အထက်တွင် စေတီတော် အထွတ်တင် တည်ထောက်ထားလေရာ မုခ်ဝကိုလည်း အရှေ့ဘက်လှည့် ပူဇော်ထားလေ၏။

ရွှေကြက်အိပ်၊ ရွှေကြက်တောင့် စေတီတော်တို့ထက် ဉာဏ်တော် မြင့်မားလှပေရာ ရေဝတီမြစ်၏ တစ်ဖက်ကမ်းရှိ ရွှေကြက်ယက်ဘုရားနီးပါး ဉာဏ်တော် ဖြစ်လေသည်။

ရွှေကြက်တောင် စေတီတောင် စေတီတော်လိုဏ်အတွင်းမှ ရုပ်ပွားတော်မြတ်ကြီးမှာ ရွှေကြက်ယက်၊ ရွှေကြက်ကျ ဘုရားများထက် ဉာဏ်တော် ပိုမိုကြီးမားလေသည်။

ရွှေကြက်တောင် စေတီတော်ကြီးအား ဌာနေဒေသခံများက "တောကြက်တောင်" ဘုရားဟူ၍ ခေါ်လေ့ရှိကြပါသည်။

မှတ်တမ်း စာဟောင်းများတွင် "တောကြက်တောင်ဘုရား" ဟူ၍လည်းကောင်း၊ "ရွှေကြက်တောင်



www.burmeseclassic.com

www.burmeseclassic.com





◆ ရွှေကြက်တောင်စေတီတော်၏ အလုံးစေတီတော်ငြိမ်သော
မြိတ်မြို့ရှိ ရှမ်းရွာစေတီတော်

◆ ရွှေကြက်တောင်စေတီတော်မှ
အကြီးဆောင် အမြဲချန်စေတီတော်

ဘုရား"ဟူ၍ လည်းကောင်း၊ မြတ်သောသဘောအားဖြင့် "မြကြက်တောင်ဘုရား"ဟူ၍ လည်းကောင်း အစဥ်အဆက် မှတ်သားခေါ်ဆိုကြလေသည်။

## ရွှေကြက်ယက်၊ ရွှေကြက်ကျ

အလောင်းတော် ရွှေကြက်မင်း မောင်နှံသည် ရွှေကြက်တောင်၌ ကျက်စားနေထိုင်လျက်ရှိရာမှ ရေဝတီမြစ်ကြီးကို ဖြတ်ကျော်ပျံသန်း၍ တစ်ဖက်ကမ်း နဂါးရစ်တောင်သို့ ဆင်းသက်ကျရောက်လေ၏။

ထိုကျရောက်ရာ နဂါးရစ်တောင်တွင် ရွှေကြက်ကျဘုရားဟူ၍ လည်းကောင်း။ ထိုတောင်၏ တောင်ဘက်တွင်ရှိသော မန္တာကီရိတောင်တွင် အစားအစာယက်၍ ရှာဖွေစားသောက်ရသောနေရာ၌ "ရွှေကြက်ယက်ဘုရား" ဟူ၍လည်းကောင်း စေတီနှစ်ဆူ တည်ထားတော်မူလေသည်။

ရွှေကြက်တောင် စေတီအား အကြောင်းပြု၍ "ကြက်မင်း–ဓ ရှ" အား အကျဉ်းချုံး၍ ဖော်ပြလိုက်ရပါ၏။

၁။ ရွှေကြက်တောင် စေတီတော်မြတ်သည် ကားဘုရားအလောင်းတော် ကြက်မင်းဘဝ ဖူးဒိတ်လာမြဲတည်ခြင်း။

၂။ စစ်ကိုင်းမြို့တည် သမိုင်းဝင် ကုန်း(၉)ကုန်း၌ တစ်ပါး အပါအဝင်ဖြစ်ခြင်း။

၃။ သမိုင်းဝင်တောင်တောင် (၅၀)တွင် (၆)ခု မြောက်တောင်တော်ဖြစ်ခြင်း။

၄။ သိုက်ဝင်တောင် (၃၇)လုံးတွင် ပါဝင်ခြင်း။

၅။ အလောင်းတော် ရွှေကြက်မင်းမောင်နှံ ကျက်စားနေထိုင်ရာဖြစ်ခြင်း။

စသော အောင်ဓာတ် အောင်မြေ နေရာမှန်သော စေတီထူး ဖြစ်လေတော့သည်။

စစ်ကိုင်းစာဆိုတော်ကြီး ညောင်ပင်သာဦးဖုညအရှင်မြတ်က တေးထပ်ဖြင့် မှတ်တမ်းတင်ထားခဲ့လေသည်။

ကြက်ဒိဗ် ကြက်ထောက် ဒုံးသန်း
ဘုန်းတော်လေလျှန်း ထူးမြတ်စွာ
ကြက်ကျ ကြက်ယက် ကြက်တောင်ထူး
ရွှေကြက်ဖိုဦး
ဂုဏ်ပေါင်းကွန့်ကွန့်မြူ
ယင်းဆိုသမျှ ထွန်းသကျကို
သက္ကရာဇ်လေရာ ရှစ်ခွန်နှ
ပေါ်ထွန်းမှုလ စရှုန်းစည်
ထိုမင်း–နှုပတိတည်။
ဖောင်စကြာနှင့် ဖျူလည်သည်
ခွန်ရှည်လာသနာ
တည်ထွန်းမြဲတဲ့လေ။

ဟူ၍ ဖော်ပြထားလေသည်။

မြတ်စွာဘုရား၏ အလောင်းတော်ဘဝ ဖြစ်စဥ်များတွင် စစ်ကိုင်းတောင်တော်၌...

၁။ ယုန်မင်းဘဝဖြင့် ပေါ်ဦးတောင်
၂။ ဆိမ်းဘဝဖြင့် ဆိမ်းဝဲတောင်
၃။ နိမင်းဘဝဖြင့် နိတောင်ရောင်ပေါက်
၄။ ကြက်မင်းဘဝဖြင့် ရွှေကြက်တောင်
၅။ ငံသူတော်ဘဝဖြင့် ပုဏ္ဏားတောင်
၆။ ရွှေသမင်ဘဝဖြင့် ပဲ့တောင်

တို့၌ (၆)ဘဝတိုင်အောင် ဖြစ်ထွန်းနေထိုင်ခဲ့လေရာ စစ်ကိုင်းတောင်တော်ကြီးသည်ကား တုနှိုင်းမရှိ မှုအောင်မြေသာ ဖြစ်လေတော့၏။

ရွှေကြက်တောင် စေတီတော်မြတ်ကြီးသည်ကား...

◆ အရှေ့ဘက်၌ ရတနာကီရိ ဝုံးတော်



www.burmeseclassic.com

www.burmeseclassic.com





◆ ရွှေကြက်တောင်စေတီတော် တနုံရွာတောင်မှ သာမဏေသုခ
ဆရာတော်ကြီး အဓိဋ္ဌာန်အောင်မြင် ပြီးမြောက်ခဲ့သောနေရာ
ရွှေကြက်တောင်စေတီ၏ အနုံစေတီ ရွှာသမုဒ္ဒစေတီအား မှုမြင်ရပုံ ◆

ကြီးစေတီ၊
◆ အနောက်ဘက်၌ ရှင်ပင်နန်းဦး
စေတီ၊
◆ တောင်အရပ် မြစ်တစ်ဖက်၌ ရွှေကြက်ယက် ရွှေကြက်ကျစေတီ၊
◆ မြောက်ဘက်အရပ်၌ ရွှေမ်းဦးပုညရှင်စေတီ
တို့၏ အလယ်ချက်မ ဘူမိနက်သန်ဌာနမှန်တို့တွင် တည်ရှိနေခြင်းမှာ ထူးခြားအံ့ဖွယ်ဖြစ်လေတော့သည်။

စေတီတော်ကြီး၏ မုခ်လိုဏ်အတွင်း အောင်မြေနေရာတွင် ယခုအခါဘုရားဖူးများ တရားဘာဝနာ ပွားများ အားထုတ်ရန်အတွက် ပြုလုပ်ထားသောကြောင့် အားထုတ်သူများအတွက် အောင်ဓာတ်ရရှိစေသော နေရာထူးဖြစ်လေ၏။

ပြိုကျပျက်စီးလုနီးနီး ဖြစ်နေသော စေတီတော်အခြေကို ပြုပြင်ခြင်း၊ စေတီကြီးကို ပြုပြင်ခြင်းနှင့် ခေါင်းလောင်းတော်ကြီး၏ ကုသိုလ်ရှင်များမှာ နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းချုပ် ဦးကျော်မိုးသိန်း+ဒေါ်ဖြူဖြူဝင်း၊ သားမောင်ကျော်မင်းထက် မိသားစုတို့၏ ထူးမြတ်သောဒါန ဖြစ်ပါသည်။

ရင်ပြင်တော်၏ တနင်္ဂနွေထောင့် တရုတ်စံကားပင်ရှိရာ ဌာနသည် စစ်ကိုင်းတောင်ရိုး "သာမဏေသုခကျောင်း ဆရာတော်ကြီး ဦးဝိသုဒ္ဓ" အဓိဋ္ဌာန် အောင်မြင်ခဲ့သော နေရာထူးနေရာမြတ် ဖြစ်ပါသည်။

စစ်ကိုင်းတောင်သို့ ဘုရားဖူး ဂန္ဓာရီခရီးရောက်ရှိလာပါက နန်းဦးကျောင်းနှင့် အနီးဆုံး ရွှေညောင်ပင်ကားဂိတ်မှ တစ်ဆင့် အလွယ်တကူ မပင်မပန်း ဝင်ရောက် ဖူးမြော်ကြည်ညိုနိုင်ပါကြောင်း ကုသိုလ်ဒါန လမ်းပြလိုက်ရပါသည်။

**အောင်ရွှေမြတ် (စစ်ကိုင်းတေး)**

◆ ရွှေကြက်တောင်
ရှေးသိမ်
မှတ်တမ်းကျောက်စာ



◆ ရွှေကြက်တောင်စေတီတော်
လိုဏ်အတွင်းမှ ကျောက်စာ
နှင်(၃၀) သရိုးကျောက်စာ



www.burmeseclassic.com

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# ကြောမင်း

အစွတ်ထဲဆိုဒ်

# အကြောအားဆေး



(ဟာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၃၀၁YR ၀၀၆၀ ၂၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
ထဆဆက(ဗာနယ်မင်း) ၅၂/၀၅၀၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကို။ ဘယ်က လှည့်လာကြတုံး'

'ဆရာဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးစော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နှင်းဆိုင်း၊ နှိပ်နှိုင်းနေတာ တွေ့တာနဲ့ ဆရာဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးစော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အကြောရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'အော်... ဦးစော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း။ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း။ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း။ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း။ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း။ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း။ ခြေလက်တွေ ကပ်ခြင်း။ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း။ အားမရှိသလိုမျိုး ခံစားရခြင်း။ အကြောတက် ညောင်းညာခြင်း။ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း။ ခြေတုန်၊ လက်တုန်၊ လည်ပင်း၊ ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးစော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ ကြောမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'ကြောမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ဝိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း။ သတိမှတ်ဉာဏ်နည်းခြင်း။ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း။ အရိုးကျိုးပေါင်းတက်ခြင်း။ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း။ အကိုင်အတွယ်မမြဲခြင်း။ ထုံကျဉ်ကိုက်ခဲခြင်း။ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း။ လှုပ်ရှားမှုများ အားနည်းနေးကွေးခြင်း။ ခြေကပ်လက်ကပ်ဖြစ်ခြင်း။ လက်မြှောက်မရခြင်း။ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း။ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း။ ခြေလက် မသယ်နိုင်ခြင်း။ အထိုင်အထလေးလံခြင်း။ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း။ အကြောသေခြင်း။ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း။ ဒူးဆစ် အကွေးအဆန့်မရခြင်း။ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း။ အတက်စားနည်း နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ဖျတ်လတ်မှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အနီးဆုံး အနယ်နယ်ရှိ ဆေးဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ ကြောမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အစော်မွန်ဖြစ်တဲ့ ကြောမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

ဆရာမြင့်
ကြောမင်းဆေးတိုက်
အမှတ်-၈/၆၆၆ သုဝဏ္ဏလမ်းမကြီး သုဝဏ္ဏမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ် ဖုန်း-၇၂၂၉၆၃

ဦးစော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့

# မေတ္တာရှင် တောင်သူကုန်း ဆရာတော်ကြီး

သီဟလေးငယ် (လယ်တော်)

အား ဖူးမြော်ကြည်ညိုခြင်း (၂)

## ယခင်လမှ အဆက်



◆ မေတ္တာရှင် တောင်သူကုန်း ဆရာတော်ကြီး၏ ပုံတော်

အစတွင်မူ ထိုဒကာ,ဒကာမများမှာ ကိုလုံဆရာတော်ကြီးဟု ထင်မြင်မိခဲ့ပါသည်။ ထိုဆရာတော်ကြီးမှာလည်း ကိုလုံဆရာတော်ကြီးနှင့် အတော်ပင် ဆင်တူ၏။

ဤသို့လျှင် ထိုဒကာ,ဒကာမများမှာ အသေအချာ စူးစိုက်ကြည့်ရှုရာမှ ကိုလုံ ဆရာတော်ကြီး မဟုတ်ကြောင်း သိလာကြလေသည်။ ထိုဆရာတော်ကြီး၏ ပုံရိပ်တော်ကို အာနာပါနတရား မှတ်ချိန်တိုင်း ဖူးတွေ့နေရ၍ ထိုဒကာ,ဒကာမများမှာ ဆရာတော်ကြီး၏ ပုံရိပ်တော်ကို ကောင်းစွာ မှတ်မိနေ၏။

ဤသို့ဖြင့် တစ်ခုသော နေ့တစ်နေ့၌ ရွှေလေးမြို့မှ ထိုဒကာ,ဒကာမများ၏ နေအိမ်ထံသို့ ဆရာတော်ကြီးတစ်ပါး ဆွမ်းခံကြွလာ၏။ ဆရာတော်ကြီးမှ ဆွမ်းလာခံစဉ်' ထိုဒကာ,ဒကာမ မိသားစုတို့မှာ ဆရာတော်ကြီးအား ဆွမ်းလောင်းလှူရန် အိမ်ထဲမှ ထွက်လာခဲ့ကြသည်။

ထိုစဉ် ထိုဆရာတော်ကြီးမှာ တရားမှတ်တိုင်း အာရုံထဲတွင် ပေါ်နေသည့် ဆရာတော်ကြီးဖြစ်နေ၍ ထို ဒကာ, ဒကာမ မိသားစုတို့မှာ လွန်စွာ အံ့သြသွားကြရလေသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောင်းထဲတွင် စံထားသော ဘုရားဆောင်မှ ရုပ်ပွားတော်များ

◆ ဆရာတော်၏ ကျောင်းဝင်းအဝေးမြင်ကွင်း



လွန်စွာ ဝမ်းသာသွားကြပြီး ဆရာတော်ကြီးအား နေအိမ်ထဲ၌ ထိုင်ခွမ်း ဘုဉ်းပေးရန် အိမ်ထဲသို့ ပင့်ဆောင်ခဲ့ကြလေသည်။

အိမ်ထဲသို့ ရောက်သော် ကောင်းမွန်သော အာဟာရများဖြင့် ဆရာတော်ကြီးအား ဆွမ်းကပ်ကြ၏။

ထို့နောက် ဆရာတော်ကြီး၏ ပုံတော်ကို ဓာတ်ပုံရိုက်ယူထားပြီး ဆရာတော်ကြီးအား မည်သည့်အရပ်မှာ နေကြောင်း မေးလျှောက်ကြည့်သော အခါ ဆရာတော်ကြီးမှာ "ရပ်စောက်မြို့မှာ သီတင်းသုံးတယ်" ဟု စကားနည်းသူပီပီ တစ်ခွန်းသာ မိန့်ခဲ့၏။

ထို့နောက် ဆရာတော်ကြီးမှာ ဆွမ်းဘုဉ်းပေးပြီးသော် ပြန်ကြွသွားခဲ့လေသည်။ ထိုအခါ မန္တလေးမှ ဒကာ, ဒကာမ မိသားစုတို့မှာ ဆရာတော်ကြီးအား အကြိမ်ကြိမ် ရှိခိုးကန်တော့မိကြလေ၏။

ယခု ဆရာတော်ကြီးအား လာရောက် ဖူးမြော်ကြခြင်းမှာ ရပ်စောက်မြို့နယ်ကို စုံစမ်း၍ ဆရာတော်ကြီး၏ ဓာတ်ပုံဖြင့် အဆင့်ဆင့်ရှာဖွေကာ လာရောက် ဖူးမြော်ကြခြင်းဖြစ်၏။

ထိုအကြောင်းကိုသိသော တောင်သူကုန်းရွာသားများမှာ လွန်စွာ အံ့ဩမိခဲ့ကြရပါသည်။ ဆရာတော်ကြီးသည် ထို မန္တလေးမှ ဒကာ, ဒကာမအိမ်သို့ ဆွမ်းခံကြွသည်ဟူသော ရက်ပိုင်း၌ ကျောင်း၌သာ ရှိနေပြီး မည်သည့်နေရာကိုမျှ ကြွသွားခြင်း မရှိပါပေ။

ဆရာတော်ကြီးအား တန်ခိုးရှင်ပြဒ်နှင့် ပြည့်စုံသည်၊ ရှားရှားပါးပါး ရှားနေသည့် ပုဂ္ဂိုလ်ထူးကြီးဖြစ်သည်ဟု ရွာသားများက ယုံကြည်ခဲ့ကြပေသည်။

ထိုအခြင်းအရာဖြစ်ပေါ်ပြီး မကြာသောအချိန်၌ပင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်လန်မြို့မှ ဒကာ, ဒကာမများသည်လည်း ဆရာတော်ကြီးအား ဖူးမြော်ရန် ကားဖြင့် အစီအရီ ရောက်ရှိလာခဲ့ကြပြန်သည်။

ထိုနမ့်လန်မြို့မှ ဒကာ, ဒကာမများ ဖူးမြော်ဖြစ်ကြပုံမှာ ထိုနှစ်က နေကြတ်စဉ် ယင်းတို့မှာ နေကို ဖုန်းဖြင့် ဓာတ်ပုံရိုက်ယူကြရာတွင် ဆရာတော်ကြီး၏ ပုံပေါ်လာကြောင်း ပြောပြကြ၏။ ထို့ကြောင့် ထိုဓာတ်ပုံဖြင့် စုံစမ်းကာ လာရောက် ဖူးမြော်ကြခြင်း ဖြစ်ကြောင်း သိရပြန်ပါသည်။

ဤသို့ဖြင့် ဆရာတော်ကြီးအား လာရောက် ဖူးမြော်ကြသူများ တစ်ရေးတခြား များပြားလာပြီး တာရေးသူတိုနယ်၌လည်း ဆရာတော်ကြီး၏ ဂုဏ်သတင်းမှာ ပျံ့လွင့်လျက်ရှိနေပါသည်။

ထိုသို့ ဆရာတော်ကြီးအား လာရောက် ဖူးမြော်ကြသူများ များပြားလာသည်နှင့်အညီ ဆရာတော်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com





ကျောင်း၌ လိုအပ်သော အဆောက်အအုံများ၊ ရေကန်များ၊ လျှပ်စစ်မီးများ လှူဒါန်းပေးသူများလည်း ရှိလာကြပါသည်။

ထိုသို့ လှူဒါန်းရာ၌ ဆရာတော်ကြီး မိမိ၏ ကျောင်းအတွက်သာ မသုံးစွဲဘဲ ရေနှင့်လျှပ်စစ်မီးများကို တောင်သူ ... နှင့် ဗ်ပါယ်ကုန်းရွာများသို့လည်း ... ပေး၏။

ဆရာတော်ကြီးအား ကြည်လင် ... သောမေတ္တာကြောင့် တောင်သူ ... ရွာများအားလုံး ရေမီး အပြည့်အစုံ ... အေးချမ်းစွာ နေထိုင်နိုင်ကြလေ ... သည်။

ဆရာတော်ကြီးမှာ လာရောက် ... သူများကို ဘယ်ကလာလဲ ... တရားပေးကာ မေတ္တာပို့ပေး၏။ ... မဆိုပါ။ လာရောက် ... သော လှူဖွယ်ဝတ္ထုပစ္စည်း ... နှင့် နဝကမ္မငွေများကို ဆရာ ... ကြီးက မကိုင်တွယ်သဖြင့် ဆရာ ... ကျောင်းမှ တခြားဆရာတော် ... ညာနန္ဒမှ သိမ်းဆည်းပေးရပါ ... သည်။

ဆရာတော်ကြီး မကျန်းမာ စဉ်အချိန်နှင့် ယနေ့ချိန်ထိ ဆရာတော်ကြီး၏ ဝတ်ကြီး ဝတ်ငယ် မှန်သမျှကို ဆရာတော် ဦးပညာနန္ဒသာ လုပ်ဆောင်ပေးရ၏။ ဆရာတော်ဦးပညာနန္ဒမှလည်း ဆရာတော်၏ ထူးခြားဖြစ်စဉ်များကို စာရေးသူအား ပြောပြခဲ့ပါသေးသည်။

လွန်ခဲ့သော (၅)နှစ်ကျော်ကာလ လောက်က ဖြစ်၏။ ဆရာတော်ကြီးမှာ မနက်ပိုင်း(၄)နာရီလောက်တွင် နေထိုင်မကောင်းဖြစ်ရင်း နောက်ဆုံး၌ သတိမေ့သွား၏။ ဆရာတော် သတိမေ့နေသောကြောင့် ရွာသားများမှာ နီးစပ်ရာ ဆရာဝန်အား အမြန်ခေါ်၍ ဆရာတော်အား စမ်းသပ်ကြသည်။

ထိုအချိန်၌ ဆရာတော်မှာ အသက်မရှိတော့ပါ။ တစ်ကိုယ်လုံး အေးစက်တောင့်ခဲနေပြီး နှလုံးခုန်နှုန်းလည်း ရပ်တန့်သွား၏။

ဆရာဝန်နှင့်တကွ ရွာသူရွာသား များမှာ ဆရာတော်ကြီးအား အကြိမ်ကြိမ် ထပ်မံစမ်းသပ်ပြန်သော်လည်း အဖြေက ထွက်နေ၏။ ဆရာတော်ကြီး မှာ ပျံလွန်တော်မူပြီဟု သိရ၍ တစ်ရွာလုံး ဝမ်းနည်းပူဆွေးကြလေ၏။

ဤသို့လျှင် ဆရာတော်ကြီး၏ ရုပ်ကလာပ်အတွက် ဝမ်းနည်းစွာ တိုင်ပင်ခဲ့ကြလေသည်။ ထို့နောက် နီးစပ်ရာ သံဃာနာယက ဆရာတော်ကြီးများအား ပင့်လျှောက်ကြလေ၏။

ညနေ မွန်းလွဲပိုင်းအချိန်၌ သက်ဆိုင်ရာ သံဃနာယက ဆရာတော်ကြီးများ ဆရာတော်ကြီး သီတင်းသုံးရာ တောင်သူကုန်းကျောင်းသို့ အသီးသီး ရောက်ရှိလာခဲ့ကြလေသည်။

ထိုအချိန် ဆရာတော်ကြီးမှာ ထူးဆန်းအံ့သြဖွယ်ရာ သတိပြန်လည်၍ အသက်ရှင်လာ၏။ ထို့ကြောင့် အားလုံးမှာ အံ့သြသွားကြပြီး ဆရာတော်ကြီး သတိပြန်လည် အသက်ရှင်လာ၍ ဝမ်းသာမဆုံး တပြုံးပြုံး ဖြစ်ခဲ့ကြရပါသည်။

ဆရာတော်ကြီးမှာ အချိန်နှင့်အမျှ တရားအားထုတ် ပွားများနေသည်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရာ ယခုလိုဖြစ်ခဲ့ခြင်းမှာ ရှာန် သမာဓိဖြင့် ခန္ဓာစွန့်၍ တခြားသို့ ခေတ္တခဏ ထွက်သွားခြင်းဖြစ်မည်ဟု အားလုံးက သုံးသပ် ယူဆခဲ့ကြပါသည်။

နောက်ဖြစ်စဉ်တစ်ခုမှာ ဆရာတော်ကြီး သီတင်းသုံးရာ တောင်သူကုန်းရွာနှင့် အင်တော်မြို့သို့ ပဋ္ဌာန်းပွဲ ကြွရောက်ခဲ့ပါသည်။

**ထိုအချိန်မှာလည်း ဧည့်ခွဲမတည်ပြီး နောက်၌ ဆရာတော်ကြီးမှာ အသက်က ခြွင်းချက်အတိုင်း ဖြစ်ပေါ်ခဲ့ပြန်ပါသည်။ အားလုံးမှာ ပျံလွန်တော်မူပြီဟု သုံးသပ်ကြသော်လည်း ဆရာတော်ကြီးမှာ အသက်ပြန်ရှင်လာ၏ ထို့နောက် ထိုထို နယ်ကြီးကြီးပြည်ပါပြီကြိုးစား၍ ကျန်းမာရေး ကောင်းလာပါသည်။**

နောက် ထူးခြားဖြစ်စဉ်တစ်ခုမှာ အင်တော်မြို့ ပဋ္ဌာန်းပွဲမှ အပြန်လမ်းတွင် ဖြစ်၏။ အင်တော်မြို့နှင့် တောင်သူကုန်းရွာလမ်းကြားတွင် **ကျောက်အိုးတောင်ဟူသော** တောင်ရှိပါသည်။ ထိုတောင်သည်က အထက်က ရေးသားခဲ့သလို ဆရာတော် ရေသပ္ပာယ်သွားနေကျတောင် ဖြစ်ပါသည်။

ထိုတောင်ကြီး၏ပုံစံမှာ ဝိုင်းစက်လုံးနေပြီး စိမ်းစိုသောသစ်ပင်များဖြင့် အုပ်ဆိုင်းနေ၏။ အများအားဖြင့် အင်ပင်များ ပေါပါသည်။ ထို့ပြင် ထိုတောင်ထဲ၌ ဆေးဖက်ဝင် အပင်များလည်း လွှမ်းစွာပေါသည်ဟု သိရပါသည်။

တောမှာ သစ်ပင်ချုံနွယ်များကြောင့် တိုး၍ မပေါက်ပါပေ။ ထို့ပြင် ထိုတောင်ကြီးမှာ ပရလောကသားများ မွေ့လျော်ရာတောင်ကြီးဟုလည်း ထိုနယ်တစ်ဝိုက်တွင် နာမည်ကြီး၏။ ထို့ကြောင့် ထိုတောင်ဘက်သို့ မည်သူမျှ အလွယ်တကူ ကူးလူးသွားလာခြင်း မပြုတတ်



◆ ဆရာတော် တရားကျင့်ရာ တောင်သူကုန်းရွာ သချိုင်းတောနှင့် စေတီ

◆ ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းတော်



ကြပါပေ။

အင်တော်မြို့မှသည် တောင်သူကုန်းရွာဘက်(မြောက်ဘက်)သို့ ထွက်သော လမ်းမကြီးကိုတောင်၏အောက်ခြေမှ ဖောက်ထား၏။

ဤသို့လျှင် ဆရာတော်ကြီးမှာ အင်တော်မြို့မှာ ဒကာတစ်ဦး၏ ကားဖြင့် တောင်သူကုန်းရွာကျောင်းသို့ ပြန်ကြွလာခဲ့သည်။ ရွာသို့အပြန် ထိုကျောက်အိုးတောင်အရောက် လမ်းခု

လတ်တစ်နေရာတွင် ကလေးငယ် တစ်ဖက်စာအရွယ်ရှိသော သစ်ပင်ကြီး တစ်ပင်မှာ လမ်းပေါ် ကန့်လန့် ဖြတ် လဲနေ၏။ အကိုင်းအခက်များဖြင့် လမ်း ပိတ်နေပါသည်။

ကွင်းရှောင်၍ မောင်းသွားမည်ဆိုသော်လည်း လမ်းညာဘက်တွင် ချောက်ဖြစ်၍ ဘယ်ဘက်မှာ တောင်ကြီးဖြစ်သည်။ ဤသို့လျှင် ကား မှာ ကြွရာမရဖြစ်ကာ ကားပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်ကြီးအောက်မှ တောင်သူကုန်းရွာသို့ အဝင်လမ်း

ခင်းမည်အပြုတွင် ဆရာတော်ကြီးက...

'အာလေး... ဆက်မောင်းပါကွယ် ဘာမှ မဖြစ်စေရပါဘူး'

ဟုသာ မိန့်ခဲ့၏။ စကားကို ရှည်ရှည်ဝေးဝေး မမိန့်တတ်သော ဆရာတော်ကြီး၏ စကားကြောင့် ထိုကားသမားမှာ ကားပေါ်မှ မဆင်းတော့ဘဲ မျက်စိစုံမှိတ်၍ ဂီယာကြီးဖြင့် မောင်းလိုက်၏။

ကားပေါ်မှ အတူလိုက်ပါ စီးနင်းလာသော ဧရိုးသည်များမှာလည်း ကြောက်လွန်းအားကြီး၍ မျက်စိများမှိတ်ထားကြလေသည်။ ဆရာတော်ကြီးကတော့ ဆိတ်ငြိမ်စွာ မေတ္တာပို့နေသေး၏။

ထိုကားမှာ ပြင်းထန်စွာပင် မခုန်ဘဲ ကိုယ်လဲနေသော သစ်ပင်ကြီးကို ကျော်မှန်းမသိ ကျော်သွား၏။ ကားမှာ ရိုးရိုးဂိုက်ထရက်(၆) ကားငယ်လေး ဖြစ်သော်လည်း တိမ်းမှောက်မှု မရှိဘဲ ကျော်နိုင်သွားပါသည်။

ကားမှာ သာမန်ပြောင့်ဖြူးသော လမ်းကို မောင်းနှင်ရသည့်အတိုင်း ဖြစ်ရာ၍ လွန်စွာ အံ့သြသွားကြရပါသည်။

ထို့နောက် ကားသမားမှာ ဆရာတော်ကြီးအား ကြည်ညိုလေးစား၍ သူ၏ ကားအား ဆရာတော်ကြီးကို ပေးလှူခဲ့ပါသည်။ ထိုအခါ ဆရာတော်ကြီးမှာ ထိုကားသမားဒကာထံမှ ကားကို (၁)ရက်သာ အလှူခံခဲ့လေသည်။

ထို့နောက် ကျေးရွာစာသင်ကျောင်း ဆောက်လုပ်ရန်အတွက် သဲတိုက်နိုင်၏။ ထို့နောက် ထိုကားကြီးအား ကားသမားထံ ပြန်ပေးလိုက်လေသည်။

ထိုအချိန်မှစ၍ ယနေ့ထိ ဆရာတော်ကြီး၏ ဂုဏ်သတင်းမှာ တဖြည်းဖြည်း ကျော်ကြားလာခဲ့လေသည်။

ယခုအခါ ဆရာတော်ကြီး၏ ဖယောင်းရုပ်တုကြီးကို အင်တော်မြို့မှ ဦးစန်းလွင်+ဒေါ်စန်းထက် မိသားစုမှ သွန်းလုပ် လှူဒါန်းထားပါသည်။ ထိုဖယောင်းရုပ်တုကြီးမှာလည်း ဆရာတော်ကြီး၏ ကျောင်းတော်ကြီးထဲတွင် စံတော်မူလျက်ရှိ၏။

ထို့ပြင် ဆရာတော်ကြီး သီတင်းသုံးရာကျောင်းနှင့် တောင်သူကုန်းရွာအတွက် အနယ်နယ် အရပ်ရပ်မှ ဒကာ,ဒကာမများက လိုအပ်သည်များ လှူဒါန်းပေးလျက်ရှိပါသည်။

ယခင်က ဆရာတော်ကြီး သီတင်းသုံးရာ ဘုန်းတော်ကြီးကျောင်းဟောင်းနှင့် စေတီပျက်တစ်ဆူသာ ရှိသော်လည်း ယခုအခါ တရားစခန်းပြုလုပ်ကျင်းပရန်အတွက် ယောဂီဆောင်များ၊ တရားဟောဇရပ်များ၊ အသစ်ပြုပြင်မွမ်းမံထားသော စေတီများဖြင့် စည်ကားစ ပြုနေပြီဖြစ်၏။

ဆရာတော်ကြီး၏ ကျေးဇူးတော်ကြောင့် ဆရာတော်ကြီး သီတင်းသုံးရာ တောင်သူကုန်းရွာမှာလည်း ရေ၊ မီး အပြည့်အစုံရနေသည့်အပြင် စာသင်ကျောင်း ဖွင့်လှစ်နိုင်ခြင်း၊ ကျေးလက်လမ်း ကောင်းမွန်သွားခြင်း၊ အသိပညာဗဟုသုတဖွံ့ဖြိုး တိုးတက်လာခြင်းတို့ကြောင့် ဆရာတော်ကြီးအား ကျေးဇူးတင်မဆုံး ရှိနေကြပါသည်။

ထို့ကြောင့် တစ်ရွာလုံးက ကျေးဇူးရှင် ဆရာတော်ကြီးအား ရိုသေသမှုဖြင့် "ဘဘုန်း"ဟု ခေါ်ကြပါ၏။

မည်သို့ပင်ဆိုစေကာမူ စာရေးသူမှာ ဆရာတော်ကြီးအား ဖူးမြော်ခွင့်ရခြင်းနှင့် ယခုကဲ့သို့ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၌ ရေးသား ကူသိုလ်ယူခွင့်ရခြင်းတွက် အလွန်တရာပင် ဝမ်းသာပီတိ ဂွမ်းဆီထိမိပါသည်။

စာရှုသူများသည်လည်း ဆရာတော်ကြီးအား လာရောက် ဖူးမြော်လိုပါက နတ်လမ်း ညွှန်ပေးလိုပါသည်။

ရပ်စောက်မြို့မှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်အတွင်းတွင် တည်ရှိ၍ ဗထူးတစ်မြို့နှင့်ကပ်လျက် ဖြစ်သည့် နယ်မြို့လေးတစ်မြို့ဖြစ်ပါသည်။

ရပ်စောက်မြို့နယ် အတွင်းတွင်ပင် ရပ်စောက်မြို့၏ မြောက်ဘက် ဗထူး



www.burmeseclassic.com

www.burmeseclassic.com

တစ်မြို့အလွန် (၃၃)မိုင်အကွာတွင် အင်တော်မြို့နယ်ခွဲ ရှိ၏။

အင်တော်မြို့သို့မရောက်မီ အစပ်တွင် ဦးစွာ ပထမ ဇော်ဂျီရေလှောင်တမံအား လှပစွာ တွေ့မြင်ရမည်ဖြစ်ပေသည်။

ဆရာတော်ကြီး သီတင်းသုံးရာ တောင်သူကုန်းရွာမှာ အင်တော်မြို့နှင့် (၉)မိုင်ကျော်မျှ ဝေးကွာပါသည်။ အင်တော်မြို့မှ လမ်းမအတိုင်း မြောက်ဘက်သို့ ထွက်လာပါက တောင်သူကုန်းရွာသို့ ရောက်လျှင် လှပသော ညောင်ပင်ရိုကြီးများကို တွေ့မြင်ရမည်ဖြစ်ပေသည်။

ထိုညောင်ပင်ကြီးများ၏ အောက်တွင် **"ကျေးရွာရှင် ဆရာတော်ကြီး ကျောင်းသို့"**ဟူသော လမ်းညွှန်ဆိုင်းဘုတ်အတိုင်း အနောက်ရှုရှုသို့ ဆက်သွားလိုက်ပါက ဆရာတော်ကြီး၏ ကျောင်းသို့ ရောက်မည်ဖြစ်ပေသည်။

ဆရာတော်ကြီး၏ ကျောင်းသို့ ရောက်လျှင် ဒေသခံ ရိုးရှင်းသောသားများ၏ လိုက်လှဲမှုနှာစွာ ကြိုဆိုသော အပြုံးနှင့်အတူ ဆရာတော်ကြီးအား ဖူးမြော်ခွင့်ရခြင်းတို့၏ ကုသိုလ်ပီတိများကြောင့် စိတ်ကျေနပ်မှုများ ရရှိစေမည်မှာ မလွဲဧကန်ပင်ဖြစ်ပါတော့သည်။

ကျေးရွာထင်စကား...

ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် အစစအရာရာ ကူညီပေးခဲ့သော တောင်သူကုန်းရွာ အ.မ.က မက်သဒေါ်ကျောင်းအုပ် ဆရာမကြီး ဒေါ်ချိုဝေလွင်နှင့် သိလိုသမျှအား ပြောပြခဲ့သော ဆရာတော် ဦးပညာနန္ဒနှင့်အတူ တောင်သူကုန်းရွာသူရွာသားများ အားလုံးအား ကျေးဇူး အထူးတင်ရှိပါသည်။

စာရှုသူများအား အစဉ်လေးစားလျက်...

ညီလေးငယ်(လယ်တော်)



ဆရာတော်ကြီး၏ ကျောင်းတော်အား ညောင်ပင်ကြီးများ ဝန်းရံထားပုံ


စာရှုသူ သူတော်ကောင်းတို့ ဝါသနာရှင်များသို့...

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သူတို့မသိသေးသော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွယ်ပျောက်လုနီးဖြစ်နေသော အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးထိုက်
စာတည်းမှူး
[illegible]




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း

# လာဘ်လာဘ

ရွှင်လန်းကြွယ်ဝစေ



၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ငွေကြေးသောက ကင်းကွာ၍ လာဘ်လာဘဝေဆာ ရွှင်လန်းကြွစေဖို့ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ပါသည်။

- မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ ရက်အတွင်းမွေးသူ)တို့သည် ဆီးဖြူသီး(၆)လုံး၊ သီဟိုဠ်ဆန်(၆)ဆုပ်၊ သရက်သီး(၆)လုံး၊ ဖယောင်းတိုင်(၃)တိုင်တို့ကို စေတီပုထိုးတစ်ဆူတွင် တနင်္ဂနွေနေ့၌ သောကြာဂြိုဟ်တိုင်မှ ကပ်လှူပါ။
- ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးသူ)တို့သည် ဥသျှစ်ညွန့်(၈)ညွန့်၊ ရွက်လှပန်း(၈)ခက်၊ ပိတောက်ညွန့်(၈)ညွန့်နှင့် ဆွမ်းထမင်း(၆)ပန်းကန်တို့ကို စနေနေ့တွင် စေတီပုထိုးတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်အနီးမှ ကပ်လှူပါ။
- မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)တို့သည် ကောရာစ်ညွန့်(၂)ညွန့်၊ ကြာ(၂)ပွင့်၊ စံပယ်(၅)ကုံး၊ ယပ်တောင် (၉)လက်တို့ကို ဗုဒ္ဓဟူးနေ့တွင် ဘုရားစေတီတစ်ဆူ၏ စနေထောင့်မှ ကပ်လှူပါ။
- ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၀ရက်အတွင်းမွေးသူ)တို့သည် ကံ့ကော်ညွန့်(၁)ညွန့်၊ အုန်းလက်(၁)ရွက်၊ ပြဒါးညွန့်(၁)ညွန့်၊ သောက်တော်ရေ(၂)ခွက်တို့ကို ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေးအရပ်မှ ကပ်လှူပါ။
- သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်းမွေးသူ)တို့သည် အုန်းရွက်(၄)ရွက်၊ ဖာလကာသီး(၄)လုံး၊ ဆီးဖြူသီး(၄)လုံး၊ ဖယောင်းတိုင်(၁)တိုင်တို့ကို အင်္ဂါနေ့တွင် ဘုရားစေတီတစ်ဆူ၏ ဗုဒ္ဓဟူးအရပ်မှ ကပ်လှူပါ။
- ကန်ရာသီဖွား(ဩဂုတ်လ ၂၂ရက်မှ စက်တင်ဘာလ ၂၁ရက် အတွင်းမွေးသူ)တို့သည် ရွက်လှပန်း(၆)ခက်၊ သီဟိုဠ်(၆)ညွန့်၊ သပြေ (၆)ခက်၊ ဆွမ်းထမင်း (၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေထောင့်မှ ကပ်လှူပါ။
- တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက်အတွင်းမွေးသူ)တို့သည် ပေရှိပန်း(၈)ခက်၊ ဒေါနညွန့်(၈)ညွန့်၊ ပန်းသီး(၈)လုံး၊ အလင်းတိုင် (၈)တိုင်တို့ကို သောကြာနေ့တွင် ဘုရားတစ်ဆူဆူ၏ ကြာသပတေးအရပ်မှ ကပ်လှူပါ။
- ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်း မွေးသူ)တို့သည် စနေနေ့တွင် ဥသျှစ်ညွန့်(၃)ညွန့်၊ ပြဒါးညွန့် (၃)ညွန့်၊ စွယ်တော်ညွန့်(၃)ညွန့်၊ ယပ်တောင် (၆)လက်တို့ကို စေတီတစ်ဆူတွင် တနင်္လာအရပ်မှ ကပ်လှူပါ။
- ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက်အတွင်း မွေးသူ)တို့သည် ဆီးညွန့်(၅)ညွန့်၊ ပန်းဖြူ(၅)ခက်၊ ရွက်လှ(၅)ညွန့်၊ သောက်တော်ရေ(၃)ခွက်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူအား တနင်္ဂနွေထောင့်မှ ကပ်လှူပါ။
- မကာရရာသီဖွား(ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်းမွေးသူ)တို့သည် သောကြာနေ့တွင် နာနတ်သီး(၁၀)စိတ်၊ သခွားသီး(၁၀)စိတ်၊ အုန်းသီးဆန်(၁၀)စိတ်နှင့် ဆွမ်းထမင်း (၇)ပန်းကန်တို့ကို စေတီတစ်ဆူ၏ အင်္ဂါထောင့်မှ ကပ်လှူပါ။
- ကုံရာသီဖွား (ဇန်နဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီလ ၁၈ရက်အတွင်း မွေးသူ)တို့သည် သောကြာနေ့တွင် ပိတောက်ညွန့်(၅)ညွန့်၊ သပြေ(၅)ခက်၊ အုန်းရွက်(၅)ရွက်နှင့် ယပ်တောင်(၇)လက်တို့ကို စေတီတစ်ဆူ၏ အင်္ဂါထောင့်မှ ကပ်လှူပါ။
- မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက်အတွင်း မွေးသူ)တို့သည် သပြေ(၃)ခက်၊ ဆီးညွန့်(၃)ညွန့်၊ ဥသျှစ်ညွန့်(၃)ညွန့်နှင့် သောက်တော်ရေ(၅)ခွက်တို့ကို တနင်္လာနေ့တွင် အများကိုးကွယ်သည့် စေတီ၌ တနင်္ဂနွေထောင့်မှ ကပ်လှူပါ။

ဤသို့ပြုပါလျှင် ငွေကြေးလာဘ်လာဘ အရာရာ အဆင်ပြေသွားပါလိမ့်မည်။

ထက်မင်းကျော်စွာ

www.burmeseclassic.com

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ့ နှလုံးအားဆေးကိုဆောင်




" ဆရာကိုယ်ဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယ်ဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ့ပရိဒေဝမီးတောက်လောင်ပြီး နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ထွသလို နာကျင်ခြင်း၊ လက်သည်းနှဲ့အရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယ်ဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါ သက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယ်ဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ့နှလုံးအားဆေး သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တို အတွင်း သက်သာ ပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ့ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ ရှူ၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းမွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ တမေ့ဝေ၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယ်ဉ်တင့် ညွှန်းမှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ့ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရရှိနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားပဲ။ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တစ်ခန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ့ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**[illegible]**

[illegible]

[illegible]

**[illegible]**



www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာလူဝတ်နှစ်ဆူနှင့်

# ရွှေကျင်းညီနောင်နှင့် မှုထောက်ကြီး (၃)

ငြိမ်းသော်တာ

ယခင်လမှ အဆက်

ဆိုင်းဝိုင်းတွေနဲ့ ကနားပေးပြီး နတ်ရှောကြတယ်။ မင်းသုံးပါးက အင်မတန် ပျော်တတ်တာကလား။

တစ်ခါက ဒီရွာသားတစ်ဦး ဟို... ကျောက်လမ်း(ကဏ္ဍရာလမ်း) တစ်ဖက်ကို မိန်းမခိုးဖို့ သွားရာမှာ မင်းနှစ်ပါး လိုက်ပြီး ကူညီပေးပါလို့ နတ်နန်းမှာ ဘာလျှောက်သွားတယ်။

ဟိုဘက်ရွာရောက်တော့ "ဟာ... ငါတို့ရွာသူကို လာခိုးတာပဲ" လို့ ခိုင်ခိုင်ဆဲ့ ကာလသားတွေ ဝိုင်းလိုက်ကြတယ်။ ပြေးရတာပေါ့။ အဲဒီအခါ ရှေ့က နေ ခြိမ်းကြားရသတဲ့။ မင်းနှစ်ပါးက ခြိမ်းပေးပြီး ရှေ့က ပြေးနှင့်သကိုး။

ပီးယူပြီး ပေးကြည့်တဲ့အခါ "ငါတို့က ပျော်လို့ စတာပါ။ နောက်တစ်ခါဆိုရင် ငါတို့ကိုယ်တိုင် ခိုးပေးပါ့မယ်" လို့ပြောသတဲ့။ ပြောတဲ့အတိုင်း အဲဒီမိန်းကလေးလဲ သူ့သဘောနဲ့ (မခိုးဘဲ)ရောက်လာလို့ ပေါင်းဖြစ်ကြပါတယ်။

ခင်သုံးပါးကို အရက်တွေ ဆက်ရသမယ့် ပွဲတော်ချိန်မဟုတ်တဲ့ ဖြင်ပကာလတွေမှာ အပူသာမှာတွေ နတ်နန်းရှေ့ ဖြတ်သွားတာ၊ နန်းထဲ ဝင်အိပ်ဝင်နားတာတွေ မကြိုက်ဘူး။ ဝင်မိရင်၊ ဖြတ်သွားမိရင် ကလိထိုးခံရတာ၊ တွန်းထိုး မောင်းထုတ်ခံရတာ၊ နပန်းကျင်း ခံရတာ လက်တွေ့ပါပဲ။ နောက်ပြီး နတ်နန်းရှေ့ မြင်းစီးပြီး ဖြတ်သန်းသွားလို့မရဘူး။ မြင်းပေါ်က ကန်ချခံရတာပဲ 'ရှင်လောင်းလှည့်တာ ကျတော့



မင်းကြီးရွာ ကောင်းမှု ရှေးဟောင်းစေတီ

www.burmeseclassic.com





▲ တောင်တော်နိုဦး ဆင်ဖြူတော်

◀ မင်းကြီးရွာ တောင်မှ ရာဇာနာဂုဏ်စေတီမှုဦး

ကော အမေ'

'အဲဒါတော့ ရပါတယ်။ သာမန် အချိန်မှာ ဖြင်းစီးလို့ဖြစ်စေ၊ အရက် သောက်ထားရင်ဖြစ်စေ ရှောင်ကွင်းပြီး သွားရတယ်'

'ပွဲတော်ရက်တွေမှာတော့ ဘယ်လို လဲ'

'ဟာ... မူးရူးနေတဲ့သူတွေချည်းပဲ ပျို'

ပွဲတော်ကာလတွင်း အပျော် သဘောဖြင့် လာရောက်ဆင်နွှဲသူများရှိ သကဲ့သို့ ဆန္ဒပြည့်ဝ အောင်မြင်သူတို့ လည်း လာရောက်ကာ မိမိတို့ပြုထား သည့် ကတိကဝတ်အတိုင်း ပူဇော်ပသ ကြသည်။

ပန်းတော်၊ ရေတော်ဆက်ခြင်းမှ အစပြုကာ ကြီးမားသော အောင်မြင် ဖြစ်ထွန်းမှု ရရှိပိုင်ဆိုင်ကြသူများက ရုပ်တုတော်အသစ် ထုလုပ်လှူဒါန်း ခြင်း၊ နန်းဆောင်အသစ်ဆောက်လုပ် လှူဒါန်းခြင်းစသည်ဖြင့် ပူဇော်ကြသည် ဟု သိရသည်။

## မယ်တော်နန်း

ထို့နောက် သက်လတ်ပိုင်း အမျိုး သားတစ်ဦး ရောက်ရှိလာကာ "လာ ဦးလေး.... ပုပ္ပါးမယ်တော်နန်းကို လိုက်ပို့ပေးမယ်" ဟုဆိုလျက်၊ ဦး ဆောင်သွားသည်။ မင်းနှစ်ပါးနန်းနှင့် ကပ်လျက် ဝဲဘက်တွင် ပုပ္ပားမယ်တော် ဟုခေါ်ကြသော မယ်ဝဏ္ဏနန်းဆောင် ရှိ၏။ အတွင်း၌ ရုပ်တုသုံးခု တွေ့ရှိရ သည်။ ထိုသူက ဤသို့ဆို၏။

'အရပ်သုံးရှိလို့ မယ်တော်သုံးပါးလို့ခေါ် ကြတယ်။ ကျွန်တော် ရှင်းပြမှ သိမယ်။ ဒီ အလယ်က ရုပ်တုက မူလရုပ်တု ပုပ္ပားမယ် တော်ရဲ့ ရုပ်တုပါ။

လက်ယာဘက်ရုပ်တုကလဲ ပုပ္ပါးမယ်တော် ပဲ။ မိုးကုတ်က ကျောက်သမားတစ်ဦး ကျောက်အောင်လို့ကတိအတိုင်း မယ်တော် ရုပ်တုထုပြီး လာလှူထားတာ။ ဝဲဘက်အစွန်က ကျတော့ မွှေးလေးကိုတော်ရဲ့မြီး ခင်မသာ တဲ့'

နတ်ဓလေ့ သမိုင်းမှတ်တမ်းများတွင် ပုပ္ပါးမယ်တော်ကြီးနတ်၊ ယင်း၏သမီး ခင်မသာနတ်ဟူ၍ ဖော်ပြကြ၏။

ရွှေဖျဉ်းညီနောင်၏ အစ်မနှမ သို့ မဟုတ် ဦးမင်းကျော်သမီးဟူ၍ကား ရှင်းပြ ထားခြင်းမရှိပါ။ ထို့ကြောင့် ဤသို့ မေးကြည့်သည်။

'မွှေးလေးဘိုးတော်ရဲ့ မြေးက ပုပ္ပါးမယ်တော်နားကို ဘာကြောင့် ရောက်နေရသလဲ ညီလေး'

'ဒါတော့ ကျွန်တော်လဲ မသိဘူး ဦးလေး'

သို့ဖြစ်၍ နတ်အားလုံးအား မေတ္တာ ပို့သ အမျှပေးဝေ၍ နတ်နန်းတွင်းမှ ပြန်ထွက်ခဲ့၏။

'နေဦးလေ... မယ်တော်အတွက် ရေတော်ဆက်သွားပါဦး'

'အင်း...အင်း သောက်ရေအိုးထဲ က ခပ်ရမှာလား။ ရေသန့်ဗူးနဲ့ ဆက်ရ မှာ လား'

'ဟာ... အလှူငွေထည့်ဖို့ ပြောတာ ပါ'

ဤသို့လျှင် အနက်ပြန်လေမှ ... စဉ်းစားမိ၍ ထုတ်ယူ လှူဒါန်းခဲ့ သည်။





www.burmeseclassic.com

www.burmeseclassic.com



◆ အရှေ့မုခ်မှ ရုပ်ပွားတော်



◆ တောင်ဆိပ်ကမ်းတန်ဆောင်းတွင်း ရုပ်ပွားတော်

## ကျေးဇူးတော်ပွဲ

သင်းနောက်တွင် မင်းကြီးဘုရားတော်ကဲကောင်းမှု ရတနာဂူစေတီရှိရာသို့ ခြေဦးလှည့်၍ နတ်နန်းရှေ့မှ ဖြတ်သွားရာ နန်းထိန်းဒေါ်လှဲ့က လှမ်း ပြောသည်။

'အမေကြီးတာလေး ကျွန်သွားလို့ လူလေး ရဲ့... ပွဲတော်ပြီးတဲ့ တော်သလင်းလကွယ် နေ့ညနေ(၅)နာရီလောက်မှာ ထိမ်းနတ်ပွဲလုပ် ရတယ်။ ကျေးဇူးတော်ပွဲပေါ့ကွယ်'

'ဘယ်လိုများလဲ အမေ'

'ထိမ်းပိုက်ကို မြေကြီးပေါ်မှာ ထိမ်းအဖြစ် ခင်းပြီး ထောင့်လေးထောင့်မှာ သင်္ဘောသီး အခြမ်းရဲ့ ဖက်ပျော့အခွံနွှာတစ်လုံးစီကို ယှန်စာ အဖြစ် ထားပေးရတယ်။ ပင်နန်းပိုင်ရဲ့ နတ် အိုးအရ တောင်ပြူးတုရားဘည်ရာမှာ ထမ်းနယ်ဟင်းရှားက ယှန်ဆိုကြိုးရတဲ့ ယှန်ကို အပြည်းလုပ်၊ ထန်းရည် သောက်နေ ကြတယ် ဆိုပါတယ်၊ ဒါကြောင့် ယှန်စာ ကျွေးရတာပါ။

အဲဒီနောက် သိုးဆောင်(ဆော်ပေါ်)အနက် ဆောင်းထားတဲ့ နတ်ကတော်က တာလုံးပြီး ထိမ်းပင်ကို (၇)ပတ် ပတ်ရတယ်။ (၇)ပတ် ပြည့်ရင် ထိမ်းပင်ကို ဓားနဲ့ခုတ်ပိုင်းပစ်ရပါတယ်'

'ရည်ရွယ်ချက်က...'

'သူတို့ရဲ့ မွေးစားအမေ အနေနဲ့ရတယ်ဆိုက ထိမ်းပင်စောင့်နတ် ကျွဲဟောင်းဆောင်ပြီး ခတ် လို့ နတ်ခွာစံရတယ်လေ။ ဒီတော့ လက်စား ချေတဲ့အနေနဲ့ ထိမ်းပင်စောင့်နတ် နေစရာ မိမာန်မရှိအောင် ထိမ်းပင်ကို ခုတ်ပစ်တာ ကွယ်။ ဆော်ကောနဲ့ဆိုရင် အိုမဲ့အိမ်မဲ့ ဖြစ်အောင် လုပ်တာပေါ့'

သူတို့သည်လည်း မွေးစားမိခင်၏ ကျေးကျေးဇူးကို ထပ်နိုင်သည့် အခြေ အနေဖြင့် ပြန်လည်ပေးဆပ်သည်ဟု ယူဆရလေသည်။

## မင်းကြီးဘုရားကောင်းမှု ရတနာဂူစေတီ

ထိုမှဆက်၍လာခဲ့ရာ ချောင်းကမ်း စပ်နားတွင် ဆင်ဖြူမှစ်ကောင်ရဲ့ အရှေ့ လှည့်မှခ် စောင်းတန်းပါရှိသော ရတနာဂူစေတီသို့ ရောက်သည်။ အရှေ့လှည့်မှခ်အတွင်း၊ တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ စံပယ်တော်မူကာ အင်းဝခေတ် ဗိသုကာလက်ရာအဖြစ် ဖူးတွေ့နိုင်သည်။

စေတီတော်ကား လေးထောင့်ပုံစံ သုံးဆင့်အထက် အရံစေတီလေးဆူနှင့် ခေါင်းလောင်းမှောက်စေတီ ပေါက် ထားခြင်း ဖြစ်သည်။



www.burmeseclassic.com



အနောက်ဘက်မှတက်ခေါက်တန်ဆောင်း



မင်းကြီးစွာရှုနည်းသိမ်

အနောက်ဘက်တွင် အာရုံခံ တန်ဆောင်းတစ်ဆောင်နှင့် ရုပ်ပွား တစ်ဆူ ပူဇော်ထားရာ ယင်းကို **"တက်ခေါက်"**တန်ဆောင်းဟု ခေါ်ကြသည်။

ကမ္ဘာ့ဌာန်ဘာဝနာ ကျင့်ကြံအားထုတ်သူများ လာရောက်လေ့ရှိကာ အချို့မှာ လူမြင်ကောင်းရုံမျှ ဟန်ဆောင်၍ ကောင်းစွာ ကြိုးစား အားထုတ်ခြင်းမရှိဘဲ တွေဝေ မိန်းမောအိပ်ပျော်နေပါက "တက်"ခေါက်သံပေး၍ တပ်လှန့်လေ့ရှိသဖြင့် ဤအမည်တွင်ခြင်း ဖြစ်ကြောင်း သိရသည်။

ထိုတန်ဆောင်း၏ မြောက်ဘက်ကပ်လျက်တွင် မင်းကြီးစွာ လှူဒါန်းသော သိမ်တော်ရှိလေသည်။

ထိုမှ အနောက်မြောက်ထောင့်ယွန်းယွန်း မနီးမဝေးတွင် အုတ်တိုင်မြင့်လေးတိုင်နှင့် သံပန်းကာရံကာ **"ပုပ္ပါးမယ်တော် မြေလှူသည့်နေရာ"**ဟု ကမ္ပည်းတင်ထားသည်။

ကမ္ပည်းမှတ်တမ်းမှာ လွန်စွာဆွေးယိ၍ မွမ်းမံလှူဒါန်းသူ၏အမည်ကို ကြီးမားသောစာလုံးများဖြင့် ဖော်ပြထားလေသည်။

ပုပ္ပားမယ်တော်ခေါ် မယ်ဝဏ္ဏသည် သားနှစ်ဦးကို လွမ်းဆွတ်သတိရသဖြင့် ပုဂံသို့လိုက်လာရာ ဤနေရာ၌ တစ်ထောက်နားစဉ် ကမ္ဘာ့ဖိဖွဲ့တန်ခိုးဖြင့် ကြည့်သောအခါ တောင်ပြုံးအရပ်၌ ကွပ်မျက်ခံရပြီး ဖြစ်သည်ကို တွေ့ရသဖြင့် မြေလှူးကာ ပူဆွေးသောက ရောက်သောနေရာဖြစ်သည်။

မယ်ဝဏ္ဏသည် ထိုစိတ်ဖြင့် ကွယ်လွန်၍ နတ်စိမ်းဖြစ်ကာ ပုပ္ပါးမယ်တော်ဟု တွင်လာသည်။ သူ၏ သမီး ခင်မသာသည်လည်း မိခင် ကွယ်လွန်သဖြင့် ရင်ကွဲနာကျကာ သေလွန်သဖြင့် သခင်မလေး ခင်မသာနတ်အဖြစ် ကိုးကွယ်ပသကြလေသည်။

မြေလှူးသည့်နေရာ အထိမ်းအမှတ်အုတ်တိုင်သာရှိ၍ နတ်ရုပ်များ မတွေ့ရပါ။ ထိုစဉ်ကာလသည် ပုဂံခေတ် အနော်ရထာမင်းလက်ထက် ဖြစ်ရာ မင်းကြီးစွာ၏ ကောင်းမှုစေတီ မပွင့်ထွန်းသေးပါ။ မွှာသောကမင်းကောင်းမှု ရတနာဂူမုဒ္ဒောစေတီဝန်းကျင်နေရာဟုသာ အမှတ်အသားပြုခဲ့ကြသည်။

ပုဂံ၊ ပင်းယခေတ်များ လွန်မြောက်၍ အင်းဝခေတ် ဒုတိယမင်းဆက် မင်းကြီးစွာလက်ထက် ရောက်မှသာ တောင်ဘက်ကပ်လျက် ရတနာစေတီကို တည်ဆောက်ခြင်း ဖြစ်လေသည်။

မယ်ဝဏ္ဏ မြေလှူးသည့်နေရာနှင့် ကပ်လျက်အနောက်ဘက်တွင် ဦးရာမ လှူဒါန်းသော ရွှေဖျဉ်းညီနောင်နန်းရှိသည်။ ရတနာဂူစေတီနှစ်ဆုကို တော်သလင်းလတွင် ပူဇနီယပွဲတော် ပြုပ်တူကျင်းပသကဲ့သို့ ရွှေဖျဉ်းညီနောင် ပယပူဇော်ပွဲကိုလည်း ဤအချိန်တွင်ပင် တူညီစွာ ကျင်းပကြသည်။

ဦးရာမနန်းရှိ ရွှေဖျဉ်းညီနောင်ပယပွဲကို စေတီတော်ဂေါပကအဖွဲ့ကပင် ကြီးကြပ်ပေးရသည်ဟု သိရသည်။

မိမိရောက်ရှိလေ့လာသောနေ့သည် အနီးဝန်းကျင်၌ သုမင်္ဂလ(နာရေး)ကိစ္စ ရှိနေသဖြင့် နတ်နန်းပိတ်ထားသည် ဆိုလေရာ နတ်ရုပ်များကို တွေ့မြင်မှတ်တမ်းပြုနိုင်ခြင်း မရှိခဲ့ပေ။

## ရတနာဂူနှင့် မြန်မာ့အစီအရင်

မင်းကြီးစွာကောင်းမှု ရတနာဂူစေတီအား မြန်မာ့အစီအရင်ပညာသို့မဟုတ် ဝေဒအယူအဆကို ဖော်ညွှန်းတော်မူသော စေတီတော်ဖြစ်သည်။ ဖြစ်စဉ်တော်ကား...

မင်းကြီးစွာမင်းဖြစ်၍ ခြောက်နှစ်ရှိသောအခါ (၇၃၅ ခုနှစ်) ရှင်ဆရာတော်သည် မင်းကြီးစွာမင်းဖြစ်၍ ငါ့ကိုမေ့လေသည်ဟု စိတ်ဆိုး၍ "မင်းကြီး သက်တော်ရှည်လိုလျှင်

www.burmeseclassic.com





◆ ဦးကျော ရှုသည့် အောက်ရုပ်

◆ မယ်ဝဏ္ဏ ရှေ့ရှုသည့်အရာ

အနောက်တောင်ထောင့် အရပ်၌ တည်ခဲ့တည်စေ"ဟုမိန့်ရာ မင်းကြီးယုံကြည်လျက် စည်းခဲ့တည်၏။

ထိုအရပ်မှာ မြေနိမ့်လှသဖြင့် မြစ်ဘက် အရှေ့မှမြေကိုယူ၍ ဖို့ရသည်။ မြည်သူအများ ပင်ပန်းလှသဖြင့် မြေတူး၍ ပေါ်လာသောအင်းကို "ပူအင်း"ဟု ခေါ်၏။ ရ၄၅ခုနှစ်တွင် စည်းခဲ့ တည် ပြီးနောက် တစ်မြို့လုံး ထိတ်ထိတ်သန့်လန့်ရှိ၏။

မင်းကြီးမှာသည် နံတော် တနင်္လာသားဖြစ်ရာ မကောင်းသောအညစ်အကြေးစွန့်ရာ ဘုမ္မိအရပ်ဖြစ်သည့် အနောက်တောင်ထောင့် အရပ်တွင် တည်ခဲ့တည်စေသောကြောင့် မြို့ရွာ ချောက်ချားခြင်းဖြစ်၏။

ထိုအခါ ရှိုင်ဆရာတော်က မသင့်ရာမှာ သတိရ၍ တနင်္လာနံ၏ ပရိဝါရအရပ် နေရာတိုင်ခင်း အိုးအိမ်တည်ရာအရပ်ဖြစ်သည့် အရှေ့အရပ်တွင် တည်ပါ သရပါတော်၏။ မော်ကွန်းတို့ကို ရောက်လုပ်စေသည်။ တပ်ကြီး(နံသင့်အရပ်)အရပ်၌ ရတနာဂူ(နံသင့်စေတီ) စေတီတည်စေသည်။

ဘုမ္မိအရပ်ဖြစ်သော အနောက်တောင်ထောင့်အရပ်တွင် ဆင်ကျုံးကိုလည်း တစ်ပြိုင်နက် တည်စေ၏။ ထိုသို့ အပြိုင်စီရင်ပြီးမှ မထိတ်မလန့်တဲ့ ပြေ၏။ မင်းကြီးမှာက ဆရာတော်ကို ပူဇော်သက္ကာရများစွာပြု၍ "မဟာသင်္ဃရာဇာ" ဟူသော တံဆိပ်ကိုကပ်လှူ၏။

*(မှန်နန်းမဟာရာဇဝင် တ–၂၉)*

စေတီရှေ့တွင် ဆင်ဖြူရုပ်ရေးထားခြင်းကား ရတနာဂူစေတီတည်သည်နှင့် မရှေးမနှောင်းပင် သားတော်တရဖျားကို ရမည်သင်းစား သီလဝ၏ သမီးနှင့် စုံဖက်၍အိမ်ရှေ့အရာထား၏။

ယင်း သားတော်မွေးဖွားစဉ်က "အောက်မား"တွင် ဆင်ဖြူမွေးသဖြင့် ဆင်ဖြူရှင်တရဖျားတွင်၏။ (ထိုဆင်ဖြူမှာ များမကြာမီ ကွယ်လွန်ခဲ့သည်။) ဆင်ဖြူရှင်တရဖျားကို အိမ်ရှေ့ထားသည်ကိုရည်၍ ကောင်းမှုတော်စေတီ၏ အရှေ့တွင် ဆင်ဖြူရုပ်ကို တန်ဆာဆင် ပူဇော်ခြင်းဖြစ်လေသည်။

## နိဂုံးကောက်ချက်

မြန်မာ့ နတ်ဝလေ့သမိုင်းတွင် ရှု အများ ကြီးကျယ်စွာ ပူဇော်ပသလေ့ရှိသည့် ထင်ရှားသော အမြင်(၃၇)မင်း စာရင်းဝင် ရွှေဖျဉ်းညီနောင်နတ် ပူဇော်ပွဲအကြောင်း လေ့လာမှုမှတ်တမ်း၏ နိဂုံးအဖြစ် ကောက်ချက်ချရပါက ပုဂံခေတ်တွင် ပုပ္ပါးမှ မယ်ဝဏ္ဏသည် သားနှစ်ဦးကို အကြောင်းပြုကာ သီရိမွှာ သောကမင်း ကောင်းမှုရတနာဂူစေတီဝန်းကျင်၌ နတ်ဖြစ်ရ၏။

ထိုမှ နှစ်(၃၀၀)ခန့်အကြာတွင် အင်းဝဘုရင်မင်းကြီးမှာက မြန်မာ့ဝေအစီအရင်အရ ရတနာဂူစေတီတစ်ဆူကို ထပ်မံ တည်လုပ်ကိုးကွယ်သဖြင့် ရတနာဂူစေတီနှစ်ဆူ ဖြစ်ရသည်။

မိရိုးဖလာနတ်ဓလေ့ ယုံကြည်ကိုးကွယ်သူများက ပုပ္ပါးမယ်တော်ကို အကြောင်းခံကာ ရွှေဖျဉ်းညီနောင်တို့ကိုလည်း ရတနာဂူစေတီပူဇော်ပွဲ၌ တွဲဖက် ပသပူဇော်ခြင်းဖြင့် ရတနာဂူဘုရားပွဲ(ဗုဒ္ဓပူဇနီယပွဲတော်)နှင့် ပုပ္ပါးမယ်တော်နှင့် သားနှစ်ပါး ပူဇော်ပွဲသည် ယှဉ်တွဲ၍ ယနေ့တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်ကို တွေ့မြင်ကြားသိခဲ့ရပေသည်။

**ငြိမ်းဆော်တာ**



www.burmeseclassic.com

www.burmeseclassic.com

# အကြောနှင့်သရော ဆက်စပ်ပါ

မြို့ရွာရောက်သင်းမှု

အရာရှိနှုတ်ချိုး
(အကြောပညာရှင်)
[တံတားဦး အင်းစ]

## သားအိမ်လွဲရောဂါနှင့်
## အကြောပြုပြင်ကုသခြင်း

ကျွန်တော် မန္တလေးမြို့ (၃၈)လမ်း၊ ၈၂×၈၃လမ်းကြား ဆေးခန်းဖွင့်လျက်ရှိရာ ကျွန်တော်၏ ဆေးခန်းသို့ အမျိုးသမီးနှစ်ဦး ရောက်ရှိလာသည်။

ထိုမှ အသက်(၄၀)ခန့် အမျိုးသမီးက...

'ဆရာ ကျွန်မကို မမှတ်မိဘူးလား။ လွန်ခဲ့တဲ့(၃)နှစ်လောက်က အမျိုးသမီးရောဂါဖြစ်လို့ ဆရာထံ လာရောက်ကုသဖူးပါတယ်။

အခုလဲ ကျွန်မ သူငယ်ချင်းက မသွားချင်၊ မလာချင်၊ နေရထိုင်ရတာ မကောင်းလို့ ဆရာထံ လာပြခြင်းဖြစ်ပါတယ်'

လို့ ပြောဆိုပါတယ်။

သို့နှင့် ကျွန်တော်လဲ ဝေဒနာရှင်အား "ဘယ်လိုဖြစ်တာလဲ"လို့ မေးရာ...

'ဆရာရယ် ကျွန်မ မရှက်ပါဘူး။ ကျွန်မဖြစ်နေတာကတော့ ဆီးမကိုယ်တပိုင်းမှာ တစ်ခုခုဖြစ်ပြီး ဆီးသွားတဲ့အခါလဲ အားမရဘူး။ လိင်ဆော်ရောဂါဖြစ်ချင်တာလိုလိုဖြစ်တော့ လူတစ်ကိုယ်လုံးလဲ မလှုပ်ချင်မကိုင်ချင်ဆလို ဖြစ်နေတာပဲ'

လို့ ပြောပြပါတယ်။

သို့နှင့် ကျွန်တော်မှ ယင်းဝေဒနာရှင်ကို စမ်းသပ်ပြီး (၁)နာရီကြာကြာ အကြောပြုပြင်ပေးတယ်။ ပြီးနောက် ယင်းဝေဒနာရှင်အား "နေရထိုင်ရတာ သက်သာသလား"မေးတော့




၁။ သတ္တုရည်ကြော
၂။ အောက်သားမြှိတ်ကြော
၃။ အဝင်အစွန့်ကြော
၄။ မဟိုဝိကြော
၅။ နံကြော

ဝေဒနာရှင်မှ "အတော် သက်သာကြောင်း"ပြောပါတယ်။

ကျွန်တော်မှ...

'ခင်ဗျား နောက်ထပ် အနည်းဆုံး (၅)ခါလောက်တော့ အကြောပြုပြင်ရမယ်'

လို့ ပြောတော့ ဝေဒနာရှင်နဲ့ အတူပါလာတဲ့ အမျိုးသမီးက...

'ဆရာ သူ့ရောဂါ ဘာဖြစ်တာလဲ'

လို့ မေးရာ ကျွန်တော်မှ...

'သားအိမ်လွဲတဲ့ လက္ခဏာတွေလို့ သားအိမ်လွဲတဲ့ရောဂါပဲ'

'ဆရာရယ် သားအိမ်က ဘာကြောင့် လွဲရတာလဲ'

လို့ မေးပါတယ်။

ကျွန်တော်မှ အမျိုးသမီးတို့၏ ကိုယ်ခန္ဓာ လေမျိုး(၅)ပါးတို့တွင် အပါနလေပျက်က...

၁။ သွေးယောင်းကျခြင်း
၂။ လေချုပ်ခြင်း
၃။ ဆီးချုပ်ခြင်း ဖြစ်ကြတယ်။

အပါနလေက အစာဟောင်းအိမ်၊ ကျင်ငယ်အိမ်၊ အင်္ဂါဇစ်၊ ပေါင်၊ တင်ပါး လှည့်လည်သွားလာနေတယ်။ တစ်ခါတစ်ရံ ကျင်ကြီး၊ ကျင်ငယ်၊ ကိုယ်ဝန်ဥတုသွေး၊ သုက်သွေး၊ အောက်သို့ဆွဲငင်၍ အပြင်သို့ ထွက်အောင် ပြုလုပ်တယ်။ ပါနလေ ဖောက်ပြန်ပြီဆိုရင်တော့ ဆီးရောဂါ၊ လိင်ခေါင်းရောဂါ၊ သားအိမ်ရွေ့တဲ့ရောဂါ ဖြစ်တတ်တယ်'

လို့ ကျွန်တော်က ရှင်းပြပါတယ်။

အဲဒီမှာ...

'အခု ကျွန်မရဲ့ သူငယ်ချင်းဖြစ်တဲ့ရောဂါက သားအိမ်လွဲခြင်းလား'

လို့ မေးတော့...

'ဟုတ်ပါတယ်။ အခုလို သားအိမ်

www.burmeseclassic.com

လွဲခြင်း(၅)မျိုးရှိပါတယ်။ သားအိမ်က (၁)ညာဘက်ကို စောင်းခြင်း။ (၂)ဘယ်ဘက်ကို စောင်းခြင်း။ (၃)အောက်သို့ ရွှေ့လျောခြင်း။ (၄) အထက်ကို တက်နေခြင်း။ (၅) တက်လိုက်ကျလိုက် အေးနှစ်ဖက်သို့ ယိုင်ကပ်နေခြင်း ရှိပါတယ်'

လို့ အဲဒီအကြောင်းများကို ကျွန်တော်က ပြောပြတော့...

'ဆရာရယ် ဒီ(၅)မျိုးစလုံးကို သိသင့်သိထိုက်လို့ ကျွန်မတို့ကို ပြောပြပါ'

လို့ တိုက်တွန်းသဖြင့် ကျွန်တော်မှ သားအိမ်ဟာ...

၁။ညာဘက်ကို စောင်းတဲ့လက္ခဏာ - ဆီးချုပ်၊ ဆီးပူ၊ ဆီးနည်းဖြစ်ရခြင်း ဘာကြောင့်ဖြစ်ရသလဲဆိုရင် ကျောက်ကပ်မှလာသော ပြွန်နဲ့ ဆီးအိမ်၊ ဆီးသွားလမ်း၊ ညာပေါင်ကို လျှောက်သော သွေးကြော၊ လေကြောတို့ကို ဖိညှပ်ထားလို့ ဆီးကျုန်၊ ဆီးပူ၊ ဆီးနည်းဖြစ်တယ်။

ညာဘက်ပေါင်က ခြေဖျားထိအောင် ထုံကျဉ်ကိုက်ခဲသလို ဖြစ်တာက အပါနလေပျက်လို့ ညာဘက် မိန်းမကိုယ်အတွင်းရှိ "သိမိရစိ"သည် တိမ်းစောင်းနေ၍၊ မျက်နှာလည်း ညာဘက်ပါး ရောင်ရမ်းခြင်း၊ မျက်ကွင်းကြောထခြင်းတို့ ဖြစ်တတ်တယ်။

၂။သားအိမ် ဘယ်ဘက်စောင်း - သားအိမ်သည် အစာဟောင်းအိမ်မှ အစာဟောင်းစွန့်လွှတ်သော အူပြွန်၊ ဘယ်ဘက်ပေါင်သို့ လျှောက်သွားသော သွေးကြော၊ လေကြောတို့ကို ဖိညှပ်ထားသဖြင့် ဝမ်းချုပ်ခြင်း၊ ရမ်းခံခြင်း၊ လိပ်ခေါင်းကဲ့သို့ ဒူရအပြင်သို့ အရည်ထွက်ခြင်း...

ဘယ်ဘက်ပေါင် ကိုက်ခဲခြင်း၊ လေသွားလို့၍ အားပြုလျှင်လည်း ဒူရနား ရောက်က ပျက်ပြယ်ပြီး ညာဘက်ရင်အုံ၊ နောက်ကြောတို့တွင် လေတက်၍ လေလမ်းလွဲခြင်း၊ အပါနလေပျက်သဖြင့် မိန်းမကိုယ်အတွင်း သိမိရစိသည် ဘယ်ဘက် တိမ်းစောင်းခြင်း၊ ဘယ်ဘက်မျက်နှာအမ်းခြင်း၊ အောက်မျက်ကွင်းကြောနှင့် လည်ပင်းကြောတင်းခြင်း၊ လက္ခဏာတို့ ဖြစ်တယ်။

၃။သားအိမ်သည် အောက်သို့ ရွေ့ကျမှု - ဆီးချုပ်ခြင်း၊ ဆီးလွန်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဝမ်းလွန်ခြင်း၊ အစာစားပြီးနောက် အစာဟောင်းအိမ်သို့ အရာရောက်ရောက်ချင်း...

သားအိမ်က အစာဟောင်းကို မကြာခဏ ဖိညှပ်၍ ဝမ်းသွားခြင်း၊ ဒီးယပ်ဖြူဆင်းခြင်း၊ သိမိရစိသည် အပြင်သို့ အလွန်ထွက်လျှင် ကိုက်ခဲရောင်ရမ်းခြင်း ဖြစ်တတ်တယ်။

၄။သားအိမ် အထက်တက်ခြင်း - မကြာခဏ လောထိုးခြင်း၊ ဝမ်းချုပ်၊ လေချုပ်၊ ဆီးချုပ်သဖြင့် မိန်းမတို့နာဖြစ်ခြင်း၊ အိပ်မပျော်၊ စားမဝင်ဖြစ်ခြင်း၊ နောက်ကြောအောင့်ခြင်း၊ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်ခြင်း...

မိန်းမရဲ့ သိမိရစိသည် အတွင်းသို့ ဝင်ခြင်း၊ မျက်ကွင်းကြောနှစ်ခုစလုံး တင်းခြင်း၊ လည်ပင်းကြောနှစ်ခုစလုံး တင်းခြင်း၊ မိန်းမကိုယ်နာဖြစ်ခြင်း...

၅။သားအိမ်တက်ခြင်း၊ ကျခြင်း - မမြဲလှုပ်ရှား၊ မငြိမ်ဖြစ်ခြင်း၊ ဆီးဝမ်းလေတို့သည် အတည်မရှိ ချုပ်ချင် ချုပ်၊ လွန်ချင် လွန် ဖြစ်တတ်သည် လို့ ကျွန်တော်က ရှင်းပြပါတယ်။

ဝေဒနာရှင်မှ မပျက်မကွက် လာရောက် အကြောပြုပြင်တော့ ကျွန်တော်မှ...

'ခင်ဗျားဝေဒနာ ဘယ်လိုနေလဲ၊ သက်သာသလား'

လို့ မေးတော့...

'ဆရာ ကျွန်မဝေဒနာ သက်သာပျောက်ကင်းပါပြီ'

လို့ ပြောပါတယ်။

ဝေဒနာရှင်၊ ဝါသနာရှင်များ အသုံးပြုနိုင်ရန်အတွက် အကြောပြုပြင်ပုံများကို ရုပ်ပုံကားချပ်နှင့်တကွ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် တင်ပြလိုက်ပါသည်။

၁။နို့ကြော ။ သားအိမ်လျော ဝေဒနာရှင်အား ပက်လက်ထား၍ ဒူးကို ထောင်စေပြီး ခုံကြောကို တဖြည်းဖြည်း ဆွဲတင်ပါ။ (၅)ကြိမ်ခန့်

၂။ပေါ်ဝမ်းကြော ။ ယင်းအကြောကို လက်မနောင့်နှင့် ကျလျှင် အပေါ်တွန်းပေးပါ။ တက်လျှင် အောက်ကို ဆွဲချပါ။ စောင်းလျှင် ဘယ်ညာကို လှည့်၍ ပြုပြင်ပေးပါ။

၃။သကျည်းကြော ။ ယင်းကို ဖိပြီး ပွတ်ပေးပါ။

၄။သဝင်အစွန်ကြော ။ ပွတ်ပွတ်ပြီး ခြေပေးပါ။

၅။အောက်သားမြွတ်ကြော ။ ယင်းအကြောမှ အပူနိုးကို ဖြန့်ပေးရမည်၊ ယင်းအကြောကို ပျော့ပျောင်းလာသည်အထိ ပြုပြင်ပေးပါ။

**မှတ်ချက် ။ ။ ဝေဒနာရှင်အား ခြေဖဝါးမှစ၍ တစ်ကိုယ်လုံး အကြောများကို အကြောခြေလျော့သည်အထိ အကြောခြေပေးပါ။**

**ဆရာဦးလှညိမ်း(အကြောပညာရှင်)**
**[ထံတားအိုး၊ ဆင်းဝ]**



www.burmeseclassic.com

www.burmeseclassic.com

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြားဆိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

၅ ထုတ်လုပ်သော နှုန်းတွင်းဂိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဥာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး ရောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘိလူးကျွန်း ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးထွန်းလွင်(ငြိမ်း/ဗိုလ်ကြီး) ၏ နီးစပ်ကျင်သိမ်း တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမ ဒေါ်ခင်ခင်ဆွေတို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းဂိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၄၁၁ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၀/၂၀၀၈ ၁၁၁၁၁၁ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး ပရုတ်၊ မင်းသော် စသည့် ဆေးမှုများ မပါရှိသော ဆေးအဖြစ်၍ သေးတွက်ဆိုးကျိုး လုံး၀ မပါရှိဘဲ အပူနာများကိုပါ သက်သာ ပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်အကြောရောင်/နာ၊ ကိုက်ခဲခြင်း။ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ပာ၊ ဒဏ်ရာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားမပ်ခြင်း၊ အသားကျဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကာ အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဖူးအောင် အလှလှစေသည့်"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်ကျိုက်ထီးရိုးတောင်ပုပ္ပါးတောင်ကဲ့သို့ အလွယ်အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုက်ပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုက်ပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

၁၁၂ နကျွပ္ပစရောင်ခြံညီမျှစေခြင်း

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၄၀၉ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် ယူရစ်အက်စစ် အဆွန် များနေခြင်း အဆောက်စ်ဆို သိတာ ယူနစ်(၂၀၀)ထက် နှိ ခြင်း။ နောက်ဆုံး အာ ဆေး စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်းစသည်ဖြင့် လေးဖက်နာရောဂါအခြေခံဆင့်တို့ကိုသိရှိနိုင်ပေသည်။

လေးဖက်နာရောဂါ၏ ထင်ရှားသောရောဂါများဖြစ်သော နှလုံး၊ သွေးတိုး ... များ မဖြစ်မှုအတွက် ကြိုတင်ကာကွယ်သည့် ... သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ... ပါသည်။

သမားအိုလေးဖက်နာဆေးတွင် သက်ဆောင့်ဆေးဖက်များ ... သည့်အတွက် ရာသီဥတုဖောက်ပြန်ပြီး တရားထိုင်သူများ၊ ယာဥ်မောင်း ... များ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေ ... များ ဤဆေးကို မှန်မှန် စားသုံးသွားပါက ညီ။ ဝမ်း လေမှန်ကာ ... ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဥာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၄၁၁ YR ၀၀၃၀ ...]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေး... ကောင်းတစ်လက် ဖြစ်သည်။ နှလုံးသွေးကြောကျဉ်းခြင်း။ ... ခြင်း။ နှလုံးကျဉ်ခြင်း။ နှလုံးခုန်တွန်ခြင်း။ မောပန်းခြင်း... အားနည်းခြင်း။ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုးတို့... သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆ... ဥာဏ်ရည်ထက်မြက်စေသော "အထွေရတ်"နှင့် ပြည့်စုံ... ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်း... ကျောင်းသားများနှင့် ပညာရှင်ယာ အရှင်မြတ်များ စာမေးပွဲ... အခါ၌ လည်းကောင်း။ ပရိယတ္တိ ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်း... ကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေး... ကောင်းတစ်လက် ဖြစ်ပါသည်။

ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (... ၀၂၉၁၃၇) ဖုန်း-၀၉-၅၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါ...

### သမားအိုဆေးတိုက်

အမှတ်(၄၇) (၁၀၈)လမ်း မင်္ဂလာဈေးအနီး

မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့

ဖုန်း ၂၉၀၆၃၀ အပြင်မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်

www.burmeseclassic.com

www.burmeseclassic.com



ညောင်ကွဲနေဝင်သိမ်တော်

ယခင်လမှအဆက်

ညောင်ကွဲနေဝင်သိမ်

ကန်တော် မွန်းတည့်သိမ်မှ ထွက်ကာ ဈေးချိုသွားရောက်ခဲ့ပြီး နောက် ထိုမှတစ်ဆင့် ရွှေတချောင်း မြောင်းကို ကျော်ဖြတ်ကာ အနောက် ဘက်(၅၀)လမ်းအတိုင်း မြောက်အရပ် သို့ ဆန့်ခဲ့သည်။

(၁၂)လမ်းထိပ်ရောက်သော် အရှေ့ မြောက်ဆီသို့ ချိုးကွေ့သွားကာ မကြာမီ အချိန်အတွင်း ညောင်ကွဲရပ် မြစ်ကမ်း နား တာလမ်းတစ်ဖက်တွင် ရှင်အရဟံ သိမ်ကို တွေ့မြင်ရသည်။

တာလမ်းအောက်ဘက်ရှိ သိမ်တော် အတွင်း ဆင်းသက်ဝင်ရောက် ကြည့် သောအခါ မှန်လိုဏ်အတွင်း သံတံခါး နှင့်တံခါး နှစ်ထပ်ဖြင့် ကာရံထားသော သင်ပျဉ်ခွေ မင်းဝတ်ဘုရားတစ်ဆူ

စံလွှမ်းသာ

မန္တလာနယ်မှ

# ရှင်အရဟံသိမ်တော်

ပူဇော်မှုခန်း (၄)

စံပယ်တော်မူသည်ကို တွေ့မြင်ရသည်။

တံခါးနှစ်ထပ်အပြင် မျက်နှာတော် ကို ဖုံးကွယ်လျက် တောက်ပသော လျှပ်စစ်မီးသီးတစ်လုံး ပူဇော်ထားရာ ရုပ်ပွားတော်ကို ပီပြင်စွာ ဖူးတွေ့ရခြင်း မရှိပေ။

မှတ်တမ်းဓာတ်ပုံ ရိုက်ကူးပူဇော် သောအခါ ပူဇော်ဖွယ်ပစ္စည်းများ တင် ထားသည့် စားပွဲများ၊ ခြားထားသည့် အပြင် ဘာဝနာကုသိုလ် မြူကြကုန် သော သံဃာ(၈)ပါးမျှ မြင်ရသဖြင့် ပုံရိပ်မှာ ရှင်းလင်းပေါ်လွင်မှု မရှိပါချေ။ (အမှီးကပ်၍ ပူဇော်ဖူးမြော်ခွင့် မရခြင်း ကိုသာ ရည်ညွှန်းပါသည်။)

ထိုရောအခါ ကျွန်ုပ် ဝင်ရောက်လာ စဉ်ကပင်လျှင် သတိထားစောင့်ကြည့် နေဟန်တူသည့် သိမ်တော် လုံခြုံရေး နှင့် နိဗ္ဗာန်ဆော် ဦးဝင်း(နောင်တွင် သိရသောအမည်)က စူးစမ်း၏။

'ဆရာကြီး ဘယ်က လာတာလဲ'

'ရန်ကုန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း တိုက်ကပါ'

'ဟာ ဝမ်းသာပါတယ်။ ဒီလိုဖြင့် ကျွန်တော် ပြပေးပါဦးမယ်'

ဦးဝင်းက သိမ်တော်၏ လက်ယာ ဘက်မှ ဦးဆောင်သွားကာ အုတ်တိုက် ငယ်တစ်ခုကို ညွှန်ပြပေးသည်။

အတွင်း၌ ရုပ်ပွားတော်ရုပ်တုကို





www.burmeseclassic.com

www.burmeseclassic.com



◆ ကျောင်းတွဲသိမ်တွင်း[illegible] [illegible]



ဖူးတွေ့ရသည်။ လက်ယာဘက်၌ တောင်ဝှေးကိုင်၍ စိပ်ပုတီးကုန်းကြီးကို လည်းဆွဲထား၏။

ရှင်သီဝလိပုံတော် မဖြစ်နိုင်ပါ။ မျက်နှာတော်ကို ကြည့်ညိုကြည့်သော အခါ ယာမျက်လုံးကျယ်နေသည်။ **ရှင်အဇ္ဇဂေါဏ အွဲ့မည်ရှိသည့် ပုဂံခေတ် လုပ်ရတ်အကျော်ဆရာတော်ပေတည်း။**

'ရှင်အဇ္ဇဂေါဏပုံတော်လား ခင်ဗျာ'

'ဟုတ်ပါ့ ဆရာကြီး'

'ဒီဘက်က အမျိုးသမီးက ဘယ်သူများလဲ'

''ခင်သော်တာလေဗျာ ဝိဇ္ဇာမယ်သော်တာ ဆိုတာပေါ့'

**(လွန်ခဲ့သော ဆယ်နှစ်ခန့်က ကလော၊ အောင်ပန်း၊ လွိုင်ကော်မြို့နယ် (၂)ရပ်ကွက်တို့မှ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်အချို့က ဝိဇ္ဇာမယ်သော်တာနှင့် ပတ်သက်၍ မေးမြန်းကြသည်ကို (ထိုစဉ်က) ရွှေမင်းဝံကုန်းတော်ရှိ သီလရှင်မယ်တော်ကြီး ဒေါ်သုမင်္ဂလာထံ မြန်လည်မေးလျှောက်ကာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာပေါ်၌ တင်ပြခဲ့ပြီးပါပြီ။**

**ကံကုသိုလ် ပါရမီ ထူးခြားသူတို့မှာ ပုပ္ပါးတောင်ကလောဝတွင် ဝိဇ္ဇာမယ်သော်တာအား ယခုထိုင် တွေ့ဆုံဖူးမြော်ကြရသည်ဆို၏။)**

'ဝိဇ္ဇာမယ်သော်တာအကြောင်း သိနိုင်မလား ဦးဝင်း'

'ရှင်အဇ္ဇဂေါဏဆီက ပထမံပညာရပ်တွေ သင်ယူခဲ့တယ်။ မီးဖိုတောင်မှာ ရွှေအိုး၊ ရွှေရွက်၊ ရွှေယောက်မ၊ ရွှေခွက်တွေသာ သုံးသတဲ့။ ရှင်အရဟံမှုတ်

◆ ကျောင်းတွဲသိမ်တော် ပရိက္ခ[illegible]
ရှေးဟောင်း[illegible]များ





www.burmeseclassic.com

ညောင်ကျွဲသိမ်တော် မင်္ဂလာကို
ရှင်အရှေ့ဘက်ကန့်တော် ♦



စိမ်နည်းနဲ့ အသက် (၂၅၀၀)ကျော် ရှည်တယ်လို့တော့ ကြားဖူးတယ်'

'လိုဏ်ထဲက ထိုင်တော်မူဘုရားကို ထဲခါးဖွင့်ဖူးလို့ မရဘူးလား၊ ဒီအတိုင်းက တတ်ပုံရိုက်ရင် အလင်းပြန်နေလို့ပါ'

'သာမန် ဘုရားဖူးတွေကိုတော့ တစ်နှစ် တစ်ကြိမ် ပွဲတော်နေ့မှာ ဖွင့်ပေးတယ်။ ဆရာတို့ မဂ္ဂဇင်းသမားတွေဆိုတော့ဂေါပကဥက္ကဋ္ဌဆီ မေးပေးပါမယ်'

'သူက ဘယ်မှာနေတာလဲ'

'ရ.ယ.ကရုံးမှာရှိတယ်။ အဲဒီမှာ အတွင်းရေးမှူးလေ။ လောလောဆယ်တော့ အဲဒီလိုဏ်ဂူ ပြူပြင်တုန်းက ရှာတဲ့အုတ်တွေ ကြည့်ပါဦး။ ဘယ်လောက် ရှေးကျသလဲလို့'

ဦးဝင်း ညွှန်ပြသော အုတ်များမှာ (၂၁)လက်မ x (၁၆)လက်မ x (၁၀) လက်မရှိသော အုတ်ကြီးများ ဖြစ်ကြသည်။ ခေတ်အဆက်ဆက် မီးဖုတ်အုတ်များတွင် ဤအရွယ်အစား အုတ်မျိုး မမြင်မတွေ့ဘူးချေ။

ရှေးဟောင်းသုတေသီများ စနစ်တကျ စမ်းသပ်စစ်ဆေးကြည့်ပါမှ သက်တမ်းကို သိနိုင်ပေလိမ့်မည်။

ထို့နောက် အာရုံခံတန်ဆောင်းတွင်းသို့ ဝင်ရောက်ကာ ဦးဝင်းက စာယ်လီကိုဖြင့် ဆက်သွယ်မေးမြန်းပေးသည်။

'ဌာနဆိုင်ရာနဲ့ အာဏာပိုင် အဖွဲ့အစည်းတွေက ထောက်ခံချက်ပါမှ မှက်လို့ရမယ်'

တစ်ကြိမ်မှ မကြုံဘူး မကြားဘူးသဖြင့် အံ့အားသင့်မိပါသည်။

'ဒါဖြင့်လဲ နေပါစေ။ သမိုင်းဖြစ်စဉ်အချို့ ပြောပြနိုင်မလား။ ဥပမာ ဒီရွာ

ညောင်ကျွဲသိမ်တော်မှ
သိမ်မှိန်းဘင်းကိုင် ♦



www.burmeseclassic.com





◆ ညောင်ကွဲသိမ်တော်အကြောင်း
သိသမျှပြောပြသည့် ဗိဓ္ဓာန်ဆော်ဦးဝင်း
◆ ညောင်ကွဲသိမ်ဝိဂ္ဂဟ်အတွင်းရှိ
ဗိဇ္ဇာမယ်သော်တာရုပ်တု

မယ်သော်တာအကြောင်း ဖြစ်စဉ်ကလေးများပါ'

'အဲဒါတော့ ကျွန်တော်တို့ မသိပါဘူး'

ဂေါပကဥက္ကဋ္ဌအား ကျေးဇူးစကားဆို၍ တန်ဆောင်းအတွင်း လှေ့လာကြည့်ရှုသောအခါ တောင်ဘက်တွင် ရှင်အရဟံရုပ်တုတော်အား မုန်ကျောင်းဆောင်ဖြင့် ပူဇော်ထားသည်ကို တွေ့ရသဖြင့် ဓာတ်ပုံမှတ်တမ်းပြု ပူဇော်ခဲ့လေသည်။ ဦးဝင်းက...

'ဒီသိမ်မှာ အဓိဋ္ဌာန်ဝင်တဲ့သူ မပြတ်ဘူး။ သံဃာတွေ ပိုများတယ်။ နေဝင်ချိန်ဆိုရင် သိမ်ခန်းအပြည့်ပဲ။ ဒီတန်ဆောင်းတွေ ရုပ်တုရုပ်ပွားတွေ ခိုင်ခိုင်မာမာနဲ့ တိုးတက်လာတာ ပြင်ပအလှူခံ မထွက်ဘူး။ သိမ်တော်ရောက်ပြီး သဒ္ဓါပေါက်လို့ လှူသမျှနဲ့ ဒီလောက် စည်စည်ကားကား ဖြစ်လာတာပါ'

ဟူ၍ ရှင်းပြသည်။

## အဓိဋ္ဌာန်ပြု ပူဇော်ခြင်း

နေဝင်ချိန်သည် တစ်နေ့တာပြီးဆုံးသော နောက်ဆုံးကာလဖြစ်သည်။

ကျေးငှက်သာရကာတို့သည် အိ[illegible] တန်း အသိုက်အမြုံများ ရှိရာသို့ [illegible] တည်ပျံသန်းကြသကဲ့သို့ မြင်း[illegible] တိရစ္ဆာန်များကလည်း မိမိတို့ဧော[illegible] တင်းကုပ်ဆီသို့ ပြန်လာကြ[illegible] လူသားတို့ကား တစ်နေ့တာ အလုပ်[illegible] သိမ်း၍ အနားယူရန် ပြင်ဆင်နေ[illegible] ဖြစ်သည်။

ဤကာလတွင် နေဝင်သိ[illegible] ဘာဝနာကုသိုလ် ပြုခြင်းကြော[illegible] အရေးကြီးသော လုပ်ငန်း စီးကိန်း[illegible] ကောင်းမွန်စွာ ပြီးဆုံးခြင်း၊ နိုးဆော[illegible] ခြင်းကို မျှော်မှန်းနိုင်သည်။

[illegible]

အကြိမ်ကြိမ် ကြုံးစား၍ [illegible] မြင်ခဲ့သော ရည်မှန်းချက်တစ်ခု အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



◆ ညောင်ကွဲသိမ်တော်ရှိ
ရှင်အရဟံရုပ်ထုတော်

အစည်များတွက် နောက်ဆုံးအကြိမ် အဖြစ် လှုံ့လစိုက်ရန် အားပေး အထောက်အကူပြုလေသည်။

လောကုတ္တရာအတွက်ကား အထူး ကောင်းမွန်သည်။ နေ့ဝင်ချိန် ရောက်ပြီ ဖြစ်၍ လောဘ၊ ဒေါသ၊ မာန်မာနများ ကို ခါချကာ တရားထူးပေါက်မြောက် ရန် မဆုတ်မနစ် အားထုတ်သင့် ကြောင်း အကြံဉာဏ်ကောင်းပေးခြင်း ဖြစ်သည်။

**အထူးပြုပူဇော်ခြင်းအတွက်** ဓမ္မ စကြာသုတ်တော်ကို ရွတ်ဖတ်ပူဇော် ခြင်းဖြင့် လောကီလောကုတ္တရာ လိုရာ အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်သည်။

နာတာရှည် ဝေဒနာရှင်အတွက် ကား ခံစားနေရသော ဝေဒနာ ဝဋ်ဒုက္ခ မှ လွတ်မြောက်ကောင်းရာသုဂတိ လားရောက်စေကြောင်း ဆုတောင်းနိုင် သကဲ့သို့ သုမင်္ဂလာကိစ္စများတွင်လည်း စည်ကားသိုက်မြိုက်သော အောင်မြင် မှုကို မျှော်လင့်နိုင်၏။ ရည်ညွှန်း အကြောင်းရင်းကား...

ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်သောအခါ ဉာဏ်အဆင်အခြင် နှင့် ပြည့်စုံသည့် အာဠာရ ရသေ့၊ ဥဒကရသေ့တို့မှာ ကွယ်လွန်ပြီဖြစ်၍ တရားဟောအံ့သော သူကို ရှုမြင်လျှင် ပဉ္စဝဂ္ဂီငါးဦးကို မြင်သဖြင့် မိဂဒါဝုန် တောသို့ ကြွတော်မူသည်။ ဘုရားရှင် က...

'ငါကား ဘုရားဖြစ်တော်မူပြီ။ အလုံးစုံသော တရားကို သိတော်မူပြီ။ သင်တို့အား အမြိုက် တရားဟောကြားရန် ငါလာ၏။ ရိုသေစွာ နာကြားကုန်လော့'

ဟု တိုက်တွန်း၏။

ပဉ္စဝဂ္ဂီတို့က သုံးကြိမ်တိုင်အောင် ပယ်ရှားသော်လည်း အဖြစ်ထားတော် မမူ များစွာသော ပရိယာယ်စကားဖြင့် ဘုရားဖြစ်ကြောင်း သိစေလျက် သက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ ညနေဝင်စအချိန်တွင် **"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိ တေန၊ သေဝိတဗ္ဗာ"** အစရှိသော ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟော တော်မူသတည်း။

သံဝေဇနိယ လေးဌာန အဝင်အပါ ဖြစ်သော **"ဇွာ။ ဗြိ၊ ဟော၊ စံ ဤ လေးထာန်မှတ်ရန် သံဝေဇနိယ"** တရားဦးဟောကြားရာ အချိန်သည် နေ့ဝင်ချိန် ဖြစ်ပေသည်။ ထို့ကြောင့် ဤသို့ အထူးပြု ပူဇော်ရခြင်း ဖြစ်လေ သည်။

ရွှေလ ဆက်ဖတ်ပါရန်

စံထွန်းသော



www.burmeseclassic.com

www.burmeseclassic.com

# ဆွေးတိတ်စေနိုင်သော

ဂါထာ

သွေးထွက်ခြင်းသည် သတ္တဝါများ အပေါ်၌ အလွန်အရေးကြီးပါသည်။

ထိခိုက်ရှနာ တစ်စုံတစ်ရာဖြစ်ပေါ် ခံစားရသူသည် သွေးထွက်ခြင်းကို အချိန်မီ မတားဆီး မပိတ်ပင်နိုင်ဘူး ဆိုပါလျှင် မိမိတို့၏ ကိုယ်ခန္ဓာအတွင်း မှာရှိသော သွေးများသည် လျော့နည်း လာပြီး ကျန်းမာရေးကိုပါ ထိခိုက် လာကာ အသက်အန္တရာယ်ကိုပါ စိုးရိမ်ရစရာ ဖြစ်လာရတတ်ပါသည်။

စာရေးသူတင်ပြထားသော သွေး ထွက်ခြင်းဆိုသည်မှာကား တစ်စုံ တစ်ရာ ထိခိုက်ရှနာပြီး သွေးတအား အထွက်လွန်နေသော ဝေဒနာများ အတွက်ကို ရည်ညွှန်း၍ ရေးသား တင်ပြပေးခြင်း ဖြစ်ပါသည်။

အချိန်ကတော့ ရှစ်လပိုင်း နှစ်ထောင့်သယ့်ငါးထဲမှာ ဖြစ်ပါသည်။ စာရေးသူ၏ဇနီးဖြစ်သူသည် ဘယ် ဘက် ဒူးခေါင်းအောက်နားတွင် ကြွေပန်းကန်ကွဲရှရာမှ ပြင်းထန်စွာ ထိခိုက်မှုကြောင့် သွေးများ အလွန် တရာမှ တိုးထွက်ယိုစီးလာပါသည်။

ထိုအခါမှ စာရေးသူ၏ ဇနီးသည် မိမိအားလှမ်းခေါ်ပြီး အထိတ်တလန့် ပြောသဖြင့် စာရေးသူလည်း ခပ်သွက် သွက်ကလေးဖြင့် ဇနီးသည်ထံ လျှောက်သွားပြီး သွားကြည့်ရာ ဟုတ် ပါ၏။ သွေးထွက်က အလွန်ကြမ်း နေ၏။

ထို့ကြောင့် စာရေးသူလည်း မိမိ လေ့လာကျက်မှတ်ထားသော သွေး တိတ်စေနိုင်သည့် ဂါထာဖြင့် လက် ဝေါးနှင့်အုပ်ကာ (၇)အုပ်မန်းပြီး သွေး တိတ်စေခဲ့ပါသည်။

ထို့နောက်မှ သက်ဆိုင်သည့် ဆေး ဝါးများဖြင့် အနာကျက်အောင် ကုသ ရပါသည်။ ထိုသို့ သွေးတိတ်စေနိုင်

သောဂါထာဖြင့် မန်းပေးသည့် တစ်ခဏမှာပဲ အလျဉ်ကောင်းစွာဖြင့် တိုးထွက်နေသော သွေးသည် တစ်ခဏချင်းနှင့် ရပ်တန့်သွားသည်ကို တွေ့ရပါသည်။

ထိုဖြစ်ရပ်ဆန်းသည် စာရေးသူ ကိုယ်တိုင် တွေ့ကြုံရသော ဖြစ်ရပ် ဆန်း ဖြစ်ပါသည်။ ထို့ကြောင့် စာရှုသူများ သိရှိနိုင်ကြပါရန် မျှဝေပြီး တင်ပြပေးခြင်း ဖြစ်ပါသည်။

---

သွေးတိတ်မန်းဂါထာနှင့်

---

ပြုလုပ်ပုံ

---

'ဦး ဆတ္တသွား'

ယင်းဂါထာ အတိုကလေးနှင့် (၇)ခါကို လက်ဝါးနှင့်အုပ်ပြီးမန်းပါ။

မကြာမီ ရေအလျဉ်ကဲ့သို့လာသော သွေးသည်ပင် ရပ်တန့်နိုင်သည်ဟု ဆိုထားပါသည်။ ယုံကြည်စွာ သုံးပါ။

ထိုဂါထာမမန်းခင် ဘုရားစင်အရှေ့ ကို သွားရောက်ပြီး ဘုရားဝတ်ပြုခြင်း၊ သီလခံယူခြင်း စသည်ကို ပြုလုပ်ချိန် မရလို့ မပြုလုပ်မိရင်တောင်မှ မိမိ၏ စိတ်အတွင်းကနေ ဘုရား၊ တရား၊ သံဃာဟု ရည်မှန်းကန်တော့ပြီး ကိုယ် စောင့်နတ်မှ အစထားပြီး သတ္တဝါ အားလုံးကို မေတ္တာပို့ပေးပါ။ ပို၍ အောင်မြင်မှု ရပါလိမ့်မည်။ (ထို **ဂါထာ၏ အနက်အဓိပ္ပာယ်ကိုတော့ စာရေးသူ မသိပါ။**)

ယင်းဂါထာလေးသည် စာကြောင်း တိုသော်လည်း အထင်မသေးသင့်ပါ။ တကယ် တန်ဖိုးရှိပါသည်။



ဆေးရုံ ဆေးခန်းတို့နှင့် အလှမ်းဝေ နေရသူများ။ ရုတ်တရက် ထိခိုက် ရှနာဝေဒနာ ဖြစ်ပေါ်ခံစားနေရသူများ တကယ်လိုအပ်နေသူများကို အချိန်မီ မီနှင့် အန္တရာယ်မဖြစ်ပေါ်စေရန်အတွက် လိုလားမှုရှိကြသော ခုနစ်ရက်သားသမီး များအား မှိဒိတာပွားကာဖြင့် တင်ပြပေး အပ်ပါသည်။

မှတ်ချက်

သွေးတိတ်မန်းဂါထာသည် သွေး ကိုသာတိတ်စေပါသည်။ အနာ ကျက်ရန်ယင်းဂါထာနှင့်မဆက်ဆိုင် ပါ။ အနာကျက်ရန်ကို အခြားသက် ဆိုင်ရာ ဆေးဝါးများဖြင့် ကုသရ ဖြစ်ပါသည်။

သမ္မာသတ္တာ အစဝရာ တော
ရောဝဒီမိကျော် (မျှဝေ



www.burmeseclassic.com

www.burmeseclassic.com

ရင်ဖွင့်သောသူ

# အသည်းရောဂါအတွက်ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

ဦးအိုက်တံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်ခဲ့ကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျှက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများသည်ရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူမည် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းအောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျိုးဂျိုး ကြားနေရ၏။ မျက်စိနှင့်အသားအရေများ ဝါပျော့လာ၏။ ဆီးနည်းလာ၏။ ရုံခါဝမ်းချုပ်၍ ရုံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်ချည့်လာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူရိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနိုးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကပိန်ပြီးကြား၏။ ထိုအထဲမှာပင် ကျွန်တော်နှင့် ခနီးဖြစ်သူတို့မှာ ခွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ သောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ ကြေးမြင် တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်





www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝပြိုလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ ခရီး မနီးမဝေးပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာ့ရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဪ မှတ်မိပြီ ဦးအိုက်စံကိုး။ အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရော ကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။" "ဟာ...ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား။" "ပေးပါ့မျာ၊ ပေးဖို့ ဖော်မြူလာတင်မဟုတ်ဘူး၊ လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို 'အသည်းရောဂါရှင်များထံ' ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရတနာ အမှတ်တံဆိပ် အသည်းအားဆေးပဲ** ဖြစ်ပါသည်။ ဤ**မန်းရတနာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ဝိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရတနာ အမှတ်တံဆိပ် အသည်းအားဆေး**ကို အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာ မကင်းနိုင်သူများ၊ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရတနာအမှတ်တံဆိပ် အသည်းအားဆေးပဲ**ဖြစ်၏ ဟူ၍ သတင်းကောင်းလေး [illegible] လိုက်ပါသည်။

**ဦးအိုက်စံ (ထ[illegible]**

**ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စိမ်ဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။**

**ပင်ရင်း-မန်းရတနာတိုင်းရင်းဆေးထုတ်လုပ်ရေး**
**အမှတ်(၁၁/၃၆၀)၊ သုန္ဒရ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-[illegible]**

**ရုံးချုပ်[illegible]**
**အမှတ်([illegible])၊ [illegible] လမ်း၊ [illegible]မြို့။**
**ဖုန်း-[illegible]**



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသော

# နွားခြောက်ကလေး

မြင့်မြအောင်မြတ်
(ရွှေဘို)



'လောကကြီးတွင် မဖြစ်နိုင်တာမရှိ မဖြစ်သေးတာပဲ ရှိတယ်'

ဆိုသောစကားကို စာဖတ်သူများ ကြားဖူးကြမည် ထင်ပါသည်။

ထိုစကားသည် မှန်သည်ဟု ဆိုရပေမည်။ ကိုယ်တိုင် မကြုံတွေ့ရသေးသောသူများအဖို့ မှားသည်ဟု အဆိုပြုကြမည်ဖြစ်သော်လည်း၊ ကိုယ်တိုင် ကြုံတွေ့ ခံစားရသူများအဖို့ မှန်သည်ဟု သာ တထစ်ချ ပြောဆိုမည်သာ ဖြစ်ပေသည်။

ယခုလည်း ထူးဆန်းသော သတင်းစကားတစ်ခုကို ကျောင်းမှ ဆရာဦးသန်းဝင်းအောင်က သယ်လာခဲ့ပါသည်။

'ဆရာကြီး ကျွန်တော်တို့ရွာမှာ နွားခြောက်ကလေး မွေးတာတဲ့'

'ဟုတ်လား... ဒါဆို သွားကြည့်ရအောင်ကွာ'

'အခုတော့ သွားမကြည့်သေးနဲ့၊ ဒင်းက ရွံ့ဖွက်တွေရှည်းပဲ ဆရာကြီး။ ကျွန်တော်တောင် ခြေကျင်လာရတာ'

သူ့စကားကြောင့်သာ စိတ်လျှော့လိုက်ရသည်။ ကိုယ့်ဆန္ဒအရတော့ သွားချင်နေမိသည်။ ကိုယ်ကြားဖူး မြင်ဖူးသည်က လူခြောက်ကလေးသာ ဖြစ်သည်။

လူခြောက်ကလေး မွေးလာလျှင် သာမန်လူများကဲ့သို့ ကျွေးရ မွေးရသည်။ အဝတ်အစား၊ အသုံးအဆောင် အစ အားလုံး ဆင်ပေးရသည်။ ထိုကဲ့သို့ မထားပါက ညအိပ်ချိန်တွင် ခြောက်ပေးတတ်သည်။ သူတို့အလိုကိုလိုက်ပါက မိသားစုအားလုံးကို မ,စသည်ဟု ကြားဖူးသည်။

အခု ကြားရသည်က လူခြောက်မဟုတ်၊ တိရစ္ဆာန်နွားမကြီးမှ မွေးသော နွားခြောက်ကလေးဖြစ်နေသည်။ တွေ့ရ မြင်ရဖို့ မပြောနှင့် ကြားဖူးဖို့ပင် မလွယ်သည့်ကိစ္စမို့ မြင်ချင်၊ တွေ့ချင်သည့်စိတ်ကထိန်း မရအောင် ရှိနေသည်။

ကိုယ်က မြင်ချင်၊ တွေ့ချင်စိတ်များ နေလို့လား မပြောတတ်။ ဒီနှစ်မှ မိုးကောင်း၊ ရေတွေ ကြီးနေသည်မို့ လမ်းတွေက မကောင်းလို့ အတော်နှင့် မရောက်နိုင်ခဲ့ပေ။

သတင်းရပြီး နှစ်ပတ်လောက်

www.burmeseclassic.com

အကြာ (၁၇-၈-၂၀၁၅)ရက်နေ့တွင်တော့ ရာသီဥတုက သာယာနေသဖြင့် ဆရာဦးသန်းဝင်းအောင်အား မေးကြည့်မိသည်။

'သန်းဝင်းအောင်ရေ... မင်းတို့ ရွာ သွားလို့ အဆင်ပြေမလား'

'ဆရာကြီး သွားချင်ရင်တော့ လိုက်ပို့မယ်လေ၊ လမ်းကတော့ သိပ်မကောင်းဘူး၊ ချိုင့်တွေဖြစ်နေတယ်'

'ဆိုင်ကယ်စီးလို့ အဆင်ပြေမလား စီးလို့ရရင် သွားချင်တယ်ကွာ'

'ဆိုင်ကယ်ကတော့ စီးလို့ဖြစ်တယ် ဆရာကြီး၊ နည်းနည်းတော့ ခုန်မှာပေါ့'

'အေး...ဒါဆိုသွားမယ်ကွာ'

ဟု ဆိုကာ အချိန်မဆိုင်းတော့ဘဲ ဆရာတပည့်နှစ်ယောက် ဆိုင်ကယ် တစ်စီးနှင့် ထွက်လာခဲ့ကြသည်။

လမ်းတစ်ဝက်က ကတ္တရာလမ်း သွားရသည်မို့ အဆင်ပြေသော်လည်း ကျန်တစ်ဝက်က မြေသားလမ်းမို့ သိပ်ပြီး အဆင်မပြေလှ၊ သို့ပေမယ့် မိမိ ဆန္ဒပြည့်ဝဖို့အတွက် အဓိကမို့ ပင်ပန်းတယ်ဟု မထင်မိ၊ သူပြောသည့်အတိုင်းပင် မြေသားလမ်းချိုင့်ခွက်များပေါ် စီးရသဖြင့် ဆိုင်ကယ်က ခုန်နေသည်။

နာရီဝက်ခန့်အကြာ "အင်ကြင်းပင်ရွာမှကြိုဆိုပါ၏" ဟူသော ဆိုင်းဘုတ်အနားရောက်တော့ ဆရာဦးသန်းဝင်းအောင်က "ရွာရောက်ပြီ ဆရာကြီး" ပြောလိုက်တော့မှ ကိုယ်တွေ့ချင်၊ မြင်ချင်နေသည့်အရာကို တွေ့ရတော့မှာ ဖြစ်လို့ ဝမ်းသာသွားသည်။

အင်ကြင်းပင်ရွာရောက်၍ ဆရာဦးသန်းဝင်းအောင်နှင့် ဆရာမဒေါ်ခက်ခက်ဝေတို့အိမ် ခဏဝင်နားပြီး ယင်းတို့ ဧည့်ခံကျွေးမွေးသော ကော်ဖီနှင့်မုန့်များ စားပြီးနောက် နွားခြောက်ကလေးမွေး



သော "ဦးသန်းဖိုး+ ဒေါ်ချစ်ပု" တို့အိမ်သို့ အရောက်သွားခဲ့ကြသည်။

အဆင်သင့်ပင် ဦးသန်းဖိုး+ဒေါ်ချစ်ပု တို့ နှစ်ယောက်စလုံးကို တွေ့ခဲ့ရသည်။ ဆရာဦးသန်းဝင်းအောင်က...

'ဦးသန်းဖိုး...ဆရာကြီးက နွားခြောက်ကလေးကြည့်ချင်လို့တဲ့ လိုက်လာခဲ့တာ'

ဟု ပြောလို[illegible]သာအခါ ဦးသန်းဖိုးက...

'ရပါတယ်၊ လာပါ... ထိုင်ပါဦး၊ ချစ်ပုရေ...ဟိုဟာလေး ထုတ်ပြလိုက်ပါ'

ဟု သူ၏ ဇနီးသည်အား လှမ်းပြောလိုက်သည်။

ဒေါ်ချစ်ပုအိမ်တွင်းသို့ ဝင်သွား... ခဏအကြာ ပြန်ထွက်လာတော့ သူ... ၏ လက်ထဲတွင် စာရေးသူ မြင်ချင်... တွေ့ချင်နေသော နွားခြောက်ကလေး... ကို ယူလာကာ ထုတ်ပြပါတော့သည်...

မှန်ပါသည်။ နွားခြောက်ကလေး... ခြေလေးချောင်းနှစ်လုံး ဆွဲပေးထားသော ...





www.burmeseclassic.com

www.burmeseclassic.com


နွားခြောက်ကလေးမွေးသော နွားမကြီးနှင့် ဦးသန်းမိုး


ခြောက်ကလေးနှင့် ဦးသန်းမိုး+ဒေါ်မြစိုး

လေးဖြင့် ချည်ထားသည်။ တကယ့် နွားပေါက်စလေးပင် ဖြစ်သည်။

နွားခြောက်ကလေးကို ကိုင်ကြည့်ခွင့်တောင်းရင်း တစ်ဆက်တည်း ဓာတ်ပုံရိုက်ယူခွင့်ပါ တောင်းသောအခါ သင်မယားနှစ်ယောက်စလုံးက ကြည်ကြည်ဖြူဖြူပင် ခွင့်ပြုပါသည်။

စာရေးသူလည်း ခွင့်ပြုချက် ရပြီဖြစ်၍ အချိန်ဆွဲမနေတော့ဘဲ နွားခြောက်ကလေးကို ဓာတ်ပုံအမျိုးမျိုး ရိုက်ယူလိုက်သည်။ နွားခြောက်ကလေးသည် ခြေများ အထင်သားပေါ်နေသည်။ ခွာလေးများကို ကိုင်ကြည့်သောအခါတွင်လည်း သက်ရှိ နွားခွာများအတိုင်း ဖြစ်နေသည်ကို တွေ့ရသည်။

စာရေးသူ နွားခြောက်ကလေးကို တွေ့လာကြည့်ပြီး နွားခြောက်ကလေး မွေးသော နွားမကြီးအကြောင်း မေးသောအခါ ဦးသန်းမိုးက တိုင်တွင် ချည်ထားသော နွားမကြီးကို ညွှန်ပြပါသည်။

"နွားမကြီးကိုလဲ ဓာတ်ပုံရိုက်ချင်သေးတယ်"ဟု စာရေးသူက ဆိုလိုက်သဖြင့် ဦးသန်းမိုးက နွားမကြီးဆီသို့ သွားလိုက်သောအခါ နွားမကြီးသည် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်လေသည်။

ဦးသန်းမိုးနှင့်အတူ နွားမကြီးအား ဓာတ်ပုံရိုက်ပြီးနောက် နွားခြောက်ကလေးနှင့်ပတ်သက်၍ စာရေးသူ သိလိုသမျှကို ဦးသန်းမိုးတို့ဇနီးမောင်နှံအား မေးကြည့်မိသည်။

'နွားခြောက်ကလေးကို ဘယ်နေ့ မွေးတာလဲ'

ဟု မေးသောအခါ ဦးသန်းမိုးက...

'၁၃၇၇ ခုနှစ်၊ ဒုတိယ ဝါဆို လဆန်း(၇)ရက်နေ့က မွေးတာဗျ'

'မွေးပုံလေး အသေးစိတ် ပြောပြပါဦး'

ဆိုသောအခါ ယင်းက ဆက်၍...

'နွားမကြီးက ကိုယ်ဝန်ငါးလခွဲနဲ့ မွေးတာ၊ ကိုယ်ဝန်က ငါးလခွဲဆိုတော့ မွေးမယ်လို့လဲ ကျုပ်တို့က မထင်ဘူးလေ၊ အဲဒီနေ့ မနက်(၁၁)နာရီ ရောက်တော့ နွားမကြီးဆီက သွေးခဲတုံးကြီး ကျလာတယ်။

ဒါနဲ့ ကျုပ်လဲ တုတ်ချောင်းလေးနဲ့ သွေးခဲတုံးကြီးကို ထိုးကြည့်တယ်။ ထိုးကြည့်တော့ ခပ်မာမာအရာလေးကို ထိုးမိတယ်။ ဒါနဲ့ ကျုပ်လဲ တုတ်ချောင်းလေးနဲ့ ခေါက်ကြည့်လိုက်တော့လဲ အဲဒီ မာမာလေးကိုပဲ ခေါက်မိတယ်။

ကျုပ်ကလဲ ပါးစပ်ကနေပြီး "သွေးခဲတုံးကြီးက မာနေတယ်ဟ"လို့ အော်ပြောလိုက်တော့ ကျုပ်ပြောတာကို သားအိမ်က ဒေါ်သန်းစိန်ကြားပြီး "နွားခြောက်ကလေးများ ဖြစ်နေဦးမယ်"ဆိုတာနဲ့ ကျုပ်လဲ သွေးခဲတုံးကြီးကို ရေဆေးကြည့်လိုက်တော့ သူပြောတဲ့အတိုင်းပဲ နွားခြောက်ကလေး ဖြစ်နေတာကို တွေ့ရတော့တာပဲ။

ကျုပ်တို့လဲ မကြုံဘူးတော့ ရေဆေးပြီး ဘာလုပ်ရမှန်းမသိဘူး။ ဒီအတိုင်းပဲ ထားလိုက်တယ်၊ သတင်းကြားတာနဲ့ ရွာထဲက လူတွေက လာကြည့်ပြီး ကြိုးတို့၊ ခြူးတို့ ဆွဲပေးရတယ်ဆိုလို့ ဆွဲပေးထားတယ်။

ရှေ့ လက်ကလေးတွေကိုလဲ အောက်ကိုဆန့်ပေးဖို့ လုပ်တော့ နွားခြောက်ကလေးက မာသွားလို့ ဆန့်လို့မရဘူး ဖြစ်သွားတယ်။ အတွေ့အကြုံက မရှိတော့ ကျုပ်တို့လဲ ဘာလုပ်ရမှန်းမသိဘူးလေ'

www.burmeseclassic.com

သူပြောမှ နွားခြောက်ကလေးကို သတိထားကြည့်မိသည်။ ဟုတ်သည်၊ နွားခြောက်ကလေး၏ ရှေ့လက်နှစ်ဖက်က အပေါ်ဖက် ကွေးနေသည်ကို တွေ့ရသည်။

'နွားခြောက်ကလေး မွေးပြီး ထူးခြားတာရှိရင်လဲ ပြောပြစမ်းပါဦး'

ဟု မေးသောအခါ ဒေါ်ချစ်ပုက...

'နွားခြောက်ကလေး မွေးတဲ့နေ့က တစ်နေ့လုံး နွားနံ့ရနေတယ်။ နွားခြောက်ကလေးကို ရေဆေးပြီး တန်းပေါ်တင်ထားတာ၊ ပုရွက်ဆိတ်မတက်ဘူး။ အခု ခြောက်သွားတော့လဲ ဒီအတိုင်းပဲထားတာ၊ ပုရွက်ဆိတ်တို့ တခြားပိုးကောင်တက်တာ မတွေ့ရဘူး'

ဟု ရှင်းပြပါသည်။

ဦးသန်းပိုသည် အင်ကြင်းပင်ရွာတွင် လယ်စာရင်းငှားအဖြစ် အသက်မွေးဝမ်းကျောင်းပြုကာ မိသားစုအား ရှာဖွေကျွေးမွေးနေသူ အိမ်ထောင်ဦးစီး တစ်ယောက်ဖြစ်သည်။ နွားခြောက်ကလေးမွေးသော နွားမကြီးနှင့်အတူ လုပ်ကိုင်စားသောက်နေရသည်။

ဦးသန်းပိုမိသားစုတွင် နွားမကြီး အပါအဝင် နွားလေးကောင်ရှိပြီး ကျန်နွားသုံးကောင်သည် နွားမကြီးမှ မွေးသော နွားများ ဖြစ်ကြသည်။ နွားခြောက်ကလေးသည် နွားမကြီးမှ မွေးသော ကိုးသားမြောက်နွားလေး ဖြစ်ကြောင်း ဦးသန်းပိုမှ ပြောပြပါသည်။

'နွားခြောက်ကလေးမွေးပြီးမှ တခြားထူးခြားမှုဖြစ်တာလေး ရှိရင်လဲ ပြောပြပေးပါဦး'

ဟု မေးရာတွင်...

'နွားခြောက်ကလေး မွေးပြီး သိပ်မကြာဘူး။ မျှော်လင့်မထားတဲ့ ငွေငါးသိန်းလောက်ရခဲ့တယ်'

ဟု ဒေါ်ချစ်ပုက ပြောပြရာ စာရေးသူက...

'အဲဒီငွေက နွားခြောက်လေးက ပေးတဲ့ ငွေဖြစ်မှာပေါ့။ ဟုတ်တယ် မဟုတ်လား'

ဟု ဆိုလိုက်ရာ...

'ဒါလဲ ဟုတ်နိုင်ပါတယ်'

ဟု ဦးသန်းပိုအဖြေကို ဒေါ်ချစ်ပုက ပြုံးပြီး ထောက်ခံကြောင်း ခေါင်းညိတ်နေပါသည်။

နွားခြောက်ကလေးမွေးပြီး မမြင်ဘူး၊ မတွေ့ဘူးသူများက လာ၍ ကြည့်ကြကြောင်း၊ အသိမိတ်ဆွေများ မဟုတ်သူများလည်း လာကြည့်ကြကြောင်း ဒေါ်ချစ်ပုက ပြောပြပါသည်။

ရွာထဲမှ အသက်(၇၀)ကျော် အဘိုးဦးလှဆောင်မှလည်း ယခု အသက်အရွယ်အထိ မမြင်ဘူး၊ မတွေ့ဘူးသေးကြောင်းကို "မမြင်ဘူးပေါင်ဖျာ ကျူပ်ဖြင့်"ဟု ဆိုကြောင်း ဦးသန်းပို ပြောပြ၍ သိရပါသည်။

စာရေးသူက "လာဝယ်တဲ့သူတွေ မရှိဘူးလား"ဟု မေးကြည့်ရာ ဒေါ်ချစ်ပုက...

'ဟိုတလောက လာဝယ်တဲ့သူတော့ ရှိတယ်။ ကျုပ်တို့က မရောင်းလိုက်ပါဘူး'

ဟု ဆိုသည်။

'မရောင်းပါနဲ့ဗျာ ခင်ဗျားတို့နဲ့ ထိုက်လို့ ခင်ဗျားတို့ ရတာပဲ'

ဟု စာရေးသူအပြောကို "ဟုတ်ပါတယ်"ဟု ဦးသန်းပိုက ထောက်ခံစကားဆိုပါသည်။

နွားခြောက်ကလေးမွေးစက အိမ်အပြင်ဘက် တဲထဲတွင် ထားသော်လည်း ပျောက်သွားမည်စိုးသဖြင့် ယခုအခါ အိမ်ထဲတွင် သိမ်းဆည်းထားကြောင်းလည်း ပြောပြကြပါသည်။

စာရေးသူလည်း သိလိုသမျှ မေးပြီး တွေ့ချင်၊ မြင်ချင်နေသော နွားခြောက်ကလေးကိုလည်း တွေ့ခဲ့၊ မြင်ခဲ့ရပြီဖြစ်သဖြင့် စိတ်ကျေနပ်မှုရကာ မိမိ ဌာနေကို ပြန်ရန် ပြင်ရပါတော့သည်။

ပြန်ခါနီးတွင် ဦးသန်းပိုနှင့် ဒေါ်ချစ်ပုတို့အား အမှတ်တရ ဓာတ်ပုံရိုက်ခွင့်တောင်းပြီး ဓာတ်ပုံရိုက်ယူကာ နွားခြောက်ကလေးအကြောင်းကို နှလုံးလှရောင်ခြည်မဂ္ဂဇင်းတိုက်သို့ ပေးပို့ခွင့်တောင်းသောအခါ လင်မယားနှစ်ယောက်စလုံးမှ လိုလိုလားလားနှင့် ခွင့်ပြုကြပါသည်။ စာရေးသူက...

'မဂ္ဂဇင်းထဲ ပါလာပြီး လူတွေက စိတ်ဝင်စားလို့ ခဏခဏ လာကြည့်နေမှ ကျုန်တော့်ကို အပြစ်တင်မနေကြနဲ့နော်'

ဟု ပြောလိုက်သောအခါ...

'အပြစ်မတင်ပါဘူး ဆရာကြီးရယ်'

ဟု ဆိုကြပါသည်။ ထို့နောက် စာရေးသူတို့လည်း သူတို့ဇနီးမောင်နှံကို နှုတ်ဆက်ကာ ပြန်ခဲ့ကြပါတော့သည်။

နွားခြောက်ကလေးရှိသော အင်ကြင်းပင်ရွာသည် ရွှေဘိုမြို့နယ်အတွင်းရှိပြီး ရွှေဘို-ရေဦး ကားလမ်းပေါ်ရှိ ညောင်ပင်ကြီးစုကျေးရွာမှ တောင်ဘက်သို့ မူးလက်တဲတိုင် (၂)မိုင်ခန့်သွားလျှင် ရောက်ပါသည်။

*(အင်ကြင်းပင်ရွာသို့ လိုက်ပို့ဆောင်ပေးသော ဆရာဦးသန်းဝင်းအောင်အား အထူးပင် ကျေးဇူးတင်ရှိကြောင်း...)*

မြင့်မောင်ဇော်(ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

# ဘေးရန်ကင်းကွာ စီးပွားသော

ဂါထာ

တက္ကသိုလ် ဘုန်းနိုင်



စာရေးသူ၏ စာရင်းရုံးတွင် ဝန်ထမ်းတစ်ဦးရှိသည်။ သူ၏နာမည်မှာ ကိုတင်ထူးဖြစ်၏။ ရန်ကုန်တက္ကသိုလ်မှ စီးပွားရေးဘွဲ့ရပြီး စာရင်းစစ်ချုပ်ရုံးတွင် စာရင်းစစ်အဖြစ် စတင် ဝင်ရောက်အလုပ်ဝန်ထမ်းဆောင်သည်။

အမျိုးသမီးသည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ သီန္နီမြို့ဆေးရုံတွင် သူနာပြုဖြစ်နေသဖြင့် သီန္နီမြို့သို့ ပြောင်းရွှေ့လာသည်။

မြစ်ဝကျွန်းပေါ်သားဖြစ်၍ ရှမ်းတောင်တန်းများအကြားတွင် နေရသည်ကို ပျော်သဖြင့် ရာသက်ပန်အခြေချ နေထိုင်သွားရန်ပင် စိတ်ကူးရှိခဲ့၏။

စာရင်းရုံးနှင့် ဆေးရုံသည် တစ်ဖာလုံမျှသာဝေး၏။ ဆေးရုံရှိ ဝန်ထမ်းအိမ်ရာတွင် ဇနီးနှင့်အတူ နေကြ၏။

ကိုတင်ထူးက ရိုးသားသည်၊ ကြိုးစားသည်။ အလုပ်ကို မငြိုမငြင်ဘဲ အလွန်ရှိသေ၏။ သီန္နီမြို့မှာ ငယ်သဖြင့် စာရင်းစစ်ဆေးရန် စစ်ဆေးခံအဖွဲ့အစည်း (၂၇)ခုသာရှိသည်။

အကောက်ခွန်ဦးစီးဌာန၊ သမဝါယမ ဦးစီးဌာန၊ မြို့နယ်သမဝါယမအသင်း၊ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း၊ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့သာ ဌာနကြီးများ ဖြစ်ကြသည်။

ဌာနများကို စာရင်းစစ်ဆေးကြရာတွင် စာရင်းစစ်အဖွဲ့ဖြင့် စစ်ဆေးရသည်။ စာရင်းစစ်အဖွဲ့တွင် ပုံမှန်သုံးဦးပါဝင်၏။ ကိုတင်ထူး လိုက်ပါ စစ်ဆေးရသောအဖွဲ့တို့တွင် အစစအရာရာ အဆင်ပြေ ချောမောသည်။

အစားအသောက်များ၊ လက်ဆောင်ပဏ္ဏာများ မရှားတတ်ပါပေ။ ဌာနအားလုံးက ကိုတင်ထူးကို ခင်မင်လေးစားကြ၏။

လူမှုရေးကိစ္စ မှန်သမျှကိုလည်း ငြူစူခြင်းမရှိ၊ စိတ်အား ထက်သန်စွာအားကြိုးမာန်တက် လုပ်ပေးတတ်သည်။

ကိုတင်ထူးတစ်ယောက် အားလပ်ရက်များကြုံလျှင် လားရှိုးမြို့နှင့် မူဆယ်မြို့များသို့ အလည်အပတ် သွားတတ်၏။ လားရှိုးမြို့မှာ (၃၂)မိုင်သာ ဝေးပြီး မူဆယ်မြို့မှာ (၁၀၀)မိုင်မျှ ဝေးသည်။

မူဆယ်မြို့မှ တရုတ်နိုင်ငံထွက်ပစ္စည်းများကို မကြာခဏ သွားဝယ်၏။ လမ်းခရီးတွင် ထိုအချိန်က ဓားပြ အလွန်ပေါသည်။ လုံခြုံမှု မကောင်းသေး။ တစ်ခါတစ်ရံတွင် ဓားပြနှင့် ဆက်တိုက် တွေ့ရတတ်၏။

ကိုတင်ထူး ခရီးသွားစဉ်က နှစ်ခါကြုံကြိုက်ဖူးသည်။ နှစ်ကြိမ်စလုံး ဘာပစ္စည်းမှ မပေးလိုက်ရကြောင်း ပြောပြသည်။ ဓားပြတွေကပင် ခင်မင်သည့်အမူအရာ ပြသွားကြောင်း သိရသည်။

ကိုတင်ထူး သီန္နီသို့ ရောက်ပြီး မကြာခင် ကြီးပွားချမ်းသာလာ၏။ ... မြင်ဦးလှိုင်မြို့တွင် အိမ်တစ်လုံးကို ဝယ်ထားပြီး ဖြစ်၏။ မိဘရပ်ထံ ပြန်သောတစ်နေ့တွင် ကျောက်မဲမြို့ အလွန်တွင် ကားမှောက်သည်။

ထိုစဉ်က အဝေးပြေးကားမှာ ဟိုင်းလပ်ပစ်ကပ်ကားများဖြစ်၏။ ကားမှာ ဘီးပေါက်ပြီး နှစ်ပတ်မျှ လိမ့်၍ သွားသည်။ ကားပေါ်တွင် ခရီးသည် (၁၂)ယောက်သာ ပါ၏။ အားလုံးကို ဆေးရုံသို့ တင်ပို့လိုက်ရသည်။

ကိုတင်ထူးတစ်ယောက်သာ ဘာမျှမဖြစ်၊ ပွန်းပဲ့ရှနာသာ မဆိုသလောက် ဒဏ်ရာရခဲ့သည်။

ဒဏ်ရာရသူများကို ဝင်ပြီး အကူအညီပေးလိုက်သေးသည်။ မိသားစုမပါလို့ တော်ပါသေးသည်။ ရွှတ်နေကျဂါထာက အန္တရာယ်မှ ကင်းရှင်းအောင်လုပ်ပေးလိုက်ပုံရသည်။

လသာသော ညတစ်ညတွင် ကိုတင်ထူးတစ်ယောက် လမ်းလျှောက်ထွက်၏။ သီန္နီ-လားရှိုးလမ်းမကြီးအတိုင်း လျှောက်လာ၏။ မြို့ထိပ်တွင် နောင်မိုကြာကန်ကြီး တစ်ကန် ရှိသည်။

ကြာကန်၏အလှကို ခံစားကြည့်ရှုနေစဉ် သေနတ်သံများ ထွက်ပြီး တိုက်ပွဲဖြစ်ကြ၏။ တိုက်ပွဲမှာ မပြင်းထန်

www.burmeseclassic.com

လှသော်လည်း ကိုတင်ထူး တစ်ယောက် တိုက်ပွဲအကြား ညှပ်မူး ညှပ်ပိတ်ဖြစ်နေသည်။

တိုက်ပွဲ၏အလယ်တွင် ရောက်နေ၏။ ကျည်ဆန်များက ခေါ်ကိုယ် အနီး အနားမှ ဖြတ်သွားနေကြသည်။ ရွတ်နေကျ ဂါထာတစ်ပုဒ်ကို ရွတ်ဖတ်ရင်း ကန်ခေါ်သို့ လှိမ့်ချလိုက်သည်။

ခဏအကြာတွင် သေနတ်သံများ ဝေး၍ ဝေး၍ သွား၏။ သေနတ်သံများ စဲသွားသော်လည်း ကိုတင်ထူး မထရဲ သေး။ အခြေအနေကို စောင့်ကြည့်နေ၏။ အားလုံး တိတ်ဆိတ်ငြိမ်သက် သွားပြီး မကြာခင် ဗိုလ်မှူးမြင့်သိန်း အနားသို့ ရောက်လာပြီး ကိုတင်ထူးကို ဆွဲထူပေးသည်။

ကိုတင်ထူး ဘာဒဏ်ရာမှ မရ၊ ကံ ကောင်းလေစွ။ ဗိုလ်မှူးမြင့်သိန်းက ကိုတင်ထူးကို အဝေးမှ လှမ်းမြင်နေရ သည်။ သို့သော် ကိုတင်ထူးက ကြာ ကန်၏ အလှအပကိုသာ စိတ်ဝင်စား နေ၍ ဘာကိုမျှ မမြင်ခြင်းဖြစ်သည်။

တစ်မတော်နှင့် သူ့လူတို့ မမျှော်လင့် ဘဲ ထိပ်တိုက်တိုးပြီး တိုက်ပွဲဖြစ် ကြောင်း ကြားသိခဲ့ရသည်။

ရုံးဖွင့်သောနေ့တွင် ဝန်ထမ်း အားလုံးက ကိုတင်ထူးကို "ကိုကံ ကောင်း"ဟု ခေါ်လိုက်ကြသည်။ ဝန်ထမ်းအချို့က "ဒီလောက် ကံ ကောင်းနေတာ အဆောင်ကောင်း များ ရှိသလား"လို့ မိုင်းမေးကြရာ ကိုတင်ထူးက ခေါင်းခါရင်းပြီး...

'အဆောင်ကောင်းတော့ မရှိပါဘူး။ တစ်ခုတော့ ရှိတယ်၊ ကျွန်တော် အမြဲ တမ်း ရွတ်ဖတ်ပူဇော်နေတဲ့ ဂါထာ တစ်ပုဒ်တော့ရှိတယ်။ အဲဒီဂါထာရဲ့ အစွမ်းကြောင့်လဲ ဖြစ်နိုင်တယ်'

'ဟုတ်မယ်... ဒီဂါထာရဲ့ အစွမ်း ကြောင့် ရုံးလုပ်ငန်းတွေအားလုံး အဆင်ပြေ ချောမောနေတာပေါ့'

'ဟုတ်မယ်...ကားမှောက်ပြီး ဘာမျှ မဖြစ်တာ ဒီဂါထာကြောင့် ဖြစ်လိမ့် မယ်'

'ဟုတ်မယ်... တပြေမတိုက်ခံရတာ လဲ ဒီဂါထာကြောင့်ပဲလေ'

'ဟုတ်မယ်... စီးပွားတက်တာလဲ ဒီဂါထာကြောင့်ပဲ ဖြစ်မှာပေါ့'

ဝန်ထမ်းအားလုံးက တစ်ယောက် တစ်ပေါက် ထောက်ခံ ပြောလာသဖြင့် ကိုတင်ထူးက မနေသာတော့ဘဲ သူ ရွတ်ဖတ်ပူဇော်နေကျ ဂါထာကို ရေး ပေးပါသည်။ ပြီးနောက်...

'ဒီဂါထာကို ရှာမှာ ကိုရင်ဝတ်တုန်း ဦးပဥ္စင်း တစ်ပါးက နှုတ်တိုက်ချပေးထားတာ ကိုရင် ဘဝကတည်းက အလွတ်ရနေခဲ့တာ ဒီသ ယံ့ အလုပ်ဝင်တော့မှပဲ သတိရလို့ ပြန် ရွတ်ပါတော့တယ်။

ဒီဂါထာရဲ့အစွမ်းကြောင့် အားလုံး အဆင် ပြေပြီး သောရုန်ကင်းရှင်းသွားတာ အသေ အချာပဲ၊ ကျွန်တော်လဲ အခုမှ ထို့သော ဓိ တော့တယ်'

ကိုတင်ထူးက ဝမ်းသာအားရ ထောက်ခံချက်ပေးလာသဖြင့် စာဖတ် သူများကို မျှဝေခံစားနိုင်ကြရန် ဂါထာ ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

## ဂါထာတော်

၁။ ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။
ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃော မေ သရဏံ အညံ နတ္ထိ။

၂။ နတ္ထိ မေ သရဏံ အညံ ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယ မင်္ဂလံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ အာယု ဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ သုခ ဝဍ္ဎနံ။

၃။ နတ္ထိ မေ သရဏံ အညံ ဓမ္မော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယ မင်္ဂလံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ အာယု ဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ သုခ ဝဍ္ဎနံ။

၄။ နတ္ထိ မေ သရဏံ အညံ သံဃော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယ မင်္ဂလံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ အာယု ဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ သုခ ဝဍ္ဎနံ။

၅။ ဗုဒ္ဓေါ မေ သတ္တုပါကာရံ ဗုဒ္ဓသရဏံ ဂုဏ်
ဂုဏ်သွာသု ဗုဒ္ဓသရဏံ သဗ္ဗဒေါဂ် ဝိနဿန္တု
ဓမ္မော မေ သတ္တုပါကာရံ ဓမ္မသရဏံ ဂုဏ်
ဂုဏ်သွာသု ဓမ္မသရဏံ သဗ္ဗဘယာ ဝိနဿန္တု
သံဃောမေ သတ္တုပါကာရံ သံဃသရဏံ
ဂုဏ်ဝိ။
ဂုဏ်သွာသု သံဃသရဏံ၊ သဗ္ဗုပဒ္ဒဝါ
ဝိနဿန္တု။

အနက်

၁။ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ မေ- အကျွန်ုပ်၏ သရဏံ-ကိုးကွယ်ရာ တည်း။ အညံ- ဘုရားမှအခြား တစ်ပါးသော ကိုးကွယ်ရာသည် နတ္ထိ-မရှိ။

ဓမ္မော-တရားတော်မြတ်သည် မေ-အကျွန်ုပ်၏ သရဏံ-ကိုးကွယ် ရာတည်း။ အညံ- တရားမှအခြား တစ်ပါးသော ကိုးကွယ်ရာသည် - မရှိ။

သံဃော- သံဃာတော်သည်



www.burmeseclassic.com

www.burmeseclassic.com

မေ-အကျွန်ုပ်၏ သရဏံ-ကိုးကွယ်ရာတည်း။ အညံ- သံဃာတော်မှ အခြား တစ်ပါးသော ကိုးကွယ်ရာသည်၊ နတ္ထိ-မရှိ။

၂။ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ မေ-အကျွန်ုပ်၏ ဝရံ-မြတ်လှစွာသော၊ သရဏံ-ကိုးကွယ်ရာတည်း။ မေ-အကျွန်ုပ်အား။ အညံ-ဘုရားမှ တစ်ပါးသော၊ သရဏံ-ကိုးကွယ်ရာသည်၊ နတ္ထိ-မရှိ။

ဧတေန သစ္စဝဇ္ဇေန- ဤမှန်သော စကားကို ဆိုရခြင်းကြောင့်၊ မေ-အကျွန်ုပ်အား။ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဟောတု-ဖြစ်ပါစေသတည်း။

ဧတေန သစ္စဝဇ္ဇေန-ဤမှန်သော စကားကို ဆိုရခြင်းကြောင့်၊ မေ-အကျွန်ုပ်အား။ အာယုဝဍ္ဎနံ-အသက်ရှည်ခြင်းသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

ဧတေန သစ္စဝဇ္ဇေန(အနက် ရှေ့အတိုင်း) မေ- အကျွန်ုပ်အား။ သုခဝဍ္ဎနံ-ချမ်းသာ တိုးပွားခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း။

၃။ ဓမ္မော- တရားတော်မြတ်သည်၊ မေ-အကျွန်ုပ်၏ ဝရံ-မြတ်လှစွာသော၊သရဏံ-ကိုးကွယ်ရာတည်း။ မေ-အကျွန်ုပ်အား။ အညံ- တရားမှ တစ်ပါးသော၊ သရဏံ-ကိုးကွယ်ရာသည်၊ နတ္ထိ-မရှိ။

ဧတေန သစ္စဝဇ္ဇေန(အနက် ရှေးညီတူ) မေ-အကျွန်ုပ်အား။ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဟောတု-ဖြစ်ပါစေသတည်း။

ဧတေန သစ္စဝဇ္ဇေန-ကြောင့်၊ မေ-အကျွန်ုပ်အား။ အာယုဝဍ္ဎနံ-အသက်ရှည်ခြင်းသည်၊ ဟောတု-ဖြစ်ပါစေသတည်း။ မေ- အကျွန်ုပ်



အား။ သုခဝဍ္ဎနံ- ချမ်းသာတိုးပွားခြင်းသည်၊ ဟောတု- ဖြစ်စေသတည်း။

၄။ သံဃော-သံဃာတော်မြတ်သည်၊ မေ- အကျွန်ုပ်၏၊ ဝရံ-မြတ်လှစွာသော၊ သရဏံ-ကိုးကွယ်ရာတည်း။ မေ-အကျွန်ုပ်အား။ အညံ-သံဃာမှ တစ်ပါးသော ကိုးကွယ်ရာသည်၊ နတ္ထိ-မရှိ။

ဧတေန သစ္စ ဝဇ္ဇေန-ဧသော ပါဠိများ၏ အနက်ကို နံပါတ်(၂)ပုဒ် အတိုင်း ဆိုပါ။

၅။ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ မေ-အကျွန်ုပ်၏ သဗ္ဗုပါကာရံ-ကာရံပတ်ဝိုင်း တံတိုင်း(၇)ထပ် ဖြစ်ပါပေ၏ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ-ဆည်းကပ်ပါ၏ ရတနာသုံးပါး- ရတဝိမိသော ဘဂဝါ ဧသော ဂုဏ်တော် (၉)ပါး။ သွာက္ခာတောအစရှိသော ဂုဏ်တော်(၆)ပါး။ သုပ္ပဋိပန္နော-အစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသော ရတနာမြတ်သုံးပါးတို့တွင်၊ ဗုဒ္ဓံ- မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ခြင်းသည်၊ သဗ္ဗရောဂါ-အလုံးစုံသော အနာရောဂါမှ၊ ဝိနဿန္တု- ကင်းပျောက်စေသတည်း။

ဓမ္မော-တရားတော်မြတ်သည်၊ မေ-အကျွန်ုပ်၏ သဗ္ဗုပါကာရံ-ကာရံပတ်ဝိုင်း တံတိုင်း(၇)ထပ် ဖြစ်ပါပေ၏၊ ဓမ္မံ-တရားတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ-ဆည်းကပ်ပါ၏ ရတနာသုံး (အနက်ရှေ့ပုဒ်အတိုင်းဆို) ဓမ္မံ-တရားတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ခြင်းသည်၊ သဗ္ဗဘယာ-အလုံးစုံသော ဘေးဘျမ်းမှ၊ ဝိနဿန္တု-ကင်းပျောက်စေသတည်း။

သံဃော-သံဃာတော်မြတ်သည်၊ မေ-အကျွန်ုပ်၏ သဗ္ဗုပါကာရံ-ကာရံပတ်ဝိုင်း၊ တံတိုင်း(၇)ထပ် ဖြစ်ပါပေ ၏၊ သံဃံ-သံဃာတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ-ဆည်းကပ်ပါ၏ ရတနာသုံး (အနက်ရှေ့အတိုင်းဆို) သံဃံ-သံဃာတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ခြင်းသည်၊ သဗ္ဗဒုက္ခာ-အလုံးစုံသော ဆင်းရဲဒုက္ခမှ၊ ဝိနဿန္တု-ကင်းပျောက်စေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ(ဓမ္မာစရိယ၊ပဓာနဂျုံမြို့ မြန်မာ့ဂုဏ်ထူး)၊ ဓိပတိအဝိ-ဓိပတိ ကာယ ကောဝိဒ(ဓိပတိကာယဝိဒူ)] မှ မြန်မာပြန်ဆိုပေးပါသည်။]*

ဤဂါထာတော်ကို နေ့စဉ်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်ပါက အာယုဝဍ္ဎ သုခဗလ ပဋိဘာန် ငါးတန်နှင့် ပြည့်စုံ ပြီး လိုရာဆုကို တောင်း၍ ရသည်။ ထို့ပြင် အန္တရာယ်ဆိုး၊ဘေးဆိုး၊ကပ်ဆိုး တို့မှ မုချမသွေ ရှောင်ကွင်းစေကြောင်း လေ့လာ မှတ်သားခဲ့ဖူးပါသည်။

တက္ကသိုလ် အပန်ငယ်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းချုပ်

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမျိုးရေ မမျိုး"
"ဟဲ့ ဘယ်သူတုံး"
"ညီမလေး ခင်ခင်ပါ"
"ပြော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"
"မမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"
"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မျိုးမဆုံ ခံစားရပြီး အမယ်လေး တ,နေရတယ်"
"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"
"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"
"မမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"
"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာ ပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်နိုင်းလိုက်ရတာပဲ"
"ပြော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"
"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"
"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။
ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"
"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"
"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါး များ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနှင့် ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ၊ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနှင့် အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနှင့် အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"




(ယာယီတိုင်းရင်းဆေး
မှတ်ပုံတင်အမှတ်-၀၇၀၀ YR ၀၀၆၀ ၂၇)




(ယာယီတိုင်းရင်းဆေး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၀၀၅၀၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
ထဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

**အရှုမြင်**
**စကြာမင်းတိုင်းရင်းဆေးဆေးတိုက်**
အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၅၂၂၅၉၆၀



www.burmeseclassic.com

www.burmeseclassic.com

# သစ်ဖုရှောက်သော ရဲယိုပင်နှင့်

ဆေးဇော်ဝင်းအီအရင်

သင်ခါယပါ
(မောရဂတီ)

သစ်သီး၊ သစ်ဥ၊ သစ်ဖုဟု ငယ်စဉ်က ကြားဖူးနားဝ ရှိခဲ့ပါသည်။ "တော ...မှာ သစ်ဥ၊ သစ်ဖု၊ သွားရှာတယ်" ...ု တောသူတောင်သားတွေ၏ စကား ...ကိုလည်း ကြားဖူးခဲ့ပါသည်။

သစ်ပင်တစ်ပင်မှာ အပွင့်၊ အဖူး၊ ...ရွက်၊ အညွန့်၊ အသီး၊ အမြစ်၊ ဥ၊ ...င်စည်၊ အခေါက် စသည်ဖြင့် ...တိုင်း တွေ့ဖူး မြင်ဖူးကြသော်လည်း သစ်ဖုဆိုသည့် အရာကိုတော့ သိပ် ...တွေ့ဘူးကြပါ။ ကျွန်မလည်း တစ်ခါမှ ...တွေ့ဘူးပါ။

ကျွန်မ၏ အဖေဘက်က အဘွား ...ည်တိုင်းရင်းဆေးဆရာဖြစ်ပါသည်။ ...ဖေဘက်က ဘကြီးသည် တိုင်းရင်း ...းအစုံကသော ဆေးဆရာဖြစ်ပါ ...သည်။

ကျွန်မသည် အဖေဘက်တစ်လှည့်၊ ...မေဘက်တစ်လှည့် လိုက်နေသော ...ကြောင့် ဝိုင်းကူလုပ်ပေးရင်း တိုင်းရင်း ...ပညာကို စိတ်ပါဝင်စားခဲ့ပါသည်။ ...ိုင်းရင်းဆေးပညာကိုလည်း ယနေ့ ...ိ မှီဝဲခဲ့ပါသည်။

ဟင်းစာအဖြစ် အပွင့်၊ အရွက်၊ ...သီးတို့ကို အထူး အာဟာရဆေး ...ဖြစ် သင့်တော်သလို အမြဲချက်ပြုတ် ...သုံးခဲ့ပါသည်။

ကျွန်မ၏အဘွား အမြဲစားသုံးခဲ့ ...သော ဟင်းစာဆေးပင်တစ်မျိုးမှာ "ရဲယို"ပင် ဖြစ်ပါသည်။ အရွက် ...သီး နှစ်မျိုးလုံးကို အထူးစားသုံးပါ ...သည်။ ကျွန်မကိုယ်တိုင်လည်း အလွန် ...ကြိုက်နှစ်သက်သည့်အတွက် အမြဲစား ...ခဲ့ပါသည်။

ရဲယိုရွက်ကို ကန်စွန်းရွက်ကြော် ...ကြော်စားသည်။ ငါးရံ့၊ ငါးကြင်း ...ငါးပေါင်းထုပ်ဟင်း ချက်စား



◆ ရဲယိုသစ်ဖုကို ရှာဖိုက်သောအခါ [illegible]

[illegible]

သည်။

ငါးရှက်ကိုစဉ်း၍ ရဲယိုရွက်ကို နီးတစ်ပြားစာခန့်လှီးပြီး အမွှေးအကြိုင် ရှောက်သီးတို့နှင့် ကြော်ကြော်လေး ချက်စားသည်။

ရဲယိုသီးအမှည့်ကို အစေ့များ မပါစေရန် ဆန်ကာဖြင့်တိုက်ပြီး ထန်းလျက် (သို့မဟုတ်)ပျားရည်တို့ဖြင့် စားသည်။

ရဲယိုကိုင်း [illegible] လက်ညှိုးလုံးအရွယ် [illegible]



www.burmeseclassic.com

www.burmeseclassic.com

**အင်ရုပ်ကြီးနှင့် သီတောရှိပြီ ပိုကြီး ရှည်သောပါသည်။ လေးဖြစ်ပေသောအ တဲ့။**

လေဖြတ်ခဲ့လျှင် ချက်ချင်း ရဲယိုရွက် များနှူး၊ ဖျာခင်းသလို စိခင်းပြီး အဲဒီ ရဲယိုရွက်ခင်းပေါ် တက်အိပ်ရသည်တဲ့။

အာဒီကာပွကျမ်းလာ တတ်တိုင် (၇)တိုင်ထဲ၌ အစာအာဟာရပေး ကျွေးမွေးကုသသောအခါ သည်းခြေ ဆေးအဖြစ် ရဲယိုသီး၊ ရဲယိုရွက်ကို ပေးပါသည်။

ဝမ်းလွန်သူများကို ရဲယိုရွက် သုံးခွက်တစ်ခွက်တင်ကျို၍ ပူပူလေး သောက်ရသည်။

ထိုမျှ အသုံးဝင်သော ရဲယိုပင်ကို မြေနေရာလေးရှိပါလျှင် စိုက်ထားသင့် ပါသည်။ လမ်းဘေး အလေ့ကျပေါက် နေသည်များပင် ရှိပါသည်။

ယခုအခါ ရဲယိုဆေးများ သုံးစွဲသူ၊ ဖော်စပ်သူ များလာသဖြင့် စနစ်တကျ စိုက်ခင်းများရှိနေပြီ ဖြစ်ပါသည်။

**မြန်မာအစဉ်အလာအရ ရဲယိုပင် အိမ်ရှေ့မစိုက်ကောင်း။ ရှေးယိုးပေါက် များသည်တော့ အထိုက်ရှိပါသည်။**

ရဲယိုပင်သည် လူသားတို့အား ကျန်းမာရေး ဆေးတစ်ခွက်အဖြစ် အသုံးဝင်သမို့ ကျွန်မသည် ရဲယိုပင်ကို တွေ့တိုင်း အမြဲရှုတစိုက်ကြည့်တတ် သောအကျင့် ရှိပါသည်။ အရွက်အသီး အလို့ငှာ လိုအပ်လျှင် ရအောင်ဖြစ်ပါ သည်။

လွန်ခဲ့သော (၃)လခန့်မှစ၍ ပင်စည် လက်မောင်းလုံးခန့်ရှိသော ရဲယိုပင်၏ (၃)ပေအမြင့်ခန့် ပင်စည်အလုံးနေရာ တွင် ကွမ်းသီးလုံးခန့် အဖုတစ်ခုထွက် နေသည်ကို တွေ့ရပါသည်။

ထိုအပင်သည် (၁၀)ပေခန့်မြင့်ပါ သည်။ နေ့တိုင်း သတိထားကြည့်နေ ရင်း ကဆုန်လကွယ်နေ့မှာ ထိပ်တွင်



◆ အညှာဘက်က

အခွံခွာလိုက်သောအခါ

◆ လက်ကိုင်ကိုင်ထားသောလျှာနှင့် အပေါက်ပါသည်



အက်ကွဲ၍ အမည်းလုံးလေး ပြူထွက် နေသည်မို့ သွားကြည့်သောအခါ ပန်းပွင့်သဏ္ဌာန် အထပ်ကလေးများ အမည်းရောင်လေး ဖြစ်နေပါသည်။

အပေါ်မှ ဖုံးထားသောအခွံ အက်... ကွာကျနေပါသည်။

ထူးဆန်းသော ရဲယိုသစ်ပင်... တနေ့ပင်စည်မှ ခွာချ...



www.burmeseclassic.com

www.burmeseclassic.com

**ပုံတွင်ထားသော အခွံအလုံး**

**ခွာလိုက်သောအခါ**

**မြောက်ဥက္ကလာပ အဝီစာ**

ပါသည်။ ကျန်နေသေးသော အခွံများကို ခွာလိုက်သောအခါ ပန်းပွင့်သဏ္ဌာန် အရစ်ပိုင်းအထပ်ထပ်နှင့် လှပသော အလုံးကလေးကို တွေ့ရပါသည်။

ထက်ကိုင်ကိုင်းလေးသဏ္ဌာန် ကွင်းလေးတစ်ခုလည်း ထိပ်မှာရှိနေပါသည်။ အမှာတောင့်တောင့်လေးနှင့်ပုံစံမပျက် ခြောက်သွေ့လှပစွာ မည်းမည်းလေး တွေ့ရပါသည်။

သစ်ဖုဆိုတာ မတွေ့ဘူးပါသဖြင့် ဓာတ်ပုံနှင့်တကွ ဖော်ပြလိုက်ရပါသည်။ သိရှိသူများ ရေးသားကြပါရန် နှလုံးလှရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအား ရေးသားတင်ပြအပ်ပါသည်။

**ခင်ခင်ဝင်း (မောရဝတီ)**



## ၂၀၁၆ ခုနှစ် ဇန်နဝါရီလ





၂၀၁၆ ခုနှစ် ဇန်နဝါရီလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီပွဲတွင် ထွက်ပေါ်လာနိုင်သည့် ဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | | |
|---|---|---|
| အကြိမ် | | ၃၂၄ |
| ဇန်နဝါရီလ | + | ၁ |
| ခုနှစ် | | ၂၀၁၆ |
| | | ၂၃၄၁ = ၁၀ = ၁ |

အကြိမ်၊ လ၊ ခုနှစ် များအား ဂဏန်းလုံးတည်းဖြစ်အောင် ပေါင်းပါက ၁ ဂဏန်းရသည်။ သို့ဖြစ်၍ ၁၊ ၂၊ ၆၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် ၁၊ ၆၊ ၈ ဂဏန်းများ ဦးစားပေးပါ။

| | | | | |
|---|---|---|---|---|
| [illegible] | စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
| [illegible] | ၂...၁ | ၆...၁ | ၇...၁ | ၈...၁ |
| [illegible] | ၂...၂ | ၆...၂ | ၇...၂ | ၈...၂ |
| [illegible] | ၂...၆ | ၆...၆ | ၇...၆ | ၈...၆ |
| [illegible] | ၂...၇ | ၆...၇ | ၇...၇ | ၈...၇ |
| [illegible] | ၂...၈ | ၆...၈ | ၇...၈ | ၈...၈ |

### အထွတ် ရွေးချယ်ပါ ဂဏန်း

မှတ်ချက် ။ ။ (…)ကွင်းအတွင်းတွင် ၁၊ ၆၊ ၈ ဂဏန်းများ ဦးစားပေး ရွေးချယ်ပါ။

"အကြိမ်"ဂဏန်းမပါဘဲ "လ" ဂဏန်းနှင့် "ခုနှစ်"ဂဏန်းကိုသာ ပေါင်းပါက (၁ + ၂ + ၀ + ၁ + ၆) = ၁၀ = ၁ ပင်ရသည်။ သို့ဖြစ်၍ "၁"ဂဏန်းမှာ အလွန်အားကောင်းပါသည်။ သို့ဖြစ်၍…

| | | | | | |
|---|---|---|---|---|---|
| စ... ဆုံး | | | | | |
| ၁... | ၁ | ၂ | ၆ | ၇ | ၈ |
| ၂... | ၂ | ၆ | ၇ | ၈ | ၁ |
| ၆... | ၆ | ၇ | ၈ | ၁ | ၂ |
| ၇... | ၇ | ၈ | ၁ | ၂ | ၆ |
| ၈... | ၈ | ၁ | ၂ | ၆ | ၇ |

ဤလတွင် ထနောင်းရွှေသားသမီး

…များ ထိုက်ပွင့်နေပါသည်။

သို့ဖြစ်၍ ရှေးဟောင်းဘုရားတစ်ဆူရှိ အောင်မြေနေရာတွင် ,တစ်ရက် အဓိဋ္ဌာန်ပြုလုပ်ရမည်။ သမ္ဗုဒ္ဓေဂါထာတော်ကို သက်စေ့ရွတ်ပွားပေးပါ။ အဓိဋ္ဌာန်ပြီးပါက စေတီတော်အား "၃"ကြိမ် လက်ယာရစ်ပတ်၍ ဂုဏ်တော်(၉)ပါးကို ရွတ်ဆိုပူဇော်ပါ။

အထက်ပါ အဓိဋ္ဌာန်ပြီးနောက် မိမိ ပတ်ဝန်းကျင်ရှိ ဘုန်းကြီးကျောင်းတိုက်များတွင် ဆန်၊ ဆီ၊ ဆေး၊ သား တစ်မျိုးမျိုး တတ်နိုင်သမျှ လှူဒါန်းပြီးမှ ထီကံစမ်းရန် ဖြစ်ပါသည်။

အထူးဂဏန်း

◆၁၁၂၆၈၈ ◆၈၂၆၁၁၈ ◆၁၂၆၇၈၁

**ထီကံ ပွင့်ပါစေ**

**ဆရာရဲထက် (သုစေတသီ)**



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားတဲ့

# သရဏဂုံကျေးဇူး



ရှောက်ဝက်
(ဧရာ့အနောက်မြို့တော်)

ကျွန်တော် တွေ့ဖူး ဘိခဲ့ရဖူးသော ပုတီးစိပ်အမျိုးပေါင်းများစွာ ရှိပါသည်။ ထိုများစွာသော ပုတီးစိပ်များထဲမှ "သရဏဂုံ"ပုတီးစိပ်ကိုတင်ပြလိုပါသည်။

အမှန်အတိုင်း ဝန်ခံရပါလျှင် သရဏဂုံဆိုလျှင် ကျွန်တော်တို့ငယ်စဉ် ကာလ ကလေးဘဝမှ အစပြုပြီး ဘိုးဘွားမိဘများ၏ အဆုံးအမ စကားများအရ နားရည်ဝပြီးနေသလို စွဲစွဲမြဲမြဲလည်း သိနေမှတ်မိနေပါသည်။

ကျွန်တော် အမှန်တကယ် သိနေသော "သရဏဂုံ"မှာ ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း အမျက်မခံ၊ အသက်ပင်သေပါစေဟု အခိုင်အမာ ယုံကြည်ပြီး စောင့်ထိန်းကြသည့် သရဏဂုံပါ။

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
- ဓမ္မံ သရဏံ ဂစ္ဆာမိ။
- သံဃံ သရဏံ ဂစ္ဆာမိ။

ဟု ရွတ်ဖတ်လိုက်ခြင်း။ စိတ်အာရုံဖြင့် နှလုံးသွင်းသည့်အခါတိုင်း အချိန်တိုင်းမှာ ပြောပြနိုင်ခြင်း။ နှိုင်းစရာမရှိခြင်း စသော ခွန်အားတစ်ရပ်ကို ရရှိသလို ခံစားရပါသည်။ ထိုဖြစ်ရပ်သည် သဒ္ဓါတရားပင် ဖြစ်မည်ဟု ယူဆမိပါသည်။

ယခု ပုတီးစိပ်အဖြစ် တင်ပြရေးသားမည်ဖြစ်သော သရဏဂုံပုတီးစိပ်သည် ကျွန်တော့်အနေနှင့်တော့ အဆန်းဖြစ်နေပါသည်။

## ပုတီးစိပ်ခဲ့ရသည့် အတိတ်ကာလနိဒါန်း

ကျွန်တော်သည် အသက်(၁၀) အရွယ်လောက်က ဖြစ်ပါသည်။ ထိုစဉ် အခါက ကျွန်တော့်မိသားစုမှာ (၅)ဦးသာ ရှိပါသည်။

မိသားစု(၅)ယောက်မှာ ကျွန်တော့် ဖခင်၏အစမ (ကျွန်တော့်အဘွား) နောက် ကျွန်တော့်ဖခင်နှင့် မိခင်တို့အပြင် ကျွန်တော့်ညီမ ဖြစ်ပါသည်။

မိခင်၊ ဖခင်တို့၏ စီမံခန့်ခွဲမှုဖြင့် ကျွန်တော်တို့၏ အိမ်ထောင်စုမှာ သီရိဂေဟာအိမ်ထောင်စု ဖြစ်ပါသည်။

ကျွန်တော်၏နေရာကို အစားထိုးဝင်လာခဲ့သော ညီမမှာ ကျွန်တော့် ကျွန်တော့် အဘွား၊ အမိ၊ အဖများနှင့် လွန်စွာ သံယောဇဉ်ကြီးကြ၊ မေတ္တာထားကြသဖြင့် သမီးရင်းတစ်ယောက် လိုပင် ဖြစ်နေခဲ့ပါသည်။

ထိုသို့ အိမ်တွင်းရေး သာယာနေခြင်းကပင် ကျွန်တော့်အနေဖြင့် ဘာသာရေးနှင့် ဝိဇ္ဇာရေးကို့ရနယ်ထဲသို့ ခြေစုံပစ်ပြီး ဝင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

နောက်တစ်ခုက ထပ်ပြီး အထောက်အပံ့ ဖြစ်လာခဲ့သည်မှာ ဌာနတာဝန်ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများအရောက် သွားရောက်ရခြင်း ဖြစ်လေသည်။

ကျွန်တော်တို့မြို့သည် ခရိုင်မြို့ကြီး ဖြစ်သလို ပုဂံခေတ်ယဉ်ကျေးမှုများ၊ အင်းဝခေတ်ယဉ်ကျေးမှုတို့ အတော်များများ တည်ရှိရာ နေရာဒေသလည်း ဖြစ်ပါသည်။

ထိုစဉ်က ဒေသခံ ကျေးရွာပြည်သူများကမှ လွန်စွာရိုးသားကြသည့်အတိုင်း နိုင်ငံနှင့် လူမျိုးအတွက် အဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုလက်ရာများ၊ စာပေများတွင် ပေမူများ၊ ပုရပိုက်များစွာတို့ကို မည်သို့မည်ပုံ ထိန်းသိမ်းရမည်ကို မသိခဲ့ကြသည့်အလျောက် ပျက်စီးဆုံးရှုံးမှု များစွာကို ခံခဲ့ရပါသည်။

ယခု သရဏဂုံပုတီးစိပ် တွေ့ရှိခဲ့သော ပုရပိုက်မှာ မူလ ဖြစ်စုခဲ့သော ဆရာသခင်ကို မသိခဲ့ရသလို နှစ်ကာလ ကိုလည်း မသိခဲ့ရတော့ပါ။

ခြ,များစားပြီး အထပ်လိုက် ပျက်စီးနေသည့်အပုံထဲမှ ကောင်းသည့်အပိုင်း ကို ကူးယူနိုင်ခဲ့ပါသည်။

ကျေးရွာတစ်ရွာ၏ ဘုန်းတော်ကြီးကျောင်းမှာ တွေ့ခဲ့ ကြုံခဲ့ရသော ခံထားရသော ပေများ၊ ပုရပိုက်များ အမီအရ ကူးယူခဲ့သော သရဏဂုံပုတီး စိပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ပုတီးစိပ်ရသော သရဏဂုံ

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
  သဂဇုရစ္ဆဗုဒ္ဓံထပ်မိ။
  ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
- ဓမ္မံ သရဏံ ဂစ္ဆာမိ။
  သဂဇရစ္ဆဓမ္မံထပ်မိ။
  ဓမ္မံ သရဏံ ဂစ္ဆာမိ။



www.burmeseclassic.com

www.burmeseclassic.com

✤ သံဃံ သရဏံ ဂစ္ဆာမိ။
　ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
　တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

အသုံးပြုနည်း။

◉ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
　ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
　တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

◉ ဓမ္မံ သရဏံ ဂစ္ဆာမိ
　ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
　တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။

◉ သံဃံ သရဏံ ဂစ္ဆာမိ
　ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
　တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ပုတီးစိပ်ရန်မှာလည်း တစ်မူထူးခြားဆန်းပြားပါသည်။ များသောအားဖြင့် ပုတီးစိပ်ရာတွင် ဘယ်လိုစိပ်ရမည်၊ ဘယ်နှစ်ပတ်စိပ်ရမည်ဟု ပြဋ္ဌာန်းထားသည်တို့မှာ အပတ်ရေကို တစ်ပြေးညီ အာ များကြပါသည်။

ယခု သရဏဂုံပုတီးစိပ်သည် အခြားပုတီးစိပ်နှင့် မတူညီပုံမှာ...

၁။ ပထမအဆင့်

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ပုဒ်ကို ပုတီးစိပ်ရာတွင် ဂါထာ(၃)ဂါထာ ပြီးဆုံးအောင် ရွတ်ဖတ်ပြီး ပုတီးတစ်လုံးချပြီး (၁၀၈) လုံး ဂုဏ်တော်ပုတီးပတ်ရေ (၉)ပတ် ဖြင့် (၉)ရက် စိပ်ရပါမည်။

၂။ ဒုတိယအဆင့်

"ဓမ္မံ သရဏံ ဂစ္ဆာမိ" ပုဒ်ကို ပုတီးစိပ်ရာတွင် ဂါထာ(၃)ပုဒ်လုံးဆုံးအောင် ရွတ်ဖတ်ပြီး ပုတီးတစ်လုံးချပြီး (၁၀၈) လုံး ဂုဏ်တော်ပုတီးဖြင့် (၆)ပတ်စိပ် ရန်ဖြစ်သည်။ (၆)ရက် စိပ်ရပါမည်။

၃။ တတိယအဆင့်

"သံဃံ သရဏံ ဂစ္ဆာမိ" ပုဒ်ကို ပုတီးစိပ်ရာတွင် ဂါထာအဆုံးထိ ရွတ်ဆိုပြီးမှ ပုတီးတစ်လုံးချပြီး (၁၀၈)လုံး ဂုဏ်တော်ပုတီးအပတ်ရေ (၉)ပတ်စိပ် ရန်ဖြစ်ပါသည်။ (၉)ရက် စိပ်ရပါမည်။



သရဏဂုံ(၃)ရပ် မြတ်သည်ထက် မြတ်သော ပုတီးစိပ်ကို ပြီးအောင် စုစုပေါင်း (၂၄)ရက်ကြာမည် ဖြစ်ပါသည်။ ပုတီးပတ်ရေသည် [၈၁+၃၆+၈၁= ၁၉၈]ပတ် ရှိမည်ပင် ဖြစ်ပါသည်။

ဤသရဏဂုံပုတီးစိပ်သည် လွန်စွာမှ နက်နဲပုံရပါသည်။ အဓိဋ္ဌာန်ဝင်ရပါမည်။ ရက်ရွေးစရာမလိုပါ။ မြန်နိုင်သမျှ မြန်အောင် အနီးဆုံးရက်မှ စတင်ဆောင်ရွက်နိုင်ပါမည်။ ကာလ သတ်မှတ်ထားပြီးဖြစ်သည့်အတွက် ကျဲကျဲရေပါ ဖြစ်နေပါသည်။

အထူးသတိပေးထားသည်က ပုတီးစိပ်ကိုကျင့်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအနေဖြင့် သီလ အထူးလုံခြုံဖို့ အရေးကြီးကြောင်း ပြ ထားပါသည်။

သီလထိန်းရာတွင် မိမိပိုင်နိုင်ရာ ထိန်းနိုင်သော သီလကို ထိန်းပါဟု ဆိုပါသည်။ သီလထိန်းကြောင်းရာတွင်...

✤ ကာယကံသီလ
✤ ဝစီကံသီလ
✤ မနောကံသီလ

ဖြစ်သော သီလ(၃)ပါးကို အထူး လုံခြုံရန်ပင် ဖြစ်ပါသည်။

နောက်တစ်ခုကတော့ **မနောကံနှင့် ဝစီကံ**တို့ဖြင့် မေတ္တာပွားရပါမည်။ မိမိ ဆန္ဒရှိသော မေတ္တာပို့ဖြင့် မေတ္တာ အထူးပို့သရပါမည် ဖြစ်ပါသည်။

သုံးလောကသခင် မြတ်စွာဘုရားရှင်အား ရှိခိုးကန်တော့ခြင်းနှင့် ဖြူဖြူ ကျင့်ဝတ်တို့ကို ပြုလုပ်ပြီးသည်နှင့် အထက်က ရေးသားခဲ့ပြီးသော ပုတီးစိပ် ကို စိပ်ရန် ဖြစ်ပါသည်။ မိမိ အထူးလိုလား တောင့်တသောဆုကို တောင်းခံ နိုင်ပါ သည်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာတရား၏ အနှစ်သာရအတိုင်း မိမိတို့၏ ကံ၊ ဉာဏ်၊ ဝီရိယနှင့် မိမိ စိမ်နိုင်သော ပစ္စက္ခကံတို့ကို အတိတ်က ပုံပိုးပေးသည့်အတိုင်း အကျိုးပေးသည့် ချမ်းသာမှုတို့ကို မုချရကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါတော့သည်။

***ကောင်းမှုကိစ္စမှန်သမျှ ထိုထား တောင့်တတိုင်း ရရှိပြည့်စုံကြပါစေ။***

**ဖောင်ထက်**
**(ရောအနောက်မြို့တော်)**

**စာရှုသူ... သူတော်ကောင်းများ သိမှတ်ဖွယ်ရာ...**

ဤ သရဏဂုံပုတီးစိပ်နည်း၏ လျှို့ဝှက်ချက်အစီအရင်ကို သိသူများမှ ဤနက္ခတ်ရောင်ခြည်မဂ္ဂဇင်းသို့ ရေးသားပေးပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း
စာတည်းမှူး
နက္ခတ်ရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



◆ တရုတ်စံကားပွင့်ခြောက်များ

'ဟဲ့ စာရေးမ ရှုံ့မတက်ဘူးလား'

'ဒီနေ့ တနင်္ဂနွေလေ ရုံးပိတ်လို့ အုတ္တမွတား ဘီလူးမကျောင်းမှာ သန့်ရှင်းရေးလုပ်အားပေးပြီး ပြန်လာတာ။ ကျောင်းဝင်းတစ်ခုလုံး တရုတ်စံကားပင်အပြည့် ရှိနေတော့ ပန်းကြွေတွေက ကျောင်းဝင်းအနှံ့ပဲ။ ဘယ်သူကမှ ရှင်းလင်းပေးတာ မတွေ့ရလို့ တစ်ပတ်တစ်ခါ သွားပြီးလုပ်အားပေးတာပါ။ ပန်းခြောက်တွေကို မြေဖွဲ့အိတ်နဲ့ ထည့်သိမ်းပေးပြီး နည်းနည်းယူလာခဲ့တယ်'

'ဘာလုပ်ဖို့လဲ'

'လက်ဖက်ခြောက်လို ရေနွေးကြမ်းခတ်သောက်ရင် အဆီကျတယ်တဲ့၊ ဒါက အမေ့အတွက်လေ၊ ရေနွေးကြမ်းခတ်သောက်တာ တစ်လလောက်ကြာတော့ စားနေကျ ပန်းနာရင်ကျပ်ပျောက်ဆေးတွေ မစားရတော့ဘူး။ ဒါကြောင့် အိမ်မှာ မပြတ်အောင် ယူထားပေးရတယ်'

# တရုတ်စံကားပွင့် ရေနွေးကြမ်း

တူမ စာရေးမလေး လင်းလင်းဌေး ပြောပြသဖြင့် ဆေးအဘိဓာန်တွင် ရှာဖွေကြည့်ရာ **အရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန်ပထမတွဲ စာမျက်နှာ ၂၂၁** ၌ အောက်ပါအတိုင်း တွေ့ရ၏။

'တရုတ်စံကားပွင့်သည် အရသာပန်း၏ ခါး၏ စပ်၏။ သတ္တိမှာမူ၏ ပိပါကဖြစ်ကြောင်းလေသောအခါ၌စပ်၏။ ဆီး,ဝမ်းရှင်စေ၏။ ဆီးလိပ်,လေ,ဒေါသကို နိုင်၏။ နှနာ,ဟားယံနာ, အနာပေါက်, ထိုးအောင့်နာ, ဝမ်းကိုက်ရောင်,ဝမ်းကိုက်ရောဂါ အမျိုးမျိုးကို ပျောက်ကင်းစေ၏'

ထို့ကြောင့် တရုတ်စံကားပွင့်ကို လက်ဖက်ခြောက်ကဲ့သို့ ရေနွေးကြမ်းခတ်၍ သောက်သုံးပေးခြင်းဖြင့် အရေပြားတွင် ဖြစ်ပွားသော ဝေဒနာများ သက်သာစေ၏။ ဆီး,ဝမ်းမှန်၍ အကြောအခြင်များ ပြေစေ၏။

အကြောတက်နာ၊ ဝမ်းကိုက်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ ခါးနာခြင်း၊ ဝမ်းကယ်,ဝမ်းပျက်ခြင်းတို့ကို ပျောက်ကင်းစေကာ ကျန်းမာရေး ပြည့်စုံစေသဖြင့် အလွယ်တကူ ရှာဖွေသုံးစွဲနိုင်သော အဖိုးနည်း ဝန်ပါသော ဆေးနည်းအဖြစ် အကြံပြု မျှဝေလိုက်ပါသည်။

**ဆေးသုတေသီတစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

(ကြော်ငြာ)

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"ဖော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား။ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံ့ခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံ့ခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်၊ တစ်ကိုယ်လုံး လေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် ကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲ့ဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ ခေါ်တဲ့ မာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"ဖော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး။ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲ ပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံ့တာ၊ ဇက်ကြောတက်၊ နောက်ကြောဆွဲတာ၊ မျက်လုံးမျက်ခွံများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ်ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့။ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ ဧမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ။ ဝမ်းချုပ်၊ ဧမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့၊ အမှတ်မဲ့ နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ နိုအောင်းအပြစ်ပြု ရာကစလို့ ဇောဇောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ



www.burmeseclassic.com

www.burmeseclassic.com

## ဆီးဝမ်းမှန်၍ လေလည်ရေ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ ဖွဲ့ကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့ . . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း ဖက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့၊ ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်၊ ဆီးကျန် ဝမ်းချုပ်၊ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ့နှုတ်ခမ်း၊ အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခေါက်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ၊ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

**ပင်ရင်း - စကြာမင်းဆေးတိုက်**

**အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း။**

**မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၇၁၂၅**

---

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် ကျန်းမာရေးတိုင်းရင်းဆေးခန်း

# ဆရာ ဦးသီဟ

(၁၉၁၁-၁၉၉၁)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# ပန်းနာရင်ကျပ်ရောဂါ

## ကာကွယ်စောင့်ရှောက်နည်းများ

ဖြေကြားမှု မောင်ယဉ်တင့်



ဆရာ ဦးသီဟ(၁၉၁၁-၁၉၉၁)

ပန်းနာရင်ကျပ်ရောဂါဟာ ကျား/မ မရွေး ဖြစ်တတ်တဲ့ ရောဂါတစ်မျိုး ဖြစ်သလို ရောဂါမဖြစ်အောင် ကြိုတင် ကာကွယ်နိုင်တဲ့ရောဂါလဲ ဖြစ်ပါတယ်။

ရောဂါမဖြစ်အောင် ကြိုတင် ကာကွယ်ခြင်းဟာ ရောဂါဖြစ်မှ ကုသခြင်းထက် ပိုပြီး ခရီးရောက်ပါတယ်။ ဒါကြောင့် ပန်းနာရင်ကျပ်ရောဂါ ဖြစ်လာရင်လဲ အချိန်မီကုသနိုင်ဖို့နဲ့ ပန်းနာရင်ကျပ်ရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်နိုင်ဖို့အတွက် ပန်းနာရင်ကျပ်ရောဂါရဲ့ ဖြစ်စဉ်များနဲ့ ကာကွယ် စောင့်ရှောက်နည်းတွေကို သိရှိ တောင်ဥက္ကလာပမြို့နယ်ကို ရောက်တဲ့အခါ ဆရာဦးသီဟနဲ့ တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။

ဆရာဦးသီဟက တိုင်းရင်းဆေး ဆရာကြီးဦးဝင်းဝေနဲ့ တိုင်းရင်းဆေး ဆရာကြီး ဒေါ်လှသိန်းတို့ရဲ့ သား ဖြစ်ပါတယ်။ ဆေးကုသက်(၁၅)နှစ် ရှိပြီဖြစ်တဲ့ ဆရာဦးသီဟနဲ့ တွေ့ဆုံ ဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည် ဖော်ပြလိုက်ပါတယ်။

△ 'ဆရာရဲ့ ဗီဇာမီးဇက် ဆွေးနွေးချက် ... ပန်းနာရင်ကျပ် ရောဂါ ဖြစ်စဉ်များနဲ့ ကာကွယ် စောင့်ရှောက်နည်းများကို ဆွေး နွေးခြင်းပါတယ်။ ... ပန်းနာရင်ကျပ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ပြောပြ ပေးပါခင်ဗျာ'

○ 'ပန်းနာရင်ကျပ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့ အပူ ဓာတ်လွန်ကဲတဲ့ ရာသီဥတုဒဏ်ကို ခံရပြီး မဆင်မခြင် ရေချိုးခြင်း။ အပူရှိန်ပြင်းတဲ့ အချိန်မှာ ရေစို အဝတ်နဲ့ ဖုံးအုပ်နေထိုင်ခြင်း။ အဝတ်စိုကို ခင်းပြီးအိပ်ခြင်း။ အအေးဖွဲ့လွန်ပြီး အဆီအစေးများ တဲ့ အစားအစာများကို လွန်ကျူး စွာ စားသောက်ခြင်း...

ဆီး,ဝမ်း,သွေး,လေ ချုပ်စေတဲ့ အစားအစာများကို လွန်ကျူးစွာ စား သောက်ခြင်း။ မြောင်းပုပ်နံ့,မီးခိုးငွေ့, ဖုန်မှုန့်,ဂတ်(စ်)ငွေ့ ညှော်မျိုးစုံတို့ကို ရှူရှိုက်ရမိများခြင်းကြောင့် လည်း ကောင်း...

ပြင်းထန်စွာ ကိုယ်လက်လှုပ်ရှားမှု ပြုခြင်းကြောင့်လည်းကောင်း၊ မေထုန် မှုလွန်ကျူးခြင်းကြောင့် လည်းကောင်း ပန်းနာရင်ကျပ်ရောဂါ ဖြစ်စေခြင်း အကြောင်းကို မြန်မာဆေးကျမ်း အသီးသီးမှာ ဖွင့်ဆိုရေးသားထားကြ ပါတယ်။

အထက်မှာ ပြောခဲ့တဲ့ မြောင်းပုပ်နံ့ မှအစ ညှော်မျိုးစုံကို ရှူရှိုက်ရမိများ တဲ့အခါ အပူအကျဉ်းကျပြီး ခန္ဓာကိုယ် တွင်းမှာရှိတဲ့ (ဥဒ္ဒဂံမဝါယော)လို့ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အသက်ကို ဆန့်တဲ့လေနဲ့ အပူကျဉ်းကျ တဲ့လေတို့ ပေါင်းဆုံရောထွေးပြီး ချော ကိုယ်ပြင်ပက လည်ပတ်မှု ဖိတ်ဆို့နေ တာကြောင့် ထွက်ပေါက်ချောင်ရာ ကျယ်ရာဖြစ်တဲ့ လေရှူပြွန်နဲ့ လည် ချောင်းအောက်ကို တိုးဝှေ့ထွက်ပါ တယ်။

အဲဒီအခါမှာ လည်ချောင်း ယားယံ ဆိုးတဲ့ ချောင်းဆိုးဝေဒနာဟာ ရက်, လ,နှစ် ကြာရှည်စွာ ခံစားနေရပြီး ရင်သတ်နာခြင်း။ အောင့်ခြင်း။ ချွဲသလိပ်ပိတ်ဆို့ပြီး ချောင်းဆိုးရမန် များတဲ့အတွက် အရုတ်နဲ့ လေပြွန်ကို ထိခိုက်ကာ ရင်မှာတင်းကျပ်ပြီး မောပန်းတဲ့ ပန်းနာရင်ကျပ်ရောဂါဖြစ် လာရခြင်းပဲ ဖြစ်ပါတယ်'

▲ **'ပန်းနာရင်ကျပ်ရောဂါရဲ့ ဖြစ်စဉ် ဟာ တစ်မျိုးတည်းချည်း လား ဆရာ'**

○ 'ပန်းနာရင်ကျပ်ရောဂါဟာ တစ်ဦး နဲ့တစ်ဦး ဖြစ်စဉ်မတူကြပါဘူး။ ဘာကြောင့်လဲဆိုရင် ပန်းနာရင်ကျပ် ရောဂါဟာ အခြားရောဂါတွေလို အကြောင်း တစ်မျိုးတည်းနဲ့ဖြစ် တာ မဟုတ်ဘဲ ချွဲသလိပ်,လေ နှစ်မျိုးပေါင်းဖြစ်တာနဲ့ လေ, သည်းခြေ နှစ်မျိုးပေါင်းဖြစ်တာ ကြောင့်ပဲ ဖြစ်ပါတယ်။

အကျဉ်းချုံးပြောရရင် (၁)သလိပ် ကြောင့်ဖြစ်တဲ့ ပန်းနာရင်ကျပ်ရောဂါ၊ (၂)လေကြောင့်ဖြစ်တဲ့ ပန်းနာရင်ကျပ် ရောဂါဆိုပြီး နှစ်မျိုးခွဲခြားပြီး ရှိတဲ့ အတွက် ပန်းနာရင်ကျပ်ရောဂါဟာ ဖြစ်စဉ်မတူကြတာပဲ ဖြစ်ပါတယ်'

▲ **'သလိပ်ကြောင့်ဖြစ်တဲ့ပန်းနာရင်ကျပ် ရောဂါရဲ့ လက္ခဏာများနဲ့လေကြောင့် ဖြစ်တဲ့ပန်းနာရင်ကျပ်ရောဂါလက္ခဏာ များကိုခွဲခြားပြီး ပြောပြပေးပါဦး ဆရာ'**

○ 'သလိပ်ကြောင့်ဖြစ်တဲ့ ပန်းနာ ရင်ကျပ်ရောဂါရဲ့ လက္ခဏာနဲ့

---

**သလိပ်ကြောင့်ဖြစ်တဲ့ ပန်းနာရင်ကျပ်ရောဂါနဲ့ လေကြောင့်ဖြစ်တဲ့ ပန်းနာရင်ကျပ်ရောဂါဆိုပြီး နှစ်မျိုး ခွဲခြားပြီး ရှိတဲ့အတွက်...**

---

လေကြောင့်ဖြစ်တဲ့ ပန်းနာ ရင်ကျပ်ရောဂါတို့ကို ခွဲခြားပြီး ပြောရရင် သလိပ်ကြောင့်ဖြစ်တဲ့ ပန်းနာရင်ကျပ် လက္ခဏာများက တော့...

၁။ ချောင်းဆိုးခြင်း (ချောင်းဆိုးလျှင် ချွဲသလိပ်သံ ကြားရခြင်း)၊
၂။ သလိပ်များစွာ ထွေးရခြင်း။
၃။ ရုပ်ပိုဝဖြိုးခြင်း။
၄။ အသားအရေ ဖြူဖျော့ခြင်း။
၅။ အသားအရေ အေးခြင်း။
၆။ ခံတွင်းအရသာ ချိုငန်ခြင်း။
၇။ ဝမ်းမီးညံ့၍ အစာမကြေခြင်း။
၈။ အအေးကြိုက်နှစ်သက်ခြင်း။
၉။ ချွဲသလိပ်သံ အသက်ရှူလျှင် ကြား ရခြင်းတို့က သလိပ်ကြောင့်ဖြစ်တဲ့ ပန်းနာရင်ကျပ်ရောဂါ လက္ခဏာ များ ဖြစ်ပါတယ်။

လေကြောင့်ဖြစ်တဲ့ ပန်းနာရင်ကျပ် ရောဂါလက္ခဏာများကတော့...

၁။ ချောင်းမဆိုးခြင်း။
၂။ ချောင်းဆိုးသော်လည်း သလိပ် မရခြင်း။
၃။ သလိပ်ရတဲ့အခါ ပျစ်ချွဲသော သလိပ်မဟုတ်ဘဲ သာဂူစေ့ကဲ့သို့ မာမာသလိပ်ခဲ ကျောက်ကျောက်ခဲ သို့ အမျှင်ချောင်းမပါ ထွက်သတ် ခြင်း။
၄။ နာမွှန်ခြင်း,နာချေခြင်း။
၅။ ရေ (သို့မဟုတ်) ဟင်းအရည် သောက်သည့်အခါ သီးတတ်ခြင်း။
၆။ အစာစားတဲ့အခါ, ရေသောက်တဲ့ အခါ နင်တတ်ခြင်း။
၇။ ညအိပ်ပျော်နေစဉ် တံတွေး သီးတတ်ခြင်း။
၈။ မွေးလွန်း,နံလွန်းသော အနံ့မခံနိုင် ခြင်း။
၉။ ဒေါသကြီးခြင်း, စိတ်ထိခိုက်လွယ် ခြင်း။
၁၀။ ပက်လက်လှန်အိပ်၍မရခြင်း။
၁၁။ အမှောင်ထဲ အိပ်မရခြင်း။
၁၂။ အသက်ရှူတဲ့အခါ လေသံ တရှုံရှုံ ကြားရခြင်း။
၁၃။ ညအခါ ဝေဒနာပို၍ ခံစားရခြင်း။
၁၄။ အပူကို နှစ်သက်ခြင်း...

စတဲ့ လက္ခဏာများဟာ လေကြောင့် ဖြစ်တဲ့ ပန်းနာရင်ကျပ်ရောဂါလက္ခဏာ များ ဖြစ်ပါတယ်'

▲ **'ပန်းနာရင်ကျပ်ရောဂါရဲ့ ကုသမှု အကျဉ်းကို ပြောပြပေးပါဦး ဆရာ'**

○ 'သလိပ်ကြောင့်ဖြစ်တဲ့ ပန်းနာ ရင်ကျပ်ရောဂါနဲ့ လေကြောင့်ဖြစ် တဲ့ ပန်းနာရင်ကျပ်ရောဂါတို့ကို သက်သာ ပျောက်ကင်းစေ ကုထုံးအကျဉ်းကို ပြောပြပါမယ်။ ပန်းနာရင်ကျပ်ရောဂါ ဝေဒနာရှင် များကို အစာကြေပြီး လေသက်စေ ချွဲသလိပ်ထွက်စေဖို့အတွက် တိုင်းရင်း ဆေးအမှတ်(၇)ဖွယ်ချိုကဲလျော ဆေး နဲ့ ဆေးအမှတ်(၃၃) အစာကြေ ဆေးပုလဲထုတ်ဆေးတို့ကို ဆတူ ဝေပြီး တစ်ကြိမ်လျှင် လက်ဖက် ဇွန်းတစ်ဇွန်းခန့် နံနက်၊ နေ့လယ် ညနေ တစ်နေ့(၃)ကြိမ် သောက်စေ

www.burmeseclassic.com

နဲ့ တိုက်ရပါမယ်။

တိုင်းရင်းဆေးအမှတ်(၄) ပန်းနာခွဲသိုင်ဆေးကို ကလေး(၁)ရွေးသား၊ လူကြီး(၂)ရွေးသားကို နံနက်ချိန်မှာ ကွမ်းရွက်ပြုတ်ရည်နဲ့ တိုက်ပြီး နေ့လယ်ချိန်မှာ ချင်းပြုတ်ရည်နဲ့ တိုက်ရပါမယ်။

အဲဒီ ဆေးအမှတ်(၄)ပန်းနာခွဲသိုင်ဆေးတိုက်တဲ့အခါ တိုင်းရင်းဆေးဆရာ/ဆရာမများနဲ့ တိုင်ပင်ပြီး တိုက်ဖို့ လိုပါတယ်။

(၁)ရွေးသား၊ (၂)ရွေးသားဆိုတာ တိုင်းရင်းဆေးပညာရှင်များနဲ့ ပရဆေးဆိုင်များမှသာ သိရှိနိုင်တဲ့အတွက် ဖြစ်ပါတယ်။ ဆေးလွန်သွားရင် အန္တရာယ်ရှိနိုင်ပါတယ်။

အန္တရာယ်ကင်းစွာ သောက်သုံးနိုင်တဲ့ဆေးကို ပြောပြပါမယ်။ ဆေးအမှတ်(၁)မက်လင်ချဉ်လျက်ဆားနဲ့ ဆေးအမှတ်(၈) သွေးဒုလာဆေး၊ ဆေးအမှတ်(၂၅) မဟာမြင်းမိုရ်ကုန်းဆေးတို့ကို ဆတူရောစပ်ပြီး တစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့် တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် ရေကျက်အေးနဲ့ တိုက်ရပါမယ်။

ဆေးအမှတ်(၄၈) ရင်အုပ်ဆေးကို တော့ အေးတဲ့အချိန်နဲ့ ညဦးအချိန်အခါမျိုးမှာ လည်တိုင်မှ ဆီးစပ်ထိ လိမ်းပေးနိုင်ပါတယ်။

ညအိပ်ရာဝင်ချိန်မှာ ဆေးအမှတ်(၁၁)မှတ်ကဲဆေးဖြစ်စေ၊ ဆေးအမှတ်(၁၂) ဓာတ္တုပါလာဝမ်းပှုတ်ချုဆေး ဖြစ်စေ တစ်မျိုးမျိုးကို ဝမ်းအခြေအနေကြည့်ပြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်းမှ နှစ်ဇွန်းအထိ ရေအေးနဲ့ တိုက်ရပါမယ်။

အဲဒီလို စားဆေး၊ လိမ်းဆေးများနဲ့ အတူညီကျ တိုက်ကျွေးသွားရင် အသိမ်ကြောင့်ဖြစ်တဲ့ ပန်းနာရင်ကျပ်ရောဂါနဲ့ လေကြောင့်ဖြစ်တဲ့ ပန်းနာရင်ကျပ်ရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

▲ 'ပန်းနာရင်ကျပ်ရောဂါ ကြိုတင်ကာကွယ် စောင့်ရှောက်နည်းများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'

○ 'ပန်းနာရင်ကျပ် ရောဂါသာမက ရောဂါအမျိုးမျိုးတို့ကို ကြိုတင်ကာကွယ်ချင်ရင် **အေး၊ ချို၊ ဆိမ့်၊ ဖန် အစားအစာများ၊ ဝမ်းတွင်းသား ကလီစာများကို လွန်ကဲစွာ စားသောက်ခြင်းမှ ရှောင်ကြဉ်ဖို့ လိုပါတယ်။**

အေး၊ ချို၊ ဆိမ့်၊ ဖန် အစားအစာများဖြစ်တဲ့ သခွားသီး၊ ဗိမ်းဘာဒူး၊ ရုံးပတီသီး၊ ငှက်ပျောသီး၊ ဒူးရင်းသီး၊ လက်ဖက်၊ ကောက်ညှင်း၊ နွားနို့၊ ကျွဲနို့၊ ရေခဲမုန့်၊ ဖာလူဒါ၊ ရေခဲရည်များ၊

သား၊ ငါးများဖြစ်တဲ့ ဝက်သား၊ ဘဲသား၊ ငါးမြင်း၊ ငါးတန်၊ ငါးသလောက်၊ ငါးမုတ်တင်း၊ ငါးသိုင်း စတဲ့ အသားငါးများကို ရှောင်ကြဉ်ရင် အကောင်းဆုံး ဖြစ်ပါတယ်။

စားခဲ့ရင်လဲ တန်ဆေး လွန်ဘေးဆိုတဲ့ စကားအရ ချင့်ချိန်စားတတ်ဖို့လဲ လိုပါတယ်။

**စားသောက်သင့်တဲ့ အစားအသောက်များကတော့** ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးရံ့၊ ငါးကျည်း စတဲ့ ရေချိုငါးများ၊ အမဲသား၊ ကြက်သား၊ ဆိတ်သားများကို အလျဉ်းသင့်သလို ချက်ပြုတ် စားသောက်ရပါမယ်။

**အသီးအနှံများအနေနဲ့** လိမ္မော်သီး၊ သရက်သီးမှည့်၊ ကျွဲကောသီး၊ ရှောက်ချိုသီး၊ ကမ္ဗလာသီး၊ နာနတ်သီး၊ ရှောက်ယို၊ သံပုရာယို၊ နာနတ်ယို၊ ရှောက်ရော်ရည်၊ သံပုရာရည်တို့ကို အစာလဲခေ၊ ဆေးလဲအစာ ဆိုသလို ရာသီအလိုက် သင့်တင့်စွာ စားသောက်ဖို့ လိုပါတယ်။

အထူးသဖြင့် အရသာ(၆)ပါး ရှုတ်အောင် စားသောက်ဖို့ လိုပါတယ်။

ရေချိုးရင် "ဆောင်း(၁၀)၊ နွေ(၉)၊ မိုး(၁၁) ရေချိုးစနစ် အကျိုးဖြစ်၏" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဆောင်းတွင်းမှာ (၁၀)နာရီအချိန်၊ နွေမှာ (၉)နာရီအချိန်၊ မိုးရာသီမှာ (၁၁)နာရီအချိန်တွေဟာ ရေချိုးသင့်တဲ့အချိန်များ ဖြစ်ပါတယ်။

အထူးသဖြင့် ပန်ကာလေခံခြင်း၊ လေအေးစက်နဲ့ နေထိုင်ခြင်း၊ ရေချိုးများခြင်း၊ အအိပ်များခြင်းတို့ကို ဆင်ခြင်ဖို့ လိုပါတယ်။

ရေသောက်မယ်ဆိုရင် ရေအေးရှိရိုးထက် ရေကျက်အေးကို အမြဲသောက်ရပါမယ်။

အထက်မှာပြောခဲ့တဲ့ ပန်းနာရင်ကျပ်ဖြစ်စေတဲ့ အကြောင်းရင်းများကို ရှောင်ကြဉ်ပြီး ကွမ်းယာ၊ ဆေးလိပ်၊ အရက်နဲ့ မူးယစ်ဆေးများကို လုံးဝ ရှောင်ကြဉ်ပြီး တစ်လင် တစ်မယား စနစ်ကို ကျင့်သုံးရင် ပန်းနာရင်ကျပ်ရောဂါအပြင် ရောဂါမျိုးစုံကို ကာကွယ်ပြီးသားဖြစ်ကြောင်း ပြောပါရစေ'

▲ 'ကျေးဇူးတင်ပါတယ် ဆရာ'

○ ဆရာဦးသီဟနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...


ဆရာ ဦးသီဟ

ကျန်းမာပါစေတိုင်းရင်းဆေးခန်း

အမှတ်(၈၂) ဗေယျာလမ်း (၁၀)ရပ်ကွက်

တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့။

ဖုန်း၀၉ ၄၂၀၆၆၃၉၈၊ ၀၉ ၄၃၀၈၅၇၇၀

၀၉ ၅၁၅၉၃၃၃


ရွှေဝါးမြို့ မောင်ယဉ်တင့်

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းမြင့်
(တသာတ)

# ဂြိုဟ်စာကျွေးကျင့် အသုံးဝင်

စာရေးသူတို့ မိတ်ဆွေတစ်သိုက် မှင်းကွန်း စေတဝန်ကျောင်းတိုက် အတွင်းရှိ မွှာရုံကြီးပေါ်တွင်ထိုင်၍ မွေရေးရာများ၊ စီးပွားရေး လူမှုရေး ကိစ္စရပ်များစသည်ဖြင့် ပြောဆိုဆွေးနွေး နေကြပါသည်။

ထိုစဉ် ဦးမြသန်းမှ စတင်၍...

'တစ်ခုလောက် သိချင်တယ်ဗျာ'

ဟု စကားဆိုလာပါသည်။

'ဘာသိချင်တာလဲ'

ဟု ဦးစိန်သန်းမှ ပြန်မေးသော အခါ...

'တခြားမဟုတ်ပါဘူး၊ တချို့လူတွေက ကျန်းမာရေး စီးပွားရေး လူမှုရေးကအစ မကောင်းတာကြုံမယ်ဆိုရင် ဂြိုဟ်စာ ကျွေး တာတို့ ယတြာချေတာတို့ဆိုတာတွေ လုပ် ကြတယ်။

ဒီနေရာမှာ ကျွန်တော်သိချင်တာက ဂြိုဟ် စာကျွေးတာပဲ၊ ကျွန်တော့်မိတ်ဆွေ တစ်ယောက်ဆိုရင် ဂြိုဟ်စာအမြဲကျွေးတတ် တယ်။ အဲဒီလို ကျွေးလိုက်ရင် အားလုံး အဆင်ပြေလာသလိုပဲတဲ့'

ဟု ဦးမြသန်းမှ ပြောပြပါသည်။

'တိုက်ဆိုင်မှုဆိုရင်ကောဗျာ'

ဟု ဦးခင်ရွှိန်မှ မေးရာ...

'တိုက်ဆိုင်မှုဆိုပေမယ့် သူ့အဖို့ တော့ ကောင်းတယ်လို့ပြောတယ်။ ပြီးတော့ ပြောသေးတယ်၊ ဒါလဲ ဒါန ပြုတာပဲ မဟုတ်လားဗျာတဲ့။ မကောင်း ဘူးလားလို့ ကျွန်တော့်ကို ပြန်မေးဖူး တယ်'

ဟု ဦးမြသန်းမှ ပြောပါသည်။

'ကဲပါဗျာ... တိုက်ဆိုင်မှုပဲဖြစ်ဖြစ် ဂြိုဟ်စာကျွေးလို့ပဲဖြစ်ဖြစ် ခုန ပြောသလို စေတနာထားပြီးလုပ်ရင် စသီနုတ်စာ အလှူပွဲတစ်ခုဖြစ်တာ ပေါ့ဗျာ'

ဟု ဦးမြင့်ဆွေမှ ပြောပါတော့သည်။

'ကျွန်တော် တစ်ခုပြောချင်တယ်။ ကျွန်တော့်တူ တစ်ယောက်ဆိုရင် ရာဟုဂြိုဟ်ထဲ ရောက်နေလို့ဆိုပြီး ဂြိုဟ်စာကျွေးလိုက်တာ ကားမှောက်တဲ့ အထဲမှာ ပါပေမယ့် ဘာမှမဖြစ်ဘူး။ တခြားသူတွေသာ ကျိုးပဲ့ပွန်းပဲ့သွား ကြတယ်။ လုပ်နိုင်ရင်ကောင်းပါတယ်'

ဟု စာရေးသူမှ ပြောပြလိုက်ပါ သည်။

'ဒါဖြင့် ဂြိုဟ်စာကျွေးနည်းလေးရှိရင် ပြောပြကြစမ်းပါ'

ဟု ဦးခင်ရွှိန်မှ တောင်းဆိုပါတော့ သည်။

'ကျွန်တော့်အစ်ကိုကျွေးတဲ့ ဂြိုဟ် စာကျွေးနည်းလေးကို ပြောပြပါ့မယ်'

ဟု စာရေးသူမှ ပြောလိုက်ရာ...

'ဟုတ်ကဲ့ ပြောပြပါဗျာ'

ဟု ဦးခင်ရွှိန်နှင့် ဦးမြင့်ဆွေမှ ပြော ပါသည်။

'ပထမဆုံး ဂြိုဟ်စာကျွေးမယ်ဆို ရင် မိမိကျွေးမယ့်ဂြိုဟ်ရဲ့ ဂြိုဟ်စာချိန် ကို သိထားရမယ်ဗျ။

တနင်္ဂနွေ အင်္ဂါ သောကြာဂြိုဟ်များက ကျိုးမနိုးခင် ဂြိုဟ်စာတယ်။

တနင်္လာဂြိုဟ်က နေဝင်ရီတရော ဂြိုဟ်စာ တယ်။

ကြာသပတေးဂြိုဟ်က နေဝန်းမြင့်မှ စား တယ်။

စနေဂြိုဟ်က မွန်းလွဲ (၉)နာရီမှ (၁၀) နာရီအတွင်း စားတယ်။

ဗုဒ္ဓဟူးဂြိုဟ်က မနက် (၉နာ၀)နာရီမှ (၁၀) နာရီအတွင်း စားတယ်။

ရာဟုဂြိုဟ်က မွန်းတည့်ချိန်မှာ ဂြိုဟ်စာ တယ်ဗျ။

တချို့ကဆိုရင် ဂြိုဟ်စာခွက်ရေ ကို အသုံးပြုကြတယ်။ ဒီနေရာမှာ ကျွန်တော့်ရဲ့ အစ်ကိုကြီးလုပ်တဲ့နည်း ကို ပြောပြမယ်နော်'

ဟု ဆိုကာ ပြောလိုက်ပါသည်။

'ဟုတ်ကဲ့ ပြောပြဗျာ'

ဟု ဦးခင်ရွှိန်မှ ပြောပါသည်။

'ထမင်းစားစားပွဲခုံ တစ်လုံးပေါ်မှ ယင်း... မှာ ပြောင်းနဲ့ အရပ်ရှစ်မျက်နှာ ဂြိုဟ်... ထောင့်တွေကို ရေတယ်၊ ပြီးတော့ ... ထည့်သောက်ရန် ပန်းကန်များ... ပန်းကန်မှာ ဖယောင်းတိုင်(၁)တိုင်...

www.burmeseclassic.com

တိုင်(၁)တိုင်စီထွန်းနိုင်ယုံတယ်။ ဒီအတိုင်း ပေါ့ဗျာ'

ဟု ဆိုကာ စာရေးသူမှ စာရွက် တစ်ရွက်ပေါ်တွင် ရေးပြလိုက်သည်။

* * *



'ကြိုပ်များအနေနဲ့ တာဝန်ယူ ဆောင်ရွက်မယ့် လူ(၈)ဦးကိုလဲ တစ်ယောက်ချင်းစီကို ကြိုပ်စာ ကျွေး မယ့် စားပွဲဆီကို အရင်ခေါ်ထားရမယ်။ ဦးတော့ ပန်းကန်ထဲကို ယာဂုထည့် ထီးနဲ့ နံ့သာတိုင်တွေကို ထွန်းညှိ ထားရမယ်။

သတ်မှတ်ချိန်ရောက်တဲ့အခါ ဥပမာ ရာဟုကြိုပ်အတွက်ဆိုရင် ရာဟုကြိုပ် အဖြစ် ဆောင်ရွက်ရမည့်သူက ယာဂု ပန်းကန်ကို လက်နှစ်ဖက်နဲ့ မြှောက် ကိုင်ထားပြီး ကြိုပ်ကိုပင့်ဖိတ်ရမယ်။

လူတွေကိုလဲ ကြိုပ်တွေအနေနဲ့ သဘောထားဖို့ အရင်ပြောထားရပါ တယ်။ အဲဒီလို ကြိုပ်ချင်းပင့်ဖိတ်ပြီးမှ ကြိုပ်အဖြစ်နေရာယူထားတဲ့ ပုဂ္ဂိုလ် တွေက ယာဂုကို တစ်ပြိုင်နက်သောက် ရပါတယ်။'

အရင်ပြီးတဲ့သူက အရင်ထသွားလို့ ရပါဘူး။ ကြိုပ်စာကျွေးတဲ့ ပုဂ္ဂိုလ်က ဆုတောင်းမေတ္တာများပို့ခြင်း၊ အမျှဝေ ခြင်းများ ပြုလုပ်ပြီးမှာ တစ်ကြိုပ်ချင်း ပြန်လည်ပို့ပေးပါတယ်။

တစ်ကြိုပ်ချင်း ထသွားတဲ့အခါ အဲဒီပုဂ္ဂိုလ်ဟာ မြေအပြင်ကိုထွက်ပြီး ဖိနပ်များကို ခါခတ်ထုတ်ပြီးမှ ပြန်လာ ရပါတယ်။ အဲဒီအတိုင်း တစ်ဦးချင်း လုပ်ရပါတယ်။

စားပွဲပေါ်မှ ကျန်တဲ့ယာဂုနဲ့မီးသောင်း တိုင်၊ နံ့သာတိုင်တွေကို စုယူပြီး မြစ်ကို မျှောရပါတယ်'

ဟု စာရေးသူမှ ရှည်လျားစွာ ပြောပြလိုက်ပါသည်။

'အေးဗျာ ... ခံကိုနည်းကို ကြိုက်တယ် ... ယ်ရွက်တွေ အာ တွေက မလုပ် ... တော့ ဒီနည်းက အနီးအနားကလူ(၈)ယောက်ကို ခေါ်နဲ့ အလိုက်ခေါ်ပြီး လုပ်လို့ရတာပဲ'

ဟု ဦးမြသန်းမှ ပြောပါသည်။

'တစ်ခုရှိတာက ကြိုပ်ပင်းတွေရဲ့ကိုယ်စား လုပ်မယ့်လူဟာ ကိုယ်လက်အင်္ဂါချွတ်ယွင်း သူ၊ မျက်မမြင်မှုနဲ့ အင်္ဂါချွတ်ထားတဲ့သူ သောင်းဘီတိုတ်တဲ့လူတွေ မဖြစ်စေရ။ သေသေသပ်သပ်နဲ့ ဆောင်ရွက်မယ့်သူတွေပဲ ဖြစ်ရမယ်။ ခပ်ပေါ့ပေါ့သဘောဆိုရင် အကိုကြီးက လုပ်မပေးဘူးဗျာ ကျွန်တော်လဲ အစ်ကိုကြီးနည်းအတိုင်း ဆောင်ရွက်ပေးပါ့ မယ်ဗျာ'

ဟု စာရေးသူမှ ထပ်မံ၍ ပြောပြလိုက် ရာ...

'ဒီတစ်ခါ ကျွန်တော်ကြိုပ်စာကျွေး ရင် စာရေးဆရာကိုပဲ အကူအညီ တောင်းရမှာပဲ၊ မငြင်းရဘူးနော်'

ဟု ဦးမြင့်ဆွေမှ ပြောပါတော့သည်။

'မငြင်းပါဘူးဗျာ'

ဟုစာရေးသူမှ ပြန်ပြောလိုက်ပါသည်။

မှတ်ချက်။ ။ ကြိုပ်ပင့် ကြိုပ်ခေါ်များကို စာအုပ်စာပေများထဲတွင်ရှာဖွေကြပါရန်။

(ကွယ်လွန်ရှာသော စစ်ကိုင်းကြီး ဦးကံသိန်း အား အမှတ်တရ...)

သင်ဆရာ၊ မြင်ဆရာတို့အား ရှိခိုးကန်တော့ပါ၏

**ဦးအောင်မြင့် (ဟင်္သာတ)**

**စာမျက်နှာ (၁၄၇)မှ အဆက်**

အကိုက် ရှိကြတယ်'

ဟု ညွှန်ပြခဲ့သော ပြောခဲ့ရှုပါသည်။ ထို့ကြောင့် အချိန်တွင်တော်မည်သော ပါသနာရှင် စိတ်ဓာတ်အပေါင်းကို စာရေးသူမှ ရိုက်ကုန်ကျောင်း ဆရာ တော်၏ ကိုယ်တွေ့ဖြစ်ရပ်မှန် ဇာတ် ကြောင်းလေးကို တင်ပြလိုက်သည့် ရည်ရွယ်ချက်၏ ဆိုလိုရင်းကိုရှာသည် သဘောပေါက် လက်ခံနိုင်ကြပါလိမ့် မည်ဟု ယုံကြည်မိပါသည်။

စကားချပ်

ရိုက်ကုန်ကျောင်း ဆရာတော်သည် မူလ ရွှေရေးစီတွေ့နေသော တခင်ထိုး မှုတ် ဖြစ်(၁)ပါသောကို ... ပြန်ထုတ် ... သောအခါ ... ဖြစ်(၁)ပါသော ... ပြီး ယင်း ... သော ဖြစ်း (၁)ပါသောကို ... (၃)ချပ်ဖြင့် ... လုပ်လိုက်ပြီး ... ထုတ်ယူပြီးနောက်...

ယင်း ... ဖြစ်သော ... တော်သို့ ... ပြီး ... (၃)ချပ် ... ထိုးလိုက်ပြီး ... ကြည့်လိုက်သည့် ... (၁)ပါသောစီထိုက် ... ရှိသောသည်။

ဖြစ်၏ ... မူလ ရွှေ ... ကို ၂ လုံး ၃ လုံး ... ပြန်ထွက်လာပြီး ... ပြန်ရောက်ခဲ့ ... တာသွားရသော ... သို့ ... ကြောင်း တင်ပြလိုက်ပါသည်။

ထို့ကြောင့် ... သဘောတရား ... "လူယ်မယောင်ဘိုက်... " ... သော ... ယားကို ... ရှိကြောင်း ... ပြန်လည်သတိပေးလိုက်ပါသည်။

... ပြောဆိုကြ ... ပါရန် ...

**ဦးအောင်ခင်(ရွှေရင်း)**



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ဝင်း (ရွှေဝင်း)

# ရှုပ်ပြမယောင်နဲ့ခက်

ဝင်းမောင်ဦး ဒုတ်

(ဒုတိယပိုင်း)

ယခင်လက ရန်ကုန်ကျောင်း ဆရာတော်၏ ဓောင်ပြွန်မှ အသီးအပွင့်များကို ခံစားခဲ့ရသည်တို့ကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။

သို့သော်...ဒါပေမယ့်... ပေါ့လေ...

လောကခံမုန်တိုင်း တိုက်ခတ်လာသည့်အချိန်မှာတော့ ဘုရား ရဟန္တာ အရှင်မြတ်များမှာတောင် ရှောင်လို့မရသည့် မွေတာလမ်းစဉ်အတိုင်း ရန်ကုန်ကျောင်း ဆရာတော်လည်း ကြုံတွေ့ရလေတော့သည်။

ဖြစ်ပုံကလည်း အတွင်းနေ တပည့် လှုယံ့ ဦးပဉ္စင်းတစ်ပါးက မယုံကြည်နိုင်လောက်အောင် ပြောင်းလဲ ဖောက်ပြန်၍ သစ္စာမဲ့ခြင်း ဖြစ်လေသည်။

ဆရာတော်က အလှူအတန်း ပေါများသည့် ပွင့်လင်းရာသီချိန်များတွင် နယ်မှ လာပင့်သော တရားပွဲများကို လက်ခံပြီး တရားဟောကြွလေ့ ရှိပါသည်။

တစ်နေ့သောအခါမှာတော့ လှုယံ့ဦးပဉ္စင်းကို သော့အပ်ပြီး တရားပွဲကြွသွားချိန်မှာ နောက်ပိုင်းမှာ လှုယံ့ဦးပဉ္စင်းက ဆရာတော်၏ ဆရာကြီး ဦးသက်ရှည် ချီးမြှင့်ပေးခဲ့သော ရွှေပင်စိုက်ဓာတ်လုံးကို လေဗိုတင် တောဓော ပေးနိုင်ခဲ့သည်ကို အခွင့်ကောင်းယူပြီး တစ်ခါတည်း ယူပြီး ကျောင်းကနေ ထွက်ပြေးသွားတော့သည်။

ဆရာတော်လည်း ကျောင်းပြန်ကြွလာသည့်အချိန်မှာ အခန်းတံခါး ဟင်းလင်းပွင့်နေပြီး အမောဆို့လေတော့သည်။

လှုယံ့ဦးပဉ္စင်းကို ဘယ်နေရာမှ စုံစမ်းလို့ မရတော့သည့်အဆုံး ဆရာတော်လည်း စိတ်ပိုင်းဖြတ်လိုက်ကဲ...ရှိစေတော့ ဒါကိုယ်တိုင် အဆုံး ဓာတ်လမ်းစဉ် တက်ရလုံး ကိုယ်

www.burmeseclassic.com



သက် ကိုယ့်ခြေ လှုပ်ကိုင်လာခဲ့တာပဲ အလွန်ဆုံး (၆)လလောက် အပင်ပန်း ခံလိုက်ရင် မူလဓာတ်လုံးလိုမျိုး ဓာတ် တစ်လုံးကိုတော့ ရမှာပါပဲလေ့...

တွင်းထွက် ရွှေ(၁)ကျပ်သားကို အကာရင်းတစ်ဦးကို သွားရောက် ရှာဖွေ ဝယ်ယူလာခဲ့ပြီး ဘယ်တရားပွဲ၊ အလှူပွဲက လာပင့်၊ လာပင့် မလိုက် ဘဲ၊ စိတ်ပိုင်းဖြတ်ထားပြီး ဆရာ တော်ကိုယ်တိုင် ဖိုရုံမှာ ဓာတ်လုံးတည် မူလတွင်းထွက် ရွှေ(၁)ကျပ်သားကို ယခင်ဆရာကြီး ဦးသက်ရှည်ထံတွင် တပည့်ခံ နည်းယူခဲ့သည့်အတိုင်း နာနဲ လေးတွေ ချက်,ချက်သွားလိုက်တော့ တဖြည်းဖြည်း ရွှေ(၁)ကျပ်သားဟာ (၈)ပဲသား (၅)မူးသား အနေသို့ အဆီ ကျလာသည့်အချိန်တွင်...

ကဲ... ဒီတစ်ခါတော့ ဆရာကြီး ဦးသက်ရှည်ထံမှာတုန်းကလိုပဲ တွင်း ထွက်ရွှေ တစ်ဝက်ကျိုး အဆီကျပြီး ဓာတ်လုံး(၅)မူးသား အကျန်ဖြစ်ပြီ ဆိုတော့ ယခင်နည်းစဉ်အတိုင်း ရွှေ ပင်လို ရွှေပင်စိုက်ရုံပဲ ရှိတော့တယ်လို့ သဘောထားပြီး...

ပထမဓာတ်လုံးမှာတုန်းကလို ရွှေ အဆီကျပြီး ဓာတ်လုံး(၅)မူးသားကို ပြဒါးသန့်သန့် (၁)ပဲသားကို ရွှေကျို လုံပက်အနေတော်မှာ အောက်ခံပြီး အပေါ်က ဓာတ်လုံးတင် အဖုံးအုပ်ပြီး သက် တွာဆိုင်ခန့် စဥ့်အင်တုံလေးထဲ သဲ လက်(၂)လုံးခန့်ခံပြီး လုံစိုက်၍ ဖွဲမီးကို စဥ့်အင်တုံအပြည့်ထည့်၍ ဖွဲမီး ဆိုက်ပြီး ပြဒါးကို ရွှေဓာတ်လုံးနှင့် ဖိ ခံလိုက်လေသည်။

ဖွဲမီးအားလုံး ပြာပြုဆိုက်ပြီး လုံ အေးသွားသည့်အခါမှာ လုံကို အသာ အယာဖွင့်ပြီး ကြည့်လိုက်တော့ ရွှေ ဓာတ်လုံးကိုသာ တွေ့ရပြီး ယခင်ကလို ပြဒါး(၁)ပဲသားက ဓာတ်လုံး အောက် ခြေမှာ သဲကြွပ်းပွင့်လေးများလို ကပ် ပြီးနေသည်ကို မတွေ့ရပေ။

ဟာ...ဘယ်လိုတုန်း...ဒါ... ဖွဲမီး ဆိုက်တာများ မီးများသွားလို့ ပြဒါး မမိတာလားဆိုပြီး ဒုတိယတစ်ကြိမ် ပြဒါး(၁)ပဲသားကို ပြန်၍ ဖမ်းကြည့် ပြန်ပါသည်။

သို့သော် မူလ ပျောက်ဆုံးသွား သော ရွှေဆီဓာတ်လုံးကလို ပြဒါးကို သဲကြွပ်းပွင့်လေးများလိုကပ်ပြီး မိနေ သည်ကို မတွေ့ရလေတော့ ဒီတစ်ခါ ဆရာတော် သေချာ ဝေယနစား ပြန်ပြီး ဓာတ်လမ်းစဉ်ကို စဉ်းစားရလေတော့ သည်။

ဆရာကြီး ဦးသက်ရှည်ထံမှာ ကိုယ်တိုင်ကိုယ်ကျ ဓာတ်လုံးကို လုပ် ခဲ့သည့် နည်းစဉ်အတိုင်း ဘာတစ်ခုမှ မလွဲချော်အောင်ကို လုပ်ခဲ့ပါရဲ့နဲ့ ဘာလို့ များ ပြဒါးဖမ်းလို့ မရတာပါလဲဆိုတော့ တစ်ခုပဲ ရှိသည်။ အဲဒါက မှတ်မှတ် ရရ... ဆရာကြီး ရွှေကို နာနဲ ချော်ချက် ပြီး ဓာတ်ထိုးနေချိန်မှာ ရွှေဓာတ်လုံး (၁)ကျပ်သားကနေ (၃)မတ်သားခန့် ရောက်တဲ့အချိန်မှာ နာသားလိုလို ပြဒါးဖမ်းမိထားတဲ့ ဓာတ်သားလိုလို ဓာတ်ပစ္စည်း(၁)မတ်သားခန့် ထည့်ပြီး ဓာတ်ထိုးခိုင်းတာကို သွားပြီး သတိပြု မိလေသည်။

ဓာတ်လမ်းစဉ်တစ်ခုလုံး ကွဲလွဲတာ ဆိုလို့ ဒီတစ်ခုပဲ ရှိသည်။ သို့သော် အဲဒီအချိန်တုန်းက ဆရာကြီး ပေးလာ တဲ့ ဓာတ်သားအစလေးတွေ (၁)မတ် သားခန့်လောက်ကို နာအသားစလေး တွေပဲ နေမှာပါလေလို့ ထင်မိပြီး ဆရာ ကြီးကို တွေတွေရေးရေး မမေးခဲ့မိတာ ကို တွေးမိပြီး မိမိကိုယ်မိမိသာ အပြစ် တင်၍ နောင်တရနေမိလေသည်။

ယခုချိန်မှာတော့ ဆရာကြီးဦးသက် ရှည်လည်း သက်ရှိထင်ရှား မရှိတော့ပြီ ဆရာတင်ပြီး မေးမြန်းစရာ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှ မရှိ ဖြစ်နေလေ ပြီ။

သို့သော် မိမိ ကိုယ်တိုင်ကိုယ်ကျ လုပ်ခဲ့ရသည့် ဓာတ်လမ်းစဉ်မို့ အလွဲ အချော်မရှိလေပြီဟု တထစ်ချ မှတ်ယူ ခဲ့သည်ကို နောင်တရမိလေတော့ သည်။

ဒါကြောင့် ရန်ကုန်ကျောင်း ဆရာ တော်ဟာ ဓာတ်လုံးပျောက်ဆုံးသွားခဲ့ တဲ့အချိန် သက်တော်(၄၅)နှစ်မှစ၍ ပျံလွန်တော်မူသည့်အချိန် သက်တော် (၆၅)နှစ်အတွင်းမှာ...

ထို "ရွှေပင်လို ရွှေပင်စိုက်" ဓာတ် လမ်းစဉ်ကို တစ်စိုက်မတ်မတ် ဖွဲ့တော်ပြီး လုပ်ဆောင်ပါသော်လည်း ယခင် မူလ ဓာတ်လုံးမှာလို အောင်မြင်မှုကို မရခဲ့ ဘဲ ဖြစ်ခဲ့ရပါသည်။

ဤဖြစ်စဉ် ဖြစ်ရပ်မှန်ကို အကြောင်းပြုပြီး ရန်ကုန်ကျောင်း ဆရာတော်က အင်မတန် ရင်းနှီးကျွမ်း ဝင် လေးစားရသော ဥသျှစ်ကျောင်း ဆရာတော်ကြီးကို ကိုယ်တွေ့နဲ့ ယှဉ် ပြီး...

"ဆရာတော်ရေ... ဣဓိ အိုးရတ်သတ် ပညာဆိုတော့ "လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့နက်"ဆိုတာကို တပည့် တော်ကတော့ ဘဝနဲ့ကို ရင်းပြီး အမြဲ

www.burmeseclassic.com



# သွေးတိုးရောဂါရှင်များ..

# ဧကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား



တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-0112 YR 007991

"အခေါက်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းဝိုင်းနဲ့ တန်းတိုးတယ်နော်" "အော် မမြင့် လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမြင့်ရေ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအမစားရဲပါဘူး" "မမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား။ အခုတော့ စားချင်တာစားလို့ရပြီ မမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ။ အရင်ကဆို အစားအသောက်ရှောင်တာ မယထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားများတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ ဧကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမြင့်ရဲ့" "ဟင် ဟုတ်လား။ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မကိုလဲ ပြောအုံးလေ" "လာပါ မမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမြင့်ကို သေဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေါ့ များများသာထည့်" "ဟား ဟား။ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြဲစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးမှာပေါ့မမြင့်ရယ်၊ ရော့ ရော့ ၅ ပြားသောက်လိုက်"

"မှန်း ဘာဆေးလဲ၊ ဟယ် ဧကြာမင်း သွေးတိုးကျဆေးကိုး"

"ဟုတ်တယ်မမြင့်ရေ သွေးတိုးရောဂါကာကွယ်ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ဆေးကတော့ ဆရာမြင့်ရဲ့ ဧကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေးပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် ဆရာမြင့်ရဲ့ ဧကြာမင်း သွေးတိုးကျဆေးဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့တခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်စေ့ကျောတက်၊ ဇက်ကြောတိုခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား။ ပြန်ရှုန်းမှ ပြန်ရှုန်းမှ" "ဘယ်လိုလဲ မမြင့်" "အေးဟဲ့ ဘာမှလို့မခံစားရဘူး အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်။ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲ့အတွက်လဲ အုန်းနို့ခေါက်ဆွဲ ပုဆွားရုန်းမယ်" "ဒီမှာ မမြင့်ရေ အဆင်သင့်ထည့်ထားပြီးပြီ၊ ရော့ ဒါက ဧကြာမင်းသွေးတိုးကျဆေး ကိုရဲ့ကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး။ ပြောခဲ့မှာပေါ့ဗျူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအောင်မင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စကားစမြည်ကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ မိန်းကြာချက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရရှုပါပြီ။ ဒါကြောင့် တခေတ်ပနိုသတိကြီးရေ ကျန်းမာခြင်း၊ ရုလာဘ်ခုံပြည့်စုံပြီး စားချင်တာစားရအောင်နော်။ ဒီလေ...ဧကြာမင်းသွေးတိုးကျဆေးတော့ ဆောင်ထားရိုးတော့ လိုသိမ့်မယ်..."

ကိုရဲ

ပင်ရင်း - ဧကြာမင်းဆေးတိုက်

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၅၂၂၉၉၁



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာဓရဆရာတော်ကြီး (ခေါ်)

# ဓာတ်ကြီး (၇) ပါး ရုပ်နာမ်ဆေးဖော်

ရေမြ ကျော်မြ

(၂၀-၃-၂၀၁၃)ရက်နေ့တွင် စာရေးသူနှင့် တပည့်ဖြစ်သူ မောင်ထွန်းထွန်းတို့နှစ်ဦးသည် နီကြာတရုံကျောင်းတိုက် ဦးပွင့်ကြီး ဦးစိတ္တထံသို့ ဓာတ်နှင့်ပတ်သက်သည့် ဆေးအကြောင်းများ လေ့လာမှတ်သားရန် ရောက်ရှိခဲ့ပါသည်။

ဦးပွင့်ကြီးဦးစိတ္တသည် မောင်ထွန်းထွန်းနှင့် ခင်မင်ရင်းနှီးသူ ဖြစ်သဖြင့် ဝိဇ္ဇာဓရလမ်းကို လိုက်စားနေသော ဦးပွင့်တစ်ပါး ဖြစ်ပါသည်။

သူသည် ဓာတ်လုံးထိုး ဝါသနာပါ သူဦးဖြစ်သကဲ့သို့ ဓာတ်နှင့်ပတ်သက်ပြီး ဆေးဝါးများ ဖော်စပ်သူတစ်ဦးလည်း ဖြစ်ပါသည်။

စာရေးသူနှင့် မောင်ထွန်းထွန်းတို့ ရောက်ရှိသောအချိန်သည် နေ့လယ် (၁)နာရီ အချိန်ခန့်ဖြစ်ပါသည်။ ဦးပွင့်ကြီး ဦးစိတ္တသည် ဓာတ်ထိုးသော ဖိုရုံအတွင်းသို့ စာရေးသူနှင့် မောင်ထွန်းထွန်းကို ခေါ်သွားပါသည်။

ဖိုရုံထဲတွင် ထိုးလက်စ ဆေးအမည်များနှင့် နံပါတ်အကြီးအသေး လုံများကို တွေ့ရသလို လုံကွဲများနှင့် ဓာတ်လုံးများကိုလည်း တွေ့ရပါသည်။

ဖော်စပ်ထားသော ဓာတ်ကြီး(၇)ပါး ဆေးကိုလည်း ပြပါသည်။ များရည်နှင့် ဖော်စပ်ထားသော ဝိဇ္ဇာဓရဆေးတော်ကြီးကို စာရေးသူနှင့် မောင်ထွန်းထွန်းတို့ အသက်တစ်ကော်စီ ကျွေးပါသည်။

ဦးပွင့် ဦးစိတ္တက...

'ဆရာကြီး ဘယ်လိုအရသာမျိုး ရသလဲ'

ဟု မေးသောအခါ စာရေးသူက



◆ ဝိဇ္ဇာဓရဆရာတော်များနှင့် ဦးပွင့်ကြီး ဦးစိတ္တ



www.burmeseclassic.com

www.burmeseclassic.com

'ချိုရည်ဖန်ဆိပ်နဲ့လေးပါဘုရား'

ဟု ပြောသောအခါ ဦးပဍွင်းကြီး ဦးစိတ္တက...

'ဒကာကြီးတို့ အင်မတန်ကံကောင်းတယ်။ ဒီဆေးတော်ကို ကျုပ် လူတိုင်းမပေးဘူး။ ကျုပ်ကျင့်နေတဲ့ စရဏတွေနဲ့ ဒီဆေးကိုဆောင်ပြီး ပေါက်မြောက်အောင် ဆက်ကျင့်ရဦးမယ်'

ဟု ပြောဆိုပြီး ဖားဆိုကို သူ၏တပည့်များကို မီးမွှေးစေပြီး ဓာတ်များကို စီစဉ်လေတော့သည်။ မောင်ထွန်းထွန်းက...

'ဦးပဍွင်းဘုရား တပည့်တော်တို့ကိုလဲ ဆေးနည်းဖော်စပ်ပုံနဲ့ ဆေးအမည်များကိုလဲ ပြောပြပါဦးဘုရား။ (၇)ရက်သားသမီး စိတ်ချမ်းသာဖို့ပါဘုရား'

ဟု ပြောသောအခါ...

'ကဲ ဒကာတို့က စာရေးဆရာတွေဆိုတော့ဘုန်းကြီး ပြောပြမယ်။ ဒကာထွန်းထွန်းက လိုက်ရေးပြီးမှတ်ပေါ့။ စာရေးဆရာကြီးက မဂ္ဂဇင်းထဲမှာ ထည့်မယ်ဆိုတော့ ကျုပ် ရေးမှုအတိုင်းပဲ မခြွင်းမချန် ပြောပြပါ့မယ်။

၁။ သိန္ဓောဆား (၁၀)ကျပ်သား။
၂။ ဆားပုပ် (၁၀)ကျပ်သား။
၃။ မြန်မာဆားခါး (၁၀)ကျပ်သား။
၄။ အိုးသုံးဆား (၁၀)ကျပ်သား။
၅။ ကျောက်ပန်းရွက် (၁၀)ကျပ်သား။
၆။ ကြက်ဟင်းခါးရွက် (၁၀)ကျပ်သား။
၇။ ကြက်သွန်နီ (၁၀)ကျပ်သား။

အဲဒီ(၇)မျိုးကို အညီအမျှ စုပေါင်းပြီး သံဆုံထဲတွင် ထည့်ပြီး ထောင်းရမယ်။ အားလုံး ညက်သွားပါက လုံးနံပါတ်အကြီး(၂၀)ထဲသို့ ထည့်ပြီး အရည်လည်အောင် အဂ္ဂိရတ်နည်းနဲ့ ထိုးယူပါ။

အခဲဖြစ်တဲ့အထိ ထိုးပြီး အဲဒီအခဲကို



အခြောက်ခံပြီး သံဆုံနဲ့ အမှုန့်ဖြစ်အောင် ထောင်းရမယ်။

ရရှိလာတဲ့ အမှုန့်ကို တစ်နေ့ကို တစ်ပဲသားခန့် တစ်လပြည့်အောင် စားရပါမယ်။ (၉၆)ပါးရောဂါ ကင်းစေမယ်လို့ ရှေးစာမူထဲမှာ ဆိုထားတာ အတိအလင်း ရှိပါတယ်။

အဲဒီဆေးကို ရွှေချိန်သလို (၁) ကျပ်သားချိန်၍ သေးငယ်သော အစ်(၁)ကျပ်သား။ ယင်းနှစ်မျိုးကို စုပေါင်းပြီး ပျားရည်စစ်စစ် ငါးဆယ်ကျပ်သားတစ်ပုလင်းထဲကို ထည့်လိုက်ရင် ဆူပွက်လို့ လာပါမယ်။

အမြှုပ်သေပြီး အရည်ငြိမ်သွားပါက တစ်နေ့ကို လက်တစ်ကော် စားပေးခြင်းဖြင့် ဆေးရဲ့အာနိသင် အစွမ်းထက်ခြင်းက ရေမဝင်၊ အာဟာရကင်းပြီး အစားမစားဘဲလဲ နေနိုင်ပါတယ်။

တစ်နည်းအားဖြင့် ထွက်ရပ်ကိုလှမ်းတဲ့ ဆေးနည်းကောင်းတစ်လက် ဆိုပါက မမှားပါဘူး'

ဟု ဦးပဍွင်းကြီး ဦးစိတ္တက ဤကဲ့သို့ စိတ်ရှည်လက်ရှည် ရှင်းပြပြောဆိုပါသည်။ ယင်းဆေးတော်ကြီးကို ဦးပဍွင်းကြီး ဦးစိတ္တက သူကိုယ်တိုင်ဖော်စပ်ပြီး စားသုံးသည်မှာ ယခုဆိုလျှင် သုံးနှစ်အတွင်း ဘာရောဂါမှ ထူးထူးထွေထွေ မဖြစ်ပါဟု ဆိုပါသည်။

တစ်ခါတစ်ရံတွင် ကိုရင်လေးများ လေထိုးလေအောင့်ဖြစ်လျှင် ဦးပဍွင်းကြီး ဦးစိတ္တ၏ ဝိဇ္ဇာရေဓာတ်ဆေးပြာကို ကျွေးလိုက်ခြင်းဖြင့် တစ်ခဏအတွင်းမှာပင် လေထိုးလေအောင့်သည့်ရောဂါ သက်သာပျောက်ကင်းကြပုံကို ကိုရင်လေးများက ပြောပြ၍ ကြားသိခဲ့ရပါသည်။

စာရေးသူတို့ ဆရာတပည့်နှစ်ဦးတို့သည်လည်း ဦးပဍွင်းကြီး ဦးစိတ္တ၏ ဆေးအမည်များနှင့် ဦးပဍွင်းကြီး၏ ပုံတော်ကို ဓာတ်ပုံရိုက်ခွင့် ခွင့်တောင်းသောအခါ...

'ဒကာ တို့က အများဝေနေယျအတွက် တစ်ဖက်တစ်လမ်းက ဗီဇဒါနအဖြစ် အသက်ကယ်တာပဲ ကျုပ်ခွင့်ပြုရမှာပေါ့။ ကျုပ် ပညာကို သေရွာအထိ ယူမသွားပါဘူး။ ကျုပ် ခွင့်ပြုပါတယ် ဒကာ'

ဟု ဦးပဍွင်းကြီးမှ ခွင့်ပြုသောအခါ စာရေးသူသည် ဆရာတော်နှင့် ဆေးအမည်များကို ဓာတ်ပုံရိုက်ပြီး ဆောင်းပါးရေး၍ ဤမဂ္ဂဇင်းတိုက်သို့ ပို့လိုက်ရပါတော့သည်။

ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် အကူအညီပေးသူ တပည့်ကြီး မောင်ထွန်းထွန်းနှင့် ဦးပဍွင်းကြီး ဦးစိတ္တကို အထူးပဲ ကျေးဇူးတင်ပါသည်။

ရေမြေ ကျော်ဝေ





www.burmeseclassic.com

www.burmeseclassic.com

# ခါးနာခြင်း [illegible]



ခါးနာခြင်းဝေဒနာနှင့် ပတ်သက်၍ ဆရာဦးကျော်ဝင်း[မန္တလေးတိုင်းရင်းဆေးသိပ္ပံနည်းပြ(ငြိမ်း)]၊ ဆရာဦးကျော်ညွန့်(ပျော်ဘွယ်)၊ ဆရာဦးကျော်မြင့် (တောင်ငူ၊ မဟာသဓေဆေးတိုက် တဆ ၀၂၇၉၉)၊ ဆရာဦးဝင်းမြင့်(အထုံ၊ ဆင်မင်းရပ်၊ ထွန်းဆေးခန်း။ တဆ ၈၂၄) စသော တိုင်းရင်းဆေးသမားတော်များ၏ ကုထုံးဆေးချက်များကို စုဆောင်း တင်ပြခြင်းဖြစ်ပါသည်။

## ခါးနာရခြင်း၏ အကြောင်းအရင်းခံများ

(က) ခါးရိုးဆစ် အရွတ်ပြား ရွေ့လျားခြင်းကြောင့် နာခြင်း။
(ခ) ခါးရိုးဆစ်မြစ်ခြောက်နာ (Vertebral T.B) ကြောင့်နာခြင်း။
(ဂ) သားအိမ်အနေအထား မှားယွင်းမှုကြောင့် နာခြင်း။
(ဃ) ခါးရိုးဆစ် ကျိုးပေါက်ခြင်းကြောင့်နာခြင်း။
(င) ကျောက်ကပ် ဆီးအိမ်နှင့် အခြားအကြောင်းများကြောင့်နာခြင်း။

### (က) ခါးရိုးဆစ် အရွတ်ပြား ရွေ့လျားခြင်းကြောင့် နာခြင်း

## ရောဂါ(ဖြစ်ရခြင်း)နိဒါန်း

၁) အလေးအပင် မခြင်း။
၂) ခါးရိုးဆစ်ကို ထိခိုက်မိခြင်း။
၃) အမြင့်မှ ကျခြင်း။
၄) မြေပြင်ကြမ်းပြင်၌ လဲကျခြင်း။
၅) ခါးကုန်းလျက်အနေအထားဖြင့် ကာရှည် အလုပ်လုပ်ကိုင်ရခြင်း။

(၁)အလေးအပင်မခြင်း။ အလေးအပင်များ ပင့်မသောအခါ ခါးမှစ၍ ခန္ဓာကိုယ်အထက်ပိုင်းကို ဖြောင့်မတ်စွာ ထားရပါမည်။ ခါးကို ကုန်းလျက် အနေအထားဖြင့် အားပြု ပင့်မခြင်းဖြင့် ခါးရိုးအဆစ်လွဲကာ ခါးနာတတ်သည်။

(၂)ခါးရိုးဆစ်ကို ထိခိုက်မိခြင်း။ အထူးသဖြင့် အားကစားသမားများတွင် ဖြစ်လေ့ရှိ၍ ထိခိုက်မှုကြောင့် ခါးရိုးဆစ်သည် ရှေ့သို့ ကျွံကာ အာရုံကြောမကြီးကို ထိခိုက်မိသဖြင့် ခါးနာကျင်တတ်သည်။ အောက်ပိုင်းသေသည်အထိ ပြင်းထန်သည်လည်း ရှိ၏။

(၃)အမြင့်မှ ခင်ထိုင်လျက် ကျသောအခါ ခါးရိုးဆစ် အချင်းချင်း ခိုက်မိ၍ ခါးရိုးအရွတ်ပြား ရွေ့နိုင်၏။

(၄)မြေပြင်(ကြမ်းပြင်)တွင် လဲကျသောအခါ များသောအားဖြင့် သေးတိုက်၊ တစောင်းလဲကျလေ့ရှိကြသည်။ အမြင့်မှ ကျသကဲ့သို့ပင် ခံစားရတတ်သော်လည်း ယင်းကဲ့သို့ မဆိုးဝါးနိုင်ပါ။

(၅) ခါးကုန်းလျက် အနေအထားဖြင့် လုပ်ကိုင်ရသော ရွှေပေါ်ထိုးခြင်း။ ပက်လက်ကုလားထိုင်တွင် အထိုင်များခြင်း။ စာရေးစာချီများ။ ဈေးသည်များစသည်တို့သည် ကြာရှည်စွာ ကုန်းနေရခြင်းကြောင့် ခါးရိုးဆစ် ကြွက်သားတင်းခြင်း။ ခါးရိုးဆစ်အရွတ်ပြား ရွေ့လျားခြင်းတို့ ဖြစ်နိုင်၏။

## ရောဂါလက္ခဏာများ

၁။ ခါးတစ်ခိုက်နာခြင်း။
၂။ ခြေထောက်ကိုက်ခဲခြင်း (ရွေ့လျားသည့် ခါးရိုးအရွတ်ရှိရာဘက်ကို လိုက်၍ ဝေဒနာများ ဖြစ်ပေါ်တတ်ရ၏။)
၃။ ခြေသလုံး အပြင်ဘက်နှင့် ပေါင်အနောက်ဘက်တွင် ညောင်ညာကိုက်ခဲခြင်း။
၄။ လမ်းလျှောက်လျှင် ပို၍ နာ၏။ (ခါးနာသူအချို့မှာ လမ်းလျှောက်လျှင် သက်သာသည်ဆို၏။ ထိုသူတို့သည် ခါးရိုးအရွတ်ပြား ရွေ့လျားမှုကြောင့် ခါးနာခြင်း မဟုတ်ပါ။)
၅။ ခြေထောက်တွင် ရံဖန်ရံခါ ထုံကျဉ်ခြင်း။

### (ခ)ခါးရိုးဆစ်မြစ်ခြောက်နာကြောင့် ခါးနာခြင်း

မြစ်ခြောက်နာ(အဆုတ်နာ) ရောဂါဖြစ်နေသူများ၊ ဖြစ်ဖူးသူများ၌ မြစ်ခြောက်နာရောဂါပိုး (တီဘီပိုး)သည် ခါးရိုးဆစ်များကို ဖျက်ဆီးသောကြောင့် ခါးနာရခြင်း ဖြစ်သည်။

တိုင်းရင်းဆေးအယူအဆအရ မြစ်ခြောက်နာကြောင့် တေဇောဓာတ်၊ ဝါယောဓာတ်တို့ ဖောက်ပြန်ကာ ခါးရိုးဆစ် လောင်မြိုက်၍ ခါးနာခြင်း ဝေဒနာကို ဖြစ်စေသည်။

## လက္ခဏာများ

၁။ ခန္ဓာကိုယ်ပိန်ကြုံခြင်း။
၂။ ခါးရိုးဆစ် နှစ်ဆစ်၊သုံးဆစ်တွင်၌ နာကျင်တတ်ခြင်း။

www.burmeseclassic.com

၄။ ထိုနေရာသို့ ဖိ၍ကြည့်ပါက နာကျင်ခြင်း။
၅။ အကြောပြင်ပြင်ရာ၌ နာကျင်သော အဆစ်ကို ဖိလိုက်လျှင် ထေ့ခနဲ ပိုဝိုလာခြင်း။
၆။ ရောဂါသက်တမ်းကြာရှည်လျှင် ခါးရိုးဆစ် ပုံသဏ္ဌာန် ပြောင်းလဲလာခြင်း။

ဤရောဂါမှာ အောက်ပိုင်း အာရုံကြော အားနည်းလာကာ လုံးဝ လမ်းမလျှောက်နိုင်သည်အထိ ဖြစ်တတ်သည်။ အသက်အရွယ် ကြီးငယ်မရွေး ဖြစ်တတ်ပါသည်။

ခါးနာခြင်း သက်တမ်းကြာရှည်လာပါက မြစ်ခြောက်နာ ရှိမရှိ စစ်ဆေးကာ ထိုအနာ(အဆုတ်နာ) အကင်းသေအောင် ကုသမှသာ ခါးနာပျောက်ကင်းနိုင်ပါသည်။

**(၈)သားအိမ်အနေအထား ရွေ့လျားမှုကြောင့် နာခြင်း**

အမျိုးသမီးများ သားအိမ် အနေအထား ပြောင်းလဲမှုကြောင့် သားအိမ်ကို ထိန်းထားသော ဆိုင်းကြောများ၊ ကြွက်သားများကို ဖိညှပ်မိသည်။

ထိုအခါ ကိုယ်ခန္ဓာလှုပ်ရှားမှုကို ချုပ်ပေးသည့် အာရုံကြောများကိုပါ ဖိညှပ်သကဲ့သို့ရှိကာ ခါးနာခြင်း၊ ခြေထောက် ကိုက်ခဲခြင်းများ ဖြစ်စေသည်။

ယင်းအပြင် အစာဟောင်းအိမ်ကိုပါ ဖိမိသဖြင့် ဝမ်းချုပ်ခြင်း၊ တင်ပါးခွက် များခြင်းတို့ ဖြစ်စေ၏။ ဆီးအိမ်ကိုလည်း ဖိထားသကဲ့သို့ရှိ၍ ဆီးအောင့်ခြင်း၊ ဆီး မကြာမကြာ သွားခြင်းတို့ ဖြစ်စေ၏။

အကြောင်းရင်း

(၁) သားသမီးမွေးဖွားသည့် အကြိမ်များခြင်း။
(၂) စနစ်မကျသော ကိုယ်ဝန်ဖျက်ချခြင်း။
(၃) အမျိုးသားများစွာနှင့် ကာမဆက်ဆံခြင်း။
(၄) သားအိမ်ရောဂါတစ်ခုခု ခံစားနေရခြင်း။
(၅) မီးတွင်းမနေမီ ဝါရာတွင် ပုံမှန် မဟုတ်ခြင်း။
(၆) မျက်နှာမြင်ပြီးနောက် စနစ်ကျသော နေထိုင်မှု မရှိခြင်း။
(၇) မကြာခဏ အလေးအပင် မခြင်း။

**(၁) သားသမီးမွေးဖွားမှု အကြိမ်များသူသည်** သားအိမ်ကို ထိန်းသော ဆိုင်းကြောများ၊ အသားမျှင်များ၏ ဆွဲကျုံ့မှုအားနည်းလာကာ သားအိမ် အောက်သို့ လျှောကျတတ်သည်။

**(၂) စနစ်မကျသော ထရားမဝင် ကိုယ်ဝန်ဖျက်ချခြင်းကြောင့်** သားအိမ်ထိခိုက်၍ နေရာပြောင်းရွေ့တတ်သည်။

**(၃)ဆက်ဆံမှု များခြင်းကြောင့်** သားအိမ်ကြွက်သားများ ထိခိုက်ဖန်များခြင်း၊ မသန့်ခြင်းတို့ကြောင့် သားအိမ် ပျက်ယွင်းတတ်သည်။

**(၄)သားအိမ်မကြာခဏ ရောင်တတ်သူများသည်** သားအိမ်ပမာဏ ကြီးလာ၍ အောက်သို့ကျုံကျလာတတ်သည်။ သားအိမ်ခေါင်းရောင်ရမ်းခြင်းကြောင့် တင်းကျပ်နာကျင်ကာ ခါးအထိ ပျံ့နှံ့လာတတ်သည်။

သားအိမ်ရောဂါပိုးကြောင့် သားအိမ် ဆိုင်းကြောများ၊ အသားမျှင်များ ကျုံ့အား နည်း၍ သားအိမ်အောက်သို့ လျှောကျလာတတ်သည်။

**(၅)မီးတွင်းမနေမီ ဝါရာတွင် ပုံမှန်မဟုတ်သော ဆက်ဆံမှုများကြောင့်** သားအိမ်ကို ထိခိုက်ဒဏ်ရာ ရစေတတ်သည်။

**(၆)ကလေး မျက်နှာမြင်ပြီး**



နောက် စနစ်ကျသော နေထိုင်မှု မရှိသဖြင့် မိန်းမ အင်္ဂါရှိ ကြွက်သားများ ဆိုင်းကြောများသည် လုံလောက်သည့် တေခဓ ဓာတ်ကို မရသောကြောင့် ကျုံ့အားလျော့ကာ သား အိမ်လျှောခြင်း၊ သွေးဆင်း ခြင်း၊ ဆီးအောင့်ခြင်း၊ ခါး နာခြင်းတို့ ခံစားရတတ် သည်။ ခါး၌ ဆုပ်၍ ဆွဲ သကဲ့သို့ နာကျင်နေတတ် သည်။

**သားအိမ်ရွေ့လျားပုံ**

(၁) ရှေ့သို့ လျှောကျခြင်း
(၂) အောက်သို့ လျှောကျခြင်း
(၃) နောက်သို့လန်ခြင်း
(၄) ဆီးအိမ်ပေါ်သို့ ထိုးကျခြင်း စသည်တို့ အဖြစ်များကြသည်။

**ရှေ့သို့ လျှောကျခြင်း**

**ရောဂါလက္ခဏာများ**

၁။ ခါး မကြာခဏ တောင့်ခြင်း။ ခါး ဆစ်တစ်ဝိုက် တောင့်တင်းနေခြင်း ဖြစ်၍ ထိုနေရာသို့ ဖိနှိပ်ပါက "မြ ခြောက်နာကြောင့် ဖြစ်သော ခါးနာခြင်း" ကဲ့သို့ နာကျင်မှု တောင့်တင်းမှု လျော့ပါးသော
၂။ ဆီးအောင့်ခြင်း။ ဆီး မကြာခဏ သွားခြင်း။
၃။ မီးယပ်ဖြူဆင်းခြင်း၊ အနည်း သာ ဆင်း၏။ အနံ့ရှိ၏။ ယား မရှိပေ။
၄။ ယောနိလမ်း၌ တစ်ခုခု တစ် သကဲ့သို့ ခံစားရခြင်း၊ သား မွေးဖွားဖူးသူ အမျိုးသမီး ခံစားရသည်။ ဖျို့ရွယ် ...

www.burmeseclassic.com

မမွေးဘူးသူတို့၌ ဖြစ်လေ့မရှိပါ။ ထိုသူတို့၌ ခံစားရသည်ဆိုပါက အရေးကြီးသော ရောဂါတစ်ခုခု ဖြစ်နိုင်သဖြင့် ကျွမ်းကျင်သူများနှင့် တိုင်ပင်ကုသသင့်သည်။

၅။ မီးယပ်မမှန်ခြင်း။ ဆင်းရက် နောက်ကျခြင်း၊ အဆင်းနည်းခြင်းတို့ ဖြစ်တတ်သည်။
၆။ မီးယပ်လာစဉ် အခဲအနည်းငယ်ပါခြင်း။ သေးငယ်သော သွေးခဲများ ပါလာတတ်သည်။

## ၂။ အောက်သို့ လျှောကျခြင်း

### ရောဂါလက္ခဏာများ

၁။ ခါးနာခြင်း။ ခါးနေရာမှ အထက် အရိုးဆစ်နေရာများ၌ လုံးဝ နာကျင်မှု မရှိပါ။
၂။ မေထုန်မှီဝဲစဉ် အလေးအပင်မ,စဉ် တို့၌ ပို၍ ခါးနာဝေဒနာ ပိုမိုတတ်သည်။
၃။ သားအိမ်ကျုံကျနေသည်ကို မိန်းမကိုယ်အဝ၌ပင် မြင်တွေ့နိုင်ခြင်း။
၄။ မကြာခဏ ဆီးအောင့်ခြင်း။
၅။ အဖြူဆင်းခြင်း။ ပမာဏ များသည်၊
၆။ မကြာခဏ ဖျားတတ်ခြင်း။
၇။ မြီးညှောင်းရိုးတစ်ပိုက်နှင့် တင်ပါးခွက်တစ်ပိုက် တောင့်တင်းနေခြင်း။
၈။ လမ်းလျှောက်သောအခါ ပုံမှန်မဖြစ်ဘဲ ကုန်းကွနေတတ်ခြင်း။

## ၃။ နောက်သို့ လန်ခြင်း

### ရောဂါလက္ခဏာများ

၁။ ခါးနာခါးအောင့်ခြင်း။ အကြောပြင် ဖိနှိပ်လျှင် မနာ၊ အနည်းငယ်သာ သက်သာ၏။
၂။ မေထုန်မှီဝဲစဉ်၊ အလေးအပင်မ,စဉ် တို့၌ ခါးနာ၊ ခါးတောင့်ခြင်းပိုမိုဆိုးပါ၏။



၃။ မွေးတာလာသည့်ရက်တွင် စအိုဝ၌ နာကျင်ခြင်း၊(အတွင်းမှ ဆုပ်ဆွဲသကဲ့သို့ နာကျင်၏။)
၄။ မီးယပ်နောက်ကျခြင်း။
၅။ ဝမ်းမထိန်းနိုင်ခြင်း။
၆။ တင်ပါးဆုံခွက်၊ တင်ပါးဆုံအကြောများ မကြာခဏ တောင့်တင်းခြင်း။
၇။ မျက်ခွံမို့နေတတ်၏။ ***(အပေါ်အောက် မျက်ခွံများ ဖောင်းနေတတ်၏။)***
၈။ အသားအရေ ညိုညစ်ခြင်း၊ ***(အသားအရေ ရှိုးပြည့်မှုမရှိ၊ ခုမ့်ရှိရင်းထက် မွဲပြာနေတတ်၏။)***

## ၄။ဆီးအိမ်ပေါ်သို့ ပိုက်ကျခြင်း

### ရောဂါလက္ခဏာများ

၁။ ဆီးမကြာခဏ သွားခြင်း။
၂။ ဆီးအောင့်ခြင်း။
၃။ ဆီးအိမ်ရောင်သကဲ့သို့ရှိခြင်း။
၄။ ဆီးခုံတင်းခြင်း။
၅။ သီခရုဆီ (လိင်စရာရည်ထွက်လာခြင်း။) ဖြစ်ခြင်း။

သားအိမ်သည် ဆီးအိမ်ပေါ်သို့ ဖိသဖြင့် အင်္ဂါဇာတ် အထိန်းကြောများ ထိခိုက်ကာ ရှေ့သို့ထွက်လာခြင်းဖြစ်သည်။

၆။ ခါးတွင် ဆုပ်ဆွဲသကဲ့သို့ နာကျင်ခြင်း။
၇။ အလိုလို စွမ်းလျ နုံးချည့်နေတတ်ခြင်း။

## (၈)အိပ်မပျော်ခြင်း

(ကျန်းမာရေး ကောင်းမွန်သည့် သာမန် အမျိုးသမီးတစ်ယောက်သည် ဆီးအိမ်၌ ဆီးပမာဏ ၃၀၀ml ပြည့်လျှင် ဆီးသွားလိုစိတ် ဖြစ်ပေါ်၏။

ဆီးအိမ်ပေါ်သို့ သားအိမ်ပိုက်ကျ ဖိနှိပ်ထားခြင်းကြောင့် ဆီးပမာဏ ၁၀mlရှိလျှင်ပင် ဆီးသွားလိုစိတ် ဖြစ်ပေါ်၏။

ထို့ကြောင့် မကြာခဏ ဆီးသွားခြင်းလက္ခဏာ ဖြစ်ပေါ်သည့်အတူ ထိုသို့ ဆီးမကြာခဏ သွားလိုစိတ်က အိပ်မပျော်အောင် ဟန့်တားနေသကဲ့သို့ ဖြစ်ရပေသည်။)

## (၉)ခါးရိုးဆစ် ဝဲယာနှစ်ဖက်တွင် နာကျင်နေခြင်း

ကလေးနှစ်ဦးထက် ပို၍ မွေးပြီးသူများတွင် အဖြစ်များသော သားအိမ် လျှောကျခြင်း လက္ခဏာတစ်ရပ် ဖြစ်သည်။

## (၁၀)အောက်မျက်ခမ်း တွဲကျခြင်း

(ဝိဓလိင်စေ့ ရည်ထွက်လာခြင်းနှင့်အတူ အောက်မျက်ခမ်းများလည်း တွဲကျလာတတ်သည်၊ လက်ဖြင့် ထိကိုင်ကြည့်ခြင်းဖြင့် အောက်မျက်ခမ်း လျော့ရဲတွဲကျနေသည်ကို သိနိုင်ပါသည်။)

**ရှေ့လ ဆက်ဖော်ပြပါမည်**

**((ခွန်ရိုင်းဝမ်း))**

www.burmeseclassic.com

# ကျွဲနွား ခွာနာလျှာနာရောဂါ





ထူးသဝေ

စာရေးသူတို့ မြန်မာနိုင်ငံတွင် မကြာမီက ထူးကဲစွာမြင့်မှန်ရှုလိုင်လ အတွင်းမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူများနှင့် ကျွဲနွားများ တိရစ္ဆာန်များ အတိဒုက္ခ ရောက်ခဲ့ရသည်။

ထို့ပြင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း ဆက်လက်၍ မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ကာ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရပြန်ပါသည်။

စာရေးသူတို့ မြန်မာလူမျိုးများသည် ဖော်ရွေကြသည်။ သူတစ်ပါးကို သနားကြင်နာတတ်ကြသည်။ လိုအပ်သူကို ကူညီတတ်ကြသည်။ စုပေါင်း လုပ်ဆောင်တတ်ကြသည်။ ပရဟိတစိတ်ဓာတ် အပြည့်အဝရှိကြသော လူမျိုးများဟု ဆိုရပါက လွဲမည်မဟုတ်ပါ။

ဘေးသင့်ပြည်သူများအား ဝိုင်းဝန်းကူညီ လှူဒါန်းနေကြသည့် အဖွဲ့အစည်းအသီးသီးအား တွေ့မြင် ကြားသိနေရခြင်းအားဖြင့် သိနိုင်ပါသည်။

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရ လူများအတွက်သာ မဟုတ်ဘဲ ဘေးကြောင့် အစာရေစာ ပြတ်လပ်နေရှာသော ကျွဲနွားတိရစ္ဆာန်များအတွက်ပါ နိုကျွာများ လှူဒါန်းနေကြသူများပါ တွေ့မြင် ကြားသိရပါ၍ စာရေးသူအနေဖြင့် သာဓုခေါ်မိရပြန်ပါသည်။

စာရေးသူတို့၏ ဗုဒ္ဓဘုရားသည် **"အလိုအပ်ဆုံးသူကို လှူဒါန်းရခြင်းသည် အမြတ်ဆုံး"**ဟု ဟောကြားတော်မူခဲ့သည် မဟုတ်ပါလော။

တောင်သူလယ်သမားများ အနေဖြင့် ယခုကဲ့သို့ ရေကြီးရေလျှံမှုများကြောင့် မိမိတို့ မွေးမြူထားသော ကျွဲနွား တိရစ္ဆာန်များ ရောဂါများ ကပ်ရောက်နိုင်ပါသည်။

မိုးရာသီဖြစ်ကာ ရေကြီးရေလျှံမှုဖြစ်၍ စွတ်စိုနေသော မြေများကြောင့် ဖြစ်သည်။ ဖြစ်ပွားနိုင်သော ရောဂါများမှာ ကျွဲနွား ဒေါင့်သန်းရောဂါ၊ သည်းချောင်းကွဲရောဂါ၊ ပေါင်မှုပ် ထက်မှုပ်ရောဂါ၊ **ခွာနာလျှာနာရောဂါ**စသည့် ရောဂါများဖြစ်သည်။

ခွာနာလျှာနာရောဂါဖြစ်ပါက ဆေးမြီးတိုနည်းဖြင့် ကုသပေးနိုင်ပါရန် မသိရှိသေးသည့် တောင်သူလယ်သမားများအား တင်ပြလိုက်ပါသည်။

[illegible] မိမိတို့ မွေးမြူထားသည့် ကျွဲနွားများ ခွာနာလျှာနာဖြစ်ပြီဆိုပါက [illegible] ကျွဲနွား လျှာ [illegible] [illegible]။

[illegible] လျှာပေါ်တွင် [illegible] ကုသပေးရပါသည်။

တစ်နည်းမှာ တောစပယ်မြစ်ကို ထောင်း၍ လျှာပေါ်တွင် ဖြူးပေးကာ ကုသနိုင်ပါသည်။

ခွာနာကို ရေနွေးကြမ်းပန်ဖန်နှင့် ဆေးကြောပေးကာ တမာခေါက်၊ မာလကာခေါက်၊ လိမ်ခေါက်တို့ကို သွေး၍ လိမ်းပေးကာ ကုသနိုင်သလို **ထင်းရှူးဆီ ထစ်ဆေး ဆီ** ဝါးဆေးရော၍ လိမ်းပေးခြင်းတို့ဖြင့် ကုသရသလို ရေနံချေး လိမ်းကာ ကုသနိုင်ကြောင်း ရေကြီးရေလျှံဖြစ်၍ ဒုက္ခများတွင် နေရရှာသော ကျွဲနွားတိရစ္ဆာန်များအား မေတ္တာထား၍ တင်ပြအပ်ပါသည်။

[ဆေးနည်းများ ပြောပြသော ဆရာမောင်စနကောင်း (ဝက်သက်)အား ကျေးဇူးတင်စွာဖြင့်...]

ကိုကိုအောင်(မြကန်သာ)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျီးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်

ဦးဥာဏ်ထွန်းရှိန် (ဆက်မှ-၁)

'ဟော့... ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ ဆယ်တိုင်များ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျီးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျီးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျီးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရှေ့နေကြီး ဦးညွန့်လှိုင် (ညောင်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ဖော်စပ်လုပ်ထားတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျီးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးပါ ဆရာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အစာရှိရင် အဆိပ်ရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျီးပေါင်းတို့ ခါးကျီးပေါင်း၊ ဒူးဆစ်ကျီးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးတတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုံ့ပြီနွမ်းကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျီးပေါင်း ရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးကို အရင့် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျီးပေါင်းနဲ့ ခါးရိုးကျီးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၈၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆေဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျီးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထုံခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုတက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်နိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်မြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်များများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဇယို အာရုံကြောကြီးတွေကို အရိုးကျီးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုဖြစ်နေရင် အောက်ပိုင်းလေလဖြစ်ခြင်း၊ ထွေခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျီးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေပါ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com






ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆၇၀၀

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က ကြာမင်း အရိုးကျီးပေါင်းပျောက်သောက်ဆေး လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျီးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျီးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ ကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး၊ ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ ကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျီးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း။ ကျီးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျီးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ ကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေး လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး၊ လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး ကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်,လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျီးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ ကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျီးပေါင်းရောဂါ၊ ခါးရိုးကျီးပေါင်းရောဂါဝေဒနာမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့် အတိုင်းပေါ့လေ။ အရိုးကျီးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျီးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုညာထွန်းမြိုင်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ ကြာမင်း အရိုးကျီးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျီးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ ကြာမင်း အရိုးကျီးပေါင်းပျောက်ဆေး။ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းအတိုင်း စနစ်တကျ သောက်ကြ၊လိမ်းကြရင် အရိုးကျီးပေါင်းရောဂါဝေဒနာမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျီးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျီးပေါင်း။ ခါးရိုးဆစ်ကျီးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်က လက်တွေ့ ပျောက်ကင်းတဲ့ ကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး။ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဒုက္ခ အရိုးကျီးပေါင်းရောဂါရှင်များအနေနဲ့ ကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေး။ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျီးပေါင်းရောဂါဝေဒနာမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားစေနှာ် "ကြာမင်း"လို့ မေးဝယ်ပါ။

[illegible]

**ကြာမင်းဆေးတိုက်**

အမှတ်-၀/၆၆၆ သုဝဏ္ဏလမ်းမကြီး

သစ္စာမှတ်တိုင်အနီး

မြောက်ဥက္ကလာပမြို့နယ်။

ဦးညာဏ်ထွန်းမြိုင် (တက်မှ-၁)



www.burmeseclassic.com

www.burmeseclassic.com



မြင်းကုန်းပင်

# နီးမဒေါ်ဆရာ ဦးကျော်ညွန့်၏

## ဆေးပင်၊ ဆေးရွက်များနှင့် ဆေးမြစ်များ

အိုးသွား ဆေးသမား

'နီးမဒေါ်ဆရာ'ဟု နာမည်ကြီးသော ဦးကျော်ညွန့်နှင့် တွေ့ဆုံရန်အတွက် သူနေထိုင်ရာ သံဖြူရေခံမြို့နယ်၊ ခင်းရဲကျော်ရွာသစ်၊ နေအိမ်သို့ ရောက်ရှိသောအခါ လိုက်လှဲပျူငှာစွာ ကြိုဆိုလေသည်။

အသက်(၃၀)ခန့်သာ ရှိသေးသောကြောင့် သူ၏ပညာဂုဏ်အား ပိုမိုလေးစားမိရသည်။

'ဆေးပညာကို ဘယ်တုန်းက စပြီး သင်ယူခဲ့တာလဲ'

'အဘိုးလက်ထက်က ထားခဲ့တဲ့ ရှေးဟောင်းဆေးကျမ်း မှုန်ပေစာတွေက ကျွန်တော့်ကို ဆေးပညာနဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။ သမားတော်မျိုးရိုးမို့ မှန်စာပေ တတ်ကာစ သာမဏေအရွယ်ကတည်းက ဆေးပညာနဲ့ ရင်းနှီးပြီး၊ အခု သင်ယူထားတဲ့ အဘိဓမ္မာဆောင်သာ ဆေးပညာကိုတော့ လွန်ခဲ့တဲ့(၈)နှစ်လောက်မှာ စတင်သင်ယူပါတယ်။ ဥပဇ္ဈာယ်ကတော့ မြိတ်မြို့ ရေတာန်းရပ်က ဆရာကြီး ဦးသန်းတင်ပါ'

'ကိုယ်တိုင်ဖော်စပ်တဲ့ ဆေးနည်းတွေထဲက တချို့ကို ဒါနပြုနိုင်မလား'

'ရပါတယ် ဘိုးဘွားအစဉ်အဆက် သုံးခဲ့တဲ့ မှုန်ပေစာဆေးကျမ်းထဲက လက်တွေ့သုံးဆေးနည်းတွေ ပြောပြပါမယ်'

ဦးကျော်ညွန့်သည် ခြံဝင်းအတွင်းသို့ ခေါ်သွားကာ နှင်းရွက်သဏ္ဍာန် အပင်ကလေးများကို ညွှန်ပြသည်။

'မြင်းကုန်းတဲ့ ရှမ်းဆေးပင်ပါ။ "ဒိုးအလွတ်"ခေါ်တဲ့ "ဆေးတောင်"မှာသာ တွေ့ရတယ်။ (ရေမြို့အရှေ့ဘက်အစွန် တောနက်ထဲမှာ ရှိသည်) သဏ္ဍာန်တူ အပင်တွေပေါ်တယ်။ မြင်းကုန်းအစစ်ကတော့ ခုတ်လုံးလောက် ဥအမြစ်ရှိတယ်။ အပင်အရွက် ဘယ်လောက်ကြီးမားထွားကျိုင်းပါစေ ဥအမြစ်က ကြီးမလာပါဘူး။

မြင်းလားတစ်ကောင် ဆေးနည်း ဖော်စပ်ရာမှာ အဓိကကျတဲ့ ဆေးမည်ပါ။ 'အဲဒီဆေးကို ဆီး(ဇီး)စေ့လောက် လုံးထား။ ထမင်းစားပြီးတိုင်း (၃)လုံး စားပေးရတယ်။ အကျိုးကတော့ ဘယ်လောက်မြင့်မားတဲ့တောင် ဖြစ်ပါစေ အမောလုံးစွာနဲ့ တက်ရောက်နိုင်တယ်။ ခရီးဝေး ခရီးကြမ်း သွားနိုင်တယ်။ အနည်းငယ် မောပန်းတာရှိပေမယ့် ခြေကုန်လက်ပန်း ကျသွားတာမျိုး မဖြစ်ဘူး။ အသက်နဲ့အမျှ ကျန်းမာစေပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



◆ [illegible]

ဂမုန်းနီ

## မြင်းလားတစ်ယောင်ဆေးနည်း

| | |
|---|---|
| မြင်းကမုန်း | (၁)ကျပ်သား |
| နနွင်းခါး | (၁)ကျပ်သား |
| တောင်မုရိုးခေါက် | (၁)ကျပ်သား |
| *(အရွက်ရှုန်မျိုးကိုသုံးသည်။)* | |
| ရှက်ခါးပွင့်ပါး | (၁)ကျပ်သား |
| တရုတ်စံကားနီအခေါက် | (၁)ကျပ်သား |

ဆေး(၅)မည်အား အမှုန့်ပြု ကြောက်သွေ့စေလျက် ဆီး(ဝီး)ရေခန့် လုံး၍ လေလုံအောင် ထားရသည်။

## ဂမုန်းနီ

ဂမုန်းနီမှာ အရွက်အလယ်ကြောနီ ကာ အရိုးအပင်နီသည်။ ဥမှာ ခရမ်းပြာ ရောင်ရှိ၍ ချိုးဖဲ့လိုက်ပါက တဖြည်း ဖြည်း နက်ပြာရောင်သို့ ပြောင်းလဲသွား သည်။ ယင်းအား သွေးအန်၊ သွေးကျ နှင့် သွေးကင်ဆာ ရောဂါများအတွက် သတ္တုရည် သို့မဟုတ် အရွက်ခြောက် မှုန့်အား အသုံးပြုကြောင်း သိရသည်။ ပမာဏမှာ ရောဂါအခြေအနေနှင့် ချင့်ချိန်ကာ ပေးရခြင်းဖြစ်သည်။

## ဓာမနီရွက်

ဓာမနီရွက်မှာ မြွေမင်းအဆိပ်ဖြေ ရွက်ကဲ့သို့ အနားတွင် ခွဲသွားစိပ် များ ပါရှိသည်။ အရွက်မှာ အနည်းငယ် ကြမ်း၍ မာခြောက်သည်။ ရွက်ကြော ထင်ရှားသော်လည်း မြွေမင်းရွက်ကဲ့သို့ သံဆန်ခါကွက် မပါရှိချေ။

အရိုးကျိုး အရိုးကြေခြင်း၊ အသား ကြေခြင်း၊ အဆစ်လွဲခြင်း စသည်တို့ အတွက် ယင်းပွင့်ပါးအား ထုထောင်း ကာ လိမ်းအုံ ကျပ်စည်းပေးခြင်းဖြင့် အနာမရင်းစေဘဲ သက်သာ ပျောက်ကင်းစေလေသည်။

## အနာပေါက် အုံဆေး

- ✤ သဲဆပ်ပြာ၊
- ✤ ယဓောက်ထုံး
- ✤ ဆံပင်ပြာ
- ✤ ပီရွက်မှိုင်း
- ✤ ပိန္နဲသီးအူတိုင်ပြာ(အိမ်မျှော့)

တို့အား ဆတူ သမအောင်ရောပါ မန်ကျည်းစေ့ခန့်ယူ၍ ရေတ်သီးတ[illegible] တောင့်အမှုန့် ချဉ်ပေါင်တက်ရွက်





www.burmeseclassic.com

www.burmeseclassic.com



◆ ဘာမျိုးရွက်

◆ တောင်စုရှိုးရွက်ချွန်



လုံးထား ရောဂါသည်ချိန် တွင် ရေအေးဖြင့် တစ်လုံးမှ သုံးလုံးအထိ သောက်ပေးရသည်။

ဆရာ ဦးကျော်ညွန့်သည် သူ့လက်တွေ့ ကုသအောင်မြင်ခဲ့သော မှန်တိုင်းရှင်းသားရိုးရာ ဘိုးဘွားစဉ်ဆက် ဆေးနည်းများစွာအား စိတ်အား ထက်သန်စွာ ဒါနပြုလိုသော်လည်း အချိန် အားနည်းသဖြင့် ပြန်လည် ဆုံတွေ့ကြပါစို့ဟူ၍ နှုတ်ဆက် ထွက်ခွာလာရလေသည်။

အခင်းကွမ်းသီးလုံးခန့်တို့အား ရေကြိတ်ကာ အနာဝတွင် အုံပေးရသည်။ သွေးပြည်နှင့်တကွ အနာမျိုးစေ့များပါ နုတ်ယူနိုင်စွမ်း ရှိလေသည်။

ချောင်းဆိုး တီဘီ အဆုတ်နာ

တောင်စုရှိုးအခေါက် မှုန့်အား ပျားရည်နှင့်ဖော်ကာ ဆီး(ဖီး)ကင်းခန့်

ခရီးသွား ရေးသောများ



www.burmeseclassic.com

www.burmeseclassic.com

# မြတောင်ပို့အတွင်းမှ

## ထူးခြားသော မြအမြုတေ

ရဲစိုးသူ (ဓာတ်ပြိုင်)
သစ်တစ်ပင်စခန်း



မြအမြုတေ

'စိတ်ပျက်စရာကွာ ဘယ်လောက်တောင် ပြေးနေတာလဲ'

ကိုနက်ပြာတစ်ယောက် ချိတ်လုံ တန်းလန်းဖြင့် ဦးတည်ရာမဲ့ ပြေးနေသော ဆတ်ဖားကြီးနောက် လိုက်ခဲ့ရာ မောပန်းလွန်း၍ တစ်ယောက်တည်း ညည်းညူနေလေသည်။

သခင့်အလိုကျ ခွေးနှစ်ကောင်သာ ဆတ်ဖားကြီးနောက် ပြေးလိုက်သွားတော့သည်။ နှစ်ပေါင်း သုံးဆယ်ကျော်မျှ တောလိုက်မုဆိုးဘဝ ကျင်လည်ခဲ့သော ကိုနက်ပြာတစ်ယောက် ထူးထူးဆန်းဆန်း ကြုံရပုံက ဆပ်ပြာကို ရေမြှုပ်ရော်ကာပွတ်တောင်းမှုတ်သလိုမျိုး ထရူးရူး ရေမှုန်များ ထွက်နေသည့် မြတောင်ပို့အား အံ့သြစွာ ကြည့်နေပြီ။

မရေမရာမဟုတ် ကိုယ်တိုင်ကိုယ်ကျ မြင်ရသော အလင်းရောင်စဉ်ကြောင့်လည်း ရုတ်တရက် ကြောက်နေပြန်လေသည်။

ပလ္လဝ ချောင်းဆုံရွာတွင် ကိုနက်ပြာဟု ဆိုပါလျှင် မသိသူ မရှိသော မုဆိုးကျော်တစ်ဦး ဖြစ်ပါသည်။ ကိုနက်ပြာဆိုသည့်အတိုင်း မည်းနက်သော အသားအရေပိုင်ရှင်လည်း ဖြစ်လေသည်။

**ချောင်းဆုံရွာသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း တည်ရှိပြီး** ချင်းတွင်းမြစ်ကမ်းနံဘေး ပလ္လဝရွာမှ အတွင်းသို့ သုံးမိုင်ခန့် ဝင်ရောက်မှသာ ရောက်ရှိနိုင်လေသည်။

တောသူတောင်သား သဘာဝ ယာခင်းလေးများ စိုက်ပျိုးခြင်း၊ မုဆိုးလုပ်ငန်း လုပ်ကိုင်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုသော ရွာငယ်လေး ဖြစ်ပါသည်။

ယခင်ကာလက ကလေးမြို့နှင့် ဆက်သွယ်ရန် ကုန်းလမ်း၊ ရေလမ်း နှစ်သွယ်ရှိရာ ရေလမ်းကြောင်းမှ ချင်းတွင်းမြစ်ကြောင်းအတိုင်း လွယ်ကူစွာ သွားလာနိုင်သော်လည်း ကုန်းလမ်းဖြင့် သွားလာရန် ခေါင်းလဲခက်ခဲလှပါသည်။

ချောင်းဆုံရွာလေးသို့ သစ်ခုတ်လုပ်ရေးတာဝန်ဖြင့် ရောက်ရှိခဲ့စဉ် အဘဦးနက်ပြာ ခေတ္တ တွေ့ဆုံစကား ပြောခဲ့ဖူးပါသည်။

ပလ္လဝရွာမှ ချောင်းဆုံသို့ သွား ရောက်ခဲ့ရာ လှည်းသွားလမ်းတစ်လျှော ချောင်းငယ်လေးများ ရှိ ကျောက်မီးသွေးများ ရေစီးနှင့် မျောပါနေတတ်၍ ကျောက်မီး ပေါ်မည်ဟု စိတ်က မှတ်ချက်ပြု သည်။ ကျွန်တော်မှ...

'အဘက မြတောင်ပို့ကို ဘယ် ထင်သွားလဲ'

"ဒီလိုကွယ်... အဘက မြတော အရောင်တွေ ထွက်နေတော ချာချာ ရပ်ကြည့်နေမိတော့



www.burmeseclassic.com

www.burmeseclassic.com

မှင်တက်ပြီးနေတာ ငါးမိနစ်လောက်တောင် ကြာသွားမယ်ထင်တယ်။ ဦးနောက်က ချက်ချင်း အဖြေတစ်ခု ထွက်တယ်။

ဘာအဖြေလဲဆိုတော့ ချင်းတွင်းမြစ်ထဲ ကောင်းကင်ပြင် ကယ်အလွှင် သက်တံကြီး ရောင်းသောက်တဲ့ နေရာဟာ ဒီမှာဆိုတဲ့ အဖြေပေါ့'

'ဒါဆို အဘလိုက်တဲ့ ဆတ်ဖားကြီး မရလိုက်တော့ဘူးလား'

'ဆတ်ဖားကြီးကို ရတယ်။ အဘတို့ မုဆိုးတွေမှာ ခွေးကောင်းတွေရှိတယ်။ သေသေချာချာ မွေးမြူလေ့ကျင့်ထား တော့ သားကောင်ရတဲ့ အထာကို မုဆိုးလိုပဲ သိတဲ့ ခွေးမုဆိုးတွေလို့ ဆိုရမှာပေါ့။

ဖြစ်ချင်တော့ ချိတ်လုံ့ထိထားတဲ့ ဆတ်ဖားကြီး အသားထဲနစ်ပြီး အရေ ခွံမှာ တွဲလောင်းချိတ်နေတဲ့ ဒဏ်ရာ ရယ်၊ မောလွန်းလို့ မပြေးနိုင်တာ ကြောင့် ဆတ်ပြန်ခံတယ်လို့ ခေါ်တယ် ကွယ်။ ဦးခေါင်းကို ပြန်လှည့်ပြီး ရင်ဆိုင်တယ်။

အဲဒီမှာ လူနဲ့ခွေး ဟန်ချက်ညီစွာ သားကောင်ကို အပိုင်လုံ့ကြရတဲ့ အလုပ်ဆိုတော့ အန္တရာယ်ကြီးပြီး သတိရှိရတယ်'

'အဘကြုံရပုံက စိတ်ဝင်စားစရာ ပဲ'

'စိတ်ထဲမှာ ဒီခြတောင်ပို့ထဲ ထူးခြား တဲ့ အကြောင်းတရားတော့ ရှိလိမ့်မယ် လို့ တွက်တယ်။ တီတီကျကျ နေရာ မှတ်ပို့ ရှာကြည့်တာ ကုန်းသေဖန်းပင် ကြီးကို တွေ့လို့ တာနဲ့ ထစ်ခဲ့တယ်။

အဘက မုဆိုးဖို့ သားလေးတစ် ယောက်ရှိတယ်။ သားနာမည်က ဖိုးနီ တဲ့။ ပြန်ရောက်ပြီး သားကို ပြောပြ တော့ ကလေးအထင် ရွှေငွေတွေရှိမှာ လို့ ထင်တာပေါ့။ အဖေ ဘယ်သူမှ မပြောနဲ့ သားအဖနှစ်ယောက် သွားတူး ကြမယ်ပေါ့'

'သားအဖနှစ်ယောက် တကယ် သွားတူးကြတာပေါ့'

'တောတောင်တွေထဲ သွားလာနေ ကျ မုဆိုးတွေဆိုတော့ ကုန်းသေဖန်းပင် ကြီးနားက ခြတောင်ပို့ကြီးဆီ ချောချောမောမော ရောက်ကြတယ်။

ခြတောင်ပို့ကြီးကို သားအဖနှစ် ယောက် ဘုမသိ ဘမသိ ထိုင်ပြီး ကန်တော့၊ နှုတ်ကလဲ တတ်သမျှ သိသမျှ တိုင်တည်ကြပြီး ပေါက်ပြား၊ တူးရွင်းတွေနဲ့ အားပါးတရ တူးကြ တယ်'

'ဘာတွေ့လဲ အဘ'

'တွေ့တာ။ သစ်သားချောင်းကြီးလို လေးလေးစီး သံလို ဖြစ်နေတဲ့အရာကြီးမှာ အရစ်ရစ် အထပ်ထပ် အနှစ်သားက အလယ်မှာ တည်နေတဲ့ ခြသံချောင်းကြီး ကိုပေါ့

နောက်မှ သူများပြောလို့ သိရတာက ပျဉ်းကတိုးသံလို့ ခေါ်တယ်ဆိုပဲ။ အလယ်အနှစ် အသားအရောင်က ပြာနှမ်းနှမ်း ဖြူတုတု အရောင်ကွယ့်

သားကတော့ စိတ်ပျက်သွားပုံရတယ်။ သူမျှော်လင့်ထားက ရွှေငွေ အထားကိုယ် တိုင်ကလဲ ရွှေငွေတွေပြီး ရှုံးသလားလို့ ထင်ခဲ့တာပေါ့'

'အဲဒါပဲ တွေ့တာလား အဘ'

'ထူးခြားတာ ပြောရရင် သစ်သား ချောင်းလိုလို သံလိုလို အချောင်းကြီးရဲ့ အသားက ဆတ်ပြီး ကျိုးနေတာ။ အပေါ်ပိုင်း အကျိုးပေါ်မှာမှ နို့မှုန့် ခြောက်လို ခွက်အသွင် ဖြစ်နေပြီး အဲဒီထဲမှာ အကြောမျှင်တွေ ထောင် ပြီး ထနေတဲ့ ငုံခွေကြီးအရွယ် ညိုညစ် ညစ် အမည်းရောင် ခြမြေစေး တစ်လုံးကို ရခဲ့တယ်။

သား ဖိုးနီကတော့ ဘာလုပ်မှာလဲ အဖေရယ်ပေါ့။ အဘကတော့ ဒါဟာ ခြအမြုတေပဲလို့ သိခဲ့တယ်'

'သစ်သားလိုဖြစ်နေတဲ့ ပျဉ်းကတိုးသံ တွေ အဘ..မယူခဲ့ဘူးလား'

'အပိုင်းအစတွေ တော်တော်များ များ ယူခဲ့ကြတယ်။ ရွာပြန်ရောက်တော့ မိတ်ဆွေရင်း ဘဝတူ လူတွေကို ပြောပြ တယ်ပေါ့။ အဲဒီအကြောင်း လူအချင်း ချင်း သတင်းဆောင်လိုက်တာ ကလေးဝမြို့က အင်္ဂလိပ်ဆရာကြီး ဦးလှကြိုင်ဆီ ရောက်တော့တယ်။

ဦးလှကြိုင်က အဘနာမည်တပ်ပြီး ချောင်းဆုံကို ရောက်လာတယ်။ ပစ္စည်းကိုကြည့်ပြီး အလွန် အံ့ဩပုံရ တယ်။ နှုတ်မှလဲ **"တသက်လုံးအမှန် ခြတို့ရဲ့ အမြုတေအစစ် တကယ်ဖြစ် နေတာကိုး"**လို့ ပြောပြီး ခဏခဏ လက်နဲ့ ဆကြည့်လိုက်၊ ရှိုက်သောက် လိုက် လုပ်နေတော့တယ်'

'အဘပြောတဲ့ ကလေးဝက အင်္ဂလိပ်ဆရာကြီးက အမြုတေကို မတောင်းဘူးလား'

'လိုတာတော့ လိုချင်မှာပေါ့။ မတောင်းဘူး အဘကို အကြံတစ်ခု ပေးတယ်။ **"မောင်နက်ပြာ အကျိုး သိမှ အကျိုးရှိပြီး တန်ဖိုးကြီးပေတယ်။ ဒီတော့ ထို့ရဲ့အဘိုး ကလေးဝဆရာ တော်ကြီးကို ပြကြည့်လိုက်၊ ထူးခြားပါ ပေလိမ့်မယ်"**လို့ ပြောပြီး ပြန်သွားတယ်'

'အဘကရော အဘိုးကလေးဝ ဆရာတော်ကြီးကို သွားပြလိုက်လား'

'အဘိုးကလေးဝ ဆရာတော်ကြီးကို အဘတို့ ကလေးဘုန်းကြီးကျောင်း မှာ ဖူးမြော်ကန်တော့ဖူးတယ်။ ထူးခြား တဲ့ ရုပ်ရည်ရှိတဲ့ ဆရာတော်ကြီးကို အစကတည်းက ကြည်လဲ ကြည်ညို တယ်။ ဒီတော့ ဆရာတော်ကြီးထံ


(စာမျက်နှာ (၁၆၀) သို့)

www.burmeseclassic.com

၂၀၀၀ ပြည့်နှစ်တွင် ထားဝယ် ရှင်ကိုးရှင်စေတီများ ပူဇော်မှုနှင့်အတူ **အရှေ့ဝါဓေဝီ မာဆောဗိုဘုံဘုရား** ကျောင်းသို့ ဝင်ရောက်လေ့လာကြည့်ရှုဖြစ်ရာ တရုတ်အမျိုးသား ဦးသန်းဌေးက ပြည့်စုံစွာ ကူညီပေးသည့်အပြင် ပုလဲဘုရားတစ်ဆူကိုလည်း လှူဒါန်းပေးခဲ့၏။

**မာဆာဗိုသည် အရှေ့တိုင်းတွင် ကျင်လည် ကျွမ်းကျင်သောသူများကို ကူညီစောင့်ရှောက်သောသည့် နတ်ဘုရားဖြစ်သည်။**

သို့ဖြစ်၍ ဤပူဇော်မှုခရီးတွင် အရှေ့ဝါထွက်ပစ္စည်းကို ထွင်းလုပ်ထားသည့် ဘုရားရုပ်ပွားပုံတော် လက်ဆောင်ရသဖြင့် ကံလာဘ်မြင့်မား တက်ကြွခြင်း၊ နိမိတ်အဖြစ် အားရဝမ်းသာလက်ခံကာ နေအိမ်တွင် ပူဇော်ထားခဲ့သည်။

ပုလဲဘုရားဟု ဆိုသော်လည်း ပုလဲလုံးကလေးများဖြင့် ရုပ်ပွားပုံတော် ပြုလုပ်ဖန်တီးထားခြင်း မဟုတ်ပါ။ **မုတ်ကောင် (ပုလဲဖြစ်စေသော ပင်လယ်ယောက်သွားတစ်မျိုး)** ၏ အခွံအတွင်းပိုင်း ပုလဲရောင် ထနေသည့် မုတ်ခွံအစိတ်အပိုင်းကို ဘုရားရုပ်ပုံတော် ထွင်းထားခြင်းဖြစ်သည်။

ရှေးမြန်မာ နံရံဆေးရေးပန်းချီကဲ့သို့ နှစ်ဖက်မြင် (2.D)ရုပ်ပုံတော်ဖြစ်၍ သုံးဖက်မြင်(3.D)ရုပ်တုရုပ်ကြွ ဆင်းတုတော် မဟုတ်ပေ။

မုတ်ကောင်သည် ကိုယ်အတွင်းမှ ကြွေကဲ့သို့သော အရည်များ အထပ်ထပ် ညှစ်ထုတ်ခြင်းဖြင့် ပုလဲဖြစ်ပေါ်လာသည်ဖြစ်ရာ ထိုရုပ်ပုံတော်သည် ပုလဲရတနာနှင့် ဓာတ်(အစပြုရာနေရာ)ချင်း ထပ်တူကျသကဲ့သို့ **"ပုလဲဘုရား"** ဟူသော အမည်ပညတ်အရလည်း နံတူထပ်ထားခြင်းဖြစ်

# ပုလဲဆင်းတော်ဘုရား

နှင့် လွတ်မြောက်ခြင်း အစီအရင်

ထက်မြင့်ကျော်စွာ



• သာမန်အလင်းရောင်ဖြင့် ရိုက်ကူးသော (ပုလဲဆင်း)ရုပ်ပွားဘုရားပုံတော်

သည်။ တစ်နည်းအားဖြင့် **မုတ်ကောင်ဘုရား** သို့မဟုတ် **မုတ်ခွံဘုရား**ဟုလည်း ဆိုနိုင်သည်။

ပုလဲကို လက်ဝတ်ပြု ဆောင်ထားခြင်းဖြင့်သော်လည်းကောင်း၊ စိမ်သောရေ သွေးသောရေကို သုံးဆောင်ခြင်းဖြင့်သော်လည်းကောင်း ဘုန်းကံအရှိန်အစော် အာနုဘော်တန်ခိုးကို ပေးစွမ်းနိုင်သည်ဟု **ဗုဒ္ဓဘာသာပသာဒကသာသနီ** ကျမ်းတွင် ဖော်ပြထား၏။

**ဥတုဘောဇန** သင်္ဂဟကျမ်း၌လည်း ပုလဲအပါအဝင် အဖျက်ကျောက်မျိုးကို ဝတ်ဆင်ခြင်းသည် မကောင်းသော အိပ်မက်ကို ဖျက်ဆီးနိုင်၏။

သနခြင်း၊ မတင့်တယ်ခြင်းကို ပြင်စေနိုင်၏။ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းကို ပယ်နိုင်၏။

ပုလဲကို တနင်္လာဂြိုဟ်အစီးအနင်း ခံသာစားခြင်း၊ ဂြိုဟ်အိမ်ဂြိုဟ်စား သက်ရောက် မကောင်းခြင်းအတွက် ဝတ်ဆင်ပေးရသည်ဟု ပါရှိ၏။

ပုလဲရောင် တောက်နေသော မုတ်ခွံအတွင်းပိုင်းသည်လည်း ပုလဲကဲ့သို့ပင် အကျိုးပေး ထက်မြက်စေသည် ဆို၏။

ယင်းကို အတုမရှိ မြတ်စွာဘုရား ပုံတော် ထွင်းထုပူဇော်ခြင်းဖြစ်ရာ အကျိုးကား အတိုင်းမသိ ထက်မြက်လှသည်ဟု မှတ်သားရပေသည်။

ထိုဘုရားပုလဲပုံတော်ကို ပင်လယ်လမ်းခရီး သွားလာရသူများ၊ နိုင်ငံရပ်ခြားတွင် နေထိုင်လုပ်ကိုင်ရသူများ မိဘနှင့်ဝေးကွာသော တစ်နယ်တကျေးတွင် ရောက်ရှိနေသူများက ပူဇော်ကိုးကွယ်လေ့ ရှိကြသည်။

ပင်လယ်ထွက် ရတနာ...



www.burmeseclassic.com



◆ [illegible]

ဝင်လယ်နှင့် ဆက်စပ်နေသူများ တန်ဖိုး ထား အလေးအမြတ် ပြုသကဲ့သို့ ရုတ်ဘာသာတွင် နိုင်ငံရပ်ခြားကို ဆိုင်(ပင်လယ်)ဟု အစီပွဲယ်ရ သော စာလုံးဖြင့် ရေးသားပြောဆို သောကြောင့်ဖြစ်သည်။

မှတ်ကောင်ကို တရုတ်ဘာသာဖြင့် (ZhuMu)ပုလဲမိခင်ဟု ခေါ်တွင် လေရာ ထိုရုပ်ပွားတော်သည် မိဘ သားသမီးအကြား နွေးထွေးသော သောစဉ် မေတ္တာများ ဆောင်ကြဉ်း နိုင်သည်ဟု ယူဆကြသည်။

ဦးက ပူဇော်ခွင့်ရသော ပုလဲ ခေါ် မှတ်ခွံဘုရားမှာ နေအိမ်၌ လ္ဂိုင်းမျှ မပြည့်သေးမီတွင် ရှိန်းနိုးသည့် တူတော်မောင် သားက မရမက တောင်းဆို သွားသဖြင့် ဓာတ်ပုံမှတ် မပြုလိုက်ရပေ။

ခဲ့ပြီးကြာသော ၂၀၁၅ ခုနှစ် တွင် မော်လမြိုင်မြို့မှ က မှတ်ခွံဘုရား ခေါ် ပုလဲ ရုပ်တော်တစ်ဆူ လှူဒါန်း ထပ်မံ ပူဇော်ခွင့်ရခဲ့သည်။

တစ်ခေါက်တွင်မှ ဓာတ်ပုံမှတ် တမ်းပြု ပူဇော်ကာ မိဘများနှင့်ခွဲ၍ လုပ်ငန်းခွင် ဝင်နေကြသော သားနှစ် ယောက် ကိုးကွယ်ပူဇော်ရန် ပင့်ဆောင် ထားပေးခဲ့လေသည်။

## ကင်းငြိမ်းလွတ်မြောက်စေခြင်း

## အစီအစဉ်

လောကီမျက်နှာစာတွင် ကြုံတွေ့ရ ဖွယ်ရှိသော အခက်အခဲ အကျပ် အတည်းများမှ ကင်းငြိမ်းလွတ် မြောက်စေရန်၊ ဖိစီးခံစားနေရသည့် ရောဂါဝေဒနာများမှ လွန်မြောက်စေ ရန်၊ အချုပ်အနှောင် ထောင်တန်း အကျဉ်းကျခံနေရာမှ လွတ်မြောက်စေ ရန်...

ညံ့သောဂြိုဟ်စီး ဒသာစား သက် ရောက်ဂြိုဟ်စား စသည်တို့၏ ဆိုးဝါး သော ဒဏ်များမှ လွတ်မြောက် ပျောက်ပြယ်စေရန်...

စာမေးပွဲများ အောင်မြင်စေရန် စသည်တို့အတွက် ပုလဲမိခင်ဘုရား ခေါ် မှတ်ခွံဘုရားတွင် ပြုလုပ် ဆုတောင်းနိုင်သော အစီအစဉ် ဖြစ် သည်။

ပုလင်းငယ်တစ်လုံးတွင် ပုလဲတစ်လုံးကို ထည့်၍ ပျားရည်ဖြည့်ပါ။ ထိုပုလင်းကို မှတ်ခွံဘုရား ရှေ့တော်မှောက်တွင် ကပ်လှူ ပါ။ ကာယကံရှင်၏ နေ့နံနှင့် အမည်ကို ထုတ်ဖော်လျှောက်ထား၍ ဆိုင်ရာ အကျဉ်း အကျပ် ပြဿနာမှ လွတ်မြောက်စေရန် ကိုင်တည်လျှောက်ထားပါ။

နေ့စဉ် နံနက် (၉)နာရီအချိန်တွင် ဘုရားဂုဏ်တော်(၉)ပါးကို ရွတ်ဖတ် ပူဇော်ပါ။ (၁၀၈)လုံးပုတီး ကိုးပတ်ပြည့် အောင် စိပ်ပွားပူဇော်သင့်သည်။

ဤအစီအစဉ်ကို ပုလဲရတနာအား စိုးမိုးသည့် တနင်္လာဂြိုဟ်ပိုင်နေ့ (တနင်္လာနေ့)၌ စတင်ပြုလုပ်ပါက ပို၍ ထိရောက်စေပါသည်။ (၉)ရက်ပြည့် အောင် အဓိဋ္ဌာန်၍ စိပ်ပွားပါ။

ပုလဲ၊ ပုလင်း၊ ပျားရည် နံတူထပ် ထားခြင်းဖြစ်၍ ကြာသပတေး+ဗုဒ္ဓဟူး =၅+၄=၉ ဂြိုဟ်သင်္ချာအရ (၉) နဝင်း ဖြစ်သည်သာမက ဂြိုဟ်သက်ပေါင်း ၁၉+၁၇=၃၆=၉ နဝင်း ဖြစ်နေပါမည်။

ပုလဲကို ပါဠိဘာသာဖြင့် မုတ္တာဟု သုံး၍ မုတ္တာသည် လွတ်မြောက်ခြင်း ဟူသော အနက်လည်း ရှိသောကြောင့် ဖြစ်သည်။

နံနက်(၉)နာရီအချိန်ကား နေ့ သခင်၏ စတုရန်ဂြိုဟ်ပိုင်သောအချိန် ဖြစ်သည်။ **"အောင်ထံတော သကျ မိဆုံးရှုံးသေနတ်ပုံ"**အရ တတ်နိုင်သောင် ထားခြင်းဖြစ်သည်။

**(ဥပမာ ။ ။ တနင်္ဂနွေနေ့ (၉)နာရီ မှ (၁၀)နာရီခွဲအထိ အချိန်ကို ဗုဒ္ဓဟူး ဂြိုဟ် ပိုင်ဆိုင်သည်။**

**တနင်္လာနေ့ ။ ။ (၉)နာရီမှ (၁၀) နာရီခွဲအထိ အချိန်ကို ကြာသပတေး ဂြိုဟ် ပိုင်ဆိုင်သည်။**

ပုလဲ၊ ပုလင်း၊ ပျားရည် ဂြိုဟ်သက် အားလုံး ပေါင်းခြင်းသည် ၃၆+၃၆+ ၃၆=၁၀၈ ဖြစ်၏။ ထို့ကြောင့်(၁၀၈)

www.burmeseclassic.com

လုံး ပုတီး(၉)ပတ်ပြည့်အောင် ဂုဏ်တော် စိပ်ပွားရခြင်းဖြစ်သည်။

ဤသို့လျှင် လွတ်မြောက်ခြင်း အနက်ရှိသော ပုလဲကို နဝင်းကိန်း ဆောင်လျက် ပုလဲမိခင်(မုတ်ကောင်) ဘုရားရှေ့တော်မှောက်၌ ပူဇော်ဆက်ကပ်ခြင်းမှာ အနှိုင်းမရှိသည့် မိခင်၏ မေတ္တာကို ခံစားရသည့်ပမာ ကာယကံရှင်မှာ ရင်ဆိုင်နေရသော အကျပ်အတည်းကိုစွမှ လွတ်မြောက်ကင်း ငြိမ်းရလေသည်။

## ပုလဲနှင့်ထင်တူ

ပုလဲဖြစ်စေသော မုတ်ကောင်၏ အတွင်းပိုင်း၌ ကြွေကဲ့သို့ အထပ်ထပ် များပါရှိ၏။ ထိုအထပ်များကို ကနုကမာဟုခေါ်၍ ထိုအထပ်များ ပါရှိသော ခရုကိုလည်း ကနုကမာဟု ပင်ခေါ်ကြသည်။

**(အရှင်နာဂသိန် ပုံပြဿနာပေါင်းကျော်အဘိဓာန် ပထမတွဲ၊ ပထမ ပိုင်း၊ စာမျက်နှာ-၅၄) ကနုကမာ ဟူသော မြန်မာစေါဟာရသည် မွန် ဘာသာ "ကဍုကမာ၊ ကဍုဒင်" မှ လာသော ဝေါဟာရဖြစ်သည်။ (ဟာလ်ဝေး အဘိဓာန် စာမျက်နှာ-၃၁) အဓိပ္ပါယ်ကား ကြွေ သို့မဟုတ် ငွေသဏ္ဌာန်ဟူ၍ ဖြစ်သည်။**

ထို ကနုကမာအထပ်များကို အလင်းရောင်ထိုးသည့်အခါ အထပ် တို့၏ လွှတ်နေသော အစွန်းများက အလင်းယှိုင်စေသဖြင့် မြ၊ နီ၊ ညို၊ ပြာ လှပသော အရောင်စုံ ထွက်ပေါ်တတ် ၏။

ပုလဲကို တရုတ်တိုင်းရင်းသေား မြန်မာတိုင်းရင်းသေားတို့၌ အသက် ကာယဆေးအဖြစ် သုံးကြ၏။

နှလုံး၊ အရေတ်၊ သည်းခြေ၊ အစာ အိမ်တို့ကို အားဖြည့်ပေး၍ မျက်စိအား ကောင်းစေသည်။ အဆိပ်ကို ပယ်ဖျက် နိုင်သည်။ မူလောင်ခြင်းကို ငြိမ်းစေ သည်။

ရာဇယက္ခမာ (တီဘီရောဂါ)ကို ပျောက်ကင်းစေသည်။ ပုလဲကို ဆောင်ထားရုံဖြင့် မူးသောင်ခြင်းနှင့် သည်းခြေခေါသတို့ကို ပျောက်ကင်း စေသည်။

နှစ်သက်မှုကို ဖြစ်စေ၏။ မျက်စိ အလင်းရောင်ကို တောက်ပစေ၏။ **(အရှင်နာဂသိန်ပုံပြဿနာပေါင်းကျော် အဘိဓာန် ဒေသမတွဲ၊ ဒုတိယပိုင်း၊ စာမျက်နှာ-၉၉၊ ၁၀၀ တို့မှ မှီးယူ၏။)**

ကနုကမာအထပ်တွင် ပါဝင်သော ဓာတ်ပစ္စည်းများသည် ပုလဲတွင် ပါဝင် သော ဓာတ်ပစ္စည်းများနှင့် အတူတူပင် ဖြစ်သည်။ ထို့ကြောင့် ပုလဲကို မရလျှင် ထို ကနုကမာအထပ်များကို အသုံးပြု နိုင်သည် ဆိုလေသည်။

ထို့ကြောင့် ပုလဲမိခင် ခေါ် မုတ် **ကောင်အရုပ်တော်အား** ထားရှိ ပူဇော်ခြင်းသည် ပုလဲကို အဆောင်ပြု ခြင်းဖြင့် ရအပ်သော အကျိုးနှင့်အတူ ဖြစ်က မုဒ္ဒမှာ ကုသိုလ်ပါ ပေါင်း စည်းရရှိနိုင်ကြသည်။ ထို့အပြင် တနင်္လာဂြိုဟ်ဆိုင်ရာ ပရိယာယ်အဆိုး များကိုလည်း ပျောက်ပြယ်စေလေ သည်။

***[ပုလဲမိခင်အရုပ်တော်ကို သဘာဝ အလင်းရောင်၌ ရှုမြင်ရပုံနှင့် မီးရောင် တွင် ရှုမြင်ရပုံတို့ကို ယှဉ်တွဲထင်ပြ လိုက်ပါသည်။]***

**ထက်မင်းကျော်စွာ**

**စာမျက်နှာ (၁၅၇)မှအဆက်**

သွားပြီး လှူလိုက်တယ်'

'ဆရာတော်ကြီးက ဘာဝိနဲ့ထဲ အဘ'

'ပုံရိပ်ထဲမှာတွေ့ရတော့ ပထ္ထဲ... ပြီး ထိန်းကိုင်ထားတယ် "အလှူ... ထိန်းမဖြစ်နိုင်တဲ့ ခြေမြန်တအ... ဖြိုး အားလက်ယောက်ထားတယ်... ရွှေသောဝ်း ပေးနိုင်လိုက်တယ်'

အဘလဲ ... ပြီး ... ဖြစ်နဲ့ တယ်။ လှုံ့ဆဲတဲ့ ... ရွှင် ... '

'အဘ ဘာတွေ သုံးလိုက်လဲ'

'ဝမ်းရေးအတွက်သာ ... လုပ်ကိုင်နေရပေမယ့် ဘုရားတည်တာ တို့ အလှူလုပ်တာတို့ ... တယ်။ ... ငွေနှစ်သောင်းကို ... မလုပ်မကာမ်... ... ဘုရားတည်... လှူလိုက်တယ်။

ကျိုက်ထဲ သုံးသောင်းက နှစ်သောင်း ကို ... (အခင်း)ငါးကျွက် ဝယ်နိုင်... တယ်။ တစ်သောင်းကိုတော့ သား... နှစ်ဦး ရုပ်နှမ်းအလှူ ... ပေးတဲ့ ... ...'

အထက်ပါ အကြောင်း... ... ... ပြောပြခဲ့သော အသက်(၈၅)... ... ဦးနက်ပြာ... ... ၂၀၀၄ ခုနှစ်... ... ... ကွယ်လွန်ခဲ့ပြီ ဖြစ်... သည်။

... ... ... ပင် ဖြစ်သည်နိုင်... ...ကြသည်... ...

[... ဆရာတော်... ... ဦးရိုက်ထုတ်...]

www.burmeseclassic.com

www.burmeseclassic.com



စိမေသံမိန့်

ဘိုးအာစရ မိန့်ကြားသော

# ဝိဇ္ဇာလောကနှင့်

## ကြားနာခဲ့ရသော ဖြစ်ရပ်ဆန်းများ (၁)

**အခန်း[ ၁ ]**

ဤဆောင်းပါး၌ တင်ပြမည့် အကြောင်းအရာများသည် စာရေးသူ၏ ဥပဇ္ဈာယ်ဆရာတော်ကြီးကို ကိုယ်တော်တိုင် မိမိအား ပြောပြခဲ့သော ဖြစ်ရပ်မှန်ပဟုသုတစာစု ဖြစ်ပါသည်။

ရွှေဘိုမြို့၊ မြို့မကျောင်းကြီးတွင် သီတင်းသုံးနေစဉ် တပည့်သံဃာ ငါးရာကျော်တို့အား ပရိယတ်စာပေများ ပို့ချခဲ့သော ကျောင်းထိုင်ဆရာတော်(ရွှေဘိုမြို့မဆရာတော်ဦးအာစရ) ဘိုးအာစရ၏ ထေရုပ္ပတ္တိမှ တစ်ကဏ္ဍ ဖြစ်ပါ၏။

---

**အချိန်ကျတော့လဲ**

---

**နေလို့မရပါဘူး မောင်ရာ**

---

ဆရာတော်ကြီး ဘိုးအာစရသည် နေ့စဉ်ထာဝရ စာချ စာသင်ရင်း နေ့ရက်ရှည်ကြာ သက်တော်လည်း ရလာသောအခါ မိမိကိုယ်ပိုင် ပဋိပတ္တိ (ကျင့်စဉ်စရဏ)ကိုလည်း ကျင့်ကြံ အားထုတ်ဦးမှ တော်မည်ဟု သတိသံဝေဂ ရတော်မူသည်။ သို့နှင့်...

ရွှေဘိုမြို့ပေါ်က တပည့်သာဝက စက်ပိုင်တစ်ဦးကိုသာ သိးသန့်ရွေးချယ်တာဝန်ပေးအပ်လျက် တစ်ပါးနေကျောင်းသင်္ခမ်း တစ်ဆောင်အတွင်း၌ ကမ္မဋ္ဌာန်းတရားကို နေ့နေ့ညည ကြိုးကုတ်အားထုတ်ခဲ့ပါတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

တာဝန်ပေးခြင်းခံရသော တပည့်ဖက်ပိုင်ကြီးက သောက်သုံးရေ ချိုးရေ ခွပ်သောကဍောင်တို့မှအစ ဆရာတော်ကြီးအတွက် ဝေယျာဝစ္စကိစ္စများကို တစ်ဦးတည်း မလစ်ဟင်းစေရအောင် တာဝန်ယူ ရွက်ဆောင်ပေးလေသည်။

ဆရာတော်ကြီးသည် အခြားပုဂ္ဂိုလ် ရှင်လူရဟန်း စသော မည်သည့် ဒကာ၊ ဒကာမ တပည့်သာဝကတို့ကိုမှ အတွေ့မခံ မဆက်ဆံဘဲ ပြတ်သားစွာ အားထုတ်ခဲ့ပြီးသည့်နောက် အလုပ်တရားစခန်း အောင်မြင်ပြီးမြောက် ခရီးရောက်ခဲ့သည်နှင့် တစ်နေ့သော အခါ...

'အရှင်ဘုရား ပုဏ္ဏမြတ်စွာ ဘဂဝါဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို စောင့်ရှောက်ရန် တာဝန်ယူပေးပါဦး ဘုရား'

ဟု မေတ္တာရပ်ခံ တောင်းပန်လာသောကြောင့် မလွှဲမရှောင်သာဘဲ တာဝန်တစ်ရပ် ထပ်ဆင့် ဆောင်ရွက်ခဲ့ရပါတော့သည်။

'ငါက အစကနဦးက ဒါတွေ မလုပ်ခဲ့ဖူးပါဘူး။ မှိုင်းမှိုင်းဆဲ တချော်တည်း သာသနာ့ဝန်လောက်ကိုသာ ထမ်းရွက်ခဲ့တာပါ။ အဲဒါမှပဲ မောင်ရေ အချိန်ကျတော့လဲ နေလို့မရပါဘူး လို့ပြောခဲ့တာ'

ဟူ၍ မိမိအား ပြောပြခဲ့ပါသည်။

**[မည်သည့်အခွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သူမည်ဝါတို့က မေတ္တာရပ်ခံ တာဝန်ပေးခဲ့သည်ကိုမူ မပြော မပြခဲ့ကြောင်းပါ။]**

'တစ်နေ့မှာ မင်းလိုပါပဲ အသားညိုညို ပိန်ပိန်ပါးပါး ဒကာတစ်ယောက် ငါ့ကျောင်းကို ရောက်လာတယ်။ သူ့မှာ လွယ်အိတ်ကလေးတစ်လုံး၊ ကြိမ်လုံးလေးတစ်ချောင်း ပါလာတာ တွေ့တာပဲ။

ရှေ့ဘိုဒေသ နေ့ပိုင်းကာလဆိုတာ အင်မတန် နေပူပြင်းတာ။ အဲဒါ သူက "အရှင်ဘုရား၊ ရေမသုံးသေးဘူးလားဘုရား" လို့ ခဏခဏ တော်ကြာရင်း မေးရင်းနဲ့ ငါ့ကို နှစ်ခါ၊ သုံးခါမက မေးလျှောက်တော့ ငါလဲ စိတ်ပေါက်ပေါက်နဲ့ "အေး ခင်ဗျား ကွာ" ဆိုပြီး သူခပ်တဲ့ရေကို ငါချိုးနေ တဲ့အခါ သူက ရေခပ်လောင်းပေး လိုက်၊ ချေးတွန်းပေးလိုက်လုပ်ရင်း ငါ့ကို စေ့စေ့စပ်စပ် လှည့်ပတ်ကြည့် တယ်။ သူ့ပါးစပ်ကလဲ...

"အဲ...ဟုတ်ပြီ ဟုတ်ပြီ မှန်တယ်"

လို့ သူ့ဟာသူ ရေရွတ်တယ်။ သူ ဘာတွေ ရှာဖွေစစ်ဆေးနေတယ် တွေ့နေတယ်ဆိုတော့ မပြောတတ်ပါဘူး။ သူ့နှုတ်ကသာ...

'မှန်နေသာပဲ၊ ဟုတ်ပြီ ဟုတ်ပြီ သေချာသွားပြီ"

လို့လဲ ထပ်ပြီး ပြောပြန်သေးတယ်။ ရေချိုးပြီးလို့ ငါက ကျောင်းပေါ်ပြန် တက်ပြီး ထိုင်လိုက်တာနဲ့ သူက လျှောက်တယ်။

"အရှင်ဘုရား အထက်က ဒီပုဂ္ဂိုလ်လေး တွေကို အရှင်ဘုရားထံသို့ ပို့ခိုင်းလိုက်လို့ ပါဘုရား"

ဆိုပြီး နာရီလေးတစ်လုံးနဲ့ သူကိုင်လာတဲ့ ခုနကြိမ်လုံးလေးကို ကပ်တယ်။ ပြီးတော့မှ...

"အရှင်ဘုရား ကနေ့ည ဘယ်နှစ်နာရီ တိတိ ပုပ္ပါးတောင်မကြီးပေါ်က နတ်ထွင်း ကုန်းကို အရောက် ကြွရောက်တော်မူပါရန် ဖိတ်ကြားလိုက်ကြောင်းပါ ဘုရား"

လို့ လျှောက်ထားပြီး ငါ့ကျောင်း ပေါ်ကနေ ဆင်းသွားတော့တာပဲ။

သူ ထွက်သွားပြီးတဲ့နောက် ငါကလဲ စဉ်းစားတယ်။ နာရီက အချိန်ကျပြီ ပေါ့။ ကြိမ်လုံးက မကြွလာခဲ့သော် ရိုက်မယ်။(ဒဏ်ထားမယ်) ဆိုတဲ့ သဘောပဲလို့ ယူလိုက်တယ်။

မင်း စဉ်းစားကြည့်၊ ခက်တာက ပုပ္ပါးတောင်မကြီးပေါ်ကို ညဆယ်နှစ်နာရီအရောက်ဆိုတာ ဖြစ်နိုင်ပါ့ မလား။ မလွယ်ဘူးနော်။

ခရီးကလဲ အဝေးကြီး၊ အလှမ်း ကလဲဝေးတယ် မဟုတ်လား။ "ဩ ဖြစ်ဆိုရာဖြစ်" ဆိုပြီး "သွားမယ" ဆိုပြီး နေဝင်စမှာ ကျောင်းကနေ ခြေကျင်ထွက်ခဲ့တာပဲ။

လျှောက်တော့ လျှောက်ရတာပဲ မောင်ရေ။ သွားရင်း သွားရင်းက ဘယ်လိုလုပ်ပြီး ပုပ္ပါးတောင်မကြီး ပေါ်ကို ရောက်သွားတယ်ဆိုတာ မသိ မပြောတတ်ဘူး မောင်ရေ။

ညဆယ့်နှစ်နာရီတိတိမှာ နတ်တလင်းကုန်းပေါ် အချိန်ကိုက် ရောက်တာပဲ။ အဲဒါပဲ သူတို့ခေါ်ရင်သွား ရောက်တယ်။

အဲဒီနေရာတစ်ဝိုက်မှာ ဘာမီးမှ မထွန်းထားဘဲ လင်းထိန်နေတာပဲ။ ငါရောက်တော့ ဘဘတော်ကြီး၊ ဘိုးဘိုးအောင်တို့ အပါအဝင် ပထမတန်း ပေါက်၊ ဒုတိယတန်းပေါက် ပုဂ္ဂိုလ်တွေ အားလုံးကို တွေ့မြင်ရတော့တာပဲ။

**အဲဒီ ဒုဓာတ စုရုံးက ပုပ္ပါးတောင် မကြီးပေါ် နတ်တလင်းကုန်းမှာ စည်းဝေးခဲ့ကြတဲ့ ပထမအစည်းအဝေး ပဲ။**

ငါက ရှေ့တန်းက ထိုင်ရတော့ အစည်းအဝေး တက်ရောက်ကြတဲ့ ပုဂ္ဂိုလ်အားလုံးကို တွေ့ရတယ်ပေါ့။ တချို့ရှိပါတယ် မောင်ရာ၊ မင်းလိုချင် ရင် နောက်ကျတော့ ကူးယူထားပေါ့။

နောက်...နောက် လုပ်ခဲ့ကြတဲ့ အစည်းအဝေး နေရာဌာနမှာ တက်ရောက်ကြတဲ့ ပုဂ္ဂိုလ်တွေ တချို့လဲ အစဉ်လိုက် ရှိပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



ပြည့်အစုံပဲ။ တက်ရောက်တဲ့အထဲ မှာ ရဟန်းပုဂ္ဂိုလ်၊ ရသေ့၊ ဖိုးသူတော်၊ မယ်သီလ၊ လူပုဂ္ဂိုလ် အစုံပါတယ်။

ကြွကလေး့ သာသနာတော်ရေး အဓိက ပဲ။

တပြည်ပြည်နဲ့ သာသနာတော် ချိန် ယှဉ်လျှောက်လာတဲ့အတွက် ပုဂ္ဂိုလ်များအနေနဲ့ မဟာမြိုင်ထဲမှာလို အေးအေးငြိမ်းငြိမ်း လွတ်လွတ်နေလို့ မရကြတော့ဘဲ ကျရာတာဝန်နဲ့ သာသနာ့ဝန် ထမ်းကြရဖို့ တာဝန်တွေ ခွဲဝေယူကြရတာပဲ။ သာသနာပြုမယ်တ ဲ့ တည့်ပေးရဦးမယ်။

သူ့တိုင်းနဲ့သူ၊ သူ့ဒေသနဲ့သူ၊ သူ့ တာဝန်၊ ကိုယ်တာဝန် ခွဲရာမှာ ဒေသ အသီးသီး၊ နယ်အသီးသီး ရကြတယ်။ ပြီးလို့မရဘူး။

ဒီမှာတော့ နယ်မပေးဘူး။ အလွတ် ။ စစ်ဆေးရတဲ့အကျ(ဓာတ်ကျ) ပေး တဲ့ တာဝန်မျိုးပဲ ယူရတယ်။

ခင်တို့ တွေ့ခဲ့တဲ့ ဘိုးဝါယမကြီးလဲ အတူ ပုပ္ပါးက ထွက်ကြတာပဲ။ သူက ရိုက်အလျောက် ပဲခူးတိုင်း သကြီး။ အင်းတကော်ဘက် ကြမ်း ရ သွားရတာ။ သူက ငယ်ဖြူကွ တော်ကြီး။

ထဲ ပြန့်ဝင်ရမှာ၊ လူဝတ်လဲရမှာ တော့ သူက သိပ်မဝေ့မခံချင်ဘူး။ လဲ လူထဲပြန့်ဝင် သာသနာပြုရ တော့ လူဝတ်လဲခိုင်းခဲ့တယ်။

သူက ငယ်ဖြူဖြစ်တော့ သင်္ကန်းကို ချင်ဘူး။ ငြင်းတာပေါ့။ မရပါဘူး။ သူကြီးရောင်လာပြီး တစ်နေ့ကုန် ရာကျင်လွန်းလို့ "ဘိုးအောစရ ပြီး" လို့ ခဏ ခဏ ညည်းနေ ဒါကလဲ "ကိုယ်တော် ကိုယ့် ကိုယ်ပဲ။ ကျုပ်လဲ ဘာမှ နိုင်ဘူး" လို့ ပြန်ပြောရတာပဲ။

အဲ... ညနေစောင်းလောက်မှာ သူ့ က...

"လူဝတ်လဲပါတော့မယ် ဘုရား"

လို့လဲ ကုန်းဆော်လိုက်ရော သူ့ဦး နာကလဲ ယူပစ်သလို ပျောက်သွားတာ ပဲ။

သူက စိတ်လဲ ဆတ်တယ်။ ဘယ် လောက် ရှုတ်တယ် မှတ်သလဲ။

"ဗိုလ်ဟယ်စ်လဲ သေပျော်ကွာ"

ဆိုပြီး ပုပ္ပါးတောင်ကလပ်ပေါ်က နေ အောက်ကို ခုန်ချခဲ့တာ သူ့မိုး တစ်ခါတည်းကို တောင်အောက်ကို ရောက်သွားတာ။ ဘာမှ မဖြစ်ပါဘူး။ အဲဒီကသွားတော့ အင်းတကော်ဘက် ရောက်သွားတာပဲ"

အင်းတကော် ရောက်ခါက ဘိုးဝါယမကြီးဟာ ကျောင်းကြီးတစ် ဆောင်ပေါ်က ကျောင်းအောက်သို့ မဆင်းသက်ကြောင်း။ သုံးလေးလပင် ကြာမြင့်ကြောင်း။ အခင်းကြီး၊ အခင်း လေး လုံးဝ မသွားကြောင်း...

အံ့ဖွယ် ပုဂ္ဂိုလ်ထူးကြီးအဖြစ် လူသိ များလာပြီးနောက် တပည့်ဖြစ်လာသူ အချို့က ကျောင်းအောက်သို့ ဆင်း သက်ရန်၊ မိမိတို့နေအိမ်များသို့ ကြွ ရောက်ပါရန် ပင့်လျှောက်ကြပါသည်။

အဲဒီအခါမှ ဘိုးဝါယမကြီးက မိမိကို ဆင်းစေချင်လျှင် ယင်းကျောင်းကြီး၏ တိုင်ခြေတွေကို နုတ်ချုတ်ပြီး ကျောင်း ကိုလည်း မဖျက်ဆီး မပျက်စီးစေဘဲ ရွှေ့နောက် လှည့်ပေးကြပါဟု၍

ခပ်ရွတ်ရွတ်ပြောခဲ့သော ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်။

အကယ်ပင် ပြောသည့်အတိုင်း လူအင်အားဖြင့် ရွှေ့နောက် လှည့်ပေး ကာမှ ကျောင်းအောက်သို့ ဆင်း ကြောင်း။ အခြားနေရာများသို့လည်း ကြွတတ်ကြောင်း ကြားသိခဲ့ရပါသည်။

ထိုအကြောင်းကို ကိုယ်တိုင်သိမီ လိုက်သော သက်ကြီးပုဂ္ဂိုလ်များ ယနေ့ထိ သက်ရှိထင်ရှား ရှိ မရှိ မသိ ရပါ။ သိမီလိုက်သောသူ ရှိပါလျှင် မိမိတို့ကြားသိခဲ့ရသော ဖြစ်ရပ် မှန် အမှန်ဖြစ်ပါလိမ့်မည်။

ငယ်ဖြူပုဂ္ဂိုလ်ဖြစ်၍ ရဟန်းအဖြစ် ကို အလွန်မြတ်နိုးသည်မှာ သေချာပါ သည်။ အဘယ်ကြောင့်ဆိုသော် မိမိ တို့နှင့် တွေ့ဆုံရစဉ်က ပုဆိုးကွက်မှာ လူပုဂ္ဂိုလ်သဘော၊ စစ်အင်္ကျီစိမ်း နှစ်ထပ်မှာ တကယ့်ပုဂ္ဂိုလ်စစ်စစ်ဖြစ် ကြောင်း သဘော၊

လည်ပင်းတွင် သင်္ကန်းစ တစ်စ ပတ်ထားသည်မှာ ရဟန်းပုဂ္ဂိုလ်ဖြစ် ခြင်းသဘော ယူဆနိုင်ဖွယ်ရှိကြောင်း မိမိတို့ ပေတံငယ်လေးနှင့် ထိုစဉ်ကပင် တိုင်းတာတွေးမိခဲ့ပါသည်။

ထို့ပြင် ဓာတ်ဓာတ်စက်ပြတ်တွင် ကွမ်း ခြင်းအစုံတစ်ခုကို ကြီးမားတုတ်ခိုင် သော သံကြိုးကြီးနှင့် ချည်နှောင်ထား သည်မှာလည်း ခိုင်မာသော သံကြိုး ကြီးနှင့်တူသည့် ပုဂ္ဂိုလ်စစ်ကြီးကိုယ် တိုင် ဆယ်နေပါလျက် ခြင်းကျားနှင့်ရေ ကိုသယ်၊ ငါးကို သဲ့ယူသည့်ပမာ မဖြစ် ကြစေရန် သိသာထင်ရှားစေသော "နိမိတ်ပြသင်္ကေတ" ဟူ၍ သဘော ပိုက်မိခဲ့ပါသည်။

ဘိုးဝါယမနှင့် တွေ့ကြုံရပုံကို ပြော ပြသောအခါ ဥပဇ္ဈာယ်ဆရာတော် ဘိုးအောစရက မိမိအား ဓာတ်ပုံပြန်ခင်း



www.burmeseclassic.com

www.burmeseclassic.com

ပြုခဲ့သောအကြောင်း မှတ်ဖွယ်မှတ်ရာ များဖြစ်ပါသည်။

## ဘိုးအောစရ

### ကျောင်းရွှန့်ထွက်ခွာခြင်း

'ငါက ရွှေဘိုမြို့ မကျောင်းမှာပဲ တာချနေရင်း ဖိုဝင်ဓာတ်ကစားခဲ့တဲ့ အခါ ကျောင်းထိုင်ဆရာတော် ဘုန်းကြီးအနေနဲ့ ဖိုထိုးရမလားလို့ တစ်မျိုးမြင်လာကြတယ်။

ငါ ဖိုထိုးတာကို ဝေဖန်ခဲ့ကြတယ်။ ငါ့ဝတ္တရား မပျက်ခဲ့ပါဘူး။ ဒါပေမယ့် အကြည်ညိုပျက်ကြလို့ နေမှာပေါ့။ နေ့စဉ် တစ်နေ့ ဆွမ်းဟင်းတစ်ခွက် သုံးရာကျော် ရနေရာက တစ်နေ့ထက် တစ်နေ့ လျော့လျော့ နည်းနည်းလာ လိုက်တာ ခွက်ငါးဆယ်ကျော်လောက် သာ ရတော့တယ်။

ဒါနဲ့ ကျောင်းသား ကိုရင်တွေကို မေးကြည့်စုံစမ်းစေတယ်။ ငါကလဲ ရိပ်မိလာတာနဲ့ ငါ့တပည့် စက်ဝိုင်တွေ ဆီက ဆန်အိတ်လိုက်၊ ဆီပုံးလိုက် အလှူခံရတာတွေ ကျောင်းမှာ လုံ လောက်အောင် ဖြည့်တင်းထားလိုက် တယ်။

ပြီး...အဲဒီနေ့ကစလို့ ဆွမ်းခံမထွက် စေတော့ဘဲ ကျောင်းထဲမှာပဲ ပြည့်စုံ အောင် စီမံစေခဲ့တယ်။

ကြာတော့ ကျောင်းအမကြီးလဲ မနေနိုင်တော့ဘူး။ ကျောင်းကို ပေါက် ချလာတယ်။ ငါကလဲ ကျောင်းအမကြီး လာလိမ့်မယ်ဆိုတာ သတင်းကြိုရ ထားပြီးဆိုတော့ မောင့်ကျက်သရေ ခေါင်းပေါင်း၊ တောင်ရှည်ပုဆိုး၊ အပေါ် အင်္ကျီတွေကိုပါ အရန်သင့် ငှားထားပြီး ပြီ။

ကျောင်းအမကြီး လာတာလဲမြင် ရော သူ ကျောင်းပေါက်ဝမှာရှိတုန်း



ငါက သင်္ကန်း၊ ကိုယ်ရုံ၊ သင်းပိုင်တွေ ချွတ်ပစ်ပြီး ခုနပုဆိုး၊ တိုက်ပုံ၊ ခေါင်းပေါင်းနဲ့ အကျ ထိုင်နေပြလိုက် တယ်။ သူက အတော့်ကို အံ့အားသင့် သွားတာပေါ့။

သူလဲ ထိုင်ရော ငါက စပြီးမေး လိုက်တယ်။

"ကျောင်းအမကြီး ကျုပ်ကို ဘယ် လိုများ မြင်သတုံး"

လို့ ခပ်ဆတ်ဆတ် မေးလိုက်တော့ သူက...

"တပည့်တော်မတို့ ဆရာတော်ပါပဲဘုရား။ ဘုန်းကြီးလို့ပဲ မြင်ပါတယ် ဘုရား"

လို့ ပြန်လျှောက်တင်တယ်။

ငါကလဲ...

"အေး... အဲသလိုဆိုရင် ဘုန်းကြီးလို့မြင် တော့ ဘုန်းကြီးပဲပေါ့"

ဆိုပြီး အခန်းထဲပြန်ဝင် လူ့ဝတ်တွေ ချွတ်ပစ်၊ သင်္ကန်းရုံပြန်ထွက်၊ ထိုင်နေ ပြလိုက်တယ်။ ကျောင်းအမကြီးလဲ ငိုတော့တာပဲ။

"တပည့်တော်မတို့ မှားပါတယ်၊ ဝန်ခံပါတယ် ခွင့်လွှတ်ပါဘုရား"

ပေါ့။ သည်တော့ ငါက...

"အိမ်း... ကိုယ်တိုင် လေ့လာစုံစမ်း ဦးမှပေါ့။ ခုတော့ ခင်ဗျားတို့က ကျုပ်ကို သူတကာ ပြောကြဆိုကြတာတွေ ကြားကြတာနဲ့ ဘာအကြည်ညိုပျက် စရာလိုတုံး။ ဖိုထိုးတာနဲ့ ဘုန်း[...] သိက္ခာကျရောလား။

ဆွမ်းခွက်အရ နည်းတာ[...] ကတော့ ကျုပ်အတွက် ကြောင့်ကြ[...] မရှိပါဘူး။ မြင်တဲ့အတိုင်း ဆွမ်း[...] အိတ်တွေ၊ ဆီပုံးတွေ ပဲတွေ အပြည့်[...] များ။ လောက်ငတယ်"

လို့ ပြုံးနှန့်လိုက်တယ်။

"ဒါပေမယ့် ကျုပ်ပြောမယ် ကျောင်း[...] အမကြီး ကျုပ်က ခင်ဗျားတို့ လှူ[...] တဲ့ ဒီကျောင်းကြီးကို မက်မော[...] တွယ်တာလို့ နေတယ်များ မ[...] လိုက်နဲ့။

ကျုပ်လဲ ဒီနေ့ကစပြီး ဒီကျောင်း[...] ကို ခင်ဗျားတို့ ပြန်အပ်ပါတ[...] ကြိုက်တဲ့ကိုယ်တော် ပင့်သာ တင်[...] တော့"

ဆိုပြီး သင်္ကန်းတစ်ထည် ကိုယ်[...] နဲ့ ဘာမှမယူဘဲ အဲဒီကတည်း[...] စ,ထွက်ခဲ့တာပဲကွာ။

မြန်မာနိုင်ငံကြီး အထက်,အော[...] အရှေ့,အနောက် အနှံ့ပေါ့၊ ငါ မ[...] တဲ့နေရာ မရှိဘူး။ ဟိုးနယ်စွန်နယ်[...] အထိပဲ'

ဤတွင် သည်မျှ... သည်းခံတော်[...] ကြပါဦးလော့၊ တင်ပြရန် အကြော[...] ခြင်းရာ အစုံစုံ ရှိပါ၏။ ကျန်ပါသေး[...] ခြင်းချုန်ရမည့်အချက် အချို့မှာတစ်[...] အားထုတ်ကြိုးပမ်းရေးပါဦးမည်။

ပညာဒါနပြောပြော၊ ဗဟုသုတ[...] ဆိုဆို မိမိအလို ဗဟုသုတ ရယူနိုင်[...] သော နက္ခတ္တရောင်ခြည်မဂ္ဂဇင်း[...] တစ်ဆင့် ပေးဝေခဲ့သူများထံ[...] မေတ္တာ,သစ္စာ ရောင်ပြန်ဟတ်[...] သတည်း။

ရှေ့လ ဆက်ဖတ်ပါရန်

ဝိဇ္ဇာသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com

* * *



ထူးထိုက်ရ အန္တရာယ်ကင်း

# ရှင်ဥပဂုတ်ရဟန္တာအင်း

ကျော်မြင့်ဦး (ကြို့ပင်ကောက်)

ဤရှင်ဥပဂုတ်သပိတ်နှိုက် စမအင်းကို လွန်ခဲ့သည့် နှစ်(၃၀)ကျော်က ရရှိခဲ့ခြင်းဖြစ်ပါသည်။ ထိုအခါက ကျွန်တော်သည် အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုပ်ငန်းကိစ္စမှန်သမျှ ဘာတစ်ခုမှ အဆင်မပြေဘဲ အလူးအလဲ ခံစားနေရသည်။

နောက်ဆုံးတွင် အိမ်မှာပင် မနေချင်လောက်အောင် စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် မမျှော်လင့်ဘဲ ခရီးဝေးတစ်နေရာ ထွက်ခဲ့မိသည်။ ဝန်ထမ်းတစ်ဦးဖြစ်သဖြင့် လစာမဲ့ခွင့်ရက်ရှည်ချိန် အိမ်အပြန်ခရီး၌ မထင်မှတ်ဘဲ ဤအင်းကို ရရှိခဲ့ခြင်းဖြစ်သည်။

အင်းဆေးလက်ဖွဲ့ ဂါထာမန္တန်အဆောင်ပစ္စည်းစသည့် လောကီဝိဇ္ဇာလမ်းဆိုင်ရာ ဂမ္ဘီရပညာရပ်များကို ကျွန်တော် တစိုးတစိမျှမသိသော အစိမ်းသက်သက်ဖြစ်သည်။

စားဝတ်နေရေး အခက်အခဲများကြားတွင် မိသားစုကို ထားခဲ့၏။ စိတ်လွတ်ကိုယ်လွတ် ဘဝအမောပြေ တစ်ခဏ စိတ်ချမ်းသာရေး ရှေးရှု၍ ခရီးဝေးထွက်လာခဲ့သော ကျွန်တော်သည် ခရီးလမ်းတစ်လျှောက် အတွေ့အမြင်သစ်ဖြစ်သည့် သဘာဝပတ်ဝန်းကျင်ကြောင့် ခဏစိတ်ချမ်းမြေ့သလို ရှိသော်လည်း နောက်ဆုံးတွင် မူလသောကထုပ်ကိုပိုက်၍ အိမ်အပြန်ခရီးကို စိတ်မောလူမောဖြင့် စတင်ခဲ့ရတော့သည်။

ကျွန်တော်၏ဇာတိမှာ သာယာဝတီနယ်ဘက်မှ ဖြစ်သည်။ ပြည်ခရိုင်တွင်ရှိ မြို့တစ်မြို့သို့ အလုပ်တာဝန်နှင့် ပြောင်းလာခဲ့ရာမှ မိသားစုပါ ထိုမြို့ကလေး၌ အခြေချခဲ့ခြင်းဖြစ်သည်။

အဆင်မပြေမှုဖြင့် ယခု ခရီးထွက်ခဲ့သည်မှာ တောင်ငူခရိုင်ရှမ်းပြည်နယ်မှ ညီဖြစ်သူနေထိုင်ရာ တာလေမြို့သို့ ဖြစ်ပါသည်။ ယခုခရီးကား တာလေမြို့မှ အပြန်ခရီးပင်။

နံနက်(၆)နာရီတွင် တာချီလိတ်-တောင်ကြီး အဝေးပြေးကားဖြင့် တာလေမှ စတင် ထွက်ခွာခဲ့သည်။ တာလေမြို့မှထွက်၍ မိုင်ဝက်ခန့်အကွာတွင် ကိုးမြို့ရှင် နတ်ကွန်းကြီးရှေ့ရောက်ကာ မော်တော်ယာဉ်များ ထုံးစံအတိုင်း နတ်ကွန်းကိုဝင်၍ ဦးတိုက်ကြသည်။

ထိုနေရာမှာပင် ခရီးဆောင်အိတ်ကြီးတစ်လုံးကို လက်ကဆွဲ၍ သက်နှီးလွယ်အိတ်ကြီးလွယ်ထားသော ပုဂ္ဂိုလ်တစ်ဦး ကားပေါ်ရောက်လာ၍ စပယ်ယာက ကျွန်တော်ထိုင်သော ထိုင်ခုံနေရာလွတ်တွင် နေရာချပေးသည်။

ကျွန်တော်က ထိုပုဂ္ဂိုလ်၏ အိတ်များကို ကူညီ၍ ယူပေးရင်း အပေါ်ဘက်ရှိ စင်ပေါ်တင်ပေးလိုက်သည်။ ကားထွက်လာ၍ နေသားကျသွားသောအခါ ကျွန်တော်က ရိုသေစွာ လက်အုပ်ချီ၍ "ဆရာတော် ဘယ်ကို ကြွရမှာပါလဲဘုရား" ဟု စတင် မိတ်ဆက်စကား လျှောက်ထားမိရာ၊ ထိုပုဂ္ဂိုလ်က ဆရာတော် မဟုတ်ကြောင်း၊ ဗိုဒ်ရသေ့တစ်ပါးဖြစ်ကြောင်း ပြန်ပြောပါသည်။

တောင်ကြီးမြို့အထိ ကားလက်မှတ်ခနှင့် လမ်းတစ်လျှောက် စွမ်းကွမ်းကိစ္စများကို ကျွန်တော်၏ သဒ္ဓါတရားဖြင့် လှူဒါန်းခဲ့ပါသည်။ ဦးရသေ့က ကျေနပ်နေသည်။

သို့ဖြင့် သုံးညအိပ်ခရီး ဖြစ်သဖြင့် တရင်းတနှီး ဖြစ်လာသောအခါ ဗိုဒ်ပေါင်းလေးဆယ်ကျော် ဂန္ဓာရီလုပ်ငန်းနေ

www.burmeseclassic.com

သော ပုဂ္ဂိုလ်ဟု သိခွင့်ရခဲ့သည်။ သူ၏ အဓိက ကျင့်စဉ်အလုပ်မှာ အင်းပညာ ဖြစ်သည်။

ခရီးစဉ်အတွင်း ကျွန်တော်က မိမိ၏ ဂဏ္ဍိခရီးထွက်ခဲ့ရသောကိစ္စနှင့်ပတ်သက်၍ အိမ်မှာ ကြုံတွေ့ခံစားရသော သောကဒုက္ခများအကြောင်း ရင်ဖွင့်ပြောပြသောအခါ စိတ်ရှည်စွာ နားထောင်ပေးသည်။

တောင်ကြီးသို့ ရောက်သောနေ့တွင် လမ်းခွဲရန် ပြင်ဆင်ကြသည်။ တောင်ကြီးမြို့ပေါ်ရှိ "ချမ်းသာအောင် အဝေးပြေးဂိတ်"တွင် ဖြစ်သည်။

ခရီးသည်နားနေခန်းတွင် ဦးရသေ့က သက်နီးလွယ်အိတ်ကြီးအတွင်းမှ စာအိတ်ကြီးတစ်လုံးကို ဆွဲထုတ်၍ ကျွန်တော့်အားပေးရင်း...

'ကံမကုန်ရင် ပြန်ဆုံကြမှာပေါ့။ ခုတော့ ကျုပ်တို့လိုရာခရီးဆက်ကြမယ်။ ဒေါ့ ဒီကာယောဒီစာအိတ်ထဲမှာ ဒကာ့အတွက် အဆောင်ဆောင်နဲ့ ဘာလုပ်ရမယ်ဆိုတဲ့ လမ်းညွှန်လဲ ပါတယ်။

ယုံယုံကြည်ကြည်နဲ့ လိုက်နာဆောင်ရွက်ပေတော့ မကြာခင် ဒကာ့ရဲ့ဘဝမှာ အားလုံး အဆင်ပြေသွားလိမ့်မယ်။ ကဲ... ကျုပ်ကတော့ ခရီးတစ်ခု ဆက်လိုက်ဦးမယ်ဗျာ...'

ဦးရသေ့က ပြောပြောဆိုဆိုဖြင့် ကျွန်တော့်လက်တွင်းသို့ စာအိတ်ကို ထည့်၍ ထွက်ခွာသွားသည်။ ရင်ထဲတွင် မဖော်ပြတတ်သော ခံစားမှုတစ်ခု တော့ ဖြစ်ခဲ့သည်။ ဘယ်ရယ်လို့ မပြောခဲ့သလို ဘယ်သွားမှာလဲဟုလည်း မမေးမိခဲ့ပါ။

* * *

ငွေရောင်စက္ကူပေါ်မှ အင်းတစ်ခု၊ လမ်းညွှန်စာရွက်ပေါ်တွင် ပါရှိသည့် စကား အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ သူရာနှင့် ကာမေသုကံနှစ်ပါးကို



ရှောင်ကြဉ်ပါ။ ရာသက်ပန် ထိန်းသိမ်းပါမည်ဟု ဘုရားရှိခိုးတိုင်း သစ္စာပြုပါ။

၂။ ငါးပါးသီလ ခံယူပြီးတိုင်း အရဟံ အစ ဘဂဝါအဆုံး ပုတီးတစ်လုံးချ၍ ညစဉ် ဂုဏ်တော်ပုတီး ကိုးပတ် စိပ်ပါ။

၃။ ပုတီးစိပ်ပြီးတိုင်း သတ္တဝါအနန္တကို လေးနက်စွာ မေတ္တာပို့ အမျှဝေပါ။

၄။ ဤဝမအင်းကို ဘုရားစင်မှာပင်ထား၍ နေ့စဉ် ညာ၊ နံနက်မပျက်မကွက် ရေချမ်း ဆက်ကပ်လှူဒါန်းပေးပါ။

**(မမြင်နိုင်သောပုဂ္ဂိုလ်၊ မြင်နိုင်သောပုဂ္ဂိုလ်များ၊ လောရောက်ကူညီ၍ ဘဝကောင်းကျိုးချမ်းသာများ ရရှိလာလိမ့်မည်။)**

ဦးရသေ့၏စာမှာ ဤမျှပင် ဖြစ်သည်။ ကျွန်တော်သည် ထိုနေ့ထိုရက်မှစ၍ ဦးရသေ့၏ လမ်းညွှန်ချက်အတိုင်း မပျက်မကွက် တစိုက်မတ်မတ် အလုပ်လုပ်ခဲ့သည်။

ဗုဒ္ဓနုဿတိပွားများခြင်း၊ မေတ္တာကမ္မဋ္ဌာန်းများများလုပ်ခြင်း၊ အကုသိုလ်အကြောင်းတရားများကို တတ်နိုင်သ၍ ထိန်းချုပ်ခြင်းဖြင့် မိမိကိုယ်ကိုလည်း ပြုပြင်နေထိုင်ခဲ့သည်။

---

## ထူးဆန်းသော အိပ်မက်များ

---

ဤရုပ်ပွားအင်း ရပြီးနောက် (၆)လ ခန့်အကြာတွင် အိပ်မက်တစ်ခု မြင်မက်သည်။ အိပ်မက်ထဲတွင် ကျွန်တော် နေသော အိမ်ပေါ်မှ အဘွားအိုတစ်ဦး၊ ဆယ်နှစ်သမီးအရွယ် မိန်းကလေး တစ်ဦးနှင့် အသားနက်ကြုတ်ကြုတ် မျက်နှာပေါက်ဆိုးဆိုး အသက်(၄၀) ရွယ်ခန့် အမျိုးသားတစ်ဦး၊ ညှိုးငယ်သောအမူအရာ ထိတ်လန့်သောအမူ အရာဖြင့် ဆင်းလာ၍ ခြံနောက်ဖေး လက်ပံပင်ပေါ် တက်သွားသည်ဟု မြင်လိုက်ရသည်။

ထိုအိပ်မက်မြင်မက်ပြီး နောက်နေ့ နေ့လယ်တွင် ကျွန်တော်၏အိမ်သို့ ဦးသူတော်တစ်ပါး ရောက်လာသည်။ ဘီးလင်းမြို့အေးခင်တောင်မှ ဘိုးသူတော် ဦးအောင်သာအမည်ရှိ ပုဂ္ဂိုလ်ဖြစ်သည်။

ကျွန်တော့်အစ်ကိုဝမ်းကွဲနှင့် အတူပါလာခဲ့ခြင်းဖြစ်သည်။ ပြည်မြို့ ရွှေဆံတော်ဘုရားတွင် အဓိဋ္ဌာန်ဝင်၍ ပြီးဆုံးသဖြင့် ဘီးလင်းသို့ပြန်ရန် ဖြစ်သော်လည်း အကြောင်းဖန်၍ မပြန်ဖြစ်ဘဲ ကျွန်တော်၏အိမ်သို့ ရောက်လာခြင်း ဖြစ်သည်။ နောက်နေ့မှ ခရီးဆက်မည် ဖြစ်သည်။

ထိုနေ့ညက ဘုရားဝတ်ပြု ပရိတ်ပဋ္ဌာန်းများ ရွတ်ဖတ်ပြီးနောက် ဦးသူတော်ပြောနေသော စကားသံများကို ကြားနေရင်း ကြက်သီးမွေးညင်း ထမိတော့သည်။ ဦးသူတော်ပြောလိုက်သည်က...

'ကဲ... မင်းတို့ရောလဲ အစွယ်အသာချ သွားပြီ။ မင်းတို့လဲ ဒီခြံထဲက လက်ပံပင်မှာ မနေကြနဲ့တော့။ ဒီအိမ်ခြံဟာ သူတော်ကောင်းတွေ စောင့်ရှောက်ထားတဲ့နေရာ ဖြစ်လို့ မင်းတို့လွတ်ရာ သွားကြတော့ အချိန်မနာခံရင် ဆိုးရကို ဒဏ်တော်ခိုင်းလိုက်မယ် ကဲ... သွားကြတော့'



www.burmeseclassic.com

www.burmeseclassic.com

ဦးသုတော်က ခေါင်းတညိတ်ညိတ် လုပ်၍ ကျုတ်ပါလွှတ်ပါစေကြောင်း အမျှအတမ်းဝေပြီးနောက် အဓိဋ္ဌာန်ပါ သောအခါကြည့်ဖြင့် ကျွန်တော်၏အစ်ကို ဝမ်းကွဲတော်သူကို ကြည့်လိုက်သည်။

ကျွန်တော့်အစ်ကိုက ခေါင်းညိတ်ပြသည်။ အောက်လမ်းဆရာတစ်ဦးက ခိုထားသော မိစ္ဆာကောင်များဟု နောင်မှသိရသည်။

'ဒီမှာ ဖိုးတူ ယင်းဆီမှာရှိတဲ့ ရှင်ဥပဂုတ္တရုပ်ပွား မထေရ်မြတ်အစ်ကာ နယ်နယ်ရရ မဟုတ်ဘူး။ ဒီမင်းကို ရသေ့ဆရာတစ်ပါးက ပေးခဲ့တယ် ဟုတ်ရဲ့လား'

ဟု မေးပြီး အင်းသိဒ္ဓိအစွမ်းနှင့် ကောင်းမှုကိုးကွယ်၊ ကောင်းမှုကျိုးကြီး မျှ သုံးမ၍ နောက်နေ့နံနက် ပြန်သွားကြသည်။

ဦးသုတော် ပြန်သွားပြီးနောက် သိပ်လည်းမကြာလိုက်၊ အိမ်မက်တစ်ခု ကို ထပ်၍ မြင်မက်ပြန်သည်။

ရှုမြန်မာမင်းများလက်ထက် ရှေးက များ ချပ်ဝတ်တန်ဆာကဲ့သို့ ဝတ်ဆင် ထားသော လူကြီးနှစ်ယောက် ကျွန်တော့်အိမ်သို့ ရောက်ရှိလာပြီး နောက်ဖေးခြံထဲသို့ ထွက်သွားကာ၊ ခြံအလယ်တွင်ရှိသော ပိန္နဲပင်အောက် တွင် ဧရာမလူမည်းကြီးတစ်ဦးအား ကြိုးတုတ်သတ်ပုတ်ရာ ထိုဧရာမလူမည်း ကြီး ကြောက်လန့်ထွက်ပြေးသည်ကို မြင်လိုက်ရပြီး အိပ်မက်မှ လန့်နိုးခဲ့ သည်။

အိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရမည် လားမသိ၊ နောက်နေ့ မိုးလင်းသည် နှင့် ဧရာမဟိဒ္ဓိဆရာထွန်း၊ (ယခင် ဘူတွင် လုပ်ဖော်ကိုင်ဖက်)အိမ် သို့ ရောက်လာသည်။

ကြီးကဲသောပုဂ္ဂိုလ်များ၏ နိုင်းစေ ချက်အရလာခဲ့ကြောင်း၊ မိမိကိုယ်တိုင် ခေတ်ကျွ၍လည်းကောင်း လာချင်စိတ် ပေါက်၍ လာခဲ့ကြောင်း ပြောသည်။

ရေနွေးကြမ်းသောက်ရင်း စကား စမြည်ပြောပြီးနောက် သူနှင့်အတူ ပါလာသူကိုခေါ်၍ တူရွင်းတစ်လက် ပေးပြီး နောက်ဖေးခြံ အလယ်ခေါင်ရှိ ပိန္နဲပင်ခြေရင်းအား တောင်ဘက်ခြမ်းမှ တူးနိုင်းသည်။

ဆရာထွန်းက ဘေးမှ ခြေစုံရပ်၍ အဓိဋ္ဌာန်တမ်းဟုထင်ရသော စကား လုံးများ ရွတ်ဖတ်သရဇ္ဈာယ်နေသည်။ **ပိန္နဲပင်အမြစ်ခြေရင်း၊ တောင်ဆုတ်** (တစ်ပေသာသာ)ခန့် အနက်တွင် မြေတူးနေသူက တစ်စုံတစ်ခုကို ကုန်း၍ နှိုက်လိုက်ရာ ပိန္နဲပင်အမြစ်နှင့် ကပ်လျက် ရှိသောနေရာမှ **အိမ်စင်အစိတ်** ကွဲ အင်းချပ်တစ်ခု ပါလာသည်။

'အေး...ဟုတ်ပြီ အင်းကောင်းလဲ အထိမှာ ပြီ... ပျော်ပြီ...'

ဆရာထွန်းတို့နှစ်ယောက်နှင့်အတူ ကျွန်တော်တို့ခြံထဲမှ ပြန်လာကြပြီး ဆရာထွန်း၏ တပည့်ကို အိမ်ပေါ် တက်၍ ဘုရားခန်းပြင်ဆင်နိုင်းသည်။

ကျွန်တော်၏ ဘုရားစင်ရှေ့တွင် ဆရာထွန်း ဘုရားဝတ်ပြုပြီးနောက် အိမ်တွင်းအိမ်ပ ခြံတွင်းခြံပနှင့် ကိုယ်တွင်း ကိုယ်ပမကျန် မကောင်းမိစ္ဆာ အတိုက်မှုန်သမျှအား နှင်ထုတ်ပြီး နောက် ကျွန်တော့်အားလှည့်ကြည့်၍ အစ်ကိုကြီးဟု ခေါ်မိုးခေါ်စဉ် မဟုတ်ဘဲ...

'ငိုသား လေ့နှုန်းစဲဖက်နှင်း မလုပ်နဲ့ ယုံယုံ ကြည်ကြည်လုပ် ရေထာအာကောင်အောင် ကြိုးစား သမ္မာဖြိုးရင် ယျက်နဲ့ မင်း အမှုရာယ်တွေရှင်းပြီး ရှေ့ဆို အကောင်း တွေချည်း လာတော့မှာပါ'

ဟု အသံသြကြီးဖြင့် ပြောသည်။ ခဏကြာမှ ဆရာထွန်းက အခြေ အနေအရပ်ရပ်ကို ပြောပြသည်။ ဂန္ထိရ ပညာရပ်များ၏ ဆန်းကြယ်နက်နဲမှုကို တော့ ကျွန်တော်လည်း လိုက်မမီပါ။

ထူးဆန်းစွာပင် ကျွန်တော်၏ ဘုရား စင်ပေါ်မှ ရှင်ဥပဂုတ်သပိတ်မှောက်အင်း ကို ကောင်းစွာသိနေသည်။ ပို၍ အံ့သြ ရသည်က...

'ကျွန်တော် အဓိဋ္ဌာန်တစ်ခု ပြီးတဲ့နေ့မှာပဲ အဲဒီထဲမှာ ရသေ့ပုဂ္ဂိုလ်ထူးတစ်ပါး ရောက် လာတယ်။

မနေ့တုံးကပဲ အတွက် ကျွန်တော် ကူညီကယ်မရမယ့်ပုဂ္ဂိုလ်ဟာ တခြားသူ မဟုတ်တဲ့ အစ်ကိုကြီးမျက်နှာ ဘွားခနဲ ပေါ်လာလို့ ကျွန်တော် ချက်ချင်းထလာခဲ့တာ အဲဒီရသေ့ကြီးနဲ့ အစ်ကိုကြီး မကြာသေးခင် က တွေ့ပြီးပြီ မဟုတ်လား'

ဆရာထွန်းက သူ့ကိုလာပြီးနိုင်းခဲ့ စေလွှတ်ခဲ့သော ရသေ့ကြီး၏ အသက် အရွယ်၊ အသားအရည် ပုံပန်းသဏ္ဌာန် တို့ကို ပြောပြရာ ကျွန်တော် အလွန် အမင်း အံ့အားသင့်သွားမိသည်။ ထိုနေ့ နေ့လယ်စာစား၍ အေးအေးဆေးဆေးစကား ပြောပြီးမှ ဆရာထွန်းတို့ ပြန်သွားသည်။

ထိုအခါမှစ၍ ကျွန်တော့်ရင်မှ ခံစား နေခဲ့ရသော...

**'နေအိမ်မသန့်လို့၊ ခြံ မသန့်လို့၊ အိမ်တွင်းနတ်မကျေနပ်လို့၊ အင်းမြုပ် ထားလို့၊ သရဲနဲ့ တိုက်ထားလို့၊ ခြံ နေရာက ရှိုးစိမ်ခြစ်လို့၊ အိမ် ဆောက်တဲ့နေရာက ဥစ္စာစောင့် သိုက် မထွက်လို့'**

စသည့် စိတ်မသိုးမသန့်ကိစ္စများ ရှင်းလင်းပျောက်ပါသွားသည်ဟု ထင်လိုက် မိပါသည်။

ထိုည ဦးရသေ့ကို အိပ်မက်ထဲတွင် တစ်ကြိမ်ထပ်တွေ့သည်။ နောင် မတွေ့တော့ပါ။

* * *

www.burmeseclassic.com

ကံမျက်စိလည်လာသည်ဟု ဆိုရမည်လားမသိ။ လေးနှစ်ကျော် ငါးနှစ်ကာလကြာ၍ အဆုံးထားသောကြွေးများ ပြန်၍ ရခဲ့သည်။

အိမ်သားများ အရင်က မျက်နှာချင်းမဆိုင်ချင်အောင် သူ့ငါမကျေနပ်ဖြစ်ခဲ့ရာမှ ယခု အေးချမ်းစွာ နေနိုင်ကြပြီ။ ကျွန်မသားရေးများကောင်း၍ ကြွေးကင်းပြီကင်း စိတ်လက်ချမ်းသာကြပြီ။

သို့သော် ဦးရသေ့၏ ပြောလိုက်သော "ဇာတာကောင်းမှာပါ" ဟု ဆိုစကားကို ဆက်၍ စောင့်ရင်း တစ်နှစ်ကျော်လာခဲ့သည်။

ဆရာထွန်းအိမ်ကို ရောက်စဉ်က ကျွန်တော်၏အင်းကို ယူကြည့်၍ သိန္နိများ စမ်းသပ်ရင်း ပြောခဲ့သော စကားတော့ရှိသည်။

"ဒီ အင်းတော်ကြီးက အတိုက်အခိုက်ရှိ ကာကွယ်ကောင်နုံးကတုဈ...ကာယ ဗိယ လာတစ်ုတယ်၊ သဒ္ဓာသိဒ္ဓိအင်းလို့လဲ ခေါ်နိုင်တယ်"

သို့ဖြင့် နောက်(၆)လမျှကြာသော် ကျွန်တော် ရာထူးတိုးတက်ခဲ့သည်။ ထိုလမှာပင် ဇနီးဖြစ်သူက ရာထူးတိုး၍ မြန်တာဝင်အရာရှိလာစာနှုန်း ခံစားရသည်။ ကံကောင်းသည်က နေရာ ပြောင်းရွှေ့ခြင်း မပြုကြရပါ။

အိမ်တွင် သားနှင့်ချွေးမ၏ စီးပွားရေး လုပ်ငန်းကလေးကလဲ အောင်မြင်လာခဲ့သည်။ တစ်ချိန်က အိမ်သားများ တစ်ယောက်ပြီးတစ်ယောက် ဆေးခန်းနှင့်ဆေးရုံ လူးလဲနှင့် တက်နေခဲ့ရာက ကျန်းမာရေးကိစ္စများလည်း အဆင်ပြေလာခဲ့သည်။

ယခုအခါ ကျွန်တော်တို့ဇနီးမောင်နှံ နှစ်ယောက်လုံး ပင်စင်စားများဘဝသို့ ရောက်နေကြပါပြီ။ ကျွန်တော်က ရံဖန်ရံခါ စာရေးဖြစ်သည်။ ဝတ္ထုတို ဆောင်းပါးကလေးများ ရေးဖြစ်ပါသည်။

ကျန်းရှိသောအချိန်တွင် ဘုရားကိစ္စ ကျောင်းကိစ္စ၊ ရပ်ရေးရွာရေး ဘာသာရေးကိစ္စများဆောင်ရွက်ရင်း တရားရိပ်သာများတွင် သွားရောက် အားထုတ်ရင်း သံသရာခရီးအတွက် အထုပ်များ ထုပ်နေပါသည်။

ကျွန်တော်ကဲ့သို့ အခက်ကြုံ အခြစ်တွေ့သူများ စိတ်သောကရောက်ရသူများ ရှိပါလျှင် ကျွန်တော်ဖော်ပြသည့်နည်းအတိုင်း ရှင်ဥပဂုတ်ရဟန္တာအင်းကို အဆောင်ပြုရင်း မိမိကိုယ်တိုင်လည်း သမထဘာဝနာ ဝိပဿနာဘာဝနာများ ပွားများ နိုင်ကြပါရန် အကြံပြုလျက် ဤ ဆောင်းပါးကို ရေးသား ဖော်ပြအပ်ပါသည်။

**ဆောင်းချစ်ကြည် (ကြို့ပင်ကောက်)**

## နက္ခတ္တရောင်ခြည်ဗေဒင်၊ ဇာတာသည်အာရုံမှ စီရင်လိုသူများအတွက် လမ်းညွှန်




၁။ "က"အက္ခရာမှစ၍ "ဃ"အက္ခရာ အောက်ရှိ အစလေးနေရာသည် "အဆုံး"ဖြစ်သည်။ ဦးခေါင်းနှင့် ဒူးနှစ်ဖက်အပါအဝင် တစ်ကြောင်းဆွဲ ဖြစ်ပါသည်။ လမ်းကြောင်းကို မြားပြထားပါသည်။)

၂။ ဦးခေါင်း၊ အတွင်း၌ စ,ဓ,ဗ,ဝအက္ခရာများ ပုံပါအတိုင်း ထည့်သွင်းပါ။

၃။ ဦးခေါင်းအပေါ်မှ ပုံပါအတိုင်း နဝင်းအညွှန့် တင်ပါ။ (တစ်ကြောင်းဆွဲ ဖြစ်ပါသည်။)

၄။ ဒူးနှစ်ဖက်၌ ပုံပါအတိုင်း "သော ဥဩ"အက္ခရာများ ရေးသွင်းပါ။

၅။ နဝင်းအညွှန့်များပေါ်တွင် "ဝ"မှစ၍ "ဝမိအော"ကို ပုံပါအတိုင်းရေးသွင်းပါ။

၆။ ပြီးမှ ဒူးတစ်ဖက်တစ်ချက်တွင် "၃"ဂဏန်းနဝင်းအညွှန့်တစ်ခုစီ ရေးသွင်းပါ။ (တစ်ကြောင်းဆွဲ ဖြစ်ပါသည်။)

ထို့နောက် "ဥပဂုတ္တဈောမာနံအဘရှဲ" ကို ပုံပါအတိုင်း "ရှံ"ပေးပါ။

၇။ (၉)ကွက်အင်းကို အောက်ပါ အတိုင်း ရေးသွင်းပါ။

| | | |
|---|---|---|
| ဥ ၁ | ဈော ၄ | ဘ ၇ |
| ရှံ ၆ | ဗိ ၅ | ပ ၂ |
| ဂု ၃ | ဓွ ၈ | မာ ၉ |

၈။ နံ့နေရာတွင် မိမိမွေးနံ့ဂဏန်း ရေးသွင်းပါ။

မှတ်ချက်။ ။ ဤအင်းအဆောင်သည် မိမိကိုယ်တိုင် စီရင်အင်းရေးဆောင်လိုသူများအတွက် အစီအစဉ်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




● လိပ်ကမုန်းဝင်

ထက်မြက်ကျော်စွာ

ဖြည့်ဖြိုးခြင်းကို ဆေးစွမ်းနိုင်သည့်

# လိပ်ကြာဂမုန်း နှင့် ရေကြာဂမုန်း

'အစ်ကို သထုံက စတုဘုန်းကြီး ဆရာတော်တဲ့၊ အိမ်ကြွလာတယ်'

'ခြော် ဟုတ်တယ်၊ ဂမုန်းပင်တွေ ကြည့်ချင်တယ်ဆိုလို့ ခရီးကြုံရင် ကြွခဲ့ပါလို့ လျှောက်ထားတယ်'

ဓနီးသည်နှင့်အတူ နေရာထိုင်ခင်း ခွင်းဆင်ကာ ဆရာတော်အား ဖူးမြော်ထော်ပြည့်ပြီးလျှင် ဂမုန်းအချို့ကို ယူပြပေးသည်။

'ဒါက လိပ်ကမုန်းတဲ့ အမြစ်ဥကို ပြောင်းပြန်ထားရင် လိပ်ကလေးတစ်ကောင်လို ခေါင်းပြူလေးနဲ့ အခုံ ခုံးခုံးကလေးရှိတယ်။ အမြစ်ဥမကြီးအပြင် အမြစ်ဥငယ်ကလေးတွေ အစုအပြုံလိုက် ပေါက်ရောက်နေတတ်လို့ လိပ်မကြီးနဲ့ ဥပေါက်စ လိပ်ကလေးအစုရှိတူတယ်။ ဒါကြောင့် "ဂမုန်းလိပ်မသွား"ဆိုလဲ ခေါ်ပါတယ် ဘုရား'

ထိုစဉ် မြူမြူဝဝ လှလတ်ပိုင်း အရွယ် အမျိုးသားက အနီးရှိ ရေစလုံတွင်းမှ ရေကြာဂမုန်းများကို သေချာစွာ စူးစမ်းကြည့်ရှုလျက် မေးမြန်း၏။

'ဒါ ဘာဂမုန်းလဲ အစ်ကို'

'သူ့နာမည်က ကိုကျော်တဲ့။ သထုံမြို့အောက်ကျင်းရပ်၊ မင်းလမ်းမကြီးမှာ "ကျော်"တယ်လီဖုန်းဆိုင် ဆိုပြီး ဖွင့်ထားတယ်။ ဖုန်းလက်ကိုင်စက်တွေ လဲပြင်တယ်။ ဘုန်းကြီး သွားလေရာ နေရာတိုင်းကို အခကြေးငွေ မယူဘဲ ကုသိုလ်ဖြစ် ဒရိုင်ဘာ လုပ်ပေးတယ်'

ဆရာတော်က မိတ်ဆက် မိန့်ကြားပေးသဖြင့် ခေါင်းညိတ် အသိအမှတ်ပြုကာ...

နဂါးလျှာရောင်ပြည့်ပြည်မကောင်း ဆက်ရန်

www.burmeseclassic.com

'ဟုတ်ကဲ့ နောက် လမ်းကြိုရင်လဲ ဝင်လည်ပါ ကိုကျော်။ ဒီဂမုန်းက ရေကြာဂမုန်းခေါ်တယ်။ ကြာမွှင့်ပုံ အရွက်တွေထပ်ပြီးထွက်တဲ့ ကုန်းကြာဂမုန်းဆိုတာက ရွက်ကျယ်ပေါက်အနွယ်မျိုးပါ။ အထက်အညာနဲ့ ရှမ်းပြည်နယ်တွေမှာ ပေါတယ်။ ရေမကြိုက်ဘူး။ ရေများရင် ပုပ်ပြီး သေသွားတယ်။ တောင်ကြီးမြို့နားက မုံတဝဂူကျောင်းမှာ တွေ့ခဲ့ရဖူးပါတယ်။

ဒီကြာက ရေစလုံထဲမှာ ရေဖြည့်ထားရုံပဲ။ မြေကြီး မလိုဘူး။ ဒါကြောင့် ရေကြာဂမုန်းလို့ခေါ်ကြတယ်။ ကုမုဒြာကြာဂမုန်းဆိုတာ ရှိသေးတယ်။ ရှားစောင်းနွယ်ဝင် အပင်မျိုးပါ။ အပွင့်ပွင့်တော့မှ ကုမုဒြာကြာပွင့်နဲ့တူတဲ့ ပန်းပွင့်တွေ ပွင့်တယ်။ လပြည့်ည သန်းခေါင်ချိန်မှ ပွင့်လေ့ ရှိပါတယ်'

ဟု ပြန်ဖြေရသည်။

'ကျွန်တော် မှတ်မိပြီ။ မန္တလေးက ဘကြီးအိမ်မှာ ခုနက လိပ်ဂမုန်းနဲ့ ရေကြာဂမုန်းကို ယှဉ်တွဲစိုက်ထားတယ်။ နာမည်ကိုတော့ အခုမှ သိရတာပါ'

'မှန်တယ်။ အဲဒီ သူ့အစပဲလေ။ လိပ်အစာက ပေါက်ပေါက်ဆုပ်တို့ ကန်စွန်းရွက်တို့ဆိုပေမယ့် လူတွေကျွေးမှ စားရတာ။

လိပ်ရဲ့ သဘာဝ အစာက ကြာရိုးကြာစွယ် ကြာမှုံကလေးတွေပဲ။ ဒါကြောင့် လိပ်ဂမုန်းနဲ့ ရေကြာဂမုန်းကို ယှဉ်တွဲစိုက်ထားရင် စိုက်ပျိုးသူတွေမှာ ပြည့်စုံခြင်း အကျိုးကို ခံစားရစေတယ် အကာ'

'ဘယ်လို ပြည့်စုံတာလဲ ဆရာတော်ဘုရား'

'သမ္မာဆန္ဒ အားလုံး ဆိုပါတော့။ ကျန်းမာခြင်းနဲ့ မိသားစု စုံစုံလင်လင် ရှိမယ်။ ဥစ္စာဓနဂုဏ်သိန်သုခ အားလုံး



◆ ရေကြာဂမုန်းပင်များ

ပြည့်စုံနိုင်ပါတယ်'

လိပ်နှင့်ကြာမှာ သဘာဝအလျောက် တွဲဖက်ဖြစ်သကဲ့သို့ "ကုလား" မိတ်ဖက်လည်းဆောင်ကာ လောကီ အကျိုးထူးကို ပေးစွမ်းခြင်းဖြစ်သည်။

ထို့ကြောင့် ထိုဂမုန်း(၂)မျိုးကို ယှဉ်တွဲ၍ အဆောင်ပြု စိုက်ပျိုးလိုက "ကောလီ"ပေါ်ချိန်တွင် စတင် စိုက်ပျိုးသင့်ပေသည်။

ကောလီပေါ်ချိန်များမှာ...

* * *

| | | | | | | | |
|---|---|---|---|---|---|---|---|
| ▲ တနင်္ဂနွေနေ့တွင် | နံနက် | ၈ | နာရီ | မှ | ၁၀ | နာရီအထိ |
| ▲ တနင်္လာနေ့တွင် | ညနေ | ၄ | နာရီ | မှ | ၅ | နာရီအထိ |
| ▲ အင်္ဂါနေ့တွင် | နံနက် | ၁၀ | နာရီ | မှ | ၁၂ | နာရီအထိ |
| ▲ ဗုဒ္ဓဟူးနေ့တွင် | နံနက် | ၅ | နာရီ | မှ | ၆ | နာရီအထိ |
| | ညနေ | ၅ | နာရီ | မှ | ၆ | နာရီအထိ |
| ▲ ကြာသပတေးနေ့တွင် | နေ့လယ် | ၁၂ | နာရီ | မှ | ၁ | နာရီအထိ |
| ▲ သောကြာနေ့တွင် | နံနက် | ၆ | နာရီ | မှ | ၈ | နာရီအထိ |
| ▲ စနေနေ့တွင် | မွန်းလွဲ | ၁ | နာရီ | မှ | ၂ | နာရီအထိ |

တို့ဖြစ်ကြောင်း သိမှတ်ရသည်။

ထိုသို့ စိုက်ပျိုးချိန်တွင် ပဌာန်း ပစ္စယုဒ္ဒေသ ၂၄ ပစ္စည်းကို ရွတ်ဖတ်ပူဇော်ပေးရသည်။

ထို့နောက် နေ့စဉ် ၂၄ ပစ္စည်း ရွတ်ဖတ်ပူဇော်ထားသော ရေဖြင့် ပက်ဖျန်းပေးရသည်။ ထိုသို့ စနစ်တကျ စိုက်ပျိုးပြုစုပါက လိပ်ဂမုန်းနှင့် ရေကြာဂမုန်းတို့ ကောင်းစွာ ရှင်သန်လာသောအခါ...

✤ ကျန်းမာခြင်းနဲ့ အသက်ရှည် ပြည့်စုံခြင်း
✤ သားသမီးမြေးမြစ်တို့ သိုက်သိုက်ဝန်းဝန်း ရှိခြင်း
✤ ကာယသုခ စိတ္တသုခ နှစ်ဖြာပြည့်စုံခြင်း
✤ ကောင်းဘအပ်သော သမ္မာဆန္ဒများ ပြည့်စုံခြင်း...

စသည့် အကျိုးထူးများ ခံစားရနိုင်ကြလေသည်။

သဘာဝနှင့်အညီ မှီကာနေရာ တွဲဖက်မိခြင်းကြောင့် "လိပ်"၏ တွန့်လိမ်ခြင်း၊ "ကြာ"၏ ကြန့်ကြာခြင်း အဆိုးများသည်း ကွယ်ပျောက်စေသည်ဟု သိမှတ်ရပေသည်။

ထက်မင်းကျော်စွာ

F.22B. January, 2016.



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်မြင့်
(ရွှေနဝင်း)

နွေရာသီနှင့်

# ကျန်းမာရေး ဝေဒနာ

သိန္တာဝေ

မာယာတို့၏ ပြက္ခဒိန်အရ ၂၀၁၂ ခုနှစ် ကုန်ဆုံးချိန်တွင် ကမ္ဘာကြီး ပျက်သုဉ်းတော့မည်ဟုဆိုပြီး လူအများ စိုးရိမ်ကြောက်လန့် တုန်လှုပ်နေခဲ့ကြသည်။ သို့သော် ထင်ခဲ့ကြသည့်အတိုင်း ဖြစ်မလာ၍ စိတ်အေးသွားရသည်။

၂၀၁၂ ခုနှစ် ကုန်ဆုံးချိန်တွင် ကမ္ဘာကြီး မပျက်မစီး ရှိနေခဲ့သော်လည်း ကမ္ဘာအရပ်ရပ်တွင် မထင်မှတ် မမျှော်မှန်းထားခဲ့သော ရာသီဥတု ဖောက်ပြန်မှုများကိုတော့ ကမ္ဘာအနှံ့ ကြုံတွေ့နေရပေသည်။

တစ်နေ့ထက်တစ်နေ့ အစိုးမရ ခန့်မှန်းရခက်သော ရာသီဥတု အခြေအနေများကို ရင်ဆိုင်၍ ကြံကြံခံနိုင်စေရန် ကျွန်ုပ်တို့ လူသားများသည် ရာသီဥတုနှင့် လိုက်လျောညီထွေသော နေထိုင်စားသောက်မှု ဓလေ့အစတို့ကို ကြိုတင်လေ့လာထားပြီး ပြင်ဆင်ထားလျှင် အသက်အန္တရာယ်အတွက် ကြိုတင်ကာကွယ်ရာ ရောက်ပါသည်။

ယခုလာမည့် နွေရာသီတွင် မထင်မှတ်ဘဲ အပူရှိန်မြင့်မား၍ အပူလှိုင်း ဖြတ်သန်းမှုများကို ရင်ဆိုင်ကြုံတွေ့ရနိုင်ပေသည်။

ထိုသို့ နွေရာသီဥတုကာလကို စတင် ဝင်ရောက်စကာလတွင် ကျွန်ုပ်တို့ လူသားများသည် ရာသီဥတုနှင့် လိုက်လျောညီထွေအောင် စားသောက်နေထိုင်မှုတို့ကို ကောင်းမွန်အောင် ပြုမူနေထိုင်တတ်ရပေမည်။

သို့ပါ၍ နွေရာသီဥတုတွင် ကျန်းမာရေးအတွက် ဆောင်ရန်ရှောင်ရန် လိုက်နာသင့်သည်တို့ကို ရေးသားတင်ပြလိုက်ပါသည်။

## နွေရာသီတွင် ကျန်းမာရေးအတွက် ရှောင်ရန်အချက်များ

၁။ နံနက်(၁၀)နာရီမှ မွန်းလွဲ(၃)နာရီ ခန့်အတွင်း အပြင်သို့ သွားလာသည့်အခါ ထီး၊ ဦးထုပ် စသည့် နေပူဒဏ်ကို ကာကွယ်သည့် အသုံးအဆောင်ကို မယူဘဲ သွားလာခြင်းကို ရှောင်ပါ။

၂။ နေပူထဲသို့ သွားလာနေစဉ်နှင့် သွားလာပြီးစ အချိန်တွင် ရေခဲရည် (သို့မဟုတ်) အအေးခံထားသော ဖျော်ရည်တို့ကို ချက်ချင်းသောက်သုံးခြင်း မပြုရပါ။

၃။ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ခြေဆေး လက်ဆေး ရေချိုး ခေါင်းလျှော်ခြင်း မပြုရပါ။

၄။ နေပူထဲမှ ပြန်လာပြီးစတွင် ပန်ကာလေ၊ အဲယားကွန်း စသည့် အအေးကို တိုက်ရိုက်ခံယူခြင်း မပြုရပါ။

၅။ နေပူထဲမှ ပြန်လာပြီး ချွေးစိုနေသည့် အင်္ကျီ၊ အတွင်းခံစွပ်ကျယ် စသည်တို့ကို မလဲသေးဘဲ အချိန်ကြာမြင့်စွာ မနေရပါ။

၆။ နွေရာသီတွင် နံနက်မှစ၍ မွန်းလွဲ (၄)နာရီအတွင်း အရက်သေစာ သောက်စားခြင်း ရှောင်ပါ။

၇။ ရေနှင့် လုပ်ကိုင်ရသော အလုပ် လုပ်နေရင်းမှ ရေစို အဝတ်အစားနှင့် နေပူထဲတွင် သွားလာခြင်း မပြုရပါ။

စသည့် အချက်များကို ရှောင်ကြဉ်ပါ။

## နွေရာသီတွင် ကျန်းမာရေးအတွက် လိုက်နာသင့်သည့် အချက်များ

၁။ နေပူပြင်းသည့်အချိန်တွင် အပြင်သို့ မလွှဲမသွေ သွားလာခဲ့ရလျှင် အပြင်သို့ မထွက်မီ ရေကို အဝ သောက်ပြီးမှ သွားပါ။

၂။ မိမိတွင် ဆီးချို၊ သွေးတိုး၊ နှလုံး



www.burmeseclassic.com

www.burmeseclassic.com

စသည်တို့ရှိလျှင် သောက်နေကျ ဆေးများကို အပြင်သို့ မထွက်မီ မိမိနှင့် တစ်ပါတည်း အဆင်သင့် ယူဆောင်သွားပါ။ ***[လိုအပ်လျှင် အရေးပေါ် သုံးနိုင်ရန်။]***

၃။ နေပူထဲမှ ပြန်၍ရောက်လာလျှင် အရင်ဦးစွာ ချွေးစိုနေသော အဝတ်အစားများကို အမြန်လဲပါ။ ပြီးလျှင် **ရေချိုးမိုး(အအေးခံထားသောရေ မဖြစ်စေရပါ။)**ကို အဝသောက်ပါ။

၄။ နေပူထဲမှ ပြန်လာပြီး (၂)နာရီ ကျော်မှ ခြေလက်ကို ရေထိပါ။ ဆေးပါ။

၅။ နေပူထဲသို့ အသွားအလာများသော နေ့များတွင် ညပိုင်းမှာ အိပ်ရာ မဝင်မီ ခြေဖဝါးနှစ်ဖက်ကို ဆားဖြင့် ပွတ်ပြီး ဒူးခေါင်းအထက်မှ စ၍ ရေဖြင့် စင်အောင် ဆေးချပြီး ရေခြောက်အောင် သုတ်ပြီး ခြေဖဝါးနှစ်ဖက်လုံးကို အုန်းဆီ (သို့မဟုတ်) ထောပတ်ဆီ စသည် တစ်မျိုးမျိုးဖြင့် ခြေဖဝါးကို ဆီလူး ပေးပါ။

၆။ နေ့ပိုင်းတွင် နံနက် အိပ်ရာ ထထ ချင်း မျက်နှာမသစ်မီ ဒူးခေါင်း အထက်မှနေ၍ ရေ(၄/၅)ခွက်ခန့် အရင်လောင်းပြီးမှ မျက်နှာသစ် သွားတိုက်ပါ။

၇။ ဆီးချို, သွေးချို, နှလုံးရောဂါ အခံ ရှိသူများ နေ့လယ် နေပူပြင်းသည့် အချိန်တွင် အိမ်သာတက်သည့် အခါ လေဝင်လေထွက်ရအောင် အိမ်သာကို ပြုပြင်ဖန်တီးထားပါ။

အိမ်သာတံခါးကိုလည်း အထဲမှ ချက်မထိုးထားဘဲ အသာစေ့ရုံသာ စေ့ထားပါ။

**ရှင်းချက် ။ ။** များသော အားဖြင့် မြန်မာ့ထုံးစံအရ အခြေ



အနေအထား အိမ်သာ အများစုသည် ကျဉ်းကျပ်၍ တံခါး အလုံပိတ် အလင်းရောင်နည်းပြီး လေဝင်လေထွက် ထုံးဝ မကောင်း သော အိမ်သာက များပါသည်။

ထိုသို့သော အိမ်သာများတွင် အထက်ပါ ရောဂါအခံရှိသူများ ပူပြင်းသည့်အချိန်တွင် သွားလာ တက်ရောက်မိပါက အိမ်သာထဲမှာ ထင် ရုတ်တရက်ကြရသော လူနာများ အတော်များများ တွေ့ကြုံရ သောကြောင့် သတိပေးခြင်း ဖြစ်ပါ သည်။

**ပူပြင်းသည့် နွေရာသီတွင်**

**ကျန်းမာရေးအတွက်**

**ရှောင်ရန်အစားများ**

၁။ အပူအစပ်များသော အစာများ။

၂။ ဒူးရင်းသီး၊ အုန်းနို့ပါသော အစား အစာများ။

၃။ ရေခဲ၊ ရေခဲရည် စသော အအေး လွန်ကဲသည့် အစာများ။

၄။ ဝမ်းနှုန်း ဝမ်းလျှောစေသည့် အစာ များ။

၅။ ပုစွန်ချဉ်၊ ငါးချဉ်၊ လက်ဖက်ချဉ်၊ ချဉ်ပတ်များ။ ဝမ်းတွင်းကလီစာ များ။

၆။ အထူးသတိပြုပြီး စားရမည်မှာ အများစာ ချက်ပြုတ်ထားသော အလှူစာများ၊ နမြောစာများ စသည်တို့ဖြစ်သည်။

**ရှင်းချက် ။ ။** အလှူစာ ဆိုသည်မှာ များသော အားဖြင့် အလှူအတန်းများတွင် တစ်ရက်၊ နှစ်ရက်မှ စ၍ ကြိုတင်ပြီး လုပ်ထားသည့် အစားအစာများ။ အလှူ့နေ့ မတိုင်မီ ညနေဦးမှစ၍ ချက်ပြုတ်ထားသော အစားအစာ များကိုသာ ကျွေးမွေးရပေသည်။

ယင်းအစားအစာများသည် အများ စာအတွက် လူအများဖြင့် လုပ်ကိုင်ရ သည့်အတွက် ရာသီဥတု ပူပြင်းသည့် အချိန်ကာလများတွင် သာမန်မျက်စိ ဖြင့် မမြင်ရသော(အရည်ပေါက်၍) ဘက်တီးရီးယားပိုးများ ပေါက်ပွားနိုင် ပြီး လူကို အန္တရာယ် ပေးစေတတ်ပါ သည်။

**[များသောအားဖြင့် နွေရာသီ အလှူစာအချို့တွင် အစားအသောက်မှား ခြင်း(Food Poison)ကို တွေ့ရများ တတ်ပါသည်။]**

ထို့ကြောင့် လှူဒါန်းကျွေးမွေး ကုသိုလ်ယူကြသော အလှူရှင်များက လည်း တတ်နိုင်သလောက် ကျန်းမာ ရေးနှင့် ညီညွတ်အောင် ချက်ပြုတ် ကျွေးမွေးနိုင်စေရန် အထူးစီစဉ်ပေးရန် လိုအပ်ပါသည်။

နမြောစာ ဆိုသည်မှာ သာမန်အိမ် များတွင် မိသားစု စားသောက်၍ မကုန် ဘဲကျန်နေသည့် အစားအသောက် အကြွင်းအကျန်များကို နမြောသော စိတ်ဖြင့် သိမ်းထားပြီး ပြန်လည်၍ စားသောက်ခြင်း...

အချို့ အလှူတွင် ကျွေးမွေး၍ ပိုလျှံ သည့် အစားအသောက်များကို (နံနက် ပိုင်း အလှူချိန်တွင် စားသောက်သော် လည်း မည်သည့်အန္တရာယ်မှ မရှိ) အလှူချိန်ပြီးသည့် ညနေပိုင်းတွင်



www.burmeseclassic.com

www.burmeseclassic.com

အလှူကျွေး အစားအစာများကို နမြော ပြီး တစ်ရပ်ကွက်လုံး၊ တစ်ရွာလုံး ဝေငှ၍ ပေးကျွေးရာတွင် အစာအဆိပ်ဖြစ်၍(Food Poison)ဖြစ်ခြင်းကို ဆိုလိုပါသည်။

အထက်ပါ အစားအစာများကို ပူပြင်းသည့် နွေရာသီတွင် အထူးသတိပြု၍ ရှောင်ကြဉ်ပါ။

## နွေရာသီတွင် ကျန်းမာရေးအတွက် စားသုံးသင့်သည့် အစာများ

၁။ အေးမြပြီး လတ်ဆတ်အရည်ရွှမ်းသည့် အသီးအနှံများ၊[ဖရဲသီး၊ သခွားမွှေးသီး၊ သင်္ဘောသီး၊ သခွားသီး၊ ကျောက်ဖရုံသီး၊ သဖန်းသီး၊ ရေခဲချဉ်သီး၊ ကတွတ်သီး၊ တည်သီး၊ ပန်းသီး၊ ကျွဲကောသီး၊ ပိန္နဲသီး၊ စိမ်းစားဥ၊ ဆီးပန်းသီး စသည်]

၂။ ဝမ်းတွင်းအေးစေပြီး အပူကို ငြိမ်းစေသည့် သနပ်ရွက်နုနှင့် ဆီးသီး(သို့မဟုတ်) မန်ကျည်းရွက်နု ချဉ်ရည်ဟင်း၊ ကန်စွန်းရွက် မန်ကျည်းမှည့် ချဉ်ရည်ဟင်း၊ ဘူးသီး၊ ကျောက်ဖရုံသီး ချဉ်ရည်ဟင်း။

ကျောက်ပွင့်သုပ်၊ မန်ကျည်းရွက်နုသုပ်၊ သခွားသီးမြင်းခွာရွက်သုပ်၊ ကင်ပွန်းချဉ်ဟင်း၊ ပေါက်ပန်းဖြူရွက်၊ ပွင့်၊ ဉာဏ်ရွက်၊ဉာဏ်ပွင့်၊ ဆန်ခေါရွက် စသည်တို့ကို ပြုတ်၍စားခြင်း၊ ဟင်းနုနယ်၊ ဒန့်သလွန်သီး၊ ရွက် စသည်တို့ကို များများစားပေးပါ။

၃။ သားငါးအနေဖြင့် နွေရာသီတွင် ကြေကျက်လွယ်သော အသားငါးတို့ကို စားသုံးပေးပါ။

ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးကြင်း စသည့် ငါးများ၊ ပုစွန်၊ အိမ်ကြက်သား၊



ဆိတ်သား စသည့် သားငါးများကို စားပေးပါ။

## နွေရာသီတွင် အထူးစားသောက်ပေးသင့်သည့် ဖျော်ရည် ဆေးရည်များ

၁။ ဆေးကုလားမဖျော်ရည် သကြားခဲဖြင့်ဖျော်ပါ။

၂။ ရှားစောင်းလက်ပပ်အနှစ် သကြားဖျော်ရည်။

၃။ ဖရဲသီးဖျော်ရည်။

၄။ ဆီးသီးကိုပြုတ်၍ အနှစ်ထုတ်ပြီး ဖျော်ရည်(သို့မဟုတ်) ဆီးယိုလုပ်၍စားခြင်း။

၅။ မြင်းခွာရွက်အရည်ကို ပျားရည်၊ နွားနို့၊ သကြား စသည် ဖျော်သောက်ခြင်း။

၆။ မုန့်လက်ဆောင်း ထန်းလျက်ရည်(ဖယောင်းစီသင်း)နှင့်သောက်ခြင်း။

၇။ ပြောင်းဖူးပြုတ်ရည်ကို သောက်ပေးခြင်း။

၈။ ကျောက်ပွင့် အမြှုပ်ပိုကြီးများကို သကြားခဲ ကျောက်ဖရုံယိုထည့်၍ ပြုတ်သောက်ခြင်း။

၉။ မုန့်နှပ်၊ မုန့်ကွဲသည်း စသည် ဝမ်းတွင်းအေးသည့် ဖျော်ရည်အစာတို့ကို သောက်ပေးပါ။

## နွေရာသီတွင် ဖြစ်တတ်သော ရောဂါအလိုက် ကုသနိုင်သည့် ဆေးဓာတ်စာများ

နွေရာသီတွင် အဖြစ်များသော ရောဂါများအတွက် ကုသပျောက်ကင်းနိုင်သော ဆေးဓာတ်စာများကို ဖော်ပြပါမည်။ နွေရာသီတွင် အပူရှိန်ပြင်းပြီး ချွေးထွက်များ၍ ဆီးခန်းပြီး ဆီးနှင့်ပတ်သက်သောရောဂါများ အဖြစ်များတတ်သည်။

### ဆီးပူ ဆီးနည်း၊ ဆီးဝါလျှင်

၁။ သခွားသီးကို ထန်းလျက်နှင့် တဝစားပေးပါ။

၂။ ကျောက်ဖရုံသီးအသား ခြစ်ယူပြီး သကြားနှင့်ပေါက်၍ အရည်ညှစ်ယူပြီး ယင်းအရည်ကို သောက်ပေးပါ။

၃။ ဆေးကုလားမ ဖျော်ရည်တွင် သံပရာရည်ခပ်၍ သောက်ပေးပါ။

၄။ မြင်းခွာရွက်ရည်နှင့် ပျားရည်၊ သံပရာရည်တို့ဖြင့် ဖျော်ရည် လုပ်သောက်ပါ။

### ဆီးချုပ်ပြီး ဆီးနုံးတင်း၍ ဆီးမထွက်လျှင်

၁။ ကြက်သွန်နီကြီးကြီး တစ်ဥကို ပါးပါးလှီးပြီး သကြားဇွန်းကြီး(၁)ဇွန်း ထည့်၍ ရေနွေးပူပူဖြင့် ဖန်ခွက်တွင် (၁၅)မိနစ်ခန့် စိမ်ပြီး ယင်းဆေးရည် ခပ်နွေးနွေးကို သောက်ပေးပါ။

၂။ ဂေရာမ်မြစ်ကို ဆန်ဆေးရည်နှင့် သွေး၍ ဆီးနုံးနှင့် လိင်အင်္ဂါတစ်ဝိုက်ကို မကြာခဏ လိမ်းပေးပါ။

၃။ ပိတ်ပါးစ တစ်စကို ရေစွတ်၍ ဆီးနုံပေါ် ဖြန့်၍ တင်ပါ။ ယင်း ပိတ်စပေါ်တွင် စားဆော်ဒါမှုန့်ကို ဇွန်းကြီး(၁)ဇွန်းခန့် ဖြန့်၍ ပုံပေးပြီး ယင်းဆော်ဒါအမှုန့်ပေါ်မှ သံပရာရည်ကို ဖြန်းပေးပါ။ မကြာမီ ဆီးပေါက်လာမည်။

### ဆီးပူ၍ ဆီးသွားတိုင်း မအိမ်ိုင် ဆီးကျဉ်နေလျှင်

၁။ ကရမက်ကို ဆန်ဆေးရည်နှင့်သွေး၍ ဟင်းစားဇွန်း(၁)ဇွန်း၊ (၂)ဇွန်းခန့် တစ်နေ့ (၃)ကြိမ် တိုက်ပါ။

၂။ ကြွေပုပ်ကို သံပရာရည်နှင့် သွေး၍ စားပွဲဇွန်း (၁)ဇွန်းခန့် တစ်နေ့(၂)



www.burmeseclassic.com

www.burmeseclassic.com

ကြိမ်တိုက်၍ ရေအဝသောက်ပေးပါ။

### အပူများ၍ ကျောက်ကာဝ်ရောဂါဖြစ်ပြီး ဆီးတွင် သွေးပါသော်

၁။ မီးကွင်းကမှန်၊ သတ္တုရည်ကို ဒိုပါလာ သကြားခဲနှင့် စပ်၍တိုက်ပါ။ (သို့မဟုတ်) ယင်း(၂)မျိုးကို ပြုတ်၍ တိုက်ပါ။

၂။ ရှားစောင်းလက်ပပ် အနှစ်ကို ခြစ်၍ ယူပြီး ဒိုပါလာ သကြားခဲနှင့် ဖျော်တိုက်ပါ။

၃။ ကရမက်ကို ဆန်ဆေးရည်နှင့် သွေးပြီး သကြားစပ်၍ တိုက်ပေးပါ။

### ကျောက်ကာဝ် အပူထုပ်၍ ခါးနာ ခါးကိုက်လျှင်

၁။ နံ့သာဖြူ၊ ကရမက်၊ ဇာသီး(၃)မျိုး ရောသွေး၍ ခါးနှင့် ဆီးစပ်တစ်ဝိုက်ကို တစ်နေ့ (၃)ကြိမ် လိမ်းပါ။

၂။ ကွမ်းရွက်ကို မီးကင်၍ ခါးတစ်ဝိုက်တွင် တစ်နေ့(၂)ကြိမ် ကပ်ပေးပါ။

### နွေရာသီတွင် အသက်အန္တရာယ်အထိ ပေးတတ်သော အပူလျှပ်၍ ဖျားခဲ့လျှင်

နေပူထဲမှ ပြန်လာပြီး ချွေးခြောက်၊ မျက်စိပူ၊ ကိုယ်အပူရှိန်ပြင်းစွာ တက်၍ အပူလျှပ်ခဲ့လျှင်...

၁။ ကြက်သွန်နီဥ ကြီးကြီးတစ်လုံးကို အခွံခွာ၍ ထန်းလျက် တစ်ခဲ၊ နှစ်ခဲနှင့် တစ်ခါတည်း ဝါးစားပါ။

ပြီးလျှင် ရေနွေးခပ်နွေးနွေးလေးမှုတ်သောက်ပေးပါ။ [ရေနွေးမှုတ်သောက်နိုင်ခြင်းမှာ မျက်နှာကို ရေနွေးအငွေ့ပေး၍ ချွေးပေါ်စေခြင်းဖြစ်သည်။ ချွေးစို့လာပြီး အပူကျလာမည်။]

ပြီးလျှင် နံ့သာဖြူနှင့် ကရမက်ကို များများ သွေးထားပြီး ပထမနဖူးနှင့် ချိုင်း(၂)ဖက်ကို အရင်လူးပေးပါ။ ပြီးလျှင် (၅)မိနစ်ခန့် စောင့်ပါ။

ပြီးလျှင် နဖူးနှင့် ချိုင်း(၂)ဖက်ကို ဆေးရည် ထပ်လူးပြီး တစ်ကိုယ်လုံးကို အနှံ့ လူးပေးပါ။ အဖျား တရှိန်ရှိန်ထွက်ပြီး အပူလျော့ကျလာပါမည်။

အထက်ပါနည်းသည် **အရေးပေါ် ကုသနည်း** ဖြစ်သည်။ အပူလျှပ်၍ ဖျားများခြင်း၊ အမြန်ဆုံး လုပ်ဆောင်ပါက အမြန်ဆုံး ချမ်းသာရာရမည်။ "ယုံကြည်စွာ" နှင့် "အမြန်ဆုံး" လုပ်ဆောင်ရန်သာ လိုအပ်ပါသည်။

ဆေးရုံ ဆေးခန်း ဝေးကွာသော အရပ်ဒေသများတွင် ဤနည်းဖြင့် အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပါသည်။

နွေရာသီတွင် အသက်အန္တရာယ်အထိ ပေးတတ်သော နောက်ရောဂါ တစ်မျိုးမှာ "**ဖျားပြီး ချွေးထွက်မရပ်သော နှင်းရောဂါမိုးလိုက်ခဲ့လျှင်**" လူနာသည် ကိုယ်ပူ၍ ဖျားပြီး ချွေးများ အဝေါမသတ် ထွက်လာပြီး ခြေလက်မျက်နှာနှင့် တစ်ကိုယ်လုံး အေးစက်ပြီး တကားမေ့မေ့ ဖြစ်တတ်သည်။ ထိုသို့ ဖြစ်လာခဲ့လျှင် "**အရေးပေါ် ကုသနည်းမှာ**"...

လူနာကို တိုင်းရင်းဆေးခန်းသုံး **ဆေးနံပါတ်(၁၄)**ကဲ့သို့ "ပူကြေပွင့်"အာနိသင်ရှိသော ဆေးကို ကော်ဖီဇွန်းကို (၁)ဇွန်းခန့် ရေနွေးနှင့်ဖျော်၍ နာရီဝက်ခြား (၁)ကြိမ် (၃)ကြိမ်ခန့် တိုက်ပေးပါ။

ပထမဆေး(၁)ကြိမ် တိုက်ပြီးပြီးချင်း နနွင်းမှုန့်များများ ယူပြီး လူနာကို အဝတ်အစားချွတ်၍ တစ်ကိုယ်လုံးကို နနွင်းမှုန့်နှင့် နိုင်နိုင်ဆတ်ပေးပါ။

**[နနွင်းမှုန့်ဆတ်သည်မှာ နနွင်းမှုန့်နှင့် လူနာတစ်ကိုယ်လုံးကို သတ်ဖေါ်းဖြင့် ဖိ၍ ဖိ၍ ဆတ်ပေးခြင်းဖြစ်သည်။]**

လူနာကို ဘေးမှ လူ(၃၊ ၄)ယောက်ခန့် ဝိုင်း၍ နနွင်းဆတ်ပေးရသည်။

ထိုသို့ နနွင်းမှုန့်နိုင်နိုင် ဆတ်ပေးခဲ့လျှင် နာရီဝက်အတွင်း ချွေးထွက်ရပ်လာပြီး ခန္ဓာကိုယ်အပူငွေ့ပြန်၍ ရလာမည်။ ခန္ဓာကိုယ် နွေးလာမည်။ သတိပြန်လည်လာမည်။

ဒါဆို ကိုယ့်ဘက်ကို ပြန်ပါလာပါပြီ။ လူနာ၏ အသက်အန္တရာယ်ကို မစိုးရိမ်ရတော့ပါ။

**အထူးသဖြင့် တိုင်းရင်းဆေးပညာသင်များ၊ အထူးသတိထားရမည့် အချက်မှာ...**

"**နှင်းရောဂါမိုး**"ရောဂါကို ကုသရာတွင် အပူလွန်ကဲ၍ ဖြစ်သည်ဟု မှတ်ချက်ချ၍ အတွင်းဆေး အနေဖြင့် "**အေးချိုဆိမ့်ဖန်**"သော ဆေးခန်းသုံးဆေး နံပါတ်(၁၄)၊ (၁၅)၊ (၁၆)ကဲ့သို့ ဆေးများ တိုက်ကျွေး၍ ကုသခြင်း "မပြုရန်" အထူးသတိပေးချင်ပါသည်။

အကယ်၍ "အေးချိုဆိမ့်ဖန်"သော ဆေးများ တိုက်ကျွေးလိုက်ပါက လူနာ၏ ခန္ဓာကိုယ်ထဲတွင် ပိတ်လှောင်မိနေသော တေဇော အပူဓာတ်သည် ဆန့်ကျင်ဘက် အအေးဓာတ်နှင့် ထိပ်တိုက်တွေ့ဆုံ၍ ဝိရောဓိဓာတ်ပြင်းထန်အားကြီးပြီး ချောင်ပိတ်မိထားသော ခွေးဆိုးတစ်ကောင်ကဲ့သို့ မည်မည်မြင်ရာ မလွှတ်တမ်း ကိုက်ခဲတတ်သလို...

ပိတ်လှောင်၍ အကျဉ်းကျနေသော တေဇောအပူဓာတ်သည် ယင်းပိတ်မိအောင်းနေသော လူနာ၏ ခန္ဓာကိုယ်တွင်းရှိ(ကမ္မဇဓာတ်)ဟု ခေါ်သော



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွင်းကာလီစာများကို အစွမ်းကုန် ကွန်လောင်စေပြီး လူနာ၏ အသက်ကို အန္တရာယ်ပြုခြင်း ခံရပေမည်။

ထို့ကြောင့် ယင်းအကျဉ်းကျ ဗိတ်မိနေသော တေဇော အပူဓာတ်၏ မိတ်ဆက်ကို ဆောင်သော "မှ ကြေ မှုန့်" ဆေးမျိုးကို ပေးကျွေးလိုက်ပါက...

ကိုယ်တွင်းကာလီစာများတွင် စွဲဝင်နိုအောင်းနေသော တေဇောအပူဓာတ်များသည် အပြင်မှ ဝင်လာသော "မှ ကြေ မှုန့်" ဆေးအာနိသင်နှင့် ပေါင်းပြီး စွဲဝင်နိုအောင်းနေသည့် နေရာဌာနမှခွာ၍ ခန္ဓာကိုယ်ပြင်ပသို့ ပြန်ထွက်ရန် တာစူလာပါသည်။

ထို့ကြောင့် "မှုကြေမှုန့်" ဆေးမျိုးတိုက်လိုက်ပြီး နွှင်းမှုန့်နှင့် နိုင်နိုင်သတ်ပေးလိုက်သည့်အခါတွင် ခန္ဓာကိုယ်သည် ပြန်လည်၍ အမိုးပြန်လာပြီး နွေးလာခြင်းဖြစ်သည်။

[ဆေး ချီ ဆိပ် ခန်သော ဆေးမျိုးတိုက်ကျွေးလိုက်ပါက ဆေးတိုက်သော ခန္ဓာကိုယ်မှ ချွေးဝိုထွက်ပြီး ရာခဲထုံးသမျှ ဝိုရှိ အေးစက်လာသည်ကို တွေ့ရမည်။ ရောဂါအခြေအနေ ပိုဆိုးလာမည်။]

ဤရောဂါသည် ကြောက်စရာ အလွန်ကောင်းပါသည်။ လူနာအတွက် အချိန်နှင့်အမျှ အရေးကြီးပါသည်။ သည့်အမှု ကုထုံးမမှန် လွဲမှားပါက လူနာ၏ အသက်အန္တရာယ်ကို ပေးစေတတ်သည်။

### မြေရာသီတွင် ဝမ်းပျက်ဝမ်းလျှော ဖြစ်ခဲ့လျှင်

မြေရာသီတွင် ဝမ်းပျက် ဝမ်းလျှော ဖြစ်ခဲ့လျှင် ဓာတ်ဆားရည်ကို လိုအပ်သလို တိုက်ပေးရမည်။ အကောင်းဆုံးဆေးမှာ နွှင်း ဖြစ်ပါသည်။ ဝမ်းပျက်ဝမ်းလျှောသူများ ဆေးအလွယ်တကူ ရှိနိုင်ပါက တိုင်းရင်းဆေးခန်းသုံး ဆေးနံပါတ်(၂၅)သို့မဟုတ် (၃၅)ကို နွှင်းမှုန့်နှင့် ဆတူစပ်၍ တစ်နေ့ကို ကော်ဖီဇွန်း(၁)ဇွန်း (၄)ကြိမ်၊ (၅)ကြိမ်ခန့် ရေနွေးပူပူနှင့် တိုက်ပေးပါ။

အကယ်၍ ဆေးရှာရ မလွယ်ပါက ကွမ်းရွက်(၄/၅)ရွက်ကို ထောင်း၍ ကတော့ချွန်လိပ်ပြီး ဆားသိပ်ထည့်၍ မီးခဲနှင့် ကွမ်းရွက်ကျွမ်းသွားသည်အထိ ဖုတ်ပါ။

ရရှိလာသော ဆားမီးဖုတ်ကို အမှုန့်ပြု၍ နွှင်းမှုန့် ကော်ဖီဇွန်း(၁)ဇွန်း ဆားမီးဖုတ် မန်ကျည်း(၁)စေ့ခန့်စပ်၍ တစ်နေ့(၃)ကြိမ် ရေနွေးဖြင့် တိုက်ပါ။

အကယ်၍ **အထက်ထုန် အောက်လျှော ဖြစ်ခဲ့လျှင်...**

ရွတ်ကောင်း (၇)စေ့၊ ကြက်သွန်ဖြူ(၇)တက်ကို ညက်အောင် ထောင်း၍ ပျားရည် ဟင်းစားဇွန်း(၁)ဇွန်းနှင့် ဖျော်၍ တစ်ခါတည်းကုန်အောင် ရေနွေးဖြင့် သောက်ပါ။ ဆေး(၁)ကြိမ်တည်းနှင့် ကောင်းသွားပါမည်။

အထက်ပါ ရေးသားဖော်ပြချက်များသည် ပြည်သူလူထုအတွက် အမှန်တကယ် အရေးပေါ်ခဲ့ပါက အလွယ်တကူ လက်လှမ်းမီပြီး အကျိုးအများဆုံးနည်းများကို စေတနာရှေ့ထား၍ ရေးသားတင်ပြလိုက်ပါသည်။

*လူတိုင်း ကျန်းမာချမ်းသာခြင်း ရှိတည့်နိုင်ကြပါစေ။*

**ဦးမင်းဆင်(ရွှေနဝင်း)**

### တာချက်နှာ (၁၇၆)မှ အဆက်

တင်မကဘူး။ အပူကြီးနေတာတွေကို လဲ ဒီဂါထာနဲ့ မန်းလိုက်ရင် ချက်ချင်း အပူငြိမ်းကျသွားတာ။ အများကြီး တွေ့ပါတယ်။

ဒီအထဲမှာ မှတ်မိတာလေး တစ်ခု ပြောပြမယ်၊ တစ်ခါက ကနောင်လေးမှာက ကလေးတစ်ယောက် အပူရောဂါကြောင့် ကနောင်ဆေးရုံကို တက်ရတယ်။

တစ်နေ့တော့ အပူတွေ ကအောကြီးလို့ မိဘတွေမျိုးသားချင်းတွေ ပူဆာနေတယ်။ ဆေးရုံက ဆရာဝန်နဲ့ ဆရာမတွေ လုပ်တာလဲ အပူချိန်ကမကျဘူး။

ဒါနဲ့ ငါ့အကြောင်းသိတဲ့ လူတစ်ယောက်က ငါ့ဆီကို ကလေးအပူချိန်ကျအောင် မေ့ဆင်း(၁)နာရီလောက် လာမန်းခိုင်းတယ်။ ချက်ချင်း ဆေးရုံ ပြန်သွားတော့ ကလေးက အပူချိန်ကျသွားပြီ။ (ဤနေရာတွင် ကလေးနေ့မှုနှင့် အသက်ကို မေ့ပြီး မမေ့မိလျှင် ရှိပါသည်။)

အဲဒီလို အပူကြီးရင်လဲ ငါ့ဆီ လာမန်းခိုင်းကြတာပဲ

တာရေးသူကလည်း (၇)ရက်သားသမီးတွေအတွက် အသုံးပြုနိုင်စေရန် နဂါးရောင်ခြည်မဂ္ဂဇင်းသို့ ရေးသားပေးပို့မည်ဖြစ်ကြောင်း ပြောကြားပြီး ထိုမှာကိုလောင်နှင့် အပူငြိမ်းကျအောင်စေသော ဂါထာလေးကို တောင်းခဲ့ပါသည်။ ဖော်ကလေးဟက်နှင့် အပူငြိမ်း ကျအောင်စေသော ဂါထာ...

[ဤ ရေးနှ သွေးမှ ထိပ်ပြာမှ ဖွဲ့ခန်းပြင်ချက်၊ ။ မြန်မာအောင်ဖြိုး နယ်ပိုင်ကလေးတော်ရှာမှ မောင်ကြို(စည့်ကိုး)မြောင်းမြသွားတိုင်းရေးသားပြီး ဖြစ်ပါသည်။ [ရည်သူ့မော် (၇)ရက်သားသမီးတိုင်း ယုံကြည်ပါကရောဂါအချိန်ကို မေ့ကြီးထဲတွင်ဂါထာမျိုးများဖြင့် ကုသနိုင်ပါကြောင်း...]

သျှာလေ့ ပြည့်ဝကြပါစေ

ဦးထင်အောင်(မြန်မာအောင်)



www.burmeseclassic.com

www.burmeseclassic.com

အထူးဆောင်းပါး

# မက်ကလောင်ရောဂါ

**နိုင်းလင်းအောင် (မြန်အောင်)**



၂၀၀၃ ခုနှစ်၊ မေလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် အိုင်ကလေကျေးရွာနေ မခင်ကြိုင် ပြောပြသည့် "ကြောင်ကျောက် အစွမ်းသတ္တိနှင့် ဖြစ်ရပ်ဆန်းများ" အကြောင်း ပါလာသည်။

ထို့ကြောင့် မေတ္တာလက်ဆောင် စာအုပ်ပြရင်း မခင်ကြိုင်ဆီသို့ ရောက်ခဲ့၏။ စာရေးသူက အကျိုးအကြောင်း ပြောပြပြီး စာအုပ်ကိုပြလိုက်ရာ...

'အဲဒီ ကြောက်ကျောက်ကြောင့် ငါ့မှာဟာ ပဲနုတ်သွားလဲ ညှိသည် ရောက်လို့ဆို လိုက်ခေါ်လို့ ပြန်ခဲ့ရ လယ်ထဲသွားလဲ လိုက်ခေါ်လို့ ပြန်ခဲ့ရတာနဲ့ ငါတော့ အဲဒီကြောင်ကျောက် ကြောင့် အလုပ်တွေပျက်တာ များပြီဟာ။

သေနတ်နဲ့ မစမ်းပါဘူး၊ ဓားနဲ့ မစမ်းပါဘူးနဲ့ဟာ ငါတောင် အဲဒီကြောင်ကျောက်ကို ထုတ်,ထုတ်ပြရတာ စိတ်ကုန်လာပြီဟာ'

၎င်းကြောင်ကျောက်နှင့် မခင်ကြိုင်၏ အကြောင်းကို မဖတ်လိုက်ရသူများအတွက် အနည်းငယ် အကျဉ်းလောက် တင်ပြပါရစေ။ (ဒါမှလည်း ဇာတ်ရည်လည်မှာ ဖြစ်ပါသည်။)

မခင်ကြိုင် ကောက်ရသော ကြောင်ရုပ်ပါသည့် ကြောင်ကျောက်ကလေးကို သိန်း(၃၀၀)နှင့် အရောင်းအဝယ်ဖြစ်စေရန် သေနတ်ဖြင့် စမ်းကြသည်။ ပထမတစ်ချက် ကျည်မထွက်၊ ဒုတိယအချက်တွင်လည်း ကျည်မထွက်။

ထို့ကြောင့် နောက်ဆုံး (၃)ချက်မြောက်တွင် ပိုင်ရှင်ဘက်မှ မထွက်ဘူး ထင်၍ "ပစ် ပစ်" ဟု အမိန့်ပေးလိုက်သောကြောင့် အစောင့်အရှောက် ဘိုးတော်(အဘ)တို့က ထွက်ခွင့်ပေးလိုက်၍ ကျည်ထွက်သွားသည်။ သိန်း(၃၀၀)နှင့် အရောင်းအဝယ် မတည့်တော့ပါ။

နောက်တစ်ဦးက မီးနှင့် စမ်းသပ်ရာတွင်လည်း ကျောက်နှင့် လက်(၄)သစ်ခန့်အကွာတွင် လုံးဝ မီးမလောင်ကြောင်း တွေ့ရ၏။

ထို ကြောင်ကျောက်ကို အစောင့်အရှောက် ဘိုးတော်(အဘ)က ရောင်းခွင့်မပြုပါ။ ရောင်းပါက ဒဏ်ခတ်ခံရမည်။

'မရောင်းတဲ့ အိမ်မှာ ထားပါက အဘက ဂါထာမန္တန်များဖြင့် ကူညီကြောင်း သိရပါသည်။

ထို့ကြောင့် မခင်ကြိုင်သည် အဖုအကျိတ်အမျိုးမျိုး၊ ပေါင်မို့သက်တံများ၊ လည်ချောင်းကြီး ရောဂါသည်များ၊ မက်ကလောင်ဖြစ်သည့် ကလေးများ၊ အပူကြီးနေသူများကို ဂါထာမန္တန်များဖြင့် ကုသနေပါသည်။

မောင်နှမတွေ စကားပြောနေစဉ် အမျိုးသမီးနှစ်ဦး ဖယောင်းတိုင်ထုပ်၊ အမွှေးတိုင်ထုပ်နှင့် ဆီအနည်းငယ် ထည့်ထားသော လက်ဖက်ရည်ပန်းကန်ကို ကိုင်ဆောင်၍ ဝင်လာသည်။

မခင်ကြိုင်ကို သူတို့သားလေး မက်ကလောင်ဖြစ်နေ၍ လာ၍ ဆီမန်းမှုန်းခိုင်းရန် ရောက်လာကြခြင်းဖြစ်၏။

'ဒီလိုပဲ ငါ့မောင်ရေ မတတ်နိုင်တဲ့ လူဆိုရင် ကိုယ်ကတောင် ဆီစိုက်ပြီး မန်းပေးရသေးတယ်။ တချို့ကသဲ တတ်နိုင်သရွေ့လေး အမွှေးတိုင် ဖယောင်းတိုင်အပြင် ကန်တော့ငွေလေး ပါလာတယ်။ ယုံယုံကြည်ကြည် ရှိရှိသေသေဆို ငါ ကျေနပ်တယ်ဟာ။

တချို့ကျတော့လဲ လူတွေက ပြေပြေလည်လည် ရွှေတွဲလဲ ငွေတွဲလဲနဲ့ ပိုက်ဆံလေး (၄,၅)ရာတောင် မနည်းပဲဟာ။ အဲဒီလို လူမျိုးတွေ တွေ့တော့ တစ်ခါတစ်ရံ စိတ်ပျက်မိတယ်ဟာ။

အဲဒါမျိုးကျ အဘက အိပ်မက်ထဲမှာ ငါ့ကို ပြောပြန်ရော "သမီး စိတ်ကောင်းကောင်း၊ မှန်မှန်ထားပေ ငွေရေးကြေးရေး အဓိက မထားနဲ့ (၇)ရက်သားသမီးတွေ ကျန်းမာဖို့က အဓိကမဟုတ်လား သူ့စေတနာ သူ့ဆီ ပြန်မှာပေါ့ကွယ်"

အဲဒီလို ပြောပြန်ရောဟ၊ နောက်ပြီး ဒီဂါထာမန္တန်ကလေ မက်ကလောင်

စာမျက်နှာ (၁၇၅) သို့

www.burmeseclassic.com

# အင်္ဂါဂြိုဟ်ပြက်အဆိုးနှင့်

ကြုံရသော

ဘုန်းလျော်စွာ
(မြိုင်တက္ကသိုလ်)

၂၀၀၃ ခုနှစ်ဝန်းကျင်တွင် စီးပွား ရေးမျက်နှာစာ၌ ကြီးမားသော အခက်အခဲတစ်ခုနှင့် ရင်ဆိုင်ရ၏။ ကြုံရမရသည့်အဆုံးတွင် ငွေမျိုးနီး ဆော်သည့် ဒေါက်တာစောထိပ် လုံးမှတစ်ဆင့် ဖင်းကျိုက်ဟောင် ဒါးပန်း၊ ဗျတ်ဗိဗျတ်တ ကုန်းတော်၌ ထဲကျောင်းဝယ်ဖြင့် သီတင်းသုံး သည့် ရသေ့ကြီးအဘအောင်ထံ ဖြစ်ကြောင်းကုန်စင် လျှောက်ထားကာ အကူအညီ တောင်းခံရသည်။

'မင်းတို့ငွေပမာဏက အတော်ကြီး တို့ များနေပါလား။ ဘယ်လိုကြောင့် ဖြစ်ရတာလဲ'

'ရင်းနှီးတဲ့မိတ်ဆွေတွေက အားကိုး ထကြီး အကူအညီတောင်းတာနဲ့ ငွေ ထိုးချေးတဲ့သူတွေဆီက ယူပေးမိတာ ပါ'

'ဘာလို့ ပြန်မဆပ်တာလဲ'

'သူတို့လဲ ရန်သူမျိုးငါးပါးဘေးကြို့ လို့ အားလုံးကုန်သွားတယ်။ တပည့် တော်တို့မှာလဲ စိုက်စရာ ရွှေငွေပစ္စည်း မရှိလို့ပါ'

'သုံးမြှုန်း လောင်းကစားပစ်လိုက်ကြတာ၊ ရှိလျက်နဲ့ မဆပ်ချင်လို့ မဆပ်တာတွေဆိုရင် ငါ မကူညီနိုင်ဘူး။ ဒီလိုဖြစ်ရှိမှန်ရင်တော့ စိတ်မပူပါနဲ့'

ကျွန်ုပ်တို့ ဖနီးမောင်နှံသည် အဘ အောင်ထံမှ ပြန်လာပြီးနောက် ချက်ချင်းပင် အဘပေးသည့် ယတြာကို ပြုလုပ်စီရင်ခဲ့ကြသည်။

ကျွန်ုပ်၏ အလုပ်ရှင်ဆရာကလည်း မြစ်တစ်စွန်းရှိသမျှ မုန်းဆကာ ဥပဒေ



◆ ဖန်ပုလင်းအတွင်းမှ ပြဒါးရုပ်

ကြောင်းမှ နှစ်သိမ့်အားပေးသည့်အပြင် သောကအသွယ်သွယ် ငြိမ်းအေးစေ သည့် ပဋ္ဌာန်းဂုဏ်တော်စက်လှည့် ပူဇော်နည်းကိုလည်း မွေ့ဒါနပြုခဲ့လေ သည်။

သို့ဖြစ်၍ ကာလ အတန်ကြာပြီး နောက် လှိုင်းလေငြိမ်သက်သော သမယတွင် ဖယောင်းတိုင်တစ်ထုပ်နှင့် အတူ အဘအောင်အား သွားရောက် ကန်တော့သည်။

ပစ္စကွအခြေအနေအရ ဖယောင်း တိုင်ထုပ်သာ ပူဇော်နိုင်သဖြင့် မဝံ့မရဲ ဖြစ်မိသည်။ ဤသည်ကို ရိပ်မိဟန်တူ သော အဘအောင်က...

'မင်းတို့ ဖယောင်းတိုင်ထုပ်က ရွှေထုပ်နဲ့ ကန်တော့လဲ ငါ ထိမ်းယာဘူး။ ကျေးဇူးသိ တတ်လို့ လက်ဆယ်ဖြာချီမိုးမြှ ကန်တော့ တာကိုတော့ သာဓုခေါ်ပါတယ်'

ဟု ဆို၏။

အဘသည် အဆင့်မြင့် ရာထူးအဆင့် မှ အနားယူကာ တောထွက်ကျင့်ကြံ အားထုတ်သူဖြစ်၍ စကားသံ မာထန် ပြတ်သားသယောင် ရှိသော်လည်း မျက်နှာအမူအရာတွင် ကရုဏာရိပ်များ ပါဝင်သည်ဟု ခံစားရ၏။

'မင်းက နက္ခတ္တဗေဒဆရာတစ်ယောက် ဆို ဟုတ်လား။ တပည့်တွေအများကြီး ကို ပညာသင်ပေးရသတဲ့၊ မင်းတူတော် မောင် (အစ်ကို၏ဖနီးမှ တော်စပ်သည့် တူဖြစ်၍ အဘအောင်ထံ ဝတ်ကြီး ဝတ်ငယ် ပြုစုပေးနေသည့် တပည့် တစ်ဦး ဖြစ်သည်။) ပြောတာပဲ'

'လွန်ခဲ့တဲ့ (၁၅)နှစ်ကျော်ကပါ အဘ'

'ထားပါတော့။ ငါပေးတဲ့ ယတြာကို





www.burmeseclassic.com

www.burmeseclassic.com

မင်းတတ်တဲ့ပညာနဲ့ ဆန်းစစ်ကြည့်ပါဦး'

အဘအောင် ညွှန်ကြားသည်ကား...

'ရောက်ရှက်တစ်ရှက်ကို သံဖြင့်ပြုလုပ်သော ခွဲခြင်း၌ထည့်၍ ဘုရားစင်၌ ချိတ်ဆွဲထားရန်"

ဟူ၍ ဖြစ်သည်။

'တပည့်တော် ဉာဏ်မီသလောက် ပြောပါရစေ။ "ရှောက်ရှက်"ကို "သံ" ခြင်းနဲ့ လှောင်ထားတာ အာပေါ်တတ် မိတ် "ဝံအေး"လို့ ထင်ရပေမယ့် ဗုဒ္ဓဟူးနံမှာ ရောက်ရှက်အစားရှက်လှ စတာတွေကိုသာ သုံးလေ့ရှိပါတယ်။

ရှောက်က ဟထိုးပါဝင်ပြီး စူးရှတဲ့ အနံ့ ဆူးချွန်တွေ ပါဝင်တာမို့ တေဇောတတ် (အနှောင့်အယှက်) ပယောဂ မကောင်းပါဘူး။ ဒါကြောင့်မို့ တပည့်တော် ဉာဏ်မမီပါဘူး'

'အေး... ဒါက သယကျမ္ပာန်းကို အခြေခံ ပိုင်နိုင်ပြီး ခရီးတစ်ခုအထိ ပေါက်ရောက်မှ သဘောပေါက်တဲ့ကိစ္စပဲ။ မင်းတို့ စာအုပ်သမားတွေအတွက် စာအုပ်ထဲက ပုတ်သားစရာတော့ ပေးလိုက်မယ် ယူမလား'

'ကျေးဇူးကြီးလှပါတယ် အဘ'

'ဟော ဒါ ဘာလဲ'

'ပုလင်းပါ'

'ခြင်သေ့တစ်ကောင်၊ ငွေစက္ကူကို ပြောတာမဟုတ်ဘူးနော်။ ဓေတီပုထိုးရဲ့ အရှေ့တောင်ထောင့်က ခြင်သေ့'

'ဟုတ်ကဲ့။ အင်္ဂါဂြိုဟ်အထိမ်းအမှတ်အရုပ်၊ ခြင်သေ့ရုပ်ပါ'

'အဲဒီခြင်သေ့ကို ပုလင်းထဲထည့်ပြီး အလုံပိတ်ထားရင် ဘာဖြစ်မလဲ'

'ခြင်သေ့ကို လှောင်ထားပါတယ် အဘ'



သံခွဲခြင်း

'အေးလေ လှိမ့်နေရင် လှောင်ထားစရာလိုသလား'

'သဘောပေါက်ပါပြီ အဘ။ ဆိုတဲ့ ခြင်သေ့ပါ။ အင်္ဂါဂြိုဟ်အဆိုးတရားတွေ ကြုံရရင် ဒီလို ပုလင်းထဲ ခြင်သေ့ရုပ်ထည့်ပြီး ယတြာ ပြုရပါတယ်'

'လက်ဆောင်ရပြီးရင် ပြန်ကြတော့ ငါလဲ အလုပ်ရှိသေးတယ်'

လတ်တလော အခက်အခဲကို ဖြေရှင်းပေးရုံသာမက နောင်တွင် ကြုံဆုံရပါက ဖြေရှင်းနိုင်ရန် ပညာဒါနပြုခဲ့သော ရသေ့ကြီးအဘအောင်သည် တစ်ဘဝခန္ဓာကို အဆုံးသတ်သွားသည်မှာ ခုနစ်နှစ်ကျော်ပါပြီ။

အဘပေးခဲ့သည့် လက်ဆောင်ကားထာဝရတည်မြဲနေမည့်အပြင် ခုနစ်ရက်သားသမီးတို့အကျိုး ဖြစ်ထွန်းနိုင်သဖြင့် လက်ဆောင်ကမ်း ဝေငှပေးလိုက်ပါသည်။



### အင်္ဂါဂြိုဟ်ဇရိုဏာယ်များ

**အစရိတ**

သဘောထား ကြီးခြင်း။ သစ္စာစောင့်သိခြင်း။ ဖွံ့ လုံ့လရှိခြင်း။ တည်ငြိမ်စွာ ခုခံကာကွယ်ခြင်း။ လွတ်လပ်မှုနှင့် အလှအပမြတ်နိုးခြင်း။ သူရသတ္တိရှိခြင်း။ တာဝန်ယူဦးဆောင်ခြင်း။ စစ်သွေး စစ်မာန်ပြည့်ဝခြင်း။ ရိုးသေဂါရဝတရား ရှိခြင်း။

**ဒုစရိတ**

မျှော်လင့်ချက် ကင်းမဲ့ခြင်း။ လက်လျှော့စိတ်ပျက်လွယ်ခြင်း။ အကျင့်စာရိတ္တ ပျက်ပြားခြင်း။ ယုတ်ညံ့ခြင်း။ ကြမ်းတမ်းခက်ထန်ခြင်း။

လက်ရဲဇက်ရဲရှိခြင်း။ သတ်ဖြတ် ဆိုးသွမ်းခြင်း။ ရာဇဝတ်မှုကျူးလွန်ခြင်း (စည်းကမ်းဥပဒေမလိုက်နာခြင်း)၊ လက်စားချေခြင်း။ ကြိမ်ဆဲရေရွတ်ခြင်း၊ ပြန်ပေးဆွဲ၊ နိုင်ထက်စီးနင်းပြုခြင်း။

**အင်္ဂဝိဇ္ဇာပညာရပ်တွင် အင်္ဂါဂြိုဟ်** မကောင်းသော အခြေအနေဖြင့်ဂြိုဟ်အိမ်ဂြိုဟ်စားခြင်း။ **နက္ခတ္တဗေဒ** တွင် အတန့်အနေမကောင်းသောဂြိုဟ်ဆိုးအမြင်ခံရသော နေရောင်လွှတ်သော (တနင်္ဂနွေဂြိုဟ်နှင့် ရှေ့နောက် (၁၃)အံသာအထက် ကွာဝေးခြင်း)အင်္ဂါဂြိုဟ်ဒေသာစားစဉ်နှင့် ကောဇာဂြိုဟ်ခွင်တွင် ယင်းသို့သော အင်္ဂါဂြိုဟ်ယှဉ်ခြင်း မြင်ခြင်း...

စသည်တို့ ကြုံရပါက အံထက်ပါ အင်္ဂါဂြိုဟ်၏ ဒုစရိတ အဆိုးစရိုက်များဖြစ်ပေါ်ခံစားရပါသည်။

**ထိုအခါ ပုလင်းတစ်လုံးတွင်း ခြင်သေ့ရုပ်ကို ထည့်၍ [illegible] (၆)နာရီမှ (၇)နာရီ(၃၀)မိနစ်[illegible]**

F.23B. January, 2016

www.burmeseclassic.com

www.burmeseclassic.com

ဘုရားဟောင်လှူရန် ဖြစ်သည်။

ဝေဒပညာနှင့် အင်္ဂါဂြိုဟ်၏ သဘောသဘာဝကို မသိရှိသော်လည်း အထက်ပါ အင်္ဂါဂြိုဟ် ဒုစ္စရိတ အခြေအနေများ ကြုံတွေ့နေရပါကလည်း ပြုလုပ်နိုင်သည်။

**သတိပြုရန်မှာ** ခြင်္သေ့ရုပ်သည် မူလင်းအဝထက် ကြီးရပါမည်။ တားဆီးပိတ်လှောင်ခြင်းကို အားဖြည့်ပေးခြင်းဖြစ်သည်။

**မူလဘုရားပြုလုပ်သကဲ့သို့ ခြင်္သေ့ရုပ်ကို အဓိဋ္ဌာန်ကာလေးများနဲ့ကာ မူလမီးထွန်းရောက်မှ တော်တော် ဖြစ်တော်ရသည်။ ဘုရားအများ၊ မိမိနေထိုင်ရာအရပ်ကို စိတ်တော်ရှိနိုင်ပါသည်။**

ဗုဒ္ဓဟူးဂြိုဟ်ကို ပါဠိဘာသာဖြင့် "**ရာဟု**"ဟုခေါ်၍ ယင်း၏ အခြားအဓိပ္ပာယ်တစ်ခုမှာ "**ဆီးတား ပိတ်ဆင်ခြင်း**"ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဟူးနေ့၊ ဗုဒ္ဓဟူးအချိန်တွင် ဘုရားကပ်လှူခြင်း ဖြစ်သည်။

**ပုထင်း–ကြာသပတေး၊ ဗုဒ္ဓဟူး–ဘုရားကို** ရည်ညွှန်းသည်ဖြစ်ရာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း (ဘုရား ဂုဏ်တော် ရွတ်ဖတ်ပူဇော်ခြင်း)ကိုလည်း စီးဖြန်းရပေသည်။

မည်သည့် အကြောင်းကြောင့်ဖြစ်စေ အင်္ဂါဂြိုဟ်၏ ဒုစ္စရိတ အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့ရပါက ယုံကြည်စွာ ပြုလုပ်ကျော်လွှားနိုင်ကြပါလိမ့်မည်ဟု ပွဲတွေ့ အစီအစဉ်တစ်ရပ်အဖြစ် တိုက်တွန်း၍ အဘအောင် ကူညီလမ်းညွှန်ပေးစဉ်က အသုံးပြုခဲ့သော သံချွဲခြင်းကို အမှတ်တရ ဖော်ပြလိုက်ပါသည်။

"အဘအောင်" လိုရာခရီးသို့ အရောက်လှမ်းနိုင်ပါစေဟု ဂါရဝပြုဆုတောင်းပါသည်။ [အထက်ဖော်ပြပါ ဒုစ္စရိတအင်္ဂါဂြိုဟ်၏ ပရိယာယ်တို့မှာ နက္ခတ္တဗေဒဖလိတ သင်ခန်းစာများ ဖြစ်ကြပါသည်။

**အဂ်ဝိဇ္ဇာတွက်ကိန်းအရ...**

အင်္ဂါဂြိုဟ်ပရိယာယ်ဖြစ်သော ဆန့် ဆီ ဆေး ဘား စက်ပစ္စည်း အစားအစာ စုန်း(သုတစ်ပါးစိတ်ကို ညှို့နှမ်းစေသော အတတ်နှ လောကီအတတ်ပညာ)၊ အစွဲအလမ်း စကားအခြေအတင် ပြောဆိုငြင်းခုန်ခြင်း၊ မုဆိုး မုဆိုးမ လက်အောက်ငယ်သား၊ တပည့် တပန်း၊ လူယုံကိုယ်စားလှယ်၊ မျက်စိ၊ တအုပ် လက်စွပ်၊ ခေါင်းစွပ်၊ ကိုယ်အင်္ဂါချို့ယွင်းမှု... စသည်တို့နှင့် ပတ်သက်၍ စိတ်သောကကြုံခဲ့ရပါကလည်း အထက်ပါအတိုင်း ဆောင်ရွက် ပြေပျောက်နိုင်ကြပါသည်။]

> **ဘုန်းကျော်စွာ**
> **(မြိုင်တက္ကသိုလ်)**

---

ကျွန်တော်သည် ဇနီးဖြစ်သူ ပြင်ဆင်ပေးသော ထမင်းစားပွဲတွင် ထိုင်လျက် ကြာရိုးဟင်းချိုကို တစ်ဖွန်းခပ်ပြီး မြည်းလိုက်သည်။

ချိုပါသည်။

ထိုစဉ်...

'ကြာဖြူကြာနီ ကြာညိုနှောလို့
တို့လယ်တောမှ ပွင့်ကြတယ်၊
ကောက်စိုက်အပြန် ရေကန်ကြီးက
ကြာတစ်စည်းလောက် ချိုးခဲ့ကွယ်၊
ကြာဖူးကြာငုံ ထုံထုံမွှေးကို
မလေး ဘယ်လို သုံးပါမယ်'

ဟူသော ဆရာကြီးမင်းသုဝဏ်၏ ကဗျာတစ်ပိုဒ်တစ်စကို ပြေး၍ သတိရမိသည်။ လွန်ခဲ့သော အနှစ်ငါးဆယ် ကျော်ကလေးဘဝအရွယ်က ရွတ်ဆိုခဲ့ဖူးသော ကဗျာနှင့် ပိုးတဝါး။

"ကြာ"နှင့် ပတ်သက်သော ဆေးနည်းတစ်ခုကိုလည်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေးရန်သတိရလာသည်။

ကျိုက်လတ်မြို့နယ်၊ သမြူဆိပ် ကျေးရွာအုပ်စု၊ ညောင်ချောင်းကျေးရွာသို့ ရောက်စဉ်က ကိုတင်မောင်ဆွေ ပြောပြသော ဆေးနည်းတစ်ခု။

(ဦးဘလှ)နှင့် ဒေါ်အုန်းမြင့်တို့၏ အိမ်က လက်ဖက်ရည်ကြမ်းဝိုင်းတွင် ဖြစ်သည်။

## ဆီးများလျှင်



'ကျွန်တော့် ကိုယ်တွေ့ ဆေးနည်းတစ်ခုကို ပြောရဦးမယ်ဆရာရေ'

ဟု နိဒါန်းပျိုး၍ ကိုတင်မောင်ဆွေက ပြောပါသည်။

"**ဆီး**"**များလျှင် ကြာနီအရိုးကို ငါးပနော်နှင့် အရည်**သောက် ချက်စားရပါသည်။ မောင်ဇနီယ၏ မြန်မာမှုအဘိဓာန်တွင် စာမျက်နှာ (၁၂၈)၌...

**ကြာမျိုးငါးပါး** ။ မြန်မာဆေးပညာတွင် အသုံးပြုသော ကြာငါးမျိုးမှာ **ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ်၊ ကြာပုဏ္ဍရိက်** ဖော်ပြထားပါသည်။

"ဆီး"များပါက ထိုကြာငါးမျိုးရှိသည့်တွင် "ကြာနီ"မျိုး၏ အရိုးကို ငါးပနော်နှင့် အရည်သောက် ချက်စားရမည်ဖြစ်ပါသည်။ ရောဂါပျောက်ကင်းချမ်းသာသည်အထိ ချက်စားပါစေ။

> **(ဩ–ဒု) ဆရာ ဦးမြင့်သိန်း (မှော်ဘီမြို့)**



www.burmeseclassic.com

www.burmeseclassic.com

### စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

၁။ * * *



ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်က ရန်ကုန်မြို့က "**စိန်ထွားထင်**" အမည်ရှိတဲ့ အမျိုးသားတစ်ဦး ဖြစ်ပါတယ်။

ထိုးမြဲလက်မှတ်အနေနဲ့ နာမည်ရဲ့ နောက်ဆုံးစာလုံးဖြစ်တဲ့ "**ထင်**"ကို အင်္ဂလိပ်အက္ခရာစာလုံးနဲ့ ရေးထိုးထားခြင်း ဖြစ်ကြောင်း ပြောပြပါတယ်။

ငွေအိတ်သင်္ကေတလို့ ထင်ရပေမယ့် အမှားသင်္ကေတမျိုးသာ ဖြစ်ပါတယ်။

လက်မှတ်အောက်က မျဉ်းသားထားတာဟာ အညွှန့်နဲ့မျဉ်းပြိုင်သင်္ကေတဖြစ်နေသလို၊ ငွေအိတ်ပုံကလဲ ဝန်ထုပ်ဝန်ပိုး ဖြစ်သွားစေပါတယ်။ ထိုးမြဲလက်မှတ်သင်္ကေတ ညံ့ပါတယ်။

'ဘာလုပ်လုပ် အဆင်မပြေ ဖြစ်နေရတာ ဘာကြောင့်လဲ'

ထိုးမြဲလက်မှတ်ပိုင်ရှင်ရဲ့ မေးခွန်းက စိတ်ဓာတ်ကျစရာ ဖြစ်နေတယ်။ သူ့ရဲ့ **မွေးသက္ကရာဇ်က ၁၃၄၁ ခုနှစ်၊ နယုန်ထခြစ်ထဲ့အတွက်** မူလမဟာဘုတ်၊ နာမက္ခရာတိုင်နဲ့ ဝုဒ္ဓိကို ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

ဆရာကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

* * * [နံပါတ်-၁]






အင်္ဂါအထွန်းဌာနဖွားဖြစ်သူကို အင်္ဂါအစ၊ ဗုဒ္ဓဟူးအလယ်၊ စနေအဆုံး နာမည်ပေးထားသဖြင့် အထွန်း+ဘင်္ဂ+မရဏ = ဣဋ္ဌ+အနိဋ္ဌ+အနိဋ္ဌ နာမည်ပေး အထူးညံ့နေသည်။

နာမက္ခရာတိုင်စဉ် မှားနေသည့်ပြင် ဝုဒ္ဓိလည်း မှားသည်။ လက်မှတ်ရွေးထိုးထားသော စာလုံးမှာလည်း မရဏဌာနမှ စနေဂြိုဟ်ဖြစ်၍ ရွေးချယ်မှုမှားသည်။ ထို့ကြောင့် ဘာလုပ်လုပ် အဆင်မပြေ ဖြစ်နေရခြင်းဟု သတ်မှတ်ဆုံးဖြတ်နိုင်ပါသည်။

ဤနာမည်မျိုးတွင် ထိုးမြဲလက်မှတ်အဖြစ် နာမည်ထိပ်ဆုံးစာလုံး "စိန်"ကိုသာ ရွေးချယ်ထိုးသင့်ပေသည်။

* * *


[ထိုးသင့်သော လက်မှတ်နမူနာ]

✤ လက်မှတ်အောက်က မျဉ်းသား... ရပါ။

✤ အောက်ခြေပြား ... သင်္ကေတ ထည့်ထိုးရှုရ...



www.burmeseclassic.com

www.burmeseclassic.com

ညည်း။

လူအများခေါ်သော နာမည်အဖြစ် "ကိုစိန်"(သို့မဟုတ်) "ဦးစိန်" ဖြစ်အောင် ကြိုးစားသင့်ပါသည်။

၂။ * * *



ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကလဲ ရန်ကုန်မြို့မှ "မနှင်းသီတာ" အမည်ရှိတဲ့ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

နာမည်ရဲ့ ထိပ်ဆုံးစာလုံးဖြစ်တဲ့ "နှင်း"ကို မြန်မာအက္ခရာစာလုံးနဲ့ ထိုးမြဲလက်မှတ် ရွေးချယ်ထိုးထားခြင်း ဖြစ်ပါတယ်။

သူမရဲ့ အသားအရောင်က အဝါနဲ့ အညိုစပ်ကျားဖြစ်လို့ အသားလတ်သူ ဖြစ်ပါတယ်။

မြန်မာသက္ကရာဇ် ၁၃၃၄ ခုနှစ်၊ တန်ခူးလဆုတ်မွေးတဲ့ စနေသမီး ဖြစ်တဲ့အတွက် မူလမဟာဘုတ်ခွင်ကို ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

* * * [နံပါတ်-၂]

စနေ မရဏဌာနမှာဖြစ်သူကို စနေ၊ စနေဆုံး = မရဏ+မရဏ = အနိဋ္ဌ+အနိဋ္ဌ နာမည်ပေး ညံ့နေပါတယ်။

အထူးသဖြင့် အသားလတ်တဲ့သူကို အမည်းရောင် နှစ်သက်ပြီး "ဗို+မ" အက္ခရာဖြစ်တဲ့ "န"နဲ့ နာမည်စတင်ပေးခြင်းကြောင့် အိမ်ထောင်ရေးကို အညံ့အပျက် ဖြစ်စေနိုင်တယ်။ လက်မှတ်ရွေးထိုးတဲ့ စာလုံးလဲ မှားတယ်။

'ကျွန်မ အသက်(၄၄)နှစ်မှာပဲ ခင်ပွန်းကွယ်လွန်ခဲ့ပါတယ်၊ သားသမီးတွေ ကျန်ရစ်တယ်။ အခု ကိုယ်ပိုင်အိုးအိမ်လဲမရှိ အလုပ်အကိုင်လဲ မရှိနဲ့ ဘဝတိမ်နေရှာ ခက်ခဲပါတယ်'

ထိုမြဲလက်မှတ်ရှင် အမျိုးသမီး၏ အိမ်ထောင်ရေးသောကကို ကြားရသည်က နားဝ မချမ်းသာလှပါ။

ဤနာမည်အညံ့ကို ဆက်မသုံးဘဲ "မသီ"ဟု နှစ်လုံးတွဲ လူခေါ်များအောင် ကြိုးစားရန်နဲ့ ထိုးမြဲလက်မှတ်အဖြစ် "သီ"တစ်လုံးတည်း ထိုးရန် လမ်းညွှန်ပေးလိုက်ပါတယ်။

* * *



[ထိုးသင့်သော လက်မှတ်ပုံစံ]

❖ အင်္ဂလိပ်အက္ခရာ စာလုံးဖြင့် ထိုးခြင်း။ အောက်ခြေပြားမှေ့အိတ်ပုံ သင်္ကေတထည့်ခြင်း။ မွှင်စုတ်(၃)ခုပါသော ပန်းပွင့်သင်္ကေတ

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

[နံပါတ်-၂]

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

ကို လက်မှတ်၏ အညွန့်နေရာတွင် ထည့်ခြင်းတို့အား လိုက်နာဖို့ လိုကြောင်း အကြံပေးလိုက်သည်။

၃။ * * *



ယခုလအတွက် နံပါတ်(၃)နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ မော်ဘီမြို့နယ်မှ "ကျော်ညီမိုး"ဆိုသော အမျိုးသား ဖြစ်ပါတယ်။

နာမည်ရဲ့နောက်ဆုံးစာလုံး "ညီမိုး" ကို မြန်မာအက္ခရာဖြင့် လက်မှတ်ရွေးထိုးထားကြောင်း ပြောပြပါတယ်။

မြန်မာလို မွေးသက္ကရာဇ်မှာ ၁၃၃၀ ပြည့်နှစ်၊ သီတင်းကျွတ်လ တနင်္လာ ဖွားဖြစ်၍ မူလ မဟာဘုတ်ခွင်ကို ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

* * * [နံပါတ်-၃]

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

[နံပါတ်-၃]

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

နက္ခတ္တဗေဒင်ဖြင့်... ဆက်ရန် (စာမျက်နှာ (၁၈၄) သို့)

www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာခြင်း ရှိနေပါကမှ စိတ်သွားလေရာကိုယ်ပါ ဘဝလိုရာခရီးသို့ သွားရန် ဖြောင့်တန်းပေလိမ့်မည်။ အစားအသောက်ဟု ဆိုရာတွင် လူသားရုပ်ခန္ဓာ ခွန်အားဖြစ်စေရုံသာမက ဆေးလည်းအစာ၊ အစာလည်းဆေး ဖြစ်စေဖို့ လိုအပ်ပြန်ပါသည်။

**"သိသူဖော်စား။ မသိသူကျော်သွား"** ဆိုသည့် ဝေါနက်သော မြန်မာ့စကားအရ သစ်ပင်တို့အကြောင်း သိသူတို့အဖို့ ဩဇာလေးနက် အဆီတက် နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ဆိုသည့်အတိုင်း အကျိုးကျေးဇူး ကြီးမားလှပါသည်။

ထို့ကြောင့် လူသားတို့ နေ့စဉ်စားသုံးနေကြသော သစ်ပင်တို့မှ အသီးအရွက်များကို အာဟာရဖြစ်စေရန်နှင့် ဆေးဖက်ဝင်စေရေးပါ စနစ်တကျ သိရှိစားသုံးတတ်ရပေမည်။ **ထူးထူးခြားခြား အစွမ်းကြီးမားလှသည့် မာလကာပင်အကြောင်း ဆေးဝဂ်ဘာ ဆရာတော်ကြီးကို ဦးသူရိယမှ စိန့်မှာပြသခဲ့ဖူးပါ၏။**

အသာဦးအောင်ဖင်ဆိုသူက ရာကျော် ဆရာတော် ဦးကိတ္တိနှင့် ဆေးဝဂ်ဘာ ဆရာတော်ကြီး ဦးသူရိယတို့အား သိမီခဲ့သော တပည့်ရင်းတစ်ဦး ဖြစ်ပါသည်။

ရာကျော် ဆရာတော်ကြီးနှင့် ဆေးဝဂ်ဘာဆရာတော်တို့ အလွန်ရင်းနှီးကြကြောင်း၊ တစ်ပါးနှင့်တစ်ပါး ဝိဇ္ဇာဓရ အသိအတတ်များ ဖလှယ်ကြကြောင်း ပြောပြဖူးပါသည်။

ရာကျော် ဆရာတော်ကြီးသည် မင်္ဂလာဒုံမြို့နယ်၊ ငွေယားတောင်အနီး ပြည်လမ်းအနောက်ဘက်ခြမ်း စိတ္တသုခတောင်ဦးကျောင်းတိုက် စံကျောင်းတော်တွင် သီတင်းသုံးတော်မူရာမှ

# ဆေးဝဂ်ဘာဆရာတော်ကြီး ညွှန်ပြခဲ့သော မာလကာပင်

ရဲထိုက်သူ (တောင်ဒဂုံ)



◆ ဆေးဝဂ်ဘာဆရာတော်ကြီး ဦးသူရိယ

၁၃၁၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၉)ရက် ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင် ခန္ဓာဝန် စွန့်တော်မူလေသည်။

အရှိမရှာပန အခမ်းအနားသို့ ဆေးဝဂ်ဘာဆရာတော်ကြီး ကြွရောက်တော်မူစဉ် တပည့်ရင်းဖြစ်သူ အ... ဦးအောင်ဖင်အား မာလကာ... ဆေးဖက်ဝင်ပုံကို ပြောပြခဲ့သည်...



www.burmeseclassic.com

ဆိုပါသည်။

**မင်းရေ** ။ ။ 'မာလကာပင် အကြောင်း အဘကို ဆေးဝဂ်ဘာ ဆရာတော်ကြီးက ဘာဖြစ်လို့ ပြောပြတာလဲ'

**ဦးအောင်ဇင်** ။ ။ 'ဒီလိုကွယ့်၊ အဘတို့အမေကဆရာတော်ကြီးရဲ့ ဒကာရင်းတွေ၊ အမေ့ကို ဆရာတော်ကြီးက မတွေ့တော့ အဘကို မေးတယ်။

အဘကလဲ အမေဖြစ်နေတဲ့ အဆစ်အမျက်တွေရောင်ပြီး တစ်ခါ တစ်ခါ သွေးတက်လို့ မူးတာကြောင့် ဆရာတော်ကြီးကျောင်း မလာနိုင်တာပါဘုရားလို့ လျှောက်လိုက်မိတယ်'

ဆေးဝဂ်ဘာ ဆရာတော်ကြီးသည် မြန်မာနိုင်ငံတစ်ဝန်း ဆေးအစွမ်းထက်သူ၌ ဆေးဗိဇ္ဇာမိုရ်ဆရာတော်ကြီးအဖြစ် ထင်ရှားကျော်ကြားလှပါသည်။

မြင်မြင်သမျှ သစ်ပင်များအားလုံးအပင်သည် ဘာအစွမ်းသတ္တိရှိ၍ ဘယ်ရောဂါများ ပျောက်ကင်းစေနိုင်ကြောင်း အလွန်သိသူဟု ဆိုပါသည်။

တပည့်ရင်း၊ ဒကာရင်းတို့နှင့် ကြုံဆုံသတိုင်း ဆေးအတတ်နှင့် ပတ်သက်၍ ရောဂါနှင့် ဆေးဝါးသစ်ပင်များအကြောင်း ပြောဆိုဆုံးမ သွန်သင်ပြတတ်ပါသည်။

**မင်းရေ** ။ ။ 'အဲဒီတော့ ဆရာတော်ကြီးက ဘာပြောလဲ'

**ဦးအောင်ဇင်** ။ ။ 'ဘာမိန့်လဲ ဆိုရင်တော့ **"ဟိုမှာ ကြည့် ဘာပင်လဲ"** ဆိုပြီး ကျောင်းခြံစည်းရိုးမှာ ပေါက်နေတဲ့ မာလကာပင်ကို လက်ညှိုးထိုးပြတယ်။ အဘကလဲ **"မာလကာပင်ပါ ဘုရား"** လို့ ပြန်လျှောက်ထားတာပေါ့။

အဲဒီတော့ ဆရာတော်ကြီးက မိန့်ပြန်တယ်။ အမည်နာမကိုက မာလကာဆိုတော့ အပင်ရဲ့ အစွမ်းသတ္တိကို သိသူအဖို့ ရောဂါကို မလာနိုင်အောင် ကာကွယ်နိုင်တဲ့ မာလကာဆေးပင်ကြောင့် ရောဂါပျောက်ပြီလို့ အမေ့ကို ပြောခိုင်းတယ်ကွယ့်။ အဘတို့အမေလဲ ဆရာတော်ကြီး မိန့်တယ်ဆိုတော့ ပျော်သွားတာပေါ့'

**မင်းရေ** ။ ။ 'ဆေးအသုံးကျတော့ ဘယ်လိုမိန့်လဲအဘ၊ တော်တော်ထူးတဲ့ 'ဆရာတော်ပဲ'

**ဦးအောင်ဇင်** ။ ။ 'ဆရာတော်ကြီး တွေဟာ ပညာဉာဏ်ကြီးကြတယ်ကွယ့်။ အတိတ်နိမိတ် အယူအကောက်လဲ ကျွမ်းကျင်ကြတယ်။ ဆေးအတတ်မှာ ရာကျော်ဆရာတော်ကြီးရဲ့ ရှင်ကသာပ်တော်ကို ဆေးပြား၊ ဓာတ်ပြား၊ ဆေးထုံကူးတဲ့ ဗိဇ္ဇာရေ ဆေးအသိအတတ်တွေနဲ့



ဆရာတော်ကြီး ဦးဘုရှိယ ကိုယ်တော်တိုင် စီရင်စီမံတယ်ကွယ့်။

အမောင်မေးတဲ့ မာလကာပင်ဆေးအသုံးက တစ်ပြိုင်နက်တည်း နှစ်မျိုး သုံးနိုင်းတာ။ တစ်မျိုးက မာလကာအရွက်ကို ဆုံမှာထောင်း သတ္တုရည် အနှစ်အစုခတ် ဟင်းခပ်ဇွန်းတစ်ဇွန်းကို နေ့စဉ် (၉)ရက် သောက်ခိုင်းတယ်။

နောက်တစ်မျိုးက မာလကာပင်ရဲ့ အမြစ်၊ အကိုင်းအခက်တွေကို ရေများများနဲ့ ပြုတ်ကျိုပြီး ရေ(၉)ရက်တိတိ ချိုးနိုင်းတာပဲ အမောင်ရဲ့'

**မင်းရေ** ။ ။ 'အဲလိုလုပ်ပြီး မာလကာပင် ဆေးအသုံးနဲ့ကျတော့ အဘအမေ နေကောင်းသွားလား'

**ဦးအောင်ဇင်** ။ ။ 'အဘတို့ အမေက ဆရာတော်ကြီး ကို ယုံတယ်။ ယုံတော့ ကြည်တယ် ဆိုရမှာပေါ့။ တကယ်ကို သက်သာပျောက်ကင်းခဲ့တယ် အမောင်။ ဒါ့အပြင် လူတွေဖြစ်တတ်တဲ့ **လိပ်ခေါင်းရောဂါနဲ့ ဝမ်းပျက်ပြီး ပျို့အန်တာပါ** ပျောက်ကင်းကြောင်း အသုံးပြုပုံကို မိန့်မှာပြန်တယ်။

ဆရာတော်ကြီးမိန့်တဲ့ ဆေးနည်းက လိပ်ခေါင်းရောဂါ ဝေဒနာရှင်တွေအတွက် ကုသဖို့ အခက်အခဲ သိပ်မရှိဘူး။ လွယ်ကူတယ်ကွယ့်။

မာလကာသီးအမှည့်တစ်လုံးကိုရှ ထန်းထက်ခြမ်း ခြံရင် နှစ်ခြမ်းလုံးကို ဓားနဲ့မြှုအမှုန့်ပြုပြီး ပျားရည်ဆိုင် ပြန်ကပ်၍ နံနက်မိုးမလင်း တစ်ညလောက် အအေးခံရတယ်တဲ့'

**မင်းရေ** ။ ။ 'အဲဒီလိုလုပ်တော့ ဘာဖြစ်

www.burmeseclassic.com

တယ်တဲ့လဲ အဘ'

**ဦးအောင်ဇင်း**။ ။'ဘာဖြစ်လို့လဲ ဆို တော့ မာလကာသီး ဟာ ဩဇာလေးနက် အဆီတက်ပြီး ဆေးစွမ်းထက်လို့ တစ်နေ့တစ်လုံး (၃)ရက်စားသုံးလိုက်တာနဲ့ လိပ်ခေါင်း ပျောက်တော့တယ်လို့ ဆိုတယ် အမောင်။ အဘပြောဖို့ ကျန်တာက ရှိသွားဖို့ပဲ'

**မင်းရေ**။ ။'တကယ်ပျောက်တာမို့ မိန့် တာ ဖြစ်မှာပေါ့ အဘရဲ့'

**ဦးအောင်ဇင်း**။ ။'အဘက ဆရာတော် ကြီး မိန့်မှာတဲ့နည်း ကို ဝေဒနာရှင်တွေကို ပြောပြခဲ့တယ်။ တကယ် သက်သာပျောက်ကင်းကြလို့ အဘကို ကျေးဇူးတင်ကြောင်း လာပြော ကြတာတွေရှိတယ် အမောင်ရဲ့'

**မင်းရေ**။ ။'ဒါဆို မာလကာပင်ရဲ့ ဆေး အသုံး သိသူတွေအဖို့အကျိုး ကျေးဇူး အများကြီးပဲပေါ့'

**ဦးအောင်ဇင်း**။ ။'ဟုတ်တယ် မာလ ကာသီး တစ်လုံးကို နေ့စဉ် ရာသီပေါ်နိုက် စားသုံးရင် လေးရက်အတွင်း ဝမ်းတွင်းအပူကို ငြိမ်းအေးစေတယ်။ ပွေး ဝဲ ယားနာ တွေ ပျောက်ကင်းပြီး သွေးကို ကြည် စေတယ်လို့ ဆေးကျမ်းတစ်စုမှာ အဘ ကိုယ်တိုင် မှတ်သားဖူးခဲ့တယ်။

ဒါ့အပြင် စာတ်အတတ်မှာ နိမိတ် ယူပြီး သုံးပုံလေးက စိတ်ဝင်စားစရာ ပဲ။ တို့ မြန်မာလူမျိုးတွေဟာ အတိတ် နိမိတ် ကောက်ယူတတ်ကြတယ်ဆို တာ အမောင်လဲ သိတယ်။

ဥပမာ အိပ်မက် မကောင်းတာတို့၊ နိမိတ်မကောင်းတာတွေရှိရင် ဗုဒ္ဓဟူး နံ ငါးဆူးလေးထဲမှာ မာလကာညွှန့် (၃)ညွှန့်စိုက်ထူပြီး အိမ်ရှေ့မှာ ထိုးထားရတယ်ကွယ့်။ အဓိပ္ပါယ်က တော့ "မလာအောင် ကာထယ်"လို့ ဆိုတယ်။ ဒါကတော့ ပဟုသုတပေါ့ အမောင်ရယ်'

အထက်ပါ ဆေးဝါတာဆရာတော် ကြီး ဦးသုခိယ လမ်းညွှန်ပြခဲ့သော မာလကာပင် ဆေးအသုံးအား စိတ် ရှည်စွာ ပြန်ပြောပြခဲ့သော ကွယ်လွန် ခဲ့ပြီဖြစ်သည့် အဘဦးအောင်ဇင်းအား သတိတရ ကျေးဇူးတင်မိပါသည်။

မာလကာပင်သည် တစ်ပင်လုံး ဆေးဖက်ဝင်သည်ဟု ဆိုနိုင်ပါသည်။ သို့ပွဲဆေးဝါး အမြင်အရ မာလကာသီး သည် ပရိုတိန်း၊ ကာဗိုဟိုက်ဒရိတ်၊ ဗိတာမင်အေ,ဘီ,စီတို့ ပါဝင်နေပါ သည်။

သို့ဖြစ်၍ မိုးရာသီနှင့်အတူ ပေါ်များ လှသော ဆေးဖက်ဝင် မာလကာသီး များအား အာဟာရပြည့်ရန် ချင့်ချိန် စားသုံးခြင်းဖြင့် နလုံးရွှင်လန်း ကျန်းမာ ပျော်ရွှင်ကြပါစေ။

[ကျေးဇူးရှင် မဟာဓာတ်မြိုင် ဆရာတော်ကြီးအား အာရုံပြုပြီး ဦးညိုက်လျက်...]

**ရဲမျိုးသူ(ဓာတ်မြိုင်)**

**စာမျက်နှာ (၁၈၀)မှ အဆက်**

တနင်္လာသိုက်ဖွားဖြစ်သူကို တနင်္လာ အစ အင်္ဂါအဆုံး နာမည် ပေးထားသဖြင့် မွေးနံကို အညွှန်းခုပ်နာမည်ပေးနည်းမှန်ခြင်း၊ နာမကျော်ရတိုင်ဝင်ဦးနဲ့ ၄ဝ မှန်ခြင်းလဲ ရှိပါတယ်။

သို့သော် သိုက်မှေ့ရသေ၊ ဂုဏ်ထူးထောင်ဖို့ နာမည်မျိုးဖြစ်လို့ ညှိပါ တယ်။ ကျွန်မာဝရည့်ခြင်းနဲ့ မတော်တဆ တော့ဆယ် ကြုံခြင်းမျိုး ခုကွေပေးတတ်တယ်။

'လူဟာ မကျန်မ ဆောက်လဲ ရုတ်လိုမ ဘယ်မှာ ကုထောင် ပျောက်နိုင် မလဲဆိုတာ သိနိုင်ပါတယ်'

ဤနာမည်မျိုးတွင် "ကိုကျော်" (သို့မဟုတ်) "ဦးကျော်"လို့ သာ လူအများ ခေါ်လာအောင် ကြိုးစားဖို့ အကြံပေးလိုက်ပြီး ထိုစိုလက်မှတ် အပြစ် နာမည်အစစာလုံး "ကျော်"ကို သာ ရွေးထိုးဖို့ လမ်းညွှန်ပေးလိုက်ရပါတယ်။

* * * ——

✤ လက်မှတ်အောက်က မျှော်မှန်းချက်

ဓာတ်မြိုင်ကျော်ကြား ချမ်းသာ ကြီးပွားစေ…

ဆရာကြီး ဦးအောင်မြိုင် (ဓာတ်မြိုင်) ထက္ခဏာဗေဒင်ဟောသူဖေယာ



[တိုးတက်သော လက်မှတ်ပုံစံ]



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့်

# သရဲသရှင်ပူးကပ်သူများ (၂)

[illegible]

ခြောက်မြေ့မြတ်
(စစ်ကိုင်းတောင်)

### တပည့်အကာရှေးအား

### စောင့်ရှောက်ခြင်း

သ၊ ကျွန်ုပ်၏တပည့် မောင်ခင်မော်အား ဘုရှိရတ်များနှင့် ပတ်သက်သော ကျင့်စဉ်တော်ကို ချီးမြှင့်ပေးခဲ့လေ၏။ အောင်မြင်ပေါက်ရောက်စွာ ကျင့်ကြံအားထုတ်နိုင်ခဲ့လေ၏။

တစ်ချိန်ခါတွင် မောင်ခင်မော်၏ သားရှင်းအမျှားပိုင် တိုက်နှင့် ခြံ အလေးကို ခွဲလမ်း၍ ကွယ်လွန်သွားသော အမယ်ကြီးမှာ ထိုတိုက်နှင့်ခြံထဲတွင် သရဲမကြီးအဖြစ် မှီတွယ်နေလေ၏။

ထိုမိစ္ဆာအမယ်ကြီးသည် ဆရာတော်များက ပရိတ်ရွတ်ခြင်း၊ မေတ္တာပို့ခြင်းများ ပြုလုပ်တိုင်း၊ တိုက်နှင့်ခြံအတွင်း နေရာရွှေ့ပြောင်း၍သော အပြင်လူစိမ်းများအား ခြောက်လှန့်နေလေသော့သည်။

တိုက်နှင့်ခြံအား ရောင်း၍လည်း ဝယ်သူမရှိ၊ ငှား၍လည်း အငှားမရှိ၊ ခြံမြေအတွင်း မဆိုထားနှင့် နေဝင်မိုးချုပ် တိုက်ရှေ့ဖြတ်လျှောက်ဝံ့သူ မရှိပါ။ မောင်ခင်မော်၏ လျှောက်ထားမှုကြောင့် ဆရာတော်ကြီးနှင့်အတူ ကိုစိန်မောင်နှင့် မောင်ခင်မော်တို့က ဝိုင်းဝန်းကူညီကြလေ၏။

မောင်ခင်မော်မှာ သိပ်မကြောက်တတ်သော်လည်း ထိုတိုက်အိုကြီး၌ ဆရာတော်ကြီးနှင့်အတူ ညအိပ်မနေဝံ့



◆ [illegible]
[illegible]

ပါ။ ကိုစိန်မောင်ကသာ နဂိုက ရဲဝံ့သူ သတ္တိခဲဖြစ်၍ သုသာန်ကျင့်စဉ် ပေါက်မြောက် အောင်မြင်ထားသည့် အတိုင်း ညစဉ်ပင် တိုက်အိုကြီး၌ ဆရာတော်ကြီးအား ကူညီဆောင်ရွက်ပေးနေလေ၏။

သို့ဖြင့် (၃)ည သီတင်းသုံးနေစဉ်တွင် သရဲမကြီးသည် နတ်ကတော်မ တစ်ဦးအား ပူးကပ်၍ ည(၉)နာရီခန့်တွင် ခြံအတွင်း ဝင်ရောက်လာသောင်းကျန်းလေ၏။

နတ်ကတော်မသည် အသက်(၅၀) ခန့်ရှိသည့် ဒေါ်နီဆိုသူ ဖြစ်လေ၏။ ကျွန်ုပ်နှင့်လည်း ရင်းနှီးကျွမ်းဝင်သူ တစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်ထက်လည်း များစွာ ငယ်ရွယ်ပါသည်။

ဒေါ်နီက ကျွန်ုပ်အား...

'ဟဲ့ ဆရာယောင်ယောင် လူပ်ရှုပ်သူ

www.burmeseclassic.com

တွေ့ နင်တို့က အင်အားအများကြီးနဲ့ ဝိုင်းနက်နေကြတာ ပျက်တူးလား'

ဟု မြေကြီးကို ခြေနင့်ဆောင့်၍ ဆောင့်၍ အော်ဟစ်နေလေ၏။

ကျွန်ုပ်က ဆရာတော်ကြီးပေးသော သောက်ရေခွက်ရေနှင့် ဒေါ်နီအား ပက်ထည့်လိုက်လေရာ ဒေါ်နီမှာ လဲကျသွားလေ၏။ မောင်ခင်မော်က ဒေါ်နီအား ဆွဲထူပြီး ဝေါက်လိုက်သောအခါ သတိပြန်ဝင်လာပြီး ဆရာတော်ကြီးအား များများသလဲ ကန်တော့တောင်းပန်နေလေ၏။

ဆရာတော်ကြီးက ရေအနည်းငယ်တိုက်ပြီး ပြန်ပို့နိုင်းလေရာ ကျွန်ုပ်တို့သည် ဒေါ်နီအား တာရိုးလမ်းမကြီးအထိ လိုက်ပို့ရလေ၏။

နောက်နေ့နံနက်မှစ၍ တိုက်နှင့်ခြံဝင်းကြီးမှာ အမှောင့်ပယောဂကင်းစင်၍ မကြာမီ ရောင်းချလိုက်ရလေရာ မောင်ခင်မော်မှာ အမွေဆိုင်ဖြစ်သောကြောင့် သိန်း(၂၀)ရလိုက်လေသည်။

၂။ စစ်ကိုင်းမြို့၊ မိုးဓာရပ်တွင် နေထိုင်သော ကိုညွန့်မောင်သည် ဒီပဲယင်းဆရာတော်ကြီးကို အလွန်အားကိုးသူဖြစ်လေ၏။ ဆေးလိပ်ခုံထောင်ထားပါသည်။ သူ၏ ဆေးလိပ်မှာ မြို့တွင်းသုံးမဟုတ်ပါ။ မြစ်ကြီးနား။ မိုးညှင်း။ ကောလင်း။ ဝန်းသိုမြို့များသို့ မီးရထားဖြင့် ပို့ရပါသည်။

ဆောင်းအဝင် တစ်ရက်တွင် ဆေးလိပ်ပိုများကို မီးရထားနှင့် တင်ပို့လေရာ နန်းစီအောင်ဘူတာတွင် ရထားလမ်းပျက်၍ သောင်တင်နေလေ၏။ လမ်းခုလတ်တွင် ရက်ကြာသွားကြောင့် မိုးရေနှံ့ဖြင့် ဆေးလိပ်များ မှိုတက်ကုန်လေ၏။

ထိုဆေးလိပ်များကို မောက်သည်



◆ ဆောင်းသီချိုဆတော်ကြီး တည်ထားသော်စုစည်
စင်ရေသူကြီးမဟာကုသလ(မောင်ကျော်)၏ ကုဋိုလ်တော် ရောက်ရှိစဉ်မှ တွေ့မြင်ရပုံ

များက To Payဖြင့် ပြန်ပို့သောကြောင့် ဆရာတော်ကြီးအား အပူကပ်ရလေ၏။ ဆရာတော်ကြီးက အေသခြားမှ နတ်ကြီးများအား ဖိတ်ခေါ်စေ၍ အိမ်ရှိ နတ်စင်မှ စည်တော်ဖြင့် တီးခတ်ဖျော်ဖြေနိုင်းလေ၏။

ထို့နောက် ပြန်ရောက်လာသော ဆေးလိပ်တစ်စည်းအား နတ်ကြီးများအား လှူဒါန်းနိုင်းလေ၏။ ဆေးလိပ်တစ်လိပ်ကိုလည်း မီးညှိ၍ ပန်းကန်ပြားဖြင့် ထည့်၍ ညှိခံထားလေ၏။

နောက်နေ့ညနေတွင် မီးရထားဖြင့် ပို့လိုက်သော ဆေးလိပ်များသည် အားလုံးရောင်းရသည့်အပြင် အော်ဒါအမှာလွှာများ ထပ်မံ ရောက်ရှိလာလေသည်။

ယခုအခါ ဆရာတော်ကြီး ပျံလွန်မှုပြီး ဖြစ်သောကြောင့် မည်သည့်ပညာကိုမှ မရလိုက်သော ကိုညွန့်မောင်သည် အားကိုးရာမဲ့ ဖြစ်သွားရလေ၏။

၃။ ကျွန်ုပ်၏ သူငယ်ချင်းမှာ ပညာရေးဌာနရုံးအုပ်ကြီးဖြစ်၍ ဗုဒ္ဓဝင်များတွင်ပါသော အချက်အလက်များ။ အောင်ခြင်းရှစ်ပါး ဇာတ်တော်များနှင့် ဇာတ်တော်ကြီး(၁၀)ဘွဲ့တို့ပါ အကြောင်း အချက်အလက်များကို ခရေစေ့တွင်းကျ ပြောပြတတ်သူဖြစ်ပါသည်။

နာဠာဂီရိဆင်ဆိုးကြီးနှင့် ပတ်သက်ပြီး အမြင်မကြည်လင်သောကြောင့် သူ့အမြင်ကို အားပါးတရ ပြောဆိုနေလေ၏။ ကျွန်ုပ်တို့မှာ ချေပပြောဆိုငြင်းဆန်ရန် အခွင့်အရေးလည်း မရှိ ပိဋကတ်စာပေ၌ နှံ့စပ်ခြင်းမရှိသောကြောင့် ဟုတ်နိုးကောင်းနိုး နားထောင်ကြရလေ၏။

တစ်ပတ်ခန့်ကြာသောအခါ ကျွန်ုပ်၏ သူငယ်ချင်းသည် "ဖျိုရင်ဘတ် အထဲ ညာ နှစ်ဖက်စလုံး၊ အတွင်းထဲက အောင့်အောင့်နေတယ်။ တစ်ခါ တလေ အတွင်းကနေ အမြင်ကို အောင့်ထိုးလိုက်သလို ခံစားနေရကြောင်း၊" ပြောဆို၍ အင်္ကျီရင်ဘတ်ကို လှန်ပြလေ၏။

ရင်ဘတ်၏ ဝဲယာနှစ်ဖက်၌ ဖူးရောင်နီရဲလျက် ရှိပါသည်။ မိတ်ဆွေဖြစ်သူ ဆရာဝန်ကြီး (အငြိမ်းစား ဆေးရုံ)ထံ သွားပြရာ ဓာတ်မှန်ရိုက်

www.burmeseclassic.com



◆ ဒီပဲယင်းဆရာတော်ကြီး၏ ဆောင်းသိမ်းထားတော်အား ကျောင်းတော်နှင့်အတူ တွေ့မြင်ရပုံ

ကြည့်ရာတွင် အဖြေမပေါ်သော်လည်း ထိမ်းသေး သောက်ဆေးများ ပေး လိုက်သော်လည်း မသက်သာပါ။

ထိုအကြောင်းကို ဆရာတော်ကြီး အား ကျွန်ုပ်က လျှောက်ထားလေရာ ဆရာတော်ကြီးမှ...

'အင်းလေ သူ့ဟာက သက်သာအောင် တော့ ရပါတယ်။ ရှင်ရှင်းပျောက်သွားဖို့ ကတော့ သူ့အပေါ်မှာပဲ တည်တယ်လေ။ သူကလဲ ဆရာဆိုတော့ ကိုယ့်ဟာကိုယ်ကု မှာ'

ဟု မိန့်တော်မူ၍ အောက်ပါအတိုင်း အကြံပေးလိုက်လေ၏။

'ကြံပန်းနိုင်(၁၂)နိုင် ကိုယ်တိုင်လုပ်ပြီး ရာဟုဂြိုဟ်တိုင်မှာ သွားလှူပြီး ရာဟုဂြိုဟ် နတ်မင်းကြီးကို သွားလှူရမယ်။ ပဟာပိန္နဲ နတ်ကြီးကိုလဲ အဲဒီအတိုင်းလှူ ပြေမှား ချိမှာရှိပါလျှင် ကျေပါစေဆိုပြီး စိတ်ပါ ဘက်ပါ ဆုတောင်းနိုင်း'

ဟု မိန့်ကြားလေ၏။

ကြံပန်းနိုင်ဆိုသည်မှာ ကြံကို အပိုင်းလိုက်ဖြတ်၍ အတုံးကလေးများ လိုးဖြတ် ပြီး ထိုးတုတ်တံဖြင့် ပန်းနိုင်သဖွယ် ပြုလုပ်ရခြင်း ဖြစ်ပါသည်။

ဆုတောင်း အပြစ်ဖြေပြီးသောအခါ ကျွန်ုပ်၏ သူငယ်ချင်းသည် ရင်ဘတ် အတွင်းထဲမှ ဆောင့်ထိုးခံရသော ဒဏ်မှ သက်သာသွားလေ၏။ နောင်အခါ တွင် ကျွန်ုပ်သူငယ်ချင်းမှာ အဖြေရှာ မရသော ရောဂါဝေဒနာဖြင့် ကွယ်လွန် သွားလေပြီ။

၄။ မောင်စနေမျိုးဆိုသူမှာ မောင်ခင် မော်၏သူငယ်ချင်း ဖြစ်ပါသည်။ သူသည်ကား . ကျောက်ဖြတ်ခြင်း။ ကျောက်သွေးခြင်း စသော အလုပ် များကို လုပ်ကိုင်လေရာ ဆရာတော် ကြီးထံသို့ ရောက်ရှိ အကူအညီ တောင်းလေ၏။

အရောင်းအဝယ် ကိစ္စတို့တွင် အခက်အခဲများကြောင့် ရောက်ရှိလာ ရခြင်း ဖြစ်လေ၏။ ဆရာတော်ကြီးက လေးကျွန်းမာန်အောင် ကျောက် တော်ကြီး။ အင်းဝဓလောကာသရဲ့ ကျောက်တော်ကြီး။ အမရပူရ ကျောက်တော်ကြီးနှင့် မန္တလေး ကျောက်တော်ကြီး လေးဆူတို့အား ပယင်းရောင် ကျောက်ပုတီးတစ်ကုံးစီ လှူဒါန်းနိုင်း၍ မေတ္တာပို့ ဆုတောင်း ရလေ၏။

များမကြာမီ မောင်စနေမျိုးသည် ဝယ်ယူထားသော ကျောက်အရိုင်းများ ထဲမှ အဖိုးတန်ကျောက်တစ်လုံး ရရှိ အောင်မြင်ကာ ယခုအခါ လူတန်းစေ့ အဆင့်မီဘဝသို့ ရောက်သွားလေ၏။

၅။ ဒီပဲယင်းဆရာတော်ကြီး၏ တပည့် ဖြစ်သူ ဦးတင်မောင်သည် အသက် (၄၀)ခန့်ရှိ လူပျိုကြီးဖြစ်လေ၏။ ယခင်က သက်နီးဝတ်ဘဝကို ငြီးငွေ့လာသောကြောင့် လူဝတ်လဲ၍ ဆရာတော်ကြီးထံ ပညာယူနေသူ လည်း ဖြစ်လေ၏။

ရည်ရွယ်ချက်မှာ သူ အလွန် ဝါသနာပါသော ဓိဗိတ္တဒါန ပယောဂ ကုသလိုခြင်း ဖြစ်ပါသည်။ တောရွာများ တွင် အတွေ့ရများသော ဆေးမတိုး သည့် လူနာများ။ ပြုစားခံရ၍ စိတ် ဆောက်တည်ရာ မရသူများ စသည့် ဝေဒနာများကို ကုသလိုခြင်း ဖြစ်လေ သည်။

ဆရာတော်ကြီးထံ ပညာသင်ယူ အားထုတ်နေသည်မှာ သုံးနှစ်မျှ ရှိနေ ပြီဖြစ်လေရာ ဦးတင်မောင်သည် အသက်သတ်လွတ်မှီဝဲခြင်း။ ငါးပါး သီလမြဲခြင်း အကျင့်စရုဏကောင်း သောကြောင့် သူ ကုသရာတွင် အထူး အောင်မြင်လျက် ရှိပါသည်။

လူမှုရေးကိစ္စများ။ အရောင်းအဝယ် ကိစ္စများကိုလည်း အခါအားလျော်စွာ ဆောက်ရွက်ပေးလေ၏။ ထိုသူများထဲ တွင် ကြက်၊ ဘဲများ ရောင်းချသော ဘာသာခြား အမျိုးသမီးကြီးတစ်ဦး သည် ဆရာဦးတင်မောင်ထံ ခဏတိုင်း အကူအညီတောင်းလေ့ ရှိလေ၏။

ဆရာတော်ကြီးက ဦးတင်မောင် အား တာဖြစ်နေသည့် အချိန်မှာပင် ထိုအမျိုးသမီးကြီးနှင့် အရင်းအနှီးမှ



www.burmeseclassic.com

www.burmeseclassic.com





◆ [illegible] ဆရာတော်ကြီး [illegible] စေတီတော်များကို
[illegible]
[illegible] ဆရာတော်ကြီး [illegible]
[illegible] ◆

ကာ ဖနီးမောင်နှံဘဝ ရောက်ရှိကြလေ၏။ နောင်အခါတွင် အကျင့်စရဏ အလုပ်များကိုဖျက်၍ ကြက်,ဘဲများ ကိုင်တွယ်သော အလုပ်ထဲတွင် ပါဝင်လုပ်ကိုင်လေတော့သည်။

မကြာမီမှာပင် ဦးတင်မောင်သည် စိတ်အစိုးမရတော့ဘဲ သစ်ပင်များ၊ အိမ်ထရံများ၊ ကြက်ခြံများကို ဓားဖြင့် မြင်မြင်ကရ ခုတ်ထစ်လေတော့၏။ ပါးစပ်မှလည်း အမျိုးမျိုး ရေရွတ်လျက်ရှိလေရာ အရပ်ထဲမှ ဝိုင်းချုပ်၍ မန္တလေး စိတ်ရောဂါကုဆေးရုံသို့ ပို့ဆောင်ကြလေ၏။

ထိုဆေးရုံအတွင်း ဆေးကုသလျက်ရှိနေစဉ် တစ်နေ့၌ ထွက်ပြေးသွားလေရာ ယနေ့ထက်တိုင် သတင်းအစအနမရရှိတော့ပါ။

၆။ မန္တလေးမြို့ရှိ ပင်စင်စားအရာရှိကြီးတစ်ဦးထံတွင် ခေတ္တသိတင်းသုံးနေထိုင်စဉ် ဒကာမကြီး၏ ဆိုင်ကယ်စီးထုပ် အရောင်းဆိုင်မှ အရောင်းထိုင်းနေသောကြောင့် အကူအညီတောင်းလေ၏။ ဈေးဆိုင်တိုက်ခန်းကြီးအပြည့်မှ ဦးထုပ်များ မျိုးစုံပင်ဖြစ်လေ၏။

ဆရာတော်ကြီးက စိတ်ပြင်ဆင်ထားသော ဆိုင်ကယ်စီး ဦးထုပ်တစ်လုံးကို တောင်းယူ၍ ဆောင်းလိုက်လေ၏။ ကျွန်ုပ်ကလည်း ဆရာတော်ကြီးကဲ့သို့ ဦးထုပ်တစ်လုံးကို ကောက်ယူ ဆောင်းထားလိုက်ပါသည်။

ဆရာတော်ကြီးသည် လက်နှစ်ဖက်ဖြင့် ဆိုင်ကယ်မောင်းဟန်ပြု၍ ဦးထုပ်ပုံကြီးအား လှည့်ပတ်ပြေးလေရာ ကျွန်ုပ်ကလည်း ရောယောင်ကာ ပြေးလိုက်ရလေ၏။ ကျွန်ုပ်တို့၏ နောက်ပါးမှ အမျိုးသမီးကြီးကလည်း ပြေးလိုက်ပါလာလေ၏။

ဦးထုပ်ပုံအား (၃)ပတ် ပတ်ပြီးသောအခါ ဆရာတော်ကြီးက ဦးထုပ်ပုံကြီးကို ခြေထောက်နှင့် ခတ်၍ "ထွက် ထွက် ထွက်" ဟု အော်ပေါက်လေ၏။

ကျွန်ုပ်ကလည်း ထိုအတူ လိုက်လုပ်လေရာ ဦးထုပ်ပုံကြီးမှာ ပြိုကျပြိုကြ သွားလေသည်။ အမျိုးသမီးကြီး[illegible] လိုက်မလုပ်ပါ။ တစ်လအတွင်း[illegible] လက်ကျန်မရှိ ရောင်းထွက်သွား[illegible] ရာ ထိုအမျိုးသမီးကြီးက ဆိုင်ကယ်[illegible] သော ကျွန်ုပ်အား ဦးထုပ်တစ်[illegible] လှူလေသည်။

၇။ ခွမ်းဦးပုညရှင် စေတီတော်ကြီး[illegible] လေဆင်နှာမောင်း၊ ဒတ်ကြ[illegible] ရွှေထီးတော်ကြီး တောင်းကူ[illegible] လေ၏။ အနောက်ဘက် [illegible] တန်ဆောင်းကြီးမှာလည်း သံ[illegible] ဂလိုင်းများနှင့်အတူ ပြုတ်ထွ[illegible] အရှေ့ဘက် ချောက်ကမ်း[illegible] လွင့်ထွက်သွားလေ၏။

မုန်တိုင်းကြောင့် ပျက်စီးသွား[illegible] သာသနာ့ပစ္စည်းများ၊ ရတနာ[illegible] အား ပြန်လည်ရရှိအောင် [illegible] ဆရာတော်ကြီးက နောက်[illegible] ပါဝင်ဆောင်ရွက် ကူညီခဲ့ပါ[illegible]

ခွမ်းဦးပုညရှင်၏ မြောက်[illegible] အာရုံခံမှ ကိုးထပ်ကြီး ချပ်[illegible] မြတ်အား နမူသင်းကျွန်[illegible]

www.burmeseclassic.com





◆ ဒီပဲယင်းဆရာတော်ကြီး၏ ကျောင်းတော်အား မုံမြို့ရောက်စဉ်
တောင်ဘက်မှ တွေ့မြင်ရပုံ

◆ ရှုမြင်ဖွယ်တော် ဆောင်ရွက်ဆရာတော်နှင့် မဟာယာန
ဂိုဏ်းချုပ်ဆရာတော်ကြီး မင်းယန် ခွမ်းဦးပုညရှင်စေတီသို့ ရောက်ရှိလာစဉ်

တော်ဆင်ပူဇော်ရာတွင် ကျွန်ုပ်အား ပါဝင် အမိန့်ပေးစေနိုင်ခြင်း မပြုရန် မှာ ကြားခဲ့ပါသည်။

အကြောင်းရင်းမှာ ရှပ်ပွားတော် မြတ်ကြီး၏ ရွှေနဖူးတော်ကို လွန်မှုစက် ဖြင့် ဖောက်ထွင်း၍ သင်းကျစ်တော် အား ပူဇော်ရမည် ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

ထိုနေ့က ဆရာတော်ကြီး၏ အစီ အစဉ်ဖြင့် သာသနာတော်စောင့် နတ် ကြီးများ၊ တောင်စောင်စောင့် သောတာ ဗန်ဘိုးဘိုးကြီး၊ ရွှေညောင်ပင် ရုက္ခစိုး နတ်ကြီးနှင့် ရှင်တော်မြတ်ဘုရားအား ကန်တော့(၇)ပွဲ ဆက်ကပ်ပူဇော် ဆုတောင်း မေတ္တာပို့ကြရလေ၏။

ပြင်ဆင်မွမ်းမံမှု အားလုံးမှာ ရှေ့မွေ့ ရုံမှုက အလှူတော်ငွေများ၊ ရတနာ ပစ္စည်းများပါ အလှူခံ ရရှိလေသည်။

နောက်တစ်ပတ်ခန့်တွင် တရုတ် နိုင်ငံ၊ ဝိကင်းမြို့မှ ဗုဒ္ဓမြတ်စွယ်တော် ထိန်းသိမ်းစောင့်ရှောက်ရေး မဟာ ယာနဂိုဏ်းချုပ် ဘုန်းတော်ကြီး မင်းယန်နှင့် ဆရာတော်များ ခွမ်းဦး ပုညရှင် စေတီတော်သို့ ဘုရားဖူး ရောက်ရှိလာလေ၏။

ဘုန်းတော်ကြီး မင်းယန်သည် သက်တော် (၈၅)နှစ်ရှိပြီဖြစ်၍ ယနေ့ တိုင် အသက်သတ်လွတ် သုံးဆောင် ပါသည်။ ဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိ က ဖရဲသီးကပ်လှူနိုင်းပါသည်။ မြို့နယ် အကြီးအကဲများအဖွဲ့ကလည်း သစ်သီး မျိုးစုံ၊ အအေးများဖြင့် ဆက်ကပ်ကြ ပါသည်။

ဘုန်းတော်ကြီးမင်းယန်က ကျွန်ုပ် ဆက်ကပ်သော ဖရဲသီးကို လက်ခံ တော်မူ၍ ကျွန်ုပ်အား ထူးခြားသော လက်ဆောင်ဘူးတစ်ခု ချီးမြှင့်ခဲ့လေ၏။ ထိုလက်ဆောင်မှာ ကျားနှင့်နဂါး ကစား နေကြဟန်ရှိသော ကြွေပန်းကန်ပြား တစ်ချပ် ဖြစ်ပါသည်။

## ဆည်ပေါက်စခန်းသို့
## ကြွရောက်ခြင်း

ဆရာတော်ကြီးသည် ဒီပဲယင်း မြို့တွင် အောင်သိဒ္ဓိစေတီတော်နှင့် အခြားစေတီများကို တည်ဆောက် ခြင်း၊ ထီးတော်တင်ခြင်း၊ မွမ်းမံခြင်း များ ပြုလုပ်ခဲ့ပြီးနောက် ကျောင်းတော် ကြီးကိုစွန့်၍ ပုပ္ပါးမြို့၊ ဆည်ပေါက်ရွာသို့ ကြွရောက်သွားလေ၏။

ဆည်ပေါက်ရွာမှာ ပုပ္ပါးတောင် ကလပ်နှင့် (၆)မိုင်ခန့်သာ ဝေးပါ သည်။ တည်နေရာမှာ အန္တရာယ်ကွေ့ ဟု နာမည်ဆိုးတွင်သော နေရာ၏ လက်ယာဘက် ကျောက်တောင်ထိပ် တွင် တည်ရှိပါသည်။

ပုပ္ပါးတောင်မကြီးမှ ကွေ့ဝိုက် စီးဆင်းလာသော ချောင်းကလေး သည် ဆရာတော်ကြီး၏ ကျောက် တောင်အား ရစ်ခွေ၍ ကျောက်ပန်း တောင်းဘက် စီးဆင်းသွားလေ၏။ ကျောင်းတော်တည်ရှိရာ ကုန်းတော် တွင် အဘအောင်မင်းခေါင်စေတီ တစ်ဆူ တည်ထားရန် အစီအစဉ်များ ပြုလုပ်နေလေ၏။

ပုပ္ပါးဆည်ပေါက်ကျောင်းမှာ ဝါ တစ်နှင့် အလွန်နီးကပ်လှပါသည်။

[illegible]

www.burmeseclassic.com

တစ်နယ်မြေနှင့် ဆည်ပေါက်ရွာအစပ် ဖြစ်လေရာ မြေနေရာ လှူဒါန်းသူမှာ မြို့နယ်အဆင့် အကြီးအကဲတစ်ဦး ဖြစ်လေသည်။

ဆည်ပေါက်တွင် သီတင်းသုံးနေထိုင်စဉ် ကျောက်ပန်းတောင်းမှ ဒကာ ဒကာမများ ကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးခဲ့ပြန်လေသည်။

ရွှေအရောင်းအဝယ် လုပ်ငန်းမှ "ရွှေငါး" ခေါ် နောက်ပေါ်ကားတစ်စီးအား ရောင်းလို့ မထွက်သောကြောင့် ဆည်ပေါက်ကျောင်းသို့ ရောက်ရှိလာလေ၏။ ယင်းကားကို ဆရာတော်ကြီးက လက်ဖြင့်ပုတ်၍ "ငါ့ မစီးချင်ဘူး ဝေးဝေးသွားတော့"ဟု ကားဖြူကြီးအား အော်ငေါက်ပြောလေ၏။

မိုးဖွဲကလေးများ ရွာနေသောကြောင့် ပိုင်ရှင်ဒကာကြီးက ထီးလိုက်မိုးပေးရလေ၏။ ကား၏ ဝဲယာနှစ်ဖက်စလုံး၌ ကျေနပ်အောင် ပြောပြီးသော အခါ ကားကို ယူသွားတော့ဟု ပြောလေသည်။ နောက်နေ့နံနက်တွင် ကြိုက်ဈေးထက် အနည်းငယ် လျှော့ရောင်းလိုက်ရလေ၏။

ပုပ္ပါးစစ်နယ်မြေမှ အမှုထမ်းပိုင်ဆိုင်ကာယ်များ ခဏတိုင်း အမိုးခံနေရသောကြောင့် ဆရာတော်ကြီးထံ အပူလာကပ်ကြလေ၏။ တော်တော်များများမှာ ပြန်လည်ရရှိကြပါသည်။ အချို့ကိုမူ "ဦးဇော့ဖြင်း မျောက်သွားတော ဘာအရေးထဲ"ဟု ပြောလွှတ်တတ်ပါသည်။

အကြီးအကဲတစ်ဦး၏ အရေးကြီးကိစ္စတစ်ခုအတွက် အစီအရင် တစ်ခု ပြုလုပ်ပေးလေရာ မမျှော်လင့်ပါဘဲ အောင်မြင်သွားလေ၏။ ထိုအောင်မြင်မှုအတွက် နေပြည်တော်တွင် တစ်ပါး



● [illegible] နေ့ယယ်(၁၂၀၀)ခုနှစ်[illegible]တွင် [illegible] [illegible] မှတ်တမ်းရုပ်ပုံ

နေ တိုက်ကလေးနှင့် မြေနေရာ လှူလေသည်။

သို့ရာတွင် သွားရောက် သီတင်းသုံးခြင်း မပြုပါ။

## သန်လျင်သို့ ကြွရောက်ခြင်း

ဆရာတော်ကြီး သီတင်းသုံး[illegible] ပုပ္ပါးသို့ ကျွန်ုပ်မှာ စစ်ကိုင်း[illegible] အလွန်ဝေးကွာသော်လည်း ဖွင့်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ခေါ်တိုင်း မဆိုင်းမတွ ရောက်ရှိပါသည်။ ရောက်ရှိသည့်အခါတိုင်း ဆရာတော်ကြီးမှာ အားလပ်သည်ဟု မရှိဘဲ မြင်ရသည်မှာ ပင်ပန်းလှပါ၏။

မအားလပ်သည့်ကြားက ကျွန်ုပ်အား ကျင့်စဉ်များ ပြောပြခြင်း၊ အချို့ကို ချက်ချင်းလုပ်ကိုင်စေခြင်း၊ စာဖြင့် ရေးမှတ်စေခြင်းများဖြင့် ဆောင်ရွက်စေပါသည်။

လျှပ်စစ်မီးမရှိသော ဆည်ပေါက်တဲကျောင်းကလေးတွင် ဆရာတော်ကြီးနှင့် ကျွန်ုပ်မှာ ညဘိုင်းရောက်မှသာ တောအနာယူခွင့် ရရှိ၍ ညဉ့်နက်မှသာ ကျိုးတိုးကျဲတဲ ဝါးကျမ်းခင်းပေါ်တွင် အိပ်စက် အနားယူကြရလာသည်။

နောက်တစ်နေ့ နံနက်ခင်း၌ ဆရာတော်ကြီးနှင့် ကျွန်ုပ်သည် ပုပ္ပါးတောင်ကလပ်ရှိ ဆေးကျောက်ပျဉ်ကြီး၌ ဆေးကြိတ်၊ ဆေးသိဒ္ဓိတင်ခြင်းများ ပြုလုပ်နေစဉ် ဖုန်းခေါ်လာပါသည်။

ဖုန်းခေါ်ဆိုသူမှာ သန့်လျှင်မှ ဒကာများဖြစ်၍ ယခု ဆရာတော်ကြီး၏ ကျောင်းသို့ လာရောက်နေပါကြောင်းနှင့် ကျောက်ပန်းတောင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း လှမ်းပြောလေရာ ဆည်ပေါက်ကျောင်းသို့ လာရောက်ရန် ကျွန်ုပ်က လမ်းညွှန်လိုက်ရလေ၏။

တောင်ကလပ်၌ ဆေးကိစ္စများ ပြီးစီး၍ ပြန်ဆင်းလာကြစဉ်မှာပင် သန့်လျှင်မှ ဒကာများသည် တောင်ကလပ် မုခ်ဦးအနီး၌ ရောက်ရှိလာကြလေသည်။

သန့်လျှင်မှ ဒကာကြီးများနှင့်အတူ သပွတ်အူမှ ဒကာကြီးများလည်း ပါရှိလာကြလေသည်။ သန့်လျှင်ရှိ ပျူမင်းသမီးစေတီတစ်ဆူအား အပြီးသတ် ထီးတင်ရန်နှင့် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ နာဂဗိုလ် ခံစားခဲ့ရသော လယ်ယာနှင့် ကျေးရွာများတွင် "ရှင်ဥပဂုတ္တ မထေရ်မြတ်ကြီး" ကြေးသွန်းရုပ်တု ပူဇော်နိုင်ရန် လာရောက်ပင့်ဆောင်ကြပါသည်။

ပုပ္ပါး ဆည်ပေါက်စခန်းတွင် အဘ အောင်မင်းခေါင်စေတီ တည်ထားရန် စီမံနေစဉ်မှာပင် ဒကာများနှင့်အတူ လိုက်ပါသွားလေ၏။ ကျွန်ုပ်မှာမူ စစ်ကိုင်းသို့ ပြန်လာခဲ့ရလေသည်။

ဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိမှာ ပျူမင်းသမီးစေတီအား ထီးတော်တင်ပြီး နောက်နေ့တွင် ရေဝတီတိုင်းဒေသကြီးသို့ ကြွရောက်၍ "ရှင်ဥပဂုတ္တ မထေရ်မြတ်ကြီး" ကြေးသွန်းရုပ်တုတော်များကို သိဒ္ဓိတင်ခြင်း မင်္ဂလာ ပြုလုပ်ဆောင်ရွက်နေလေ၏။

သန့်လျှင်မြို့သို့ ပြန်ရောက်ရှိသော အခါ တနင်္သာရီတိုင်းဒေသကြီးမှ ထားဝယ်သား ဒကာကြီးတစ်ဦး၏ ကုန်တင်စက်လှေကြီး ပျောက်ဆုံးနေကြောင်း အကူအညီလာရောက် တောင်းခံ လျှောက်ထားလေ၏။

စက်လှေကြီးပေါ်တွင် ပိုင်ရှင်၏ သားကြီးတစ်ဦး၊ ပဲ့နင်းကြီးတစ်ဦးနှင့် လုပ်သားသုံးဦးတို့နှင့်အတူ ကုန်ပစ္စည်း သိန်း(၅၀၀)ဖိုးခန့် ပါရှိသွားလေသည်။

ထိုကိစ္စအတွက် စက်လှေပိုင်ရှင်နှင့် ကုန်သည်ကြီးတို့မှာ ဒီပဲယင်းဆရာတော်ကြီးနှင့် ဒကာရင်းများဖြစ်သောကြောင့် လိုက်ပါသွားရလေ၏။

ဆရာတော်ကြီး၏ မေတ္တာအစွမ်းဖြင့် စက်လှေကြီးနှင့်အတူပါ အားလုံး မသေမပျောက် မဆုံးရှုံးဘဲ အန္တရာယ်ကင်းဘေးရှင်းစွာ ပြန်လည် ရောက်ရှိလာကြလေသည်။ ကုန်ပစ္စည်းများကိုလည်း မလေးကျွန်းအရောက် ပို့ဆောင်နိုင်ခဲ့လေသည်။

ဆရာတော်ကြီးသည် သန့်လျှင်မြို့၌ ခေတ္တ သီတင်းသုံး၍ ဆည်ပေါက်သို့ ပြန်ကြွရန် ပြင်ဆင်နေလေ၏။

## ဆရာတော်ကြီး ပျံလွန်တော်မူခြင်း

သန့်လျှင်မြို့တွင် အကြီးအကဲ တစ်ဦးအတွက် ဆောင်ရွက်ပြီးစီးသော အခါ ကျန်းမာရေး ဖောက်ပြန်လာ၏။ ရင်ကျပ်ခြင်း၊ အသက်ရှူမဝခြင်းများ ဖြစ်ပေါ်လျက် ပုပ္ပါး ဆည်ပေါက်စခန်းသို့ ပြန်သွားခါနီးမှ သန့်လျှင်မြို့တွင် ပျံလွန်တော်မူပါသည်။

ပျံလွန်တော်မူသော နေ့မှာ (၂-၇-၂၀၁၂) ရက်နေ့ ဖြစ်ပါသည်။ သက်တော်(၈၅)နှစ်၊ ဝါတော်(၄၀) ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား သက်ဆိုင်ရာမှ အစီအစဉ်ဖြင့် ပုပ္ပါး ဆည်ပေါက်စခန်းသို့ ပြန်မရောက်ဘဲ ဒီပဲယင်းမြို့သို့ သယ်ယူပို့ဆောင်ကြလေ၏။

ဒီပဲယင်းဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိသည် ဆည်ပေါက်၌ အဘအောင်မင်းခေါင်စေတီကိုလည်း မတည်ဖြစ်တော့သလို တောင်ကုန်းနှင့် ကျောင်းသခ်မ်းကလေးမှာလည်း စစ်တပ်နယ်မြေအဖြစ် ဇင်းခတ်တပ်ပိုင်မြေ ဖြစ်သွားလေသည်။

ဆရာတော်ကြီး၏ အနီးတွင် နှစ်ပေါင်းများစွာ နေခွင့်ရခဲ့သော်လည်း ဆရာတော်ကြီး၏ ငယ်ဘဝအကြောင်း ခြင်းရာများကို မေးခွင့်မရခဲ့ခြင်းမှာ ဆုံးရှုံးမှု တစ်ခုပင် ဖြစ်လေတော့သည်။

**အဝေးရာဘေးမဲ့ အေးမြချမ်းသာ ကြပါစေ။**

**အောင်ရွှေမြတ်**
**(စစ်ကိုင်းတောင်)**

## ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း

# [illegible]



ကျွန်ုပ်တို့သည် နံနက် မိုးလင်းအိပ်ရာမှထ မျက်စိနှစ်လုံး ဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော…၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော…၊ စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် တဖက် ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲ လုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသောလုပ်ငန်း ဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း။ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေး နေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်ပါစေနဲ့…ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလိုပါသည်။

သို့ဖြစ်၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကိုသေချာစွာသိရှိစေရန်အလို့ငှာဖော်ပြရေးသားလိုက်ရခြင်းဖြစ်ပါသည်။

◆ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ◆

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| 31 ၅ | | | | | 1 ၂ | 2 ၃ |
| 3 ၄ | 4 ၅ | 5 ၆ | 6 ၇ | 7 ၈ | 8 ၉ | 9 ၁ |
| 10 ၂ | 11 ၃ | 12 ၄ | 13 ၅ | 14 ၆ | 15 ၇ | 16 ၈ |
| 17 ၉ | 18 ၁ | 19 ၂ | 20 ၃ | 21 ၄ | 22 ၅ | 23 ၆ |
| 24 ၇ | 25 ၈ | 26 ၉ | 27 ၁ | 28 ၂ | 29 ၃ | 30 ၄ |

မှလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော နိမိတ်ဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ နိမိတ်ဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။

**ဥပမာ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

ဇန်နဝါရီလ (၄)ရက်နေ့ကို တွက်လိုသည် ဆိုပါစို့။ (၄)ရက်နေ့၏ နိမိတ်ဂဏန်းမှာ (၅)ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် (၂၃)နှင့်ပေါင်းလျှင် (၂၈) ရမည်။ ယင်း(၂၈)ကို တစ်လုံးတည်း ဖြစ်အောင် ပေါင်းလျှင် ၂ + ၈ = ၁၀=၁ ရမည်။ ထို့ကြောင့် ထိုသူအတွက် ဇန်နဝါရီလ(၄) ရက်နေ့တွင် (၁)ဂဏန်း ကြီးစိုးနေမည်။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ခြင်း၊ တီထွင်ဖန်တီးခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများရရှိခြင်း၊ မိတ်က အကူအညီ ပေးခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းထားသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွှမ်းသော ထာဝရ အချစ်အမျက်များ တိုးလိုတမ်းလမ်း ဖြစ်ခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့သြဖွယ်များ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး ပညာရေး သာသနာနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် ၄၊ ၈၊ ၆ ဂဏန်း ရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ ၃၊ ၅ ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ ၁၊ ၂၊ ၇၊ ၉ ဂဏန်းရသော ရက်များပင်ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ ပြုမပြောင်းဝါဒ ဆောင်ရွက်ခြင်းဖြင့် ဆန္ဒပြည့်ဝ ရလုံးလျာကာ အထပ်ထပ် ဖွံ့ဖြိုးကြွယ်သည့် ကောင်းကျိုးများ အကျိုးထည့်။***

***ကောင်းမှုအကြောင်းပြု၍ ကောင်းကျိုးများ ပြည့်ပါစေ။***

**သုခရတ်(ကျော်ကသင်)**

www.burmeseclassic.com



◆ ငှယ်တော်ရွက်ပမာ ကွမ်းရွက်အမျိုး

ဗေဒင်ပညာသုတေသီ

# ကွမ်းရွက်မြွေအဆောင်

ကွမ်းရွက်မြွေဆိုရာတွင် အရွက်များ အနည်းငယ်သာ ကွဲပြားနေသော ကွမ်းရွက်မြွေထက် ငှယ်တော်ရွက်ပမာ သင်ရှားစွာ ကွဲ၍ နှစ်မြွာဖြစ်နေသည့် ကွမ်းရွက်(ဓာတ်ပုံတွင် ကြည့်ပါ)က ပို၍ အောင်မြင်စေပါသည်။

ပုံစံ



အချိန်

အခါနေ့ နံနက်(၉း၀၀)နာရီမှ (၁၀)နာရီအတွင်း (ဝင်နက္ခတ် ချိန်ကောင်းဖြင့် နက္ခတ်များကြိုသည့် အခါ ချိန်က ပိုကောင်းသည်။)

ပြုလုပ်ပုံ

ကွမ်းသီးနှင့် ဆေး အနည်းငယ်ကို ကွမ်းရွက်ပွာထောင်းကာ ထုံးရည်ကျဲ၍ ထည့်မွှေပါ။ ထိုအရည်အတွင်း လက်ညှိုးထိပ်များနှစ်၍ ကွမ်းရွက်ပေါ်၌ စတိသဘော သုတ်လိမ်းပေးရန် ဖြစ်သည်။

အရွက်အများမှ စတင်၍ အရွက်အညှာဘက်တွင် အဆုံးသတ်ရပါမည်။

ကာယကံရှင် (အဆောင်ပြုသူ)၏ မွေးနံမှ စတင်ကာ (၇)ရက် ပြည့်အောင် (၇)ကြိမ် သုတ်လိမ်းရန်ဖြစ်သည်။

ဥပမာ။ ။ တနင်္ဂနွေသားသမီး ဖြစ်ပါက...

'တနင်္ဂနွေသားသမီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ'

ဟူ၍ ထုံး(ကွမ်းသီး၊ ဆေး)တစ်ချက် သုတ်လိမ်းပါ။

ထို့နောက် ဆက်၍ တနင်္လာသားသမီး၊ အင်္ဂါသားသမီး၊ ဗုဒ္ဓဟူးသားသမီး၊ စနေသားသမီးအထိ ခုနစ်ရက်သား သမီး စုံစေအောင် မေတ္တာပို့သ၍ ဖုံ ပေါင်း ခုနစ်ချက် သုတ်လိမ်း ပေးရ၏။

ယင်းနောက် စက္ကူနှစ်ရွက်ကြား ညှပ်ကာ အရိပ်အတွင်း သန့်ရှင်းသော နေရာ၌ ထားပါ။ (စာအုပ်ကြား ညှပ်ထားနိုင်သည်။)

◆ ပြုလုပ်စီစဉ်ပေးသူသည် ဝါကြီး ရဟန်းထံ ဓာတ်ဆောင်ကြားရမည် (လူဖြစ်က ငါးပါးသီလစောင့်သူဖြစ်၊)

◆ ဘုရားဝတ်ပြည့်ကာ ပဌာန်း ၂၄ ပစ္စည်းအကျဉ်း သို့မဟုတ် အကျယ် (၁)ကြိမ်ရွတ်ပြီးမှ ပြုလုပ်စီစဉ်ရန် ဖြစ်သည်။

www.burmeseclassic.com



● ကွမ်းရွက်မြွာ ကောသအင်

ကွမ်းရွက်မြွာ ကောင်းစွာ ခြောက်သွေ့ပြီးနောက် ပလတ်စတစ်လောင်း ထားနိုင်သည်။ အဂါေန့ နံနက် (၉း၀၀)နာရီမှ (၁၀း၃၀)နာရီအချိန်အတွင်း ဘုရားရှင်အား ကပ်လှူပါ။ ပဌာန်း ၂၄ ပစ္စည်းအကျဉ်း အကြိမ် (၁၀၀၀)ရွတ်ပါ။ သို့မဟုတ် ပဌာန်းအကျယ် (၁၀၈)ကြိမ် ပူဇော်ပါ။

ပြီးလျှင် ဖွန်ယူကာ အဆောင်ပြုနိုင်ပါပြီ။

ပြောစကားဆိုစကား အောင်မြင်ခြင်း။ အချေအတင် ပြောဆိုရပါက တရားသဖြင့် အနိုင်ရခြင်း စသည့် အကျိုးထူးများ ခံစားရစေသည်ဟု သိမှတ်ရ၏။

**သောကာနိုဝိကျမ်းအဆိုအရ ကွမ်းရွက်အရင်း၌ ဘီလူးစောင့်သည်။** အဖျားတွင် နတ်မိန်းမစောင့်သည်။ အလယ်တွင် "ကုဝေရ"နတ်မင်းစောင့်သည်ဟု ဆို၏။

ထို့ကြောင့် ကွမ်းရွက်ကို အရင်း အဖျားဖြတ်ပြီးမှ ယာ(ထုံး၊ ဆေး၊ ကွမ်းသီးများ ထည့်ခြင်း) စားလေ့ရှိကြသည်။

အချို့ကား အရင်းသာ ဖြတ်ကြ၏။ ဘီလူးရန်ကိုသာ ပယ်ရှားခြင်း ဖြစ်သည်။

အဖျားရှိ နတ်မိန်းမသည် ကုဝေရနတ်မင်းအရှိန်အဝါကြောင့် လည်းကောင်း "ရွက်ဖျား"ဟူသော အရေးပါ အရာရောက်မှု အားနည်းသည့် ဌာနှ၌ ရှိခြင်းကြောင့် လည်းကောင်း နတ်မိန်းမ၏ရန်ကို မှုစရာမလိုဟု ယူဆဟန်ရှိ၏။

ကွမ်းရွက်မြွာတွင်ကား ရွက်ရင်း (၁)နေရာ၊ ရွက်လယ်(၂)နေရာ (ရွှယ်တော်ရွက်ပုံ ကွမ်းရွက်မြွာကို ဆိုလိုသည်။) ရွက်ဖျား (၂)နေရာရှိ၏။

ထို့ကြောင့် ဘီလူးပိုင်ဌာန၊ ဘီလူးရန်မှာ ထက်ဝက်သာ ရှိတော့၏။ သို့ဖြစ်လေရာ ကုဝေရနတ်မင်းက ဘီလူးရန်ကို နိုင်နင်းစွာ ထိန်းချုပ်ထားနိုင်သည်ဟု ဆိုဖွယ်ရှိ၏။

ကွမ်းရွက်မြွာတွင် ထုံး၊ ဆေး၊ ကွမ်းသီးတို့ကို စတီသအော ရောနှောခြင်းဖြင့် "ကွမ်းယာ"အဖြစ်သို့ ရောက်စေ၏။ ကွမ်းယာကို ပါဠိဘာသာဖြင့် "မုခဘူသန"ဟု ခေါ်၏။

နှုတ်ခံတွင်း၏ အဆင်တန်ဆာ သို့မဟုတ် တန်ဆာဆင်ခြင်း အဓိပ္ပာယ်ရ၏။ မူလအခြေအနေ နှစ်ဆပွား။ နှစ်မြှာပူးထားသော ကွမ်းရွက်ဖြစ်လေရာ နှုတ်ခံတွင်း တန်ဆာဆင်ခြင်း၌ အကျိုးနှစ်ဆ ပွားများ... ထို့ကြောင့် ပြောစကား ဆို... အောင်မြင်ခြင်း အကျိုးကို ဖြစ်... ၏။

တစ်စုံတစ်ရာအတွက် ... ခြောက်စွာ အထူးတလည် ...





www.burmeseclassic.com

www.burmeseclassic.com

သော ကွမ်းယာဖြစ်၍ **"ကွမ်းတောင်"** ဟူ၍ ဝေါဟာရတွင်၏။ ကွမ်းလောင်သည် "ကုလား"အတွင်းဓိတ် ဖြစ်၏။

ထို့အပြင်လည်း ကွမ်းရွက်ကို ပါဠိဘာသာဖြင့် **"တမ္ဗူလ"**ဟု ခေါ်၏။ ဝိဠာကတ် သင်္ချာအားဖြင့်(၃၃၆) ဖြစ်၏။ ယင်းသည် ပြို့ဟ်သင်္ချာအနေဖြင့် အင်္ဂါ၊ သောကြာ ဖြစ်လေရာ **"ဇွေသား"** အတွင်းဓိတ်ဖြစ်၏။

**"အောင်လံ တေဇသကျမ်းမိုဆုံး။ နှစ်ဝသန"ထုံးအရ "ဇဓ"** အောင်တာတ်ကိန်းလေရာ အင်္ဂါနေ့၏ သောကြာအချိန်ဖြစ်သော နံနက် (၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း မြှုလုပ်စီစဉ်ခြင်းဖြစ်၏။

**ကွမ်းတောင်**= ၂.၄ ဖြစ်၍ ပဌာန်း ၂၄ ပစ္စည်းကို အားပြု မှီနှီပူဇော်၏။ **"ကြီးပွားစေလို ဆုန်ရိပ်တိုနီ"**ခြင်း ဖြစ်ပေသည်။

အင်္ဂါသည် စကားအချေအတင်ပြောဆိုခြင်း ပရိယာယ်ရှိသဖြင့် ပြောစကား၊ ဆိုစကား အောင်မြင်စေရန် ရည်ရွယ်၍ အင်္ဂါနေ့ကို ရွေးချယ်ခြင်း ဖြစ်၏။

ဤ ကွမ်းရွက်မြွာအဆောင်ကို အရောင်းအရွေးသည်များ၊ ကုန်သည်ပွဲစားများ၊ စည်းရုံးဟောပြောရသူများ၊ ကျောင်းဆရာ,ဆရာမများ၊ လူထုဆက်ဆံရေးမှုများစသည့် လူအများနှင့် ဆက်စပ် လုပ်ကိုင်ရသူများ၊တို့အတွက် စီစဉ်ဆောင်ပြုရန် သင့်လျော်ပေသည်။

ဝစီကံဖြစ်သော နှုတ်ခံတွင်းကို အားပြုရသည်ဖြစ်ရာ နှုတ်ခံတွင်းအဆင်တန်ဆာကို အင်အား မြှင့်တင်ပေးသောအစီအစဉ် ဖြစ်၏။

အတွက်နက္ခတ်ပညာ၊ ကာလပူရသအခန်းတွင် မျက်နှာကို သောကြာ၊ အိမ်ရှင်ဖြစ်သော ဗြိဿရာသီက စိုးမိုး၏။ **"မုခ"**သည် နှုတ်ခံတွင်းကို ညွှန်းသကဲ့သို့ **"မျက်နှာ"**ကိုလည်း ညွှန်းဆိုသဖြင့် သောကြာအနိုင်ဖြစ်သည့် **"ဇဓ"**စတုရန်းကြိုပ်တွဲကို အားပြုထားလေသည်။ •

**သတိပြုရန်မှာ...**

ဝစီကံ၏ ကောင်းခြင်းအကျိုးကို မျှော်ကိုးသည့် အစီအစဉ်ဖြစ်လေရာ ဝစီဒုစရိုက်လေးပါးကို ရှောင်ရှားပါ။ မုခအကျိုး ခံစားရနိုင်၏။ ထို့ကြောင့်...

၁။ မုသာဝါဒ ⇨လိမ်လည်ပြောဆိုခြင်း
၂။ ပိသုဏဝါစာ ⇨ချောပစ်ကုန်းတိုက်သော စကားပြောဆိုခြင်း
၃။ ဖရုသဝါစာ ⇨ကြမ်းတမ်းသော စကားပြောဆိုခြင်း
၄။ သမ္ဖပ္ပလာပဝါစာ⇨သိမ်ဖျင်းသော စကားပြောဆိုခြင်း

စသည့် ဝစီဒုစရိုက်လေးပါးကို ရှောင်ကြဉ်သင့်ကြောင်း သိမှတ်ရပေသည်။

သသုံ့ခရိုင်၊ သီးသောင်မြို့နယ်၊ **"ဇုတ်သုတ်"ကျေးရွာ ကွမ်းခြံမှရရှိသော "ဇဓ" အောင်ဇာတ် နှစ်ထပ် အမြွှာပြုထားသည့် ရွယ်တော်ရွက်** ပုံသဏ္ဌာန် ကွမ်းရွက်မြွာကို မှတ်တမ်းပြု ဖော်ပြပေးလိုက်ပါသည်။

[ဆရာအရှင်ပညာစီမံ၏ ပညာဝုဏ်ကျေးဇူးကို ဦးခိုက် မှတ်ဇော် လျက်...]

**လောကီပညာသုတေသီ**

**စာမျက်နှာ (၁၉၈)မှ အဆက်**

[illegible](၄၀)ကျော်လျှင် လူအို(ရောဂါ)က သတိမပေးကြ[illegible] ထို့ကြောင့် ရာသီဥတုတ် အပူအအေးဓာတ်ကိုလူကြီး[illegible] လူ့ခိုင်းများက ဗိုက်ထိနိုက် ခံစားရလေ့ရှိသည်။

ကျမ်းကိုသည့် အသက်ကြီးသူများ အမျိုးသား၊ အမျိုးသမီး[illegible] လူ့သေနိုင် သောက်သင့်ပါသည်။ ကျမ်းဝင်၏ ပျော့[illegible](ရေမွှေးနံ့အိုကဲ့သို့အကျော်ခြံ)ပေါ်ထွက် ယဉ်ကျေး[illegible]ပါသည်။

[illegible]ကို ပြုပြင်ရမည်လိုပါသည်။ ပေါ်ပိဖေသာ ရှည်တည်[illegible] ကျမ်းကို အသုံးပြုပါက အသက်ရှည်စေ[illegible] ကျမ်းသင့်တကျန့် ရောဂါအသက် ဘေးရှောက်[illegible]

[illegible]နှင့် မုတ်တွက်များလည်း ကောင်းစေ၏ သင့်တင့်

[illegible] ပိန်နှင့် ထည့်သော အစားအစာ [illegible] ပုံပဲ [illegible] ပိုပါသည်။

ကျန်းမာသည်နှင့်အမျှ မိမိနှင့် သင့်တော်သော ဘာသာ [illegible] စိတ်ချမ်းသာစွာပြုလုပ်နိုင်ရမည်။ ထိုသို့ ဖြစ်ရန် [illegible] ရုပ်ပိုင်းနှင့် အတူရှိနေပါသည်။

ယမ်းလှုံ [illegible] သနပ်ခါးဆေး၊ ပရဆေးတိုင်းများတွင် ပယ်နိုင်ပါသည်။ ကျောက်ပျဉ်ပေါ်ပြုပြီ [illegible] မျှော [illegible] ပယ်နိုင်ပါသည်။

[illegible] ပြုပြင်ရန် [illegible] ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ဒီဂျာသန်း
(မော်လမြိုင်)

သင်းရွှေဖြိုင်

# သက်ရှည်ကျန်းမာ ရောဂါပယ်ဖျောက်

## ကရမက်(ကလမက်) (Bastard sandal wood)



● ကရမက်အဖြူ

နံ့သာမျိုးတို့တွင် စုပေါင်းပါဝင်သော နံ့သာနီ၊ နံ့သာရွှေ၊ နံ့သာစက်၊ သရက္ခနီ၊ နံ့သာဖြူ အစကျော် ကရမက်(ကလမက်)ဟူ၍ ဆေးကျမ်းများတွင် ဆေးဖက်ဝင် နံ့သာမျိုးများ အဖြစ် ပါဝင်သော ကရမက်(ကလမက်)၏ ဆေးဖက်ဝင်ပုံများကို နကွတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအား တင်ပြချင်ပါသည်။

ကျွန်မ၏ မွေးဇာတိသည် ကျွန်မ ဒုတိယတန်းသို့ တက်ရောက် ပညာသင်ဆဲကာလတွင် ကွယ်လွန်သွားပါသည်။

စက်ချုပ်သော ကျွန်မ၏ အမေသည် အညောင်းဆိုင်ခြင်း၊ ကျုံးမာရေး ဆေးဝါးများလည်း သိပ်မလိုက်စားခဲ့ဟန် ရှိပါသည်။

ကျွန်မအဖေဘက်မှ အဘွားထံ သွားရောက် နေထိုင်ရပါသည်။ အဘွားကို အမေကြီးဟု ခေါ်ပါသည်။

အမေကြီးသည် တိုင်းရင်းဆေး သမားတော်ဖြစ်သဖြင့် အမေကြီး၏ ဆေးဝါးဖော်စပ်ရာ ကျွန်မ ကူညီပေးရပါသည်။

မနက်(၁၀)နာရီခန့် အမေကြီး ရေချိုးတတ်သည်။ ကျွန်မ ရေတွင်းမှ ရေ ကူခပ်ပေးပြီး အမေကြီးရေချိုးပြီး လိမ်းရန် သနပ်ခါးသွေးပေးရပါသည်။

ကျောင်းဖွင့်ရက်များတွင် ကျောင်း မသွားခင် ကြိုတင် လုပ်ပေးခဲ့ရပါသည်။

ရှင်မတောင်သနပ်ခါးကို ကြက်ဥ ကြွေပန်းကန်လုံးလေးအပြည့် သွေးထည့်ထားပေးရပါသည်။

ကရမက်ကို ကျောက်ပျဉ်ကြီး၏ ပတ်လည် မြောင်းထဲအပြည့် သွေးထည့်ပေးခဲ့ရသည်မှာ နို့စွရှုပင် ဖြစ်ပါသည်။ ကရမက်ကို လည်ပင်းအောက် တစ်ကိုယ်လုံး လိမ်းသည်။

ကျောင်းပိတ်ရက်များတွင်တော့ လက်လှမ်းမမီသော နေရာများကို ကူလူးပေးရပါသည်။ သွေးထားတာ များလို့ ပိုနေလျှင် ကြွေပန်း သေးသေးလေးနှင့် ကရမက်ကို ကျွန်မ သောက်ရပါသည်။

ထိုစဉ်မှစ၍ ကရမက်၏ ရနံ့ သင်းသင်းလေးနှင့် ခါးသက်သက် အရသာလေးကို ကျွန်မ နှစ်သက်ခဲ့ရပါသည်။

နောက်ပိုင်း အမေကြီး၏ တိုင်းရင်းဆေးပညာကို မည်သူမျှ စိတ်မဝင်စားကြသဖြင့် အမေကြီးတို့ ရန်ကုန် ပြောင်းသွားသောအခါ အမေကြီး၏ ဆေးစာအုပ်များ ကျွန်မ အမွေရခဲ့ပါသည်။

ထိုကျေးဇူးကြောင့် ထင်သည် ယနေ့ထိ ရောဂါကြီးကြီးမားမား မဖြစ်ဘဲ ဆေးရုံဆေးခန်း ဆေးထိုး ကုသခြင်း ကင်းပြီး တိုင်းရင်းဆေး၊ သီးပွင့်ခေါက်တို့ဖြင့် ဘဝကို ရှင်သန်ခဲ့ရသည်။

အမေကြီး အမြဲသုံးခဲ့သော တစ်မည်၊ နှစ်မည်လောက်နှင့် အသီးအရွက်များ သင့်တင့်

www.burmeseclassic.com



ကရမက်အဆီ

ကရမက်ပင်နှင့် အရွက်



စားသုံးနေထိုင် ကျန်းမာခဲ့ရပါသည်။

အမေကြီးကို အမြဲသွေးပေးခဲ့ရသော ကရမက်လည်း ဆေးတစ်ပါးဖြင့် ပါဝင်သောကြောင့် ကရမက်နှင့် ပတ်သက်သော သိကောင်းစရာများကို မျှဝေ ရေးသားလိုက်ရပါသည်။

ကရမက်(ကလမက်)ဟူ၍ အရေးအသားနှစ်မျိုး တွေ့ရပါသည်။ နံ့သာမျိုးငါးပါးတွင်ပေါင်းစု အသုံးပြုရာတွင် ပါဝင်သော နံ့သာမျိုးဖြစ်သည့်အတွက် အနှစ်သားသည် မွှေးရမည် ဖြစ်ပါသည်။ အပင်တိုင်း မမွှေးပါချေ။

**လူသတ်ပင်နှင့် နတ်သတ်ပင်** ဟူ၍ နှစ်မျိုးရှိရာ လူသတ်ပင်မှာ ကရမက်(ကလမက်)ပင်ကို တွေ့ရှိသော လူများ ခုတ်ယူသွားသော အပင်ကို လူသတ်ပင်ဟု ခေါ်ပါသည်။

**နတ်သတ်ပင်ဆိုသည်မှာ** လူများ မတွေ့ရှိဘဲ ကြီးလာသောအခါမှ သူ့အလိုလို သေသွားသော အပင်ကို နတ်သတ်ပင်ဟု ခေါ်ပါသည်။ ထို အပင်မှ အနှစ်သားသည် ပို၍ မွှေးပါသည်။

အပင်ကြီးမျိုး ဖြစ်သည်။ အရွက်သည် အင်ရွက်ကဲ့သို့ ကြီးထွားသည်။ မြန်မာနိုင်ငံ၊ မြိတ်နယ်ကျွန်းတစ်လျှောက်တွင် ပေါက်၏။ အချို့ ဥယျာဉ်ခြံမြေတို့တွင်လည်း စိုက်ပျိုးကြသည်။ အဆိုအာဝါသလည်း ကောင်း၏။ အမွှေးလည်း မွှေး၏။

**အရသာမှာ** ခါးသက်သက်ရှိ၏။ ချို၏။ အေးသော သတ္တိရှိ၏။ ဝိပါကသည် စပ်၏ဟု ဆေးကျမ်းများမှ ဖော်ပြကြပါသည်။

**အစားထိုးနိုင်သော တူညီသည့် ဆေးအမည်များမှာ...**

အကျော်၊ မရပါက ကရမက်ကို အစားထိုးနိုင်သည်။

အမွှက်၊ မရပါက ကရမက်ကို အစားထိုးနိုင်ပါသည်။

နံ့သာမျိုးငါးပါးတွင် အားလုံးသည် ခါးသော အရသာရှိပါသည်။ အနာပေါက်သည်းခြေ သွေးပျက်၊ နလုံးပူပန်၊ သလိပ်၊ အဆိပ်သင့်၊ လေရောဂါများကို နိုင်နင်းစေပါသည်။

အထူးသဖြင့် နလုံးပူပန်ခြင်းကိုလည်း သက်သာစေသည်ဟု ဆိုပါသည်။

ကျွန်မ ကရင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်စဉ်က တွေ့ခဲ့ရသည်မှာ မိတ်ဆွေ ဆရာမလေးတစ်ဦး၏ အမေ ကွယ်လွန်ခါနီး မြောနေစဉ် အိမ်၏ ဧည့်ခန်းတွင် သိပ်ထားပေးပြီး လူနာနားတွင် ကျောက်ပျဉ်တစ်ချပ်နှင့် ကရမက်တစ်တုံး ချထားသည်။

ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေသော ဝမ်းဗိုက်ကို လူနာလာကြည့်သူများက သွေး၍ လူးပေးကြသည်။ နလုံးအေးငြိမ်းချမ်းသာစေရန်ဟု ဆိုပါသည်။

သည်းခြေသွေးပျက်ရောဂါ ကုသရာတွင် မွှေးကြိုင်အေးမြသော ရနံ့ကိုရစေရန် နံ့သာကရမက်တို့ကို လိမ်းပေးခြင်း။ သောက်သုံးခြင်းတို့ကို ပြုလုပ်ခြင်းဖြင့် သက်သာစေပါသည်။

ထို့ကြောင့် ကရမက်ကို အမြဲလိမ်း သောက်ခြင်းဖြင့် သည်းခြေနှင့် ပတ်သက်သောရောဂါ၊ သွေးသားနှင့် ပတ်သက်သောရောဂါများ ကင်းရှင်းကာ နလုံးကိုလည်း အေးချမ်းစေပါသည်။

www.burmeseclassic.com

မိမိသည် ဆီးပါခြင်း၊ မျက်လုံး အသားဝါခြင်း၊ ရေငတ်ခြင်း၊ အဖီဝ ဖုက်ခြင်း၊ ပူလောင်သလိုဖြစ်ကာ အဖအေးကို နှစ်သက်ခြင်းများ ဖြစ်တတ်သော လက္ခဏာတစ်ခုခု ဖြစ်လာပါလျှင် ကရမက်ကို လူးသောက်ခြင်းဖြင့် သက်သာစေသော ဆေးကောင်းတစ်ခွက် ဖြစ်ပါသည်။

အထက်ပါ လက္ခဏာများသည် **သည်းခြေနှင့် ပတ်သက်သော စေစနာလက္ခဏာ** ဖြစ်ပါသည်။

အမေကြီးက ပြောပါသည်။

**"မိန်းမ အသက် ကရမက်"** တဲ့။ ထိုစကား မည်မျှမှန်သည်ကို သက်သေ မပြနိုင်သော်လည်း ထိုကရမက်သည် မိန်းမတို့၏ဘုန်း ဆံထုံးကိုတော့ တော်တော် အကျိုး ပေးသည်ကိုတော့ သက်သေပြနိုင်ပါသည်။

**ကရမက်၏ ဂုဏ်စွမ်းရည်များမှာ...**

နှလုံးရောဂါ၊ သည်းခြေရောဂါ၊ ပြည်တည်နာ၊ နှလုံးမူသောရောဂါ၊ နာကျင်ကိုက်ခဲသောရောဂါများကို ပျောက်ကင်းစေပြီး ဆံပင်ကို သန့်စင်၊ ကောင်းမွန်စေ၏ဟု ရှင်နာဂသိန် ဆေးကျမ်းတွင် ဖော်ပြထားပါသည်။

ကျွန်မသည် ငယ်စဉ်က အမေကြီး လူးရန် ကရမက်သွေးပေးခဲ့ရခြင်းနှင့် အတူ ကရမက်ကို အမြဲသောက်လူးခဲ့ရသဖြင့် ကျွန်မ၏ဆံပင်များ အလွန် ရှည်လျား ကောင်းမွန်ခဲ့ရပါသည်။

ဆံပင်ကောင်းခြင်းကို အမြဲဂုဏ်ယူစွာဖြင့် အကြိမ်ကြိမ်ဖြတ်ပြီး ရောင်းရငွေများကို အထွတ်အမြတ်နေရာများတွင် လှူဒါန်းခဲ့ပါသည်။



◆ စာရေးသူ အသက် (၂၅)နှစ်က ဆံပင်သန့်ရှင်းမှု အတွေ့အကြုံ [ဆံပင်အကြီးကြီးနှင့် ဖြတ်လှူခဲ့သော်လည်း မြင့်ညီကို ကရမက် သောက်လူးခြင်းကြောင့်]

**'ဒါ အသွေးအသားကဖြစ်တဲ့ မြတ်သောအလှူ'**

လို့ အမေကြီးက ပြောပြခဲ့ပါသည်။ ကျွန်မငယ်စဉ်က ဆံပင်ရှည်နှင့် ရိုက်ထားသော ဓာတ်ပုံ သက်သေများ ရှိပါသည်။

ကရမက်(ကလမက်)၏ အေးသော အခါးဓာတ်ကြောင့် သည်းခြေကို ကောင်းစေပြီး ဆံပင်ဖြူခြင်းကိုလည်း သက်သာ နှေးကွေးစေပါသည်။

ဆေးကျမ်းများတွင် **သည်းခြေ အမျိုးအစား ငါးမျိုးရှိသည်**ဟု ဖော်ပြထားပါသည်။

၁။ **ဝေါစကသည်းခြေ** ။ မျက်စိ နှစ်ဖက်၌ တည်ပါသည်။

၂။ **ရဉ္စကသည်းခြေ** ။ အသည်း အဖျင်းတို့၌ တည်ပါသည်။

၃။ **သာဓကသည်းခြေ** ။ နှလုံး၌ တည်ပါသည်။

၄။ **ပါစကသည်းခြေ** ။ ဝမ်းမီးအိမ်၌ တည်ပါသည်။

၅။ **ဘာဇကသည်းခြေ** ။ တစ်ကိုယ်လုံး၌ တည်ပါသည်။

သည်းခြေကြောင့် ဖြစ်သော ရောဂါများကို ကရမက်အား လိမ်းခြင်း၊ သောက်ခြင်းဖြင့် တားဆီး ပျောက်ကင်းစေပါသည်။

ဆောင်းဦး ကာလသည် သည်းခြေရောဂါအဖြစ် ထကြွလာတတ်သည်။ မိုးတွင်းကာလ စားကောင်းသောက်ဖွယ် အဆီများကြောင့် ဖြစ်သည်။

ထိုသည်းခြေရောဂါကို ကင်းရှင်းစေရန် နွေဥတု၏ကာလများတွင် ကရမက်ကို လူးခြင်း၊ သောက်ခြင်း ပြုလုပ်ထားသင့်ပါသည်။ ဆောင်းဦးတွင်လည်း ကရမက်ကို ဆေးအဖြစ် သုံးစွဲသင့်ပါသည်။

မွှေး၍အေးသော ထိတွေ့မှု လူးခြင်းဖြင့် ရရှိနိုင်သလို အတုံးလိုက်ကို စိတ်၍ မီးရှို့ပြီးရသော အမွှေးရနံ့အပြင် ပြာမှုန့်များကို ရေဖျော် တစ်အိမ်လုံး ပက်ဖျန်းခြင်း၊ သွေးထားသော အရည်များ ပက်ဖျန်းပေးခြင်းဖြင့် သည်းခြေ သန့်ရှင်း ရောဂါကင်းစေပါသည်။

ဝါယောဓာတ်ကြိုက် ဆေးပစ္စည်း တစ်မည်ကောင်းအဖြစ် ကရမက်က လွန်စွာလည်း အကျိုးပြုပါသည်။ မွှေးရနံ့ကြောင့် ကြမ်းပိုးမကိုက်ပါ။

နွေရာသီတွင် အလွန်ပူပြင်းပါသဖြင့် ခန္ဓာကိုယ်သည် အင်အားကုန်ခမ်း မောပန်းလာတတ်ပါသည်။

အသက်အရွယ်အားဖြင့် မွေး (၁၆)နှစ်ကို လူငယ်အရွယ်၊ (၁၆) အသက်(၇၀)နှစ်ထိ လူကြီးအရွယ်





www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသွေးကြောကျဉ်း ဝေဒနာရှင်များအတွက်



လက်တွေ့ဆေးနည်းကျော်

ခရစ်၆ ခုနှစ် စီးပွားရေးတက္ကသိုလ် အွဲ့ရုံများဖြစ်သော စာရေးသူတို့သူငယ်ချင်းများ(၁၀)ကျော်ခန့်သည် လစဉ်ဆုံတွေ့၍ ညစာ(Dinner) စားလေ့ရှိကြသည်။

စကားတွေပြောကြ၊ အတွေ့အကြုံတွေဖလှယ်ကြ၊ သာရေးနာရေးသတင်းမေးကြ၊ ကာရာအိုကေ ဆိုသူဆိုကြနှင့် အလွန်ပင် ရင်းနှီးခင်မင်ကြပါသည်။

ယခုနှစ် ဖွန်လဆုံပွဲတွင် တင်ထွန်းကို မတွေ့မိခဲ့။ ဒီကောင်ကြီးက ဆီးချိုလည်းရှိ၊ နှလုံးသွေးကြောကျဉ်းတာလည်းရှိသူဖြစ်တော့ စိုးရိမ်မကင်းဖြစ်၍ အနီးမှ သူငယ်ချင်းကို မေးမိသည်။

'တင်ထွန်း လာတာမတွေ့ပါလား ကွ'

'ဟုတ်တယ်...ဒီကောင် နှလုံးသွေးကြောကျဉ်းနေတာ ခွဲရမလိုလိုတောင် ပြောနေသံကြားတယ်'

တဲ့။

"ဖုန်းဆက်ပြီး သတင်းမေးဦးမှပဲ"ဟု စိတ်ထဲ တေးထားလိုက်မိသည်။ နှလိုင်လ တွေ့ဆုံပွဲနီးတော့ ဖုန်းဆက်ဖြစ်သည်။

'တင်ထွန်း မင်းနေကောင်းရဲ့လား။ နှလုံးခွဲရမယ်ဆို'

'ဪ အဲတော် သက်သာနေတယ် ကွာ မခွဲရတော့ဘူး'

'ဘယ်ဟုတ်ပါလား။ ဝမ်းသာတယ် သူငယ်ချင်းရာ ဘာဆေးတွေ သောက်နေလို့လဲ'

ဟု မေးတော့...

"ညစာစားပွဲ ငါလာခဲ့မယ်။ အဲဒီတော့မှ အသေးစိတ်ပြောပြမယ်" တဲ့လေ။

သို့ဖြင့် ညစာစားပွဲတွင် တင်ထွန်းကို သူငယ်ချင်းတွေဝိုင်းမေးကြတော့သည်။

'ဒီလိုကွ... ငါ့မှာ နှလုံးသွေးကြောကျဉ်းရောဂါကြောင့် အသက်ရှူလို့ မဝဖြစ်နေတာ၊ ဆရာဝန်နဲ့ပြ၊ ဆေးတွေသောက်ပေမယ့် သက်သာလှတယ် မဟုတ်ဘူး။

ဒါနဲ့ နှလုံးအထူးကုဆရာဝန်ကြီးနဲ့ ခွဲစိတ်ဖို့ ရက်တောင်ယူပြီးပြီ။ ကံကောင်းတယ် ပြောရမလား။ ဘုရားမတယ်ပြောရမလားတော့ မသိဘူး။ အင်တာနက်ထဲမှာ ငါ့ရောဂါအတွက် ဆေးနည်းတစ်ခု တွေ့မိတယ်။

တင်တဲ့သူက သူ့ကိုယ်တွေ့နဲ့ စေတနာအပြည့်နဲ့ အင်တာနက်မှာ တင်လိုက်တာ။ ဒါနဲ့ ငါလဲ ကောက်ရိုး တစ်မျှင်ပေါ့ကွာ။ စမ်းကြည့်မယ်ဆိုပြီး သူ့အညွှန်းအတိုင်း ,လိုက်သောက်လိုက်တာပဲ'

'ခုဘယ်လိုနေလဲ'

တစ်ယောက်က မေးသည်။

'သက်သာတယ်ကွ၊ အသက်ရှူရတာလဲ ကောင်းပါတယ်'

'ဒါနဲ့ပဲ မင်းမခွဲဖြစ်သေးဘူး ဆိုပါတော့'

တစ်ယောက်က ဝင်မေးတော့...

'ဟုတ်တယ်ကွ၊ မင်းတို့သိတဲ့အတိုင်းပဲလေ။ ခွဲရစိတ်ရရင် သိန်းဆယ်ဂဏန်းက အနည်းဆုံးပဲ မဟုတ်လား။ ခုတော့ ဒီဆေးနည်းနဲ့ အိုကေနေတယ်ကွ'

'ဟုတ်ပြီ... မင်း ဆေးနည်းကိုတို့ကို လဲ မျှဝေပေးပါဦး'

တစ်ဦးက တောင်းဆိုလိုက်သည်။

ဆေးနည်းကား...

၁။ ချင်းစိမ်း သတ္တုရည် တစ်ခွက် (လက်ဖက်ရည်ပန်းကန်)၊

၂။ ကြက်သွန်ဖြူ သတ္တုရည် တစ်ခွက်၊

၃။ ရှောက်ရည် သတ္တုရည် တစ်ခွက်၊

၄။ ပန်းသီးရှာလကာရည် တစ်ခွက် (Apple Vinigar)

ထို(၄)ခွက် (ဖိ) ဆတူရော၍ (၃) ခွက် (၂)ခွက် တင်ကျိုပါ။ သို့တည်း မဟုတ်၊ ပေါင်းအိုးဖြင့် ပေါင်းခံပါ။ အအေးခံပါ။

အေးသွားလျှင် ပျားရည်စစ်စစ်(၃) ခွက်နှင့် မီးလွတ်နွှင်း၊ ကွမ်းသီးလုံးခန့် ထည့်မွှေပြီး တစ်ညအိပ် နှပ်ထားပါ။ တစ်နေ့လျှင် စားပွဲဇွန်း(Table Spoon) တစ်ဇွန်း သောက်ပါ။

မှတ်ချက်။ ။ ပန်းသီးရှာလကာရည်ကို Super Marketများတွင် ဝယ်၍ ရပါသည်။ ရိုးရိုးရှာလကာရည် မသုံးရပါ။

သူငယ်ချင်းတင်ထွန်းမှာ ဖော်ပြပါ ဆေးနည်းဖြင့် သူ့နှလုံးသွေးကြောကျဉ်းရောဂါ သက်သာနေသည်ကို မျက်မြင် ကိုယ်တွေ့ဖြစ်ပါ၍ ဝေဒနာရှင်များ သက်သာပျောက်ကင်းပါစေကြောင်း စေတနာကောင်းဖြင့် ကြေညာမောင်း ခတ်လိုက်ရပါသည်ခင်ဗျား။

ရှင်ထန်း၊ ချမ်းမြေ့ကြပါစေ

မောင်ဆေးကြို([illegible])

[illegible] ၁၉၉၉

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း





## ဆုကြီးများ ဆွတ်ခူးနိုင်မည့်

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် အောင်ဘာလေထီဆုကြီးများနှင့် နီးစပ် ကံထူးနိုင်ကြစေရန်အတွက် ၆၊ ၁၊ ၃၊ ၂ ဂဏန်းခြေများကို က၊ ဆ၊ ချ၊ စ အက္ခရာများနှင့် တွဲဖက်ကံစမ်းသင့်သည်။

ဂဏန်းတွဲ ဂဏန်းအမှုများ အလိုရှိပါက ၆၊ ၁၊ ၃၊ ၂ ဂဏန်းတွင်းမှ နှစ်လုံးထက် ပို၍ ပါဝင်သော ထီလက်မှတ်ကို ရွေးချယ်ပါ။

ယခုလ ကောဇာဂြိုဟ်ခွင်အရ ထီကံထူးကြသူတို့မှာ ဗုဒ္ဓဟူးသားသမီး၊ သောကြာသားသမီး၊ စနေသားသမီးများ ဖြစ်ကြသည်။ မိမိတို့ မွေးလအလိုက် ကံအခွင့်အလမ်းများ ရယူလိုပါက ဇယား၌ ကြည့်ပါ။

* * *

ဥပမာ။ ။ မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက် အတွင်း မွေးသူ)တို့သည် (၅)ဂဏန်း၊ အဝါရောင်၊ အရှေ့မြောက်ထောင့်အရပ်၊ ဗုဒ္ဓဟူးနေ့၊ ချိသိမ့်သောအရာဝတ္ထုနှင့် ဥဿဖရားတို့က ကံလာဘ်ရွှင်လင်းစေ၍ ထီဝင်တူ ထိုးလိုပါက တနင်္ဂနွေသား သမီးနှင့် ပေါင်းစပ်ပါ။ တနင်္လာသား သမီးနှင့် ဝင်တူ မထိုးသင့်ပါ။

ထီလက်မှတ် အရောင်းဌာန တည်ရှိရာအနေဖြင့် ကုန်းမြင့်ထက် တည်ရှိသောဆိုင်၊ တစ်ဆိုင်တည်း(အနီးတွင် ပြိုင်ဖက်ဆိုင်မရှိ)ရှိသော ဆိုင်၊ ခြောက်သွေ့သော ပတ်ဝန်းကျင်ရှိသည့်ဆိုင်၊ ရေစပ်၊ မြစ်ချောင်း ကမ်း စသည်တို့နှင့် အလှမ်းဝေးသောနေရာရှိ ဆိုင်၊ တန်ခိုးကြီး စေတီပုထိုး၊ ဘာသာရေး အဆောက်အအုံအနီး ဖွင့်လှစ် ရောင်းချသောဆိုင် စသည်တို့မှ ဝယ်၍ ကံထူးစေနိုင်ပါလိမ့်မည်။

ထီကံမြင့်ယတြာ ပြုလို ပါက... မြေစာမြက်(၇)ပင်ကို ကြိုးရက်ဖြင့် ပတ်၍ အိတ်တွင်း အဆောင်ပြုကာ ထီထိုးပါ။ ကံဆိုးဝိတ်ပင်မှုများ ပျောက်ကွယ်ကာ ရရန်ရှိသော ငွေကြေးလာဘ် လာဘများ စုပြုံ ရောက်ရှိစေပါလိမ့်မည်။

ထီဆုကြီးများ
ဆွတ်ခူးနိုင်ကြပါစေ

ထက်မင်းကျော်စွာ

| မွေးလရာသီ | ဂဏန်း | အရောင် | အရပ် | လာဘ်ရွှင် နေ့ | [illegible] | ကျောက် မျက် | ဝင်တူ ထိုးရန်* | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿ မတ်၂၁မှဧပြီ၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ဆိ | သန္တာ | သောကြာ | တနင်္ဂနွေ |
| ပြိဿ ဧပြီ၂၁မှမေ၂၀ | ၆ | ပြာ | အရှေ့တောင် | စနေ | ရှဉ့် | စိန် | အင်္ဂါ | စနေ |
| မေထုန် မေ၂၁မှဇွန်၂၀ | ၈ | မြက်ကျား | အနောက်တောင် | ကြာသပတေး | ပုပ်ထိုး | ဂေါမိတ် | စနေ | ဗုဒ္ဓဟူး |
| ကရကဋ် ဇွန်၂၁မှဇူ၂၀ | ၂ | ဖြူ | အနောက်မြောက် | အင်္ဂါ | ငန်း | ပုလဲ | ဗုဒ္ဓဟူး | ကြာသပတေး |
| သိဟ် ဇူ၂၂မှဩ၂၀ | ၁ | နီ | အရှေ့ | ဗုဒ္ဓဟူး | ဆိတ် | ပတ္တမြား | ကြာသပတေး | အင်္ဂါ |
| ကန် ဩ၂၂မှစက်၂၀ | ၄ | စိမ်း | မြောက် | တနင်္ဂနွေ | ရေနေ | မြ | တနင်္လာ | ဗုဒ္ဓဟူး |
| တူ စက်၂၂မှအောက်၂၂ | ၆ | ပြာ | အရှေ့တောင် | စနေ | ရှဉ့် | စိန် | အင်္ဂါ | စနေ |
| ဗြိစ္ဆာ အောက်၂၃မှနို၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ဆိ | သန္တာ | သောကြာ | တနင်္ဂနွေ |
| ဓနု နို၂၂မှဒီ၂၀ | ၉ | ဖြူ | အရှေ့မြောက် | အင်္ဂါ | ငန်း | ကြောင် | ဗုဒ္ဓဟူး | ကြာသပတေး |
| မကာရ ဒီ၂၀မှဇန်၁၉ | ၇ | နက် | အနောက် | သောကြာ | ငန်း | နီလာ | ဗုဒ္ဓဟူး | သောကြာ |
| ကုံ ဇန်၂၀မှဖေ၁၈ | ၀ | နက် | အနောက် | သောကြာ | ငန်း | နီလာ | ဗုဒ္ဓဟူး | သောကြာ |
| မိန် ဖေ၁၉မှမတ်၂၀ | ၅ | ဝါ | အရှေ့မြောက် | ဗုဒ္ဓဟူး | မိုးငိုး | ဥဿဖရား | တနင်္ဂနွေ | တနင်္လာ |



www.burmeseclassic.com

www.burmeseclassic.com



◆ ဓာတ်ပုံတွင် အလိုအလျောက် ပေါ်လာသည့် ဆင်းတုတော်ကြီးနှင့် မြေအောက်မှ တူးဖော်တွေ့ရှိသည့် ရုပ်ပွားတော်

# ဖူးတော့ရွှေတော့

ပြောချင်ပြချင်

မောင်ကံ
(တံတားရွာ)

## ဓာတ်ပုံထဲတွင် ပေါ်လာသည့်

## ပေါ်တော်မူ ဆင်းတုတော်ကြီး

ကျွန်တော်တို့နိုင်ငံတွင် မြေအောက်၊ ရေအောက်တို့မှ တူးဖော်တွေ့ရှိသော (သို့မဟုတ်) တစ်နည်းနည်းဖြင့် ပေါ်လာသော ဆင်းတုစေတီတို့ကို မြတ်စွာဘုရားရှင်၏ တန်ခိုးတော်ကြောင့် ပေါ်လာသဖြင့် **"ပေါ်တော်မူ"** ဟု ဘွဲ့အမည်တပ်ကာ ရှိခိုးရှိခိုးပူဇော်လာရောက်ဖူးမြော် လျှော်ကြပါသည်။

ပေါ်တော်မူ အမျိုးမျိုးရှိသည့်အနက် ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သည့် **ရေတာတိုင်းဒေသကြီး၊ လယ်ဂွ္ဗာ မြို့နယ်၊ ကြာကန်ကျေးရွာအုပ်စု၊ မင်းကုန်းရွာက ပေါ်တော်မူ ဆင်းတုတော်ကြီး**သည် အခြား ပေါ်တော်မူများနှင့်မတူ ပေါ်ပုံပေါ်နည်း ထူးခြားလှပါသည်။

ကျွန်တော်သည် ၂၀၁၂ ခုနှစ်တွင် မအူပင်ခရိုင်အုပ်ချုပ်ရေးမှူးမှ လပွတ္တာခရိုင် အုပ်ချုပ်ရေးမှူးအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ပါသည်။

လပွတ္တာ–မြောင်းမြသွား ကားလမ်း မိုင်တိုင်အမှတ်(၁၄)မှ ညာဘက်လမ်းခွဲသို့ ဝင်လိုက်လျှင် (၁)မိုင်ခန့် အကွာ၌ ကြာကန်ကျေးရွာအုပ်စုပိုင် မင်းကုန်းရွာ ရှိပါသည်။

မင်းကုန်းရွာ မရောက်မီ ခရီးအလယ်ခန့်(ကားလမ်းခွဲမှ မိုင်ဝက်ခန့်)တွင် တောင်ကုန်း(၁)ခု၏ ထိပ်မြေကွက်လပ်ငယ်(၁)ခု၌ စေတီပျက်(၁)ဆူ ပြိုကျပျက်စီးနေရာ ထိုစေတီပျက်ကို ရွာသူရွာသားများက **"ငွေအုံသာစေတီ"** ဟု ခေါ်ပါသည်။

ရွာသူရွာသားများ၏ ပြောကြားချက်မှာ အင်္ဂလိပ်များ အုပ်စိုးစဉ်က မင်းကုန်းရွာမှ ချမ်းသာသော မိသားစုသည် မြည်မြို့တစ်ဖက်ကမ်း ရွှေဘုံသာစေတီ၊ ငွေဘုံသာစေတီတို့ကို သွား

www.burmeseclassic.com

ရောက်ဖူးမြော်ပြီး ရွာပြန်ရောက်သောအခါ ရွှေဘုံသာစေတီ၊ ငွေဘုံသာစေတီတို့ကို မိမိတို့ရွာတွင် တည်ထားကိုးကွယ်လိုသော ဆန္ဒဖြစ်ပေါ်လာသဖြင့် ယခုစေတီပျက် ရှိသည့်နေရာတွင် ငွေဘုံသာစေတီကို တည်ခဲ့ကြောင်း...

နှစ်များကြာ၍ ပျက်စီးနေပြီဖြစ်ကြောင်း။ ငွေဘုံသာစေတီမှ (၁)မိုင်ခန့်အကွာ ဘုန်းတော်ကြီးကျောင်း (၁) ကျောင်း၏ တောင်ကုန်းပေါ်တွင် **ရွှေဘုံသာစေတီ**ကို တည်ခဲ့ရာ ယနေ့တိုင် မပျက်စီးသေးကြောင်း ပြောကြားပါသည်။

တစ်နေ့တွင် ကျွန်တော်ထံ သတင်းတစ်ခု ရောက်ရှိလာသည်မှာ ရွာသားများ စုပေါင်း၍ ငွေဘုံသာစေတီပျက်ကို (၉)တောင်ပြည့်စေတီအဖြစ် ပြုပြင်ရာ ပန်းရန်လုပ်ငန်း စေတီတော်တစ်ဝက်ခန့်(၆–ပေခန့်)အရောက်တွင် ဌာပနာသွင်းရန် မိမိတို့တတ်နိုင်သမျှ ဆင်းတုတော်ငယ်များ၊ ရုပ်ပွားရှင်များ၊ ဇောဝိဇ္ဇောင်ပင် စသည်ဖြင့် ဘာသာရေးပစ္စည်းများကို ဌာပနာသွင်းပါသည်။

ဌာပနာသွင်းသည့်လူမှာ ပန်းရန်သမားအပါမှ (၅)ဦး၊ (၆)ဦးခန့်သာ ရှိပါသည်။ စည်စည်ကားကား ခမ်းခမ်းနားနား မဟုတ်ပါ။ ဌာပနာထည့်နေသူများကို ပန်းရန်တစ်ဦးက လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံမှတ်တမ်း ရိုက်ပါသည်။

မှတ်တမ်းဓာတ်ပုံ ကူးသည့်အခါတွင် ဌာပနာထည့်နေသူများသာမက နောက်ကျောတွင် ဆင်းတုတော်ကြီး (၁)ဆူ၏ ဦးခေါင်းတော်၊ မျက်နှာတော်၊ ကိုယ်လုံးတော်၊ နားရွက်တော်တို့ ထင်ထင်ရှားရှား ပါရှိသည့် ပုံ(၁)ပုံ ပေါ်နေပါသည်။

ထိုဆင်းတုတော်ကြီး ပေါ်နေသည့်နေရာသည် ဓာတ်ပုံအနေအထားအရ ကြည့်လျှင် ဝါးချုံတောကြီး ရှိသည့်နေရာဖြစ်ပါသည်။

စေတီတော်၏ ဓာတ်ပုံတွင် ဆင်းတုတော်ကြီးပုံ ပေါ်နေကြောင်း ကျွန်တော့်ထံ သတင်းရောက်လာသဖြင့် ကျွန်တော်သည် စေတီတော်တည်ရာကို သွားကြည့်ပြီးနောက် အဆိုပါ ဓာတ်ပုံရိုက်သူ ပန်းရန်သမားနှင့် မူရင်းလက်ကိုင်ဖုန်းကို သည်းကောင်း။ ဓာတ်ပုံကူးသည့် လူ့မှတ္တာမြို့ ဓာတ်ပုံဆိုင်က ကွန်ပျူတာနှင့် ကွန်ပျူတာဝန်ထမ်းကိုလည်းကောင်း အသေးစိတ် စိစစ်ပါသည်။

စိစစ်ရသည့် အကြောင်းမှာ ထိုအချိန်က လက်ကိုင်ဖုန်းများတွင် သရဲမပုံ ပေါ်နေသဖြင့် အမှန်ထင်ပြီး ကြောက်လန့်ကြခြင်း။ ဆွမ်းကျွေးအမျှဝေခြင်းတို့ ပြုလုပ်နေသည့်အချိန်ဖြစ်ရာ ထိုပုံသည် ဓာတ်ပုံဆိုင်တွင် ပြုပြင်ထည့်သွင်းလိုက်သည့်ပုံ ဖြစ်နေသလားဟု သိရှိလို၍ ဖြစ်ပါသည်။

အသေးစိတ် စိစစ်ပြီးနောက် ထိုဆင်းတုတော်ကြီးပုံကို မည်သူကမျှ ကွန်ပျူတာနှင့် လုပ်ကြံထည့်သွင်းခြင်း မပြုဘဲ အလိုအလျောက် ပေါ်လာသည့် ပုံဖြစ်ကြောင်း ယုံကြည်ရပါသည်။

မကြာမီ ဂေါပကအဖွဲ့က ဆက်လက် သတင်းပို့သည်မှာ စေတီငယ်တည်နေသည့် ကွက်လပ်နားရှိ ဝါးချုံတောထဲတွင် ရွာတွင်းမှ ကလေးငယ်များ ပုန်းတမ်းကစားကြရာ စေတီတည်နေသည့် လူများအား ကလေးငယ်များက...

'ဦးကြီး ဟိုနားက ဝါးချုံထဲမှာ အုတ်ခဲကျိုးတွေ အများကြီး တွေ့တယ်'

ဟု ပြောပါသည်။ စေတီရင်ပြင်ခင်းရန် အုတ်ကျိုး လိုနေသော ဘုရားတည်အဖွဲ့သည် ဝမ်းမြောက်သွားပြီး အုတ်ကျိုးများကို ယူရန်အတွက် ဝါးချုံများကို ခုတ်ထွင်ရှင်းလင်းရာ ကလေးများ ပြောသကဲ့သို့ အုတ်ကျိုးအများအပြား တွေ့ရပါသည်။

ထိုအခါ ဘုရားတည် ဂေါပကအဖွဲ့ စဉ်းစားမိသည်မှာ အုတ်ကျိုးများ တွေ့သည့် နေရာသည် စေတီငယ်နှင့် ပေ(၅၀)ခန့်ကွာပြီး ဓာတ်ပုံထဲတွင်ပါသည့် ဆင်းတုတော်ကြီးပုံ ပေါ်နေသည့်နေရာ ဖြစ်ရာ ဤအုတ်ကျိုးများသည် ဆင်းတုတော်တစ်ဆူဆူ၏ အကျိုးအပဲ့များ ဖြစ်နေမလားဟု စဉ်းစားမိသည်။

အုတ်ကျိုးများ၏ အောက်တွင် မည်သည့်အရာ ရှိသည်ကို သိရှိလိုသဖြင့် အုတ်ကျိုးများကို ဖယ်ပြီး မြေပြင်ကို တူးရာ မြေအောက်(၁)ပေခန့်မှစပြီး (၅)ပေခန့်အထိ အလျား (၁၅)ပေခန့်၊ အနံ(၁၂)ပေခန့်ရှိ အုတ်ပလ္လင်ကြီး (၁)ခုကို အကောင်းအတိုင်း တွေ့ရပါသည်။

သို့ဆိုလျှင် တစ်ချိန်က ဒီပလ္လင်ပေါ်တွင် ဆင်းတုတော်(၁)ဆူ ရှိခဲ့မည်။ နှစ်ပေါင်း ကြာရှည်သဖြင့် ပျက်စီးသွားမည်။ ထို့နောက် ဝါးပင်များ၊ ချုံနွယ်များ ဖိတ်ပုံးသွားမည်။

'သို့ရာတွင် ဆင်းတုတော်ကြီးသည် တန်ခိုးကြီးလှသဖြင့် မြေပြင်တွင် အရုပ်မရှိသော်လည်း ဖိတ်သည့် ဝါးချုံတောပျောက်ကွယ် သိတင်းသုံးနေကြောင်းကို လူအများ သိရှိစေလိုသဖြင့် စေတီဌာပနာသွင်း၍ ဓာတ်ပုံရိုက်ရာတွင် ထိပ်ပုံတော်ပေါ်စေခြင်းဖြင့် လူအများသိအောင် တန်ခိုးပြ သည်'

ဟု ယုံကြည်ကြပါသည်။

ထိုနေရာ၌ ဆင်းတုတော်ကြီး





www.burmeseclassic.com

www.burmeseclassic.com

တစ်ဆူ ရှိခဲ့ကြောင်းကို မင်းကုန်းရွာမှ သက်ကြီးရွယ်ကြီးများ မည်သူမျှ မသိခဲ့သလို ဘိုးဘေးများ ပြောကြား၍လည်း မကြားဘူးခဲ့ဟု ဆိုပါသည်။

ဤသို့ဆိုလျှင် ဤဆင်းတုတော်ကြီး ရှိသည့် ကာလသည် ငွေဘုံသာစေတီ ရှိသည့် ကာလထက် များစွာစောသည်ဟု ခန့်မှန်းရပါသည်။

ငွေဘုံသာစေတီ ဂေါပကအဖွဲ့သည် ပေါ်တော်မူဆင်းတုတော်ကြီးပုံနှင့် အုတ်ပလ္လင်ပုံကို အမြောက်အမြား ကူးပြီးဒါနပြုရာ ရပ်နီးရပ်ဝေးမှ ပုဂ္ဂိုလ်များ သိရှိကြပြီး ကားကြီးကားငယ် အသွယ်သွယ်ဖြင့် လာရောက်ပြီး ဖူးမြော်လှူဒါန်းမှု ပြုကြပါသည်။

ဂေါပကအဖွဲ့သည် ဘုရားဖူးလာသူအားလုံးကို သက်သတ်လွတ်ဟင်းဖြင့် နေ့စဉ် လုံလောက်စွာ ကျွေးမွေးပါသည်။ **"ဓာတ်ပြထားသည့် ဓာတ်ပုံ အပေါ်ပိုင်းသည် အလိုအလျောက် ပေါ်လာသည့် ဆင်းတုတော်ကြီးပုံ ဖြစ်ပြီး အောက်မှ ပုံများသည် မြေအောက်မှ ပေါ်လာသည့် ပလ္လင်တော်ပုံ ဖြစ်ပါသည်။**

စက်ပိုင်းပြထားသည့် ပုံများနှင့် ဘေးမှ ပုံများသည် ဗွာပနာထည့်သွင်းစဉ်က ပါဝင်ခြင်း မရှိသော အမျိုးအမည်မသိသူများ၏ပုံများ ဖြစ်ပါသည်။

အဆိုပါ ဓာတ်ပုံနှင့် ဖြစ်စဉ်ကို မုံရွာဆရာမိုး ဆေးတိုက်ပိုင်ရှင် သား၊ သမီး၊ တူ၊ တူမတို့ ကြားသိသောအခါ ပလ္လင်တော်ပေါ်ရာသို့ ရောက်လာပြီး အဆိုပါ ပလ္လင်တော်ကို ကောင်းမွန်နိုင်ခံ့သည့် ပလ္လင်တော်ဖြစ်အောင် ပြန်လည်မွမ်းမံပြင်ပြီး ဉာဏ်တော်မြင့်မားသည့် ထိုင်တော်မူ ဆင်းတုတော်ကြီး (၁)ဆူ တည်ထားလှူဒါန်းရန် ဂေါပကအဖွဲ့နှင့် ညှိနှိုင်းပါသည်။

ထိုအခါ ဂေါပကအဖွဲ့က ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုသဖြင့် ပလ္လင်တော်ပေါ်၌ ဉာဏ်တော်(၂၅)ပေခန့်ရှိ ထိုင်တော်မူ ဆင်းတုတော်ကြီး(၁)ဆူနှင့် တန်ဆောင်းကြီးကို ရန်ကုန်မြို့က ပန်းရန်ပညာရှင်များဖြင့် တည်ထား ရာ လွန်စွာပင် ကြည်ညိုဖွယ် ကောင်းလှပါသည်။

ပေါ်တော်မူ ဆင်းတုတော်ကြီးနှင့် တန်ဆောင်းကြီး ရေစက်ချပွဲကို အလှူရှင်များက စည်စည်ကားကား ခမ်းခမ်းနားနား ကျင်းပရာ ကျွန်တော် သွားရောက်ပြီး ပါဝင် ကူသိုလ်ယူခဲ့ပါသည်။

ရေစက်ချပွဲတွင် မုံရွာဆရာမိုး ဆေးတိုက်မှ ထုတ်လုပ်သော အမျိုးမတူ ဆေးပုလင်း(၁၂)ပုလင်းခန့်(မမှတ်မိပါ၍ ထိုထက်ပိုလျှင် ပိုပါမည်။)ကို အိတ်ထဲတွင်ထည့်ကာ ရေစက်ချပွဲလာသူများအား (၁)ယောက် (၁)အိတ် လှူဒါန်းနေသည်ကိုတွေ့ရာ သာဓု အကြိမ်ကြိမ် ခေါ်မိပါသည်။

ပေါ်တော်မူ ဆင်းတုတော်ကြီးသို့ သွားရောက်ဖူးမြော်လိုပါက **ပုသိမ်-မြောင်းမြ ကားလမ်းအတိုင်း မော်တော်ယာဉ်ဖြင့်သွားလျှင် (၄၅)မိနစ်ခန့်ကြာပါက** မြောင်းမြမြို့သို့ ရောက်ပါမည်။

မြောင်းမြမှ လပွတ္တာကားလမ်းအတိုင်း (၁)နာရီခန့် ကားမောင်းလျှင် မိုင်တိုင်အမှတ်(၁၄)မိုင် ကြာကန်ရွာလမ်းခွဲသို့ ရောက်ပါမည်။ ကြာကန်ရွာလမ်းခွဲအတိုင်းဝင်လျှင် မိုင်ဝက်ခန့်အကွာ၌ ပေါ်တော်မူဆင်းတုတော်ကြီးကို ဖူးမြော်နိုင်ပါသည်။ ပုသိမ်မှ ဆင်းတုတော်ကြီးအရောက် ကားမောင်းချိန် (၂)နာရီခန့် ကြာပါမည်။ ပုသိမ်မှ ဆင်းတုတော်ကြီးအထိ လမ်းသည် ကတ္တရာလမ်းဖြစ်ပြီး အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ပါသည်။

ယခုအချိန်တွင် တောင်ကုန်းပေါ်၌ ပေါ်တော်မူဆင်းတုတော်ကြီး၊ တန်ဆောင်းကြီး၊ ငွေဘုံသာစေတီတော်၊ ကမ္ဘာလုံးဘုရား၊ တံခွန်တိုင်၊ မဟာဗောဓိပင်၊ တောင်ပိုင်ဘိုးဘိုးနတ်ကွန်းစသည့် သာသနိက အဆောက်အအုံများဖြင့် စည်ကားသာယာလျက် ရှိပါသည်။

ပေါ်တော်မူ ဆင်းတုတော်ကြီးကို သွားရောက်ဖူးမြော်ပါက လမ်းခရီး မြောင်းမြမြို့တွင် သက်တော်ရှည် **"မြစိမ်းတောင်ဆရာတော်ကြီး"** နှင့် ဆရာတော်ကြီး တည်ထားသည့် စေတီတော်ကြီးတို့ကို ဖူးမြော်နိုင်မည့်အပြင် မကြာမီ ကမ္ဘာပေါ်တွင် အကြီးဆုံး ဖြစ်လာမည့် ခေါင်းလောင်းကြီးကိုလည်း ဆရာတော်ကြီး၏ စီမံမှုဖြင့် တပည့် ဒါယကာ၊ ဒါယိကာမတို့က သွန်းလုပ်လှူဒါန်းရန် စီစဉ်နေပါသည်။

ထို့ပြင် ဆရာတော်ကြီး ကျောင်းတိုက်အနီး၌ မြောင်းမြမြို့စား လောက်များ တည်ခဲ့သော နန်းတော်ကုန်း၊ နန်းဦးစေတီ၊ မြို့ရိုးဟောင်း၊ မြို့ကွက်ပုံစံများနှင့် ရှေးဟောင်းပစ္စည်းတို့ကိုလည်း လေ့လာနိုင်ပါမည်။

သို့ဖြစ်ရာ ပေါ်တော်မူဆင်းတုတော်ကြီးကို ဖူးမြော်ရင်း ဒေသန္တရဗဟုသုတ ရှာဖွေကာ စိမ်းစိုသော တောတောင် သဘာဝအလှတို့ကို ခံစားနိုင်မည် ဖြစ်ပါကြောင်း စေတနာစေတနာဖြင့် ရေးသားဖော်ပြအပ်ပါသည်။

မောင်ထံ့(ထံထားရွာ)

[illegible] ရောင်ခြည် [illegible]

www.burmeseclassic.com



# အိမ်မျက်နှာကျည်း မသင့်သူတို့အတွက်

ယတြာအစီအရင်

ဂမ္ဘီရဗေဒ (ဗိဇ္ဇာဓရ)
စစ်ကိုင်း

တစ်နေ့သောအခါတွင် ကိုမြင့်နိုင် ဆိုသူသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာလေသည်။

'ကိုကြီးရေ ကျွန်တော် တစ်ခု အကူအညီ တောင်းချင်လို့ပါ'

ဟု စကား၍ ကိုမြင့်နိုင်မှ ပြောလာလေ၏။

'ပြောပါဗျာ ကျွန်တော် ကူညီနိုင်တာရှိရင် ကူညီပါ့မယ်'

ဟု ကျွန်ုပ်မှ စကားထောက်ပေးသောအခါ…

'ဒီလိုပါဗျာ အခု နှစ်ပိုင်းတွေမှာ ဒုက္ခတွေလို့ ပြောရမလား၊ အဆင်မပြေတာတွေ ဆက်တိုက်ကြုံတွေ့နေရတယ်ဗျာ'

'ဘာတွေများ ကြုံတွေ့နေရတာလဲဗျ'

'ဆိုပါတော့ဗျာ ငွေကြေးရှာဖွေရတာ အဆင်ပြေပါတယ်။ ဒါပေမယ့် ရကုန်ဖြစ်နေတယ်။ ဘာမှ အဓိပ္ပါယ်မရှိတဲ့ ကိစ္စမျိုးတွေမှာ ငွေကို အများကြီး သုံးနေရတယ်။

ပြီးတော့ ကလေးတွေကလဲ မကြာခဏ ဆိုသလို ဖျားကြ နာကြနဲ့ဗျာ၊ အဲဒါ ဇာတာလေးဘာလေး စစ်ပေးပါဦး'

ဟု ဆိုလေ၏။

'ဒါများဗျာ ဇာတာလေးစစ်ပေးပါဦးလို့ အစကတည်းက ပြောလိုက်ပြီးရော၊ ကဲ…ခင်ဗျားရဲ့ မွေးရက်အပြည့်အစုံ ပေးဗျာ'

ဟု ကျွန်ုပ်သည် မွေးရက်တို့အား တောင်း၍ မူလဇာတာဖွဲ့ကာ စစ်ဆေးကြည့်သောအခါတွင်…

ငွေကြေးကိစ္စဖြစ်၍ (၂)တန့်ဘာဝနှင့် ကြာသပတေးဂြိုဟ်တို့အား စစ်ဆေးသောအခါတွင် ပါပဂြိုဟ်တို့ စီးနင်းခြင်း၊ ဖောက်ထွင်းခြင်း စီသည် တစ်ခုမှမရှိဘဲ ငွေကြေးကိစ္စတို့နှင့် ပတ်သက်သော အဆိုးကို ဟောစရာရှာ၍ မတွေ့ဘဲ ရှိလေတော့၏။

ထို့နောက် သားသမီးနှင့်ဆိုင်သော ပုတ္တရာဘာဝကိုလည်းကောင်း၊ အခြားဘာဝတို့ကိုလည်းကောင်း စစ်ဆေးကြည့်ရှုသော်လည်း ထင်ရှားသော ပြစ်ချက်များ၊ ဂြိုဟ်စီးဂြိုဟ်နင်းများ ရှာ၍မတွေ့ဘဲ ရှိလေရာ…

'ကိုမြင့်နိုင်ရေ ခင်ဗျားရဲ့ဇာတာ အလိုမှာဖြင့် ထူးခြားတဲ့ မကောင်းကျိုးပေးမယ့် လက္ခဏာကို ရှာလို့မတွေ့မိပါဘူးဗျာ။

အဲ တစ်ခုတော့ ရှိလေရဲ့ တနင်္ဂနွေဂြိုဟ်စီးနင်းမှုအရတော့ဖြင့် အိမ်နဲ့ပတ်သက်ပြီး မကောင်းကျိုးတွေ ရနိုင်ပါတယ်။ ဒီတော့ အိမ်က ခိုက်နေတယ်ပေါ့ဗျာ'

ဟု ကျွန်ုပ်မှ ပြောလျှင်…

'ကိုကြီးလဲ ကျွန်တော့်အိမ်ရောက်ဘူးသားပဲဗျာ၊ အိမ်ကလဲ အ[illegible] အယွင်း ရှိရအောင်က တစ်လုံးတည်း အဖီမပါ အဆွယ်မပါပဲကိုး'

ဟု ကိုမြင့်နိုင်မှ ပြောလေ၏။

'အင်း ဒါလဲ ဟုတ်ပေတာပဲ'

ဟု ပြောကာ ကျွန်ုပ်သည် အိမ်[illegible] အနေအထားတို့ကို မျက်စိထဲမြင်[illegible] စဉ်းစားမိသောအခါတွင်…

'တွေ့ပြီ ကိုမြင့်နိုင်ရေ ခင်ဗျားက[illegible] ပတေးသားမို့လား။ ပြီးတော့ အိမ်[illegible] မြောက်တက် လှည့်ထားတာမို့လား'

ဟု ကျွန်ုပ်မှ မေးလျှင်…

'ကိုကြီးရယ် အိမ်မြောက်[illegible] လှည့်တာနဲ့ပဲ အပြစ် ဖြစ်ရော[illegible] ပြီးတော့ အခုမှ လှည့်တာလဲမဟု[illegible]'

ဟု ကိုမြင့်နိုင်မှ ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

'ဒါပေါ့ဗျာ ကြာသပတေးသားဖြစ်တဲ့ ခင်ဗျားက အိမ်ကို မြောက်ဘက်လှည့်ထားပြီး နေထိုင်တာ အပြစ်ဖြစ်ပေတာပဲဗျ။

'ထားပါတော့ ကိုကြီးရယ် ဒီသယ့် ကျွန်တော်ပြောသလို အိမ်က အရပ်လှည့် တာမှ မဟုတ်တား၊ ဟိုအရင်ကတည်းက အပြစ်ဖြစ်ရမှာပေါ့။ အရုန့်ပိုင်းတွေမှ ဖြစ်ရ တယ်ဆိုတော့ သဘာဝကျရဲ့လားလို့'

ဟု ကိုမြင့်နိုင်မှပြောလျှင်...

'ခက်ပါဘိ ကိုမြင့်နိုင်ရယ်၊ ခင်ဗျားကို ဥပမာလေးတစ်ခု ပေးမယ်ဗျာ၊ ဆိုကြပါစို့ မြန်မာစကားပုံမှာ "မြွေပွေးအိပ်ရိုက် ဗိုက်ထယ်" ဆိုတာ ကြားဖူးမှာပေါ့'

ဟု ကျွန်ုပ်မှ မေးလျှင်...

'ကြားဖူးပါတယ်ဗျာ'

ဟု ပြန်ဖြေလေ၏။

'ကဲ ဒါဖြင့်ဗျာ မြွေပွေးခါးပိုက်ပိုက်ထားရတဲ့သူမှာ အန္တရာယ်မရှိနိုင်ဘူးလား'

'ရှိပြီလားဗျာ ဘယ်အချိန်ကိုက်ကိုက်မတုန်းဆိုပြီး ရင်မနေရမှာ'

ဟု ကိုမြင့်နိုင်မှ ပြောလျှင်...

'သေချာစဉ်းစားပြီးမှ ပြောပါဗျ၊ ဒီမြွေပွေးက ခါးပိုက်ထဲကနေပြီး အမြဲတမ်း ဒုက္ခပေးပြီး ကိုက်ခဲနေမှာလား။ ဒါမှမဟုတ် အခွင့်သာတဲ့အခါမှ ကိုက်ခဲပြီး ဒုက္ခပေးသလား'

ဟု ကျွန်ုပ်မှ မေးသောအခါ...

'ကိုကြီးရယ် အမြဲတမ်းတော့ ဘယ်ကိုက်နေပါ့မလဲ၊ သူ့ကို ထိမိတိုးမိတဲ့အခါမျိုး အခွင့်သာမှ ကိုက်ခဲပြီး အန္တရာယ် ပြုမှာပေါ့'

ဟု ကိုမြင့်နိုင်မှ ပြောလေ၏။

'အဲဒီလေဗျာ လောကသဘာဝတွေဟာ ဖြစ်စဉ်သာ ကွဲချင်ကွဲမယ်။ သဘာဝကတော့ အတူတူတွေပါပဲဗျ။



ခင်ဗျားက မသင့်တဲ့ အရပ်မျက်နှာဘက်ကို အိမ်လှည့်ထားပြီး နေထိုင်တာမှာ အလှည့်အနေမသင့်လို့ဆိုပြီး အမြဲတမ်းတော့ ဒုက္ခအန္တရာယ် မပေးဘူးပေါ့ဗျာ။

အဲ... ကံကြမ္မာနိမ့်ပါးတဲ့ အချိန်မျိုးတွေမှာတော့ အခု ခင်ဗျား ကြုံတွေ့ရသလိုမျိုး အမည်ဖော်မရတဲ့ ဒုက္ခတွေ ပြဿနာတွေ ဖြစ်ကြရပြီပေါ့ဗျာ'

ဟု ကျွန်ုပ်မှပြောလျှင်...

'သဘောပေါက်ပါပြီ ကိုကြီးရယ်၊ မသိဘဲနဲ့ အတွန့်တက်မိတာ ခွင့်လွှတ်ပါ'

ဟု ကိုမြင့်နိုင်မှ ပြောလေ၏။

'ဒါ စိတ်ခုစရာ မဟုတ်ပါဘူးဗျာ၊ ကိုယ့်စိတ်ထဲ မရှင်းလင်းတာမျိုး၊ သံသယဖြစ်တာမျိုးက မေးရမှာပဲ'

ဟု ကျွန်ုပ်မှပြော၍ နှစ်သိမ့်သောအခါ...

'ဒါဖြင့် ကိုကြီးရယ် အခုတိုင်းဆို အိမ်ကို လှည့်ပေးရမှာလား။ အဲဒါက မဖြစ်ဘူးထင်တယ်ဗျ၊ လမ်းနဲ့အိမ်က အလိုက်သင့် ဆောက်ထားတာဆိုတော့'

ဟု ကိုမြင့်နိုင်မှ မေးလေ၏။

'အိမ်ကို လှည့်ပြောင်းနေစရာ မလိုပါဘူးဗျာ၊ အမြဲတမ်း အန္တရာယ်ကင်းပြီး လာဘ်ရွှင်စေတဲ့ ယတြာအစီအရင်ကို ပေးလိုက်ပါ့မယ်။

ကျွန်တော်ပေးတဲ့ အစီအရင်အတိုင်းသာ ပြုလုပ်လိုက်ပါ။ ကိုမြင့်နိုင်ကြုံတွေ့နေရတဲ့ ဒုက္ခတွေ ပြေငြိမ်းပြီး ရှင်းလင်းသွားပါလိမ့်မယ်'

ဟု ပြော၍ အစီအရင်များကို ပေးလိုက်ပါတော့သည်။

**အိမ်၊ တိုက်၊ ဂိုဒေါင် စသည် ဆောက်လုပ်ကြမည် ဆိုပါလျှင် နေ့သားအလိုက် မျက်နှာမပြုရမည့် အရပ်မျက်နှာများ**

တနင်္ဂနွေ သားသမီးတို့သည် တောင်အရပ် မျက်နှာမပြုရပါ။

တနင်္လာသားသမီးတို့သည် အရှေ့အရပ် မျက်နှာမပြုရပါ။

အင်္ဂါသားသမီးတို့သည် အနောက်အရပ် မျက်နှာမပြုရပါ။

ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေသားသမီးတို့သည် မြောက်အရပ် မျက်နှာမပြုရပါ။

**ကောင်းသော အရပ်မျက်နှာများ**

တနင်္ဂနွေသားသမီးတို့သည် အရှေ့အရပ် မျက်နှာပြုလျှင်ကောင်း၏။

တနင်္လာသားသမီးတို့သည် မြောက်အရပ် မျက်နှာပြုပါ။

အင်္ဂါသားသမီးတို့သည် တောင်အရပ် မျက်နှာပြုပါ။

ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေသားသမီးတို့သည် အနောက်အရပ်သို့ မျက်နှာပြု၍ ဆောက်နိုင်လျှင် ကောင်းပါသည်။

အထူးပင် ကျက်သရေမင်္ဂလာရှိ၍ စီးပွားဥစ္စာများ၊ ဝေစည်ပွားတိုးတတ်ပါသည်။

အကယ်၍ နေရာဌာနတို့အလိုက် မသင့်သော အရပ်မျက်နှာတို့ကို မျက်နှာမူ၍ ဆောက်လုပ်နေထိုင်ရသော် အောက်ဖော်ပြပါ ယတြာအစီ



www.burmeseclassic.com

www.burmeseclassic.com

အရင်တို့ကို ပြုလုပ်၍ နေထိုင်ကြပါလျှင် ကျရောက်တတ်သည့် အန္တရာယ်ကင်းလွတ်၍ ကျန်းမာချမ်းသာရတတ်ပါသည်။

## ယကြာအစီအရင်များ

တောင်အရပ်သို့ မျက်နှာပြု၍ ဆောက်လုပ်နေထိုင်ကြသော တနင်္ဂနွေသားသမီးတို့သည်...

၁။ ဂုဏ်ပေါ်စီးဆိုင် ကန်တော့ပွဲ(၁)ပွဲ တံခွန်ကြက်လျှာတို့ကို ထည့်၍ထားပါ။
၂။ အိမ်တံခါးဝတွင် သန့်ရှင်းသော နှုတ်လုံးကို ခင်းပါ။
၃။ အမွှေးနံ့သာတိုင် စသည် ထွန်းညှိပါ။
၄။ ပြီးလျှင် သန့်ရှင်းစင်ကြယ်စွာ ဝတ်ဆင်၍ တောင်အရပ်သို့ မျက်နှာမူပြီးလျှင်...

တောင်အရပ်ကို အစိုးရတော်မူသော အင်္ဂါရှင်ဂြိုဟ်နတ်မင်းကြီးအား ဤကန်တော့ပွဲကို ပူဇော်ဆက်သပါ၏။

ယနေ့ ဤအချိန်အခါမှစ၍ ဤအိမ်၌ နေထိုင်ကြကုန်သော လူပုဂ္ဂိုလ်တို့သည် အင်္ဂါရှင်နတ်မင်းကြီး၏ အစောင့်အရှောက်ကို ခံယူကြပါကုန်၏။

အရှင်နတ်မင်းသည် ဤအိမ်နှင့်တကွ ဤအိမ်၌ နေထိုင်ကြကုန်သောသူ အပေါင်းတို့အား ရပ်ဝယ်သားကဲ့သို့ စောင့်ရှောက်တော်မူပါ။

အရှင်နတ်မင်း၏ အစောင့်အရှောက်ကို ခံယူသောနေ့မှစ၍ ဖြစ်ပေါ်ပြီး ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်လတ္တံ့ကုန်သော ဘေးဥပဒ်အန္တရာယ် အပေါင်းတို့သည် အရှင်နတ်မင်းကြီး၏ တန်ခိုးတော်ကြောင့် အနဿတိဖြင့် မိုးကြိုးမှက်တွင် ရေမတင်သကဲ့သို့ ကင်းစင်ပါစေသတည်း။

ဤသို့ ကန်တော့ပွဲအပ်ခြင်း၊ တိုင်တည်ဆုတောင်းခြင်း ပြုပါ။ အခြားအလိုရှိအပ်သော ဆုတောင်းခြင်းမျိုးလည်း ပြုနိုင်ပါသည်။

၅။ အလုံးစုံပြီးဆုံးလျှင် ကန်တော့ပွဲကို မိမိတို့အိမ်သားများမှ လုံးဝ မစားသုံးဘဲ အခြားသင့်လျော်သလို စေးကမ်းပါ။

---

**အရှေ့အရပ်သို့ အိမ်မျက်နှာမူထားသော တနင်္လာသားသမီးတို့အတွက်**

အထက်ပါ အစီအရင်အတိုင်း ကန်တော့ပွဲပေး၍ တေရှင်နတ်မင်းကြီးအား တိုင်တည်ဆုတောင်းမှုပြုပါ။ နတ်မင်းအမည်သာ ကွဲပြားပါသည်။

**အနောက်အရပ်သို့ အိမ်မျက်နှာမူထားသော အင်္ဂါသားသမီးတို့အတွက်**

ကန်တော့ပွဲပေး၍ ဗိုလ်ဂြိုဟ်နတ်မင်းကြီးအား တိုင်တည်ဆုတောင်းမှုပြုပါ။

**မြောက်အရပ်သို့ အိမ်မျက်နှာမူထားသော ဗုဒ္ဓဟူး၊ ကြာသပတေးသော ကြာ၊ စနေသားသမီးတို့အတွက်**

ကုဝေရနတ်မင်းကြီးအား ကန်တော့ပွဲပေး၍ အထက်ပါ အစီအရင်အတိုင်း တိုင်တည်ဆုတောင်းမှုပြုပါ။

ဂါမဏီဓော်(ဗိန္ဓောဝေ)
စစ်ကိုင်း။

---

**စာမျက်နှာ (၂၀၈)မှ အဆက်**

[illegible]



www.burmeseclassic.com

# သားကြီးအောင်မောင်း ဝိုးထိလို့

ကိုလွန်း (မင်းလှ)



● [illegible]

အချိန်ကား ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ အတွင်း ဖြစ်ပါသည်။ ပဲခူးတိုင်း ဒေသကြီး၊ မင်းလှမြို့နယ်၊ အုန်းနဲ့ ချောင်းရွာကလေးမှာ မင်းလှမြို့၏ မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိပါသည်။

ရန်ကုန်–ပြည် ရထားလမ်းနှင့် ထက်ဆက်ချောင်း (ခ) မင်းလှချောင်း အဆုံတွင် တည်ရှိပါသည်။ အိမ်ခြေ (၁၀၀)ခန့်ရှိပြီး အများအားဖြင့် လယ်သမားများ၊ ခြံသမားများ ဖြစ်ကြပါသည်။

မင်းလှချောင်းကမ်းပါးတွင် တည်ရှိသဖြင့် သဘာဝမြေဩဇာ ကောင်းမွန်တာ စိုက်ပျိုးရေးထွန်းကားသော ရွာလည်း ဖြစ်ပါသည်။ မြို့နှင့်လည်း ဝေးမဝေး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ရွာသူရွာသားများ စီးပွားရေး အဆင်ပြေကြပါသည်။

တစ်နေ့ အရှေ့ဘက်မှ နေဝန်းကြီးသည် နှင်းမှုန်ကြားမှ ထွက်ပေါ်လာချိန် မင်းလှမြို့နှင့် အုန်းနဲ့ချောင်းရွာကြား လယ်ကွင်းပြင် တစ်ခုလုံးမှာလည်း မြူများ ဝင်းမှည့်နေသဖြင့် ရွှေရောင် တောက်နေပါသည်။

နေထွက်ချိန်ဖြစ်သဖြင့် စပါးစားရန် စောင့်နေကြသော ချိုးငှက်တို့ကလည်း သစ်ပင်များပေါ်မှ တကူး...ကူး၊ တကူး...ကူးနှင့် ဖို့မ အသံပေး၍ ဘာယာနေချိန် ဖြစ်ပါသည်။

သို့သော် အုန်းနဲ့ချောင်းရွာမှ ကိုသန်းရွှေ တစ်ယောက်ကတော့ ဘာသာယာမှုကို မခံစားနိုင်ပါ။ ရင်ထဲမှ အလုံးဖြင့် မြို့သို့ မော်တော်ဆိုင်ကယ် ဖြင့် အပြင်းမောင်းသွားလိုက်၊ ပြန်လာ လိုက်နှင့် ဗျာများလျက်ရှိနေသည်။ ထိုအချိန်သူငယ်ချင်း စက်ကြီးတန်းမှ မောင်သုံးတို့နှင့် တွေ့ရာ...

'ဟေ့ သူငယ်ချင်း မင်း ဘာဖြစ်နေတာလဲ... ဆိုင်ကယ်တဝီဝီနဲ့'

ဟု မေးလိုက်ရာ ကိုသန်းရွှေမှာ မျက်နှာမသာမယာဖြင့် "ငါ့သားကြီး အောင်မောင်း ဝိုးထိလို့ကွ" ဟု ပြန်ပြောပါသည်။ ဝိုးထိသည်ဆိုခြင်းမှာ ထိုအရပ်ဒေသစကားအရ မြွေဆိုး ကိုက်ခံရသည်ကို ဆိုလိုခြင်းဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



[illegible]

သည်။

'ဟာ... မင်းသား ပိုးထိရင် သေးရှိပို့ လိုက်ပြီလား'

ကိုဘုံတို့ မျက်လုံးပြူး မျက်ဆန်ပြူး ဖြင့် မေးလိုက်ပါသည်။

'မင်းကလဲကွာ ငါ့သားအောင်မောင်း ဆိုတာ ငါ့အိမ်က မြွေပေါက်နွားကြီးကို ပြောတာကွ'

ဒီတော့မှ နွားမြွေကိုက်သည်ကို ပြောကြောင်း ကိုဘုံတို့ သိသွားပါ သည်။

'မင်း တိရစ္ဆာန်ဆေးရုံ သွားမပေါ် ဘူးလား'

'ပေါ်တာပေါ့ကွာ၊ တိရစ္ဆာန်ဆရာဝန် ဆီလဲ ရောက်တယ်၊ လူဆရာဝန်ဆီလဲ ရောက်တယ်၊ လူဆရာဝန်က နွားကို မကုဘူး။ တိရစ္ဆာန်ဆရာဝန်ကလဲ မြွေ ဆေးမရှိဘူးလို့ပြောတယ်။ ငါ့သားကြီး တော့ သေမှာပါကွာ၊ မနှစ်က တစ်ကောင်တည်း ငါးသိန်းပေးတာ တောင် မရောင်းဘူးကွ'

ဟု ရေပြာပါသည်။

တောင်သူတို့၏ သဘာဝအရ မြွေပေါက်နွားများကို ယင်းတို့၏ သားဟု ပင် သဘောထားကာ အလွန်ချစ်ကြ ပါသည်။ သားကြီး၊ သားကြီးဟုခေါ် ကာ ချစ်စနိုးနာမည်များ ပေးတတ်ကြ ပါသည်။

ထို့ကြောင့် ကိုသန်းရွှေတစ်ယောက် သူ့မြွေပေါက် နွားကြီးကို "သားကြီး အောင်မောင်း"ဟု အမည်ပေးကာ တန်ဖိုးထားခြင်း ဖြစ်ပါသည်။

'အခု ဘယ်လိုနေလဲ'

'အခု အခြေအနေ မကောင်းဘူး လဲသွားပြီ ပါးစပ်ထဲကလဲ အရည်တွေ ကျနေတယ်'

'ဟေ့ နေဦး ပေါက်ပင်တန်းလမ်း က အဘာရဲ့မှူးကို သိလား'

'သိပါတယ် ဘာဖြစ်လို့လဲ'

'ဟာ သူ့မှာ မြွေဆေးနဲ့ ပတ်သက် တဲ့အပင်တွေ၊ ဥတွေရှိတယ်၊ မင်း သွားပြီး အကူအညီ တောင်းကြည့်ပါ လား'

ချက်ချင်းပင် ကိုသန်းရွှေဆိုင်ကယ် ပြန်လှည့်ကာ အဘာဆီ ရောက်လာ သည်။ ကိုသန်းရွှေက အကျိုး အကြောင်းပြောပြရာ အဘာရဲ့မှူး ယင်းရောက်နေသောရှိအပင်မှ အကိုင်း တစ်ကိုင်းချိုးကာ...

'အရွက်တွေကိုထောင်းပြီး အရည် လက်ဖက်ရည်ပန်းကန်တစ်လုံးလောက် ဝါးကျည်တောက်နဲ့ညှပ်ပြီး နွားပါးစပ် ထဲ်အောင်သာတိုက်ကွာ'

ဟု မှာလိုက်ပါသည်။

ကိုသန်းရွှေ အိမ်သို့ ချက်ချင်း မှာလိုက်သည့်အတိုင်း ဝါးကျည် တောက်ဖြင့် နွားကြီး၏ အာခေါင် ရောက်အောင် ထည့်လိုက်ပါ "ဂွက်–ဂွက်–ဂွက်"ဟု သုံးချက် ဖြင့် ဆေးရည် လက်ဖက်ရည်ပန်း

စာမျက်နှာ (၂၀၆)

www.burmeseclassic.com



၁၂၉၃ ခုနှစ်၊ တပ်တော့်

မောင်ဝင်းဘို (ချင်းတွင်းမြေ)

# ရွှေအင်္ကျီရာ မုညီး "ဝမ" ပုံတော်

## နှင့် ရွှေလေးတောင် ရသေ့ကြီးဦးအုန်း၏ အန္တရာယ် အတွယ်အတာဂါထာ

အထက်တွင် ဖော်ပြပါရှိသော ...စဉ်နှင့် ပုံတော်ကို စာရေးသူ ...ဆိုင်က အဘိုးဖြစ်သူ(ဦးဝဲဘို)၏ ဘုရားစင်တွင် ချိတ်ဆွဲပူဇော်ထားသည်ကို တွေ့ရှိခဲ့ရပါသည်။

ထိုစဉ်က ပုံတော်ကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ခြင်းမရှိခဲ့ပါ။ သို့သော် ပုံတော်ကို မပျောက်ပျက်၊ မပျက်စီးအောင် ထိန်းသိမ်းထားခဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

နောင်တွင် ပုံတော်ကို သေချာဂဃာ လေ့လာကြည့်ရှုမိရာ ပုံတော်၏ တန်ဖိုး ရှိပုံကို သိရှိလာရပါသည်။ ပုံတော်ကို ရိုက်နှိပ်ဖြန့်ဝေခဲ့သည်မှာ ပုံတွင်ပါရှိသော ခုနှစ် သက္ကရာဇ်အရ **သက်တမ်း (၇၈)နှစ်ရှိပြီ** ဖြစ်ပါသည်။

မန္တလေးတောင် ရသေ့ကြီးဦးခန္တီ သက်ရှိထင်ရှားရှိစဉ်က ရိုက်နှိပ်ဖြန့်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ပုံတော်၏ မူလအရွယ်အစားမှာ (၁၀"x၁၂")လက်မအရွယ် ဖြစ်ပါသည်။ မှန်ပေါင်သွင်းထားပါသည်။ ပုံတော်၏ အပေါ်ပိုင်း ခေါင်းစီးစာလုံးကြီးများနှင့် ခေါင်းစီးအောက်ဘက်တွင် ပါရှိသော ဂါထာတော်ကြီး၏ စာသားများလည်း ပျက်စီးနေပြီ ဖြစ်သည်။

ရှားပါးပုံတော်တစ်ပုံဖြစ်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ပေးပို့ရန် ဆန္ဒရှိသည်မှာ ကြာပါပြီ။ ယခုမှ ပေးပို့ဖြစ်ပါသည်။ မိတ်ဆွေ ဓာတ်ပုံဆရာ ကိုဇော်မျိုးထက်ကို ဓာတ်ပုံရိုက်ကူးစေပြီး ပုံကြီးချဲ့ကာ ပလတ်စတစ်ကတ်လောင်း၍ ချိတ်ဆွဲ ပူဇော်ထားခဲ့သည်။

ယင်းပုံတော် (၈"x၁၀")လက်မအရွယ်ပုံတူကို ဆရာတို့ထံ ပူးတွဲပေးပို့လိုက်ခြင်း ဖြစ်ပါသည်။

ပုံတော်တွင် ဖော်ပြပါရှိသော အကြောင်းအရာများကို စာရှုသူ ဓမ္မမိတ်ဆွေများ၊ သုတေသီများ လေ့လာနိုင်ကြစေရန် အကျဉ်းမျှ ရေးသားတင်ပြသွားပါမည်။ **(ပူးတွဲပေးပို့လိုက်သောပုံတော်တွင်လည်း လေ့လာကြည့်ရှုနိုင်ပါသည်)**

ဦးစွာပုံတော် အပေါ်ပိုင်း ခေါင်းစီးမှာ **(၁၂၉၉ ခုနှစ် ကပ်ကျော် ဗုဒ္ဓအက္ခရာဖျည်းစမပုံတော်)**ဖြစ်၍ အောက်ဘက်တွင် **(မန္တလေးတောင် ရသေ့ကြီးဦးခန္တီ၏ အကွယ်အကာဂါထာ)** ဂါထာတော်ကြီး စာသားများကို တွေ့ရပါမည်။ ဂါထာတော်ကြီးမှာ...

ဗုဒ္ဓဂုဏော အနန္တော၊
ဓမ္မဂုဏော အနန္တော၊
သံဃဂုဏော အနန္တော၊
မာတာပိတုဂုဏော အနန္တော၊
အာစရိယဂုဏော အနန္တော၊
ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ၊
ဓမ္မော မေ သရဏံ အညံနတ္ထိ၊
သံဃော မေ သရဏံ အညံနတ္ထိ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
သော ဒုက္ခိ ဂစ္ဆ အမုဒ္ဒိ ပြကာသေ
ထိဋ္ဌာဟိ။

တစ်နေ့ (၁၀)ခေါက်ရွတ် အန္တရာယ်ကြီး ကပ်ဥပဒ်ကြီးများ ကြုံတွေ့ရပါက နေ့စဉ် ရွတ်ကြပါလေဟု ဖော်ပြပါရှိသည်။

ဗုဒ္ဓ၏ပုံတော်ကို ဖျည်းအက္ခရာ(၃၃)လုံးနှင့် သရအက္ခရာများ ပေါင်းစပ်၍ ပုံပေါ်အောင် ရေးဆွဲထားပါသည်။ ပုံတော်၏ ဉာဏ်တော်မှာ (၆)လက်မခန့်ရှိပါသည်။

ဗုဒ္ဓပုံတော်နောက်ခံ ဗောဓိညောင်ပင်ပုံ ပါရှိသည်။ ဗောဓိညောင်ရွက်ပုံများအတွင်းမှာ (၉)ဂဏန်းအက္ခရာများကို (၉)နဝင်း အမှတ်အသား(ဝါ) ဂုဏ်တော်(၉)ပါးကို ရည်ညွှန်း၍ ထည့်သွင်းထားသည်ဟု ယူဆရပါသည်။

ဗုဒ္ဓ၏ ဦးခေါင်းတော် ပတ်လည်တွင် ရောင်ခြည်တော် ဖြာထွက်နေပုံ သရုပ်ဖော်ထားရာတွင် ရောင်စဉ်တန်းများ ထိပ်ပိုင်းတွင် ဂုဏ်တော်(၉)ပါး အစအက္ခရာစာလုံးများ ထည့်သွင်းထားသည်ကို တွေ့ရှိ ကြည့်ရှုကြရပါမည်။

ပုံတော်၏ လက်ဝဲဘက်နှင့် လက်ယာဘက်တွင် ပါရှိသော အကြောင်းအရာ အချက်အလက်တို့ကို ...
တင်ပြပါမည်။

ပထမဦးစွာ လက်ဝဲဘက်ခြမ်း... လေ့လာကြည့်ရှုပါက **"ရှင်သီဝလိ...ပုံတော်"**ကို တွေ့ရပါမည်။ ပုံတော်... အပေါ်ဘက်တွင် (၉)နဝင်းဂဏန်း... အက္ခရာအတွင်းတွင် နေမင်းအမှတ်... အသား **"ဥဒေါင်း"**ပုံ ထည့်သွင်းထား... သည်။

(၉)ဂဏန်းပုံ အပေါ်ဘက်တွင် ကြီး... လေးကြီး အက္ခရာ(၃)လုံး ဃ၊ ဆ... အက္ခရာသုံးလုံး ဆင့်ထားပါသည်။

ထိပ်တွင် (၉)နဝင်း စမပုံ စက်ဝိုင်း... ကို တွေ့ရပါမည်။

ရှင်သီဝလိတွဲ့ အမည် အထက်တွင် "စ"နှင့် "မ" နှစ်လုံးထပ်၍ ရေးထား... သည်။

ရှင်သီဝလိစမပုံတော်မှာ မတ်တတ်... ရပ် တောင်ဝှေးထောက်ထားပုံ ဆွဲထား... သည်။ ပုံတော်အပေါ်ဘက်တွင် ... ဝိုင်းခုံးသဏ္ဌာန် ဂါထာတော်တစ်ပုဒ်... ၏ စာသားများကို တွေ့ရပါမည်။

ဂါထာတော်မှာ ရှေးမူဟောင်း ရှင်... သီဝလိဂါထာ(၁၀)ပုဒ်မှ ပထမဦးဆုံး... ဂါထာဖြစ်သော...

'ဥ သီဝလိစ မဟာနာမံ သဗ္ဗလာဘ ...
တိ ထေရဿ အနုဘာဝေန သဗ္ဗေ ...
ဝိယံ မမ'

ဟူသော လာဘ်ခေါ် ဂါထာတော်... တွေ့ရပါမည်။

ပုံတော်အောက်ဘက်တွင် အ... တစ်ပုံ (၂၅)ကွက်အင်း လာဘ်... သောမဂ္ဂြိုဟ်ပုံပါရှိသည်။ အော... ဘက်တွင် နတ်မင်းကြီး(၄)ပါးမှ နှ... ဖြစ်သော "စေတရွှေနှင့် ဝိရူ... နတ်မင်းကြီးနှစ်ပါး ပူဇော်နေ... "ရမ"ပုံကို တွေ့ရမည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပုံတော်၏ လက်ယာဘက်ခြမ်းကို ဆက်လက်၍ လေ့လာကြည့်ရှုပါက ရှင်ဥပဂုတ္တရဟန္တာ စံမြန်းနေဟန်ပုံပါရှိသော ပြာသာဒ်ပုံကို တွေ့ရပါမည်။

ပြာသာဒ်ပုံတော် အပေါ်ဘက်ပိုင်းတွင် (၉)ကွက် အင်းပုံအတွင်းတွင် အလယ်ဗဟို တစ်ကွက်ချန်၍ အက္ခရာ တလုံးများ အင်းဆန်သွင်းထားပါသည်။ အပေါ်(၃)ကွက်တွင် **သု၊ မေ၊ သံ** အလယ်ဘေး(၂)ကွက် **န္တေ ဏာ** အောက်(၃)ကွက်တွင် **တု၊ ဃော၊ ဘ** ဟူ၍ တွေ့ရပါမည်။ အင်းသွား အက္ခရာမှာ သုဏာတုမေဘန္တေ သံဃော။

အင်းကွက် ဘေးတစ်ဖက်စီတွင် (၉)နဝင်းစက်ဝိုင်းပုံ (၂)ပုံ၊ ပြာသာဒ် အပေါ်ပိုင်း လက်ယာဘက်တွင် အပေါ်ပိုင်း အတွန့်ပါသော (၉)နဝင်းစမ က်ဝိုင်းပုံကြီးပါရှိ၍ အတွင်းဘက်တွင် ထမင်းပုံအမှတ်အသား "ယုန်"ရုပ် ထည့်သွင်းထားသည်။

ပြာသာဒ်ပုံအပေါ်ဘက် လက်ဝဲဘက်တွင် ရောင်ခြည်ဖြာထွက်နေပုံ၊ လစက်ဝိုင်းပုံတွေ့ရ၍ လဝန်းပုံအတွင်းတွင် (၄)ကွက်ပုံအင်း ပါရှိသည်။

အက္ခရာ(၄)လုံးမှာ **စ–ခ– ဗ– ဝ** အက္ခရာများဟု ယူဆရပါသည်။ ပြာသာဒ်ပုံအောက်ဘက်တွင် (၂၅)ကွက်အင်းပုံပါရှိ၍ အဋ္ဌရာယ်ကင်း ပါပ ဂြိုဟ်အင်းကို တွေ့ရပါမည်။

အောက်ဘက် ဆက်လက် လေ့လာပါက နတ်မင်းကြီး(၄)ပါးမှ နှစ်ပါးဖြစ်သော ဝိရူပက္ခနှင့် ကုဝေရ နတ်မင်းကြီး(၂)ပါး ပူဇော်နေဟန် ဇမပုံကို တွေ့ရပါမည်။

လက်ဝဲလက်ယာအင်းပုံစံ (၂၅) ကွက် အင်းပုံ(၂)ခုကြားတွင် အက္ခရာ (၄)လုံးကို တစ်ဆက်တည်း ရေးဆွဲထားသော "ပြွမ်" စမ(၂)ခုကို တွေ့ရပါမည်။

ဗုဒ္ဓအက္ခရာပုံတော် အောက်ဘက် ပလ္လင်တော်ပုံကို ဆက်လက်လေ့လာကြည့်ပါက ပလ္လင်တော်အပေါ်ပိုင်း ဘေးတစ်ဖက်စီတွင် အရဟံဂုဏ်တော် အက္ခရာ(၂)ခုစီ တွေ့ရပါမည်။

အလယ်ပလ္လင်တော်ပုံမှာ အင်းကွက်ပုံဖြစ်၍ အလယ်(၁)ကွက်ကို ဗဟိုထား၍ အပေါ်ဘက် (၃)ကွက်၊ (၅)ကွက်၊ (၇)ကွက်။ အောက်ဘက် (၃)ကွက်၊ (၅)ကွက်၊ (၇)ကွက်စီ ပွား၍ ပုံဖော်ထားပါသည်။

အလယ်ဗဟိုကွက် (၁)ကွက် အတွင်းတွင် (လံ)အက္ခရာ ပါရှိသည်။ အပေါ်ပိုင်း (၇)ကွက်မှစ၍ အက္ခရာ တစ်လုံးစီ ထည့်သွင်းထားရာ **ပ– ထ–ဝီ–ဗ–ထ–သု–န္ဓ** (၇)လုံး။ အောက်ဘက်(၅)ကွက်တွင် **ရီ–သ– န္ဓ–ညု–ဇော**(၅)လုံး။ အောက်ဘက် (၃)ကွက်တွင် **ဓီ–မ–ရှာ**(၃)လုံး။

အလယ်ဗဟို(**လံ**)အက္ခရာပါ (၁) ကွက်မှ အောက်ဘက်(၃)ကွက် **ထု– မ–ဝ်** (၃)လုံး။ အောက်ဘက်(၅)ကွက် **နံ–ဓေ–ယျော–ဓေယျ** (၅)လုံး။ အောက်ဘက်(၇)ကွက် **ဓ–သ– ဓျေ–ယျ–မာ–ရာ–သေ** (၇)လုံးတို့ပါရှိ၍ အင်းကွက်(၂၉)ကွက် ပါရှိသည်ကို တွေ့ရပါမည်။ ပထဝီ ဓာတ်ခံအင်းဟု အမည်ပေးထားပါသည်။

ဘေးတစ်ဖက်စီတွင် (၁၆)ကွက် အင်းပုံ (၂)ပုံပါရှိ၍ လက်ဝဲဘက်အင်းမှာ မြတ်စွာဘုရားရှင်၏ "**အဖြစ်တော်အင်း**"ဖြစ်၍ လက်ယာဘက်အင်းမှာ "**(၉၆)ပါးရောဂါအင်း**" ဖြစ်ပါသည်။

အင်ယယ်တွင်ပါသော စက်ဝိ ဓာတာတော်ပုံမှာ မြဂ် ဓာတာတော်စက်

ပုံတော်အောက်ဘက် အဖြူရောင် အောက်ခံပေါ်မှာပါရှိသော စက်ဝိုင်းပုံများမှာ ဂြိုဟ်ကြီး(၈)လုံးပုံ အမှတ်အသားများ ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သော အကြောင်းအရာတို့မှာ ဗုဒ္ဓအက္ခရာဗျည်း "စမ"ပုံတော်တွင် ပါရှိသော အမှတ်အသားများ အကျဉ်းမျှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ (**အင်းကွက်ပုံစံများကို ရေးဆွဲဖော်ပြခြင်း မပြုတော့ပါ။**)

ရသေ့ကြီးဦးခန္တီ၏ အန္တရာယ် အကွယ်အကာ ဂါထာတော်ကြီးကို ကျေးရှုးရှင် မိုးညှင်းတောရ ဆရာတော်ကြီးကလည်း လက်ခွဲပြု ပူဇော် ရွတ်ဆိုခဲ့ကြောင်း သိရှိရပါသည်။ ယောဂီ– ဥပါသကာ၊ဥပါသိကာ အပေါင်းကိုလည်း ရွတ်ဆိုပူဇော် ပွားများကြရန် တိုက်တွန်း ဟောကြားလေ့ရှိကြောင်းကို "**မေတ္တာအဘိဓာသုတ်ကျင့်စဉ်ကျမ်း**"စာအုပ်ငယ်တွင် ပါရှိသော ဟောကြားချက်အရ သိရှိရပါသည်။

ဤ ကျမ်းစာအုပ်ငယ်လေးကိုလည်း အဘိုးဖြစ်သူ ဦးဝဲဒိုး၏ စာအုပ်စင်မှ တွေ့ရှိ၍ သိမ်းဆည်းထားခဲ့သော စာအုပ် ဖြစ်ပါသည်။ စာအုပ် ရိုက်နှိပ် ဖြန့်ချိခဲ့သော ခုနှစ်မှာ (၁၃၁၅ ခုနှစ်၊ တပေါင်းလ)တွင် ရိုက်နှိပ်ခဲ့ခြင်းဖြစ်သည်။ နှစ်ကာလကြာခဲ့ပြီဖြစ်၍ အစုံအလင် မပါရှိတော့ပါ။

မျက်နှာဖုံးနှင့် ရှေ့ပိုင်းအတွင်း စာမျက်နှာ(၂)အထိ မပါရှိဘဲ စာမျက် နှာပါတ်(၃)မှ နောက်ပိုင်း ... (၄၀)အထိ တော ... (၂၀)တဂ်

www.burmeseclassic.com

www.burmeseclassic.com

## အန္တရာယ်ကင်းဂါထာတော်ကြီး

ရှေးရှေး အထက်ဆရာကြီးတို့ အစဉ်အလာက၊ ငါတို့လက်ထက်ကျ အောင်၊ ကိုယ်တွေ့ဒိဋ္ဌ အဟုတ် အားထားရသော **"အန္တရာယ်ကင်းကြီး"** တို့ကား...

**(ဗုဒ္ဓဂုဏေတာအနန္တော၊ ဓမ္မဂုဏေတာ အနန္တော၊ သံဃဂုဏေတာအနန္တော၊ မာတာပိတုဂုဏေတာအနန္တော၊ အာစရိယ ဂုဏေတာအနန္တော၊ ဗုဒ္ဓေါမေ သရဏံ အညံ နတ္ထိ၊ ဓမ္မောမေ သရဏံ အညံ နတ္ထိ၊ သံဃောမေ သရဏံအညံနတ္ထိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ သော ဥဇ္ဇိတ္ထ အမုဂ်ိ ဩကာသေ တိဋ္ဌာဟိ)**

[ဤအန္တရာယ်ကင်းကြီးကို အနည်းဆုံး တစ်နေ့ ဆယ်ခေါက်ထက် မနည်း အောင် ပြန်အံ နှလုံးသွင်းကြ၊ ကပ်ဥပဒ်တို့နှင့် ကြောင့်ကြမကင်းရှိမှ ဤ ဂါထာတော်ကြီးကို (၃၇)ခေါက်၊ (၁၀၈) ခေါက် စသည် ရွတ်၍ ပရိတ်ရေ ပရိတ်သဲ၊ ပရိတ်ခဲ၊ ပရိတ်ဆေးစသည် ပြု၍ သုံးနိုင်၏။]

**အန္တရာယ်ကင်း အမျှဝေကြီး ကား...**

'ငါတို့သည် ပြုအပ်ကုန်ပြီးသော ကုသိုလ်ကောင်းမှုအဖို့ကို ဤအရပ်တို့၌ လည်းကောင်း ခပ်သိမ်းသော အရပ်ဆယ်မျက်နှာတို့၌ လည်းကောင်း တည်ရှိတော်မူကြကုန်သော ခပ်သိမ်းသော အရိုးဓာတ် အစောင့်အရှောက် သူတော်ကောင်း အစရှိကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အား အထူးသဖြင့် အမျှ ပေးဝေပါကုန်၏။

ကျွန်ုပ်တို့နှင့်အတူတကွ အမျှကြ၍ ချမ်းသာကြသည် ဖြစ်စေသော် အကျွန်ုပ်တို့ အားလည်း အထူးသဖြင့် စောင့်ကြည့်ရှု ခွင့်ပြု နည်းပေးတော်မူကြစေကုန်သတည်း'

ဤအန္တရာယ်ကင်း အမျှဝေကြီးကို လည်း ဘုရားရှိခိုးပြီးစ၊ ဒါန,သီလ, ပုတီးစိပ်, ဘာဝနာများကို အားထုတ်ပြီးစတို့မှာ ခနစဉ်လည်း အမျှဝေကြ၊ ခရီးသွားလိုသောအခါ ရောင်းဝယ်သမှု ပြုလိုသော ကိစ္စကြီးငယ်ကို ပြုလိုသော အခါ ဘေးရန်အန္တရာယ်တို့နှင့် ကြောင့်ကြမကင်း ရှိသောအခါတို့မှာ ရှေးက အန္တရာယ်ကင်းကြီးနှင့် ဤအမျှဝေကြီးတို့ကို အနည်းဆုံး(၃)ခေါက်၊ (၇)ခေါက်စီ ရွတ်ကြမူ အထူးအန္တရာယ် ကင်းနိုင်၏။

ဘိလူးကြီးကိုယ်တိုင် သူငယ်ကလေးခြေကို ကိုင်၍ ဆွဲလာသောအခါ ရွတ်လိုသောစိတ် အထူးမပါဘဲ ယောင်ယမ်းကာ ရွတ်ဆိုမိရုံမျှဖြင့် ယင်းအန္တရာယ်ကင်းရုံမက မင်းကြီးများသာ သုံးဆောင်ရသော စားသောက်ဖွယ် အပြီးနှင့် ရွှေခွက်ကြီးကိုတောင် အ… ဖော်ခံရသော အန္တရာယ်ကင်းကြီးကား **"နမော ဗုဒ္ဓါယ"** ပေတည်း။

ဗုဒ္ဓါယ– သက်တော်ထင်ရှား… အလုံးစုံကို အကုန်သိတော်မူ… သော မြတ်စွာဘုရားအား **နမော–** ရှိခိုးပါ၏။

ဤ ပါဠိမြန်မာ(၂)ဘာသာ… နေ့စဉ်လည်း ဘုရားရှိခိုးကြ၊ အနည်း… ဆုံး ဆယ်ခေါက်စီလည်း ရွတ်… တကာစီ ကလေးများကိုလည်း … ကိုရအောင် ချပေးကြလေ သူ… ကောင်းတွေတို့...။

**အန္တရာယ်ကင်းထေရာကြီးမြို…**

**ဂုဏ်ပြုရေးသားမှုတော်…**

**မောင်ဝင်းဆို(ရှင်းတွင်းရွာ)**

**ကိုးကားချက်**

၁။ ၁၂၉၉ ခုနှစ်၊ ကပ်ကျော် "… အကွာရာဖျည်းစပုံတော် (ရှေး… ကြီးဦးခန့်၏ အန္တရာယ် အ… အကာ) (ပုံတော်)။

၂။ "မေတ္တာအဘိဓာယသုတ် ကျ… (ကျမ်းငယ်) [ကျေးစုရွှင် မိုး… ဆရာတော်ကြီး။ ၁၃၁၉ … တပေါင်းလ၊ စာမျက်နှာ(၂၀–…

**စာရှုသူ သူတော်၊ ပညာရှင်များသို့...**

ယခုဆောင်းပါးပါ ၁၂၉၉ ခုနှစ် ကပ်ကျော် ဗုဒ္ဓအကွရာ ဖျည်းစပုံတော် **ရေးဆွဲနည်းအဆင့်ဆင့်**ကို သိရှိ… ပညာရှင်များမှ **အစီအရင်ရေးဆွဲနည်းအပြည့်အစုံ(အင်းသွားနည်းများမှစ၍)**ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ရေး… ပေးပို့ပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း
စာတည်းမှူး
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ထံသို့ ဗေဒင်လာ၍ မေးကြသူတွေထဲတွင် ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးနှင့် စီးပွားရေး၊ အလုပ်အကိုင် စသည့် အမေးမျိုးပေါင်းစုံနှင့် လူမျိုးပေါင်းစုံအောင် လာရောက်ပြီး မေးမြန်းကြ၏။

မေးလာသူတို့၏ ဇာတာကိုင်ပြီး၊ သူနှင့် ဆိုင်ရာ ဆိုင်ရာ မေးခွန်းတို့ကို စိတ်ကျေနပ်မှုရှိအောင် ပါးစပ်အမြှုပ် ထွက်လုမတတ် ပြောဟောနေရ၏။

အမှန်မှာတော့ စာရေးသူသည် စကားပြောပျင်းသူ၊ နှုတ်နည်းသူ ဖြစ်သဖြင့် ထိုသို့ မဟောချင် မပြောချင်ပေ၊ ဟောစာတမ်း စီကာပတ်ကုံးရေးကာ ဟောချင်ပြောချင်၏။ စာရေးရန် ဝါသနာပါ၍ ပါးစပ်ပြောပျင်းသူကိုး…

သို့သော်လည်း၊ စာရေးသူတို့၏ အညာအရပ်ဒေသရိုက်ကို စာဖတ်သူသိသည့်အတိုင်း၊ ပါးစပ်နှင့် ပြောတာကို နားနှင့်တိုက်ရိုက်နားထောင်ရမှ စိတ်ကျေနပ် နှစ်သက်ကြသူတွေ မဟုတ်ပါလား…။

ထို့ကြောင့် စကားပြောပျင်းသူပီပီ စာရေးသူသည် ဗေဒင်ဟောခြင်း၊ ဇာတာဖွဲ့ခြင်းတို့ကို တစ်ခါတစ်ရံ၌ မျက်ချည်ပြတ်ကာ နယ်တကာ ခရီးထွက်ထွက်ပြီး ရေးစရာကုန်ကြမ်းရှာသည့်ရက်က များများလာ၏။

အိမ်ကပ်သည့် ရက်ကလေး၌သာ ဟောပြောပေး၍ စာပေဆောင်းပါး ရေးနေသည်က များပါသည်။

ငွေရလို့မှ လောဘတို့ကိုသတ်ကာ စီးပွားရေးလုပ်ငန်းတို့ကို မျက်ကွယ်ပြု၍ သက်ဆိုင်သူတို့နှင့် လွှဲထားပြီး စာလေးရေးလိုက်၊ ဗေဒင်လေးဟောလိုက်နှင့် ဘဝကို ဖြစ်သလို ရောင့်ရဲတင်းတိမ်၍ နေခဲ့၏။ ထို့ကြောင့်…

ကျွန်ုပ်နှင့် ဝါသနာတူသော ကျွန်ုပ်

# အလိုရှိ[illegible]

တွက်နည်း ဟောနည်း



ကောင်းဉာဏ် (သခွတ်မြေ)
ဝတ်လတ်

လိုနေသော ကိုကိုအောင်(မြကန်သာ)နှင့်သာ စာပေအကြောင်း ဆွေးနွေးရင်းတွဲနေသည်က များ၏။

ယခုတစ်ပတ်သည်း ရေးဖော်ရေးဖက် စာရေးဆရာ ကိုကိုအောင်(မြကန်သာ)၏ တောင်းဆိုမှုအရ "သင့်တော်မည့် အလုပ်အကိုင်အခွင့်အလမ်းအလွယ် တွက်နည်း"ကို ရှာဖွေ ရေးသားလိုက်ရပါသည်။

'ဒါမှ… သူ့တူ…တူမတွေအတွက် မကြာမကြာ တွက်ခိုင်းနေသည့် ချွတ္တနဲ့ လဲ ဝေးမည် မဟုတ်ပါလား'

'ကိုင်း… ကိုကိုအောင်ရေ ခင်ဗျား တူ့တူမတွေအတွက် ခင်ဗျားကိုယ်တိုင်ပဲ တွက်ကြည့်ပေတော့ဗျာ'

*　*　*

ယခုတွက်နည်းသည်…

၁။ သင်ဝါသနာပါ၍ လုပ်လိုသောအလုပ်

၂။ သင့်ကို အကျိုးပြုမည့်အလုပ်

ဟူ၍ နှစ်မျိုးရှိရာ သင်ဝါသနာပါသော လုပ်လိုသော အလုပ်တွက်နည်း မဟုတ်ပါ။ သင့်ကို အကျိုးပေးမည့် အလုပ်တွက်နည်း သက်သက်သာ ဖြစ်ပါသည်။

## သင့်ကိုအကျိုးပေးမည့် အလုပ်တွက်နည်း

တွက်လိုသူ၏ မွေးဖွားသည့် ကောဇာသက္ကရာဇ်နှင့် မွေးနံကိုသိလျှင် တွက်၍ ရပါသည်။ တွက်လိုသူသည် အောက်ပါလင်္ကာလေးကို မှတ်ထားပါ။ အလွတ်ရအောင် ကျက်ထားပါ။

'မင်း၊ ကုန်၊ ဖတ်၊ ဒွေ၊ လက်၊ ရှုန်း၊ ဒွေ'

ဟူ၍ ဖြစ်ပါသည်။

ထိုလင်္ကာ အဓိပ္ပာယ်အဟောကို လက်တွေ့တွက်ပြပြီးမှ အကျယ်ရေးပြပါမည်။

ထိုလင်္ကာရပြီးပြီဆိုလျှင် တွက်နည်းကိုရေးပြပါမည်။ လွယ်လွယ်လေးပါ။

**တွက်လိုသူ၏ မွေးသောခုနှစ်သက္ကရာဇ်ကို စည်းပြီး (၇)နှင့် စားပါ။ အကြွင်းကောန်ကိုယူ၍ အထက်တွင်ပြခဲ့သော လင်္ကာအတိုင်း (မင်း)မှစ၍ ရေ၍ အကြွင်းရောက်သည့် ဗျည်းအက္ခရာ ကျရောက်ရာအိမ်ကိုကြည့်ပြီး အဟောကိုဖတ် ရှုပါမည်။**

လက်တွေ့ ဥပမာတွက်ပြပါမည်။

ဥပမာ ။ ၁၃၄၂ ခုနှစ်၊ မွေးသူ ၂၀တ သားကို တွက်ကြည့်မည် ဆိုပါစို့။

၁၃၄၂ ÷ ၇ = ၅-၇ ကြွင်းပါသည်။

(၀)သုညကြွင်းလျှင် (၇)ဝနေဟု ယူပါသည်။ ထိုအကြွင်း(၅)ကိုယူ၍ မင်းမှစရေရာ အောက်ပါဇယားအတိုင်း ရပါသည်။


စာမျက်နှာ (၂၅) သို့

www.burmeseclassic.com

www.burmeseclassic.com

ထိရောက်အောင်မြင်စေမည့်

# ဓာတ်လုံးမီးတက်နည်းများ

ချောင်းသန့် (ပုသိမ်ကြီး)



အင်္ဂလိပ်ဆိုသော စကားအဓိပ္ပာယ်မှာ "မီးဖြင့်ဆောင်ရွက်ရသည့်အတတ်ပညာ" ဟု ဆိုထားခြင်း ဖြစ်ပါသည်။

မိမိဓာတ်လုံး တစ်မျိုးမျိုးကို မီးဖြင့် အဆင့်ဆင့် ရှင်မာပြောင်းလဲစေပြီး ဓာတ်နုအဝမှ ဓာတ်ရင့်အဝ၊ ထက်သက်ရောက်အဝသို့ပြောင်းလဲအောင် ဆောင်ရွက်လုပ်ကိုင်ရသည်။

နောက်ဆုံးတွင် ဓာတ်လုံးက ဓာတ် (၉) ပါးလုံးကို ပြာရိုက်လာနိုင်ပါသည်။ ဤသို့ ပြာရိုက်နိုင်က ဓောာ်၊ သံ၊ ရွှေ သတ္တုများကို ပြာရိုက်၍ ထိုပြာသုံးမျိုးအား မီးဖြင့် (၁၂) ဆင့် ထပ်မံပုတ်ပြီး ရရှိလာသည့် (၁၂) ဆင့်ပြာနုများကို ပျားရည်တစ်ပိဿာတွင် တစ်ရွေးခန့် ထည့်ပြီး သုံးဆောင်သွားပါက အသက်ရှည်ပြီး ထွက်ရပ်ပေါက်အဆင့်သို့ ရောက်ရှိနိုင်ကြောင်း အင်္ဂလိပ်ဆိုင်ရာ ကျမ်းအသီးသီးက ပြဆိုထားကြပါသည်။

အထူးသဖြင့် ပြဒါးအခြေခံဓာတ်လုံးအား မီးအဆင့်ဆင့် တက်ရောက်နိုင်ရန် အတွေ့အကြုံနှင့် အသိအမြင်များစွာ လိုအပ်ပါသည်။ စာတွေ့လက်တွေ့ နှစ်ပါးလုံး ညီညွတ်မျှတနေရန် အရေးကြီးသည်။

မိမိဓာတ်ကြီး စတည်ခါစတွင် မီးနုဖြစ်သောမီးလျှံမီးဖြင့်လေဖို(သို့မဟုတ်)ဆွဲဖိုမှာထည့်၍ ထိုးရမည်။ တဖြည်းဖြည်းနှင့် ဓာတ်လုံးအခြေအနေ ရင့်လာချိန်တွင်မှ နွတ်ခမ်းတိုက်မီးကို အသုံးပြုရပါသည်။

ဓာတ်လုံး ပထမစိုက်ချိန်တွင်မှ ခါးတိုက်မီးဖြင့် အဆင့်ဆင့် တက်ရပါသည်။ မည်သည့်ဆင့်ကိုမျှ ဓာတ်လုံးဖင်တိုက်မီး မထိုးသင့်ပါ။ ပြဒါးအရွေ့ကို ဖမ်း၍ အစိုင်အခဲအဝသို့ ရောက်အောင် ထိန်းချုပ်ထားသည့် မီးလျှံမီးနှင့် နွတ်ခမ်းတိုက်မီးကိုသာ အကြိမ်များစွာအသုံးပြု၍ မီးထိုးခံပြဒါးဓာတ်လုံးအဆင့်ရောက်ပြီဆိုမှ ခါးတိုက်မီးကို အသုံးပြုရမည် ဖြစ်ပါသည်။

ဤသို့ ဓာတ်လုံးကို တစ်လုံးပြီး တစ်လုံး ထိုးရင်းဖြင့် မီးထိုးခံအဝရောက်လာမှသာ ချော်တစ်လုံး နှစ်ရသည်။ ချော်ဖြင့်ထိုးခြင်းအားဖြင့် ပြဒါးနှင့် ပေါင်းစပ်နေသော ဓာတ်ပေါင်းများ ပိုမို ပေါင်းစပ်မှုအားကောင်းလာပြီး ဓာတ်လုံး၏ အညစ်အကြေးများ ချော်ထဲသို့ ပျော်ဝင်လာကြကာ ဓာတ်လုံးကို ပိုမိုချောမွေ့လာစေပါသည်။

ဓာတ်လုံး ဝင်ကြွယ်လာစေရန် အတွက် အခြောက်ခွဲနှစ်လုံး ချော်တစ် လုံးနှုန်း ထိုးသွားရသည်။ လုံပေါင်း (၆၃) လုံးထိုးပြီးပြီဆိုက ဝက်ဆီ၊ ဆော ပတီ၊ ပျားရည်တို့တွင် ခံရည်လောင်း ရသည်။ ဤတွင် (၆၄) လုံးသို့ ရောက်ပြီ ဖြစ်ပါသည်။

ခံရည်လောင်းရာတွင် ကျွမ်းကျင်မှု ရှိဖို့ လိုပါသည်။ မကျွမ်းကျင်ပါက ဓာတ်လုံးမှ ဓာတ်သားများ အလေ အလွင့် ဖြစ်စေနိုင်သည်။ ဓာတ်လုံး လုံခြောက်ထိုးရာတွင် လုံခြောက် မကျွတ်သေးပါက ခံရည်မလောင်းသင့် သေးပါ။ ထိုအဆင့်တွင် ခံရည်လောင်း လိုက်မိပါက ဓာတ်များ အငွေ့ပုံထွက်၍ လျော့ခြင်း၊ ဓာတ်နုများ ရှိုင်းပုံသင့် အဖြူရောင် ရွှေစက်များထွက်၍ အဖြူငွေ့များဖြစ်ပေါ်ကာ ဓာတ်များ လေလွင့်စေတတ်ပါသည်။

ဓာတ်လုံး လုံခြောက်ကျွတ်၍ ရောက်သည့်အခါတွင်မှ ခံရည်လောင်း မည်ဆိုပါကဓာတ်လုံးအတွင်းရှိအညစ် အကြေးများ အထူးသန့်စင်သွား၍ အရောင်တောက်ပလာပြီး သိဒ္ဓိများ ဝင်ရောက်လာနိုင်သည်ဟု ဆရာကြီး များက လမ်းညွှန်ခဲ့ကြပါသည်။

ခံရည်လောင်းခြင်းကိုလည်း တစ် ဆက်တည်း ကြိမ်ဖန်များစွာ မလောင်း သင့်ပါ။ မိမိဓာတ်လုံးအား အခြောက် (၅) လုံး၊ ချော် (၁) လုံးနှုန်းဖြင့် (၈) ကြိမ် ထိုးအပြီး (၆၃) လုံးသို့ရောက်ရှိသော မီးဖြင့်ထိုးပြီးချိန်တွင် တစ်ကြိမ် ခံရည် လောင်းရသည်။

ဤနှုန်းထားအတိုင်း (၆၃) ... အကြိမ်ပေါင်း (၄) ကြိမ် မီးဖြင့် ထိုး ပါက လုံပေါင်း (၂၅၆) လုံ ထိုးပြီး ဖြစ်ပါသည်။ ဤအဆင့်တွင် ဓာတ်လုံး ၏ အစွမ်းသိဒ္ဓိများ ပြည့်ဝ...

www.burmeseclassic.com

ညည့်ဖြစ်ကြောင်း ပညာရှင်ကြီးများက မိန့်ကြားခဲ့ကြပါသည်။

ဤတွင် တစ်လုံးဆိုသောစကားနှင့် တစ်မီးဆိုသော သတ်မှတ်ချက်များကို ရှင်းလင်းစွာ သဘောပေါက်ထားဖို့ အရေးကြီးသည်။ အဋ္ဌိရတ်ကျမ်းများ အဆိုအရ မိမိ၏ ပြဒါးခတ်လုံး (ရှစ်ပါးခတ်လုံး)ကို နံနက်(၆)နာရီ နေထွက်ချိန်မှစ၍ ညနေ(၆)နာရီ နေဝင်ချိန်အထိ မီးဖြင့်ထိုးပါက တစ်မီး ရသည်ဟု သတ်မှတ်ပါသည်။

တစ်နည်းဆိုရသော် လုံအသစ်တစ်လုံးထဲတွင် မိမိခတ်လုံးကို ထည့်သွင်းပြီး နံနက်(၆)နာရီမှ ညနေ(၆)နာရီ အထိထိုးပါက တစ်လုံးပြီးသည်ဟု ဆိုပါသည်။

ယင်းသို့ မီးထဲတွင် တစ်နေ့လျှင် (၁၂)နာရီမျှ ကြာမြင့်အောင်ထား၍ မီးပေးဆောင်ရွက်မည်ဆိုပါက တစ်ဆက်တည်းထိုး၍ လုံမခံနိုင်ပါ။

နာရီတက်သို့ပြီးချိန်တွင် နာရီတက် နာခြင်း တစ်နာရီခွဲခြင်းသို့ရှိတစ်နာရီခွဲ ရှင်သောတောမီးနှင်းထားခြင်းမျိုး မှလိုက် ထားလိုက် (သို့မဟုတ်) ခတ်အပျော်အောင် ထိုးလိုက်၊ ပျော်နေသောခတ်ကို အခဲဘဝ ရောက်သွားအောင် မီးထဲမှာပင် အေးအေး ထားလိုက်နည်းဖြင့် ဆောင်ရွက်သွားနိုင်မှ သာ ခတ်အနာကျွန်းမီးထဲမှာ ထားအောင်လည်း လုံမှာ ခံနိုင်ရည်ရှိမည် ဖြစ်ပါသည်။

ဤနေရာမှာ သိမ်မွေ့သွင်းရာလည်း ရောက်သည်ဟု ဆိုပါသည်။ ကမ္ဘာကြီး၏ သဘာဝနိယာမအရ နေ့အချိန်မှာ နေမင်း၏ အပူချိန်ကိုရရှိပြီး ညအချိန်မှာ နေမင်းပျောက်ကွယ်ကာ အအေးဓာတ်ကို ရရှိကြောင်း တွေ့ရပါသည်။

ဤနည်းအားဖြင့် သဘာဝ အလျောက် နဝရတ်(၉)ပါးခတ်များ၊ ရတနာများ ဖြစ်ပေါ်လာကြောင်း ကြံဆ သိမြင်နိုင်ပါသည်။ ခတ်လုံး မီးပေးရာ တွင်လည်း အရည်ပျော်အောင် ဖိုဆွဲ လိုက်၊ အရည်ပျော်ချိန်တွင် ဖိုကို ရပ်နားထား၍ အခဲဘဝသို့ ကူးပြောင်း စေလိုက်ဖြင့် အကြိမ်ကြိမ် ဆောင်ရွက် သွားပါက ခတ်၏ သဘောသား ရင့် ကျက်လာပြီး သိမ္မီ(၁၀)ပါး ပေါက် မြောက်သည့် ခတ်လုံးဘဝသို့ တဖြည်းဖြည်း ကူးပြောင်း ရောက်ရှိလာ မည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

သို့ဖြစ်ပါ၍ အဋ္ဌိရတ်ဝါသနာရှင်များ နှင့် အဋ္ဌိရတ်ပညာ လေ့လာနေကြသူ များအနေနှင့် မိမိဆောင်ရွက်နေသော ပြဒါးခတ်လုံး (ရှစ်ပါးခတ်လုံး)အား ဖော်ပြပါ ခတ်လုံးမီးတက်စဉ် နည်း လမ်းများအတိုင်း စနစ်တကျ တက်လုပ်ဆောင်ရွက်မည် ဆိုပါက ပေါက်မြောက်အောင်မြင်သောခတ်လုံး၊ သိမ္မီမြောက် ခတ်လုံးများ အမြန်ဆုံး ရရှိလာနိုင်မည်ဖြစ်ပါကြောင်း စေတနာ ကောင်းဖြင့် ဖော်ပြရေးသားလိုက်ပါ သည်။

**အောင်သန့် (မုသိမ်ကြီး)**

**စာမျက်နှာ (၂၁၃)မှ အဆက်**

* * *

၁၃၄၂ ခုနှစ် ၂ဝါသသားအား နမ္မာ တွက်ကြည့်ရာ ထိုသူ၏ အကြွင်းသည် (၅)ဖြစ်၍ (မင်း)မှ စရေရာ မွေးနံ ၂ဝါ သည်(သက်)ဌာနသို့ ရှိပါသည်။ ထို့ကြောင့် ထိုသူကို သက်ဟူသော အဟောအတိုင်း ဟောရပါမည်။

ဟောနည်းလက်ာအကျယ်

(မင်း)-ဌာန၌ မွေးနံရှိလျှင် ရဟန်း၊ သံဃာ၊ တရားဟောခြင်း၊ အုပ်ချုပ်သူ၊ အိုးရဝန်ထမ်း၊ ကုမ္ပဏီအကြီးအကဲ။

(ကုန်)-ဌာန၌ မွေးနံရှိလျှင် ကုမ္ပဏီ၊ စတိုးဆိုင်၊ အရောင်းအဝယ် ပွဲစား၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်း။

(ဆတ်)-ဌာန၌ မွေးနံရှိလျှင် ဝန်ကြီး၊ အမတ်၊ ရှေ့နေ၊ ဗေဒင်ဆရာ၊ အကြံ

| လဂ်ာ | မင်း | ကုန် | ဆတ် | ဓွေ | သက် | ရွှန်း | ဓွေး |
| --- | --- | --- | --- | --- | --- | --- | --- |
| အကြွင်းဂဏန်း | ၅ | ၆ | ၀ | ၀ | ၂* | ၃ | ၄ |

**၁၃၄၂ ခုနှစ် ၂ဝါသား တွက်ပြထားပုံ**

ပေးအရာရှိ အတိုင်ပင်ခံ၊ စကားပြော ကောင်းသူ။

(ဓွေ)-ဌာန၌ မွေးနံရှိလျှင် ဘဏ် လုပ်ငန်း၊ ငွေချေးလုပ်ငန်း၊ ခွန်စားခဲ့သူ၊ ချမ်းသာသူ၊ ငွေတိုးပေးစားသူ။

(သက်)-ဌာန၌ မွေးနံရှိလျှင် ဆောက်လုပ်ရေးလုပ်ငန်း၊ တီထွင်မှု လုပ်ငန်း၊ စက်ရုံ အလုပ်ရုံလုပ်ငန်း၊ ရွှေပန်းထိမ်လုပ်ငန်း၊ ပန်းချီပန်းပု အနုပညာလုပ်ငန်း။

(ရွှန်း)-ဌာန၌ မွေးနံရှိလျှင် လက် သမားလုပ်ငန်း၊ ခွန်အားစိုက်ရသော လုပ်ငန်း၊ ကုန်တင်ကုန်ချလုပ်ငန်း။

(ဓွေး)-ဌာန၌ မွေးနံရှိလျှင် မည် သည့်အလုပ်မဆို ပုံမှန်မထားဘဲ အလုပ်စုံအောင် လုပ်ကိုင်ရတတ်သူ ဖြစ်မည်။

အထက်ပါ တွက်နည်း၊ ဟောနည်း တို့သည် အလွယ်တွက်၍ အလွယ်သိရ သောနည်း ဖြစ်ပါသည်။

* * *

သူနက္ခတ္တ ကောင်းသော နက္ခတ်နှင့် ကြုံ၍ ကောင်းကျိုးသုခ ရရှိနိုင်ကြပါစေ။

ကောင်းမြန့် (အရှတ်ချေ)
ဝက်သက်



www.burmeseclassic.com

www.burmeseclassic.com




◆ သင်္ဘောသီးအမြှုတေ(ကျောက်)

ဆောင်းပါး

# သင်္ဘောသီး အမြှုတေ

နှင်း သူ့အိမ်အရှင်

'ဆရာတော်ဘုရား... သင်္ဘောသီး ထဲက သင်္ဘောသီးသေးသေးတစ်လုံး တွေ့ရှိရပါတယ် ဘုရား'

'အဲဒါ သင်္ဘောသီးအမြှုတေ ခေါ်သကွယ့်'

'သင်္ဘောသီးအမှည့်ထဲက ရပေမယ့် ဒါက မမှည့်မပျော်ဘဲ မြဖြူမာမာ လေး ဖြစ်နေတယ်ဘုရား'

'ဟဲ့...အမြှုတေဆိုတာ ပယောဂတတ် အကောင်းလွန်ကဲလို့ ဖြစ်ရတာပဲ မာမှာ ပေါ့'

'တင်ပါ့... အဲဒါ ဘယ်လို အသုံး ဝင်ပါသလဲ အရှင်ဘုရား'

'သင်္ဘောပင်ဆိုတာ လေထဲက မြွေဆိပ်တွေကို စုပ်ယူ သိုလှောင်ထားနိုင်တဲ့သဘောရှိတယ်။ ဒါကြောင့် ရှေးဆိုးရိုးရာတွေက သင်္ဘော ပင် သင်္ဘောသီးကို မြွေကာပင် မြွေကာ သီးတဲ့ မြွေကာပင် မြွေကာသီးလို့ ခေါ်ကြတယ်။ အမှန်တကယ်လဲ ရှိပါတယ်။ သင်္ဘောပင်ကို အထူးဖြစ် အရင်းပိုင်း အမြစ်အုံပတ်လည်ကို ရေနံချေးသုတ်ထား တဲ့ အသင်းပတ်ပြီး ဖောက်ထိုးထား မိရှိုင် သင်္ဘောပင်အမှုးကနေ မြွေတွေ ထွက်ကျ လာတယ်။

မြေအိုးနဲ့ ခံထားရတယ်။ အညာရှည်ရှည် အသီးလေးတွေ သီးတတ်တဲ့ သင်္ဘောအို ပင်က မြွေ ပိုရတတ်တယ်။ ဒါကြောင့် မြွေကာသီး မြွေကာသီးလို့ ခေါ်ကြတာ ပိုပြီး မှန်တာပေါ့'

ဆရာတော်ကြီးက ရေအင်(မောင်း တောင်ချိုင့်)အတွင်းမှ **ဆုန်းနှီးဆီ (ဆုန်းသီးမြစ်ကို အရည်ညှစ်ယူ၍ မီး ဖြင့် ကျိုထားသောအရည်)** တစ်ပန်းကန် ကို ငှဲ့ယူ ဘုဥ်းပေးတော်မူသည်။ ယင်း နောက် တစ်လုံးစိမ်ထားသော ရေနွေး ကြမ်းတစ်ခွက်ကို ထပ်မံ ဘုဥ်းပေးပြီး မှ...

'သင်္ဘောသီး အမြှုတေကို ဆေးကြော သန့်စင်ပြီး ဘုရားမှာ ကပ်လှူ ကိုယ်တိုင်လဲ ရေချိုးသန့်စင်ပြီး သီလယူ ဘုရားပူဇော်ပေါ့။ "ဗုဒ္ဓသ လောကမေ့ပွတိ စိတ္တံ့ယသ နကမ္မတိ အသောကံ ဝိရဇံ ခေမံ" ဆိုပြီး ကိုးခေါက် ရွတ်ဖတ် သရဇ္ဈာယ်။ ဦးခိုက်ပြီး ရွတ်လို့လဲ ရတယ်။

နောက်နေ့ကျတော့ သင်္ဘောသီးအမြှုတေ

www.burmeseclassic.com




◆ သဘော်သီးအမြုတေ(ဝင်းတောက်)

က မှည့်ပေးပုပ်စပြုလာပြီ အဲဒီအခါ ရွှန်းယူပြီး အိမ် ခြံဝင်းထဲမှာ မြှုပ်ထားလိုက်။ တစ်ပြန် ကင်းစေသကွယ်။ ကာထားတဲ့ ပြဒါးနဲ့တစ်မြူ ကင်းကင်းဆောင်ပြီး ကာကွယ်ပေးတယ်။

သဘော်သီးအမြုတေ အသုံးဝင်ပုံ က အနူ အကြွမ်း ဝီယ၊ နေ စုံလို့ပေါ့ ကွယ်။ လွယ်လွယ်ကူကူနဲ့ အပြစ်ကင်း ကင်း၊ သန့်ရှင်းတာလေးတွေလောက် ပြောပြတာကွယ့်။

နောက်ပြီး ဘဝအမူအပင် လောဘ၊ ဒေါသ၊ သောကမီးတွေ ငြိမ်းအောင်လဲ လုပ်နိုင်သေးတယ်။ သဘော်သီး အမြုတေကို ဖန်ခွက်ထဲထည့် သပြေနဲ့ အတူ ဘုရားကပ်လှူ။ (၁၁)မိနစ်ငြိမ်းပြီး ဘဝအေးချမ်းမယ်။

အဂ္ဂိရတ်မှာတော့ "စိန်"ကို မြွေ ကင်း စတဲ့ အဆိပ်ရှိသတ္တဝါရန် အကာ အကွယ်အတွက် အဆောင်အကာ ဓာတ်လုံးထိုး "တည်"တဲ့အခါ ထည့် သုံးရတယ်။ ဒီတစ်ခါရရင် ဘုန်းကြီးဆီ ယူလာခဲ့။ မြွေရန်အကာ စိန်ဓာတ်လုံး လုပ်ပေးမယ်'

ထိုအချိန်မှစ၍ သဘော်သီးခွဲလေ တိုင်း အမြုတေ တွေ့နိုးဖြင့် မျှော်ကိုးခဲ့ သည်မှာ ဆယ်နှစ်ကျော်သွားလေ သည်။

၂၀၁၅ ခုနှစ် မိုးရာသီတစ်နေ့တွင် ဇနီး၏ ဒေါ်လေးထံမှ သဘော်သီး အမြုတေတစ်လုံးကို ရရှိ၏။ လုံးဝန်း သော ပုံသဏ္ဌာန် မဟုတ်ပါ။ ကြွေပုပ် ခရုကဲ့သို့ တစ်ဖက်ခုံး၍ တစ်ဖက်ချိုင့် နေသည်။ အဖြူညစ်ရောင် မာတင်း၍ အလျား နှစ်လက်မကျော်ခန့်ရှိ၏။

သဘော်သီးအမြုတေ ရလေပြီ။ ကော့ပေါက်ဆရာတော်ကြီးကား မရှိ တော့ပါ။ ဆရာတော်ကြီးနှင့်အတူ တွဲဖက်၍ အဂ္ဂိရတ်ပညာ လိုက်စားခဲ့ သော ဦးနာရဒ(မုံရွာဇောတိတစ်ထောင် တစ်ဆရာတော်)သည်လည်း ဆရာ တော်ကြီးနှင့် မရှေးမနှောင်း၌ ခန္ဓာဝန် ချပြီးလေပြီ။

သို့ဖြစ်လေရာ သဘော်သီး အမြုတေ အသုံးပြုပုံကို သိရှိသူများ ... တင်ပြပေးကြပါရန် မေတ္တာရပ် ... လျက် ဓာတ်ပုံမှတ်တမ်းပြု တင်ပြလို ... ပါသည်။

ကော့ပေါက် ဆရာတော်ကြီး ... သဘော်သီး အမြုတေ (၁၀)မိနစ်ငြိမ်း ... အစဉ်တွင် ဖန်ခွက်သည် ဂဗ္ဘ ... ဓာတ်မိတ်ဆောင်ကာ မူလ ... ဓာတ်လွှန်ကဲအားကောင်းနေမှုကို ... ဆောင်ထားခြင်းဖြစ်လျက် "သပြေ" မှာ "သဘော"နှင့် နံတူ ... အမြွတ်ဆောင်ထားခြင်း ဖြစ်သည် ... တွေးဆမိပါသည်။

ဤသဘော်သီးအမြုတေကို ... ပြီး၊ ကျွဲခြံရွာသစ်နေ ကျောင်း ... (ငြိမ်း)ဒေါ်နန်းခင်ချို၏ နေအိမ်ခြံ ... အတွင်း ပေါက်ရောက်နေ ... သဘော်ပင် အသီးမှ ရရှိခြင်း ... သည်။

ခင်ထွန်း





www.burmeseclassic.com

www.burmeseclassic.com

# ဘေးရန်ကင်းဆင်



## လူချစ်လူခင်ပေါများစေတဲ့ အဆောင်

ကောင်းမြင့်မြတ်ခိုင်

ကျွန်တော်ဟာ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ လလယ်လောက်က မိတ္ထီလာမြို့နယ်၊ ကုဠာကုန်းရွာကို ရောက်ခဲ့ပါတယ်။ ဂန္ဓာရပညာတွေ အလွန်စွမ်းတဲ့ ဆရာကြီးတစ်ယောက်အကြောင်းကို ကြားသိခဲ့ရပါတယ်။

ထူးဆန်းအံ့ဖွယ်ဂန္ဓာရ ပညာအစွမ်းတွေ လက်တွေ့ တတ်ရိုက်ဓာတ်ဆင် အောင်မြင်ပုံတွေကိုကြားသိခဲ့ရပါတယ်။

ကျွန်တော်ကတော့ ကံကောင်းတယ်လို့ ပြောရမလားပဲ။ အဲဒီဆရာကြီးရဲ့ တပည့်ရင်းတစ်ဦးနဲ့ မမျှော်လင့်ဘဲ ဆုံတွေ့ခဲ့ရလို့ပါ။ သူကတော့ ကုဠာကုန်းရွာက ကိုဇာနည်ဝင်း ဖြစ်ပါတယ်။

တကယ်တော့ သူနဲ့ကျွန်တော် သိကျွမ်းခင်မင်ခဲ့တာကတော့ ကြာပါပြီ။ အခုမှ ဒီရွာကို အလည်ရောက်တော့မှ ဂန္ဓာရပညာတွေအကြောင်း ပြောနေရင်းက သူ့ဆရာကြီးအကြောင်းကို ပြောပြခဲ့တာပါ။

ဒီနယ်တစ်ဝိုက်မှာတော့ အဲဒီဆရာကြီးကို "ဘူမကုန်းဆရာကြီး" ဆိုလို့ လူသိများ ထင်ရှားပါတယ်။

ကိုဇာနည်ဝင်းက သူ့ဆရာကြီးရဲ့ လက်တွေ့ပွဲတွေ အောင်မြင်ခဲ့တဲ့ ပညာခန်းတွေအကြောင်း ပြောပြပါတယ်။ အစီအရင်တွေ လုပ်တဲ့အခါများမှာလဲ ကိုဇာနည်ဝင်းကို ခိုင်းစေခဲ့ကြောင်း သိရပါတယ်။

ဒါကြောင့် ကိုဇာနည်ဝင်းဟာ ဒီအစီအရင်တွေ ပြုလုပ်ပုံကို ခရေစေ့တွင်းကျ ပြောပြတတ်ပါတယ်။

ကိုဇာနည်ဝင်းကိုယ်တိုင်လဲ ဒီလို ဂန္ဓာရပညာတွေကို စိတ်ဝင်တစား လိုက်စားသူဖြစ်ပါတယ်။ သူ့ရဲ့ ဆရာကြီးဟာ လူတိုင်းကို ပညာမပေးပါဘူး။ ကိုဇာနည်ဝင်းကိုလဲ ပညာကုန် မပေးပါဘူး။

တစ်နေ့တော့ ကိုဇာနည်ဝင်းဟာ သူ့ဆရာကြီးဆီက ပညာတစ်ခု တောင်းယူ ရရှိခဲ့ပါတယ်။ ဒီလိုပါ။

'ဆရာကြီး... ဆရာကြီးကလဲ အသက်ကြီးနေပြီ။ ဆရာကြီးနေတဲ့ ရွာကို ကျွန်တော်လဲ အလုပ်တစ်ဖက်နဲ့ဆိုတော့ အမြဲ မလာနိုင်ပါဘူး။ ဆရာကြီးဆီက ပညာတွေရနိုင်ဖို့က မလွယ်ပါဘူး။

ဒီနေ့တော့ ကျွန်တော် ဆရာကြီးကို တောင်းပန်ချင်ပါတယ်။ ကျွန်တော် တစ်သက်တာ အသုံးဝင်မယ့်အဆောင် တစ်ခုလောက်ပေးပါ ဆရာကြီး'

အဲဒီလို ကိုဇာနည်ဝင်းက တောင်းနေတော့ ဆရာကြီးဟာ ခဏ စဉ်းစားပြီး...

'ကဲ ကဲ မောင်ဇာနည်ဝင်း မင်းလဲ လိမ္မာရေးခြားရှိတဲ့ တပည့်ဆိုတော့ ဆရာကြီးပေးခဲ့မယ်။ မင်းဉာဏ်ရှိသလို သုံးပေတော့. မင်း "အမြစ်အညွှန့်" ဆိုတာ သိလား'

'သိပါတယ် ဆရာကြီး'

'အေး...မွေးနံရဲ့ အမြစ်အညွှန့် နံသင့်သစ်ပင်ရှာ၊ အဲဒီအပင်ရဲ့ အသားကို လက်ခလယ်ရဲ့ အလယ်ဆစ်နဲ့ တိုင်းဖြတ်ယူရမယ်။ တိုင်းတဲ့အခါ ပင်ဟာ အပြင်ရန်ကို နိုင်ချင်ရင် လက်ခလယ် အလယ်ဆစ်ရဲ့အပြင်ကတိုင်းရမယ်။

အဲဒီအသားကို သွားလေရာ အမြဲဆောင်ထား။ သွားလေရာ ရန်သူကင်းမယ်။ ရန်သူကင်းတော့ မိတ်ဆွေ ခင်မင်သူ ပေါတာပေါ့။ ခင်တဲ့မင်တဲ့သူပေါတော့ မင်း ဘာမဆို အောင်မြင်အောင် လုပ်နိုင်ပြီပေါ့ကွာ။ ငါပြောတာ ရှင်းရဲ့လား။

ရန်သူ ရှိနေပြီဆိုတော့ မင်း စိတ်မချမ်းသာတော့ဘူး။ ဘာလုပ်လုပ် အနှောင့်အယှက်ကြုံမယ်၊ ခက်ခဲမယ်ကွာ။ ရန်မရှိတော့ အကောင်းဆုံးပဲ။ လူတိုင်းနဲ့ အဆင်ပြေစေတဲ့ အဆောင်ပဲ။ မင်း အမြဲဆောင်ထား'

'ဟုတ်ကဲ့ ဆရာကြီး ရှင်းပါတယ်။ ကျေးဇူးကြီးလှပါတယ် ဆရာကြီး'

ကျွန်တော့်အား ကိုဇာနည်ဝင်းက ဒီအကြောင်းကို အလွန် ခင်မင်ရင်းနှီးသူမို့ ပြောပြလိုက်တာပါ။

စာရှုသူများကတော့ ဒီပညာခန်းကို ရုတ်တရက် နားလည်မှာ မဟုတ်ပါဘူး။ ဗေဒင်ပညာရှင်များနဲ့ ဗေဒင်လေ့လာလိုက်စားတဲ့ ဝါသနာရှင်များကတော့အမိုက်ပြရင်အကောင်းထင်မှာပါ။

စာဖတ်သူ အများစုအတွက် ကျွန်တော် ရှင်းပြပါမယ်။

အမြစ်အညွှန့်ဆိုတာကတော့ မွေးနံရဲ့ ခုနစ်ခုမြောက်နဲ့ မွေးနံရဲ့ နှစ်ခုမြောက်ကို ပြောတာပါ။ ဥပမာ...

**တနင်္ဂနွေနံရဲ့ ခုနစ်ခုမြောက်ဟာ စနေဖြစ်ပါတယ်။ "အမြစ်ကြိုဟ်" ပါ။**

**တနင်္ဂနွေနံရဲ့ နှစ်ခုမြောက်ဟာ တနင်္လာဖြစ်ပါတယ်။ "အညွှန့်ကြိုဟ်" ပါ။**



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် **တနင်္ဂနွေရဲ့ အမြစ်အညွန့်ဆိုတာ** စနေအစ တနင်္လာ အဆုံးရှိတဲ့ နံသင့်သစ်ပင် ဖြစ်ပါတယ်။

ဥပမာ– **ထောက်ကြံ့**




မှတ်ရလွယ်အောင် အမြစ်အညွန့် နံသင့်သစ်ပင်များကို ဇယားနဲ့ ဖော်ပြပေးလိုက်ပါတယ်။

* * *

| နေ့သားသမီး | အမြစ် | အညွန့် | နံသင့်သစ်ပင် |
|---|---|---|---|
| ၁နွေ | စနေ | ၂လာ | ထောက်ကြံ့ |
| ၂လာ | ၁နွေ | ၃ဂါ | ဩဇာ |
| ၃ဂါ | ၂လာ | ၄ဟူး | သရေ |
| ၄ဟူး | ၃ဂါ | ၅တေး | စိန်ပန်း၊ စံပယ် |
| ၅တေး | ၄ဟူး | ၆ကြာ | လသာ၊ ဆောက်သေ |
| ၆ကြာ | ၅တေး | စနေ | ပိတောက်၊ ဗဒံ |
| စနေ | ၆ကြာ | ၁နွေ | သစ်အယ် |

လက်ဝလယ်ကို တိုင်းယူပုံကတော့ မိမိရဲ့ ညာဘက် လက်ခလယ်လက်ချောင်းကို ကွေးလိုက်ပါ။ ဒီအခါမှာလက်ခလယ်အလယ်ဆစ်ကို အတိအကျ တိုင်းယူနိုင်ပါတယ်။

တနင်္ဂနွေသားသမီးဆိုပါက ထောက်ကြံ့ကိုင်း တစ်ကိုင်းကို မိမိရဲ့ လက်ခလယ် အလယ်ဆစ်နဲ့ တိုင်းဖြတ်ယူရပါမယ်။ အတိအကျ တိုင်းဖြတ်လို့ရတဲ့ အမြစ်အညွန့် နံသင့်သစ်သားကို သွားလေရာ ဆောင်လို့ ရပါပြီ။

လက်ခလယ်ရဲ့ ဂုဏ်ရအစွမ်းကို ကျွန်တော်တို့ မြန်မာတိုင်းရင်းသားတွေ တန်ဖိုးထားကြပါတယ်။ သေးထား သေးချော်တာတောင် လက်ခလယ်နဲ့ပဲ သေးထားကြ သေးဖော်ကြတယ်။

ပိုပြီး စွမ်းရည်ရှင်တော့ မေတ္တာဓာတ်ကို စွမ်းနိုင်သမျှ ရွတ်ပြီး သိဒ္ဓိတင်သင့်ပါတယ်။ ဒါဆိုရင်တော့ ညာဏ်ရှိသလောက် ခုံခွင်နိုင်ပါတယ်။

နေ့ကောင်းရက်မြတ် ရွေးချယ်ချင်ရင်တော့ **အမြိတ္တရက်မြတ်ရက်ကို** ရွေးပါ။ မြန်မာပြက္ခဒိန်တွေမှာ ရှာရင် အလွယ်ရှာတွေ့နိုင်ပါတယ်။

ကျွန်တော်တို့ဟာ မိသားစုဘဝတွေ စားဝတ်နေရေး အဆင်ပြေဖို့ ကြီးပွားတိုးတက်ဖို့ လုပ်နေကြရာမှာ အပြင်လောကအပြင်ကမ်ဘ်ခွေတွေ လူတွေနဲ့ ဆက်ဆံ လုပ်ကိုင်နေကြရတာပါ။

ဒီလို ဆက်ဆံတဲ့အခါ အဆင်မပြေမှုတွေ၊ ရန်လိုမှုတွေ၊ ပြိုင်ဆိုင်မှုတွေ၊ မနာလိုမှုတွေ အထွေထွေ တွေ့ကြုံနေရပါတယ်။ ဒီလို အပြင်ရန်သူတွေ ကာကွယ်တားဆီးဖို့ လူချစ်လူခင်များဖို့ အတွက် "**အမြစ်အညွန့် အဆောင်**" စီရင်ပုံတွေကို ဖြူစင်စေတနာနဲ့ ဖော်ထုတ်ပေးလိုက်ပါတယ်။

**ကောင်းမြင့်မြတ်စိန်**

**စာမျက်နှာ (၂၂၁)မှ အဆက်**

လက္ခဏာဗေဒ အဖြေများ

၁။ ဘာသာရေး ကိုင်းရှိုင်းသောစရိုက်ရှိသူ ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော်...

လက်ချောင်း (၅)ချောင်းအနက် လက်မ၊ လက်ညှိုး၊ လက်သူကြွယ်၊ လက်သန်းတို့၏ထိပ်များမှာ ခရုပတ်ပွေ့ရှိသော်လည်း လက်ခလယ်လက်ချောင်း တစ်ချောင်းတည်းမှာသာ လက်ထိပ်များတွင် ကြိုးခွေ ရှိခြင်းကြောင့် ဖြစ်သည်။

* * *




၂။ ကိုယ်ပိုင် အိုးအိမ် ထိုက်သော မြေ ပိုင်ဆိုင် မြည့်ရှိပါမည်။

အဘယ်ကြောင့်ဆိုသော်...

နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းကြား စတုဂံလွင်ပြင်မှာ ဗိမာန် သင်္ကေတ မင်္ဂလာအမြဲအရှိခြင်းကြောင့် ဖြစ်ပါသည်။

* * *




၃။ မြည့်စမှာ နေထိုင် လုပ်ကိုင်ပါမည်။

အဘယ် ကြောင့်ဆိုသော်...

အသက် လမ်းကြောင်း အောက်ခြေမှ လက်ဖနောင့်ဖို တွင် မှေးမှိန်ပြီး ကံလမ်းကြောင်း အောက်ခြေက ပိုမို ရှည်လျား ထင်ရှားသောကြောင့်၌ ဖြည့်စနှင့်ဆိုင်သော တနယ်ခရီးစဉ် အကျိုးရောက်ရှိနေခြင်းကြောင့်ဖြစ်ပါသည်။

* * *




မှတ်ချက်

အထက်ပါလက္ခဏာရှင် အမျိုးသား ယခုအခါ အမေရိကန်နိုင်ငံသို့ သွားရောက် လုပ်ကိုင်နေပြီ ဖြစ်ပါသည်။

(လက္ခဏာပညာရှင် တို့မှ အကြမ်း)

အောင်မြင်ကျော်ကြား ရှမ်းသော ပြီး အောင်...

ဆရာကြီး ဦးအောင်မြိုင်
(ဥပစေတွဲ)
လက္ခဏာဗေဒင်ပညာရှင်



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာ ပဟေဠိ

## အဖြေညှိကြစို့

ဆရာကြီးဦးကျော်မြိုင်
(ဥပဒေဝွဲ့)
လက္ခဏာဗေဒပညာသုတေသီ

ယခုလအတွက် ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပုံစံပိုင်ရှင်မှာ ရှမ်းပြည်နယ်ဓေသကြီး၊ တောင်ကြီးမြို့မှ ရှမ်းတိုင်းရင်းသားတစ်ဦး ဖြစ်ပါသည်။

လက်ဖဝါးပြင်နှင့် လက်ချောင်းများကို သေချာစွာ ကြည့်ရှုစစ်ဆေးပြီးမှ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ ဘာသာရေးကိုင်းရှိုင်း အားကောင်းသူလား၊ အားနည်းသူလား။

၂။ ကိုယ်ပိုင်အိုးအိမ်တိုက်တာ မြေမြဲ ပိုင်ဆိုင် ပြည့်စုံမှာလား၊ အိုးမဲ့အိမ်မဲ့လား။

၃။ မြို့ပြတွင်မှာ နေထိုင်လုပ်ကိုင်မှာလား၊ မြို့ပြမှာ နေထိုင်လုပ်ကိုင်မှာလား။

မိမိတို့၏ အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်တွင် ရေးမှတ်ပြီးမှသာ လက္ခဏာ ပဟေဠိ အဖြေများနှင့် တိုက်ဆိုင် စစ်ဆေး ညှိနှိုင်းကြည့်စေချင်ပါသည်။




ပဟေဠိ အဖြေများကို စာမျက်နှာ( ၂၂၀ )တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

## [illegible]

**စီးပွားရေး** ■■ နိုင်ငံခြားသားများနှင့် စီးပွားရေးလုပ်ငန်း ပူးတွဲလုပ်ကိုင်ရမည်။ မှန်ကန်ပြီး သစ္စာရှိလျှင် သင့်အတွက် တစ်သက်စာပါပဲ။

**ဝန်ထမ်းရေးရာ** ■ မနာလိုသူများက မိမိအလုပ်တာဝန် ပျက်ယွင်းအောင် လုပ်တတ်၍ အထူးသတိထားလုပ်ကိုင်ပါ။ စာရင်းအင်း သေချာစွာထားပါ။

**အိမ်ထောင်ရေး** ■ သားသမီးများကြောင့် စိတ်ပူပင်သောက ရောက်မည်။ ချော့မော့ဖျောင်းဖျပေးပါ။

**အချစ်ရေး** ■ ချစ်သူမရှိသေးသူများ ချစ်သူတွေ့လိမ့်မည်။ ကြင်ကြင်နာနာ သစ္စာရှိရှိ ချစ်ဖို့တော့ လိုပါသည်။

**ပညာရေး** ■ ပညာရေး ကံဇာတာကောင်းနေပါသည်။ ဟိုအရေး ဒီအရေး ဟိုကိစ္စ ဒီကိစ္စများကို စိတ်မဝင်စားပါနှင့်။

**ကျန်းမာရေး** ■ သွေးတိုးရောဂါရှိလျှင် ရောဂါပြန်ထတတ်သည်။ အငန်လျှော့စားပါ။ အအိပ်အနေ အစားအသောက် မှန်ပါစေ။

**ဆောင်ရန်ရက်များ** ■ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ** ■ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ■ ၂၊ ၇၊ ၁၀၊ ၁၅၊ ၁၈၊ ၂၃၊ ၂၆၊ ၂၉၊ ၃၁။

**ထီထိုးရန်ဂဏန်းများ** ■ ၂၊ ၃၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောက်အကူ** ■■ မိမိတစ်ရပ်ရှိ ဝါဆိုတစ်လုံးကို တင်ချောင်းလေးများ အပြစ် ခွဲစိတ်၍ ထေးနှံထိုးရက်၍ နံ့ရှိသော လူသွားလမ်းပေါ်တွင် ချထားပေးပါ။

## [illegible]

**စီးပွားရေး** ■ ရှယ်ယာလုပ်ငန်း မလုပ်ပါနှင့်။ တစ်ဦးတည်းပိုင် လုပ်ငန်း လုပ်ကိုင်ပါ။ စီးပွားရေး ကံဇာတာ တက်နေပါသည်။ ယခုလအတွင်း လုပ်ငန်းသစ်များ စတင်နိုင်ပါသည်။

**ဝန်ထမ်းရေးရာ** ■ မိမိကို ပေးအပ်ထားသော အလုပ်တာဝန်များကို ကောင်းကောင်းမွန်မွန် အောင်အောင်မြင်မြင် ပြီးစီး၍ မိမိအထက်မှ ပုဂ္ဂိုလ်များက ချီးကျူးဂုဏ်ပြုကြလိမ့်မည်။

**အိမ်ထောင်ရေး** ■ သားသမီးများအတွက် ဂုဏ်တက်ရလိမ့်မည်။ သား၊ သမီးများ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး အားလုံး ပြည့်စုံကောင်းမွန်ပါမည်။

**အချစ်ရေး** ■ ဝန်းမွှင့်သောကာလ ဖြစ်သည်။ မိမိဘက်က ရိုးသားပြီး သစ္စာရှိဖို့တော့ လိုပါသည်။ နိုင်မြဲသော အချစ်မြင့်ချစ်ပါ။

**ပညာရေး** ■ ပညာရေးကံဇာတာ တက်နေပါသည်။ အချစ်ရေးကြောင့် ပညာရေးကို မထိခိုက်ပါစေနှင့်။ ပညာသတိရှိပါ။

**ကျန်းမာရေး** ■ နှလုံးရောဂါ လေးဖက်နာ ဖြစ်တတ်၍ အဆီ အအိမ့်များ ပြည့်ဝဆီများကို လျှော့စားပါ။ မစားလျှင် ပိုကောင်းပါသည်။

**ဆောင်ရန်ရက်များ** ■ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ** ■ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ** ■ ၂၊ ၄၊ ၇၊ ၁၂၊ ၁၅၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈၊ ၃၁။



၂၀၁၆ ခုနှစ်၊ ဇန္နဝါရီလ (၁)ရက်မှ (၃၁)ရက်နေ့အထိ

ခုနစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာ ရောင်ခြည်



**ထီထိုးရန်ဂဏန်းများ** ■ ၂၊ ၄၊ ၅၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောက်အကူ** ■ ဆောင်ရွက်ရန်ကိစ္စရှိလျှင် "ဗုဒ္ဓံ သရဏံ" ဆိုသည့် ဂုဏ်တော်ကို အကြိမ်ပေါင်း (၁၀၈)ကြိမ် ကျယ်ကျယ်ရွတ်ပွားပါ။

## အရီး

**စီးပွားရေး** ■ ရွှေဆိုင်များ အရောင်းအဝယ် ကောင်းမည်။ ရွှေပန်းထိမ် လုပ်ငန်းများ အပ်ထည်များ လက်မလည်အောင် လုပ်ကိုင်ရလိမ့်မည်။

**ဝန်ထမ်းရေးရာ** ■ လုပ်ဖော်ကိုင်ဖက်များ၊ လူကြီးများ၏ ကူညီပံ့ပိုးမှုဖြင့် အလုပ်များ အောင်မြင်စွာပြီးမြောက်မည်။ တာဝန်သစ် လုပ်ငန်းသစ်များ လုပ်ကိုင်ခွင့် ရလိမ့်မည်။

**အိမ်ထောင်ရေး** ■ မိသားစုတစ်စု အပျော်ခရီး(သို့မဟုတ်)ဘုရားဖူးခရီး ထွက်ရလိမ့်မည်။ မိသားစုတစ်စု ပျော်ရွှင်ကြည်နူးဖွယ်ရာ ကောင်းသောကာလ ဖြစ်ပါသည်။

**အချစ်ရေး** ■ ချစ်သူ၏ အထင်လွဲခြင်း၊ သံသယဖြစ်ခြင်း ခံရလိမ့်မည်။ ရှင်းလင်းရှင်းဖွင့်ပါ။

**ပညာရေး** ■ စာမေးပွဲရှိလျှင် မကြောက်မရွံ့ ဝင်ရောက်ဖြေဆိုပါ။ အချစ်ရေးကြောင့် ပညာရေးကို မထိခိုက်ပါစေနှင့်။

**ကျန်းမာရေး** ■ သည်းခြေအားနည်းသော ရောဂါဖြစ်တတ်သည်။ သည်းခြေဆေး ကောင်းကောင်းကို စားပေးပါ။

**ဆောင်ရန်ရက်များ** ■ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ■ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈

**ထီထိုးရန်ရက်များ** ■ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉၊ ၃၁။

**ထီထိုးရန်ဂဏန်းများ** ■ ၃၊ ၆၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောက်အကူ** ■ ကြက်ဥကြော်(၃)လုံးကို ဘုန်းတော်ကြီးတစ်ပါးအား ကပ်လှူပြီးပြီး ဆိုရာဆုကို တောင်းပါ။

## တောရပ်

**စီးပွားရေး** ■ ငွေကြေးရောင်းဝယ်ရေး ငွေကြေးလဲလှယ်ရေး လုပ်ငန်းများ အကျိုးအမြတ်များမည်။ ငွေထည်လုပ်ငန်း ငွေပန်းထိမ်လုပ်ငန်းများ ငွေဝင်ကောင်းမည်။

**ဝန်ထမ်းရေးရာ** ■ အလုပ်တာဝန် များပြားသောကြောင့် ...

www.burmeseclassic.com

မနင်း ဖြစ်နေလိမ့်မည်။ သို့သော် သတ်မှတ်ချိန်မတိုင်မီ ပြီးစီးသွား ပါလိမ့်မည်။
**အိမ်ထောင်အရေး** ■ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အားလုံးကောင်းမည်။ ငွေကြေးဝင်သော သားသမီးက မိဘတို့အား ငွေကြေးဖြင့် ကန်တော့လိမ့်မည်။
**အချစ်အရေး** ■ ချစ်သူမရှိသေးသူများ ရိုးရိုးသားသား မှန်မှန်ကန်ကန် သစ္စာတရား ဦးထိပ်ထား၍ ချစ်ရေးဆိုပါ။ အောင်မြင်ပါလိမ့်မည်။
**ပညာအရေး** ■ ဘာသာစကားဆိုင်ရာ သင်တန်းများတက်ခွင့်ကြုံလိမ့်မည်။ မိမိတတ်မြောက်လိုသော ဘာသာစကားကို သင်ယူပါ အောင်မြင်ပါလိမ့်မည်။
**ကျန်းမာအရေး** ■ ကျန်းမာရေး ကောင်းပါသည်။ စိတ်ချမ်းသာရသာကြောင့် လူလည်း ကျန်းမာမည်။
**ဆောင်ရန်ရက်များ** ■ ၂၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၂၉၊ ၃၁။
**ရှောင်ရန်ရက်များ** ■ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။
**ထီထိုးရန်ရက်များ** ■ ၄၊ ၇၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၇၊ ၂၀၊ ၂၂၊ ၂၉၊ ၂၆၊ ၃၁။
**ထီထိုးရန်ဂဏန်းများ** ■ ၂၊ ၆၊ ၉၊ ၀ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။
**အဆောင်အယတြာ** ■ ဆောင်ရွက်ရန်ကိစ္စ ရှိပါလျှင် ယှဉ်ပြိုင်ရန်ကိစ္စရှိလျှင် "အရဟံ သိဒ္ဓိ နသဝံ" ဟူသော ဂါထာကို ကိုးခေါက်ရွတ်ဖတ်ပြီးမှ ဆောင်ရွက်ပါ။

## [illegible]

**စီးပွားအရေး** ■ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်သော ကာလ ဖြစ်သည်။ လုပ်ငန်းသစ်များ စတင်နိုင်ပါသည်။
**ဝန်ထမ်းအရေးရာ** ■ နေရာဌာနပြောင်းခြင်း (သို့မဟုတ်) ရာထူးအဆင့် တိုးမြှင့်ခြင်း ခံရမည်။ အားလုံးကောင်းပါသည်။
**အိမ်ထောင်အရေး** ■ မိသားစု ပျော်ရွှင်ရမည့်ကာလ ဖြစ်သည်။ သားသမီးများ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ကောင်းမည်။
**အချစ်အရေး** ■ ချစ်သူရွေးချယ်ရာတွင် နှလုံးသားတစ်ခုတည်းဖြင့် ဆုံးဖြတ်ဘဲ ဦးနှောက်ဖြင့် တွေးချင့်ဆုံးဖြတ်ပါ။ အမှားနည်းပါလိမ့်မည်။
**ပညာအရေး** ■ ပညာရေးကံဇာတာ ကောင်းနေပါသည်။ အချစ်ရေးကလည်း ကောင်းနေ၍ စဉ်းစားချင့်ချိန်ပါ။
**ကျန်းမာအရေး** ■ ဦးခေါင်းမူးဝေတတ်သည်။ ဝမ်းမချုပ်ပါစေနှင့်။ ညဘက် ရေမချိုးပါနှင့်။
**ဆောင်ရန်ရက်များ** ■ ၃၊ ၇၊ ၉၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၆၊ ၂၈၊ ၃၁။
**ရှောင်ရန်ရက်များ** ■ ၄၊ ၈၊ ၁၁၊ ၁၅၊ ၁၇၊ ၂၀၊ ၂၄၊ ၂၆၊ ၂၉၊ ၃၀။
**ထီထိုးရန်ရက်များ** ■ ၂၊ ၅၊ ၆၊ ၁၂၊ ၁၃၊ ၁၈၊ ၂၁၊ ၂၂၊ ၂၇၊ ၃၁။
**ထီထိုးရန်ဂဏန်းများ** ■ ၂၊ ၃၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်အယတြာ** ■ နှမ်းဆုပ်(၅)ထုံးကို ဘုန်းတော်ကြီးကျောင်းသို့ ကပ်လှူပါ။

## [illegible]

**စီးပွားအရေး** ■ ခရီးသွားလုပ်ငန်းများ အဆင်ပြေအောင်မြင်မည်။ အနုပညာလုပ်ငန်းများ ငွေဝင်များမည်။







**ဝန်ထမ်းအရေးရာ** ■ အခက်အခဲများ ရှိသော်လည်း မိမိတာဝန်ယူထားသော အလုပ်တာဝန်များ အချိန်မီပြီးစီးမည်။
**အိမ်ထောင်အရေး** ■ သားသမီးတစ်ဦးဦး၏ မင်္ဂလာဆောင်ပွဲ ခမ်းခမ်းနားနား ကျင်းပပေးရလိမ့်မည်။ မိသားစု ပျော်ရွှင် ကြည်နူးရသော ကာလတစ်ခုပင် ဖြစ်ပါသည်။
**အချစ်အရေး** ■ "ထီးကာလေးတစ်ချောင်း နှစ်ယောက်တည်း ဆောင်းလို့ အပေါင်းအသင်းသိအောင် ကြွေးကြော်" နိုင်သောကာလ ဖြစ်ပါသည်။
**ပညာအရေး** ■ အခက်အခဲ အနည်းငယ်ရှိသော်လည်း စိတ်မပျက်ပါနှင့်။ ဇွဲ၍ ကြိုးစားလိုက်ပါ။ ဇွဲ၍ အောင်မြင်ပါလိမ့်မည်။
**ကျန်းမာအရေး** ■ လေထိုးလေအောင့် ဖြစ်တတ်၍ လေပွစာများကို မစားပါနှင့် ညဘက် ရေမချိုးပါနှင့် နွေးနွေးထွေးထွေးနေပါ။
**ဆောင်ရန်ရက်များ** ■ ၄၊ ၆၊ ၉၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။
**ရှောင်ရန်ရက်များ** ■ ၅၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။
**ထီထိုးရန်ရက်များ** ■ ၃၊ ၆၊ ၈၊ ၁၁၊ ၁၂၊ ၁၇၊ ၂၀၊ ၂၁၊ ၂၆၊ ၂၉၊ ၃၁။
**ထီထိုးရန်ဂဏန်းများ** ■ ၃၊ ၆၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်အယတြာ** ■ မိမိအိမ်ရှိ ကလေး၊ လူကြီး အားလုံးကို ကြက်သားဆန်ပြုတ် ကျွေးမွေးပါ။

## [illegible]

**စီးပွားအရေး** ■ လုပ်ငန်းများ တိုးချဲ့လိုက တိုးချဲ့နိုင်သောကာလ ဖြစ်ပါသည်။ လုပ်ငန်းသစ် ထူထောင်မည်ဆိုက ယခုကာလသည် အကောင်းဆုံးအချိန် ဖြစ်ပါသည်။
**ဝန်ထမ်းအရေးရာ** ■ မိမိ၏ လုပ်ရည်ကိုင်ရည်ကို အထက်လူကြီးများက အသိအမှတ်ပြုပြီး လုပ်ငန်းသစ်၊ တာဝန်သစ်များ ထပ်မံပေးလိမ့်မည်။ နေရာကောင်းသို့ ရောက်ရှိမည်။
**အိမ်ထောင်အရေး** ■ အစစအရာရာ အဆင်ပြေ၍ မိသားစုတစ်စု ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသောကာလ ဖြစ်ပါသည်။
**အချစ်အရေး** ■ ချစ်သူ မရှိသေးသူများ ချစ်သူတွေ့၍ ချစ်သူရှိပြီးသားချစ်သူအသစ်နှင့် ထပ်မံ ချစ်မိတတ်၍ အထူးသတိထားဆင်ခြင်ပါ။
**ပညာအရေး** ■ တက်ချင်သည့် သင်တန်းကို တက်နိုင်၍ သင်ယူလိုသည့် ပညာရပ်များကို သင်ယူပါ။ အောင်မြင်တတ်မြောက်မည်။
**ကျန်းမာအရေး** ■ သွေးတိုးရောဂါ အခံရှိက ရောဂါပြန်ထတတ်သည်။ အဆီအအိမ့်၊ အငန်၊ အုန်းနို့၊ ဝက်သား လုံးဝ ရှောင်ထားပါ။
**ဆောင်ရန်ရက်များ** ■ ၃၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃၊ ၂၇၊ ၃၀။
**ရှောင်ရန်ရက်များ** ■ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈၊ ၃၁။
**ထီထိုးရန်ရက်များ** ■ ၂၊ ၅၊ ၇၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၆၊ ၂၉။
**ထီထိုးရန်ဂဏန်းများ** ■ ၂၊ ၅၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်အယတြာ** ■ သက်ကြီးရွယ်အိုများအား အိုတတ်တစ်ခွက်စီ တိုက်ကျွေးပါ။

ကျန်းမာ ချမ်းသာပါစေ

ဆရာ ရောင်ခြည်



www.burmeseclassic.com

www.burmeseclassic.com

# ကျောက် စ က ယ ယမ်း

ရှေးအဂ္ဂိရတ်ဆရာကြီးများ အသုံးပြုခဲ့သောသယ်း ဖြစ်ပါသည်။ ဓိဋ္ဌိဘာ အနောက်(၂)နိုင်ငံနှင့်ဝေးသော ကမ္ဘာ့ ဓာတ်ဆရာကြီးဦးချော် ထက်ရေးမှု မှတ်စုစာအုပ်မှ တွေ့ရှိ ဖော်ပြခြင်း ဖြစ်ပါသည်။ ပါရမီရှင်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ကြပါစေ။

***

| | | |
|---|---|---|
| (ကျောက်) | =ကျောက်ချဉ် | (၄)ကျပ်သား။ |
| (စ) | =စက်သာ | (၄)ကျပ်သား၊ |
| (က) | =ကန့် | (၄)ကျပ်သား၊ |
| (ယ) | =ယမ်း | (၄)ကျပ်သား၊ |

စုစုပေါင်း (၁၆)ကျပ်သားကို ညက်စွာ ကြိတ်ပြီးလျှင် ကြေးနီ(၁၆)ကျပ်သားကို ပါးပါးခတ်၍ ကတ်ကြေးစာချ ပြီးလျှင် သီး(၉)လုံးအရည်နှင့် ယင်းအစုကိုစိမ်၊ နေပူလှန်း မပြတ်မွှေ ခြောက်လျှင် ညက်စွာထောင်း၍ သံပရာသီး(၇)လုံးအရည်နှင့် စိမ်က ကြေးနီကြေ၍ မှုန့်ဖြစ်လိမ့်မည်။

ခြောက်လျှင် လက်ချားမီးပေါက်(၁)ကျပ်သားထည့်၍ ညက်စွာဖြူ၊ ယင်း အမှုန့်ဝင်လောက်အောင် လုံနိုင်နိုင်နှင့် မပေါက်စေရ ချော်ဖြစ်အောင်ထိုး။

အေးလျှင် ထုခွဲ၍ ညက်စွာထောင်း (မကြေသည့် ကြေးနီစုကို ယူထား) ယင်းနောက် လက်ချား ဒျူး (၃– မူး)ထည့်၍ ယင်းနောက် လက်ချား ၁် (၁–ပဲသား)စီနှင့် ၄–လုံထိုးကြေးနီစုကုန်လျှင် တန်း၊ ယင်းချော်ကို ယူ၍ လက်ချားမီးပေါက် (၁)ကျပ်သား သွင်း၍ ညက်စွာထောင်း။ ယင်းအမှုန့်ကို (၄)ပုံ ပုံပြီးလျှင် သွပ်ကောင်း(၁)ကျပ်၊ သုတကောင်း (၁)ကျပ်သား တွဲ၍ထား။

လုံစောက်မှာ အောက်က ဆေးတစ်ပုံခံ၊ သွပ်တွဲပြဒါးကို အလယ်ကထား။ ၂–ပုံဆေးကို အလယ်ကအုပ်၊ တစ်ပုံဆေးကို အထက်က နှိုး၍ မြေသရွတ် ၃ ထပ်ပံ။ နေသွေ့စွာလှန်း။ လုံကို မြေမှာ လက်မတက်ခန့် ဖော်ထား။ ထိပ်ကို ချော်လည်အောင်ထိုး။ လုံကို (၂) ကြိမ်၊ (၃)ကြိမ်၊ (၄) ကြိမ် မြှင့်၍ထိုး။ ချော်ပတ်မိလျှင် မီးမြှင့်၍ထိုး။ အေးမှ ဓာတ်ကိုယူ မလျော့ (၂)ကျပ်သား ရ၏။

နောက်ဖမ်းလိုလျှင် ယင်းချော်နှင့် အထက်က နည်း



အတိုင်း ဖမ်းလေရ၏။

ကျောက်ချဉ်၊ ယမ်း၊ ဆား(၃)ပါး အမျှစီစု၍ လက်ချား မီးပေါက်ကဲပြီး (၇)ကြိမ်ပေါက်၍ တစ်လုံထိုး။ ယင်း နောက် အလင်းထိုး။ ကျိုး၍ ထောပတ်၊ ဝက်ဆီမှာ(၃)မီး လောင်းပြီးလျှင် ယင်းဓာတ်လုံးကို လုံချောချောနှင့်ကျိုး၍ ရွှေကောင်း ဒျူး(၁ မူး) ခတ်ပြီးလျှင် မီးနာနာထိုး။ ယင်း ရွှေချော်ဖြစ်၍ တက်၏။

ယင်းဓာတ်လုံးကို ယူ၍ ယင်းလုံတွင် ဒေါ်(၁)ကျပ်သား ထည့်၍ ကျင်း။ ယင်း ဒေါ်ရွှေအတိုင်းဖြစ်၏။ ယင်း ဒေါ်ဝါကို ရွှေ ဒျူး(၁–မူး) သွင်း၍ကျို၊ ရေနံ–ထောပတ်–ဝက်ဆီ တစ်မီးစီ သွန်၊ ယင်းရွှေ... ရွှေမှုစင်ဖြစ်၏ သမား၊ ရိက္ခာထောက်ဓာတ်လုံး ဖြစ်၏။

ရှေးဆရာများသည် ဓိမိတို့ ပေါက်မြောက်ခဲ့ကြသဖြင့် မှတ်တမ်းတင်ထားခဲ့ခြင်း ဖြစ်ပါသည်။

နောက်ဆရာများ လုပ်နည်းမမှန်သဖြင့် မအောင်မြင် ဖြစ်ပါသည်။ ပါရမီ နည်းပညာစုံပါစေ ဖြစ်၏။

တင်လှ(ဆ–မ–ဗြိမ်း)
ပုသိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

# ဆောင်တစ်ထမ်း

ဆယ်တစ်ရွက် (၂)

ရွှေတောင်
ကြည်မောင်ဖြိုး



**ယခင်လမှ အဆက်**

ဖိုးထိုက် ဟိုဟိုဒီဒီ လျှောက်ကြည့်
တုန်း ကျောက်ဖြူရှပ်ကြီးက
စေတယ်။

ယောက်ဖ ကောင်းကွာ... ကောင်းလိုက်
ကောင်းလိုက်တဲ့ ထမ်းဟင်း မစားရ
တာကြာပေါ့ နောက်ထပ် စားရဦးမယ်
နောက်နေ့ လာရင်လဲ ချက်ခဲ့ကွာ။ မင်း
လာတိုင်း လာတိုင်း ချက်ခဲ့ကွာ။ ငွေ
ငွေအိုး(၅)ပြား ယူသွား။

နောက်များ ချက်လာရင် ကြက်သားကို
အသားတုံးတွေချည်း မယူခဲ့နဲ့ မင်းတို့လဲ
အသားစားကြ အသည်းအမြစ်ကိုလဲ
တစ်လှည့်စီ စားကြတာပေါ့ကွာ။ ပြောစကား
နားထောင်ကွ ယောက်ဖရဲ့

ကျောက်ဖြူရှပ်ကြီး စေတနာ
မေတ္တာ မောင်ဖိုးထိုက်မှာ ရင်ထဲ
မချိတင်ကဲ ခံစားရ၊ ငွေဒင်္ဂါး(၅)ပြား
တော့ ယူရပြန်ပါပြီ။ ဖိုးထိုက် ငွေဒင်္ဂါး
တွေ ကောက်နေတုန်း....

www.burmeseclassic.com

'ယောက်ဖ မင်းနဲ့ငါ တစ်ယောက်ကို တစ်ယောက် အကျိုးဆောင်ကြမယ်။ ပိုမှာ အကြောင်း တစ်ခုခုတစ်ခုရှိရင် "ယောက်ဖရေ"လို့ ခေါ်လိုက်မယ်။ ဒီ့အကြို မင်းအပြေးလာခဲ့။ နောင့်နေးကြန့်ကြာ မရှိရ ပြေးပြီးလာပါကွာ'

မောင်ဖိုးထိုက် အိမ်ပြန်ရောက်တော့အလုပ်က ရက်ဆက်။ နားရက်မရှိ။ တောတက်တော့လဲ ဝါးခုတ်။ အိမ်နေရင်းလဲ နီးဖြာ တောင်းရက်အလုပ်လုပ်။ ငုတ်တုတ်ထိုင်နေရတာမရှိ၊ အလုပ်ကြမ်းသမား မောင်ဖိုးထိုက် မောဖျား ပန်းဖျား ဖျားပါလေရော…

အချိန်မှန် တောတက်ရမယ့်ရက်… မျက်။ (၄),(၅)ရက် နားနေရ၊ နာလန်ထူနိုင်မှကြိုးစား။ ရက်ခြားသွားတဲ့ အလုပ်ကိုပြန်ဆက်။ တောတက်ပြန်ပြီ။ ဆန်တစ်ခွက်နဲ့ ကြက်တစ်ကောင်ချက်လဲ ယူသွားပြန်ပြီ။

ခရီးရောက်မဆိုက် ကျောက်မြူရုပ်ကြီးက လှမ်းပြောတယ်။

'ယောက်ဖ နေကောင်းသွားလား။ စိုးရိမ်လိုက်ရတာကွာ။ မင်းလာမှ ငါ စားရမှာ အခုမှပဲ စိတ်အေးရတော့တယ်။ အစာငတ်ရ တာကြီး စားရဦးတော့မယ်။ ထားခဲ့ကွ'

'နေမကောင်းလို့ မလာနိုင်တာ။ စိတ်မကောင်းဘူးဗျာ။ ခင်ဗျား မျှော်နေရှာမှာ အားနာလိုက်တာ။ ကဲ စားပေတော့ ဆန်တစ်ခွက်နဲ့ကြက်တစ်ကောင်'

မောင်ဖိုးထိုက် ချာခနဲ လှည့်ပြီး ဝါးခုတ်ဖို့ တောင်ပေါ်တက်သွားတယ်။ မနက်စာ ထမင်းပြန်စားတော့ ထားခဲ့တဲ့ထမင်းထုပ်ကြီး မရှိတော့ဘူး။ နတ္ထိ ပလာ။ ဘာမှ မရှိ။

အဲဒီလိုနဲ့ (၅)ရက်တစ်ကြိမ်… (၇)ရက်တစ်ကြိမ် ဆန်တစ်ခွက်နဲ့ ကြက်တစ်ကောင် ချက် ချက်ပေးရ၊ ငွေဒင်္ဂါး(၅)ပြားကလဲ အကြိမ်တိုင်း…



အကြိမ်တိုင်းရ။

မောင်ဖိုးထိုက်နဲ့ မယယ်ဂုံတို့ ဆင်းရဲတဲ့ဒုက္ခက ခွတ်ခြောက်ဖို့ ဖန်လာပြီ။ တစ်နေ့တော့ ကျောက်မြူရုပ်ကြီးက ပြောတယ်။

'ယောက်ဖ မင်း ဝါးခုတ် နီးဖြာ တောင်းရက်နေရုံနဲ့ အလုပ်မဖြစ်ဘူး။ မကြီးပွားဘူး။ မချမ်းသာဘူး။ မင်းတို့မှာ စုဆောင်းထားတဲ့ ငွေရှိတယ်။

ငါကလဲ ပေးမယ်။ မယ်ဂုံဆိုတာ ဟိုဘဝက ငါ့နှမလေး။ ငါပေးမှ မင်းတို့ ချမ်းသာမယ်။ ကဲ…ပါလာတဲ့ ပုဆိုးစုတ်ဖြန့်'

မောင်ဖိုးထိုက် ပုဆိုးစုတ် ဖြန့်လိုက်တယ်ဆိုရင်ပဲ ဝေါခနဲ ဝေါခနဲ ငွေဒင်္ဂါးတွေ သွန်ကျလာတယ်။ ပုဆိုးစုတ် (၄)ဖက်အစကို (၂)စစီ (၂)စစီ ပေါင်းပြီးချည်။ မ…ကြည့်လိုက်တော့ တော်တော်နဲ့ မ…မရ။ လေးလှချည်။

လေးမှာပေ့ါ တစ်ပြည်ဝင် ပြည့်တောင်းလေးထဲ ငွေဒင်္ဂါးတွေ ထောင်လိုက်စီပြီး အရစ်လိုက် အရစ်လိုက် ခွေထည့်လိုက်ရင်… ငွေဒင်္ဂါး အပြား ပေါင်း (၁၀၀၀)ဆန့်တယ်။

အဲဒီနေ့က နေဝင်ချိန် အချိန်စောင့် ညမှောင်မှ ဖိုးထိုက်အိမ်ကို ပြန်ဝင်တယ်။ ငွေထုပ် ပါလာတာကို။

အချိန်တန် အိမ်ပြန်ရောက်နေကျ။ ကနေ့မှ အတော်နောက်ကျ။ မယ်ဂုံ လေး ရင်မနေရပြီ။ ဘယ်လိုကြောင့် နောက်ကျ။ ဘာဖြစ်လို့ နောက်ကျ အိမ်ဝက ထွက်…ထွက်မျှော် တော်တော်နဲ့ ပေါ်မလာ။

ဖိုးထိုက်ကို မြင်ရမှ ရင်ဝက အလုံး ကြီးကျ။ သောကငြိမ်းအေး အမျိုး တစ်ပိုင်း သွားကြို။ ငိုမလို မျက်နှာ ချက်ချင်း အပြုံးပန်းတစ်ရာနဲ့၊ မောင်း လာတဲ့ မောင်ဖိုးထိုက်ကို…

ဖိုးထိုက်ယူလာသမျှ ငွေဒင်္ဂါးတွေ ဓနီးအလိပ်မှာ မယ်ဂုံလေးက စားလဲသ သုံးလဲသုံး။ အမြုန်းမပါ။ စကားဆော ကာ အလျှုဒါန လက်နဲ့မကွာ။ ကျ ကျစ်ပါအောင်ထုပ်တော့ အထုပ်ကြီး က ကြီး…ကြီးလာ။

အိမ်ဆိုင်ကလေးဖွင့် နောက်တော့ အိမ်ဆိုင်ကြီးဖြစ်။ ပစ္စည်းစုံတင် ရောင်း။ ရောင်းရေဝယ်တာ ကော …ကောင်းလာလိုက်တာ လက်မလည် ဘူး။

မုဆွမြို့စွာ သာသနာတော်အလှူ ရည်မှန်း အလှူအတန်း တွေပြု အမှု ပြုလေလေတိုင်း ကျောက်မြူ ကြီးကို ဖိတ်မန္တကပြု။ ကုသိုလ် ကောင်းမှုအစုစုကို အမျှဝေ။ သာဓု တွေ ဟစ်ကြွေး။ အနေမဝေးတဲ့ ရွာ ရွာသားတွေလဲ ဝီတိလျှမ်း။ ဝမ်း တသာ သောမနဿ ဖြစ်ကြ။

သားလှရတနာကို သား ဘောင်တွင်း၊ တွင်း၊ သွတ်သွင်း။ ကျောင်းဆရာတော်ကို သိက္ခာ ရဟန်းခံ ရှင်ပြု။ တုမရ အလှူ ပြောစည်သံသာ။ ဆိုင်းနဲ့ ဗိုင်းနဲ့ တာ။ အိမ်ရှေ့မှာ မဏ္ဍာပ်ကြီး တိုးမပေါက်တဲ့ ပရိသတ်။

ဟိုတုန်းက နိမ့်ဝယ် တော ပလုံးဝယ်ကြတဲ့သူတွေကို





www.burmeseclassic.com

www.burmeseclassic.com

မကျန်ဖိတ်။ ညအိပ်ညနေ လာကြ။ အလှူမှာ ဗိုင်းကြ။ ဝန်းကြ၊ ကျွေးလိုက် မွေးလိုက်တာ ဝက်ဝက်ကွဲ။ တရေး ညည်းသံ မစဲ...

အလှူပွဲမှာ ရှာတွေ ရှာတွေ...သနိုဝ၊ ကိုင်းကြီး ကြေးစည်၊ ငှက်ဝ၊ ပိန္နဲကုန်း၊ ပြောင်ကျ၊ ရေဝ်လှ၊ တရုတ်ပင် ကွဲရဲ၊ တောမ၊ မူးဘက်၊ ရပ်သာ(အရှေ့ရွာ၊ အနောက်ရွာ)၊ ညသျှစ်ပင်လဲ မချန်။ မြည်မြို့အထိ မကျန်။ ကိုဖိုးထိုက်က ကိုက်တိုင် သွားဖိတ်တယ်။

အိမ်ရှေ့မှာ မဏ္ဍပ်ထိုးတဲ့နေ့ကစပြီး အလှူမှာ ဗိုင်းဝန်း လုပ်ကိုင်ကြတဲ့သူ တွေကို ကျွေးတာ တိုက်မကွဲ။

အလှူနေ့မှာ အိမ်ရှေ့က မဏ္ဍပ်ကြီး အပြည့်။ ပရိသတ်က ကျပ်ညပ်နေ တယ်။ တစ်ခါမှ မတွေ့ဖူး မသိရှိတဲ့ လူပုဂ္ဂိုလ်တွေကိုလဲ မြင်နေရတယ်။

ပင့်သံဃာ အရှင်မြတ်တို့ကို ထီး၊ ဖိနပ်၊ သင်္ကန်း၊ ပရိက္ခရာ အစ်စ်ရာ ချန်သံမျှ အကုန်လှူ။ ပစ္စည်းအစုံ သေယနိုင် မပိုးနိုင် တနင့်တပိုး...

အလှူပွဲလာ ပရိသတ်ငွေဒဂါး (၁)ကျပ်...(၁)ကျပ်။ ကြပ်ကြပ်မတ် ထတ်လို့ စိတ်မှာ တွေးပြီး အလှူပေး။ အမှူးပေးလို့ လူသာစုခေါ် နတ်သာစု ခေါ်။

ရဟန်းရှင်ပြု အလှူတော်မင်္ဂလာ ပြီးပြောက် (၃)နှစ်လောက်အကြာ... ဗိုတွင်းကြီးမှာ...ဝါဆိုဝါခေါင် ရေဖောင် ဖောင်မှာ... ဝါခေါင်လဆန်းရက်ထဲ မှာ... မနက်သွမ်းဆံဝင်ချိန် ကိုဖိုးထိုက် အိမ်ရှေ့က အမှိုက်သရိုက်တွေ သိမ်း ဆည်း လှည်းကျင်းနေတုန်း ဖြန်းခနဲ...

'ယောက်ဖရေ ဟေ...ယောက်ဖ'

ရင်ခေါင်းထဲက လှိုက်လှိုက်ခေါ် လိုက်တဲ့ အသံကြီး။ ဝေဒနာ ပြင်းပြလို့ ချိမဆံ့ ခံစားနေရတဲ့ အသံကြီး။



ကျောက်ဖြူရှပ်ကြီး အသံ။ ငယ်သံကို ပါလို့။ သူ့အသံ ကောန်အမှန်။

မနေ့ကမှ ဆန်တစ်ခွက်ချက်နဲ့ ကြက်တစ်ကောင်ဟင်း သွားပို့ရင်း စကားတွေတောင့် တဖောင်ဖောင် ပြောခဲ့ကြသေး။ မောင်ဖိုးထိုက်တို့ ရှေ့ ရေးကို သူပဲ ဆိုဆုံးမစကားတွေ ပြော လိုက်သေး။ ဘယ်အရေး ဘယ်အရာ ပေါ်လာပါလိမ့်။

မောင်ဖိုးထိုက် နားစိုက်လို့ထောင် လိုက်တော့...

'ယောက်ဖရေ ယောက်ဖ ငါ့ကို ကယ်ပါဟ ငါ အကွရောက်နေပြီ၊ အမြန်လာပါဟ၊ ပြေး လာခဲ့ပါဟ'

အီးအီးအားအားနဲ့ ညည်းညူနေသံ တွေလဲ ကြားရတယ်။

မယ်ဂုံကို လှမ်းအသံပြု။ အပြေး တပိုင်းနဲ့ မောင်ဖိုးထိုက် ကျောက်ဖြူ ရှပ်ကြီးဆီ ရောက်သွားတယ်။ ကြည့် လိုက်ပါချေတော့...

ကျောက်ဖြူရှပ်ကြီးက တုံးလုံးကြီး လဲလို့။ တောင်စောင်းမှာ ခေါင်း အောက်စိုက်ပြီး မှောက်ရက်ကြီး။ ခေါင်းရှေ့မှာ လက်နှစ်ဖက်က အုံ့ပြု ဖွယ်ပူးလို့။ ခြေနှစ်ချောင်းကလဲ တစ် ချောင်းထဲ ထင်ရအောင် ပူးလို့။

'ယောက်ဖ မြန်မြန်လာပါဟ၊ သူတို့ ထက်ချက်ပိုသွားတယ်၊ ဖိုလက်နှစ်ဖက် ခြေနှစ်ဖက်ကို ခြေနန်းကွင်း စွပ်ထားတယ်ကွ နာလှပါပြီကွာ၊ အမြန် ဖြုတ်ပေးပါကွ၊ သေရ တော့မယ်ကွ'

ကွ...ပေါင်းများစွာ ကြားရတော့ မောင်ဖိုးထိုက် ကျောက်ဖြူရှပ်ကြီးနား ကပ်သွားတယ်။ ဘာက မပါ။ လက် မလာ။ လက်နဲ့ ဆွဲဖြုတ်ပါသော်လဲ ဖြုတ်နိုင်ခဲ့။

'လုပ်ပါဟ မြန်မြန်၊ မင်းသိတာက ခြေနန်း ကွင်း၊ ငါ့မှာတော့ သံကြိုးကွင်းကြီး တပ်း အောင် စွပ်ထားသလိုပဲ၊ အသည်းခိုက် အောင်နာတာဟ၊ အောင်မယ်လေး ယောက်ဖရဲ့'

ကျောက်ဖြူရှပ်ကြီး အော်လေ ဖိုးထိုက်က ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လေ။ ကယောင်ကတမ်းနဲ့ ဖြုတ် လေ မပြုတ်လေ...

ဘယ်ညာလက်နှစ်ဖက်နဲ့ အားကုန် ဆွဲဖြုတ်လိုက်တော့မှ ပြုတ်သွားတော့ တယ်။

'ခြေထောက်မှာလဲ ခြေနန်းကွင်းစွပ်ထား တယ်ကွ၊ ဖြုတ်ပါဟ မြန်မြန်'

အားစိုက်ပြီး ဖိုးထိုက် ဖြုတ်လိုက်တာ ခြေနန်းကွင်းလဲ ပြုတ်သွားပြီ။

'ယောက်ဖ မင်း မြန်မြန်ပြီး ဒီမှာပဲ စောင့်နေ၊ ငါ ဟိုကောင်တွေနောက်ကို လိုက်သွားဦး မယ်၊ မကြာလှ တခဏနဲ့ ငါ ပြန်လာမယ်၊ မင်း မပြန်လေနဲ့ ငါ့ကို စောင့်နေ'

အသံပျောက်ပြီး ဘယ်နောက်များ လိုက်သွားပါလိမ့်။ ကွမ်းတစ်ယာ ညက် လောက်ကြာတော့...

'အား... ခုမှပဲ စိတ်ချမ်းသာရတော့တယ်၊ ငါ့အကွပေးတဲ့ကောင်တွေ မရထားကြီး သနိုဝ ချောင်ရေစီးနဲ့ မျောပါသွားကြပြီ'

သိုက်ဆရာက ဖျောက်၊ တပည့်က (၂)ယောက်၊ သိုက်စားအံ့ရဲ့ သိုက်စာကျလို ငါ့ကို လာနှိပ်စက်တာ။

သူတို့ရသွားတာ နည်းနည်းပါလေပါကွာ ဒီမှာ အများကြီး ကျန်တယ်၊ သူတို့ ပြေသွား



www.burmeseclassic.com

www.burmeseclassic.com



တာတွေလဲ ပြန့်သိမ်းလာခဲ့တယ်'

ဖိုးထိုက် အကြောင်းမသိတော့ ပါးစပ်ပေါင်းလောင်း.

'ကြောက်နဲ့ တပည့်(၂)ယောက်ကို ရပ်သာအနောက်ရွာက ဖူးဘက်ကို ချောင်းဖြတ်အကူး ချောင်းရေလယ်မှာ ဓါး မိတယ်။ လှေမှောက်ပြီး အသက်ပျောက်စေခဲ့ပြီ။

ယောက်ဖ မင်းတို့လင်မယား အပေါ် ငါဘယ်လောက်ပင် သံယောဇဉ်ကြီးသော်လဲ မပြတ့် အနိစ္စကြောင့် ငါနေရာ ပြောင်းရတော့မယ်။ အမြန်ပြောင်းရမယ်။ မနက်ဖြန်ပြောင်းမယ်'

ဖိုးထိုက် စိတ်မကောင်း။ အပေါင်းအသင်း ချောင်းရင်းကြီး။ ယောက်ဖလဲတော်ရဲ့။ စိတ်ထဲမှာ ထနင့်နင့် တနှံ့နှံ့နာကျင်အောင် ခံစားရ။ ဒုက္ခတော့ ရောက်ပြီ။

'မနက်ဖြန် မနက်စောစော အိမ်ကထွက်။ ငုံ့ဆီလာ။ မင့်အတွက် တစ်ခွဲဝင်တောင်း(၂)လုံး။ ဆိုင်းထမ်းက (၂)ခု။ ထမ်းပိုး(၁)ချောင်း။ မင့် မိန်းမအတွက် ခံတောင်းလဲ ယူခဲ့။ လင်မယား(၂)ယောက်လာခဲ့ကြ။ နောက်ဆုံးအနေနဲ့ မင်းတို့ကို ငါပေးခဲ့မယ်။ တားမလေးလဲ ယူခဲ့'

ဖိုးထိုက် အိမ်ပြန်ရောက်တာနဲ့ မနက်ဖြန်မနက် ယောက်ဖကြီးကို စားတော်ဆက်ဖို့ ဆန်တစ်ခွက်နဲ့ ကြက်တစ်ကောက်ချက်။ ဆိုင်းထမ်း ထမ်းပိုး ခွဲဝင်တောင်း(၂)လုံးနဲ့ ခံတောင်းတွေကို အဆင်သင့် ပြင်ထားတယ်။

နောက်တစ်နေ့မနက် ဝေလီဝေလင်း နေမင်းကြီး မထွက်မီ မောင်ဖိုးထိုက်နဲ့ မယ်ယံဂုံတို့ အိမ်က ထွက်ကြပြီ။

ဖိုးထိုက်က ဆိုင်းထမ်းရှေ့တစ်ဆိုင်း နောက်တစ်ဆိုင်းမှာ ခွဲဝင်တောင်းတစ်လုံးစီထည့်။ ထမ်းပိုး လျှိုထမ်းလို့ ရှေ့က။ နောက်တော်ပါးက မယ်ယံဂုံ။ ဆန်တစ်ခွက်ချက်နဲ့ ကြက်တစ်ကောင်ချက်ကို ခံတောင်းထဲထည့်လို့ရွက်။

တောင်တက်ခရီး ပင်ပန်းလို့ဖြင့် မညည်းညူနိုင်။ လင်မယားနှစ်ယောက် အားပြိုင် မယိုင်မလဲအောင် ထိန်းပြီး အပြေးတပိုင်းသွား။ ကျောက်ဖြူရုပ်ကြီးနား ရောက်ကြတော့...

'ကဲ ငုံ့နမယ်နဲ့ ယောက်ဖ ဒီတစ်သက်တော့ မင်းတို့ မယူပင် မတောင့်မတ မကြောင့်မကြ ချမ်းချမ်းသာသာနေကြရအောင် ငါပေးလိုက်မယ်။ ပိုင်ရှင်မဲ့ ငွေတွေကွ။

ပိုက်ရှင်မဲ့ငွေဆိုတာ လူချမ်းသာတွေ မြှုပ်ထားတဲ့ ရွှေအိုး ငွေအိုးတွေ၊ အဲဒီလူတွေ နာမကျန်းဖြစ်တော့ မပြောနိုင် မဆိုနိုင် မမှာကြားနိုင်ဘဲ ကွယ်လွန်သွားကြရော။

ဟော... မြှုပ်ထားတဲ့ ရွှေအိုးငွေအိုးတွေက ပိုင်ရှင်မဲ့ဖြစ်သွားရော အဲဒါတွေကို လိုက်လိုက်သိမ်းပြီး ငါ စုဆောင်းထားတာ။ ထိုင်ကွား ကဲ... တောင်းတွေ ခံထားကြ'

ငွေဒင်္ဂါးတွေ သွန်သွန်ကျ။ တောင်းတဝက်မျှ မကာပြီ။ ဓ...ကြည့်တော့ လေးလေးနစ်နစ်။ ထမ်းလို့မှ ဖြစ်ပါ့မလား။ ရွက်လို့မှ ဖြစ်ပါမလား...

'ငွေဒင်္ဂါးတွေ လေးလို့တော့ ဘာမှ ...
မနေနဲ့။ ငါကိုယ်တိုင် မင်းတို့...
အရောက် လိုက်ပို့ပေးမယ်...
ပါ။ ထမ်းကြ ရွက်ကြရမယ်။ ...
သွားချိန် မျက်ထိပ်ကို ...
ထားနဲ့ဖြတ်။ မျက်စေ့ဘယ်လည် ...
ငွေဒင်္ဂါးတွေပေါ်ကအုပ်။ ရုတ်တရက် ...
မမြင်နိုင်ဘူး။ သွားကြ သွားကြ...
တားမကို ကောက်ကိုင်ပြီး ဖိုးထိုက်...
လင်မယား မျှစ်သွားချီကြပြီ။

သိပ်မကြာဘူး။ မျှစ်တွေရကြ...
ကျောက်ဖြူရုပ်ကြီးဆီ ပြန်လာ...
တယ်။ တောင်းထဲက ငွေဒင်္ဂါးတွေ...
မှာ မျှစ်တွေအုပ်။ ဖုံး။ စိတ်နှလုံးက...
မချမ်းမြေ့။ ခွဲရတော့မယ့်နေ့ ...
လာပြီကော... မနေ့မှာ ထင်...

'ယောက်ဖ ဆိုင်းထမ်း ထမ်းပိုး ...
သွား။ ငုံ့နမလေးက ခံတောင်းရွက် ...
လိုက်။ ငါ လိုက်ပြီး စောင့်ရှောက်...
ပြန်မြန် ပြန်ကြတော့။

ဟူမြက်စွာ သာသနာတော်အကျိုး...
ရွက်ဆောင်ကြ။ အလှူကြီး အတန်း...
ပေးကြ။ တို့(၃)ဦးပေါင်းရ ကောင်းမှု...
ဒီနေ့ ရောက်ရ။ ဖိုးကိုလဲ မိတ်ကြား...
မောင်ဖိုးထိုက်နဲ့ မယ်ယံဂုံ ရင်...
ပန်းတုန် နှလုံးခုန်။ သံယောဇဉ်...
ကြ။ ချားရဟတ်လို လည်...
သံသရာဘုံမှာ ကံကြမ္မာက ပေး...
သုခနဲ့ ဒုက္ခ။ ခွဲခွာခြင်းနဲ့ တွေ့...
ကြရတော့မယ်။ တွေဝေ...
မရှုနိုင် မကယ်နိုင်။

'ကိုင်း... ကိုင်း ထကြ... ...
လိုက်ပို့မယ် ပြန်ကြ'

ကျောက်ဖြူရုပ်ကြီး လိုက်...
ဆောင်ပေးတဲ့ အိမ်အပြန်...
မောင်ဖိုးထိုက်နဲ့ မယ်ယံဂုံတို့ ...
လိုက်လိုက်ပြီး စိတ်တွေက ...
ကယက်။ ငွေဒင်္ဂါးတွေက 'မောင်...



www.burmeseclassic.com

www.burmeseclassic.com

ထမ်း မယ်တစ်ရွက်" ရှေ့ဆက်မယ့်...
သူတို့ဘအေတွက်တော့ ပြည်ခေမာ ဒေါင်ကမ်းတစ်ဖက် လှမ်းတက်ဖို့ အလှူရေစက် လက်နဲ့မကွာ ဒါန သီလ ဘာဝနာ ပင်စည်မှာ ယှက်ပြာထွက် အကိုင်း အခက် အရွက် အဖူး အပွင့် အသီးတွေ ဝေလျက်...

**ရွှေတောင် ကြည်မောင်အေး**

စာရေးဆရာ့ အသိအမှတ်ပြုကား

နှစ်ပေါင်း(၁၀၀)ကျော်က တကယ့် အဖြစ်အပျက်မှ ရှာဖွေတွေ့ရှိထားသော ဆရာတော်ကြီးတစ်ပါး၏ ဇာတ်ကြောင်းကို လေ့လာ ပြုစုထို့ မိန့်ကြားခဲ့တယ်။

ကျေးဇူးတော်ကို ဖော်ရှင်လို့ ဘွဲ့မည် သတင်းတော်ကျော်ကြားတဲ့ ကျွန်တော်တို့ ရှင်တော်ကောင်းတော့...

ဆရာတော်ကြီးက ညွှန်ကြားတော် အမိန့်တော် လက်ခံကာပြီး တော်တော် များလှပါ။

'ထို နာမည် မပြီးသေးဘူး'

မိန့်မြွက်တော်မူကာ ကြွက်သီးများထလောက်အောင် ဒါတွေကို ...

ဆရာတော်ကြီးရဲ့ ကျေးဇူးတော်ကို အောက်မေ့တသ သတိရလျက် ပယောဂ အစရှိသောမကောင်းမှုကြောင့် ဒေဝ ဒုက္ခများကြုံရတဲ့ အမျှော်အလင့် များကိုလဲ ကိုယ်ပိုင်စိတ်ရှည်စွာ ရှုမြင်ကျော်သော ပယောဂဒဏ်တွေ ပျောက်ကင်း ငြိမ်းလို့...

၂၀၁၄ ခုနှစ် ဩဂုတ်လ(၁၅)ရက် ဝေနေ့မှာ ဆရာတော်ကြီးကို ပေါ်ထွန်းစေ ထပ်မံ ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဆရာတော်ကြီးက...

'အေး... အေး ရေ... ရေ'

လို့ မိန့်တော်မူပါတယ်။

ရွှေတောင်ကြည်မောင်အေး ရေးခဲ့တဲ့ "ဗေဒင်ပညာ ရှင်တော်မူ" နဲ့ "ဗေဒင် ဓာတ်ထမ်း မယ်တစ်ရွက်" တို့ဟာ ဆရာတော်ကြီး မိန့်မြွက်လို့ သိကြရတဲ့ ဖြစ်ရပ်မှန်တွေပါ။

ဆရာတော်ကြီး ဘွဲ့တော်က ဦးဇွတ္တိက၊ သက်တော်ကျော်(၁၀၀)နှစ် ထိသက်ဆုံး တော်မူတဲ့ကျောင်းက "ရွှေညောင်ပင်ကျောင်း"

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့အရှေ့ဘက် အောင်ပင်လယ်မြို့ ဆွေ့ချဲ့ထားတဲ့ ပြည်မြို့ အရှေ့ဘက်မှာ ထင်ရှားကြီးကျယ်တဲ့... အဖြစ်ဆန်းကြီး ထင်ရှားတဲ့ အတွင်းကျကျ ရှိနေပါတယ်။

ဗေဒင်ပညာရှင်ကြီး ထိုသူတွေရဲ့ ဉာဏ်ပညာကြီးမားတဲ့ အစိုးရ (၄)မျိုးသော နတ်တောင်ကြီး စာပေဆိုင်ရာ ပညာရှင်တွေ တွေ့ရှိသော သေချာစွာ လေ့လာ ကျောင်းသားများ ကျေးဇူးတင်၍ ညွှန်ကြားတော်မူခဲ့ ဆရာတော်ကြီး သီတင်းသုံးတော်မူတဲ့ "ရွှေညောင်ပင်ကျောင်း"ကို ရောက်ပါပြီ။

ဆရာတော်ကြီး ထိုင်ရာမှထ ဘာဖြစ်လို့ အင်္ဂါ ပယောဂကြောင့်ဝေဒနာ အကုန်အစင်ကို သေချာရောဂါ ပျောက်ကင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ပြီးပြည့်စုံသော ပယောဂဝေဒနာ ကင်းဝေးကျွတ်ကြပေလောက်အောင်...

ရွှေတောင်ကြည်မောင်အေး အသိပေးတိုက်ပါတယ်။

နဂါးရုပ်ဖွင့်ပြပွဲ ကျောင်း ဓာတ်ပုံများ
ကျေးဇူးတော်ဖြင့် ပြည်မြို့ရှိ

**စာမျက်နှာ (၂၃၁)မှ အဆက်**

တော်တို့၏ တည်ရာဖြစ်သော ဘုရား တည်ဟူသောရှေးဦးသည်၊ ဓမ္မ- ငါးပါး၊ ဝရဲ-မြတ်သော၊ ဝေဝ- ကောင်းကျိုးအလို့၏ ပြည့်စုံခြင်းကို ဝေဝ-ပေးပါစေ သတည်း။

ယခုတိုင်ကမ္ဘာ - ဝေဒင်ရှောက် အဝိသော ကုသိုလ်ကို စောင့်ရှောက် တော်မူသည်ဖြစ်၍ ပေါ်တွင်ကမ္ဘာ- ရှောက်အပ် သိအပ်သော တရားကို သိတော်မူသည်ဖြစ်၍ အမိကော- လှုနတ်ပြည်မှာ သဗ္ဗညုတ်ဉာဏ် လွှမ်းကဲ တုမြတ်တော်မူသော ဓမ္မစ်ဆရာ- အကြင်မြတ်စွာဘုရားသည် ရေးထ- မင်္ဂလာကိစ်၏ ဓမ္မ-ရေရှုနှစ်ယူရာ လက်ဝဲတစ်ဆယ်နှင့် မှောက်ဝဏ္ဏဗွာ ထိအောင် မြောမြောင်စွာသော ဝေဝသည် ကို၊ မိရော-အောင်တော်မူလေပြီ။

ဝေဒင်မိရော - ထိုမြတ်စွာဘုရား သခင်သည်၊ ဓမ္မ-ငါးပါး၊ ဝရဲ- မြတ်သော၊ ဝေဝ-ကောင်းခြင်းကို ဓမ္မရ-ပေးသနားတော်မူပါဘုရား။

ဆရာထွန်းထွန်း(ပုသိမ်)သည် နဝ လောကုတ္တရာဂိုဏ်းတော်ကြီး၏ မြွေ မှော်ပညာနှင့် အဆိပ်ကုထုံးကျမ်း အစဉ်အဆက်ပညာရှင်တစ်ဦး ဖြစ်ပါ သည်။

ဆရာမှ ယင်းတွင် ကျန်ရှိနေသေး သော အဆင့်မြင့် မြွေမှော်ပညာများကို ဆက်လက်ပေးသွားမည်ဟု စာရေးသူ ကို ပြောပါသည်။

ဆက်လက်၍ ကျိုးဝတ်နက်ရှိုင်း ကျို့ရှာဖို့သော အဆက်ဂိုဏ်းကြီး တစ်ဂိုဏ်းဖြစ်သော အလွန်ထူးပညာ ရပ်များကို ဆက်လက်ဖော်ထုတ် တင်ပြသွားမည် ဖြစ်ပါသည်။

* * *

**ရဲရဲထွန်း(တသံသ)**

နဝလောကဗွာရဂိုဏ်းတော်ကြီး၏

# မြေမှော်ပညာနှင့်

အဆိပ်ကုထုံးကျမ်း (၅)

ရဲရဲလွှမ်း (တသာတ)

ဤမြေမှော်ပညာနှင့် အဆိပ်ကုထုံး ကျမ်းကို ရေးသားပြုစုခဲ့သော **ဆရာ ထွန်းထွန်း(ပုသိမ်)**နှင့် ဖုန်းစကား ပြောခဲ့ရသည်။ ဆရာမှ....

'ကျွန်တော် ဒီပညာစဉ်ကို သင်ယူခဲ့တဲ့ အထက်ဆရာသခင်များကို ယခုအချိန်ထိ ရိုသေလေးစားနေပါတယ်။ ဒါကြောင့် ဆရာသခင်တို့နဲ့ ပတ်သက်ပြီး ထည့်သွင်းရေးသားပါ'

ဟု စာရေးသူကို ပြောပြပါသည်။

ဆရာထွန်းထွန်းသည် နဝလောကဗွာရဂိုဏ်းတော်ကြီး၏ အမွေဆက်ခံဆရာတစ်ဦးဖြစ်ပြီး ယခုအချိန်ထိ မြေမှော်ပညာကို စောင့်ရှောက်ထိန်းသိမ်းထားရှိပါသည်။

အလျှာ အထက်ဆရာကြီးများ

၁။ ရှင်မဟာဗုဒ္ဓဃောသအရှင်မြတ်ကြီး

၂။ ဘုန်းတော်ကြီးဆိုးပေါက်ဆိန်

၃။ အထက်ဆရာဖိတ်ဆရာ၊ ဆရာပိုလ်ထယ်ပိုးအယား(ထိုင်း)ဆရာ၊

၄။ မွန်လေဦးရွှေ့ ဆရာညွှန့် ယောဂီထီးလင်းဆရာမြကြီး၊ သမ္မသိဒ္ဓိဆရာမြလေး၊ ဝိသတီကိုရွာကပ်ရှာတွဲထော်ရ အဘဆရာကျော်၊

ဆရာကြီးဦးစံတင်(မြေများနှင့် ကတာပြနေသူ)နှင့် ဝန်းရံသူ ဆရာမကြီး ဒေါ်ခင်ကြည် (မန်ခင်ကြည်)(အဘဆရာကျော်၏သမီး)

ဆရာထွန်းထွန်းသည် ဂိုဏ်းတော်ကြီး၏ ပညာရပ်များကို ဆရာမကြီး ဒေါ်ခင်ကြည်ထံတွင် လွန်ခဲ့သော (၁၀) နှစ်ခန့်က သွားရောက်ပညာသင်ယူခဲ့ပြီး အထက်ဆရာကြီးများ၏ ဩဝါဒကို ခံယူကာ ဆရာကြီး၊ ဆရာမကြီးတို့၏ လမ်းညွှန်ချင့်ပြုချက်ဖြင့် သူတို့၏ အမွေဆက်ခံတပည့် ဖြစ်လာခဲ့ပါသည်။

ထို့နောက် ဂိုဏ်းတော်ကြီး၏ ပထမအဆင့် ပညာရပ်များကို ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါသည်။

ဆရာထွန်းထွန်း ရေးသားပြီးသော နဝလောကဗွာရ မြေမှော်ပညာနှင့် အဆိပ်ကုထုံးကျမ်း နိဂုံးတွင် အောက်ဖော်ပြပါ နိဂုံးချုပ်စာတောင်းကို ရေးသားခဲ့ပါသည်။

* * *

ကရာကရော တယံ ယောယံ၊ ပတောဝေသိ နေမွန်၊ ဝေဟွာ မွန်ရုံသိ ယိ ဝရံ သောဒေတု ဗမ ဖလံ။ ယမိတမ္ဘ ယမောဒန္တော၊ ဂမိတမ္ဘ ဂမာဒိကော၊ ဗထံမာရသ ယောဂိနော၊ ဝရံ သော ဒေတု ယေယံ။



ဆရာကိုင် အင်းတော်ကြီး



◆ ဗွာဒ်ဂိုဏ်းဆောက် ဂါထာမြတ်ချည် ... [illegible]

ခက်ခဲသော ပါဠိအသံထွက်

ဇနေမ္မံ = ဇနမ်ုံ

ဝေမတ္တ = ဝမ်တာ

မွေ့ရုံသိ = ဝမ်မုံသိ

ယမိတမ္ဘ = ယမိတမ်

ယမောဒန္တော = ယမော ဒန်တော

ဗထံမာရသ = ဗလံ မာရတ်သ

အနက်

ယောကရာကရော အကြောင်း ရောင်ခြည်တော် ... ခြောက်ပါး၏ တည်ရာဖြစ်သော ဘုရားတည်းဟူသော ... နေမင်းသည် ... သစ္စာလေးပါးကို ... ဝိတ်ကွယ် ...



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ဘာဘာဆရာကျော်၏ ဆရာကိုင် အင်းတော်ကြီး




၁။ အင်း(၄)ကွက်ပတ်လည်(မြင်းသွား)
၂။ ╲ ပတ်လည်
၃။ ၉ ပတ်လည်
၄။ အကျော်၊ စေယပတ ပတ်လည်
၅။ ✓ ပတ်လည်
၆။ ၉ ပတ်လည်
၇။ ✕ ထောင့်တိုက်

ယင်းအင်းတော်ကြီးကို မြွေကူရာ၌ လည်းကောင်း၊ မြွေဖမ်းရာ၌လည်းကောင်း၊ ကိုယ်၌အမြဲဆောင်ထားရမည်။ ပယောဂကုရာ၌ ရေစိမ်တိုက်ခြင်း၊ မီးလွှန်ခြင်းများ ပြုလုပ်နိုင်သည်။ မီးလွှန်ရာ၌ တော်ရုံနှင့် မလုပ်ပါနှင့်၊ မီးစာလည်း မကုန်စေနှင့်။ ယင်းအင်းတော်ကြီးအား နေမလှန်းရ၊ မီးမကာင်ရ(အထူး သတိပြုရမည်)

အင်းပေါင်းနှစ်ထပ်ခွဲခြင်းမှာ အိုင်ခံထားခြင်းဖြစ်သည်။ နှစ်ချပ်အား ရှိသည်။ သတိပြု၍ အင်းကိုချပါ။



သော အဝိဇ္ဇာဟူသော မှောင်မိုက်ကို ဖျောက်ပြီးမှ- တရားတည်းဟူသော ရောင်ခြည်တော်တို့ဖြင့်၊ မေမဲ့စွာ - ချွဲ့မဲ့ ဖျက်ဆီးတော်မူ၍ စေမျှ - ထွတ် ထိုက်သောသတ္တဝါတို့ကို ပဓော စေသီ-သစ္စာလေးပါးတရားကို သိခြင်းသို့ ရောက်စေသောအားဖြင့် ပွင့်စေတော် မူခဲ့ပြီးသော၊ ကရုဏာစော- ထိုခြောက်သွယ်သော ရောင်ခြည်

## မြွေမှော်တက်ပြီး ဆရာဖြစ်သူများအတွက် ဆေးချက်အက္ခရာများ

အောက်ပါအတိုင်း ဆက်လက်ထိုးနှံရပါမည်။




ကျောထယ်

**အင်းဆန်------**

ဣတိပိသော ပိသောသောဣ
ဣသောသော ပဋ္ဌာမိဣ
ဣမိနာဘုဋ္ဌ တံသောဣ
ဣသောတံ ဗုဒ္ဓပိတိဣ

**အင်းဆန်------**

လာသုစိုးရ တန်ခိုးပြုဖ်။

**အလယ်ကွက်------**

# မာံ (သို့) ဓာရ




ထက်ရုံ(သို့)သင်္ချိုင်းရာ



(လက်ရင်း)



(လက်ဖမ်း)



(လက်ရင်း)

ကျွန်ချိုတဲဆိပ်
ဆရာဖြစ် သင်္ကေတ


စာမျက်နှာ (၂၉) သို့
www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ

# ကျန်းမာရေးအကျက်

အကြံပေးချက်

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင်...

◆ **မိဿရာသီဖွား (မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ ရက်အတွင်း မွေးသူ)တို့** သည် တေဇောဓာတ်စာများကို အားပြု စားသုံး၍ ဝါယောဓာတ်စာများကို လျှော့ ပေါ့ ရှောင်ကြဉ်သင့်ပါသည်။

○ **တေဇောဓာတ်စာ ။ ။** မြေပဲလှော်သား၊ မြေ ပေါက်သား၊ ငါးမြွေ၊ ငါးပဲမ၊ ငါးတန်၊ ကာဘီလူး၊ ကကတစ်၊ ငါးကြင်း၊ ငါး သလောက်၊ ကြောင်၊ ကြက်၊ ရှဉ့်သား၊ ဒူးရင်းသီး၊ ရဲယိုသီး၊ ရဲယိုရွက်၊ သခွော သီးမှည့်၊ ဩဇာသီး၊ တောင်လျားသီး၊ မရမ်း သီး၊ သံပရာသီး၊ ရှောက်ချဉ်သီး၊ ဆီးသီး (ချဉ်)၊ ကနစိုးသီး၊ လက်လုပ်ချဉ်မျိုးစုံ၊ မုန်လာဥ၊ ကြက်သွန်မြိတ်၊ ချင်း၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ ကရဝေး၊

သစ်ကြိုး၊ လေညှင်း၊ ပဒဲကော၊ ပင် စိမ်း၊ ဒန့်သလွန်၊ တောင်သလဲရွက်၊ ပေါက် ပန်းဖြူ၊ ပေါက်ပန်းနီ၊ ကြက်မှန်ရွက်၊ ချဉ်ပေါင် ရွက်၊ ကင်ပွန်းရွက်၊ ကုက္ကိုရွက်၊ ကြာဟင်း ငုံ၊ ထန်းရည်၊ ဝဥ- အင်ဥ၊ မီလောမီနံ့ဥ။

○ **ဝါယောဓာတ်စာ ။ ။** ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကာဘီလူး၊ ကကတစ်၊ ကြက် ဥ၊ ဘဲဥ၊ လိပ်ဥ၊ ငှက်ဥ၊ ကင်ပွန်းရွက်၊ မာလာဘူး၊ ပုတတ်စား၊ သရက်ကင်းဖူး၊ ရွှေဖတောက်ရွက်၊ သပွတ်ခါးသီး၊ ကြောင် လျှာသီး၊ ဆေးပုလဲ၊ ဆင်တုံးမနွယ်၊

သခွားသီးရှင်း၊ တမာရွက်၊ ယင်းမြား၊ လက်ဖက်၊ ရှားစောင်းခါး၊ ကနဂလာ၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မုန်လာရွက်၊ သခွတ်ပွင့်၊ လက်ပံပွင့်၊ ဆူးပုပ် ရွက်၊ ကစော့ခါး၊ ကြောင်ပန်းရွက်၊ ပေါလောင်၊ မန်ကျည်းမှည့်၊ ဟင်းနုနယ်၊ ထန်းလျက်၊ မုန့်ညင်းခါး။

◆ **ပြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးသူ)တို့** သည် ပထဝီဓာတ်စာကို အားပြု၍ အာပေါဓာတ်စာများကို လျှော့ပေါ့ စား သုံးပါ။

○ **ပထဝီဓာတ်စာ ။ ။** ကြက်သား၊ ချိုး ငှက်၊ ခွေး၊ သမင်၊ ဒရယ်၊ ဆတ်၊ ဆိတ် သားများ၊ ဝက်ပေါင်သား၊ အမဲ(နွား) သား၊ ဖွတ်၊ ပုတတ်၊ လင်းမြွေ၊ ဝေါး ကြီးမြွေသား၊ ငါးရှဉ့်၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ ငါးစင်စစ်၊ ပုစွန်၊ ငါးသလောက်၊ ငါးရှဉ့်၊ ငါးမြွေထိုး၊ နွားနို့၊ ဆိတ်နို့၊ ကျွဲနို့၊ ထောပတ်၊

မိန်းဥ၊ ကိုင်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ဥသျှစ်၊ တညင်း၊ မာလကာ၊ ဒူးရင်း၊ မန်ကျည်း မှည့်၊ ငိုဟာရွက်၊ မုန်လာဥ၊ ကောက်ညှင်း၊ ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ ခုန်းသီး၊ သစ်ကြားသီး၊ စားတော်ပဲ၊ ဒန့်သလွန်။

○ **အာပေါဓာတ်စာ ။** ရေငုံးသား၊ ကျွဲ သား၊ ကြံ့သား၊ ချေကြက်သား၊ ဝက်သား (သုံးထပ်)၊ ခရု၊ ထိပ်၊ ဂဏန်း၊ ကမာ မျိုး၊ ဘဲ၊ ငန်း၊ ငါးလင်ပန်း၊ ငါးပတ်၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးရှ၊ ငါးကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်းဖိုး၊ ကကူရံ၊ ကာဘီလူး၊ ကသဝေါင်း၊ ကသို၊ ငါး သလဲထိုး။

ပျော်သီး၊ ဆီးချိုသီး၊ လိမ္မော်သီး၊ ရှောက် ချိုသီး၊ သရက်သီး၊ ဘူးသီး၊ သခွားသီး၊ ကျောက်ဖရုံသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ သခွောသီး၊ မီးကြွင်း ငှက်ပျော၊ ကနဖော့၊ မန်ကျည်းသီးစိမ်း၊ လယ်ပတ္တူ၊ ဆောင်မဲသို၊ ခဝဲ၊ သပွတ်၊

မင်းခွတ်သီး၊ ကြက်သွန်နီ၊ ကြံရည်၊ ကျောက်ပုံ ရေညှိ၊ စားတော်ပဲ၊ တော်သလင်း ဖူး၊ ဂေါ်ဖီထုပ်၊ နို့၊ ဆိတ်ဖူး၊ မုန့်ညင်းဖြူ၊ ပုန်းရည်ကြီး၊ အုန်းရည်၊ ဖလံတောင်ဝှေး။

◆ **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)တို့** သည် ဝါယောဓာတ်စာများကို အားပြု စားသုံး၍ တေဇောဓာတ်စာကို လျှော့ပေါ့ ရှောင်ကြဉ်ပါ။

◆ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)တို့** သည် အာပေါဓာတ်စာများကို အားပြု စားသုံး၍ ပထဝီဓာတ်စာများကို လျှော့ ပေါ့ ချင့်ချိန်စားသုံးပါ။



◆ **သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)** တို့သည် တေဇောဓာတ်စာများကို အားပြုစားသုံး၍ ဝါယောဓာတ်စာများ ကို ချင့်ချိန်စားသုံးပါ။

◆ **ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက်အတွင်း မွေးသူ)** တို့သည် ပထဝီဓာတ်စာများကို အားပြု စားသုံး၍ အာပေါဓာတ်စာများကို လျှော့ ပေါ့ စားသုံးပါ။

◆ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေး သူ)**တို့သည် ဝါယောဓာတ်စာများကို အားပြုစားသုံး၍ တေဇောဓာတ်စာများ ကို သတိပြု စားသုံးပါ။

◆ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာများ ကို အားပြုစားသုံး၍ ပထဝီဓာတ်စာများ ကို ချင့်ချိန်လျှော့ပေါ့ပါ။

◆ **ဓနုရာသီဖွား(နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်းမွေးသူ)**တို့ သည် တေဇောဓာတ်စာများကို အားပြု စားသုံး၍ ဝါယောဓာတ်စာများကို လျှော့ပေါ့ ရှောင်ကြဉ်ပါ။

◆ **မကာရရာသီဖွား(ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)**တို့ သည် ပထဝီဓာတ်စာများကို အားပြုစား သုံး၍ အာပေါဓာတ်စာများကို လျှော့ပေါ့ ချင့်ချိန်ပါ။

◆ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရက်မှ ဖေဖော်ဝါရီ ၁၈ရက် အတွင်းမွေးသူ)** တို့သည် ဝါယောဓာတ်စာများကို အား ပြု စားသုံး၍ တေဇောဓာတ်စာများကို ချင့်ချိန်စားသုံးပါ။

◆ **မိန်ရာသီ(ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ် ၂၀ရက်အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာများကို အားပြုစားသုံး၍ ပထဝီဓာတ်စာများကို လျှော့ပေါ့ စား သုံးပါ။

**အာရောဂျသုတသစ်နှင့်** **မြင့်** [illegible]

ငါဒေး

ဆေးသုတေသီ



www.burmeseclassic.com

www.burmeseclassic.com



# [illegible]

## ကြုံခဲ့ရသော ကျွန်တော့်အဘွား

ကိုကိုရွှေအော်
(ကသာမြေ)

ကျွန်တော်၏အဘွား ဒေါ်သင်(မိခင်ကြီး ဒေါ်မြကြည်၏အမေ) ထီးချိုင့်မြို့တွင် နေထိုင်လျက်ရှိစဉ်က ဖြစ်ပါသည်။

အချိန်ကာလမှာ ၁၉၃၈ ခုနှစ်ခန့်က ဖြစ်၏။ (**အဘွား၏ မှတ်စုစာအုပ်တွင် နေ့ ရက် ဖော်ပြထားခြင်း မရှိပါ။**)

အဘွား ရေးသားထားသည်မှာ လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသော်လည်း စာလုံးအထားအသို အစီအစဉ်အကျ မရှိခြင်း၊ ဖတ်ချင်စဖွယ် ဖြစ်အောင် ရေးသားထားသည် မဟုတ်ဘဲ မှတ်တမ်းတစ်ခုအနေဖြင့် မှတ်သလို ရေးသားထားခြင်းများကြောင့် ကျွန်တော် ပြန်လည်တင်ပြသည့်အခါတွင် မူရင်းအရသာမပျက်စေရအောင် အနည်းငယ် ပြင်ဆင်၍ အဘွားဒေါ်သင်မှတစ်ဆင့် ပြောကြားသည့်ဟန်ဖြင့် ရေးသားသွားမည် ဖြစ်ကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာရှုသူများအား ကြိုတင် အစီအရင်ခံ အပ်ပါသည်။

* * *

ကျုပ်ရဲ့ နာမည်က "ဒေါ်သင်"တဲ့။ ကသာခရိုင် ထီးချိုင့်မြို့သူပေါ့။ ကျုပ်ယောကျ်ားက မှန်တိုင်းရင်းသား၊ သစ်တိုင်းစာရေးကြီး ဦးစံလင်းတဲ့။ ကျုပ်မှာသားသမီး(၄)ဦးထွန်းကားတယ်။

အကြီးဆုံးသားက "ထွန်းကြည်"၊

ဒုတိယသမီးကတော့"အရီ"လို့ ခေါ်တယ်။

တတိယသမီးက "အကြည်" (စာရေးသူ၏မိခင်ကြီး ဒေါ်မြကြည်)

အငယ်ဆုံးသားက "စိုးမောင်" [ယခု စာရေးနေချိန်တွင် အသက်(၈၃)နှစ်ရှိပြီဖြစ်သည်။] ဆိုပြီး သားသမီး(၄)ယောက် မွေးခဲ့တယ်။ အဲဒီ(၄)ယောက်အနက် တခြားသားသမီးတွေက မထူးခြားပေမယ့် ဒုတိယသမီး "အရီ" ကတော့ ထူးခြားတယ်။

**သူက အင်္ဂလိပ်လူမျိုး ဝင်တာလေ။ ဆံပင်ကရွှေအရောင် မျက်လုံးက အပြာ တောက်နေတဲ့ ချစ်စရာလေးပေါ့လော်...**

အဲ... အရီ (၄)နှစ်သမီးအရွယ် ရောက်တော့ တီတီတာတာ ပြောတတ်နေပြီ။ အဲဒီမှာ သူက ကျုပ်ကို ပြောတယ်။

'အမေ... သမီး အင်္ဂလန်ကနေပြီ မြန်မာနိုင်ငံကို လာခဲ့တာ'

တဲ့။

အင်္ဂလန်ဆိုတာ ဘယ်နားမှာရှိသလဲ ကျုပ် မသိပါဘူး။ ပြီးတော့ ပြောသေးတယ်။

'သမီးဟာ (၁၈)နှစ်ကျော်မှ အမေ့သမီး ဖြစ်မှာ အမေ'

တဲ့။ အဲဒီလိုပြောတော့ ကျုပ်က...

'ဟဲ့...သမီး။ မပြောကောင်းမဆိုကောင်း အဲဒီလိုမပြောရဘူး'

ဆိုပြီး တားပေမယ့်...

'သမီးအကြောင်းကို သမီးသိပါတယ် အမေရယ်'

တဲ့။

'သမီးဟာ အရင်ဘဝက ဆင်းရဲတယ်။ သမီး(၁၈)နှစ်အရွယ်မှာ ဖျားလို့ ဆရာဝန်နဲ့ ဆေးကုတယ်။ အဲဒီမှာ ဆုံးပါးခဲ့တယ်။ *(၁၉၂၀ ပြည့်နှစ်ဝန်းကျင်က အင်္ဂလန်တွင် ဖြစ်ပါသည်။)*

အဲဒီကနေ သမီး လျှောက်သွားရင်း အမေနဲ့ တွေ့တယ်။ မြစ်ဆိပ်မှာ ရေလာခပ်တဲ့ အမေ့နောက်ကို လိုက်လာပြီး အမေသောက်မယ့် ရေခွက်ထဲ အမိုက်ယောင်ဆောင် ဝင်နေခဲ့ အမိုက်စကို အမေက မြင်ပြီး ဖယ်ခဲ့တာ





www.burmeseclassic.com

www.burmeseclassic.com

(၃)ကြိမ်တိတိပဲ။

ဒါနဲ့ အမိုက်စ သေးသေးလေးလုပ်ပြီး ကြိုးစားကြည့်လိုက်မှ အမေက မျှော်သောတဲ သောက်ချလို့ သမီး အမေ့ဗိုက်ထဲကို ရောက်လာခဲ့တာ'

ကဲ… တိုတိုပြောကြပါစို့ရဲ့၊ ၁၉၂၀ ပြည့်နှစ်မှာ မွေးတဲ့ ကျွန်မသမီး "အရီ" ဟာ ၁၉၃၈ ခုနှစ်မှာ(၁၈)နှစ်ထဲ ရောက်လာတယ်။ ခေတ်ကာလကလဲ သိတဲ့အတိုင်း။ ကျွန်မတို့ မြန်မာနိုင်ငံကို နယ်ချဲ့ တိုင်းတစ်ပါးသားတွေက မတရား အုပ်ချုပ်နေတဲ့ အချိန်။

အဲဒီအချိန်မှာ…

ကံဆိုးတဲ့ ကျွန်မသမီးလေး "အရီ" ဟာ ကျောက်ရောဂါဖြစ်ပါလေရော။ မျက်နှာတစ်ပြင်လုံး အဖုအပိမ့်တွေ ထွက်လာတယ်။ ကျွန်မသမီးလေး ခမျာမှာ ပူလွန်းလို့ လူးလိမ့်နေရတာပေါ့။

အပူသက်သာအောင်ဆိုပြီး ကိုယ်အောက်မှာ ငှက်ပျောဖက်တွေ ခင်းပေးထားရတယ်။ ဒါနဲ့ပဲ ကျွန်မသမီးလေး ရောဂါမိနှစ်ရဲ့တော့တာပေါ့။

ကျွန်မသမီး ဆုံးတော့ ကျွန်မလဲ အရူးတစ်ပိုင်း ဖြစ်သွားတယ်လေ။

အဲဒီအချိန်မှာ…

**"အဘအောင်မင်းခေါင်"** ကျွန်မတို့ ထီးချိုင့်ကို ကြွလာတယ်ဆိုတာ ကြားလိုက်ရတယ်။

ပြီးတော့…

ကျွန်မရဲ့ အစ်မဝမ်းကွဲ "ဒေါ်သီ" အိမ်မှာ တည်းနေသတဲ့။ ကျွန်မလဲ အင်မတန် တွေ့ချမြင်ချင်ခဲ့တဲ့ အထက်လမ်းက ဆရာတစ်ဆူနဲ့တွေ့ဖို့ ညောင်ပင်ကြီးတန်းမှာရှိတဲ့ အစ်မ ဒေါ်သီရဲ့ နှစ်ထပ် ပျဉ်ထောင်အိမ်ကြီးဆီ တန်းတန်းမတ်မတ် ရောက်ခဲ့တယ်။

"အဘအောင်မင်းခေါင်"က စိဉ် ပုတီးကြီး လည်ပင်းမှာ ဆွဲလို့ ဘုရား



စင်ရှေ့မှာ ကျကျနနထိုင်နေတယ်။

စွပ်ကျယ်လက်ပြတ်အဖြူ ဝတ်ဆင်ထားပြီး အညာဖျင်ကြမ်း ပုဆိုးကွက်ကျဲကြီးကို ဒူးဆစ်ထိအောင် ဝတ်ထားတယ်။ အဘအောင်မင်းခေါင်ရဲ့ ရှေ့မှာ ယောက်ျား၊ မိန်းမ(၁၀)ယောက်လောက် စုထိုင်နေကြတယ်။

ကျွန်မကလဲ အဘအောင်မင်းခေါင်ရဲ့ အနားကို ရောက်အောင် မသိမသာနဲ့ တဖြည်းဖြည်းရှေ့ကို တိုးသွားလိုက်တယ်။ အဲဒီမှာ…

ခေါင်းပေါင်းကြီး ပေါင်းထားတဲ့ "ဘိုးကြိုင်"ဆိုသူက အဘအောင်မင်းခေါင်ကို ကန်တော့ပြီး…

'ကျွန်တော် ခေါင်းကိုက်တဲ့ ဝေဒနာကို ခံစားနေရပါတယ်အဘ'

လို့ ပြောလိုက်တယ်။

အဲဒီတော့ အဘအောင်မင်းခေါင်က…

'ယင်းပေါင်းထားတဲ့ ခေါင်းပေါင်းကို ဖြုတ်ပေးစမ်း'

လို့ မိန့်လိုက်တယ်။ အဲဒီအခါ ဘိုးကြိုင်က သူရဲ့ ခေါင်းပေါင်းကို ဖြုတ်ပြီး တရိုတသေ ပေးလိုက်တော့

အဘအောင်မင်းခေါင်က လှမ်းယူပြီး သူ့ခေါင်းမှာ ပေါင်းထားလိုက်တယ်။ အဲဒီလို ပေါင်းပြီးတဲ့နောက်မှာ ဘိုးကြိုင်ကို အခုလို မေးလိုက်ပါတယ်။

'ကဲ… ယင်း ခေါင်းကိုက်ဝေဒနာ ပျောက်သွားပြီ မဟုတ်လား'

ဘိုးကြိုင်က **"ပျောက်သွားပါပြီ အဘ"**လို့ ပြန်ဖြေတယ်။

နောက် အဘအောင်မင်းခေါင်က ကျွန်မမျက်နှာကို စိုက်ကြည့်ပြီး…

'ပရိုဖိုအပ်ဖွဲ့တော့ လေ့လာလေးတော့ လှသာ ကိုး'

ရေရွတ်ရင်း ခေါင်းတဆတ်ဆတ် ညိတ်နေပါတယ်။

'မင်းရဲ့ သောကမီးတွေကို အဘက မေတ္တာရေနဲ့ ငြိမ်းပေးရမှာပေါ့'

လို့ ဆိုပြီး ကျွန်မဆံပင်မှာ ပတ်ထားတဲ့ "ဘီး"ကို တောင်းတယ်။

ကျွန်မလဲ ဘီးကို ဖြုတ်ပေးလိုက်တော့ အဘက သူ့ခေါင်းမှာ ယူစိုက်ထားလိုက်တယ်။ ပြီးတော့…

'ကဲ…ယင်းမှာ ပူပင်သောကတွေ ကျန်သေးရဲ့လား'

လို့ မေးတယ်။ ကျွန်မကလဲ…

'မကျန်တော့ပါဘူး အဘ အဘရဲ့ မေတ္တာရေကြောင့် ရင်ထဲမှာ အေးမြသွားပါပြီ'

လို့ လှိုက်လှိုက်လှဲလှဲ ပြောလိုက်မိတော့တယ်။

**ကိုကိုခန့်ဈေး(ကသာမြေ)**

[illegible]





www.burmeseclassic.com

www.burmeseclassic.com



လှမြအေးကြိုင်
(ရွှေတောင်)

# အရူးမနိုင် နှစ်ယောက်ချိုင်ရ

ရွာအမည်က …ရွာ၊ တောင်ခေါင် ခေါင် ရွာကလေးပေါ့။ …မြို့နဲ့ ဆိုရင် မိုင်လောက် ဝေးပါတယ်၊ အိမ်ခြေ ခေါင်း (၃၅)အိမ်လောက် သာရှိတဲ့ ရွာကလေးပေါ့။

ရွာလူကြီးများ ပြောစကားအရ ရွာတစ်ရွာ တည်တော့မယ်ဆိုရင် စုန်းမ(၇)ယောက် မရှိရင် ရွာတည်လို့ မရဆိုတာ မှန်နေပါတယ်။

ဘာပြုလို့လဲဆိုတော့ အဲဒီ ရွာကလေးမှာ စုန်းမ၊ ကဝေမတွေ (၇) ယောက်မက ရှိနေလို့ပါပဲ။

မနောမယ်ဆို့၊ ဆရာကြီး ဦးစိန်လှ ဆေးကုသရင်း တွေ့တာတောင် (၇) ယောက်မက ရှိတယ်။

တော်ရုံတန်ရုံ ဆရာဆိုရင် သူတို့တွေ ပညာပြလွှတ်တော့တာပဲ။ ဘယ်လို ပညာပြသလဲဆိုရင် အဲဒီဆရာ ထိုင်ရာက ထရင် ထိုင်နေတဲ့ ဖျာကလေး ဖင်နဲ့ ကပ်နေပြီး ခွာလို့ မရတော့ဘူး။

ဆရာလုပ်တဲ့သူက ပညာမပြကြပါနဲ့၊ အရှက်မခွဲပါနဲ့ တောင်းပန်ပါတယ်လို့ စိတ်ထဲက တောင်းပန်မှ ဖျာနဲ့ ဖင်နဲ့ ခွာလို့ ရသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ချင်း ညီညွတ်တာတွေ ရှိသလို ပညာပြိုင်တာတွေလဲ ရှိတယ်။ လကွယ်ညတွေဆိုရင် ည(၁၀)နာရီလောက် ရွာရဲ့ ကောင်းကင်မှာ စုန်းကစားတဲ့ မီးလုံးကြီးတွေ တွေ့မြင်ရစမြဲပါ။

စုန်းပညာ တတ်ထားသူတိုင်း စုန်းမီးမကစားဘဲ မနေနိုင်ကြပါ။ အဲဒီမှာ သူတို့ချင်း ပညာပြိုင်ကြတယ်။

မီးလုံးကြီး (၁)လုံးကစား၊ စုန်းတောက်နေတဲ့အချိန် ကျန်တဲ့ မီးလုံး (၁)လုံး ထပ်ပေါ်လာပြီး မီးလုံး(၂)လုံး တစ်လုံးနဲ့တစ်လုံး ပြိုင်ကြတယ်၊ ဆိုလိုတာက စုန်းမချင်း ရန်ဖြစ်ကြတာပေါ့။

သူတို့မှာ အဆင့်အမျိုးမျိုး ရှိကြတယ်၊ အနည်းဆုံး (၆)ကြိုး၊ (၇)ကြိုး၊ (၈)ကြိုး၊ (၉)ကြိုး၊ (၁၀)ကြိုး၊ (၁၂)ကြိုး စသဖြင့် အဆင့်ဆင့် ရှိကြတယ်။

(၁၂)ကြိုး အဆင့်ရှိရင် ထဘီခြုံရင် လင်းတငှက်အသွင် ပြောင်းသွားပြီး ကောင်းကင်ပျံလို့ ရကြတယ်။ ကျန်အဆင့်ငယ်များ ကောင်းကင်ပျံလို့ မရကြပေ။

(၁၂)ကြိုးထက်မြင့်တဲ့ ကဝေမှုံလွှားဆိုတာ ရှိသေးတယ်။ သူတို့ ထဘီခြုံရင် ပျံလွှားငှက်ကလေးအသွင်ဖြစ်ပြီး ကောင်းကင်ပျံလို့ရတယ်။

ပျံလွှားငှက်က လင်းနို့လောက်ရှိပြီး သေးသေးလေးဆိုတော့ သွားချင်တဲ့ နေရာ လျှင်လျှင်မြန်မြန်နဲ့ ဖွစ်ခနဲ ဖွစ်ခနဲနဲ့ ရောက်လာတတ်တယ်။

အိမ်ထဲ ဝင်လာရင် အိမ်သူအိမ်သားတွေ ဘာတွေ ဆိုနေတယ်၊ ပြောနေတယ် စသဖြင့် နားထောင်ပြီး လာရင်းနဲ့ ပြန်သွားတတ်ကြတယ်။

(၁၂)ကြိုးအောက် ကြိုးငယ်များက ချိုးပိုးထိုးအကောင်ကိုပဲ ဝင်စီးလို့ရတယ်။ အိမ်ထဲဝင်လာတဲ့ ချိုးပိုးထိုးဆိုရင် သူတို့စုန်းမတွေ ဝင်စီးလာတာများတယ်။

တချို့ အိမ်သူအိမ်သားတွေက ရိုက်လွှတ်လိုက်ကြတယ်၊ ရိုက်တာ မြင်မြင်ချင်း သူတို့က အရင် ရှောင်ထွက်သွားလို့ ချိုးပိုးထိုးအကောင်ပဲ သေသွားတယ်။

စုန်းကဝေမတွေမှာ ကြိုး အကြီးအငယ်ရှိသလို သူ့အတတ်ပညာနဲ့ အဆင့် အသီးသီးရှိကြတယ်။ ဟိုးရှေးက စုန်းကဝေမတွေဟာ သူတို့မျက်ရည်ပေါက်ကြီးငယ် ကျတဲ့အထိ (သို့မဟုတ်) ဒုက္ခရောက်အောင်လုပ်မှ ပြုစားတတ်ကြတယ်။

ပြုစားရာမှာ များသောအားဖြင့် အစာကျွေးပြီး ပြုစားတာများတယ်။ ခုခေတ် စုန်း/ကဝေများကတော့ ဒီလို မဟုတ်ဘူး။

ချစ်လဲလုပ်၊ မုန်းလဲလုပ်၊ မနာလိုလဲ လုပ် ထစ်ခနဲဆို ပြုစားကြတော့တာပဲ။ များသောအားဖြင့် အစာမကျွေးဘဲ ပြုစားကြတယ်။

အစာက ငွေနဲ့ ရင်းပြီး ဝယ်ရတယ်။ အဲဒီ အစားအစာ မစားဘဲ နေရင်လဲ အဲဒီလူမှာ ဘာမှ မဖြစ်ဘူး။

ဒါကြောင့် ငွေလဲ ရင်းစရာမလို အစာလဲ မကျွေးဘဲ မျက်စောင်းထိုး၊ ဖနောင့်ပေါက်၊ အုံ့ကြိတ် ခြေရာကောက် အတတ်ပညာတစ်ခုခု သင်ထားကြတယ်။

ကိုယ်ပြုစားချင်တဲ့သူ ကံနိမ့်ရင် မျက်စောင်းထိုး အတတ်ပညာ သင်ထားသူက မျက်စောင်းလှမ်းပြီး (၃)ချက် ထိုးလိုက်ရင် သူဖြစ်ချင်တဲ့ ရောဂါ ဖြစ်တော့တာပဲ။

ဖနောင့်ပေါက် သင်ထားသူလဲ ဖနောင့်(၃)ချက်ပေါက်လိုက်ရင် ရောဂါတစ်ခုခုဖြစ်၊ အုံ့ကြိတ် အတတ်ပညာသည်လဲ အုံ့ကို (၃)ချက် ကြိတ်လိုက်ရင် ရောဂါတစ်ခုခု ဖြစ်ပြီပေါ့။

ခြေရာကောက် အတတ်ပညာ သင်ထားသူကလဲ ခြေရာကို တက်နင်းလိုက်ရင် သူတို့ ဖြစ်ချင်တဲ့ရောဂါ ဖြစ်ရောပဲ။

သူတို့အတတ်ပညာထက် အဆင့်မြင့် အတတ်ပညာလဲ ရှိသေးတယ်။ (၁၂) ကြိုးအောက်ကပါ။

အဲဒါဘာလဲဆိုရင် အရိပ်ဖမ်း အတတ်ပညာနဲ့ အသံဖမ်းအတတ် ပညာတို့ပါပဲ။ အရိပ်ဖမ်းအတတ်ပညာ သည်က သူ ပြုစားချင်ရင် နေထွက် လာအောင် စောင့်ရတယ်။ နေထွက် လာရင် သူပြုစားချင်တဲ့ ကံနိမ့်သော သူနောက် လိုက်သွားတာပဲ။ နေ ထွက်တော့ အဲဒီလူရဲ့ အရိပ်တော ပေါ်နေပြီပေါ့။

အဲဒီလူရဲ့ အရိပ်ကို တက်နင်းပြီး ဖမ်းစားလိုက်ရင် သူဖြစ်ချင်တဲ့ ရော ဖြစ်ပြီပေါ့။

အသံဖမ်း အတတ်ပညာ သင်ထာ သူ ပညာသည်က လူလဲ မမြင်ရ နာမည်လဲ မသိဘူး၊ နေနဲ့လဲ မသိ ဒါပေမယ့် အသံကလေး ကြားလိုက် ကြားတဲ့ အဲဒီအသံကို ဖမ်းပြီး ပြု လိုက်တယ်။ ရောဂါတစ်ခုခု ဖြစ်တော တာပဲ။ အခင်မတန်မှ ကြောက်စ ကောင်းပါတယ်။

(၁၂)ကြိုးကဝေများ လူကို မ သော်လဲ ဓာတ်ပုံဖြစ်ဖြစ်၊ အသုံ အဆောင်ပစ္စည်းတစ်ခုခု (ဥပမ လက်ကိုင်ပဝါ ဆိုပါတော့ အဲဒီပစ္စ တစ်ခုခု သူတို့လက်ထဲရောက် လူကို ရောဂါတစ်ခုခုဖြစ်အောင် 



www.burmeseclassic.com

www.burmeseclassic.com

နိုင်တယ်။ သတိထားစရာပါ။ ဒါပေမယ့် တချို့က သရဲ တစ္ဆေ စုန်း ကဝေတွေ ရှိတယ်ဆိုတာ မယုံကြဘူး။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ မေတ္တသုတ်ပရိတ်တော် ပေါ်လာတာဟာ ရဟန်းတွေကို ရုက္ခစိုးတွေက ခြောက်လှန့်ကြလို့ ရုက္ခစိုးများလဲ နေနိုင်အောင်၊ မဖမ်းစားနိုင်အောင် ရွတ် ပေးတဲ့ ပရိတ်တော်ပဲ၊ တန်ခိုး သိဒ္ဓိအပြည့်ရှိတယ်။ အထင် အရှားပဲ။

မြတ်စွာဘုရားလက်ထက်မှာ ဘုရားက ရဟန်းများ ပံ့သကူသင်္ကန်း ကိုယ်တိုင်ရှာ၊ ကိုယ်တိုင်ဆေးဆိုး၊ ကိုယ်တိုင်ချုပ်လုပ်ခွင့်ပဲ ပေးတယ်။

ရဟန်းများက ပံ့သကူသင်္ကန်းအတွက် အဝတ်များကို သုသာန်လို နေရာမျိုးမှာ သွားရှာကြရတယ်။ ရတာတွေကို စပ်ညှပ်ချုပ်ဆေးဆိုး ဝတ်ကြရတယ်။

တစ်ခါက ရဟန်းတစ်ပါးဟာ သုသာန်မှ လူသေရဲ့ စွန့်ပစ်အဝတ်ပိတ်စကို တွေ့တော့ ပံ့သကူသင်္ကန်းအတွက် ကောက်ယူလိုက်တာပေါ့။ အဲဒီအဝတ်ပိုင်ရှင် သရဲက သူ့ပစ္စည်းဆိုပြီး ဆွဲထားတယ်။ ရဟန်းကလဲ ပံ့သကူသင်္ကန်း မရမဖြစ်လို့ အတင်းဆွဲကြတယ်။

နှစ်ဦးသား အားပြိုင်ဆွဲတာ ရဟန်းပဲ ရသွားတယ်။ ရသွားပေမယ့် အဲဒီ ရဟန်းက တွေးတယ်။ သေသွားသူရဲ့ သူမပေးချင်တဲ့ပစ္စည်း ဓါကလဲ မရအောင် အတင်းဆွဲယူလိုက်တယ်။ သူများ မပေးချင်တဲ့ပစ္စည်း ငါ လုယူမိပြီး ခိုးယူသလိုဖြစ်ပြီ။ ခိုးတဲ့အပြစ် ငါ့မှာ ဖြစ်သွားပြီ။

ဒီ [illegible] အကြောင်းကို မြတ်စွာဘုရားထံ သွားပြီး လျှောက်ထားတယ် [illegible] အကြောင်းနဲ့ လျှောက်ထားပါ [illegible] မြတ်စွာဘုရားက ဒီ ခိုးရာ [illegible]



မြောက်ဘူး။ သူ့ပစ္စည်း မှန်ပေမယ့် [illegible] အတွက် သူ့ရဲ့ [illegible] [illegible] မြင်သာရဟန်း [illegible] [illegible] လို့ ဟောကြိုက် ထိတယ်။

ဒါ ဘုရားဟော သုတ္တန်မှာ တစ္ဆေ သရဲရှိကြောင်း အထင်အရှားရှိနေတာပဲ၊ သရဲထဲမှ ဘုန်းကြီးတစ္ဆေ သရဲ တောင် တွေ့ဖူးသူတွေ ရှိကြတယ်။

...ရွာက ရွာသူစုန်း ကဝေများ သူတို့ဖြုစားလိုက်ရင် များသောအား ဖြင့် စီးပွားပျက်၊ ရှုချင်ရှုး မရှုးရင်လဲ သေတဲ့အထိ ဖြုစားတတ်ကြတယ်။ လူလုပ်မရရင် မွေးထားတဲ့တိရစ္ဆာန်၊ ဝက်တွေ၊ နွားတွေကိုလဲ လုပ်တာပဲ၊ တခြား စက်ပစ္စည်းမော်တော်ကား၊ မော်တော် ဆိုင်ကယ်၊ ရေခဲသေတ္တာ၊ တီဗွီတွေလဲ ပျက်အောင် လုပ်ကြတယ်။

အရောင်းအဝယ် လုပ်ငန်းလဲ ရောင်းမကောင်းအောင် လုပ်နိုင်ကြတယ်။ စိုက်ပျိုးရေးလဲ မအောင်မြင်အောင် လုပ်ကြတယ်။ တော်ရုံတန်ရုံ ဆရာတွေ သူတို့ရွာကို မလာရဲ၊ မကုရဲကြဘူး။ သူတို့ ဖြုစားထားသူ မှန်သမျှ ဆေးမတိုးတော့ဘူး။ နိုင်တဲ့ ပယောဂဆရာနဲ့ ကုမှ ပျောက်ကြတယ်။

မနက်(၉)နာရီ ...ရွာမှ လူကြီး တစ်ယောက် လာပင့်သဖြင့် နုံဖြတ်လမ်းမှ မနော မယိဒ္ဓိဆရာကြီး ဦးစိန်လှ လိုက်သွားပါတယ်။

သူတို့ ...ရွာရောက်အောင်တော့ လမ်းကနေ နွားလှည်းဖြင့် သွားကြရတယ်။ ပင့်တဲ့သူနဲ့ ဆရာကြီး ဦးစိန်လှ နှစ်ဦး လှည်းစီးသွားရင်း ဆရာဦးစိန်လှက "ဘယ်သူ ဘာဖြစ်လို့ ဆရာကို လာပင့်ရတာလဲ" လို့ မေးကြည့်ရာ...

'မဂုဂိုး အငါလီလေး အသက်က (၁၈) နှစ် ဗိုက်အောင့်ပြီး မရှိမဆုံ ဖြစ်လို့ အော်ငို နေရလို့ လာပင့်တာပါ။ ကျွန်တော်က မဂုဂိုးရဲ့ ဘကြီးဖြစ်ပါတယ်'

ပြောပါတယ်။ ဆရာ ဦးစိန်လှမှ...

'ခုလို ဗိုက်အောင့်နေတာ ဘယ် နှစ်ရက်လောက် ရှိသွားပြီလဲ'

လို့ မေးရာ...

'တစ်ပတ်လောက်တော့ ရှိရော ပေါ့'

'ဘယ်ဆရာနဲ့မှ မကုဘူးလား'

လို့ ပြောရာ...

'ကုတာပေါ့ ဆရာရယ်...ဒါပေမယ့် မပျောက်ဘူး။ သူ့ကို လာကုတဲ့ ဆရာ၊ ဒီနေ့ကု နောက်နေ့ အဲဒီဆရာ သေသွားလို့ ကျွန်တော်တို့ ရွာမှာပဲ မနေ့က သင်္ဂြိုဟ်လိုက်ရတယ်။ ဆရာက ခပ်ငယ်ငယ် အသက်(၃၀)လောက်ရှိဦးမှာ ကျွန်တော်လဲ သူ့ကို မသိဘူး'

'ဪ... ခင်များတို့ရွာ စုန်း ကဝေတွေက တယ်ပြီး ထက်ပါလား။ ဆရာကိုတောင် သေအောင် လုပ်နိုင်တယ်ပေါ့'

လို့ ဆရာကြီးမှ ပြောရာ...

'ဒီနေ့ ဆရာကို ပင့်မယ်ဆိုပြီး ထွက်လာတာ ရွာက လူတွေကတော့ နောက်ဆရာ တစ်ယောက်နဲ့ ပွဲကြီးပွဲကောင်း တွေကြရ မယ်ဆိုပြီး ဆရာ့အလာကို စောင့်နေကြတယ်'

ဒီလိုနဲ့ စကားတွေပြောရင်း ...ရွာ ရွာထိပ်ကို ရောက်လာပါပြီ။ ရွာဝင်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်တောင်ခြမ်းက ရွာထိပ်အိမ်ကလေး တစ်အိမ် တွေ့လိုက်ရပါတယ်။

အဲဒီအိမ်ရှေ့ မြေပြင်မှာ ဖိနပ်ကရေလေးတွေ ခုထိုင်ပြီး သန်းရှာချင်ယောင်ဆောင်နေတဲ့ ရွာသူ ပညာသည် သုံးဦးကို ဆရာကြီး လှမ်းမြင်ပြီး သိလိုက်ပါတယ်။

သူတို့သုံးဦးသား ရှေ့ဆင့်နောက်ဆင့် ဆင့်ထိုင်ပြီး တစ်ယောက်ခေါင်း တစ်ယောက် ကိုင်နေကြတယ်။ ရှေ့ဆုံးကသူကတော့ ငြိမ်ထိုင်ပေးနေတယ်။

အဲဒီမိန်းကလေးက ခပ်ငယ်ငယ် အသက်(၂၀)လောက်ပဲ ရှိဦးမယ်။ အလယ်က ထိုင်နေတဲ့ ပညာသည်က အသက်(၄၀)နီးပါး နောက်ဆုံးက ထိုင်နေတဲ့ ပညာသည်က အသက်(၃၀)လောက် ခန့်မှန်းလို့ ရပါတယ်။

ဆရာကြီးတို့လှည်း သူတို့နားက ဖြတ်သွားတဲ့အခါ ပညာသည် မျက်လုံးများနဲ့ လှမ်းကြည့်ပြီး စုန်း ကဝေပညာနဲ့ ကြိုဆိုလိုက်ကြပါတယ်။

အလယ်က ထိုင်နေတဲ့ အသက်(၄၀)လောက် ခန့်မှန်းရတဲ့ ပညာသည်က အသားဖြူဖြူ ဝိန်ဝိန်ပါးပါး သူ့မျက်လုံးအစုံက ဖျပ် ဖျပ် ဖျပ် ဖျပ်နဲ့ အရောင်တွေ တောက်နေပြီး ဆရာကြီးကို သူ့ပညာနဲ့ လှမ်းလုပ်နေပြီပေါ့။

ဒီပညာသည် အဆင့်က (၁၂)ကြိုး ကဝေမ အဆင့်ဆိုတာ ဆရာကြီး သိလိုက်ပါတယ်။

ဆရာကြီးက မသိဟန်ဆောင်ပြီး နေလိုက်ပါတယ်။ ရွာလယ်လောက် ရောက်တော့ လှည်းကို ရပ်လိုက်ပါတယ်။

လှည်းရပ်တဲ့ အိမ်ရှေ့မှာ လူတွေက အများကြီး။ လှည်းပေါ်ပါလာတဲ့ လူကြီးက...





'ဆရာကြီး ပါလာတယ်ဟေ့ လမ်းဖယ်ပေးကြ၊ ဆရာကြီး အိမ်ထဲကြွပါ'

လို့ ပြောပါတယ်။

ဝေဒနာရှင်အိမ်က နှစ်ထပ်အိမ် အကြီးကြီးပဲ၊ အိမ်ထဲလဲ ရောက်ရော...

'အမယ်လေး လုပ်ကြပါဦး။ ဒီအတိုင်းဆို သမီးသေလို့မယ် သမီးကို ကယ်မယ့်သူ မရှိကြတော့ဘူးလား'

လို့ အော်ဟစ်ငိုယိုနေသံ ကြားလိုက်ရပါတယ်။

သူ့ဘကြီး လုပ်သူက...

'ငိုမနေပါနဲ့ မယ့်၊ အဘတို့ ဆရာကြီးပင့်လာတယ်။ ငိုမြေ ပျောက်သွားမှာပါ။ သက်သာလို့မယ်'

လို့ ပြောရှာပါတယ်။

ဆရာကြီးက ခေါင်းရင်းခန်းက နေရာယူပြီး အငါးသမီး မစုစုမိုးကို နှောင့်ယှက်ထားတဲ့ မိစ္ဆာတတ် ဝင်ရောက် စီးစေ၊ အထက်ပုဂ္ဂိုလ်များ အမိန့်လို့ အမိန့်ပေးလိုက်ရာ မစုစုမိုးဟာ လိပ်ပြာယဉ်သူ ဖြစ်သဖြင့် စုန်းနိုင်းကြ ဝင်စီးပါတော့တယ်။

ဆရာကြီးက "ဘာလို့နှောင့်ယှက်တာလဲ"လို့မေးရာ စီးနေသူ မစုစုမိုးနှုတ်မှ...

'ဆရာကြီး သူတို့ အိမ်သူအိမ်သား အားလုံး တစ်ရွာလုံးနဲ့ ဘယ်သူမှ မတည့်ကြဘူး။ သူတို့က ငိုက်ဆံရှိတယ်ဆိုပြီး တခြားသူများကို လူမထင်ဘူး။ ဒါကြောင့် ငါ့နိုင်တဲ့ အငါးသမီးကို ပြုစားလိုက်တာပဲ ဆရာကြီးမကယ်နဲ့'

လို့ ပြောရာ...

'ငါကတော့ မိုးကို အဝ်ထားလို့ ကယ်ရမှာပဲ'

'ကယ်နိုင်ရင် ကယ်ပေါ့၊ ကျွန်မတို့က ဘယ်ဆရာမှ မကြောက်ဘူး။ ဒီကောင်မကို လာကုတဲ့ ဆရာ တစ်ယောက်ကိုလဲ သေအောင်လုပ်လို့ သေသွားပြီ။ ဆရာကိုလဲ သေအောင် လုပ်ဦးမှာပဲ'

လို့ ပြောပါတယ်၊

ဆရာကြီးက စီးနေသူရဲ့ နားနား ကပ်ပြီး"သင် ကျွန်ုပ်ကို ရွာထိပ်မှာ ကြိုတယ်မဟုတ်လား"လို့ တိုးတိုးလေး ပြောရာ ခေါင်းညိတ်ပြပါတယ်။

'ကြိုရုံသာမဟုတ်ဘူး သင့် အဖွဲ့ပညာနဲ့ ကျွန်ုပ်ကို လုပ်တယ် မဟုတ်လား'

လို့ ဆရာကြီးက အသံမြှင့်ပြောရာ ဝင်စီးနေသူနှုတ်မှ...

'သိပ်ဟုတ်တာပေါ့ ရွာထိပ်ဝင်ကတည်းက ကျွန်မက ပညာနဲ့ လုပ်တယ် ဒါပေမယ့် ထူးဆန်းနေတာက ဆရာကြီးမှာ ဘာမှ မဖြစ်ဘူး။ နည်းနည်းတော့ ကျွန်မ ကြောက်လန့်သွားတယ်။ ကျွန်မက တစ်ရွာလုံးရဲ့ ကဝေချုပ်ပဲ၊ ကျန်တာက ကျွန်မ တပည့်တွေချည်းပဲ၊ ဒါပေမယ့် မကြာ တွေ့နေပြီပဲ။ ပညာအစွမ်းကုန် သုံးရတော့မှာပေါ့'

လို့ ပမာမခန့်ပြောပြီး ဆရာကြီး မျက်နှာကို လက်ညှိုးထိုး၍ "ဒီဆရာ ခေါင်းကိုက်၊ ဗိုက်အောင့်၊ မရှိတော့ ဖြစ်စေသာစေ"ဆိုပြီး မျက်လုံး တဖျပ်ဖျပ်နဲ့ မျက်စောင်းထိုးကာ ပြောနေပါတော့တယ်။

ဆရာကြီးကတော့ ခပ်အေးအေး ဘာမှ မသိသလို ရေနွေးသောက် လိုက်၊ လက်ဖက်စားလိုက် အေးအေး ဆေးဆေး ထိုင်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ပညာသည်က လက်ညှိုးထိုးပြီး ပါးစပ်ကလဲ ပွစိပွစိနဲ့ အကြိမ်ကြိမ် ပြောဆိုနေပါသော်လဲ ဆရာကြီးမှာ ဘာမှ ဖြစ်မလာ၊ ဇွဲခြေမပျက် ထိုင်နေတာ တွေ့ရတယ်။

လာကြည့်သူ အားလုံးကတော့ "ပွဲကြီးပွဲကောင်း မြင်ရတွေ့ရပြီပေါ့" လို့ စောင့်ကြည့်နေကြတယ်။

ဆရာကြီး နှုတ်မှ…

'သင်ပြုစားလိုများ ကျွန်ုပ်ကို ထိမယ်များ ထင်သလား။ ကျွန်ုပ်တို့ဂိုဏ်းက မြင့်တယ်။ မနေ့ာမယ်ဒီဂိုဏ်း အင်းအိုင်လက်ဖွဲ့၊ ဥ၊ ဗြောင်၊ မန္တန် မဆောင်ရ မန်းခြင်း မှုတ်ခြင်းလဲမရှိ၊ စီးနေခန်းကိုလဲ ဝင်လို့ထွက်လို့ရ၊ အသုဘအခေါင်း ထမ်းချလို့ရ၊ အစားသောက်ရှောင်စရာမလို၊ ခန္ဓာကိုယ်မှာလဲ ဆေးထိုး ဆေးပေါက်ထားခြင်း လဲမရှိ၊

သီလကို အခြေခံပြီး ရေတိုက်ကုသော ဂိုဏ်းဖြစ်ကြောင်း၊ ဆေးကုရာတွင် မေတ္တာဖြင့်သာကုကြောင်း၊ နိုင်ငံတော်မှ စိစစ်ပြီး ၁၃၁၇ ခုနှစ်၊ မှတ်ပုံတင်ဥပဒေ ၄/၃၈၈၅ ဖြင့် တရားဝင်မှတ်ပုံတင်ခွင့်ပြုထားသော တစ်ဦးတည်း ကုသခွင့် လိုင်စင်ရထားသော ဆေးဆင့်အမြင့်ဆုံးဂိုဏ်းဆိုတာ ကျွန်ုပ်တို့ဂိုဏ်းပဲ။

သင် ကျွန်ုပ်ကို လက်ညှိုးထိုးတဲ့လက်မကြာခင် အောက်ကျသွားပြီး ကြမ်းနဲ့ခွာမရဖြစ်လိမ့်မယ်၊ စောင့်ကြည့်လိုက်'

လို့ ဆရာကြီးကပြောရာ ပြောတဲ့အတိုင်းပဲ မကြာခင် ထိုးနေသောလက်ညှိုးဟာ သူ့အလိုလိုတဖြည်းဖြည်း အောက်ကို နိမ့်နိမ့်ဆင်းသွားပြီး ကြမ်းနဲ့လက် ခွာမရ ဖြစ်နေတာ တွေ့ရတော့တယ်။

ကြည့်နေသူအားလုံး၊ ဆရာကြီးရဲ့



အစွမ်းကို အံ့သြကြရတယ်။ ဆရာကြီးမှ…

'နောက် သင့်လက်တင်မက ကိုယ်လုံးရော နဖူးပါ ကြမ်းပြင်မှာ ကပ်နေပြီး ပြားပြားဝပ် ဖြစ်ဦးမှာ'

လို့ ပြောရာ ပြောတဲ့အတိုင်း ခါးတွေ ညွှတ်ကျလာပြီး ခေါင်းလဲ တဖြည်းဖြည်း အောက်ကို စိုက်ကျလာ၍ နဖူးနဲ့ကြမ်း ထိကပ်နေပါတော့တယ်။

ကြိုးစားပြီး ကုန်းထသော်လဲ ထမရတော့တာ တွေ့ကြရတယ်။ စီးနေသူ နှုတ်မှ "ဆရာကြီး တကယ်စွမ်းပါလား" ဆရာကြီးမှ…

'ဘာမှ မပြောနဲ့ သင် လုပ်ထားတဲ့ ရောဂါတွေထုတ်ပေး၊ ထုတ်မပေးရင်တော့ ဒီ့ထက် ဂိုကြီးလေးတဲ့ အပြစ်တွေ ဖြစ်လာလိမ့်မယ်'

လို့ ပြောရာ…

'ဘာလို့ ထုတ်ပေးရမှာလဲ ထုတ်မပေးနိုင်ဘူးလို့'

စီးနေသူမှ ပြန်ပြောရာ ဆရာကြီးမှ…

'ငါတို့က ရိုက်တဲ့ဆရာ မဟုတ်ဘူး၊ သင့်ကို လက်ဖျားနဲ့တောင် မတို့ဘူး၊ ဒါပေမယ့် အထက်ပုဂ္ဂိုလ်တွေဆီကို သင်မခံနိုင်တဲ့ ဆေးရည်တောင်းပြီး ပက်မယ်။ ခံနိုင်ရင် ခံပေတော့'

လို့ ပြောပြီး အထက်ပုဂ္ဂိုလ်များထံ သစ္စာဆို၍ ဆေးရည်တောင်းပြီး ဝင်စီးနေသူအား ပက်ဖျန်းလိုက်ရာ…

'အမယ်လေး…ကြောက်ပါပြီ ဆရာရယ် ကျွန်မ မခံနိုင်တော့ဘူး။ ထုတ်ပေးပါတော့မယ် ထွက်သွားပါပြီ'

လို့ ပြောရာ ဆရာကြီးမှ…

'သင့်ကို အပြစ်ပေးထားတာ ငါ မဟုတ်ဘူး။ အထက်ပုဂ္ဂိုလ်များရဲ့ တပည့်များက အပြစ်ပေးထားတာ၊ သင် တကယ်ထုတ်ပေးမယ်ဆိုရင် အထက်ပုဂ္ဂိုလ်များကို တိုင်တည်၍ ထုတ်ပေးပါတော့မယ်လို့ တောင်းပန်လိုက် သင် ထလို့ရလိမ့်မယ်'

လို့ ပြောရာ ပြောတဲ့အတိုင်း တိုင်တည်တောင်းပန်သဖြင့် ထိုင်လို့ ရသွားပါတော့တယ်။ ထိုင်လို့ရသောအခါ သူ့ရဲ့ဗိုက်ကို လက်နှစ်ဖက်ဖြင့် တဖုန်းဖုန်းရိုက်ပြီး ပုတ်ထုတ်နေပါတော့တယ်။

သိပ်ကြာမလိုက်ပါ။ "ဆရာကြီး ကုန်ပါပြီ ပြန်ပါရစေ"လို့ ပြန်ခွင့်တောင်းရာ ဆရာကြီးမှ…

'ရောဂါ တကယ်ကုန်ရင်တော့ ပြန်လွှတ်ရမှာပေါ့။ ဒါပေမယ့် သင် ကျွန်ုပ်ကို စော်ကားထားတာ နှစ်ကြိမ် ရှိနေပြီ။ သင့်ကိုတော့ တစ်ခုခု အပြစ် ပေးရလိမ့်မယ်'

လို့ ပြောရာ စီးနေသူနှုတ်မှ…

'မလုပ်ပါနဲ့ ဆရာကြီးရယ် ကျွန်မ တောင်းပန်ပါတယ်။ ဆရာကြီး ဒါလောက်စွမ်းမှန်း မသိလို့ လုပ်မိတာပါ'

ဆရာကြီးမှ…

'ဘုန်းကြီးထိပ်ခေါက်ပြီးမှ တောင်းပန်လို့မရဘူး။ လက်မခံဘူး၊ သင် ခုစက်ပဲ လွှတ်ထားတာ၊ လူကိုယ်တိုင်လာခဲ့ ဒါ ကျွန်ုပ်ရဲ့ အမိန့်ပဲ'



www.burmeseclassic.com

www.burmeseclassic.com

လို့ ပြောရာ...

'လူကိုယ်တိုင်တော့ မလာပါရစေနဲ့ ဆရာကြီးရယ်၊ ကျွန်မကိုတော့ အရုက် မခွဲလိုက်ပါနဲ့၊ တောင်းပန်ပါတယ်'

လို့ ပြောရှာပါတယ်။

'သင်က ကျွန်ုပ်ကို အရှက်ခွဲလဲကွဲအောင် အသက်ပါသေသည်အထိ ရှုထိပ်ဝင်လာ တုန်းကတစ်ခါ ဝင်စီးလာတော့လဲ တစ်ခါ နှစ်ခါတောင် စော်ကားထားတား သင် လူကိုယ်တိုင် လာရွှင်းသည် ကျွန်ုပ်ကို တောင်းပန်ရရောက်တယ်၊ လာမှ ကျေနပ်ယမ်း။

သင် လူကိုယ်တိုင်ရောက်မှ ဖက်နဲ့ လွှတ် ထားတဲ့ ဗိုလာဉ်စရာ နှပ်ဦးစလုံး ပြန်လွှတ် ပေးမယ်'

လို့ ပြော၍ စောင့်ကြည့်နေရာ ကြည့်နေကြသူတွေက အများကြီး၊ တချို့ကလဲ ပြန်သွားပြန်၊ တချို့ကတော့ လဲ ခုမှ လာကြည့်ကာ အဝင်အထွက် တွေ ရှုပ်နေတဲ့အချိန်...

ရှာထိပ်မှာ တွေ့ခဲ့တဲ့ (၃)ယောက် အနက် အလယ်က ထိုင်နေတဲ့ ပညာ သည်က တဘက်ကလေး ပခုံးပေါ် တင်၍ မထင်မရှား ရောက်လာပြီး



လူတောထဲ ဝင်ထိုင်တော ဆရာကြီး တွေ့လိုက်ရပါပြီ။

ဆရာကြီးမှ စီးနေသူနား နားကပ် ပြီး တိုးတိုးလေး...

'သင် လူကိုယ်တိုင် ရောက်နေပြီ မဟုတ်လား'

လို့ ပြောရာ မျက်ရည်တွေကျပြီး ခေါင်းညိတ်ပြပါတော့တယ်။

အဲဒီအချိန်မှာ ဆရာကြီးက လူ တောထဲမှာ ထိုင်နေသူ ပညာသည်ကို လှမ်းကြည့်လိုက်တော့ လူကိုယ့်တိုင် မျက်ရည်တွေကျနေလို့ သူများတွေ မရိပ်မိအောင် တဘက်လေးနဲ့ ခေါင်းငုံ့ ပြီး ခိုးသုတ်နေတာ မြင်လိုက်ရတယ်။

ဒီတော့မှ ဆရာကြီးက...

'ဖက်ရော လူပါ ရောဂါကုန်ရင် ပြန်နိုင်စေ ထွက်နိုင်စေ အသက်ပျိုလိုပါမျှအောင်'

လို့ အမိန့်ပေးလိုက်ရာ လူကိုယ်တိုင် ထပြီး ခွေ့ခနဲ တစ်ချီတည်း လဲပြေ သွားသလို ဝင်စီးနေသူလဲ သတိရသွား ပြီး...

'ဗိုက်အောင့်သေးသလား'

လို့ မေးကြည့်တော့ မအောင့်တော့ ကြောင်း၊ ကောင်းသွားကြောင်း ပြော တယ်။

ကြည့်နေသူများအားလုံးထဲမှ ရွာ သားတစ်ယောက်...

'ပွဲကြီးပွဲကောင်းများ ကြည့်ရလော လို့ လာကြည့်ပါတယ်။ ပွဲက တစ် သတ်ကြီးပဲ၊ ဒီလို ဆရာကြီးတွေ ရှိ လို့သာပေါ့။ မရှိဆိုရင် တို့ရွာ "ဆရာမနိုင် နှစ်ဆောင်ပြိုင်" ရွာ ခေါ်နေကြဦးမှာ...'

ရှင်သန်ကြပါစေ

ထွန်းအေးကြိုင်(ရွှေတောင်)

[illegible]

[illegible]

သို့သော် [illegible]

[illegible]

[illegible]

[illegible]



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ဈေရှင်း လမ်းလျှောက်ကြသူများ

ကောင်းသန့် (သခွတ်မြေ)
ဝက်လက်



၂၀၁၅ ခုနှစ် စက်တင်ဘာလထုတ် အမှတ်(၃၅၀)၊ စာမျက်နှာ(၁၆၉) နွေဦးရောင်ခြည်မဂ္ဂဇင်းတွင် ဆရာ ဒီလာကျော်၏ "အိမ်နေရှင်း လမ်းအလျှောက်သူနှင့် သူ့ပဟေဠိ"ကို ဖတ်ပြီး စာရေးသူကိုယ်တိုင် ငယ်စဉ်က တွေ့ကြုံခဲ့ရပုံလေးတွေကို ပြန်လည်၍ ရေးသားရမည်ဆိုလျှင်...

စာရေးသူကိုယ်တိုင် ထိုသို့ ဖြစ်ပေါ် တွေ့ကြုံခဲ့ရသော ကိုယ်တွေ့အဖြစ် အမှုက်ကို ပထမ တင်ပြရပါမည်။

စာရေးသူ ဆယ်နှစ်ကျော်ကျော် အရွယ်ကဖြစ်သည်။ ထိုစဉ်က ဝက် လက်မြို့နား အနီးတစ်ဝိုက်နှင့် ကျွန်ုပ် တို့ရွာမှာ ရေငန်သာလျှင် ထွက်ရှိ၍ သောက်ရေသုံးရေအတွက် "ကာတိုး ညီ"တစ်ခုသာလျှင် အားကိုးနေရ သော အချိန်ဖြစ်၏။

မိုးတွင်း စပါးစိုက်ပျိုးရန် ထိုဆည်မှ ပင် စိုက်ပျိုးရေပေး၍ သီတင်းကျွတ် သကုန် တန်ဆောင်မုန်းလဆန်းလျှင် ပေါ်အောင်ရေ ဖြတ်လေ့ရှိ၏။ ထိုမှ သင်ဖန် တပေါင်းလကုန် တန်ခူး လဆန်းမှ သောက်ရေ သုံးရေအဖြစ် အဲ့ရက်ခန့် ရေပြန်လွှတ်လေ့ရှိသည်။

ထိုသို့ သောက်ရေ သုံးရေ လွှတ်ပြီ ဆိုလျှင် ရွာထဲရှိ ကန်အားလုံးတွင် ရေသွင်းလေ့ရှိသည်။

ရွာဦးကျောင်းတို့တွင် သောက်ရေ အတွက် သီးသန့် သန့်ရှင်းသောကန် ကြီးများရှိ၍ ရွာထဲတွင်တော့ သုံးရေ သက်သက် ဝင်းကျယ်၍ တတ်နိုင်သူ တို့ တူးထားကြပြီး မတတ်နိုင် ဝင်းခြံ ကျဉ်းသူများမှာတော့ ရွာဘေး ရွာထဲ ကန်ကြီးများဆီကသာ ခပ်ပြီး သုံးကြ ရ၏။

ထိုနှစ် တန်ခူးလဆန်း သောက်ရေ သုံးရေ ပေးချိန်၌ အရပ်ထဲရှိ စာရေး သူတို့ ဆွေမျိုးတစ်သိုက် အသုံးပြုသော ရေကန်ကြီးကို ရေသွင်းယူကြသည်။

ရေကန်ကို ရေသွင်းချိန်တွင် "အမိမဲ့ သား ရေနည်းငါး"ဆိုသော စကား ရှိသည့်အတိုင်း ရေနည်းသော ကန်ထဲ



www.burmeseclassic.com

www.burmeseclassic.com

မှ ငါးတို့သည် အပိုနှင့် ပြန်လည်တွေ့ရသော ကလေးသူငယ်တို့ကဲ့သို့ ပျော်ရွှင်စွာ ခုန်ပေါက်လျက် ရေစီးဝင်ရာဘက်သို့ ရေဆန်၍ တက်လာကြတော့သည်။

ထိုတွင် ထိုငါးတို့ကိုမြင်သော ကျွန်ုပ်နှင့် ရွယ်တူ ညီအစ်ကိုဝမ်းကွဲတော်စပ်သူ ကိုရွှေထင်(ယခု "ထွန်းရွှေဝါဆန်စက်"ဝက်လက်)က...

'တို့ညီအစ်ကို နှစ်ယောက် ကန်ပေါက်မှာ ငါးကျင်းချရအောင်'

အဖော်ညှိလာသဖြင့် နှစ်ယောက်သား ကန်ရေဝင်ပေါက်၌ "ယင်း"တားကာ ငါးကျင်းချကြ၏။

ညရောက်သော် ငါးကျင်းနှင့်အပြည့် ငါးတွေကို မြင်ယောင်ရင်း အိပ်လိုက်ကြသည်မှာ နံနက် နေထွက်မှ အိပ်ရာကနိုးတော့သည်။ အိပ်ကောင်းသည့် ကလေးအရွယ်ကိုး၊ အပြေးအလွှားထကာ ကန်ပေါက်ရှိ ငါးကျင်းဆီသို့ ပြေးခဲ့ကြသည်။

ငါးကျင်းကိုကြည့်ရာ ငါးကျ၍ လှုပ်ထားသော အရာများသာ တွေ့ရပြီး ငါးတစ်ကောင်တစ်မြီးမှ မတွေ့ရတော့ပေ။

'သူများ ခိုးကောက်သွားပြီကွ၊ ဒီည တော့ ပိုရိယနဲ့ အိပ်ရမယ်ဟေ့'

မှုဒိုက်သော နွေညဖြစ်သဖြင့် စာရေးသူသည် အိမ်ပြင် ခေါင်းရင်းရှိ ကြမ်းစင်လေးပေါ်သို့ ည,ည ထွက်အိပ်လေ့ရှိသည်။ ညဉ့်နက်၍ အအေးဓာတ်ဝင်လာမှ လူကြီးတွေ လာနှိုးပြီးမှ အိမ်ထဲဝင်အိပ်လေ့ ရှိပါသည်။

ယခုညလည်း ငါးသူခိုးကို စိတ်မချသောကြောင့် ကန်ပေါက်ရှိ ငါးကျင်းကို စိတ်စွဲပြီး အိပ်ပျော်သွားရာ ညဉ့်(၁၁) နာရီတိုးချိန်၌ စာရေးသူနှင့်အတူနေ အစ်ကိုကြီးဖြစ်သူမှ အိမ်ထဲရွှေ့အိပ်ရန်



လာရောက်နှိုး၏။

စာရေးသူသည် အိပ်ရာမှ နိုးသော်လည်း အိမ်ထဲသို့ မဝင်ဘဲ ရေကန်ရှိရာသို့ သွားခဲ့သည်။ **(ထိုအဖြစ်တို့ကို စာရေးသူ မသိဘဲ မနက်ကျမှ အစ်ကိုကြီး ပြန်ပြော၍ သိရသည်။)** ကန်နှင့် စာရေးသူတို့အိမ်မှာ ဝါးဆယ့်လေးငါး ရိုက်ခန့် ဝေးသည်။

ကန်၏ အရှေ့ဘက်ရှိ ရေဝင်ပေါက်ရှိရာသို့သွားရန်မှာ မိုးနံ့သူချုံတို့ဘေး တစ်ဖက်တစ်ချက်မှ ပေါက်နေပြီး တစ်တောင်မျှသော လမ်းကျဉ်းကျဉ်းကလေးပေါ်မှ ခဲယဉ်းစွာ ဖြတ်လျှောက်ရ၏။

ထိုလမ်းချိုကို ကျော်ဖြတ်၍ ငါးကျင်းရှိရာ ကန်ပေါက်သို့သွားကာ ငါးကျင်းကို ငုံ့ကြည့်ပြီး ပြန်လာကာ အိမ်ထဲအိပ်ရာသို့ဝင်၍ အိပ်သည်ဟု စိတ်မချ၍ နောက်မှ လိုက်ကြည့်သူ အစ်ကိုကြီးပြောပြ၍ နံနက်လင်းမှ သိရပါသည်။

ညအမှောင်ထဲ၌ ဆူးမစူး ကန်ထဲချော်၍ မကျအောင် အိပ်ပျော်နေရင်း စာရေးသူ မည်သို့ သွားရောက်ခဲ့သနည်း...

ဒါက စာရေးသူကိုယ်တိုင် တကယ်ဖြစ်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။

နောက်တစ်ယောက်ကတော့ စာရေးသူ၏ အဖြစ်ထက် ပို၍ ထူးခြားဆန်းကြယ်ပါသည်။ သူကတော့ ယခု အချိန်ထိ သက်ရှိ အသက်(၇၀)ကျော်အရွယ်၊ "မဖြူ"ဟု သူ့နာမည်ကို ခေါ်ကြပါစို့။

* * *

စာရေးသူတို့၏ သခွတ္တောရွာသည် ဝက်လက်မြို့နှင့် မနီးမဝေးတွင် တည်ရှိ၍ ထိုအချိန်က အိမ်ခြေငါးရာကျော် (ယခု တစ်ထောင်နီးပါး)ခန့်ရှိပြီး စာရေးသူ နေထိုင်ရာ ရွာ၏မြောက်ပိုင်း၌ ရှာရှေ့ "ဥတ္တရာ ရာမကျောင်း"ရှိပြီး ထိုကျောင်းအတွင်းတွင် အရွယ်ကင်းကပ်ကျော်ကိုးတောင်ပြည့် အဓိကရ သဲပုံစေတီဘုရား တည်ရှိပြီး နှစ်စဉ် တန်ခူးလပြည့်နေ့၌ ဘုရားပွဲ စည်စည်ကားကား ကျင်းပလေ့ ရှိပါသည်။

ထိုကျောင်းတည်နှစ်နှင့် သဲပုံစေတီဘုရားတည်နှစ်ကား "အစွင့်တော်သည် ကျောင်းတော်တည်" ၁၂၇၆ ခုနှစ်က ကျောင်းတည်ခဲ့ပြီး ၁၂၉၀ ပြည့်နှစ် တည်လှစ်စေတီတော်ဟူသော မှတ်တမ်းအရ ၁၂၉၀ ပြည့်နှစ်တွင် "ဆရာတော်ကြီးဦးတေဇ"မှ ဦးစီးပြီး ရပ်ရွာထဲ၌ ကျောက်ရောင် ဖြစ်ပေါ်နေစဉ် အရွယ်ကင်းဝေးစေခြင်း အကျိုး ငှာ လူတစ်ဦးလျှင် သဲကိုးဆုပ်၊ ရေကိုးမှုတ်၊ အုတ်ကိုးချပ် ကာသိုလ်ပြုစေ၍ တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပါသည်။

(ထိုအကြောင်းနှင့် ပတ်သက်၍ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် နှလုံးလှ ရောင်ခြည်မဂ္ဂဇင်းတွင် "မေ့ထား သည်သာ" ခေါင်းစဉ်ဖြင့် အနည်းငယ် ထည့်ရေးခဲ့ပါသည်။ ထိုခေါင်းစဉ် နှင့် ဆက်နွှယ်ပြီး ရွာတွင် လူအချင်း ချင်း၊ သံဃာအချင်းချင်း စိတ်ဝမ်းကွဲ နေကြသည်ကို စာရေးသူ ထို စိတ်မချမ်းသာပါ။ စာရေးသူ နှင့်ကတော့ ရေးအကြောင်းအရာ တစ်ခုကိုသာ မှတ်တမ်းတင်လိုသည်

www.burmeseclassic.com

အနှုသက်သက်မြင့် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။)

ထိုသဲပုံစေတီဘုရားပွဲတော်၌ နှစ်စဉ် နှစ်တိုင်းပင် ရုပ်သေးပွဲ အငြိမ့်ပွဲ ဇာတ်ပွဲ တစ်ခုခု ထည့်လေ့ရှိခဲ့ပါသည်။ ရုပ်သေး ဆိုလျှင် "ရွှေဘိုဦးထင်မောင်ရုပ်စုံ သဘင်"တစ်ခုတည်းကိုပင် နှစ်ပေါင်း (၃၆)နှစ်တိတိ တည်ခဲ့ပါသည်။ နောက် မှ အငြိမ့်ဇာတ်ကို ငှားရမ်းဖျော်ဖြေခဲ့ ပါသည်။

ပွဲမထည့်သောနှစ်၌ ဘေးအန္တရာယ် တစ်ခုခုဖြစ်မည်ဟု ထိုအခါက အယူရှိ ခဲ့ကြပါသည်။ တိုက်ဆိုင်မှုလားတော့ မသိတဲ့ ပွဲမပါသော နှစ်တို့၌ မိုးခေါင် ခြင်း၊ ရေကြီးခြင်း၊ ရောဂါဘယဖြစ် ခြင်းတို့နှင့် တစ်ခါတစ်ရံ၌ ကြုံရတတ် ပါသည်။(ယခုတော့ ပွဲမထည့်နိုင်သည် မှာ ကြာခဲ့ပါပြီ။)

မှတ်မှတ်ရရ ပထမဦးဆုံး ရုပ်သေး ပွဲမှ ဇာတ်ပွဲကို ပြောင်းလဲငှားသောနှစ် (နှစ်တော့ မမှတ်မိတော့ပါ။) စာရေး သူ ကိုးနှစ်,ဆယ်နှစ်အရွယ်က ဖြစ် သည်။ ဦးဆုံး ပြောင်းလဲငှားသည့် ဇာတ်က "ဇင်ုံစိန်သန်းဇာတ်"ဖြစ်၏။

ကပြသည့်ပြဇာတ်က"မခင်နှင်းဆီ" ပြဇာတ်။ ထိုခေတ်က အဆိုတော် "ကိုမြကြီး"၏ မခင်နှင်းဆီ သီချင်းက ခေတ်စားနေချိန်တွင် ပြဇာတ်ထဲ၌ သောသူ မခင်နှင်းဆီကို ဖျက်ဆီးသော ဇော်သူဌေးအဖြစ် သရုပ်ဆောင်သည့် လူကြမ်းကြီး၏...

'နှင်းဆီရေ...ဘဘကြီး လာပြီကွိတ်' ဟု ပွဲကြည့်သူတို့ အမြင်ကတ်စရာ ပြောဆိုသော စကားသံတို့ကို ယခု အထိတိုင် စာရေးသူ၏ နားထဲတွင် ကြားယောင်ဆဲဖြစ်၏။

မဖြူ၏ ထူးဆန်းသော အဖြစ်က ထိုနှစ်ဇာတ်ပွဲ မငင်မီကတည်းက ဖြစ်



သည်။ ပွဲရက်အတွင်း သုံးရေ မပြတ်စေ ရန် နံနက်စောစောထပြီး ရေလုံလောက် အောင် ခပ်ထားရန် စိတ်ကူး၍ ထိုည၌ အိပ်ရာ စောစောဝင်အိပ်၏။

ကျေးလက်တောရွာတို့၏ ဓလေ့ အတိုင်း တစ်နှစ်မှ ဒီတစ်ပွဲသာ ပျော် ပျော်ကြီး ဆင်နွှဲကြရသဖြင့် ပွဲရက်တွင် ညနေစောင်းသည်နှင့် ဒီးလိမ်းပြင်ဆင် ၍ ဇာတ်ခုံရှေ့၌ မိမိတို့ ထိုင်ကြည့်ရန် ခင်းမှတ်ထားသော ဖျာနေရာတို့ကို ကြည့်ရှုစောင့်ရှောက်ခြင်း၊ ပွဲခင်းဈေး တန်းလျှောက်ခြင်း စသည်တို့မှာ ကျေးရွာနေ လူငယ်မောင်မယ်တို့၏ ပျော်စရာကောင်းသောအချိန်တို့ ဖြစ် ၏။ ထိုခေတ်ထိုအခါက ရုပ်ရှင်တို့၊ ဗွီဒီယိုတို့ ဆိုသည်မှာ အိပ်မက်ပင် မမက်ဘူးကြချေ။

ထို့ကြောင့် ထိုအပျော်စိတ်ကူးတို့ နှင့် မဖြူတစ်ယောက် အိပ်ရာစောစော ဝင်အိပ်ခဲ့ခြင်းဖြစ်၏။

ည(၁၁)နာရီအချိန်ခန့်တွင် မဖြူ အိပ်ရာမှ လူးလဲထကာ တံခါးရျက်ကို ဖြုတ်ဖွင့်ပြီး အိမ်၏အပြင်သို့ ထွက် သွားသည်။ မိခင်ဖြစ်သူမှာ မဖြူ ထွက်သွားသည်ကို သတိထားမိသော် လည်း အပေါ့အပါးသွားမည်ထင်၍ ဂရုမပြုမိပေ။ ပြန်ပြီး အိပ်ပျော်သွား ခဲ့၏။

မဖြူသည် အိမ်၏ အပြင်ရောက် သည်နှင့် မီးဖိုချောင်ဘေးရှိ ငါးဆယ် ဝင် ရေစဉ့်အိုးအပေါ်မှ ရွက်ရေအိုးကို ယူကာ အိမ်နှင့် အတန်ဝေးသော ရွာ ၏ မြောက်ဘက်ရှိ သုံးရေကန်မှ ရေကို သွားရောက် ခပ်ယူတော့သည်။

စဉ့်အိုးပြည့်ရန် တစ်ခေါက်,နှစ် ခေါက်မက ခုနစ်ခေါက်ခပ်မှ ငါးဆယ် ဝင်စဉ့်အိုး ရေပြည့်၏။ စဉ့်အိုး ပြည့် သွားသည်နှင့် နောက်ဆုံးခေါက် ရေအိုး အတိုင်း တည်ထားရန် ခပ်လာပြီး စဉ့်အိုးပေါ်သို့ဆင့်၍ ရေအိုးအဝင် လိုက်တွင် အရှိန်လွန်သွားသဖြင့် စဉ့်အိုး အဝနှင့် ရေအိုးဖင် ရိုက်ခွဲလိုက်သလို ဖြစ်သွားကာ...

'ခွမ်း...ဖျင်း...'

ရေအိုးကွဲသံနှင့်အတူ အိုးကွဲထဲမှ ရေတို့သည် သူ့ကိုယ်အောက်ပိုင်းကို ရွှဲရွဲစိုသွားတော့၏။

'ဟင်'

ထိုအခါမှ ရုတ်တရက် နိုးလာကာ ကြောင်တောင်တောင်နှင့် ရပ်ကြည့်နေ တော့၏။ အိပ်ပျော်နေသော မဖြူ၏ အမေနှင့် အဖေသည်လည်း ထိုအသံ တို့ကြောင့် အိပ်ရာမှလန့်နိုးကာ အိမ် အပြင်သို့ ထွက်ကြည့်ပြီး...

'ဟင်...မဖြူ နင် ဘာလုပ်နေတာလဲ'

မဖြူသည်လည်း ဦးခေါင်းခါယမ်း ကာ...

'မသိဘူး အမေ...သမီး အရှုနိုးတာ'

မျက်လုံး ကြောင်တောင်တောင်နှင့် ပြောနေသော သမီး၏အဖြစ်ကို ထိုအခါ

 စာမျက်နှာ (၂၄၆) သို့

www.burmeseclassic.com

www.burmeseclassic.com



ချို (အမရပူရ)

ကျောင်းဆောင်ရန်
ရွှေတုံးတစ်တုံး လာလှူသည့် တံတားဦးမြို့နယ်၊ အေးကြည်ရွာမှ

# အမေဂျမ်း (ဇ) ဘုရားချမ်းသာ

ကျောက်ဆည်မြို့ အဓိဋ္ဌာန်အောင် မဟာရွှေသိမ်တော်ဘုရားသို့ (၁၀) တန်း အောင်စာရင်း ထွက်ပြီးချိန်တွင် ကျွန်မတို့မိသားစုနှင့် သူငယ်ချင်း မြင့်မြင့်မိသားစုတို့ ကားဖြင့် သွားရောက်ဖူးကြပါသည်။

မြင့်မြင့်သည် မဟာရွှေသိမ်တော်ဘုရားတွင် သမီးငယ်(၁၀)တန်း အောင်စေရန် အဓိဋ္ဌာန် ဆုတောင်းရာ အောင်မြင်သဖြင့် ကန်တော့ပွဲဖြင့် သွားရောက်ကန်တော့ပါသည်။

ရွှေသိမ်တော်ဘုရားတွင် ဘုရားဖူးသူများသည် ကန်တော့ပွဲဖြင့် လိုသောဆုတစ်ခုကို အဓိဋ္ဌာန်ပြုဆုတောင်းကြပါသည်။

ကျွန်မတို့သည် မဟာရွှေသိမ်တော်ဘုရားမှ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားသို့ သွားကြပါသည်။ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားသည် ရှေးဟောင်းသမိုင်းဝင်ဘုရားကြီးတစ်ဆူဖြစ်ပါသည်။

တမုတ်ရှင်ပင်ရွှေဂူကြီး ဘုရားဖူးပြီး ကျောက်ဆည်–တံတားဦးလမ်းအတိုင်းသွားကာ တံတားဦးမြို့နယ်ရှိ ရွှေဥမင်တောရကျောင်းသို့ သွားကြပါသည်။

ရွှေဥမင်တောရဆရာတော် ဦးနန္ဒိယအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကန်တော့ကြပါသည်။

ကျွန်မ၏အစ်မမှ ဆရာတော်ကြီးအား အပြန်တွင် အမေဂျမ်း နတ်ပွဲဝင်မည်ဖြစ်ကြောင်း လျှောက်လိုက်ပါသည်။

အမေဂျမ်းကို ပဝါ၊ ဝတ်လဲတော်၊ လုံချည်၊ ရေစင်ကြေးများ ဆက်မည်ဖြစ်ကြောင်း ပြောပြရာ ဆရာတော်ကြီးမှ...

'မဂျမ်းက ဘာအရောင်ကြိုက်သလဲ သိကြလား'

ဟု မေးပါသည်။ ထို့နောက် ထူးဆန်းအံ့သြဖွယ်ကောင်းသော အမေဂျမ်းအကြောင်းကို ပြောပြပါသည်။

အမေဂျမ်းကို ဘွားချမ်းသာဟုခေါ်ပြီး အင်းဝမင်းခေါင်လက်ထက် ဘုရင့်ဘဏ္ဍာရွှေငွေ ရတနာပစ္စည်းများ၊ သူဌေးသူကြွယ်များ၏ ဥစ္စာပစ္စည်းများကို ခိုးယူပြီး ဆင်းရဲသားများကို ပေးကမ်းသော သူခိုးကြီး ဦးတက်ခါး၏ဇနီးဖြစ်ကြောင်း ပြောပြပါသည်။

လွန်ခဲ့သော (၁၇)နှစ်ကျော်ခန့်က ရွှေဥမင်တောရ ဆရာတော်ကြီး တရားထိုင်နေစဉ် အမေဂျမ်းမှ မနောစိတ်ဖြင့် အမေဂျမ်းတောင်တွင် ပရိတ်တရားတော်များ လာရောက်ရွတ်ဆိုပေးပါရန် လျှောက်လာပါသည်။

အမေဂျမ်း၏ခင်ပွန်း သူခိုးကြီးဦးတက်ခါးသည် နာနာဘာဝသရဲကြီးဖြစ်နေပါ၍ ဆရာတော်ကြီး၏ ပရိတ်တရားတော်ကို နာကြားခြင်းဖြင့် ထိုဘဝမှ လွတ်မြောက်စေလိုပါသည် ဟု ပြောကြားပါသည်။

နောက်တစ်နေ့တွင် ဆရာတော်ကြီးသည် အမေဂျမ်းတောင်သို့ ကြွသွားပြီး တောင်ပေါ်စေတီတစ်ဆူအောက်တွင် ထိုင်လိုက်ပါသည်။

ထို့နောက် တောင်စောင့်နတ်၊ တောစောင့်နတ်၊ မြို့စောင့်နတ်၊ နယ်မြေပယ်ရှင်၊ သူခိုးကြီးဦးတက်ခါး၊ အမေဂျမ်း အပါအဝင် မြင်အပ် မမြင်အပ်သော ပုဂ္ဂိုလ်များအား...

'အမေဂျမ်း တောင်ပေါ်တွင် မေတ္တာသုတ်၊ ခန္ဓသုတ်ပရိတ်တရားတော်ကို ရွတ်ဆိုတော်မူမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နာလိုသူများ နာကြားနိုင်ကြောင်း ပြောကြား



www.burmeseclassic.com

www.burmeseclassic.com

သူများ ရှိပါကလည်း ဆေးရာသို့ သွားစေလိုကြောင်း မေတ္တာရပ်ခံပါသည်'

ဟု အသံထွက် ပြောကြားလိုက်ပါသည်။

ရွှေဥမင်တောရ ဆရာတော်ကြီးသည် မေတ္တာသုတ်ကို အသံထွက်ရွတ်ဖတ်ပူဇော်ပြီး ခန္ဓသုတ်ကို ဆက်လက်ရွတ်ဖတ်ပူဇော်လိုက်ပါသည်။

ထိုအချိန်တွင် ဆရာတော်ကြီး၏ ပေါင်ပေါ်သို့ မြွေငယ်လေးတစ်ကောင် တက်လာကာ ခွေနေပြီး ခန္ဓသုတ်ရွတ်ဖတ်ပြီးသောအခါ အောက်သို့ ဆင်းသွားပါသည်။

ထို့နောက် နယ်တော်ရှင်၊ တောင်စောင့်နတ်၊ တောစောင့်နတ်၊ သူရိုးကြီးဦးတက်ခါ။ အမေကျမ်းနှင့် (၃၁)ဘုံသားများကို အသံထွက် အမျှပေးဝေလိုက်ပြီး သာဓုခေါ်ဆိုလိုက်ပါသည်။

ဆရာတော်ကြီးသည် ကိစ္စအားလုံးပြီးသောအခါ အမေကျမ်းတောင်မှ ရွှေဥမင်တောရကျောင်းသို့ ပြန်ကြွခဲ့ပါသည်။

နောက်တစ်နေ့တွင် ရွှေဥမင်တောရကျောင်းသို့ အသက်(၅၀)ခန့်ရှိ ယောကျ်ားတစ်ဦး ရောက်ရှိလာပါသည်။ ဆရာတော်ကြီးအား ထိုယောကျ်ားမှ...

'ဆရာတော်ကြီး မနေ့က ဘယ်အေသကို ကြွပြီး မည်သည့်ကိစ္စများ လုပ်ဆောင်ခဲ့တာလဲဘုရား'

ဟု ရုးစမ်းသော မျက်နှာဖြင့် မေးလာခဲ့ပါသည်။ ထိုအခါ ဆရာတော်ကြီးမှ...

'ကျုပ် မနေ့က အမေကျမ်းတောင်မှာ ပရိတ်တရားတော်များ ရွတ်ဖတ်ဖို့ သွားခဲ့တာ'

ဟု ပြောလိုက်ပါသည်။

'အမေကျမ်းတောင်လို့ ဆရာတော်ကြီးက ခေါ်ရတာလဲ'



ဟု မေးမြန်းရာ ဆရာတော်ကြီးမှ...

'လူတွေအားလုံးက အဲဒီတောင်ကို အမေကျမ်းတောင်လို့ ခေါ်ကြတာမို့ ကျုပ်လဲ အဲဒီလို ခေါ်လိုက်တာပဲ'

ဟု ပြောလိုက်ပါသည်။

'ဒီတောင်က အမေကျမ်းတောင် မဟုတ်ဘူး။ ဝိဇ္ဇာတွေရဲ့ စမတောင်တော်ဖြစ်တယ်။ ထွက်ရပ်ပေါက်ဝိဇ္ဇာတွေ တရားကျင့်တဲ့ တောင်တော်ဖြစ်တယ်။ ဆရာတော်ကြီးရဲ့ ပေါင်ပေါ် မြွေတက်တာ သိလား'

ဟု ပြောသောအခါ ဆရာတော်ကြီးမှ...

'မြွေငယ်လေး တက်လာတာ သိပါတယ်'

'အဲဒီ မြွေငယ်လေး မဟုတ်ဘူး။ မြွေပွေးကြီး။ ဖန်ဆင်းလိုတဲ့အရွယ် အကြီး၊အသေး ဖန်ဆင်းနိုင်တယ်။ ဆရာတော်ကြီး ပရိတ်တရားတော်ကို လာနာတာ။ တောင်ပေါ်မှာ အထက်နတ်တွေ တရားလာနာတယ်။ အောက်နားမှာ အောက်နတ်တွေ၊ တောင်အောက်ခြေမှာ နာနာဘာဝတွေ တရားနာလာကြတယ်'

ဟု ထူးဆန်းစွာ ပြောလာပါသည်။ ထိုအခါ ဆရာတော်ကြီးသည် ထိုယောကျ်ားသည် သာမန်လူမဟုတ် ဝိဇ္ဇာနယ်မှ လူပုဂ္ဂိုလ်ဖြစ်ကြောင်း သိလိုက်ပါသည်။

ထိုလူပုဂ္ဂိုလ်မှ ဆရာတော်ကြီးအား...

'အမေကျမ်းကို ဆရာတော်ကြီး မြင်ဖူးလား။ မြင်တွေ့ချင်လား'

ဟု မေးရာ ဆရာတော်ကြီးမှ မြင်တွေ့ချင်ကြောင်း ပြောလိုက်ပါသည်။ ခဏအကြာတွင် ဆရာတော်ကြီးရှေ့သို့ ပန်းရောင်ရင်စေ့အင်္ကျီ လက်ရှည်၊ ပန်းရောင်စင်းလုံချည်ဝတ် မျက်ခုံးကောင်းကောင်း၊ အသားမပြုမညိုနှင့် အရွယ်လတ် မိန်းမတစ်ဦး ရောက်ရှိလာပြီး ဆရာတော်ကြီးကို ကန်တော့ပါသည်။

ထိုအချိန်မှစ၍ အမေကျမ်းသည် ဆရာတော်ကြီး၏ တပည့်မတစ်ဦး ဖြစ်လာပါသည်။ တံတားဦးမြို့နယ်အတွင်း ပယောဂနှင့် ပတ်သက်သော ဝေဒနာသည်များအား ဆရာတော်ကြီး ကုသရာတွင် ပျောက်ကင်းစေရန် အမေကျမ်းမှ တာဝန်ယူခဲ့ပါသည်။

ထို ပယောဂဝေဒနာသည်များ ဆရာတော်ကြီးထံ ရောက်ရှိပြီး ကုသပါက ပျောက်ကင်းကျန်းမာခဲ့ကြပါသည်။

တစ်နေ့ ဆရာတော်ကြီးထံသို့ အမေကျမ်း ရောက်ရှိလာပြီး...

'ဘုန်းဘုန်း တပည့်တော်မ တောင်တော်ပေါ်တွင် ကျောင်းဆောက်ပြီး သီတင်းသုံးပေးပါ။ ကျောင်းဆောက်ရန် လိုအပ်သော ကုန်ကျစရိတ်ငွေ အားလုံးကို တပည့်တော်မ လှူမှာပါ'

ဟု လျှောက်ထားပါသည်။ ထို့နောက် နတ်သမီးတံဆိပ် ယမ်းမီးခြစ်ဘူးအရွယ် နှစ်ဆယ့်ငါးကျပ်သားခန့် အရွယ်အစားရှိ ဝင်းဝါလှပသော ရွှေတုံးတစ်တုံးအား ရွှေဥမင်တောရ ဆရာတော်ကြီး၏ လက်ထဲသို့ ထည့်ပေးလှူလိုက်ပါသည်။

**အမေကျမ်းတောင်သည် တံတားဦး**



www.burmeseclassic.com

www.burmeseclassic.com

မြို့နယ်၊ အေးကြည်ရွာနှင့် မနီးမဝေး တွင်တည်ရှိပြီး ထီးတည်းတည်ရှိသော တောင်ထစ်လုံး ဖြစ်ပါသည်။ အပြည့်ပြည့်ဆိုင်ရာ တံတားဦးလေးဆိပ်၏ အရှေ့ဘက်တွင် တည်ရှိပါသည်။

ပတ်ဝန်းကျင် ရွာများနှင့်လည်း နီးကပ်စွာ မရှိပါ။ ထိုအခါ ဆရာတော်ကြီးမှ အမေဂျမ်းလှူသော ရွှေတုံးအား ပြန်ပေးလိုက်ပြီး တာဝန်မယူနိုင်ကြောင်း ပြောလိုက်ပါသည်။

ဆရာတော်ကြီး သီတင်းသုံးသော ရွှေဥမင်ကျောင်းတိုက်သည် ပတ်ဝန်းကျင်ရွာများနှင့် တစ်ဆက်တည်း ဖြစ်ပါသည်။

အမေဂျမ်းသည် အကြောင်းကိစ္စများ ရှိပါက ဆရာတော်ကြီးထံ လာကြောင်းကိုလည်း သိရှိခဲ့ရပါသည်။

ကျွန်မတို့ အမေဂျမ်းကို ဆက်မည့် ဝတ်လဲတော် လုံချည်မှာ တိုက်ဆိုင်စွာ အမေဂျမ်းကြိုက်သော အရောင်ဖြစ်သည့် ပန်းရောင် ဖြစ်နေပါသည်။

ဆရာတော်ကြီး၏ ရွှေဥမင်ကျောင်းတိုက်နှင့် အမေဂျမ်းတောင်သည် (၃) မိုင်နီးပါးမျှ ကွာဝေးပါသည်။ ကျွန်မတို့အားလုံး ဆရာတော်ကြီးအား ကန်တော့ကြပြီး အမေဂျမ်းနတ်ပွဲသို့ သွားခဲ့ကြပါသည်။

အမေဂျမ်းတောင်မှ အရှေ့ဘက်သို့ တစ်မိုင်ခန့် ဝင်လာပြီး ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးကို ဖြတ်ကာ အေးကြည်ရွာရှိ အမေဂျမ်း နတ်နန်းသို့ ရောက်ရှိခဲ့ပါသည်။

အနယ်နယ် အရပ်ရပ်မှ နတ်ပွဲလာကာများနှင့် လူများကိုလည်း တွေ့ရပါသည်။ ကျွန်မ၏ အစ်မသည် အမေဂျမ်းပုံတော်တွင် ပဝါ၊ ဝတ်လဲတော် ပန်းရောင်လုံချည်တို့ကို ဆက်လိုက်ပါသည်။

ထို့နောက် ရေစင်ကြေးနှင့် အောင်သပြေပန်းစည်းကို ဆက်ပြီး လိုသောဆုကို အဓိဋ္ဌာန်ပြု ဆုတောင်းလိုက်ပါသည်။

အမေဂျမ်းပုံတော်သည် ခေါင်းပေါ်တွင် ထန်းရည်ခါးအိုးကို ရွက်ထားသော မတ်ရပ်ပုံနှင့် ထိုင်နေသော ပုံတော်တို့ ဖြစ်ပါသည်။ နန်းထိန်းများက ပဝါနှင့် ဝတ်လဲတော်ပန်းရောင် လုံချည်ကို ဝတ်ဆင်ပေးကြပါသည်။

ကျွန်မတို့အား ပြန်ပန်းနှင့် ပြောင်းဖူးဖက် ဆေးလိပ်ကို ပြန်ပေးပါသည်။ အမေဂျမ်း နန်းထဲတွင် ဆိုင်းဝိုင်းတော်ကြီး တီးမှုတ်ကာ နတ်ကတော်များ နတ်ချော့ကခုန်နေသည်ကို နတ်ပွဲလာသူများက ကြည့်နေသည်ကိုလည်း တွေ့ရပါသည်။

အနယ်နယ် အရပ်ရပ်မှ အမေဂျမ်း (ခေါ်) ဘွားချမ်းသာကို ချစ်သောသူများနှင့် အမေဂျမ်း စောင့်ရှောက်မှုကို ရရှိသောသူများသည် နတ်နန်းသို့ လာရောက်၍ နန်းတက်မင်္ဂလာပွဲများ ကျင်းပကြကြောင်းကိုလည်း တွေ့ရပါသည်။

အမေဂျမ်းနတ်ပွဲသည် နယုန်လပြည့်ကျော် (၈) ရက်နေ့မှ နယုန်လကွယ်နေ့ထိ စည်ကားစွာ နှစ်စဉ် ကျင်းပသော နတ်ပွဲဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အေးကြည်ရွာရှိ အမေဂျမ်းခေါ် ဘွားချမ်းသာ နတ်နန်းသည် ဆိုင်းသံ၊ မုံသံ၊ နတ်ချော့သံများဖြင့် စည်ကားလျက် ရှိပါတော့သည်။

**(ရွှေဥမင်တောရ ဆရာတော်ကြီး ပြောပြသည့် ဇာတ်လမ်းအား ရေးဖွဲ့ပါသည်။)**

**ချို (အမရပူရ)**

**စာမျက်နှာ (၂၄၃)မှ အဆက်**

မှ [illegible] သက်ပြင်းချပြီး...

'ဟင်း...အဲ့ဒါကြောင့် [illegible] ကသဲ [illegible] ပြီး [illegible]'

ဟုသာတည်း။

* * *

သည်တွင် စာရေးသူ တပ်ရင်း[illegible] ခံသည်မှာ ထိုသို့ အိပ်မပျော်ရင်း လမ်းလျှောက်ရာတွင် ထိုသူ၏မျက်စိ ဖွင့်လျက်သား...ပိတ်လျက်လား... ဟူသော အတွေးပင်ဖြစ်၏။

သေသေချာချာ စဉ်းစားကြည့်လျှင် အသိရှင်ရှိနေစဉ်မှ မျက်လုံးပိတ်လျက် မဟုတ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော်...

[illegible]

စသည့် အချက်တို့ကို စဉ်းစားကြည့်လျှင် မျက်စိဖွင့်ပြီးမှသာ သွားလာလုပ်ကိုင်နိုင်၏။ အိပ်ပျော်နေရာမှ ထိုသို့ ယောင်တတ်ခြင်းသည် များသောအားဖြင့် ကျွန်ုပ် လေ့လာတွေ့ရှိသလောက်မှာ ငယ်ရွယ်၍ စိတ်အလွန်လှုပ်ရှားတတ်သော အရွယ်တို့၌သာ တွေ့ကြုံရတတ်၍ အကြောင်းအရာ တစ်ခုခုကို စိတ် အလွန်စွဲလမ်းမိလျှင် အိပ်ပျော်နေစဉ်၌ မသိစိတ်ကို ထိုစွဲလမ်းလှုပ်ရှားနေသော သိစိတ်က နှိုးဆွ၍ ထိုသို့လုပ်ခြင်းသာဖြစ်မည်။ ထို့နောက် မသိစိတ်က ပြန်လည်၍ ငုပ်လျှိုးသွားသောအခါ၌ မိမိ လုပ်ကိုင်ခဲ့သမျှကို ပြန်လည်၍ သတိမရခြင်း ဖြစ်မည်ဟု ယူဆမိပါသတည်း။

**ကောင်းသော အကျင့်များ ပျိုး၍ ကောင်းသော အကျင့်များ ရအောင် ကြိုးစားကြပါစို့။**

**ကောင်းဇော် ([illegible])**

**ဝတ်ထက်**



www.burmeseclassic.com

www.burmeseclassic.com

# တိုက်ဆိုင်မှုမဟုတ်သော

ကြိုဆိုထိုက်ရ

**ဒိုးရေွှးမြွ
(ကနောင်)**

ဤကမ္ဘာလောကကြီးတွင် မိမိတို့သိ၊ မတတ်သေးသော အကြောင်းအရာများ များစွာရှိနေပါသည်။ မိမိ၏ ဉာဏ်အမြင် အတိမ်းအစောင်းဖြင့် အကြောင်းအရာတို့အား ဝေဖန်ပါလျှင် အမှန်တရားနှင့် နီးစပ်ဖို့ရန် အလွန်ဝေးပါလိမ့်မည်။

'လောကကြီးမှာ ဂုဏ်ရှိဖို့ထက် ရှိပြီးသားဂုဏ်ကို ထိန်းသိမ်းဖို့က ပိုခက်တယ်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီး စိတ်ဝင်နေရင် သူတစ်ပါးကို အထင်သေးတာ သဘာဝပဲ။

လူတွေဟာ ကိုယ်ဉာဏ်မမှီရင် သူတစ်ပါးသိတာကို မယုံကြည်ကြ အမှန် မထင်ကြဘူး။ သူတစ်ပါးအမြင်ကို မကြည့်ပါနဲ့ ကိုယ့်အမြင်ကို သိရမယ်'

ဟု ကျမ်းပြုအကျော် မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသက သတိပေး ရေးသားထားခဲ့ပါသည်။ ထို့ပြင်...

'ထိုင်းကြောင်း ကျက်စာရုံနဲ့ အသိဉာဏ်တစ်ထွာလောက်ကယ်နဲ့... ညာမလောက်ယောတတ်လှပါ ပရိယတ်လောပနာအောင် စေတနာဉာဏ်အကောက်တွေနဲ့ ကံအကြောက်အတင်းမရှောင် ငြင်းကြလူ့ဘောင် ဗိုလ်ကျတ်အရွယ်တောင်လျှင် အပါယ်ဘောင် သင်ရလိမ့်လေး'

ဟူသော တေးထပ်တစ်ပုဒ်ဖြင့် မုံရွာလယ်တီဆရာတော်ကြီးက ရေးသားသော သတိပေးခဲ့ခြင်းကို မှတ်ထားပါသည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင် သွေးလောက၊ လေပယောဂတို့အပြင် အနှောင့်အယှက် ပြုခံရသော ပယောဂ၍ လက်တွေ့ အဖြစ်အပျက်များ ရှိနေပါသည်။

အောက်လမ်း၊ အလယ်၊ အလတ်လမ်းနှင့် အထက်လမ်းဂိုဏ်းဟူ၍ ဆရာဂိုဏ်း သုံးမျိုးရှိနေပါသည်။ အောက်လမ်းဂိုဏ်းဆရာများနှင့် ရွာသူ(စုန်းမ)တို့က ကံနိမ့်နေသော(ဝါ)မိမိနှင့် အဆင်မပြေသော လူတို့အား သူတို့၏ ပညာစွမ်းဖြင့် နှောင့်ယှက် နှိပ်စက်တတ်ပါသည်။

ထိုပယောဂ ဝေဒနာရှင်အား အထက်လမ်းဂိုဏ်းဆရာတို့က ယင်းတို့၏ပညာဖြင့် ပျောက်ကင်းအောင် ကုသနေသည်မှာလည်း လက်တွေ့ နယ်ပယ်တွင် ရှိနေပါသည်။

ယခု စာရေးသူ အသက်(၆၈)နှစ် ရှိပါပြီ။ စုန်းဖမ်း နတ်ဖမ်း လုံးဝ မခံခဲ့ရပါ။



မိမိ၏ သား၊ ချွေးမတို့သည်လည်း ထိုပယောဂမျိုး မခံစားခဲ့ရပါ။

သို့သော် ၂၀၀၄ ခုနှစ်၊ မတ်လရှိ နေ့တစ်နေ့ နံနက်စောစောတွင် စာရေးသူ ချွေးမက "အဖေရေ... လာပါဦး" ဟု ခေါ်သဖြင့် သူတို့အိမ်သို့ သွားခဲ့ပါသည်။

ထိုအချိန် ငိုနေသူမှာ (၂)နှစ်အရွယ် မြေးမလေး ဖြစ်ပါသည်။ ထိုမြေးမလေး၏ ညာဘက်ခြေထောက်ကို အကိုင်မခံပါ။ လက်ဖြင့် ကိုင်သောအခါ နာသဖြင့် ငိုပါတော့သည်။ ထိုခြေထောက်ကို ကွေး၍ မရပါ။ အဆက်မပြတ် ငိုနေသဖြင့် စာရေးသူ ဘာလုပ်ရမည် မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန် စာရေးသူတို့၏ အိမ်အနောက်ဘက် မနီးမဝေးတွင် နေထိုင်သော ဦးတင်အောင် ရောက်လာပြီး အကျိုးအကြောင်းကို မေးပါသည်။ အကြောင်းစုံ ပြောပြပြီးသောအခါ…

'ကိုအေးရွှေ… ခင်ဗျားမြေးလေး မျိုးသားတူလို့ ထင်တယ်၊ မေဒင်လေးတာလေး မေးကြည့်စေချင်တယ်'

ဟု စာရေးသူကို သတိပေး ပြောစကားကြောင့် မေဒင်မေးပါမည်ဟု ပြန်လည် ပြောကြားခဲ့ပါသည်။

မကြာမီ ရွှေးမဖြစ်သူ မေဒင်မေးပြီး ပြန်လာခဲ့ပါသည်။ ရွာသူမက သူတို့လင်မယားအား မနာလို၍ ပြုစားခဲ့ရာ ကံနိမ့်သူ သမီးလေး ခံခဲ့ရကြောင်း။ ညနေစောင်းလျှင် ဝက်သားချက်နှင့် ထမင်း ရွာချလိုက်ပါ၊ လုံးဝ ကောင်းသွားမည်ဖြစ်ကြောင်း အိမ်ရောက်လျှင် "အလိုရှိရာကို ကျွေးပါမည်၊ သက်သာပါ"ဟု ပြောဆိုရန် မှာလိုက်ကြောင်း စာရေးသူကို ပြောပြခဲ့ပါသည်။

ညအချိန်တွင် မေဒင်ဟောခဲ့သည့်အတိုင်း ပြုလုပ်ခဲ့ရာ နံနက်မိုးသောက် အိပ်ရာမှ ထသောအခါ အကောင်းပကတိ ဖြစ်နေသည်ကို အံ့ဩဖွယ် တွေ့မြင်ခဲ့ရပါသည်။

စာကြွင်း

အထက်ပါ ဖြစ်ရပ်မှန်ကို တိုက်ဆိုင်မှုတစ်ခုဟု ယူဆခဲ့ပါလျှင် နောက်ထပ် ထိုအကြောင်းအရာမျိုးကို ဆက်လက် ရေးပြပါဦးမည်။

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ

ဦးအေးရွှေ (ကနောင်)


အစွမ်းထက်သော

[illegible]

လူတစ်ဦးတစ်ယောက်မှာ ဆံပင်ဟာ အလွန်အရေးပါပြီး ဆံပင်ဖြူများပေါက်နေပါက အလှကို ပျက်စီးစေပါတယ်။

ဒါကြောင့် အသက်ငယ်ရွယ်သူများ ဆံပင်များ ဖြူဖွေးနေတဲ့အတွက် ဆံပင်ကို ဆေးဆိုးရတာက အလုပ်တစ်ခု ဖြစ်နေပါတယ်။

ထို့အတူ သွား(၃၂)ချောင်းရှိတဲ့ အနက်မှ တစ်ချောင်းကျိုးသွားပါက ကျန်သွားများ ယိုင်နဲ့ကုန်ပြီး စားသောက်ရတာက အဆင်မပြေ ဖြစ်ရပါတယ်။

ကြာကြာဝါးမယ့်သွား အရိုးကြည့် ရောင်ဆိုသလို အစားအသောက်များမှ အမာအစားအစာများ ရှောင်ရပြီး မိမိစားချင်သော်လည်း သွားမကောင်းသဖြင့် မစားရဘဲ ဖြစ်နေကြသူ များပြား စွာရှိတဲ့အတွက်၊ ဆံပင်မဖြူ သွားမကျိုးနိုင်သော ဆေးတစ်လက်ကို နေ့စဉ် စားသုံးပါက သက်သာပျောက်ကင်းစေတဲ့ ဆေးတစ်လက်ကို ဖော်ပြလိုက်ရပါတယ်။

ပါဝင်သော ဆေးပစ္စည်းများနှင့် ဖော်စပ်ပုံ



| | |
|---|---|
| ကြုံ့ | (၁၀)ကျပ်သား |
| ပွေးကိုင်း | (၁၀)ကျပ်သား |
| သိန္ဓောဆား | (၅)ကျပ်သား |
| ဝက်သာ | (၂)ကျပ်(၈)ပဲသား |
| စမုန်ပြိုးပါး | (၁)ပဲသားစီ |
| စာတိပ္ဖိုလ်သီး | (၁)လုံး |
| အလိုကျူ | (၄)ပဲသား |
| ကြေးပုပ် | (၄)ပဲသား |
| လိပ်ကျောက်ခွံ | (၄)ပဲသား |

ယင်းဆေးတို့ကို အမှုန့်ပြုပြီးလျှင် မန်ကျည်းမှည့် (၂၅)ကျပ်သားနှင့်ရော… များရည်စစ်စစ် (သို့မဟုတ်) နှမ်းဆီဖြင့် သမအောင်ထည့်၍ ဝေပြီးလျှ… အလုံပိတ် ဖန်ပုလင်းထဲထည့်၍ ထားရပါမည်။

**စားသုံးရန်မှာ…**

နေ့စဉ် ညအိပ်ရာဝင်ချိန်တွင် ဆီး (ဇီး)ကင်းလုံးခန့် စားရပါမည်။ ထိုသို့နေ့… စားသုံးပြီး တစ်လခန့်ကြာသော် သွားများနှင့် ဆံပင်ဖြူပေါက်သူများသိသာ ထင်… စွာ ဆေးအကျိုးပြုပါလိမ့်မည်။

**ဆေး၏အစွမ်းမှာ** သွားမကျိုး ဆံပင်မဖြူရုံတင် မဟုတ်သေးပါ၊ အညောင်းအ… အကိုက်အခဲ၊ ထုံကျဉ်၊ မီးယပ်၊ ဒူလာ၊ ဝမ်းဖောဝမ်းရောင်၊ ဆီးအောင့်၊ ပန်း… ရောဂါများ ရှိနေသူများအတွက် ယင်းဆေးကို သုံးစွဲပါက အမှန်ရောဂါဝေဒနာ… သက်သာ ပျောက်ကင်းပါလိမ့်မည်။ ရောဂါဝေဒနာဟူသည့် အသက်ကြီးငယ်… ဖြစ်တတ်ကြပြီး အချိန်မီ မြန်မာ့ဆေးဝါးများကို ယုံကြည်စွာ စနစ်တကျဖော်… သုံးစွဲကြပါက သက်သာပျောက်ကင်းကြရပါမည်။

သွားမကျိုးသေးသူ ဆံပင်မဖြူသေးသူများမှာ တစ်နေ့လျှင် ထိုဝေဒနာကို… ရမည်ဖြစ်သည့်အတွက် အလွယ်တကူ ဖော်စပ်သုံးစွဲနိုင်စေရန်အတွက်ရှေး… ရှေးရှေး မေတ္တာပွားလျက် အစွမ်းထက်သော ဆေးတစ်လက်ကို ဤနက္ခတ္တရောင်… မဂ္ဂဇင်းမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

**စာဖတ်သူများ ရွှင်လန်းချမ်းမြေ့ကြပါစေ။**

< ရောမြေ ထွန်းထွန်း >




www.burmeseclassic.com

www.burmeseclassic.com

# အာစရိ နမာမိ (၂)

ဒေါ်သုမနဝိမိတ္တ
(B.Sc, H.G.P, Dip.Ed)

**ယခင်လမှ အဆက်**



သောတာပန်ဘဝဖြင့် ဗုဒ္ဓကို အလုပ်အကျွေးပြုစဉ် တရားအားထုတ်ချိန် မရှိရှာပါ။ အားချိန်မရှိပါ။ အလွန်မတန် အလုပ်များခဲ့၏။

ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် ပထမသင်္ဂါယနာတင်ခဲ့၏။ ပထမသင်္ဂါယနာတင်ရာတွင် ရှင်အာနန္ဒာက အဓိကဖြစ်သည်။ ရဟန္တာ(၄၉၉)ပါးနှင့် ရှင်အာနန္ဒါ။ ရှင်မဟာကဿပကလည်း ရှင်အာနန္ဒာကို ရွေးချယ်ချင်၏။ သံဃာတော်များကလည်း ရှင်အာနန္ဒာကို ရွေးချယ်စေလို၏။ ရှင်အာနန္ဒာ ရဟန္တာဖြစ်ရန် ကြိုးစားခဲ့ပါသည်။

သင်္ဂါယနာပွဲ မတိုင်မီည ညဉ့်ဦးယံ၊ သန်းခေါင်ယံ(ညဉ့်နှစ်ယံ) ကုန်အောင် ရှင်အာနန္ဒာ စင်္ကြံလျှောက်ပြီး အားထုတ်ခဲ့၏။ အမှတ်သတိဖြင့် တဲကျောင်းသို့ ပြန်ကြ၏။ တဲကျောင်းအိပ်စင် အလယ်ကောင်နားတွင် ထိုင်၏။ သတိပြီး၏။ လဲလျောင်း၍ အမှတ်သတိကပ်နေ၏။

ခြေထောက်နှစ်ချောင်းကို မြေပေါ်ကြွနေ၏။ ကိုယ်ခန္ဓာ အထက်ပိုင်းက အိပ်စင်ဘက် ခေါင်းချ၍ လဲလျောင်းနေ၏။ ခြေထောက်နှစ်ခု အိပ်စင်ပေါ် ရောက်မီ၊ ခေါင်းကလည်း အိပ်စင်ခေါင်းအုံးထိမီ တင်ပါးက ကြမ်းပြင်ထိနေချိန် လက်နှစ်ဖက်က ကြမ်းပြင်မှာ ထောက်ထားချိန် ရဟန္တာ ဖြစ်သွားခဲ့၏။ နောက်ထပ် (၃)မဂ်၊ (၃)ဖိုလ် တက်သွား၏။

စင်္ကြံသမာဓိကြောင့် တရားထူးခဲ့ရ၏။ ရှင်အာနန္ဒာအကြောင်းကိုလည်း တောဘုန်းကြီးလေး သတိရနေလေ့ရှိသည်။ ဆွမ်းခံကြွချိန် စင်္ကြံအမှတ်သတိရှိ၏။ တောထဲ၌ စင်္ကြံလျှောက်၏။ သင်္ကန်းတွေ ရွဲစိုလာသည်အထိ စင်္ကြံလျှောက်၏။ အမှတ်သတိမြဲ၏။

ချွေးစိုသော သင်္ကန်းများ နွမ်းရိပေါက်ပြဲလွယ်၏။ သင်္ကန်းချုပ်အပ်ဖြင့် သင်္ကန်းများကို တောဘုန်းကြီးလေး ချုပ်၏။ **"ဗုဒ္ဓနှင့် ရှင်အာနန္ဒာ၊ သံဃာများ သင်္ကန်းချုပ်ခဲ့ကြသည်"** ကို တောဘုန်းကြီးလေး တွေးမိ၏။ ဗုဒ္ဓနှင့် သံဃာတော်များ လှူသော အလောင်းကောင်ပေါ် ဖုံးလွှမ်းထားသော အဝတ်များတို့ ရေဖြင့်လျှော်၊ သစ်ခေါက်ဖြင့်ဆိုး၊ အပိုင်းပိုင်းဖြစ်အောင်ဖြဲ သင်္ကန်းချုပ်ခဲ့ကြ၏။

တောဘုန်းကြီးလေးကတော့ စုတ်ပြဲနေသော သင်္ကန်းများအပြင် အခြားမှ မရနိုင်။ လှူသောကောင်မှ အဝတ်ဆိုတာ မဖြစ်နိုင်။ မြေတွင်းထဲ မြှုပ်လိုက်ကြပါပြီ။ ရဟန်းများ ပျံလွန်သောအခါ သင်္ကန်းပါ မီးသင်္ဂြိုဟ်လိုက်ကြ၏။ တောဘုန်းကြီးလေးကတော့ အချုပ်ရာများ ပြည့်နေသော သင်္ကန်းကိုသာ ဝတ်ရမှာပါ။ သင်္ကန်းချုပ်ရင်း ကိုယ့်ကိုယ်ကိုယ် အားပေး၏။



www.burmeseclassic.com

www.burmeseclassic.com

နံနက် အာရုဏ်တက်ချိန် နေကာ ပူပြင်းလှပြီ။ သက်နိုးတွေက အစိုဓါတ် ရှိရဲ့ တောထဲရောက်မှပဲ သက်နိုးတွေ ဖြန့်လှန်းရပါမည်။ တောဘုန်းကြီးလေးက ခေါင်းကပ် ပူလှ၏။ ဖိနပ်မပါသော ခြေထောက်ကလည်း ပူလှ၏။ တောထဲဝင်ရောက်စ ဖြုပါပြီ။ တောထဲ ဝင်လာ၏။ လမ်းကြောင်းမရှိပါ။

မကြာမီ မြေပေါ်တွင် သက်နိုး(၃)ထည်ကို ဖြန့်ကြဲထားလျက် တွေ့ရ၏။ အသစ်စက်စက် ပေါ်ပလင်သက်နိုး (ဖိတ်သက်နိုးမဟုတ်)များပါ။ အနီး အနားတွင် မည်သူမျှ ရှိပုံမရ၊ ပံ့သကူ သက်နိုးများပါ။

တောဘုန်းကြီးလေး ကောက်ယူ အလှူခံခဲ့၏။ သက်နိုးဒကာ မည်သူ လဲ မည်သူပဲဖြစ်ဖြစ် မေတ္တာပို့ပါ၏။ တောဘုန်းကြီးလေး တောထဲမှာ ပံ့သကူသင်္ကန်း အလှူခံ ရရှိသည်မှာ သက်နိုးစုတ်ပြတိုင်းပါ။ သက်နိုးစုတ် များကို တောဘုန်းကြီးလေး စွန့်လိုက် ပါ၏။

ဗုဒ္ဓ ဘုရားဖြစ်စက နေရာ(၇)ဌာန တွင် (၇)ရက်စီ စံမြန်းတော်မူ၏။ (၄၉)ရက်ကြာ၏။ (၇)ရက် အတောင် (၆၀)ရှိသော လမ်းမှာ စင်္ကြံလျှောက် တော်မူ၏။ စင်္ကမသတ္တာဟပါ။ နောက် (၇)ရက် အပရာဇိတပလ္လင်တော်ကို ကြည့်ရင်း ရပ်တော်မူ၏။

အနိမိသသတ္တာဟပါ။ ကျန်သော (၅)ဌာနမှာ ဗုဒ္ဓထိုင်တော်မူ၏။ (၁)ဌာန (၇)ရက်စီပါ။ ဗုဒ္ဓ (၇)ရက် လဲလျောင်းသည့် ဣရိယာပုထ် မပြုပါ။ မရှိပါ။ လဲလျောင်းတော်မူခြင်း မရှိပါ ဟူသော အချက်ကို တောဘုန်းကြီး လေး အမြဲသတိရ၏။

ဗုဒ္ဓ (၇)ရက် ရပ်တော်မူခဲ့သည့် အချက်ကို သတိရနေလေ့ရှိသည်။ ဗုဒ္ဓ ၏ ရပ်တော်မူပုံကို ကိုယ်နေဟန်ထား ကို အမြဲတွေးမိ၏။ ကောင်းလှ၏။

ဘာသာရှိကာ ကျမ်းပြုအကျော် **အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာ ဘိဝံသ (တောင်မြို့ဘုန်းတော်ကြီး)** သည် အမရပူရမြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်၏။ စခွာဦး ဆရာတော် ကြီးပါ။ တောင်မြို့ဘုန်းတော်ကြီးသည် ရွှေကျင်ဂိုဏ်းကြီးကို ဂုဏ်မြင့်စေသူ ဖြစ်၏။ သာသနာ့ဝန်ကို အထူးကျေပွန် အောင် ထမ်းဆောင်သွားသူအဖြစ် ကျော်ကြား၏။

ရဟန်းများကို စာချပေးခဲ့၏။ မဟာ ဂန္ဓာရုံမှုဖြင့် စာချခြင်းပါ။ မဟာဂန္ဓာရုံ တိုက်ထွက်ရဟန်းများ လိုက်နာသော **"စိတ်ကောင်းရှိဖို့က ပထမ"** ဟူသော အချက်မျိုးပါ။ **"စိတ်၊ ဝိ၊ ကျမ်း၊ သန်၊ ဝတ်၊ နေ၊ သွား၊ ပြော၊ စည်း၊ စာ"** ဆိုင်းဘုတ်ကို ယခု မဟာဂန္ဓာရုံတိုက်ခွဲ ရဟန်းများက ရေးသားထားကြ၏။ ဤ(၁၀)ချက်ကို ယနေ့ စာသင်သားရဟန်းများ လိုက်နာ တုန်းပါ။

ဝိနည်းစည်းကမ်း ကြီးသူအဖြစ် လေးစားခြင်း ခံရသော တောင်မြို့ ဘုန်းတော်ကြီးပါ။ ရဟန်းပညာရှိ များစွာကို မွေးထုတ်ပေး၏။ (စေတွတ္တ) တိပိဋကဆရာတော် ဘဒ္ဒန္တသုမင်္ဂလာ သာရ(Ph.D)ကဲ့သို့ တပည့်မျိုးတွေပါ။

'တောင်မြို့ဘုန်းတော်ကြီးတော်လို့ တပည့် ဖြစ်သူ ဓိမိ သာသနာ့တာဝန်ကို ထမ်း ဆောင်နိုင်သူ ဖြစ်ခဲ့ပါသည်'

ဟု ဘဒ္ဒန္တသုမင်္ဂလာသာရက အစဉ် အမြဲ ဂုဏ်တင်ပြောလေ့ ရှိပါသည်။

တောင်မြို့ ဘုန်းတော်ကြီးသည် ကျမ်းပေါင်းများစွာကို ရေးသားပြုစုခဲ့ ပါသည်။ ရဟန်းတော်များအတွက် ကျမ်းစာအုပ်များ ရေးသားခဲ့ပါ၏။ လူပုဂ္ဂိုလ်များအတွက်လည်း ကျမ်း[illegible] အုပ်များ ရေးသားခဲ့ပါ၏။ လူတစ်ရပ် မြင့်သော စားပွဲခုံမြင့်ကိုသုံးပြီး တောင် မြို့ ဘုန်းတော်ကြီး စာရေး၏။ ထိုင်ပြီး စာရေးလေ့ မရှိပါ။

စားပွဲခုံမြင့်ပေါ်တွင် စာရွက်ကိုတင် ၏။ တောင်မြို့ဘုန်းတော်ကြီးက ကြမ်းပြင်တွင်ရပ်ပြီး ခုံမြင့်ပေါ် မိမိ၏ လက်ကိုတင်ပြီး စာရေး၏။ ရပ်ပြီးရေး ခဲ့သော ကျမ်းပေါင်းက များစွာပါ။

အလွန်ကောင်းသော ကိုယ်နေဟန် ထားပါ။ အချိန်ကြာရှည်စွာ နေနိုင် သော (ရပ်)ဣရိယာပုထ်ပါ။ ကျန်းမာ ရေးနှင့် ညီညွတ်သော ဣရိယာပုထ်ပါ။ **(ခြေထောက်မှ အမှုများ ထုတ်ပြီး သား ဖြစ်သွားပါသည်။ မျက်စိ ကြည်လင်စေသော နည်းမျိုးပါ)** မဟာပညာရှိ တောင်မြို့ဘုန်းတော်ကြီး ၏ ဉာဏ်တော်က အံ့မခန်းပါ။

ဗုဒ္ဓ၏ ရပ်တော်မူ ဣရိယာပုထ်ကို တောင်မြို့ဘုန်းတော်ကြီး (တလေး တစား)ပြုသည်ပဲ ဖြစ်ပါမည်။ တောင် မြို့ဘုန်းတော်ကြီးက ဗုဒ္ဓ၏ အကြောင်း အရာများကို ဟောကြားခဲ့၏။ ဗုဒ္ဓ၏ တန်ခိုးတော်များကို ဟောကြားလျှင် ရွှင်လန်းဝမ်းမြောက်သော မျက်နှာဖြင့် ဟောတော်မူ၏။

အောင်တော်မူခဲ့ပုံများကို ဟော ကြားလျှင် တက်ကြွအားရသော မျက်နှာ ဖြင့် ဟောတော်မူ၏။ ဗုဒ္ဓ လောကမိုး[illegible] ပုံကို ဟောကြားလျှင် ဝမ်းနည်းသော မျက်နှာဖြင့် ဟောတော်မူ၏။(သဘာ ကြင်နာခြင်းပါ။)

ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပုံကို ဟောကြား လျှင် မျက်ရည်များ ယိုစီးကျပြီး အသံ တိမ်ဝင်သွားပြီး ယူကျုံးမရ မျက်နှာ[illegible] ဟောတော်မူ၏။ တောင်မြို့ ဘုန်း[illegible] အလွန်မတန် ကြည်ညိုသော ဗုဒ္ဓဘုရား





www.burmeseclassic.com

www.burmeseclassic.com

ပါ။ ဗုဒ္ဓ၏ ရုပ်တော်မှ ကွဲရီယာပုတ်ကို တောင်မြို့ဘုန်းတော်ကြီး အလေးထား၍ ရုပ်ရှုစာရေးခြင်း ဖြစ်ပါမည်။

တောင်မြို့ဘုန်းတော်ကြီး၏ (ရုပ်သည် ကွဲရီယာပုတ်)ကို တောဘုန်းကြီးလေး သတိရနေ၏။ တောဘုန်းကြီးလေးက နေ့တွင်ဖြစ်စေ ညတွင်ဖြစ်စေ ရုပ်တော်မှ၏။ လေကို ထက်ထက်ရှူ၏။ အမှတ်သတိမြဲ၏။ မြေပြင်နှင့် ခြေဖဝါးကို ကော်နှင့်ကပ်ထားသကဲ့သို့ မြဲနေ၏။

ကွဲရီယာပုတ် မပြောင်းလဲ၊ ခြေဖဝါးက ပူလှ၏။ ထုံကျဉ်လာ၏။ မခံမရပ်နိုင်။ ပြင်ဖို့ စိတ်မကူး။ သည်းခံတော်မူ၏။ သက်နှင်းလွှတ်နေသော မျက်နှာ၊ ကျော၊ ခြေထောက်တို့ကို တောခြင်၊ မှက်၊ ဖြုတ်တို့က သွေးစုပ်ကြ၏။ နာကျင်စပ်ဖျဉ်း ခံရခက်လှ၏။ သည်းခံတော်မူ၏။ သတ္တဝါများကို သွေးလှူခြင်းပါ။

တောဘုန်းကြီးလေးက ဗုဒ္ဓဟောကြားခဲ့သော တရားတော်အတိုင်း ပြည့်စုံအောင်နေသည်။ (၁)ယုံကြည်သည်၊ (၂)ကြိုးစားသည်၊ (၃)အမြဲသိနေသည်၊ (၄)တည်ငြိမ်သည်၊ (၅)အမှန်ကို ထွင်းဖောက်မြင်နိုင်သောဉာဏ်ရှိ၏။ ငါ့အလိုကျမဟုတ် သူ့သဘောသူ ဖြစ်နေခြင်းကို ဉာဏ်အမြင် ပေါက်လာ၏။ အမှန်အတိုင်း သိမြင်သောဉာဏ် ဖြစ်လာ၏။

အားလုံးကို ကျေနပ်သွား၏။ ကိုယ်စိတ်ချမ်းသာနေ၏။ ဒီထက် ချမ်းသာတာ ဘာမှ မရှိဟု သဘောပေါက်သွား၏။ ဉာဏ်ထူးကြီးကို ရစေ၏။ တိုင်းတာ၍ မရအောင် မြတ်နေ၏။ တောထဲမှာ (၂)နှစ်အားထုတ်၏။ ကျန်းမာရေးသည်းကောင်း၏။ ဉာဏ်ထူးကြီးလည်း ချမ်း အမြတ်ထွက်ပါပြီ။



ဗုဒ္ဓပွင့်ထွန်းတော်မူရာ၌ အနတ္တအလက္ခဏာကို ထုခဲ့သည်။ သခါရလောကကြီးသည် အနတ္တပါ။ အနတ္တအသိဉာဏ် (သူ့သဘောသူဆောင်) ပေါက်ဖို့ဟောကြားခဲ့သော တရားတော်တွေပါ။

ဗုဒ္ဓ၏ တရားတော်ကို တောဘုန်းကြီးလေး သဘောပေါက်ပါပြီ။ အတုမဲ့ ဗုဒ္ဓအပေါ် မပြောပြတတ်အောင် တောဘုန်းကြီးလေး ကြည်ညိုမိ၏။ အထပ်ထပ် အခါခါ ရှိခိုးမိပါ၏။

သူ့သဘော သူဆောင်သည့် တရားရရှိမှုကို တောဘုန်းကြီးလေး အလွန်မတန် ကျေနပ်မှုရှိ၏။ ကိုယ်စိတ်ချမ်းသာမှု ရရှိခြင်းကို သဘောကျ၏။ အားလုံးကို ကျေနပ်မှုရရှိပါပြီ။ [၁၉၇၁–၁၉၇၂ (၂)နှစ် အားထုတ်၏။]

တောဘုန်းကြီးလေး မူလ သီတင်းသုံးခဲ့သော (...)ရွာ (...)ကျောင်းသို့ ပြန်လည်ကြွခဲ့ပါပြီ။ ရွာဘုန်းကြီးလေး ပြန်ဖြစ်ပါပြီ။ ရွာဘုန်းကြီးလေး တာမချတော့ပါ။ ရဟန်းများ၊ ကပ္ပိယ၊ လူယောဂီများကို တရားပြသပါသည်။

ဗုဒ္ဓ ဟောကြားတော်မူခဲ့သော ဒီဃနိကာယ်မဟာဝဂ္ဂ၌ မဟာသတိပဋ္ဌာနသုတ်သည် ဝိပဿနာတရား၏ အခြေခံ ဖြစ်ပါသည်။ မဟာသတိပဋ္ဌာနသုတ်ကိုသာလျှင် အဓိကအားဖြင့် အခြေခံ၍ ရွာဘုန်းကြီးလေး ဝိပဿနာတရားပြသပါသည်။ "မဟာသတိပဋ္ဌာန်တရားတော်"ဟု အမည်တပ်သည်။

မိမိကိုယ်တိုင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ထက်သန်စွာ အားထုတ်ခဲ့သော နည်းကို ရွာဘုန်းကြီးလေး တရားဟော၏။ တရားပြသ၏။ အနီးကပ် သင်ကြားပြသ၏။ ကိုယ်တိုင် ကြပ်မတ် စောင့်ရှောက်ကူညီပြီး တရားပြသ၏။ မေတ္တာများစွာဖြင့် ကူညီတော်မူခြင်းပါ။

ဥပုသ်နေ့များတွင် လည်းကောင်း၊ ညစဉ်လည်းကောင်း တရားပြသခဲ့ပါသည်။ ယောဂီများက စကြံနည်း၊ ရပ်နည်းကို အထူး နှစ်ခြိုက်ကြ၏။ ခြေတစ်ဖက်ပြတ်နေသော (ကွန်မြူနစ်လူထွက်) လူကပင် တိုင်ကိုဖက်ပြီး ရပ်အားထုတ်ခဲ့၏။ **(ပြတ်နေသော ခြေထောက်က တိုင်ကိုချိတ်၊ လက်နှစ်ဖက်က တိုင်ကိုဖက်ပြီးအားထုတ်ခြင်းပါ။)**

ထိုလူသည် ဗုဒ္ဓ၏တရားတော်ကို လက်ခံယုံကြည်ခဲ့ပါသည်။ ယောဂီများ အကျိုးဖြစ်ထွန်းခဲ့ပါ၏။ ရွာဘုန်းကြီးလေး မွေးမယ်တော်ကိုပင် တရားပြသ ကျေးဇူးဆပ်နိုင်းခဲ့ပါသည်။

တရားပြသချိန် (၂)နှစ်ကြာပါသည်။ တရားပြသခြင်း ရွာဘုန်းကြီးလေး အောင်မြင်ခဲ့ပါသည်။ (၁၉၇၃–၁၉၇၄)ခုနှစ် (၂)နှစ်ပါ။ တရားပြသသည်။

တိပိဋကဓရ အရှင်မြတ်တစ်ပါးနှင့် ရွာဘုန်းကြီးလေးကို ကျွမ်းဝင်ခဲ့ကြသည်မှာ ကြာလှပါပြီ။ ထိုအရှင်မြတ်က တောထဲမှာ တရားကျင့်လို၏။ တောထွက်ဖူးသော ရွာဘုန်းကြီးလေးကို အရှင်မြတ်က အကူအညီတောင်း



www.burmeseclassic.com

www.burmeseclassic.com

၏။ (၂)ပါး အတူတောထွက်ကြရန်ပါ။ တောထွက်ကြမည့် တောင်က ခေါ်လှ၏။

သို့သော် ထိုတောင်က တောင်မြတ်မဟာကြီးပါ။ ဗုဒ္ဓသည် ရှင်အာနန္ဒာနှင့် အတူ ကြွလာခဲ့ဖူးသော နေရာမြတ်ကြီးပါ။ တောင်ထိပ်မှရပ်တန့်၍ ရှောဝတီမြစ်တစ်ဖက်ကမ်းသို့ ကြည့်ပြီး လက်ညှိုးညွှန် မိန့်ခွန်းတော် ဗျာဒိတ်တော်ကို ဗုဒ္ဓက မိန့်ခဲ့ဖူးပါသည်။

ထိုတောင်မြတ်မဟာတွင် သီရိ ဓမ္မာသောကမင်းကြီးက ရွှေစေတီ (ရွှေအစစ်) တည်ထားခဲ့ပါသည်။ ဗုဒ္ဓ၏ ဓာတ်တော်များ ဌာပနာ၍ ရွှေစေတီ တည်ခြင်းပါ။ ရွှေစေတီငယ်လေးပါ။ အနော်ရထာမင်းကြီးက စွယ်တော် မြတ်စေတီ တည်ထားခဲ့၏။ စွယ်တော် ပွားတစ်ဆူကို ဌာပနာ၍ တည်ထား ခြင်းပါ။

သီရိဓမ္မာသောက မင်းကြီး၏ ကောင်းမှုတော် ရွှေစေတီကိုငုံ၍ စွယ်တော်မြတ်စေတီ တည်ထားခဲ့ခြင်း ဖြစ်သည်။ နရပတိစည်သူမင်းကြီးက စွယ်တော်မြတ်စေတီတော်ကို ငုံ၍ **စေတီတော်ကြီး (မျက်မြင်ဖူးတွေ့ရသော စေတီတော်ကြီး)** တည်ထားခဲ့ပါသည်။

ရွှေစေတီ၊ စွယ်တော်မြတ်စေတီ၊ မျက်မြင်ဖူးတွေ့ရသော စေတီတော်ကြီးစေတီ (၃)ဆူအကြားတွင် ပတ်၍ လမ်းလျှောက်နိုင်အောင် ကျယ်ဝန်းပါသည်တဲ့။

**(၁၉၅၅ ခုနှစ်၊ ငလျင်ကြီး လှုပ်ခဲ့ပါသည်။ စေတီတော်ကြီးနှင့် စွယ်တော်မြတ်စေတီတို့၏ အပေါ်ပိုင်းများ ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြင်ဆင်သောအခါ စေတီများ၏ အတွင်းသို့ ကြိုးလှေကားများဖြင့် ဆင်းကြည့်ကြ၏။ စေတီ(၃)ဆူ၏ အမှတ်အသားများ၊ ဌာပနာများကို တွေ့ရှိခဲ့ကြခြင်း ဖြစ်ပါသည်။)**

တောင်ဘုန်းကြီးလေး ၁၉၅၅ ခုနှစ် ၌ တောင်တော်မြတ်သို့ ရောက်ရှိပါသည်။ စေတီတော်ကြီး ပြင်ဆင်နေသည့်အခါ သီတင်းသုံးနေပြီ ဖြစ်ပါသည်။

တိပိဋကရေအရှင်မြတ်နှင့် ရွာဘုန်းကြီးလေး ထိုတောင်မြတ်မဟာတွင် ဆုံကြရန်ဖြစ်သည်။ ၁၃၃၇ ခုနှစ်၊ ဝါဆိုလဆန်း(၁၄)ရက်တွင် ဆုံကြရန်ဖြစ်သည်။ ၁၃၃၇ ခုနှစ်၊ ဝါဆိုလဆန်း (၁၄)ရက် ညနေချိန်တွင် ရွာဘုန်းကြီးလေး ရောက်ရှိ၏။ အရှင်မြတ်ကမူ မကြွရောက်ဖြစ်ပါ။ လူလွှတ်ပြီး စာ တစ်စောင်ကို ရွာဘုန်းကြီးလေးထံ ပို့ခဲ့၏။

စာထဲတွင် တောထွက်ရန် မဖြစ်နိုင်တော့သော အခြေအနေကို အရှင်မြတ်က ရေးသားထားပါသည်။ အရှင်မြတ်က မကြွလာသော်လည်း ရွာဘုန်းကြီးလေး ရွာကျောင်းသို့ မပြန်တော့ပါ။ တောင်တော်မြတ်၌ ရွာဘုန်းကြီးလေး တောထွက်ဖြစ်သည်။ **ဒုတိယတော ထွက်ခြင်းပါ။[၁၃၃၇ ခုနှစ်မှစ၍ ဝါဆိုခဲ့သည်မှာ ၁၃၅၆ ခုနှစ်ထိ ဝါဆိုတုန်းပါ။]**

တောင်တော်မြတ်သည် အလွန် မတန်မြင့်မားသည်။ လူသူမရောက် ခေါင်လှ၏။ တောချုံတွေ ပိတ်ပုံးနေ၏။ မြွေဆိုးအမျိုးမျိုး ပေါလှသည်။ ရွာဘုန်းကြီးလေး သက်တော်(၄၀)၊ ဝါတော်(၂၀)တွင် တောင်ဘုန်းကြီးလေး ဖြစ်ခဲ့၏။ **(မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး မိန့်တော်မူသည့်အတိုင်း ဂိုဏ်းဆရာများ၊ ထက်မြက်သော ပညာရှင်ရဟန်းက သေမည်ဟု ဟောထားသောနှစ်တွင် တောင်ဘုန်း ကြီးလေး ဖြစ်ခဲ့၏။)**

နံနက် နေထွက်လာလျှင် တောင်ဘုန်းကြီးလေး သပိတ်ကိုလွယ်၏။ တောင်ပေါ်မှဆင်းလာ၏။ မြင့်မားသော ကျောက်တောင်ကြီး။ လမ်းမရှိပါ။ ခြေကုပ်၍ သွားရသောလမ်းပါ။ ဖိနပ်မပါသော ခြေထောက်ကို ကျောက်စွန်းများက စူးကြ၏။ တောင်ခြေရောက်လျှင် မောဟိုက်နေပါပြီ။

ရေချမ်းစင်တွင် ရေသောက်ပါသည်။ သက်နှံကို ညီအောင်ရုံ၏။ (ယခု သက်တော်ကြီးရင့်နေပြီ ဖြစ်သော်လည်း သင်္ကန်းအဝန်းများ ညီညီညာညာ ရှိ၏။) သင်္ကန်းလက်ကတော့ ထိုးထား လျှင် အလွန်သေသပ်၏။ သပိတ်ကို ပိုက်၏။ ရွာတွင်းသို့ ဆွမ်းခံကြွ၏။

သပိတ်တစ်ဝက်ရလျှင် ဆွမ်းခံ တော့ တောင်ခြေမှာ ရေသောက်၏။ သပိတ်လွယ်၏။ တောင်ပေါ်တက်၏။ ခြေကုပ်ရတာ ခက်လှ၏။ ပိုမောပန်း၏။ ရစရာမရှိအောင် မောလှ၏။ (ယခု **တိုးတက်လာခဲ့သည်မှာ တောင် တော်မြတ်ကို ကား ဆိုင်ကယ်ဖြင့် လွယ်ကူစွာ တက်နိုင်၏။ တောင် ဘုန်းကြီးလေး ဝီရိယထုတ် ကြိုးစား ခဲ့ရသည်များပါ။)**

တောင်ဘုန်းကြီးလေး၏ သင်္ကန်း တွေက ရေလျှော်ထားသကဲ့သို့ ရွှဲရွှဲ နေ၏။ ချွေးထွက်မှုကြောင့်ပါ။ မော ဟိုက်ပင်ပန်းနေပြီ။ ရေသောက်ချင် ရေကရှားလှ၏။ မိုးရေခံပြီး သုံးရခြင်း ပါ။ မြကန်ရှိ၏။ ရေကညစ်ပတ်၏ နွေဆို ရေမရှိ။

**(ယခု သံပိုက်ကြီးများဖြင့် တောင် ပေါ်အရောက် ရေပို့နိုင်ပြီ။ တောင်ပေါ်တစ်ခုလုံး လိုသလောက် ရေသောက်သုံးနိုင်ပါပြီ။ ရေလှောင် ၏။ ရေလှောင်ကန်ကြီးများ ပြည့်လျှံနေပါပြီ။ တောင်ဘုန်းကြီး**



www.burmeseclassic.com

www.burmeseclassic.com

**လေး၏ ကြိုးပမ်းချက်များပါ။)**

ဘုရားဆွမ်းတော်ကပ်၏၊ ပြန်စွန့်ပါရန် တောင်းပန်ပါသည်။ ဆွမ်းစားကြည့်၏။ မစားနိုင်ပါ။ မောလွန်း၍ မစားနိုင်ခြင်းပါ။ တစ်ပတ်လောက်အထိ ဆွမ်းမစားနိုင်ပါ၊ ရှစ်ရက်မြောက်မှာ သပိတ်ထဲက ဆွမ်းဟင်းများကို ဖယ်၏။ ဆွမ်းဖြူချည်း စားကြည့်၏။ စား၍ရလာ၏။

နောက်သုံး,လေးရက် ကြာသောအခါ ပဲပြုတ်၊ အကြော်၊ မှုစ်ကြော်သည်တို့ စား၍ရလာ၏၊ သက်လွတ်ဘုဉ်းပေးခြင်း(သား,ငါး ပါလာလျှင် အကုန်ဖယ်ရ၏။)မို့ ပဲပြုတ်သည် ဟင်းကောင်းပါ။ ပဲကပ်ကြော်ဖြင့်လည်း ဆွမ်းဘုဉ်းပေးနိုင်သည်ပါ။

သားမပါ၊ ဆီးမပါ ဟင်းရွက်ပြုတ်ဖြင့်လည်း ဘုဉ်းပေးနိုင်သည်ပါ။ ရက်ပေါင်းကိုးဆယ်မှာ အဆင်ပြေကောင်းမွန်လာ၏။ ရောဂါတွေ လုံးဝ မရှိတော့၊ တောင်အောက် တောင်ပေါ် စကြံကြသောအကျိုးပါ။

တောင်တော်မြတ်ရှိ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သာသနာစောင့်နတ်၊ စေတီတော်စောင့်နတ်များကို တောင်ဘုန်းကြီးလေး မေတ္တာပို့သ၏။ အနော်ရထာမင်းလက်ထက် ရဟိုင်းညာရှင်များ (ဘုရားတည်ခဲ့သူများ) နေခဲ့သော အဆောက်အအုံ ဂူတန်းရှိခဲ့ပါသည်။ ထိုဂူတန်းများသို့ဝင်ပြီး မေတ္တာပို့ အမျှဝေခဲ့ပါသည်။

ညနေဆိုလျှင် စေတီတော်ကြီးကို ထက်၍ စင်္ကြံလျှောက်၏။ ပြီးလျှင် ဘုရားရှိခိုး၏။ ဘုရားဂုဏ်တော်များ ပွား၏။ ပရိတ်တော်ရွတ်၏။ မေတ္တာသုတ်ကို ရွတ်၏။ မေတ္တာပို့၏။ သစ္စာဆို၏။(ယခု သက်တော်ကြီးသော်လည်း နေ့စဉ်ပြုနေကျ မပျက်မကွက်



**ပြုသည်။ သစ္စာဆို၏။)**

တစ်ညလုံး တရားမှတ်၏။ စေတီတော်ကြီး၏ ဆင်ခြေလျှောတွင် ကျောက်တုံးတစ်တုံးရှိ၏။ ထိုကျောက်တုံးနှင့်ကပ်လျက် ကျောက်ကမ်းပါးစောက်ကြီးရှိ၏။ အလွန်မတန်နက်သော ကျောက်ကမ်းပါးကြီးပါ။

ထိုကျောက်တုံးသည် လူတစ်ထိုင်စာ(တင်ပျဉ်ခွေပြီး ထိုင်နေရုံသာ)ကျယ်ဝန်းပါသည်။ ထိုကျောက်တုံးမှ ကျသွားလျှင် ကျောက်တို့နှင့် (အချွန်အတက်များ ရှိပါသည်။) ပြည့်နေသော ချောက်ထဲသို့ ကျပါမည်။ အရိုးအသားကြေမွပြီး သေရပါလိမ့်မည်။

ထိုလူတစ်ထိုင်စာ ကျောက်တုံးမှာပဲ တောင်ဘုန်းကြီးလေး တရားမှတ်ပါသည်။(**အမှတ်သတိ မြဲသောကြောင့်၊ အိပ်မပျော်သောကြောင့်သာ ကျောက်ချောက်ထဲ မကျခဲ့ပါ။ တောင်ဘုန်းကြီးလေး၏ အားထုတ်ပုံကတော့ အံ့မခန်းပါ။**) အရုဏ်တက်သည်အထိ တရားမှတ်ပါ၏။ ဘုရားရှိခိုး၏။

တောင်တော်မြတ် သန့်ရှင်းစေရန် တောင်ခြေရွာမှ ရွာသားများကို စည်းရုံး၍ ရှင်းလင်းစေပါသည်။ ဒကာ ရှိလာသောအခါ ကုဋ္ဌ(အဝိုးမတန်လှပါ။) ဆောက်၏။ အရေးကြီးဆုံးပါ။ မြက်ချုံနွယ်များကို ရှင်းလင်းစေ၏။ အုတ်ပုံများကို(တောင်ဘုန်းကြီးလေး ကိုယ်တိုင်ပါဝင်၍ ပြုလုပ်သည်။) ရှင်းလင်းစေပါသည်။

တောင်ဘုန်းကြီးလေး အုတ်ခဲကောင်းများကို တစ်နေရာတွင် ပုံထားပါသည်။ ကိုယ်တိုင် ပြုလုပ်ပါသည်။ စေတီတော်ကြီး ကုန်းပေါ်တက်သော စောင်းတန်းတစ်လျှောက် ရှင်းလင်းစေ၏။ မြွေဆိုးများ လွန်စွာပေါသော စောင်းတန်းပါ။

တောင်ဘုန်းကြီးလေး စောင်းတန်းတစ်လျှောက် တံမြက်စည်းလှည်း၏။ မြွေဆိုးများကို မေတ္တာပို့သ၏။ တောင်ဘုန်းကြီးလေး ဘုရားဂေါပကများ ဖွဲ့စည်း၏။

**[ထိုစဉ်က ဂေါပကများ၏ အလှူခံမှန်ပုံးတွင်(ဘုရားဖူး လာသူမရှိသောနေ့တွင်) ငွေအကြွေစေ့အစည်းငယ်၊ (၁)ကျပ်တန် စက္ကူ(၂)ရွက်လောက်သာရ၏။**

**ယခု ဂေါပကများ၏ အလှူခံဖြတ်ပိုင်းအရ ထစ်ရက်မှာ သိန်းပေါင်းမြောက်မြားစွာ ရ၏။ နေ့စဉ် ဘုရားဖူးယာဉ်များ ကြိတ်ကြိတ်တိုးပါ။ နှယ်တော်လေးရာ နေ့ချင်းဖူး ဘုရားဖူးခြင်းကို တောင်ဘုန်းကြီးလေးက စတင်ပြီး ဟောပြောခဲ့သောကြောင့်ပါ။ အခြား နှယ်တော်(၃)ခု ဂေါပကများကလည်း တောင်ဘုန်းကြီးလေးကို ကျေးဇူးတင်ကြပါသည်။]**

တောင်တော်မြတ် စည်ပင်လာစေရန် ရွာသားများကို တောင်ဘုန်းကြီးလေး ဟောပြခဲ့ရသည်။ စည်းရုံးခဲ့ရသည်။ ၆တောင်ခြေမှ ရွာသူ/သားများက တောင်ဘုန်းကြီးလေးကို ကူညီကြ၏။ ထန်းလျက်၊ သစ်သီး လာလှူကြပါ၏။ ညနေစောင်းဆိုလျှင် ရေလာလှူကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တောင်ခြေရွာမှ ရေအိုးများ ရွက်လာပြီး ရေလှူခြင်းဖြစ်၏။ ဘုရားရေတော် လုံလုံလောက်လောက် လှူနိုင်၏။ တောင်ဘုန်းကြီးလေးအတွက် သောက်ရေရ၏။ သပိတ်စုတ်ထဲတွင် သက်နှီးစုတ်နှစ်ပြီး ကိုယ်ခန္ဓာ သန့်ရှင်းရ၏။ ရေချိုးဖို့တော့ မစဉ်းစားနိုင်ပါ။ အစစ အရာရာ ခြိုးခြံခြွေတာခဲ့ပါသည်။

တောင်ဘုန်းကြီးလေးထံ သီလယူသူများ(ဥပုသ်စောင့်) ရောက်ရှိလာကြပါ၏။ တောင်ဘုန်းကြီးလေးက တရားဟောပေး၏။ သတိပဋ္ဌာန်တရားကို ပြသပေး၏။ ဤသို့ဖြင့် ဆရာတပည့် ရင်းနှီးခဲ့၏။ **(ယခုအထိ ရွာမှ လူများနှင့် ရင်းနှီးဆဲပါ။ သားသမီးမြေးမြစ် လက်ထက်အထိ ကြည်ညိုဆဲပါ။)** ဆရာနှင့် တပည့် လက်တွဲ၍ တောင်တော်မြတ် စည်ပင်အောင် ကြိုးစားခဲ့ရသည်။

တတ်နိုင်သူများက ဇရပ်၊ ကျောင်းလှူလာကြပါပြီး။ အုတ်ပုံများကြားမှ ဘုရားကိုယ်စားတော်မြတ် (ရုပ်ပွားတော်မြတ်)များကို ပင့်ဆောင်၏။ ကိုးကွယ်စေ၏။ တောင်ဘုန်းကြီးလေး အုတ်ပုံရှင်း၏။ အုတ်ပုံများကြားမှ ကျောက်ဖြူသား ရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ရ၏။

ရေညှိအထပ်ထပ်၊ လင်းနို့ချေး အထပ်ထပ် တက်နေ၏။ နေ့စဉ် ကျောက်ဖြူသား ရုပ်ပွားတော်မြတ်ကို သက်နှီးစုတ်ရေဆိုဖြင့် တောင်ဘုန်းကြီးလေး ပွတ်တိုက်၏။ ဖြူဖွေးတောက်ပလာပါသည်။ **(ယခု တောင်တော်မြတ်တွင်ရှိသည့် (၃)ထပ်တိုက်၏ ပထမထပ်တွင် သီတင်းသုံးနေပါသည်။ ယောဂီများ တရားမှတ်သောအထပ်တွင် သီတင်းသုံးနေပါသည်။ အလွန်လှပါသည်။)**

တောင်ဘုန်းကြီးလေး ဖူးမြော်၍မဝပါ။ **(ယနေ့အထိသည်း အမြတ်တနိုး ဖူးမြော်နေဆဲပါ။ ဓါတ်ပုံဆိုင်းထိုရုပ်ပွားတော်မြတ်ရှေ့တွင် ဓါတ်ပါသည်။)** ရုပ်ပွားတော်မြတ်ကို ဖြူဖွေးတောက်ပအောင် ပြုရသော ကုသိုလ်ကံကြောင့် တောင်ဘုန်းကြီးလေး ကြိုးပမ်းသမျှ အရာထင်အောင် ဆောင်ရွက်နိုင်ခြင်း အောင်မြင်ရသည်ဟု ပြောပါသည်။

စေတီတော်မြတ်ကြီးကို ထုံးသက်နှီးကပ်လာနိုင်၏။ အလွန်မတန် ကြိုးစားရခြင်းပါ။ ပြိုပျက်နေသော အဆောက်အအုံများကို ဖယ်ရှား၏။ အသစ်တည်ဆောက်၏။ မုဒုဒါယကာ (အဆောက်အအုံပေါင်းတို့၏ ဒါယကာများ)က မကျေနပ်ကြ။ ပြဿနာ ရှာကြပါ၏။

လောကဓံမုန်တိုင်း ရိုက်ခတ်သည့်ဒဏ်ကို တောင်ဘုန်းကြီးလေး ခံစားခဲ့ရ၏။ "တစ်ခဲနက်သော ကျောက်တောင်သည် လေကြောင့် မတုန်ရှုပ်ဘိသကဲ့သို့ ထို့အတူပင် ပညာရှိသူများသည် အကောင်းအဆိုး လောကဓံ အမျိုးမျိုးတို့ကြောင့် မတုန်လှုပ်ကြ" လောကဓံကို တောင်ဘုန်းကြီးလေး တည်ငြိမ်စွာ ရင်ဆိုင်ခဲ့၏။

'သာသနာတော်အတွက် ငါ အသက်စွန့်မည်၊ သာသနာ့အကျိုး ငါ သယ်ပိုးမည်၊ သာသနာ့တာဝန် ငါ ထမ်းဆောင်မည်၊ သာသနာရှည်အောင် ငါ တည်ထောင်မည်'

ဟု ကြုံးဝါးသံနှင့်အတူ တောင်ဘုန်းကြီးလေး လက်တွေ့ကျကျ လုပ်ဆောင်ခဲ့၏။ ဖွဲ့၊ လုံ့လ၊ ဝီရိယ ထုတ်ပါသည်။ စိတ်ဓာတ်ခိုင်မာပါသည်။ ထက်မြက်မှုရှိပါသည်။ တိတိကျကျ အလုပ်လုပ်ပါ၏။ အရည်အချင်းကောင်းများ ထုတ်သုံးခဲ့ရပါသည်။ သာသနာကြီးတိုးတက်ဖို့ အလုပ် လုပ်ခြင်းပါ။

ပစ္စုပ္ပန်မှာ ကောင်းကျိုးဖြစ်အောင် ကြိုးစားရခြင်းပါ။ (၁၀)နှစ်ကျော် အစစအရာရာ ကြိုးစားခဲ့ရပါ၏။ (ငွေကြေး မကိုင်တွယ်ပါသဖြင့် အစ်စစ်အောင် ပြုပေးရသော ကပ္ပိယများ ထားရှိခဲ့ရပါသည်။ ယနေ့အထိ ဌာန(၁၂)ဌာနတွင် ဂေါပကများ၊ ကပ္ပိယများ ထားရပါသည်။ ပြည်ပသာသနာပြုတွင်လည်း ကပ္ပိယ ပါနေရပါသည်။)

တောင်တော်မြတ်တွင် **"မဟာသတိပဋ္ဌာန်တရားတော်"**ကို တောင်ဘုန်းကြီးလေး ပြသသည်။ တောင်ခြေရွာများ၊ ပခုက္ကူ၊ မြစ်ခြေ၊ မန္တလေးမြို့မှ ယောဂီများ ရှိလာကြ၏။ မန္တလေးမြို့မှ ပညာတတ်ပုဂ္ဂိုလ်ကြီးနှင့် ဇနီးက လာအားထုတ်၏။

ထိုပုဂ္ဂိုလ်ကြီးနှင့် ဇနီးက မန္တလေးမြို့မှ နီးစပ်သူများကို စည်းရုံး၍ တောင်တော်မြတ်သို့ ပို့ပေး၏။ ယောဂီဝတ်စုံ၊ တဘက်မှစ၍ စားသောက်ဖွယ် ပစ္စည်း ထောက်ပံ့၍ စည်းရုံးပါသည်။ တောင်ဘုန်းကြီးလေး ပြသသော တရားကို အားထုတ်စေချင်သော စေတနာကြောင့်ပါ။

ထိုပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘာသာခြားတစ်ဦးက လာရောက်ပေးလာ၏။ ဘာသာခြားဘဝမှ ဗုဒ္ဓဘာသာဘဝသို့ ကူးပြောင်းခဲ့၏။ ထိုသူက

'ဒီလို ဘုန်းကြီးမျိုး ရှာနေတာ ကြာလှပြီ ယခုမှပဲ ဒီဘုန်းကြီးကို တွေ့ရတော့တယ်'

ဟု ရင်ဖွင့်စကား ဆိုရှာ၏။ စည်းရုံးပေးသူ ထိုပညာတတ်ပုဂ္ဂိုလ်ကြီးသည် သေသည်အထိ တောင်ဘုန်းကြီးလေးကို ကြည်ညိုရှာ၏။

ရှေ့လ ဆက်ဖတ်ပါရန်

ဒေါ်သုမနစီစီထွေး
(B.Sc, H.G.P, Dip.Ed)



www.burmeseclassic.com

www.burmeseclassic.com

# ဂမုန်းပင်စိုက်လျှင်

သတိထားစေချင်

မောင်မြင့်ကျော်
(အိမ်မ)



မြန်မာ့ ဂန္ထရ သိပ္ပ ဝိဇ္ဇာဝရ လောကီ ပညာရပ်များတွင် ဂမုန်းသည် တစ်ထောင့်တစ်နေရာ အထိကဏ္ဍတွင် ပါရှိနေသည်။

ဂမုန်းများ၌ သိဒ္ဓိအမျိုးမျိုးရှိ၏။ အချို့က ပယောဂကု ဆေးတော်ကြီး များ ဖော်စပ်ရာတွင် သုံးသည်။ အချို့က ကာယသိဒ္ဓိ၊ ဦယသိဒ္ဓိ စသည်ဖြင့် အမျိုးမျိုးသုံးကြသည်။

ဂမုန်းအမျိုးပေါင်း များစွာရှိ၏။ ထိုသို့ များစွာရှိသည့်အနက်မှ လူကို အကျိုး ပြုသော ဂမုန်း၊ ဒုက္ခပေးသော ဂမုန်း၊ ရှောင်သင့်သော ဂမုန်း၊ ဆောင်သင့် သောဂမုန်း စသည်ဖြင့် များစွာရှိသည်။

လေ့လာသိရှိထားသော ဂမုန်းကျမ်း များ အဆိုအရ ဂမုန်းဟူသည် ဥရှိသော အပင်များစွာကို ခြုံ၍ ခေါ်သောအမည် ဖြစ်သည်။ အချို့မှာ မြေ၌ ပေါက်သည်။ အချို့မှာ အပင်ကြီးများ တောင်နံရံများ တွင် တွယ်ကပ်၍ ပေါက်၏။

မြေ၌ပေါက်သော ဥရှိသော အပင် မျိုးကို ပမုန်း၊ တောင်နံရံ သစ်ပင်အမြင့် များပေါ်တွင် ပေါက်သော အပင်မျိုးကို ဂမုန်းဟု ခေါ်ဝေါ် သတ်မှတ်ကြသေး သည်။

ဂမုန်းပင်များကို စိုက်ပျိုးရာ၌ ရမ်းသန်း၍ စိုက်ပျိုးခြင်းမပြုဘဲ စိုက် မည့်သူနှင့် သင့်တော်သော နက္ခတ် အချိန်အခါ၊ ဂမုန်းပင်အောက်တွင် မြှုပ် ရမည့် အင်း၊ ရွတ်ဆိုရမည့် ဂါထာမန္တန် စသည်ဖြင့် ဂမုန်းစည်းကမ်းများနှင့် အညီ စိုက်သင့်သည်။

www.burmeseclassic.com

ဂမုန်းများကို မြေပြင်၌ ချ၍ စိုက်ခြင်း၊ စုပြု၍ စိုက်ခြင်းကို ရှောင်ကြဉ်ရမည်။ ဂမုန်းပင်ကို အိုးနှင့် ထည့်စိုက်ပါက ပိုသင့်တော်၏။

ဂမုန်းပင်များ အမျိုးစုံလာလျှင် ဂမုန်းပင်အသစ်များ ပေါက်လာတတ်သလို ရှိပြီးသား ဂမုန်းပင်များလည်း သေသွားတတ်သည်။

အထူးသဖြင့် မကောင်းသော ဂမုန်းပင်များ ပေါက်လာတတ်သည်။ **(ဥပမာ ။ ။ ဘီလူးဂမုန်း၊ သူယောင်မယ်ဂမုန်း စသည့် ရုက္ခစိုးတတ်သော ဂမုန်းများ ပေါက်လာတတ်၏)**

ကျွန်တော်သိရှိထားသော ဂမုန်းနှင့်ပတ်သက်သည့် ဖြစ်ရပ်မှန်လေး တစ်ခုကို ရေးသားတင်ပြချင်ပါသည်။

* * *

ကံမရွာမှ ဦးတင်မောင်သည် ဂမုန်းစိုက်ပျိုးခြင်းကို အလွန် ဝါသနာထုံ၏။ သူ့အိမ်ခေါင်းရင်း၌ ဂမုန်းခြံလေးတစ်ခုလုပ်ထား၏။ ထိုဂမုန်းခြံလေး၌ အလွန်ရှားပါးသော ဂမုန်းပင်များပင် ရှိ၏။

ဦးတင်မောင်သည် မနက်စောစောထ ဘုရားရှိခိုးပြီးလျှင် ပရိတ်တော်များ၊ ဂုဏ်တော်များကို ရွတ်ဖွား၍ ဂမုန်းပင်များကို ရေလောင်း၏။

တစ်နေ့တွင် ဂမုန်းအိုးများအကြား မြေပြောင်ပြောင်လေး၌ ဂမုန်းပင် အပုလေးတစ်ပင် ပေါက်လာ၏။ ဦးတင်မောင်သည် သူ့ထုံးစံအတိုင်း ထိုဂမုန်းပင်လေးကို ပရိတ်ရွတ်ရင်း ရေလောင်း၏။

များမကြာမီ ထိုဂမုန်းပင်လေးမှ အပွင့် ပွင့်လာ၏။ ဦးတင်မောင်သည် ဂမုန်းပွင့်ကို ခူးကာ ဘုရားပန်းလှူ၏။

ထိုညမှပင် အိပ်မက်ဆန်းတစ်ခုကို မြင်မက်၏။ အိပ်မက်ထဲ၌ ဗလကောင်းကောင်း၊ အသားညိုညိုနှင့် လူ



တစ်ယောက်က ဦးတင်မောင်ကို လက်ညှိုးထိုး၍...

'မင်းက ငါစောင့်တဲ့ ဂမုန်းပင်က အပွင့်ကိုလဲ ဘုရားလှူသေးတယ်၊ ပရိတ်ရွတ်ပြီးတော့လဲ ရေလောင်းသေးတယ်။

မင်း ကံကောင်းသွားတယ်၊ ငါက မင်းကို အကွေးပေးဖို့ လာခဲ့တာ၊ မင်း ရေလောင်းတဲ့ အထိကို မခံနိုင်လို့ အခုတော့ ငါပြေးပြီ'

ဟု မကျေမနပ် စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလေ၏။

မနက်မိုးလင်းသော် ဦးတင်မောင်သည် ဂမုန်းပင်များကို ရေလောင်းဖို့ သွားတော့ အသစ်ပေါက်လာသည့် ဂမုန်းပင်လေးက ညှိုးနေပြီး အပင်ခြေရင်းက မြေတွေကလည်း ပွနေ၏။

ထူးဆန်းသဖြင့် နှတ်ကြည့်လိုက်ရာ ဂမုန်းဥရော အမြစ်များပါ ပါလာ၏။ ဂမုန်းဥ၏ ပုံသဏ္ဌာန်မှာ ထူးခြားနေသောကြောင့် ဂမုန်းအကြောင်း နားလည်သူနှင့် ပြကြည့်လိုက်ရာ ထိုဂမုန်းသည် **နန်းထိုင်ဂမုန်း(ခေါ်) ဘီလူးဂမုန်းဖြစ်နေ၏။**

ဦးတင်မောင်လည်း ဂမုန်းဥများ၊ အမြစ်များကို ထုခြေပြီး ချောင်းထဲသွားမျှောလိုက်ရလေသည်။

အထက်ပါ ဖြစ်ရပ်ကို ကြည့်မည်ဆိုလျှင် ဂမုန်းစိုက်သူများအနေနှင့် ဂမုန်းအမျိုးစုံလာလျှင် သတိထားရမည်။ တခြားမကောင်းသော ဂမုန်းပင်များ ပေါက်လာတတ်သောကြောင့် ဖြစ်၏။

ထို့အတွက်ကြောင့် ဂမုန်းစိုက်ပျိုးသူများသည် ဂမုန်းကျမ်းများ အလိုအရ မကောင်းသော ဂမုန်းများကို နိုင်သော **ကိုယ်ရံကြီးဂမုန်း(သို့မဟုတ်) ကွမ်းစားဂမုန်းတစ်ပင်ကို** စိုက်ထားပါ။

ဂမုန်းပင်များကို ရေလောင်းရာ၌ ပရိတ်များ၊ ပဋ္ဌာန်းများ၊ ဂုဏ်တော်များကို ရွတ်၍ ရေလောင်းပါ။

ဘုရားရှင်၏ ပရိတ်ဂုဏ်တော် မြွက်များသည် မကောင်းသော ဂမုန်းပင်များကို အလွန် နိုင်နင်း၏။

ကျွန်တော့်အနေနှင့် ဂမုန်းပင်များ အကြောင်းကို သိပ္ပလုံးစုံ အကုန် မသိသော်လည်း သိရှိသလောက် သုတေသန ပြုမိသလောက်ကို တင်ပြရခြင်း ဖြစ်ပါသည်။

လိုအပ်သော အချက်များရှိပါက ကျွန်တော်၏ လေ့လာမှု အားနည်းခြင်းကြောင့်သာ ဖြစ်၏.

ဂမုန်းအကြောင်း သိရှိထားသော ပညာရှင်များမှလည်း၊ **"ပညာကို သေရွာမယူ" ဟဲ ဖြည့်စွက် ရေးသားပေးကြစေလိုပါသည်။**

ဂမုန်းစိုက်သူများ စီးပွားတိုး၍ ဘေးရန်ကင်းရန် စိတ်ရည်သန်လျက်...

**(ဇာတ်လမ်းပါ ရွာအမည်၊ လူအမည်များ လွဲပြောင်းထားပါသည်။ တိုက်ဆိုင်မှုရှိက ခွင့်လွှတ်ပါရန်)**

**သစ္စ ဗုဒ္ဓါ နမာမိ**

**မောင်ဆောင်ကျော်(ဆီမိခ)**

**ကိုးကား**

သုတေသီ **ဆရာဦးမြင့်ထွန်း၏ ဂမုန်းမွေးမြင်စာအုပ်နှင့် ဂမုန်းကျမ်းများ။**



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓာရီဆိုးသည်

# ဇင်းကျိုက်ဆံတော်ရှင် အရိပ်ဝယ်

**အတိတ်တစ်ချိန်က (၃)ထပ်ပွဲအောင် ဆံတော်တွင်းမှ ဖြစ်ရပ်ဆန်း**

၁၃၃၆ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း (၁၄)ရက်။

မြင်းနတ်ဆံတော်ရှင်ဟု ရှေး(အင်းဝခေတ်)ပျို့ကဗျာများတွင် မှတ်တမ်းပြုကြသည့် ဓရယ်နိုက်ခေါ် ဇင်းကျိုက်ဆံတော်ရှင် စေတီကုန်းတော်ရင်ပြင် ၌ ဖြစ်သည်။

ကျွန်ုပ်တို့၏ တိုင်းရင်းဆေးပညာ ဥပဇ္ဈာယ်ဆရာ (လက်ဦးဆရာ)ဖြစ်သော ဦးကျော်ဝင်း(မန္တလေးတိုင်းရင်းဆေးသိပ္ပံ ဖွင့်သောအခါ ဦးစီးပြုဆရာအဖြစ် တာဝန်ထမ်းဆောင်၍ ၁၃၅၀ပြည့်နှစ်တွင် အနားယူခဲ့သည်။) ဦးဆောင်ကာ ကတွန်ကျေးရွာမှ ဦးဖေဦး၊ ဦးသက်ဝင်း၊ ပေါင်မြို့မှ ကိုဝင်းမြင့်၊ ကိုထွန်းရွှေ ကိုမြင့်ဦး (ဒုလ္လဘ ရဟန်းခံထားစဉ် သင်္ကန်းဝတ်နှင့်) ကျွန်ုပ်တို့ ပါဝင်ကြသည်။

ဇင်းကျိုက်တောင်တွင် (၉)ရက်တာ အဓိဋ္ဌာန်ဝင်ကာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း [ဗုဒ္ဓဂုဏ်တော်(၉)ပါးကို (၁၀၈)လုံး ပုတီး(၈၁)ပတ် ပြည့်အောင် နေ့စဉ် စိပ်ပွားခြင်း] စီးဖြန်းရန် ရောက်ရှိနေကြခြင်းဖြစ်သည်။

ကတွန်း က,တိုက် တောင်ကျော်လမ်းမှ စတင် ထွက်ခွာ၍ ချင်းချောင်းတိုက်၊ (၁၂၈၁ ခုနှစ်တွင် ချင်းချောင်းသူဌေးက လျှောက်ထားသဖြင့် သယ်တီဆရာတော်ကြီးသည် ယင်းတိုက်ကပ်လျက် သီးသန့်ကျောင်းဆောင်တွင် ဝါဆိုတော်မူခဲ့သည်။

ကျောက်ခမောက်တောင်၊ မင်းတစ်ရာတစ်ပါးတောင် စသည်တို့အား ကြည်ညိုလေ့လာကာ မြေကျင်လျှောက်ခဲ့ကြရာ (၃)နာရီကျော်ခန့်အကြာတွင် ဇင်းကျိုက်ဆံတော်ရှင် မြေတော်ရင်းသို့ ရောက်ရှိကြ...

ရောက်ရောက်ချင်း ...





www.burmeseclassic.com

www.burmeseclassic.com

ရေစ်အတွင်းသို့ (ဆန်၊ ကုလားပဲ၊ ဆား) ရိက္ခာထုပ်ကို စေရာရျ၍ ရင်ပြင်တော်တွင် ထိုင်ကာ ခေတ္တ အပန်းဖြေကြ၏။

*(ထိုစဉ်က ကုန်းတော်ထောင်ဘက် ကပ်လျက် သုံးပင် နှစ်ခန်း ဆွတ်တိုက် ရေစ်ငယ်သာရှိ၏။)*

နောက်တစ်နေ့ (တန်ဆောင်မုန်း လပြည့်နေ့)တွင်မှ အဓိဋ္ဌာန် ကမ္မဋ္ဌာန်း စတင်မည်ဖြစ်ရာ ထိုနေ့အတွက် ပေါ့ ပေါ့ပါးပါး(အချိန်ပို)ရှိပါသည်။

ထို့ကြောင့် ဘုရားကန်တော့ပြီး နောက် ဝန်းကျင်ကို လှည့်လည်ကြည့်ရှု ခြင်း၊ ထင်းများ ရှာဖွေခြင်း၊ စကား စမြည်ပြောခြင်း စသဖြင့် မိမိစိတ်ကူး သန္နှင့် လှုပ်ရှားဆောင်ရွက်နေကြ၏။

'ဆရာဦးသက်ဝင်း... အရင်တစ်ခေါက်က သုံးရက်လောက် ပျောက်သွားတာ လမ်းများ ကတော့ မယုတ်တူးထင်တယ်'

ထိုနှစ် သကြိန်ရက်များတွင် ဖင်းကျိုက်တောင်ထက်၌ တစ်ကြိမ် အဓိဋ္ဌာန်ဝင်ခဲ့စဉ်က မိမိတို့ စိတ်သန်ရာ နေရာအသီးသီးတွင် တစ်ဦးစီခွဲ၍ ကမ္မဋ္ဌာန်းဆောက်တည်ကြ၏။

ဆရာဦးကျော်ဝင်းက ဝိဇ္ဇာ ညီနောင်ဘုရားဌာနကို (ယခု မွမ်းမံ ပြီးပါပြီ)ကန်းတော်၊ ဦးဖေဦးက မင်း တစ်ရာတစ်ပါးတောင် စသည်ဖြင့် အေးချမ်းဆိတ်ငြိမ်ရာတွင် ကိုယ်စီ အားထုတ်ကြရာ ဦးသက်ဝင်းကား မည်သည့်နေရာသို့ ရောက်နေသည်ကို မသိရပေ။

အဓိဋ္ဌာန်ရက် စေ့သော်လည်း ဆံတော်ရှင်စေတီကုန်းတော်သို့ ပြန် မရောက်လာသဖြင့် ဝိုင်းဝန်းတိုင်ပင် ကြ၏။ ဆရာဦးကျော်ဝင်းက...

'အတူတူလာကြတာ ချန်ပြီး ပြန်သွားလို့ မဖြစ်ဘူး။ တစ်ရက် နှစ်ရက်လောက် စောင့် ကြတာပေါ့'

ဟု ဆိုသဖြင့် ဆက်၍ စောင့်နေကြ



သည်။ သုံးရက်မြောက်နေ့တွင် (ဖင်းကျိုက်ရွာမှ တက်ရသည့်) တောင် တက်လမ်းအတိုင်း တက်လာသည့် ဦးသက်ဝင်းကို တွေ့ရ၏။ သုံးထပ်ဂူ တွင် ပုတီးစိပ်နေကြောင်းနှင့် အပြန် တွင် လမ်းမှားနေသဖြင့် သုံးရက်ခန့် ကြာသွားသည်ဟု ဆို၏။

ထိုအခါမှ အားလုံး သက်ပြင်းချကာ ကတွန်း၊ က,တိုက်လမ်းအတိုင်းပင် တောင်အောက်သို့ ပြန်ဆင်းခဲ့ကြ၏။ ထိုစဉ်အဖြစ်အပျက်ကို ရည်ညွှန်းကာ ကြုံဆုံခိုက် မေးမြန်းခြင်းဖြစ်သည်။

'ဟုတ်တယ်... ဆရာတို့ စိတ်ပူနေမှာစိုးလို့ နဲ့ မယုံမှာစိုးတာလဲ ပါတယ်'

ဟူ၍ အစချီကာ ထိုစဉ် ကြုံတွေ့ရပုံ ကို ပြောပြလေသည်။

---

**သုံးထပ်ဂူ**

---

ဖင်းကျိုက်တောင်ထွတ် အရှေ့ ဘက်ယွန်းယွန်း လျှိုအတွင်း၌ "**သိ တန်ဆောင်း**"ခေါ် သံတိုင်များဖြင့် ဆောက်လုပ်ထားသည့် ရေးကျောင်း ပျက်တစ်ဆောင်ရှိ၏။

သဘာဝအားဖြင့် ကြီးအကျအညီဖြင့် သာ ဆင်းတက်နိုင်သော်လည်း ဦးသက်ဝင်းမှာ ငယ်စဉ်ကပင် တော တောင်တွင် ကြီးပြင်းခဲ့၍ တစ်ကြိမ် ကြီးအဖြစ်မှ အနားယူခဲ့သူဖြစ်ရာ ကျောက်တုံးအစွန်းများကို ချိတ်၊ တွယ်၊ ထောက်၊ ကန်ကာ ဆင်းလာခဲ့သည်။

သံတန်ဆောင်းအနီး စေတီတော် အောက် တည့်တည့်နေရာခန့်တွင် သုံး ထပ်ဂူရှိ၏။ ပထမထပ် (အပေါ်ဆုံး ထပ်)မှာ လူ(၂၀)ခန့်နေနိုင်၍ ရှည်မျော သော ပုံစံရှိ၏။ ကျောက်ပြားကြီး တစ်ခု၏အစွန်းက အမိုးသဖွယ် ဖြစ် နေ၏။

ဒုတိယထပ်မှာ လူ(၈)ယောက်ခန့် တင်ပျဉ်ခွေ ထိုင်နိုင်လောက်အောင် ကျယ်ဝန်းသည်။ တတိယထပ် အောက်ဆုံးဂူမှာ လူတစ်ယောက်စာ သာ ဝင်ဆံ့လေသည်။

ဦးသက်ဝင်းသည် သုံးထပ်ဂူ၏ ပထမထပ်တွင် နေရာယူလိုက်သည်။ ကိုးပါးသီလစောင့်ထိန်းကာ အစာ အာဟာရအတွက် ရလျှင်စားမည်၊ မရ ပါကလည်း ရက်အနည်းငယ် အစာ ပြတ်ရုံဖြင့် ဒုက္ခမဖြစ်နိုင်။ မကြာခဏ အဓိဋ္ဌာန်ဝင်ခဲ့ဖူးသဖြင့် ကျင့်သားရနေ ပြီဖြစ်သည်။

ခါချဉ်၊ ဝှရွက်၊ ပိုးမွှားတိရစ္ဆာန် ကင်း ရှင်းသောနေရာကို ရွေးလျက် ဖုန်ကို ပြု ဖြုဖယ်ရှိသမျှ ပြုလုပ်ပြီးနောက် ပုတီး ကိုးထောင်အဓိဋ္ဌာန်ကိုစတင်လိုက်သည်။

ဘုရားဂုဏ်တော်တစ်ပါးလျှင် ၁၀၈ လုံး ပုတီးကိုးပတ်နှုန်း၊ ၁၀၈×၉=၉၇၂ ကို ပုတီးတစ်ထောင်ဟု သတ်မှတ်ကာ ဂုဏ်တော်ကိုးပါး၊ ပုတီး(၈၁)ပတ် စိပ် မှားခြင်းကို တစ်နေ့တာအတွင်း ပြီးစီး အောင် ကြိုးစားရ၏။ ယင်းကို ပုတီး ကိုးထောင်ဟု ဆိုလိုခြင်း ဖြစ်သည်။

ပုတီးလေးထောင် ဂုဏ်တော်လေး ပါးမျှစော်ပြီး၍ ခေတ္တအနားယူသော အခါ နေမွန်းတည့်လုပြီဖြစ်သည်။ ပတ်





www.burmeseclassic.com

www.burmeseclassic.com

ဝန်းကျင်တွင် တေး၍ရနိုင်သော သစ်ရွက်သစ်ခြစ်များ တွေ့နိုင်ဖြင့် မျက်စိ ကစားကြည့်ရာဝ္ဂ နွတ်ခမ်းစွန်းအနီး ကျောက်တုံးကြီးပေါ်၌ ငှက်ပျောသီး သုံးလုံးနှင့်အတူ ကျောက်ခွက်တွင်း၌ ရေပြည့်နေသည်ကို တွေ့ရ၏။

အချိန်လွန်တော့မည်ဖြစ်၍ တွေဝေ ထူးထူးစဉ်းစားမနေတော့ဘဲ ငှက်ပျောသီး ခြင်းဝမ်းပြည့်ကာ ရေသောက်လိုက်သည်။

ထို့နောက် ကျန်ဂုဏ်တော်များကို ဆက်၍ စိပ်ပွားကာ မှောင်ရီပျိုးစတွင် ပုတီးကိုးထောင်ပြည့်သဖြင့် မေတ္တာပို့ အမျှဝေပြီး ကမ္မဋ္ဌာန်းသိမ်းသည်။

ထို့နောက် အသင့်ဆောင်လာသော စေယာင်းတိုင်ကို ထွန်းညှိကာ ဆံတော် ရှင် ဇင်းကျိုက်စေတီအား ညည်မှန်း ပူဇော်သည်။

ပရိတ်ကြီး(၁၁)သုတ်ကို ပူဇော်ပြီး နောက် အိပ်ရာဝင်သည်။ နွေခေါင်ခေါင် ကာလဖြစ်၍ မိုးလေ ကင်းစင်ကာ တောတောင်ရိပ်တွင် ကောင်းစွာ အိပ် ပျော်ခဲ့လေသည်။

'ဒီလိုပဲ... နေ့တိုင်း နေမွန်းမတည့်ခင် ငှက်ပျောသီး သုံးလုံးနဲ့ ရေက ရောက်နေလို့ အဓိဋ္ဌာန်(၉)ရက်လုံးလုံး အဆင်ပြေခဲ့တယ်။

နောက်ဆုံးနေ့မှ ငှက်ပျောသီးတွေ ဘယ်လို ရောက်လာသလဲလို့ သိချင်တာနဲ့ မနက်ပိုင်း အလုပ်ကို စောစောပြီးအောင် လုပ်ပြီး မသိမသာ စူးစမ်းကြည့်တယ်။

မျောက်ကလေးတစ်ကောင် လာထားသွား တာပဲ။ ရောက်ိုတော့ ပါးစပ်နဲ့ ငုံပြီး ယူလာတာ။ စောစောကသာ သိခဲ့ရင် သောက်ဖို့ ရွံနေဦး မှာ'

## ပူးချွင့်ရယ်ကြီး

'နေမဝင်မီ အလုပ်ပြီးလို့ အမျှဝေ ဝေပြီး အပေါ် ပြန်တက်မယ်လုပ် တော့ အဲဒီမျောက်ကလေး ရောက် ပြီး တောင်နံရံကျောက်ကြား (ဥမင်)ဆီကို သွားတယ်။ အဝရောက်



တော့ နောက်ပြန်ကြည့်ပြီးရပ်နေတယ်။

"ငါ့ကို လိုက်ခဲ့ချင်ပုံရတယ်" လို့ တွေးမိလို့ အနောက်က လိုက်သွားတာ ပေါ့။ ကျောက်ကြား (ဥမင်)လေးက လူတစ်ကိုယ်စာ ချောင်ချောင်ချိချိဝင်လို့ ရတယ်။

ကျွန်တော့်စိတ်ထင် မိနစ်(၂၀) လောက် ကြာမယ်ထင်တယ်။ အထဲမှာ ဝင်္ကပါလိုပဲ ကွေ့ကွေ့ကောက်ကောက် နဲ့ လမ်းပြ မျောက်ကလေးသာ မပါရင် သွားတတ်မှာ မဟုတ်ဘူး။

အချိန် နည်းနည်းကြာလာတော့ အမှောင်ထဲမှာ ကျင့်သားရပြီး ထင် သာမြင်သာ ရှိလာတယ်။ ပိန်းပိတ် အောင် မှောင်နေတာ မဟုတ်ဘဲ။ အလင်းရောင်နည်းနည်း ရှိတယ်။ ဘယ်က ထွက်လာတဲ့ အလင်းရောင် ဆိုတာတော့ မသိဘူး'

'လေဝင်လေထွက်ကော ရှိရဲ့လား'

'ရှိပုံရတယ်။ မွန်းကျပ်နေတာမျိုး မရှိဘူး။ နောက်ဆုံး ခန်းကျယ်တစ်ခုထဲ ရောက်သွားတယ်။ အခန်းထဲက အလင်းရောင်တွေ ဖြာထွက်နေတာပဲ'

'မီးအိမ်မီးတုတ်တွေ ထွန်းထား လို့လား'

'ဘယ်ဟုတ်မှာလဲ၊ ကျောက်မျက်ရတနာ တွေပါ။ အခန်းအလယ်မှာ ကျောက်ခွက်ကြီး တစ်ခု ရှိတယ်။ ခွက်ထဲမှာ ဆီတွေအပြည့်နဲ့ ငွေလှေတစ်စင်း မျောနေတယ်။

ငွေလှေပေါ်မှာ ရွှေလှေ၊ ရွှေလှေပေါ်မှာ ကလယ်နဲ့ ပူဇော်ထားတဲ့ ဆံတော်ကို ဖူးရ တယ်။ ရဟန်းတော်တွေ ဘုရင် မိဖုရားရုပ်တု တွေလဲ အစွယ်စုံပါပဲ'

'ဆံတော်က ဥာဏ်တော်အရွယ် အစား ဘယ်လောက်ရှိသလဲဆရာ'

'မနိုင်ကောင်းနိုင်ကောင်း လူသားနဲ့ ဆံပင် ထက် သိသိသာသာ ကြီးတယ်။ အရှည် တစ်ညိုက်လောက်ရှိတယ်'

'ရတနာတွေမြင်ရတော့ ဆရာ့စိတ် ထဲမှာ တစ်ခုခု မဖြစ်ဘူးလား'

'ကိုနဲ့တွယ်ပြောပုံပါတယ်။ ဒီရတနာတွေဟာ သာသနာ နှစ်(၅၀၀၀)ပြည့်တဲ့အခါ ပြန့်ကျဲ နေတဲ့ ဓာတ်တော်တွေ တစ်စုတစ်ဝေးတည်း စုပေါင်းပြီး တေဇောဓာတ်လောင်မယ့် အဲဒီအခါမှာ ဒီရတနာတွေက ရှင်တော်မြတ်ကို ပူဇော်ဖို့ပဲ။

ကျွန်တော် မပြစ်မှားမိပါဘူး။ ဆံတော်ကို ဖူးရလို့ ပီတိဖြစ်ရတာတော့ ပြောမပြတတ် အောင်ပဲ။ ထိုင်ခြင်ပါးနဲ့ ရှိခိုးပြီး ပရိတ်ကြီး (၁၁)သုတ်ကို အပြန်ပြန် ရွတ်ဖတ်သရဇ္ဈာယ် နေမိတယ်။

အချိန်အတော်ကြာအောင် အားပါးတရ ပူဇော်ပြီးမှ ဆရာတို့ စောင့်နေကြမှာပဲဆိုပြီး အပေါ်ပြန်တက်ဖို့ စိတ်ကူးမိတယ်'

## ကုန်းတော်ဆီသို့

မျောက်ကလေးက ကျွန်တော့်စိတ် ကို သိနေသလို ရှေ့က ထွက်သွားလို့ တစ်ပါတည်း လိုက်ခဲ့တယ်။ ဆယ်မိနစ် လောက် လျှောက်မိတော့ ဥမင်လမ်းကို လင်းလင်းရှင်းရှင်း မြင်ရပြီး ဥမင်ဝကို ရောက်တယ်။

ဥမင်ဝအစွန်းမှာ ရပ်ပြီးကြည့်လိုက် တာ တောင်ခြေက "ပန်းကုန်း" ရွာကို မှုန်မှုန်ပျပျပဲ မြင်ရတယ်။ ကျသွားလို့ ကတော့ အရိုးအသား တောင်ရှာလို့ ရမှာ မဟုတ်ဘူး'

'ဒါနဲ့ ကုန်းတော်ကို ဘယ်လိုပြန် ရောက်လာတာလဲ'

'အဲဒီလို တွေဝေနေတုန်း မျောက် ကလေးက နောက်ကနေ တွန်းချလိုက် လို့ အသံညည်းထဲ အောသွားတယ် ထူးဆန်းတယ် ဆရာ... အောက်ကို



www.burmeseclassic.com

www.burmeseclassic.com

ကျမသွားဘဲ အပေါ်ကို တနိုင်နိုင်တက် သွားတယ်။

ကျောက်စွန်းတစ်ခုကို တွေ့လို့ လှမ်းဆွဲပြီး တွယ်တက်လိုက်တဲ့အခါ သိမ်ငှက်ရွှေ ရောက်နေတာ တွေ့ရတယ်။ ဒါနဲ့ တောင်တက်ကျောက်လှေကား ထစ်လမ်းအတိုင်း ကုန်းတော်ကို ပြန် တက်ခဲ့ပါတယ်'

'သုံးရက်တောင်ကြာတာ တခြား ဘယ်နေရာတွေရောက်သွားသေးသလဲ'

'ကျွန်တော့်စိတ်ထဲ ခဏပဲ အလွန်ဆုံး တစ်ညနေလောက်ပဲ ကြာတယ် ထင်မိတာ။ ဆရာတို့ပြောမှ သုံးရက်ကြာတယ်လို့ သိရ တယ်။ ဒါကြောင့် ဆရာတို့ ယုံမှာ မဟုတ် ဘူးလို့ ပြောတာပေါ့'

'ဆရာပြောတာ သုံးထပ်ဂူ ပထမ ထပ်ကနေ ဌာပနာတိုက်ထဲ ဝင်လို့ ရတယ်ပေါ့'

'ဟုတ်တယ်လေ ဘာဖြစ်လို့လဲ'

'ကျွန်တော်တို့လဲ သွားကြည့်ချင် တယ်။ လိုက်ပြပေးနိုင်မလား'

'ရတယ်လေ၊ အဓောကြီး ရှိသေး တာပဲ သွားကြတာပေါ့'

သို့ဖြစ်၍ ဆရာဦးကျော်ဝင်း၊ ကိုဝင်း မြင့်နှင့် ကျွန်ုပ် သုံးဦးက ဦးသက်ဝင်း နှင့် လိုက်ပါခဲ့၍ ကျန်လူများက နောက် များမှ အေးအေးဆေးဆေး သွားမည် ဆိုကာ ကုန်းတော်၌ အနားယူလျက် ကျန်ရစ်ခဲ့ကြလေသည်။

လှိုဏ်အတွင်းသို့ ဆင်းရာလမ်းမှာ မတ်စောက်သော်လည်း မိုးအကုန် ဆောင်းအကူးကာလဖြစ်၍ ကိုင်းပင် များ ရှင်သန်ဆဲရှိရာ ထိုကိုင်းပင်များကို အားပြုကာဖြည်းဖြည်းချင်း ဆင်းနိုင်၏။ ဦးသက်ဝင်းကားတောင်ဆိတ်တစ်ကောင် ပမာ ပေါ့ပါးစွာ ဆင်းသွားလေသည်။

ခဲလေသမျှ သဲရေကျ

သုံးထပ်ဂူ ပထမထပ်သို့ရောက် သောအခါ ဦးသက်ဝင်း ပြောပြသည့်



ကျောက်တုံးကို သေချာကြည့်ရာ လူတစ်ထိုင်စာမျှရှိ၍ အစွန်းတွင် ချိုင့် ခွက်ကာ သဘာဝ ရေခွက်ကလေး ဖြစ်နေသည်။

စမ်းသပ်ကြည့်သောအခါ ထိုခွက် တွင် အစိုဓာတ်ရှိသည်ကို တွေ့ရ၏။ ရေမတ်ခွက်ကြီးတစ်ခွက်စာ ဝင်ဆံ့ပေ မည်။ ဂူ ပထမထပ်တစ်ခုလုံး ချုံနွယ် များသာရှိ၍ သစ်ပင်ကြီးများ မရှိပါ။

ထို့နောက် ဌာပနာတိုက်တွင်းသို့ ဝင်ရန် ဖယောင်းတိုင်၊ လက်နှိပ်ဓာတ် မီးများ အသင့်ပြင်ကာ တောင်နံရံ ကျောက်ကြားဆီသို့ သွားရောက်ကြရာ ရှေ့ဆုံးမှ ဦးသက်ဝင်းက ...

'ဟာဗျာ၊ မရတော့ဘူး'

ဟု အာမေဋိတ်ပြုလေသည်။

'ဘာများဖြစ်လို့လဲ'

'ဒီမှာလေ'

ဦးသက်ဝင်း ညွှန်ပြသောနေရာကို လှမ်းကြည့်လိုက်သောအခါ **မြက် တစ်ပေ၊ အမြင့် လက်ခုပ်တစ်ဖောင် ခန့်ရှိမည့် အင်္ဂတေကြောင်းကြီးကို တွေ့ကြရ၏။**

အင်္ဂတေမှာ ရေညှိပင် မတက်သေး။ လတ်လတ်ဆတ်ဆတ် ရှိနေသဖြင့် အင်္ဂတေဖို့ ပိတ်ထားသည်မှာ လပိုင်း ခန့်သာရှိမည်ဟု ခန့်မှန်းရသည်။

ဌာပနာတိုက်အဝင်လမ်းဟု ယူဆ ရသော ကျောက်ကြားဝမင်မှာ အနိုင် အမာ ပိတ်ဆို့ထားပြီးလေပြီ။

ဖူးခွင့်မကြုံ မဖူးလိုက်ဟုသာ စိတ် ဖြေကာ ကုန်းတော်သို့ ပြန်တက်ခဲ့ကြ သည်။ နောက်နေ့ အရုဏ်တက်ချိန် တွင် ကုန်းတော်ဆီမှ လူများစွာ၏ အသံဗလံများကြားရကာ ဆံတော်ရှင် အား အရုဏ်ဆွမ်းကပ်နေသော ပရိသတ်များစွာ တွေ့ရ၏။

တောင်ခြေအနီးချုပ်စဝ်ရှိ ပန်းကုန်း ဝင်းကျိုက်၊ ဖလပ်၊ ဝတ်ကြီး စသည် ကျေးရွာများမှ ကာလသားသမီးများ အစုအဖွဲ့လိုက် ဘုရားဖူး လာရောက် ကြခြင်းဖြစ်သည်။

နှစ်စဉ် တန်ဆောင်မုန်းလပြည့် နံနက်တိုင်း ဤသို့ လာရောက်လေ့ရှိ ကြသည်ဟု သိရ၏။ စေတီတော် ဂေါပကအဖွဲ့ လူကြီးများလည်း ရောက် ရှိနေကြသည်ကို တွေ့ရသဖြင့် သုံးထပ် ဂူမှ အင်္ဂတေအကြောင်း စုံစမ်းကြည့်
အသက်(၇၀)နီးပါးရှိပြီဟု ခန့်မှန်း သော ဗမာရည်လည်သည့် (ဗမာ စကားကို ကောင်းမွန်စွာ ကျင်လည်စွာ ပြောတတ်သည့်) အဘိုးအိုက ဤသို့ ရှင်းပြလေသည်။

'အဲဒီ ကျောက်ကြားအက်ကြောင်း (ဥမင် လမ်း)က ကျုပ်တို့ ငယ်ငယ်ကတည်းက တယ်။ ကလေးဘဝတုန်းက ထဲကြည့် မယ့် ဝင်ပါလို့ အကျွအကောင် များတာနဲ့ သိပ်မဝေးမလှမ်းရဲဘဲ ပြန်ထွက် ခဲ့ရတယ်။

စေတီတော် ဌာပနာတိုက်ဆီ ရောက် လို့ ဆိုကြပါရဲ့ ဒါပေမယ့် ပြန်ပြော သူမရှိဘူး။ အတွင်းကျကျ ဝင်သွားတဲ့လူ ပြန်မထွက်လာကြဘူး။

ဒီနှစ်မှာ ကိုရင်ကြီးတစ်ပါး ဝင်သွားပြီး ပြန် မထွက်လာတော့ ဂေါပကအဖွဲ့ဝင် ပပြီး အဲဒီလမ်းကို အင်္ဂတေနဲ့ အနိုင် ပိတ်လိုက်ရတယ်။

ဝင်းကျိုက်စေတီကို နေရာစုံက လူ တရားထိုင်၊ ပုတီးစိပ်သူတို့ ယုံကြည်ရာအလုပ်ကို လုပ်ကြတယ်



www.burmeseclassic.com

www.burmeseclassic.com

ဆံတော်ရှင် ဇင်းကျိုက်စေတီ ဝန်းကျင်နေရာပြမြေပုံ




စုစမ်းတက်တဲ့လူတွေလဲ ပါလာတက်လို့ သူတို့အန္တရာယ်ကင်းအောင်လို့ စုပေါင်းဆုံးဖြတ်ပြီး လုပ်လိုက်တာပါပဲ'

ဟု ဆို၏။

[အဘိုးအို ပြောသကဲ့သို့ပင် ကျွန်ုပ်တို့ ရောက်ရှိသော (၉)ရက်ဘာအတွင်း၊ ဆံတော်ရှင်အား ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ပူဇော်ကော်ရော်ကြသည်ကို တွေ့ရ၏။ ငြိမ်သက်စွာ ထိုင်၍ သမထ၊ ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းသူများ ရှိသကဲ့သို့ အချို့ (အနည်းငယ်သာဖြစ်၏)ကား စေတီတော်အား အကြိမ်ပေါင်းများစွာ ပတ်၍ ပြေးသူ၊ ခြေတစ်ချောင်းတည်းဖြင့်ရပ်ကာ လက်အုပ်ချီ မျက်စိမှိတ်လျက် ကြာရှည်စွာ အောင့်မြဲနေသူ၊ ကျယ်လောင်သော အသံဖြင့် ဓမ္မတော်ရွတ်သောင်း။ ဘိုးတော်ပေါင်း၊ စုံလင်အောင် ထိုင်တည်သူ ဆုတောင်းသူ စသဖြင့် စုံလင်စွာ မြင်တွေ့ခဲ့ရပေသည်။ ထို့ကြောင့်ပင်...

ဇင်းကျိုက်တောင်နှင့် သင်္ကန်းလှန်းတောင်နှစ်လုံးအကြားရှိ ရေကန်ကြီးအနီး၊ တောင်ထွတ်အရှေ့ဘက်ရှိ လိုဏ်ဂူတွင် သီတင်းသုံးနေသော သက်တော်(၇၀)ကျော်ခန့် ရှိသည့် ဆရာတော်ကြီးက...

'အကာတို့ နားအေးပါးအေး အားထုတ်ချင်ရင် စေတီတော်ကိုရှိခိုးပြီး အနီးဝန်းကျင်က လိုဏ်ဂူတွေမှာ အားထုတ်ပါ'

ဟု အကြံပေးတော်မူလေသည်။]

ဗွာပနာတိုက်အကြောင်း မေးမြန်းကြည့်သောအခါ...

'ကျုပ်တို့လဲ ကြားသာ ကြားဖူးတယ်၊ တစ်ခါမှ မရောက်ဖူးဘူး။ ထိုလဲ မသိရဘူး။ ဦးဟာအင်ဆိုတဲ့ အဘိုးကြီးကတော့ ထင်ဖူးတယ်။ အဲဒီကန်ထဲမှာ ငွေလေ့ရွှေလေ့ အဆင်းဆင်နဲ့ ဆံတော်ကို ပူဇော်ထားတယ်လို့ ပြောတာပဲ။ သူလဲ ဆုံးသွားပါပြီ'

ဟု ဖြေကြ၏။ ၂၀၀၄ ခုနှစ်ခန့်တွင် သိကြားမေပတ်ဆိပ် ကပ်လှူခဲ့သော စေတီတော်များ ပူဇော်မှုအဖြစ် ဇင်းကျိုက်ဆံတော်ရှင်အား ပန်းသစ်မှန်(ရာမည)နှင့်အတူ တစ်ကြိမ် ထပ်မံ၍ အဖူးအမြော် ရောက်ခဲ့သည်။

သုံးထပ်ဂူသွားရာ လမ်းစကိုသော်မှ မမှတ်မိ၊ မတွေ့ရှိခဲ့ရချေ။ ထိုမှ နောက်ပိုင်းတွင်ကား တောင်ခြေ "မင်းတက်ကျောက်ဖျာ"မှ လှမ်းမျှော်ဖူးမြော်ရုံမျှသာရှိ၍ တောင်ထွတ်ပေါ်သို့ မရောက်ဖြစ်တော့ပေ။

မှတ်စုပေါင်းများတွင် ပြန်လည်ဖတ်ရှုမိသဖြင့် အမှတ်တရ ပူဇော်ရေးဖွဲ့ တင်ပြလိုက်ရပါသည်။

ကာဝ်ယက်ရှင် ဆရာဦးသက်ဝင်းသည်လည်း ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါပြီ။ ကိုဝင်းမြင့်ကား ကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ် ပေါင်မြို့၊ ကွဲမြို့ရွာသစ် မဟာစည်ရိပ်သာတွင် လည်းကောင်း၊ ကိုထွန်းရွှေက လူသူတော်အဖြစ် ဇင်းကျိုက်တောင်ခြေ သဏ္ဌာနတွင် လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်နေကြဆဲ ဖြစ်လေသည်။

ဦးသက်ဝင်းတစ်ယောက် ထိုရာဇရီးသို့ အရောက် လှမ်းနိုင်ပါစေဟု ဆန္ဒပြုလျက်...

(ထိုစဉ်က ဦးသက်ဝင်း လေဖြတ်တရိပ်ရိပ် ဖြစ်တက်လာသည်ဆိုသော အခါ၊ ကမ်းပါးနေရာသည် လေကြောင်းများ စုဆုံ၍ အထက်သို့ မှုတ်တင်သည့် တောင်ကြားနေရာ ဖြစ်ကာ ပဝါတစ်ထည် ပစ်ချလိုက်ပါက အထက်သို့လွှင့်မျောတက်၏။ ဖူးပွါးတောင်မကြီးရှိ "လေထွင်းတောင်" ကဲ့သို့သော နေရာတစ်ခု ဖြစ်ပါသည်။

**ဂန္ဓာရီခရီးသည်**

www.burmeseclassic.com



ဝိုင်းမြိုင်
(တိုးချောင်းကြီး)

# ရေမျော်အောင်သူ ဦးအာပေါ

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးတွင် မကြာခဏ ရုက္ခစိုးမော်ကျင့်ဝတ်များ အကြောင်း။ ရုက္ခစိုးမော် အောင်မြင်သူများအကြောင်းတို့ကို ဖတ်ရှုနေရပါသည်။

သို့သော် ရေမျော်အောင်သူ (ရေထုံကူးအောင်မြင်သူ) အကြောင်းတော့ တစ်ကြိမ်တစ်ခါလောက်ပဲ ဖတ်မိဖူးပါသည်။ [၂၀၁၃ခုနှစ်၊ ဇန်နဝါရီလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီး၏ စာမျက်နှာ (၁၃၅)တွင် စာရေးဆရာ မောင်တင်(တံတားဈေး)မှ သိလေ့ရှိတစ်ပါး၏ ရေပေါ်တွင် ဖော်ပြသည့် ဖြစ်ရပ်ဆန်း]

ယခု စာရေးသူကိုယ်တိုင် ကြုံဖူး မြင်ဖူး။ တွေ့ဖူးခဲ့သော ရေမျော်အောင်သူ ဦးအာပေါ (အများကခေါ်သူ) အကြောင်းအနည်းငယ် ရေးသားတင်ပြပါမည်။

စာရေးသူသည် ၁၉၉၄ ခုနှစ်တွင် စား/ဖျော် ဆောင်လေးပင် လုပ်ငန်းခွဲမှ ပဲခူးမြို့ရှိ ရွှေဟင်္သာစားသောက်ဆိုင်သို့ ပြောင်းရွှေ့အမှုထမ်းဆောင်ခဲ့ရပါသည်။

ပဲခူးမြို့သို့ ပြောင်းရွှေ့လာရသော်လည်း ဆွေမျိုးသားချင်းနှင့် အသိမိတ်ဆွေ တစ်ဦးတစ်ယောက်မျှ မရှိပါ။ ရွှေဟင်္သာ စားသောက်ဆိုင်ရောက်မှ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများနှင့် တွေ့ဆုံရင်းနှီးခဲ့ရပါသည်။

တစ်ရက်တွင် ဆိုင်အပေါ်ထပ်မှ လမ်းမပေါ်သို့ ကြည့်ရှုနေစဉ် ပိန်ပိန်ပါးပါး အသားလတ်လတ်နှင့် အသက် (၄၅-၅၀)နှစ်ခန့်ရှိ အမျိုးသားတစ်ဦးသည် ယောဂီရောင်အဝတ်များ ဝတ်ဆင်လျက် အလှူခံနေပါသည်။

ထိုစဉ် အများကလည်း စိတ်အားထက်သန်ကြည်ဖြူစွာ ပေးလှူလျက်ရှိသည်ကို မြင်သဖြင့် ပဲခူးမြို့သူ (ဝန်ထမ်း)ဒေါ်မာမာအေးအား မေးမြန်းရာ ဒေါ်မာမာအေးမှ...

'သရာ ဒါဒီပုဂ္ဂိုလ်က ရေမျော်အောင်ထားသူလေ။ အများကတော့ ဦးအာပေါ်လို့ ခေါ်ကြတယ်။ ကျွန်မလဲ နာမည်အရင်းကိုတော့ မသိဘူး။ ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ဦးပဲ သရာ။ တစ်ခါတလေ စိတ်ဝေဒနာရှင်ပုံမျိုး ထွက်လာတတ်တယ်။ တစ်ခါကဆိုရင် မုဆိုး(လုံချည်)အစား သင်ပိုင်ကိုဝတ်ပြီး အပေါ်ကတော့ ရှပ်အင်္ကျီပဲ ဝတ်ထားတယ်။ ဘုန်းကြီးဆောင်ထီးကြီး ဆောင်လာတယ်။ တစ်ခါတလေလဲ ကလေးဘီး စက်ဘီးစီးလာတတ်တယ်။ ဆိုက်ကားဆရာတွေလဲ ပိုက်ဆံမပေးဘဲ တာဝါရင် စီးကြ... ဆိုက်ကားဆရာတွေကလဲ သူ့ကို...



www.burmeseclassic.com

www.burmeseclassic.com

သွားချင်တဲ့နေရာကို နှင်းပြီးပို့ပေးတယ်။

အဲဒီဆိုက်ကားဆရာအဖို့ အဲဒီနေ့အတွက်တော့ မင်္ဂလာရက်ပဲ။ သူ့ဆိုက်ကားမှာ အများဆုံး ငှားရမ်းစီးကြတဲ့နေ့ပဲ။ ဒါကြောင့် ဆိုက်ကားဆရာတွေကလဲ သူ့ကို လေးစားကြတယ် ဆရာ။

သူ့ကို ငွေလှူချင် သူက ယူချင်သလောက်ပဲယူတယ်။ ဥပမာ ငွေ ၁၀/-(တစ်ဆယ်ကျပ်) လှူပေးမယ်ဆို သူက ငွေ ၁/-(တစ်ကျပ်) လောက်ပဲ ယူတယ်။ တစ်ခါတလေတော့လဲ လှူသလောက် အကုန်ယူသွားတာပဲ။ တချို့က စိတ်မနှံ့သူလို့ ထင်ကြတယ်"

ဒေါ်မာမာအေး စကားကြောင့် စာရေးသူလည်း ဂရုစိုက်ကြည့်သူတစ်ယောက်ပီပီ ဦးအာပေါ်နောက်လိုက်သွားပြီး ငွေ ၅၀/-(ငါးဆယ်ကျပ်) ပေးလှူရာ ဦးအာပေါ်မှ လှူကိုကြည့်ပြီး ငွေ၁၀/-(ကျပ်တစ်ဆယ်)ပဲ ယူသွားပါသည်။ ဘာစကားမှ မပြောမသွားပါ။ ပြုံးပြသွားပါသည်။

တနင်္ဂနွေ အားရက်တစ်ရက်တွင် စာရေးသူသည် သမီးငယ်နှစ်ဦးအား ခေါ်၍ ရွှေမော်ဓောဘုရားကြီးသို့ ဘုရားဖူးရင်း ပုတီးစိပ်ရန် သွားခဲ့ပါသည်။

ပုတီးစိပ်ပြီးနောက် ဘုရားကြီး၏ အောင်ဘက်မုခ်မှဆင်းကာ ပဲခူးသနပ်ပွင်လမ်းမကြီးအတိုင်း နေအိမ်သို့ သင်းလျှောက်ပြန်ခဲ့ပါသည်။ စာရေးသူ ငှားရမ်းနေထိုင်သောအိမ်မှာ ဗိုင်းကန်းအောင်ဝိုင်းတွင် ရှိပါသည်။

စာရေးသူတို့သားအဖသည် လိပ်ပြာကန်ကြီးရှေ့ရောက်သော် လိပ်ပြာကန် အောင်ဘက် ကန်ပေါင်ပေါ်တွင် ထိုင်ကြည့်နေသော လူအုပ်ကြီးအား မြင်တွေ့လိုက်ပါသည်။

ရေကန်ထဲတွင် ယက်ကန်ယက်ကန်နှင့် လှုပ်ရှားနေသည်ကို မြင်တွေ့ပါသဖြင့် ဖေကြီး ကလေးတစ်ဦးဦး ရေနစ်ခြင်းကြောင့် ရေကန်တွင်း ဆင်းရှာနေတာပဲ။

ဒါကြောင့် လူအုပ်ကြီးက ကန်ပေါင်ပေါ်က ရပ်ကြည့်နေတာပဲဟု အထင်နှင့် သမီးနှစ်ဦးအား လက်ကိုဆွဲ၍ လူအုပ်ကြီးထဲအရောက်သွားခဲ့ပါသည်။



အနားရောက်တော့မှ အထင်နှင့် အမြင် လွဲနေပါသည်။ ရေကန်ထဲတွင် ယက်ကန် ယက်ကန်နှင့် နေသူများမှာ ပက်လက်လှန်၍ ရေပေါ်တွင်ပေါ်နေသော လူနှစ်ဦးဖြစ်နေပါသည်။

ဘေးနားရပ်ကြည့်နေသူများကို မေးကြည့်တော့မှ ဦးအာပေါ်နှင့် တပည့်တို့ နံနက် (၉)နာရီလောက်ကစပြီး ရေထဲ ကူးနေကြတာပါဟု ပြောမှ သိရပါတော့သည်။

စာရေးသူတို့ သားအဖလည်း (၁၅)မိနစ်ခန့် ထိုင်ကြည့်နေကြပါသည်။ ဦးအာပေါ်မှာ ပက်လက်အနေအထားဖြင့် ရေပေါ်တွင် ပေါ်နေပါသည်။ (၁၀)မိနစ်ခန့်မှ တစ်ကြိမ် လောက် ခြေရှား လက်ဖဝါးများ လှုပ်လိုက်ပါသည်။

ရေကိုသက်ကြီး ကူးတားမတော့ဘဲ လှမ်းရိုက်လှမ်းတားပါ။ သမ်တိုးသာခဲ့ဘဲ ရေပေါ်ပေါ်နေသကဲ့သို့ မြင်တွေ့ရပါသည်။ လေတိုက်ရာ မျောပါနေပါသည်။

တပည့်လုပ်သူမှာ ကြာကြာမနေနိုင်ပါသဖြင့် ကမ်းသို့ရေကူး၍ ပြန်တက်လာပါသည်။ ဦးအာပေါ်မှာ နံနက်(၉)နာရီလောက်မှ စတင် ထုံကူးနေရာ (၂)နာရီခန့်ကြာပြီဖြစ်ကြောင်း ရပ်ကြည့်နေသူတစ်ဦးမှ ပြောကြားပါသည်။

ဒါဟာ စာရေးသူအတွက် ပထမဦးဆုံး ရေမျှော်အောင်သူ ဦးအာပေါ်၏ စွမ်းအင်အား ကိုယ်တွေ့မြင်ဖူးခြင်း ဖြစ်ပါသည်။

စာရေးသူသည် ပဲခူးတွင်၁၉၉၉ခုနှစ်ကုန်အထိ နေခဲ့၍ ၂၀၀၀ပြည့်နှစ်တွင် လုပ်သက်ပြည့်ပင်စင်တင်၍ မြိတ်မြို့ရှိ ကုမ္ပဏီတစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပါသည်။

ရေလာယ်ဆီဗောာ တာဝန်ခံအဖြစ် (၁၃)နှစ်နီးပါး တာဝန်ထမ်းဆောင်ရပါသည်။ ပဲခူးမြို့ရှိ မိသားစုသတင်းမှတပါး အခြားသတင်းစကားများလည်း မကြားသိရပါ။

စာရေးသူသည် ယခင်က ဤကဲ့သို့ ဆောင်းပါးများ ရေးသားခဲ့ခြင်းမရှိပါ။ ရေးသားရန်လည်း ရည်ရွယ်ချက်မရှိခဲ့ပါ။ တဖက်သူတစ်ဦးအနေဖြင့်သာ နေထိုင်ခဲ့ပါသည်။

မြိတ်မြို့ ဆီဗောာပေါ်တွင် အားလပ်ချိန် စာဖတ်နေရင်းမှ ၂၀၀၇ခုနှစ်နောက်မှ နဂ္ဂဏ္ဏရောင်ခြည်မဂ္ဂဇင်းကြီးသို့ ဝင်၍ စာမူများ ရေးသားပေးပို့၍ စာရေးသူ တစ်ယောက်အဖြစ် ကူးပြောင်းခဲ့ရသူ ဖြစ်ပါသည်။

ယခင်က ဦးအာပေါ်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

စာရေးရန် လုံးဝစိတ်ကူးပင် မရှိခဲ့အပ်ပါ။ ဒါကြောင့်လည်း လိုက်လံစုံစမ်းခြင်းမရှိခဲ့ပါ။

၂၀၁၃ခုနှစ်တွင် ကုမ္ပဏီမှ နုတ်ထွက်ခဲ့၍ မိသားစုရှိရာ ပဲခူးမြို့သို့ ပြန်ပြောင်းခဲ့ပါသည်။

ဒီတော့မှ ဦးအာပေါ်အကြောင်း မှတ်တမ်းတင်ရေးသားရန် စိတ်ကူးပေါ်ပေါက်လာပါသဖြင့် ယခင်ကစတင်ပြောကြားပေးသူ ဒေါ်မာမာအေးအား ဦးအာပေါ်အကြောင်း ထပ်မံမေးမြန်းရာ သူမကလည်း ဦးအာပေါ်အား ပဲခူးတွင် မမြင်ရတော့ကြောင်း၊ ဘဝတပါးသို့ ပြောင်းသွားပြီဟု ကြားသိရကြောင်း...။

ဦးကျော်တင်နှင့် ရင်းနှီးသဖြင့် ဦးကျော်တင်အား တွေ့ဆုံမေးမြန်းနိုင်ကြောင်း လမ်းညွှန်သဖြင့် စာရေးသူသည် လုပ်ဖော်ကိုင်ဖက် ဦးကျော်တင်ထံ သွားရောက် မေးမြန်းရပါတော့သည်။ ဦးကျော်တင်မှ...

'ဆရာဦးအာပေါ်နဲ့ ကျွန်တော်လဲ သိပ်ရင်းနှီးတာ မဟုတ်ပါဘူး။ တစ်ခါတလေ ပဲခူးရောက်တုန်း တွေ့ဆုံတာပဲ ရှိပါတယ်၊ ဦးအာပေါ်က ပဲခူးသားလဲမဟုတ်ဘူး။ ပဲခူးမှာလဲ အမြဲနေတာမဟုတ်ဘူး။

တစ်ဆင့်ကြားတာက ဦးအာပေါ်က ကျိုက်ထီးယိုမှာနေတာတဲ့၊ ကျိုက်ထီးယိုမှာပဲ သေဆုံးသွားပြီလို့ ကြားတယ်၊ နှစ်အတော်ကြာပြီပဲတဲ့...။

ကျွန်တော် သိသလောက်ကတော့ လူထူးဆန်းပဲ။ ငွေတွေဘာတွေ အလှူခံရင် လှူသူက စေတနာအပြည့်နဲ့၊ ဝိုင်ပေးလှူပေမယ့် သူတောင်းသလောက်ငွေပဲယူတယ်။

(၁၀)ကျပ်တောင်းရင် တစ်ဆယ်ပဲ ယူတယ်။ ဝိုပေးပေမယ့်မယူဘူး။ သူ့နောက်ကို လူတွေကလိုက်ကြတယ် ဆရာ။

သူ့ထံက ဘာတောင်းသလဲဆို တော့ (၃)လုံး၊ (၂)လုံး ထီဂဏန်းတွေပဲ တောင်းတယ်။ လူတွေက သူပေးတာတွေ ပေါက်တယ်ဆိုပြီး သူ့နောက် လိုက်နေကြတယ်။ သူက ရော့... ဒီဂဏန်းထိုးဆိုပြီး ပေးတာမဟုတ်ဘူး။ သွယ်ဝိုက်ပြောပြီး ပေးတာ။

တစ်ခါက သူဘာသာသူပြောနေတာ ငါ ညနေ(၄)နာရီမှာ ဝိုလီစစ်နိုင်ကန် ကျောက်ကြီးစုမှာ ပက်လက်လှန်မယ်လို့ ပြောတယ်။

အဲဒီနေ့က (၃)လုံးထီဂဏန်း ထွက်မယ့်နေ့ပဲ။ ညနေကျတော့ (၃)လုံးထီက (၄၆၂)ဂဏန်း ထွက်သွားတယ်တဲ့...။

တကယ်တော့ သူက ချဲထီဂဏန်း ပေးလိုက်တာ ဘယ်သူကမှ ချဲထီဂဏန်းပေးမှန်းမသိကြဘူး။ တစ်ဦး၊ နှစ်ဦးတော့ ရသွားတယ်လို့ ပြောတယ်။ ဘယ်လိုကောက်သလဲ ဆိုတာတော့ မသိဘူး။

နောက်တစ်ခါက လူတွေက သူ့မြင်ရင် (၂)လုံး၊ (၃)လုံးထီပဲ တောင်းနေကြတော့ စိတ်ဆိုးတဲ့ပုံစံနဲ့ ဒီလောက်လိုချင်ရင် ဒါ ယူဆိုပြီး ပုဆိုး(လုံချည်)ကို အနည်းငယ် လှန်ပြလိုက်တယ်တဲ့...။

အဲဒီနေ့မှာ (၂)လုံးထီက (၀၀)သုည(၂)လုံး ထွက်သွားတယ်တဲ့ဆရာ၊ အဲဒါလဲ သွယ်ဝိုက်ပြီး ပေးလိုက်တာပဲ၊ အဓိပ္ပာယ်ကောက်တတ်တဲ့ လူနည်းစုကတော့ ပေါက်သွားကြတယ်တဲ့၊ တခြား ထူးထူးထွေထွေတော့ ကျွန်တော်လဲ မသိဘူး'

စာရေးသူကတော့ ဒီလောက်ပဲ စုံစမ်းသိရှိခဲ့ရပါသည်။ ဦးအာပေါ်ကို ပဲခူးမြို့သူမြို့သားတွေက သိမှီသူများကြပါသည်။

ထို့ကြောင့် ထူးဆန်းတဲ့ ပုဂ္ဂိုလ် တစ်ဦးအဖြစ် ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်နိုင်ရေးအတွက်သိမှီသူအပေါင်းမှ ဖြည့်စွက်ရေးသားကြပါရန် ပန်ကြားအပ်ပါသည်ခင်ဗျာ...။

**ဦးစိန် (ထိုးရှောင်ကြီး)**

**စာရှုသူ သူတောသိနှင့် ပညာရှင်များခင်ဗျာ...**

ဤဆောင်းပါးပါ ဦးအာပေါ်မှာ ကျိုက်ထီးယိုနယ်တစ်ဝိုက်တွင် နေထိုင်ကြောင်း ကျွန်တော် ကျိုက်ထီးယိုး တောင်တန်းတစ်ခွင် ရှိခဲ့စဉ်က ကျိုက်ထိုရေးသွားတိုင်း ကြားသိခဲ့ရပါသည်။ ထို့ပြင် ကျိုက်ထိုမြို့တွင် အာပေါ်ဂူဟုခေါ်၍လည်း ရှိကြောင်းသိရပါသည်။ သို့ဖြစ်၍ သိထိလိုက်သူများ ပြည့်စုံသထက် ပြည့်စုံအောင် မှတ်တမ်းတင်ပေးပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း
စာတည်းမှူး
နှလုံးရွှေရောင်မြိုင်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းမြတ်ဘီယာ

# ဥစ္စာစောင့်သိုက်တွေ

ဝေါသညွှန်ဒေသ

'ညောင်လေးပင် ရွှေကျင်းချောင်း သိုက်ပေါင်းရယ်တဲ့ တစ်ရာကျော်'

ဤစကားကို ရှေးလူကြီးများက တွင်တွင် ပြောနေကြ၏။ ယုံသူလည်း ရှိ၏။ မယုံသူလည်းရှိ၏။

ဥစ္စာစောင့် သိုက်တွေကလည်း အမျိုးမျိုးတဲ့။ ဘုရားသိုက်တဲ့၊ နဂါးသိုက်တဲ့၊ ကုလားသူဌေးသိုက်တဲ့၊ ဗမာသူဌေးသိုက်တဲ့။

ဘုရားသိုက်က ဘုရားပုထိုးစေတီတော်များမှာ ရှေးလူကြီးများက ရွှေငွေကျောက်သံပတ္တမြား တန်ဖိုးရှိသော ရတနာများကို ဌာပနာထားခဲ့ကြ၏။

ယခု ထိုစေတီပုထိုးများ ပျက်စီးကုန်ကြ၍ ထိုနေရာတွင် ဘုန်းဥစ္စာစောင့်များက လူသားတွေ မဖျက်ဆီးကြရန်၊ မယူနိုင်ရန် စောင့်ရှောက်နေကြရပါသည်တဲ့။

နဂါးသိုက်က ရှေးနှစ်ပေါင်းများစွာကတည်းက နတ်၊ နဂါးများ စောင့်နေသော ရတနာသိုက်ဖြစ်သည်တဲ့။

ကုလားသူဌေးသိုက်က တစ်ချိန်က မြန်မာနိုင်ငံတော်ကြီးအတွင်း အင်္ဂလိပ်အစိုးရ အုပ်ချုပ်ခဲ့စဉ်က ငွေကြေး ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝလှသည့် ချစ်တီးကုလားများ အိန္ဒိယနိုင်ငံကြီးမှ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာကြသည်။

ကျေးလက်တောရွာများမှ ဆင်းရဲသားလယ်မြေများကို အပေါင်ခံကြသည်။ ဝယ်ယူကြသည်၊ ဆင်းရဲသားလယ်သမားများ လယ်များကို ပြန်မရွေးနိုင်ကြသောအခါ ထိုချစ်တီးကုလားများက အပိုင်သိမ်းယူကြ၏။

ထိုချစ်တီးကုလားများ မိမိပိုင် ရွှေငွေကျောက်သံပတ္တမြားများကို မှတ်မှတ်သားသားပြု၍ မြေမြှုပ်ထားကြ၏။ တချို့သော ကျေးရွာများမှာ ချစ်တီးတိုက်ကြီးများပင် ရှိ၏။

ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသောအခါ ဂျပန်စစ်တပ်ကြီးက အင်္ဂလိပ်စစ်တပ်ကို ဝင်ရောက်တိုက်ခိုက် ဖုံးကြသဖြင့် အင်္ဂလိပ်တပ်များ အိန္ဒိယနိုင်ငံသို့

www.burmeseclassic.com

ပြန့်ဝင်ပြေးရ၏။

ထိုအခါ ချစ်တီးကုလားပိုင် တိုက်များလည်း ကျန်ရှိနေခဲ့၏။ ထိုတိုက်တာများအောက်တွင် ရွှေငွေကျောက်သံပတ္တမြားရတနာများ မြှုပ်နှံထားခဲ့၍ ကုလားသိုက်ဖြစ်နေရသည်ဟု ပြောကြသည်။

မြန်မာသိုက်ကတော့ ရှေးလူကြီးများသည် မိမိတို့ပိုင် ရွှေငွေရတနာများကို မြေမြှုပ်၍ သိမ်းဆည်းကြသော ဓလေ့ရှိခဲ့၏။ ဘုရားမပွင့်မီကပင် အနောက် အိန္ဒိယနိုင်ငံကြီးများလည်း ဤရွှေအိုးများ မြှုပ်နှံကြသော ဓလေ့ရှိ၏။

ယခု မြန်မာနိုင်ငံအတွင်းမှာလည်း ရှေးခေတ် မြန်မာသူဌေးကြီးများသည် ရွှေငွေရတနာများကို မြေတွင် မြှုပ်နှံထားကြ၏။

ထိုသူဌေးများ သေဆုံးသောအခါ မိမိတို့တွင် ပစ္စည်းဥစ္စာများကို စွဲလမ်းကြပြီး မြေစောင့်ပြိတ္တာကြီးများဖြစ်၍ မိမိတို့ပိုင် ရတနာသိုက်များကို စောင့်ရှောက်နေကြရသည်ဟု ရှေးလူကြီးများ တစ်ဆင့်စကား တစ်ဆင့်နား ပြောဆိုလာကြ၏။

ရတနာရှာဖွေကြသော သိုက်တူးဆရာများလည်း ပေါ်ပေါက်ခဲ့လေ၏။

'ဘုရားသိုက်ကိုတော့ သိုက်သွားမတူးကြနဲ့ သူတော်ကောင်းသိုက်စောင့် ဘိုးဘိုးကြီးတွေ ရှိတယ်။ ဒုက္ခရောက်ကုန်လိမ့်မယ် အယ်လ်တရဲ ကျကုန်လိမ့်မယ်'

စသည်ဖြင့် ပြောကြသူတွေလည်း ရှိ၏။ ယုံကြည်သူတွေလည်းရှိ၏။ မယုံကြည်သူတွေလည်းရှိ၏။

စာရေးသူတို့ အရွယ်ရောက်လာတော့ သိုက်နှင့်ပတ်သက်သော ဝတ္ထုများ၊ အတော်များများ ဖတ်ရှုရ၏။ စိတ်ဝင်စားဖွယ်တော့ ကောင်းလှ၏။

ဝတ္ထုတွေထဲမှာ သိုက်ဆရာများနိုင်သည်လည်း ရှိ၏။ ရှုံး၍ သိုက်ဆရာများ ထွက်ပြေးရသည်လည်းရှိ၏။

'သိုက်ဆရာဆိုတာ တကယ်ရှိတယ်။ ဥစ္စာစောင့်ဆိုတာ မြေစောင့် ဘုမ္မိုရက်သားတွေပဲ သူတို့ဟာ ဇော့ပယာရာစင်တစ်မျိုးပဲ တန်ခိုးသတ္တိတွေရှိတယ်။ လူယောင်ဖန်ဆင်းလို့လဲရတယ်။ မယုံမရှိကြနဲ့'

ဤစကားကို ပြောပြသူကတော့ ရွာဦးကျောင်းမှ စာတတ်ပေတတ် ကျမ်းဂန်တတ် ဆရာတော်ကြီးတစ်ပါး ပါပဲ။

ရွာသားတချို့က ဆရာတော်ကြီးအား လျှောက်ထားကြ၏။

'ညောင်လေးပင် ရွှေကျင်ချောင်း သိုက်ပေါ်ရယ်တဲ့ တစ်ရကျော်ဆိုတာ အမှန်ပဲလား ဘုရား'

'ဒါကတော့ ရှေးရှေးက လူကြီးတွေ ပြောခဲ့တဲ့ စကားပါပဲကွယ်။ ငါလဲ အတိအကျတော့ ဘယ်သိမှာလဲကွယ်'

'ရွှေကျင်ဘက်မှာတော့ ဥစ္စာစောင့်သိုက်တွေ အများကြီးပဲ ရှိတယ်လို့ ပြောကြတယ် ဘုရား။ တစ်ခါ တစ်ခါ ဥစ္စာစောင့်တွေဟာ လူယောင် ဖန်ဆင်းပြီး ပွဲတွေ၊ ဘုရားပွဲတွေကို လာကြတယ်လို့ ပြောသံ ကြားဖူးတယ်ဘုရား'

'ဟုတ်မှာပေါ့...ငါလဲ တိတိကျကျတော့ မသိဘူးကွယ်။ မင်းတို့လိုပဲ ကြားဖူးတာတော့ ရှိတာပေါ့'



## ထူးခြားတဲ့ သိုက်တစ်သိုက်

မြိုင်ရွာကြီးမှ အရှေ့ဘက် စူးစူးသို့ သွားလျှင် ကွင်းဒလကြီးရွာ၊ နောက် ကွင်းဒလလေးရွာတို့ရှိ၏။

ကွင်းဒလလေးရွာသည် မြိုင်ရွာကြီးနှင့် (၃)မိုင်ခန့် မျှကွာဝေး၏။

ထို ကွင်းဒလလေးရွာသည် စစ်တောင်းမြစ်ကြီး၏ ကမ်းနဖူးပေါ်တွင် တည်ရှိ၏။ အိမ်ခြေ (၁၀၀) လောက်ပဲ ရှိ၏။ လယ်သမား ကိုင်းသမားများ နေထိုင်ကြ၏။

စစ်တောင်းမြစ်ကြီးကို ကျောပေးပြီး ဆောက်လုပ်ထားသည့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိ၏။ တော ဂိုဏ်း ဘုန်းတော်ကြီးကျောင်းကြီး

ထို ဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်ကြီး ဦးသီရိ ကျောင်းထိုင်ခဲ့ပါသဖြင့် ဦးသီရိကျောင်းဟု တွင် ပါ၏။

အမှန်ကတော့ ကွင်းဒလလေး ကျောင်းဖြစ်၏။ ထိုဘုန်းတော်ကြီး ကျောင်းနှင့် ကပ်လျက် စစ်တောင်းမြစ် ကြီးသည် စီးဆင်းလျက်ရှိ၏။

ထို ဘုန်းတော်ကြီးကျောင်း နောက်ဘက်တွင် စစ်တောင်းမြစ် တွင် ဝဲကြီးတစ်ခု ဖြစ်နေ၏။

ထိုစစ်တောင်းမြစ်ကြီးထဲတွင် ကြီးနားသို့ ရောက်လျှင် လှေ ဘောက်တူများ သတိထား ခတ်ကြရ၏။ မှောက်သူများ





www.burmeseclassic.com

www.burmeseclassic.com

သေသူတွေလည်းရှိ၏။

ထိုရေဝဲကြီးစုပ်၍ သေဆုံးရသူများ များလှ၏။ ထိုရေဝဲကြီးကိုလည်း ဥူးသိရိကျောင်းနားတွင် ရှိ၍ ဥူးသိရိဝဲဟု ခေါ်တွင်ကြ၏။

ထိုဝဲကြီး၌ လပြည့်လကွယ် ညဘက် အခါများတွင် ဗျည်းသံများကြားရ၏။ ဗုံသံများ၊ ညည်းညူသံများ ကြားရ၏။

ထိုဝဲကြီးနားသို့ ညဘက်အခါ ရည်သူမျှ မသွားရဲကြပါ။ မကပ်ရဲကြပါ။

အဖြစ်အပျက်အမှန်ကား...

ဂျပန်စစ်သားများ စစ်ရှုံးသောအခါ စစ်တောင်းမြစ်ကြီးအတိုင်း ဗေဒါပင်၊ ဗေဒါဘုတ်များကိုကိုင်လျက် စစ်တောင်းမြစ်အတိုင်း စုန်ဆင်းကြ၏။

ဂျပန်စစ်သားများကို အင်္ဂလိပ်တပ် ခေလယာဉ်က ပုံးလိုက်ကြ၏။ ထိုအခါ ဂျပန်စစ်သားများ ရေထဲသို့ အလျင်အမြန် ခုန်ဆင်းကြရ၏။

ဂျပန်စစ်သားတစ်စုသည် စစ်တောင်းမြစ်အတွင်း စုန်ဆင်းလာရာ ကွင်းဒလလေးရွာ ဥူးသိရိဘုန်းတော်ကြီးကျောင်းနားက ဥူးသိရိဝဲကြီးထဲမှာ နစ်မြုပ်၍ သေဆုံးကုန်ကြရ၏။ ဒါက အဖြစ်မှန်ပါပဲ။

ထိုဝဲကြီးတွင် ဘုရား၊ ပုထိုး၊ စေတီတော်များက ယူဆောင်လာသော ရွှေများကို တင်ဆောင်လာသည့် သမ္ဗန်တစ်စင်းလည်း နစ်မြုပ်သွားရကြောင်း ရှေးလူကြီးများ ပြောပြကြသေး၏။

ထိုနေရာတွင် ပရလောကသားများ ရှိနေကြ၏။ ဘုရားပစ္စည်း ရွှေငွေ ရတနာများကို စောင့်နေကြရ၏။ ရေအောက်တွင် ထူးဆန်းလှသော သိုက်တစ်သိုက်ရှိသည်ဟု ပြောဆိုလျက်ရှိကြ၏။

ယခုတော့ စစ်တောင်းမြစ်ကြီးလည်း ထိုနေရာတွင် မရှိတော့ပါ။ သောင်ထွန်း၍ နေရာရွှေ့ပြောင်းသွားပါလေပြီ။

ထို သောင်ထွန်းနေသည့်နေရာတွင် ယခုအချိန်အထိ ဥစ္စာစောင့် ပရလောကသားများ ရှိနေကြသေးသည်ဟု ရွာသူရွာသားများကတော့ ယုံကြည်လျက် ရှိကြပါသေး၏။

ယခုအချိန်အထိ ဆူညံသည့် အသံများ၊ ငိုယိုသံများကို ရံဖန်ရံခါ ကြားနေရသေးသည်ဟုလည်း ပြောကြ၏။

ဥစ္စာစောင့်ဆိုသည်မှာ ဗုဒ္ဓစာပေ ကျမ်းဂန်များအရ အမှန်ရှိကြောင်း သိရ၏။

ဘုမ္မိရုက် ပရလောကသားများဟု ခေါ်ဆိုကြရပါ၏။ မြေစောင့်နတ်များဖြစ်၏။ တန်ခိုးသိဒ္ဓိရှိ၏။ လူတို့က သူတို့ကို မမြင်တွေ့နိုင်။

သူတို့ကတော့ လူတွေကို မြင်တွေ့နိုင်ကြပါသည်။ လူယောင်လည်း ဖန်ဆင်းနိုင်ကြပါသည်။

မင်းမြတ်သီဟ

ဆွမ်းချိန်အမီ

## ဆွမ်းကျက်မြန်အောင်



မကြာမီ ဆွမ်းခံသံဃာများ ကြွလာပေတော့မည်။ ထမင်းကား ကျက်သေး။ သို့ဖြစ်၍ မုန့်ကြော်နှင့် ဖယောင်းတိုင်များကို ...နံ့ယယ်တွင်ထည့်၍ အိမ်ရှေ့သို့ ထွက်ခဲ့သည်။

'ထမင်းမကျက်သေးဘူးလား'

'ဟုတ်တယ်အစ်မ၊ လေးနာရီခွဲလောက်ထမှ မီးမယ်။ ညဉ့်နက်မှအိပ်ဖြစ်တော့ အဲဒီအချိန် အိပ်ရာထရင် တစ်နေကုန် ...င်နဲ့ပြီး အလုပ်ပျက်ပြန်ရော'

"အဲသလိုဆိုရင် အိပ်ရာထတာနဲ့ ရေနွေးတစ်အိုးတည်ထားလိုက်၊ ပြီးမှ ကိုယ်လက်သန့်စင် သန်ဆေးပြီးတဲ့အချိန်မှာ ရေနွေးလဲဆူလောက်ပြီ ...ရအေးအစား ရေပူထည့်ပြီတည်ရင် အကျက်မြန်တာပေါ့"

နောက်တစ်နေ့တွင် အစ်မပြောသည့်အတိုင်း လုပ်ကြည့်ရာ ပုံမှန်ထက် (၁၀)မိနစ်မျှစော၍ ထမင်းကျက်သဖြင့်ဆွမ်းစား ...အမီ လောင်းလှူနိုင်ခဲ့လေသည်။

မဖြူ

www.burmeseclassic.com

ဆင်မော်မြင့် (ကသာ)

ကျွန်တော်သိသော ဝိဇ္ဇာဓိုလ်ထူး

# ပတ်တိုင်းတောင်သူ အာကြူ (၂)



**ယခင်လမှ အဆက်**

တစ်နေ့ မြစ်ကြီးနားမြို့ ရှမ်းစုတောင်ရပ်ကွက်တွင် ရှိသော မန္တလေးကျောင်းတိုက်တွင် အဘ အင်္ဂရုတ်ဖိုထိုးသွား၍ လိုက်သွားပါသည်။

ဖိုရုံကထွက်ပြီး ဆွမ်းစားရေပ်တွင် ရှိနေစဉ် လူရွယ်(၃)ဦးက ဦးတိုက်ပြီး အထုပ်ငယ်တစ်ထုပ် ကပ်လှူကြပါသည်။ ဘဘက "ဘာလဲ"ဟုမေးရာ "ယိုးဒယားချိချဉ်"ဟု ကပ်လှူသူများက ပြန်ဖြေကြပါသည်။

အနီးရှိ လူတစ်ယောက်ကို ချိချဉ်များကို ထုတ်စေပြီး ရေတွက်ခိုင်း၍ ရေတွက်ကြည့်ရာ (၂၁)လုံးဖြစ်ကြောင်း ပြန်လျှောက်ပါသည်။

ကျွန်တော့်စိတ်ထဲမှာ တစ်မျိုး တစ်မည် ထူးခြားကောင်း ထူးခြားမှု ကြုံတွေ့နိုင်သည်ဟု ယူဆပြီး ဇရပ်ပေါ်တွင် ရှိနေကြသူများရော ဇရပ်အောက်တွင် ရှိနေကြသူများကိုပါ ကျွန်တော်ကိုယ်တိုင် ရေမည်မှုရှိကြောင်း ရေတွက်ထားရာ (၂၃)ယောက်ခန့်ရှိမည် ထင်ပါသည်။

အဘကြူက ချိချဉ်များကို လက်ဖြင့်အုပ်၍ထားရာ ကျွန်တော်က ထိုနေရာနှင့်တည့်တည့် သုံးပေခန့်အကွာမှ ချိချဉ်များကို စူးစိုက်၍ မျက်ခြည်မပြတ် ကြည့်ရှုနေပါသည်။

စူးစိုက်ကြည့်ရှုနေသည်ဟု သုံးနှုံထားရာ တကယ့်ကို စူးစိုက်၍ လက်နှင့် ကြမ်းပြင်အကြား ချိချဉ်များကိုသာ အာရုံအထူးပြု၍ တစ်ပြေးတည်း မြင်ရအောင် ကြည့်နေခြင်းဖြစ်သည်။

အဘက ပရိသတ်ကို ထွေရာလေးပါးစကား ပြောနေရာမှ ချိချဉ်ပုံကို လက်ဝါးဖြင့် (၃)ချက်ခန့် သာသာပုတ်လိုက်ရာ ဒုတိယအချက် ပုတ်လိုက်ပြီး နောက် ချိချဉ်အပုံသည် ပိုရှုံ့မှ ရောင်များလာသည်ဟု စိတ်တွင် ထင်လိုက်မိပါသည်။

ထို့နောက် ချိချဉ်များကို လာကင်စဉ်က ပါလာသော စက္ကူအိတ်အတွင်း ပြန်ထည့်ပြီး တစ်ဦးမှ လူတစ်ဦး ဇရပ်ပေါ်၊ အောက်ရှိ လူအားလုံး တစ်ယောက်တစ်လုံးစီ ဝေ ကျွန်တော်လည်း ဝေပုံကျ တစ်လုံး ၍ စားရပါသည်။

လူအားလုံးကို ဝေပြီးသော် ချိချဉ်အချို့ ကျန်နေသေး၍ တည် အိမ်ရှင်၏ သားငယ်အား တည်းခို သို့ ယူသွားရန် ပေးလိုက်၍ ကျွန်ေ က လက်ဖြင့် စမ်းကြည့်ရာ ချိချဉ် လုံးခန့် အိတ်တွင်း၌ ကျန်နေ ကြောင်း တွေ့ရပါသည်။

ဒီတွင် ကျွန်တော် စဉ်းစား လာပါသည်။ ဒါမျိုးတွေသည် ပွ တွေလား။ မျက်လှည့်ပညာတွေ ဟု ဝေခွဲမရ ဖြစ်ရပါသည်။

မျက်လှည့်ဆိုလျှင်လည်း မျက် ဆရာရှေ့တွင်သာ ပစ္စည်းရှိ ဆရာနောက်ကွယ်တွင် ပေးထ ပစ္စည်း ပျောက်သွားတတ် ကြားဖူး၍ ကျွန်တော် ရ ချိချဉ်ကို အကုန်မစားဘဲ



www.burmeseclassic.com

www.burmeseclassic.com

ချန်၍ စက္ကူဖြင့်ပတ်ပြီး အိတ်ထဲပြန်သိမ်းထားလိုက်ပါသည်။

မူလ ချိုချဉ်ထုပ်လာလှူသူ (၃)ဦးအား မေးမြန်းစုံစမ်းကြည့်ရာ သူတို့တစ်ဦးလျှင် (၁)ကျပ်ဖိုးစီဖြင့် (၃)ကျပ်ဖိုး (၂၁)လုံး ဝယ်လာကြောင်း သိရပါသည်။

ကျွန်တော် လူရေတွက်ကြည့်ရာ ဧရပ်ပေါ်,အောက်တွင် လူ(၂၃)ဦးအထက်ရှိရာ ပုံမှန်ဆိုက လူတစ်ဦး ချိုချဉ်တစ်လုံးစီရရန် အကြောင်းမရှိပါ။

ယခုတော့ ကိုယ်စီရသည့်အပြင် (၄,၅)လုံးခန့် ပိုနေသေးသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့ရလေပြီ။ ဒီလိုပစ္စည်းများ ပွားပေးခြင်းကို ကျွန်တော့်အနေဖြင့် ပထမဆုံးအကြိမ်အဖြစ် တွေ့ဖူးခြင်း ဖြစ်ပါသည်။

နောက်ထပ်တစ်ကြိမ် ပစ္စည်းပွားပြီးပေးတာမျိုး မြစ်ကြီးနားမှာပင် ထပ်တွေ့ရပါသေးသည်။ နောက်ပိုင်းတွင် ဆက်ဖော်ပြပါမည်။

ကျွန်တော် ခွဲတမ်းရသော ချိုချဉ်ကို အကုန်မစားဘဲ ချန်ထားရာ အိမ်ပြန်ရောက်၍ ကြည့်ရာ ပျောက်ကွယ်သွားခြင်းမရှိဘဲ ကျန်ရှိနေသေးသည်ကို တွေ့ရပါသည်။

မျက်လှည့်လက်လှည့် ပညာမဟုတ်ဘဲ မိမိ မသိသော သိပ္ပံနည်းလွန်နည်းလမ်းတစ်ခုကြောင့်သာ ယင်းသို့ပစ္စည်းများ မူလကထက် အရေအတွက်ပိုရှိပွားလာသည်ဟုသာ သုံးသပ်မိလေသည်။

နေ့တစ်နေ့၏ နံနက်(၁၁)နာရီခန့် ကျွန်တော်၏နေအိမ်သို့ အဘကြီးနှင့်အတူ ဒုလ္လတရဟန်းတွဲ့မည် မပုတ်စိ၊ လူအမည် ဦးစိန်ဝင်း(မန္တလေး)တို့ နေ့ဆွမ်းစားကြွလာ၍ လက်ဖက်ရည်၊ မုန့်၊ လက်ဖက် စသည်တို့ဖြင့် ကပ်ပါသည်။

ယင်းသို့ကြွရောက်နေ၍ ကျွန်တော်၏နေအိမ်ရှိ ပရိသတ်များတွင် ကျွန်တော်၏ မြို့နယ်မှူးဆရာကြီး ဦးစံလှအောင်၊ ကျွန်တော်၏မိတ်ဆွေရင်း ဦးခင်မောင်မြင့်(နာရီ)၊ ကျွန်တော့်ဇနီးသည်၏ အိမ်နီးချင်း မိတ်ဆွေတချို့ လူ(၁၅)ဦးခန့် ရှိနေကြပါသည်။

အဘကြီးတို့ ဘုဉ်းပေးသုံးဆောင်နေသည်ကို မှတ်တမ်းတင်ဓာတ်ပုံ ရရှိလို၍ ဓာတ်ပုံရိုက်လိုကြောင်း လျှောက်ထားရာ အဘက...

'မင့်အိမ်မှာ ကြွက်တွေ ပေါလိုလားကွ'

ဟု ပြော၍ မရိုက်နှင့်ဟု ကန့်ကွက်ခြင်းမပြုသည့်အတွက် ရိုက်ခွင့်ပြုသည်ဟု မိမိသဘောနှင့် မိမိ ယူဆပြီး ကြိုတင်ပြင်ဆင် စီစဉ်ထားသော ကင်မရာ(Canon QL-19)ဖြင့် ရိုက်ရန် နေရာယူ ပြင်ဆင်ပါတော့သည်။

ကင်မရာကို ချိန်ထားပြီး ဓာတ်ပုံရိုက်သော လျှပ်တစ်ပြက်မီး(flash-gun) ခလုတ်ကိုဖွင့်ပြီး နီယွန်အချက်ပြမီးကို စောင့်ကြည့်နေရာ နီယွန်အချက်ပြမီးက အသင့်ဖြစ်ကြောင်း မီးပွင့်လာ၍ ကင်မရာခလုတ်ကို နှိပ်လိုက်ရာ (flash-gun)က မီးလက်ခနဲ ပွင့်လာခြင်း မရှိဘဲ ကင်မရာခလုတ်က "ချက်"ဟူသော အသံသာ ထွက်သွားပြီး (flash-gun)က မီးထွက်မလာ၍ ကင်မရာနှင့် (flash-gun)ဆက်သွယ်ထားသောကြိုး(Canon QL-19ကင်မရာမှ လျှပ်တစ်ပြက်မီး၊f-g ကင်မရာအတွင်း ဆွဲမထားပါ။ သီးခြား၊f-gကို တပ်ဆင်သုံးစွဲရသော ကင်မရာ ဖြစ်ပါသည်။)ကို အံကျမကျ ပြန်စစ်ပြီး ချို့ယွင်းချက် တစ်စုံတစ်ရာတွေ့၍ ကင်မရာကို မောင်းတင်ပြီး နောက်ထပ်(၁)ပုံ ရိုက်လိုက်ပါသည်။

ယခုအကြိမ်တွင်လည်း ပထမအကြိမ်ကဲ့သို့ပင် f-gက မီးလုံးပွင့်ထွက်လာခြင်းမရှိ။ f-gတွင်းရှိ ဓာတ်ခဲသည် အသစ်ထည့်ထားပြီး အချက်ပြမီးဖွင့်ခလုတ်လည်း ကောင်းနေသည်။ ဖွင့်ထားဆဲဖြစ်၍ အချက်ပြမီးက ရိုက်နိုင်ပြီဟူသော သဘောဖြင့် နီယွန်မီးလင်းလာပြီ။ ကင်မရာနှင့် f-gဆက်သွယ်ထားသော ဆက်သွယ်ရေးကိရိယာကိုလည်း ဆက်သွယ်ထားပြီး တစ်စုံတစ်ရာ ချို့ယွင်းချက် မရှိပါဘဲလျက် f-gမီးမလင်းခြင်းမှာ ရုပ်ဝေဒသဘောအရ ချို့ယွင်းခြင်းမဟုတ် သိပ္ပံနယ်လွန် ဂန္ဓာရီသဘောသာ ဖြစ်လိမ့်မည်ဟူသော အသိတစ်ချက် လင်းခနဲခေါင်းထဲပေါ်လာသည်။

ထို့အတူ ငယ်သူငယ်ချင်း ကိုဘဆောင်း တစ်ချိန်က ပြောခဲ့ဖူးသော **"အထက်ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်ရင် သူတို့ခွင့်မပြုရင် ဓာတ်ပုံရိုက်လို့မရဘူး"**ဆိုသော စကားကို သွား၍ သတိရမိလိုက်သည်။

မိုးတိုးမတ်တတ် ဓာတ်ပုံရိုက်နေရာမှ ကျွန်တော် ဒူးထောက် ထိုင်ချလိုက်ပြီး **"ဘဘ ဓာတ်ပုံရိုက်ခွင့်ပြုတော်မူပါ"**ဟု လျှောက်ထားလိုက်တော့ အဘက **"ရိုက်လေကွာ ရိုက် ရိုက်"** ဟု ရိုက်ခွင့်ပြုပါသည်။

ထို့နောက် ကျွန်တော်လည်း ပထမ(၂)ကြိမ် ဓာတ်ပုံရိုက်သလိုပင် ယခင်နေရာမှ ချိန်ပြီး (၂)ပုံ ဆက်တိုက်ရိုက်ယူလိုက်ပါတော့သည်။

ဒီ(၂)ကြိမ် ရိုက်သည့်အခါ ဖြစ်မြဲဖြစ်စဉ်အတိုင်း f-gမီးများ လင်းခနဲလက်ခနဲ ပြည့်စုံစွာ လျှပ်စီးလက်သလိုပါတော့သည်။

ဒီနေရာတွင် ကျွန်တော် [illegible]



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားသည်မှာ အဘက ကျွန်တော့်-ဓာတ်ပုံရိုက်ခွင့် တောင်းစဉ်က ခွင့်ပေးသည် လည်းမဟုတ်၊ ငြင်းဆယ်သည် လည်းမဟုတ်ပေ။ "မင့်အိမ်မှာ ကြွက်တွေပေါလို့လားကွ"ဟု ကျွန်တော်၏အမေးကို အမေးဖြင့် သာ ပြန်ဖြေခဲ့ခြင်းသာဖြစ်သည်။

မိလိန္ဒာဘုရင်၏ မေးလျှောက် သည်ကို အရှင်နာဂသေနမထေရ် ဝန်ခံသည်လည်းမဟုတ်၊ ဝန်မခံ သည်လည်းမဟုတ်သော အမေးကို အမေးဖြင့်သာ ဖြေဆိုခဲ့သည့် ဖြစ်စဉ်မျိုး သာတည်း။

ပညာရှိ ဝိသပါပေသည်၊ အထက် ပုဂ္ဂိုလ်များသည် ဘယ်အရာတွင်မျှ ဖြည့်ရန်မလို၊ ပါယ်ရန်မရှိသော ပြည့်စုံ မှုကို တစ်ချက်ချက် နှစ်ချက်ပြတ် ကွက်တိ ဆောင်ရွက်လေ့ရှိသည့် သဘောကို အမှတ်အထင် သတိပြုမိ ရှိလာရပေသည်။

ထိုနေ့ ဆွမ်းဘုဉ်းပေးပြီးနောက် အဘကြီးက ကျွန်တော့်အား "**မင့် ဓာတာရှိသေးလား**"ဟု မေး၍ ရှိ ကြောင်း ကျွန်တော်က ပြောပြီး အသင့် ယူထားသောနေရာမှ ဇာတာကို စက္ကူ ပတ်လျက် အနေအထားအတိုင်း ကပ် လိုက်ပါသည်။

ထိုအခါ အဘက ဇာတာကို ညာ လက်ဖြင့် ကိုင်ထားပြီး ကျွန်တော့်ကို လည်း ညာလက်ဖြင့် ဇာတာကို ကိုင် ထားစေကာ ဇာတာတွင် ရေးသား သော ရက်ချုပ်စာများနှင့် ကျွန်တော် ၏ မွေးသက္ကရာဇ်၊ မွေးလ၊ မွေးရက် မွေးသောနေ့နံတို့ကို ဦးစွာ ရွတ်ဆိုပြီး ကျွန်တော့်နာမည်ကို တပ်ဆိုလျက် ဆုပေးခြင်းအရာကို ရွတ်ဆိုလေတော့ သည်။

ဇာတာကို စက္ကူဖြင့် ပတ်ထားသည် က အဘလက်များဖြင့် ဆုပ်ကိုင်ထား ခြင်းကြောင့် ဇာတာ၏ စာသားများ၊ သက္ကရာဇ် မွေးလရက်နေ့နံများကို လုံးဝ မြင်တွေ့နိုင်ခြင်းမရှိဘဲ တစ်မှတ်ချင်း လုံးဝ ကွဲလွဲမှုမရှိဘဲ ရွတ်ဖတ်သွားနိုင်ဗို့ ဆိုသည်မှာ ထူးခြားသော စွမ်းရည် တရစ်ရစ် မရှိဘဲ လုံးဝ ဖြစ်နိုင်သော အလုပ်မဟုတ်သည်ကို လက်တွေ့ မြင် နေရ၍ လက်ခံရမည်သာ။

နောက် ကျွန်တော်၏သမီးဦးလေး- အိပ်ပျော်နေသောအခန်းကို ဝင်ကြည့် ပြီး...

'သမီးအောင်မြင့် ပင်သမီးလေး (၁)နှစ်ပြည့် တဲ့အခါ ထူးလိမ့်မယ်'

ဟု ဟိတ်ပေးပြီး မြစ်ကြီးနား ရှမ်းစု မြောက်ရပ်ကွက်တွင်ရှိ ဝန်းသို ကျောင်းတိုက်သို့ သွားရန်ရှိ၍ (၁၂)နာရီ ထိုးရန် (၁၀)မိနစ်လိုတော့သည်ဟု နာရီတစ်ချက်တစ်ချက် မကြည့်ဘဲ အလွတ် ပြောချပြီး ပြန်ကြရန် အိမ်ရှေ့ဝရန်တာ သို့ ထွက်လေသည်။

ဝရန်တာမှ နောက်ပြန်လှည့်၍ ကျွန်တော်ရှိရာသို့ ရုတ်တရက်ပင်...

'မှတ်ပလားကွ သိပ္ပံသမားတွေ သိအောင် တပ်အပ်ပြလိုက်တာ'

ဟု ပြောပြောဆိုဆို ပြန်ကြွသွားပါ တော့သည်။

ဤကဲ့သို့ "မှတ်ပလားကွ သိပ္ပံ သမားတွေကို သိအောင် တပ်အပ်ပြ လိုက်တာ" ဆိုသော စကားရပ်များ အပေါ် ကျွန်တော့်အနေဖြင့် များစွာ သဘောကျ နှစ်ထောင်းအားရ ရှိလှ တော့သည်။

တစ်သက်နှင့်တစ်ကိုယ် ဤသို့သော သိပ္ပံနယ်လွန် ဗိဇ္ဇာနည်းကျ ဂမ္ဘီရဖြစ် စဉ်များကို မကြုံစဘူး ကိုယ်တွေ့ ကြုံရ၍ များစွာ တသသ ဝမ်းမြောက် အားရလှပေသည်။

ဒီစကားရပ်များအပေါ် အခြေပြု၍ စဉ်းစားဆောင်ရွက်စရာတွေ ပေါ်လာ ပါတော့သည်။

ရုတ်တရက် အကြံရပြီး ဓာတ်ပုံဆိုင် တစ်ဆိုင်သို့ အပြေးအလွှားသွား၍ ကင်မရာကိုအပ်ပြီး ဖလင်ရိုက်ပြီးသား (၄)ကွက်ကို ချက်ချင်းဖြတ်၍ ဆေးခိုင်း လိုက်ပါသည်။

ဆေးပြီး၍ ကြည့်ရာ F.g မီးမပွင့်ဘဲ ရိုက်ထားသော ပုံ(၂)ပုံမှာ အဘကြီး၏ ခန္ဓာကိုယ်တစ်ခြမ်းပျောက်နေပြီးကိုယ် တစ်ခြမ်းသာ ပေါ်နေခြင်းဖြစ်သည်။ နာခေါင်းနေရာကို အလယ်ဗဟိုပြု၍ တစ်ခြမ်းပျောက် တစ်ခြမ်းပေါ်နေခြင်း ဖြစ်သည်။

ဒီနေရာမှာ တစ်ခု ဆန်းကြယ်နေ ပြန်သည်။ အလင်းရောင်၏ သဘော ကြောင့်ဖြစ်ရသည်ဟု စောဒကတက် ပါကလည်း အဘရှေ့ တစ်တောင်ခန့် အတွင်းရှိသော ပန်းကန်၊ ခွက်များမှ တစ်ခြမ်းပျောက် တစ်ခြမ်းပေါ်ခြင်း မဟုတ်။ လုံးဝဥသုံတစ်ခုလုံး ထင်ရှား စွာပေါ်နေသည်သာမက ပန်းကန်များ



www.burmeseclassic.com

www.burmeseclassic.com

တွင် ရေးထားသော ကြေးသေးပန်းခက်၊ အရုပ်ကလေးများပင် ပီပြင်စွာ ပေါ်နေသေးတော့သည်။

ပုံရိပ်ရှိနေသော ဖလင်ကော်ပြားကို အမြန်ဆုံး ခြောက်အောင်လုပ်စေပြီး ဖလင်ကွက်(၄)ကွက်ကို တစ်ကွက်စီ မဖြစ်စေဘဲ (၄)ကွက်စလုံး တစ်ဆက်တည်း ဓာတ်ပုံ(၁)ပုံတည်း ကူးခိုင်းလိုက်ပါသည်။

ဓာတ်ပုံကူးပြီးပြန်တော့ ဆန်းပြားမှုက ရပ်တန့်မသွားဘဲ လာပြန်ချေပြီ တစ်မျိုးလို့ ပြောရမလို ဖြစ်နေတော့သည်။ မူလဖလင်ကော်ပြားပေါ်တွင် ကိုယ်တစ်ခြမ်းသာပေါ်နေသော အဘ၏ခန္ဓာကိုယ်သည် လုံးဝဥဿုံ တစ်ကိုယ်လုံးအပြည့်ပြန်၍ အထင်အရှားပေါ်နေတော့သည်။

သို့သော် ကိုယ်လုံးပြည့်ပေါ်နေသော ဖလင်စက္ကူပေါ်မှ ပုံရိပ်သည် အဘကြူ၏ပုံနှင့်မတူဘဲ အဘနှင့် မျက်နှာပုံသဏ္ဌာန် အလွန်ခြားနားသော အသက်အရွယ်ကြီးသည့် သက်နုံးဝတ် ရဟန်းကြီးတစ်ဦး၏ အသွင်သဏ္ဌာန်မျိုးပေါ်နေသည်ကို တွေ့နေရခြင်းပင် ဖြစ်သည်။

FG မီးပွင့်၍ ရိုက်ထားသော(၂)ပုံမှာ အဘကြူ၏ ပုံသဏ္ဌာန်အတိုင်း ဖလင်ကော်ပြားမှာရော၊ ဖလင်စက္ကူမှာပါ ပုံရိပ်မပြောင်းဘဲ ပေါ်မြဲ ပေါ်နေသေးသည်။

ဒီနေရာမှာ ကွဲပြားခြားနားသွားသည်က အဘကြူ ခွင့်ပေးသည်လည်း မဟုတ်၊ ခွင့်မပေးသည်လည်း မဟုတ် မိမိအယူအဆဖြင့် ရိုက်ခဲ့သော ဓာတ်ပုံ(၂)ပုံသည် F.gမလင်းဘဲ ထိုကဲ့သို့ ထူးခြားနေသော်လည်း အဘခွင့်ပြုချက်ဖြင့် ရိုက်ယူခဲ့သော ဓာတ်ပုံ(၂)ကွက်မှာ ပုံမှန်အတိုင်းသာ။

အလောတကြီးဖြင့် ရိုက်ကွက်(၄)ကွက်ပါ ဖလင်ကော်ပြားနှင့် ယင်း(၄)ကွက်ကို ကူးထားသော ဓာတ်ပုံ(၁)ပုံကို မူလအနေအထားအတိုင်း ဝမ်းသာအားရ ပြချင်စောကြီးပြီး ဓာတ်ပုံရိုက်စဉ်ကရှိနေသော ကျွန်တော်၏ မိတ်ဆွေရင်း နာရီ–ဦးခင်မောင်မြင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးဆရာကြီး ဦးစံလှအောင်တို့ထံ အလောတကြီး သွားပြလိုက်ချင်၍ ပုံကြီးမချဲ့မိတော့ပါ။ ပုံကြီးမချဲ့မိ၊ မိတ္တူ မပွားထားမိသည်မှာ ကျွန်တော့်အတွက် တန်ဖိုးကြီးလှသော အမှားတစ်ခု ဖြစ်ပေတော့သည်။

ထိုသို့ဓာတ်ပုံများကို ပြတော့ ဆရာကြီးဦးစံလှအောင်က သူ၏ သဘောထားကို ထုတ်ပြောလာတော့သည်။

'ဓါက အစက တိုက်ဆိုင်မှု မျက်လှည့်သဘောမျိုးလားလို့ တွေးဝေနေတာ ခုလိုကင်မရာလို ဓာတ်ပုံဖလင်လိုဟာမျိုးမှ ကွဲပြားခြားနားထူးဆန်းတဲ့အဖြစ် တွေ့ရတော့မှ အမှန်တကယ် ထက်မြက်တဲ့ အစွမ်းရှိတယ်ဆိုတာ စိတ်ထဲ သံသယရှင်းရှင်းနဲ့ လက်ခံမိတော့တယ်'

ဟု ပြောလာခြင်း ဖြစ်ပါသည်။

မှန်ပါသည်။ ရဲတပ်ဖွဲ့တွင် ရဲအရာရှိကြီးအဖြစ် ဆောက်ရွက်နေသူတစ်ဦးအနေဖြင့် သက်ရှိသက်သေခံချက်များထက် သက်မဲ့သက်သေခံချက်(Mute-Evidence)ကို ပို၍ တန်ဖိုးထားပေမပေါ့။ သက်ရှိသက်သေများက စကားကျန်၊ စကားပိုတတ်၍ အတိအကျ မဖြစ်တတ်ပါ။

နောက်ရက်ပိုင်း တစ်နေ့ ကျွန်တော်တို့၏ မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက် အိမ်နီးချင်းဗိုလ်ကြီးရွှေ (အငြိမ်းစား)၏ နေအိမ်တွင် အဘတို့က မုန့်ဟင်းခါးဆွမ်းကပ်မည်ဟု သတင်းအနှံ့ရ၍ ကျွန်တော် သွား၍ စောင့်မျှော်နေမိပါတော့သည်။

အချိန်ကျတော့ အဘနှင့် ဦးပဋ္ဌင်း ဦးစိန်ဝင်းတို့ ကြွလာပြီး မုန့်ဟင်းခါးဆွမ်း ဘုဉ်းပေးကြပါသည်။ မုန့်ဟင်းခါးနဲ့ တွဲဖက်အစာမှာ မတ်ပဲကြော် ဖြစ်ပါသည်။

ဆွမ်းဘုဉ်းပေးပြီးနောက် အဘက မတ်ပဲကြော်ပန်းကန်ကို လက်နှင့်အုပ်ထားပြီး အိမ်ပေါ်ရှိလူများကို တစ်ယောက် တစ်ခုစီ အကြော်များကို ဝေပေးပါသည်။

အိမ်ပေါ်တွင်ရှိနေသူ အားလုံး အကြော်တစ်ခုစီ စားကြရပါသည်။

ဒီဖြစ်ရပ်ကို ကျန်လူများ ပရိသတ်များက သတိမပြုမိသော်လည်း အိမ်ရှင် ဦးရွှေက သတိပြုမိပြီး ချက်ချင်း အမေး ပေါ်လာပါတော့သည်။

'အရှင်ဘုရား... တပည့်တော်ကပ်ထားတဲ့ အကြော်တွေဟာ အခု အရှင်ဘုရား ဝေပေးလိုက်တဲ့ အရေအတွက်လောက် မရှိဘူး ဘာကြောင့် ဒီလိုများလာတာလဲ'

ဟု မေးလျှောက်တော့ အဘက "သိချင်သလား" ဟု ပြန်မေးရာ ဦးရွှေက သိချင်ကြောင်း ပြန်လျှောက်တော့ အဘက သူ့လည်ပင်းတွင် ဆွဲထားသည့် ရွှေပုတီးကြီးကို ပြ၍ "ဒါနဲ့လုပ်တာ" ဟု ပြန်ပြောလိုက်သည်ဟု ထင်ပါသည်။

'နောက် ပြန်ရန်အတွက် ဘယ်နှစ်နာရီထိုးရန် ဘယ်မိနစ်လိုတော့တယ်' ဟု အဘကြူက ပရိသတ်ကို ပြောပြီး ပြန်ကြွရန် ပြင်လိုက်သည်။ ဒီမှာတင် ဦးရွှေက ယင်း၏ လက်ပတ်နာရီကို ကြည့်လိုက်ပြီး...

'အရှင်ဘုရားဆီမှာ နာရီလဲ မပါဘူး တပည့်တော်အိမ်မှာလဲ စားပွဲတင် တိုင်ကပ် နာရီလဲ မရှိတဲ့နဲ့ ဘာကြောင့် ဒီလိုအချိန်ကို တိတိကျကျ ပြောနိုင်တာလဲ ဘုရား

www.burmeseclassic.com

ဟု ဒုတိယမ္ပိ လျှောက်ထားလိုက်ရာ အဘကလည်း ရွှေပုတီးကြီးကို ဒုတိယမ္ပိ ကိုင်ပြီး "စီနှာရီကိုကြည့်ထား" ဟု ပြန်ဖြေလေတော့သည်။

နောက် တစ်ရက်၊ နှစ်ရက်နေပြီး အဘကြီးသည် မြစ်ကြီးနားမှ မီးရထားဖြင့် စစ်ကိုင်းသို့ ပြန်ကြွသွားပါတော့သည်။

ဘူတာမှ ရထားထွက်လျှင်ထွက်ချင်း အဘသည် ငွေစက္ကူများကို ဘူတာလွန်သည်အထိ ရွှေမိုးငွေမိုး ကြဲချ၍ ဒါနပြုသွားလေတော့သည်။

ထိုစဉ်က ဖြစ်စဉ်အကြောင်းအရာများနှင့်ဆက်စပ်ပြီး အဘကြီးနှင့်ပတ်သက်ပြီး ထိတွေ့သိရှိ လေ့လာရသလောက် တင်ပြရလျှင် အဘကြီးအား အနီးကပ် ကူညီကြပ်မတ်ပေးနေသောပုဂ္ဂိုလ် တစ်နည်းအားဖြင့် ပဋ္ဌာန်းဆက် အလွန်နီးကပ်သည့်ပုဂ္ဂိုလ်မှာ အဘဘိုးမင်းခေါင်(ခေါ်) အဘကြီးဘိုးတော်အောင်မင်းခေါင် ဖြစ်သည်။

ဘိုးမင်းခေါင်မှာ အဘကြီး ကိုယ်ဝန်အဖြစ်ရှိစဉ်ကပင် ဆက်သွယ်မှုရှိပြီး အဘကြီးငယ်စဉ်ကပင် တွေ့ဆုံဖူးခဲ့ကြောင်း သိရှိရပါသည်။

အဘဘိုးမင်းခေါင်ကို အကြောင်းပြု၍ ကူညီနေသော အခြားပုဂ္ဂိုလ်များမှာ အဘဘိုးဘိုးအောင်နှင့် အဘ



ရာကျော် ဆရာတော်တို့ ဖြစ်ပေသည်။

ကျွန်တော်တို့အား အဘကြီး အထူးပြု ပုတီးစိပ်ရန်ပေးသော ပုတီးစိပ်မှာ "ခြောင်း နမော ဗုဒ္ဓါယ ဓသာဘဂါ ဤဟီဝီ အရုတ်" ဖြစ်ပါသည်။

ယင်းပုတီးစိပ်မှာ အဘကြီး ဘိုးမင်းခေါင်စိပ်လေ့ရှိသော ပုတီးစိပ်ဖြစ်သည်ဟု သိရပါသည်။ အဘကြီးက ကျွန်ုပ်တို့အား...

'ပျင်းရင်လဲ စိပ်၊ ပျော်ရင်လဲ စိပ်၊ ချမ်းသာရင်လဲ စိပ်၊ ဆင်းရဲရင်လဲ စိပ်၊ စိတ်ပါရင်လဲ စိပ်၊ စိတ်မပါရင်လဲ စိပ်'

ဆိုပြီး ပုတီးကို မပြတ်မနေ မှန်မှန် စိပ်သွားရန် သွန်သင်ခဲ့ဖူးပါသည်။

အဘကြီး မြစ်ကြီးနားတွင် (၁)ပတ် (၁၀)ရက်ခန့်ကာလအတွင်း အထူးသတိထားမိသော အချက်တစ်ချက်မှာ အပေးအကမ်း ရက်ရောမှုဖြစ်ပြီး တန်ပြန် အကျိုးသက်ရောက်မှုကိုလည်း တွေ့ရပါသည်။

လာရောက် တွေ့ဆုံကြသော ပရိသတ်များကို ထိုစဉ်က ရှားပါးပစ္စည်းဖြစ်ပြီး ယခုလောက် လူသုံးအများသေးသော ငါးသုံးလုံး(၅၅၅) စီးကရက်များကိုလည်းကောင်း၊ ထူးခြားအောင်ဆိုပြီး ဒူးယားစီးကရက်များကို လည်းကောင်း ဓာတ်ပေးသည့်သဘောဖြင့် ဝေငှပေးကမ်းလေ့ ရှိပါသည်။

စီးကရက်တစ်လိပ်ချင်း ပေးပြီးလျှင် မကြာ တစ်ဘူးလိုက် လှူသူပေါ်လာသည်။ ဘူးလိုက် ပေးစွန့်လိုက်လျှင် ကာတွန်းလိုက် လာလှူသည်တို့ကို တွေ့ရတတ်ပါသည်။

ထို့အတူ မျက်နှာသုတ်ပဝါအငယ်များကို ပေးစွန့်လိုက်လျှင် မျက်နှာသုတ်ပဝါကြီးများ လှူဒါန်းသူ မကြာမီရောက်လာလေ့ရှိသည်ကို မကြာခဏ တွေ့မြင်ရတတ်သည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ခင်မောင်မြင့် (အဘ)**

**စာရှုသူ သူတော်...ပညာရှင်များသို့...**

ယခုဆောင်းပါးမှာ ၂၀၀၀ ပြည့်နှစ်က ပေးပို့သောဆောင်းပါး ဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် ဖော်ပြခွင့် မကြုံခဲ့ပါ။ ယခု ဖော်ပြအပ်ပါသည်။ အဘကြီးကို သိမြင်သူ ပုဂ္ဂိုလ်များမှ ရေးသားမှတ်တမ်းတင်ကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း

စာတည်း

နှလုံးလှရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ကိုယ်တွေ့ကြုံခဲ့သော

# တောင်စောင့်ဘီလူးနှင့် မြွေနဂါး

ဝင်းဦးကြည်



အချိန်က ၁၉၈၇ ခုနှစ်၊ ကာလ သက်တမ်းအားဖြင့် လွန်ခဲ့သော (၂၈) နှစ်ခန့်က ကိုယ်တွေ့ကြုံခဲ့သည့် ဖြစ်ရပ်မှန်တစ်ခုပင် ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး၊ သာယာကုန်းကျေးရွာ၊ တောင်ဆုံးလုံးအဓိဋ္ဌာန်စခန်းတွင် ပုံမှန် အဓိဋ္ဌာန်ဝင်နေချိန် ဖြစ်သည်။ ဆောင်းဦးကာလမို့ ညနေချိန် နေလုံးကြီး ဝင်လုလု ဆည်းဆာ နေညိုသန်းလာသည်။ တဖြည်းဖြည်း အမှောင်ထု စိုးမိုးလာသည်နှင့်အမျှ အအေးဓာတ် ပိုကဲလာသည်။

ရန်အောင်မြင် ဘုရားကုန်းသို့ ရောက်ရာ ဘုရားရှိခိုး ပရိတ်ယူပြီး အဓိဋ္ဌာန်ပုတီးစိပ်ပါသည်။

ပုတီးပတ် မပြည့်မီ လေလုံးကြီးအော်သော အသံ၊ တောခြောက်အသံများ နားထဲတွင် ကြားနေရပါသည်။အဓိဋ္ဌာန် ပျက်မည်စိုး၍ နေရာမရွှေ့ဘဲ ပုတီးစိပ်လျက် ရှိပါသည်။

ထိုစဉ် အာရုံထဲတွင် ဘီလူးခေါင်းကြီး ဘုရားကုန်းပေါ်မေးတင်လျက် ရှိသည့်အနေအထားကို စိုးရိမ် ထိတ်လန့်စွာ မြင်တွေ့လိုက်ပါသည်။ ထိတ်လန့် တုန်လှုပ်သွားသော်လည်း အဓိဋ္ဌာန်မပျက်ဘဲ ပုတီးဆက်စိပ်နေပါသည်။ ဘီလူးဟု အသိစိတ်က ဆုံးဖြတ်မိသော်လည်း လူပုံကြီးနှင့် ပိုတူသလို ထင်မိပါသည်။

တောခြောက်သံ၊ လေလုံးကြီးများ အော်သံ ငြိမ်သက်သွားပြီး ပုတီးစိပ်ပြည့်၍ မျက်စိဖွင့်ကြည့်လိုက်သောအခါ တောင်ပေါ် ဦးခေါင်းတင်ထားသည့် ဘီလူးကြီးအား ကိုယ်တိုင်ကိုယ်ကျ သေသေချာချာ မြင်တွေ့လိုက်ရသည်။

ရှောက်ထဲခြေစုံရပ်၍ တောင်ကြီးအား ဗိုက်နင့်မှီပြီး တောင်ပေါ်ကို ခေါင်းတင်ထားသည်ကို တွေ့မြင်လိုက်ခြင်း ဖြစ်သည်။ ရန်မူမည့်အနေအထားမျိုးမဟုတ်၍ စိုးရိမ်ကြောက်လန့်ခြင်းကင်းကာ စိတ်ထဲမှာလည်း "အမျှလိုချင်လို့နဲ့ တူပါရဲ့"ဟု တွေးထင်မိလျက် မြပြုသမျှ ကုသိုလ်အားလုံး အမျှပေးဝေလိုက်ပါသည်။ မကြာမီ ဘီလူးကြီးမှာ မျက်စိအောက်မှ ပျောက်ကွယ်သွားပါသည်။

ထို့နောက် တည်းခိုရာဇရပ် အဆောင်သို့ ပြန်ရောက်ခဲ့ပါသည်။ အဘိုးသံကို တွေ့ပြီး အဖြစ်အပျက်အားလုံးကို ပြောပြလျက် မေးမြန်းလျှောက်ထားရာ အဘိုးသံက...

'ပဲယာတျှာ်တောင်စောင့်ဘီလူး အမျှလိုချင်လို့ လာတာ'

ဟု မိန့်ကြားခဲ့ပါသည်။ မှတ်မှတ်ရရ တောင်စောင့်ဘီလူးနှင့် တွေ့ခဲ့ရသော ညတစ်ညပင် ဖြစ်ပါသည်။

နောက်တစ်နေ့ နံနက်စာ စားပြီး အကျွတ်အလွတ်ကုန်းဘက်သို့ လမ်းလျှောက်ထွက်ခဲ့ရာ လမ်းခရီး ကုန်းအထက်တွင် တစ်ကိုယ်လုံး အမည်း



စာမျက်နှာ (၂၃၈) သို့
www.burmeseclassic.com

www.burmeseclassic.com



# ကျွဲရိုင်းကြီးနှင့် ကျွဲသင်းကျွန်း

ကိုစနေ

လွန်ခဲ့သော ၁၉၉၃ ခုနှစ်၊ စာရေးသူ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့ ခုံတပ်မွဲ့ဆေးခန်းတွင် တာဝန်ထမ်းဆောင်နေစဉ် ကာလက ဖြစ်ပါသည်။

ထိုနှစ်အတွင်း အစာအိမ်ရောဂါကြောင့် မကြာခဏ ဆေးခန်းသို့ သွားနေရသဖြင့် ချူချာသည့်နှစ်ဟု ဆိုရပါမည်။

တစ်နေ့...

ကြို့ကုန်းကျေးရွာသို့ တာဝန်ဖြင့်သွားရင်း မခံမရပ်နိုင်လောက်အောင် ဗိုက်အောင့်ရာ အသိမိတ်ဆွေများမှ နီးစပ်ရာဆေးခန်းသို့ နွားလှည်းဖြင့် ပို့ပေးကြပါသည်။

ဆေးခန်းတွင် မသက်သာ၍ မင်းလှမြို့သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသရလေတော့သည်။

ဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၏ ဂရုတစိုက် ကုသပေးမှုကြောင့် (၅)ရက်ခန့်အကြာတွင် အတော်အတန် ထူထူထောင်ထောင် ဖြစ်လာ၏။

သို့သော် ဆေးရုံဆင်းခွင့်ကား မရသေး။ ဆရာဝန်ကြီးမှ နောက်ထပ် တစ်ပတ်ခန့် ဆေးကုရင်း အနားယူဦးဟု ဆိုပါသည်။

ဝေဒနာခံစားနေရချိန်၌ ဆေးရုံတွင် နေရသည်မှာ အကြောင်းမဟုတ်သော်လည်း ရောဂါသက်သာချိန်တွင် အိမ်သို့သာ ပြန်ရန် ဆန္ဒပြင်းပြနေတတ်ကြောင်း ဆေးရုံတက်ဖူးသူတိုင်း သိကြပါလိမ့်မည်။

ထိုနည်းတူစွာ စာရေးသူသည် ရောဂါအခြေအနေ သက်သာနေသော်လည်း ဆင်းခွင့်မရသေး၍ အောင့်အည်းသည်းခံရင်း စောင့်စားနေရတော့သည်။

တစ်ခုသော ညနေပိုင်းတွင်

www.burmeseclassic.com



စာရေးသူအနီး လွှတ်နေသော ခုတင်သို့ လူနာအသစ် ရောက်လာ၏။ ကျွဲခတ်ခံရခြင်းဟု သိရသည်။ ဒဏ်ရာအတော်များသော်လည်း သေကွင်းသေကွက်မဟုတ်၍ တော်သေး၏။

အကျိုးအကြောင်းမေးမြန်းကြည့်ရာ မည်သည့်ရွာကလာသည့် ကျွဲဖြစ်သည်ကို မသိသကဲ့သို့ မည်သူပိုင်သော ကျွဲဟုလည်း မသိကြောင်း ဆိုပါသည်။

ထို့နောက် နှစ်ရက်ခန့်အကြာတွင် ကျွဲခတ်ခံရသော လူနာတစ်ဦး ထပ်မံရောက်ရှိလာပြန်ပါသည်။ နောက်ထပ်ရောက်လာသူ လူနာမှာ နောက်မှအခတ်ခံရခြင်းဖြစ်သဖြင့် ခါးရိုးအား ထိမိသွားကြောင်း သိရသည်။

ခတ်သည့် ကျွဲမှာ ဂုံညင်းတန်းရွာမွဲမှ သယ်ယူရန် ကားပေါ်သို့ အတင်တွင် ကုန်းပေါင်ပေါ်မှ ချော်ကျကာ လန့်ပြီး ထွက်ပြေးနေသည့် ကျွဲဖြစ်ကြောင်း သိရ၏။

ကျွဲသည် လန့်ပြီး ဦးတည်ရာမဲ့ပြေးလွှားရင်း ကြုံရာလူအား ခတ်သွားသဖြင့် ရေကျော်၊ နှမ်းကုန်း၊ ကျေးတပင်၊ ဆင်တဲကုန်းရွာများမှ လူအချို့ ဒဏ်ရာအသီးသီးရကြသည်ဟု သိရပြန်ပါသည်။

အဆိုပါ ကျွဲမှာ ယခုအခါ မင်းလှမြို့အနောက်ဘက်သို့ ဦးတည် ထွက်ခွာသွားသည်ဟု ဆိုပါသည်။

ထို့ပြင် ဘယ်ရွာမှာဖြင့် ကျွဲဝင်မွှေသွား၍ တစ်ရွာလုံး အိမ်ပြင် မထွက်ရဲကြကြောင်း၊ ဘယ်ရွာမှ ဘယ်သူ့အား ကျွဲလိုက်သဖြင့် အသက်လုထွက်ပြေးခဲ့ရကြောင်း စသည့် ကျွဲသောင်းကျန်းနေသည့် သတင်းအမျိုးမျိုးအား လူနာမေးလာသူများထံမှ တစ်ဆင့် ကြားနေရလေသည်။

ထိုရက် အတောအတွင်းမှာပင် စာရေးသူ ဆေးရုံဆင်းခွင့်ရပါသည်။ ဆရာဝန်ကြီးမှ ဆေးနားခွင့် တစ်ပတ်ပေးပြီး သောက်ဆေး အပြည့်အစုံပေးလိုက်သဖြင့် အိမ်မှာပင် နားနေရ၏။

အစာအိမ် ရောဂါဖြစ်၍ အစားအသောက်၊ အနေအထိုင် ဂရုပြု၍ အားမွေးနေရချိန် ဖြစ်ပါသည်။

ဆေးနားခွင့် (၄)ရက်မြောက်သည့်မနက်(၈)နာရီခန့်တွင် ခဲဘော်တစ်ဦး စာရေးသူထံ ရောက်ရှိလာကာ မြို့နယ်မှူးခေါ်နိုင်းသည်ဆို၍ လိုက်ပါသွားခဲ့ပါသည်။

မြို့နယ်မှူးထံ ရောက်ရှိချိန်တွင် စာရေးသူ၏ ကျန်းမာရေး အခြေအနေကိုပင် မေးမြန်းခြင်းမရှိဘဲ...

'သဲကောရွာက ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး ကျွဲခတ်ခံရလို့ အမှုလာဖွင့်တယ်။ ရွာတွေမှာ လှည့်ပတ်ခတ်နေတဲ့ ကျွဲအကြောင်း ပင်းလဲ ကြားမှာပေါ့။

အခု အဲဒီကျွဲ သဲကော အနောက်ကွင်းမှာ ရှိတယ်လို့ သတင်းရတယ်။ ပင်း သွားပစ်ပေး'

မြို့နယ်မှူးထံမှ ကြားလိုက်ရသည့် စကားကြောင့် စာရေးသူ အတော်လေး အံ့ဩသွားမိပါသည်။ ကျန်းမာရေးကြောင့် ဆရာဝန်၏ ခွင့်ပြုချက်ဖြင့် တရားဝင် ဆေးနားခွင့် ရထားသော တပ်ဖွဲ့ဝင်တစ်ဦးအား မည်သည့် အခြေအနေတွင်ဖြစ်စေ မည်သူကမျှ တာဝန်ပေးပိုင်ခွင့် မရှိပါ။

အကယ်၍ ခြွင်းချက်အနေဖြင့် တာဝန်ပေးခွင့်ရှိသည် ဆိုဦးတော့ လူသားချင်း စာနာသည့်စိတ်ဖြင့် ခိုင်းချက်လိမ့်မည် မဟုတ်ပါ။

သို့သော် ယခုအခါ ထိုသို့ မဟုတ်၍ အံ့ဩမိခြင်း ဖြစ်ပါသည်။

မြို့နယ်မှူးသည် လုပ်ပိုင်ခွင့် ကျော်လွန်နေပြီကို သတိမထားမိ၍လား၊ သို့တည်းမဟုတ် စာနာစိတ်မဲ့၍ပေလားမသိ။ ထို့ကြောင့်...

'ဗိုလ်ကြီး... ကျွန်တော် ဆေးနားခွင့် တစ်ပတ် မပြည့်သေးပါဘူး'

မြို့နယ်မှူးသည် စာရေးသူ၏ စကားကို လုံးဝ အမှုမထားသည့် အမူအရာဖြင့် စူးစူးရဲရဲ ကြည့်ကာ...

'အခြား တပ်ဖွဲ့ဝင်တွေက တာဝန်အသီးသီးနဲ့ မအားကြဘူး။ အခုတဲ့ တပ်ဖွဲ့ဝင်တွေကလဲ ပင်းလို သေနတ်ပစ်တတ်တဲ့လူ မရှိဘူး။ တိုတိုပဲ ပြောမယ် ပင်း သွားနိုင်မလား၊ မသွားနိုင်ဘူးလား အဲဒါပြော'

နိုင်ထက်စီးနင်းပြုမှုနိုင်း သိသာလွန်းသဖြင့် အတော်လေး ခံပြင်းမိပါသည်။ အဆိုပါ မြို့နယ်မှူးသည် တစ်စုံတစ်ဦး၏ ပယောဂကြောင့် စာရေးသူအား အမြင်ကြည်လင်ခြင်း မရှိကြောင်း ရိပ်စားမိသည်မှာ ကြာပြီဖြစ်၏။

မည်သည့် အကြောင်းမှန်း မသိသည့်ပြင် ရှင်းပြခွင့် မကြုံ၍ တစ်ဖက်သတ် အမြင်စောင်းခံနေရခြင်း ဖြစ်သည်။

စာရေးသူကဲ့သို့သော ဆေးရုံဆင်းစလည်းဖြစ်၊ အားလည်း မပြည့်သေးသည့် နာလန်ထစ လူနာတစ်ဦးသည် တောပစ်မည်မှု ကျွမ်းကျင်စေကာမူ သားကောင်အား ထိမှန်အောင် ချိန်ရွယ် ပစ်ခတ်နိုင်ရန် ခဲယဉ်းလှပါသည်။

ထိုသို့သော သဘော သဘာဝကို

www.burmeseclassic.com

မြို့နယ်မှူး သိပုံမရ။ ထို့ကြောင့်လည်း အနိုင်ကျင့် ဗိုလ်ကျပြီး အတင်း အဓမ္မ နိုင်းစေနေခြင်းဖြစ်၏။

အကယ်၍ ငြင်းဆန်ခဲ့သော် စာရေးသူ၏ အနာဂတ်ကာလများ သာယာမှုနှင့် ကင်းဝေးသွားရပေလိမ့်မည်။

ဆေးခွင့်ပြည့်သည်နှင့် တစ်ပြိုင်နက် အမျိုးမျိုး ပညာပြတော့မည်ကို သဘောပေါက်သဖြင့် မျက်စိမှိတ် ခေါင်းညိတ်ကာ လိုအပ်သည့်လက်နက် ခဲယမ်းများ ထုတ်ယူပြီး ရဲဘော်လူအောင်ကို ခေါ်ဆောင်၍ စက်ဘီးကိုယ်စီဖြင့် ထွက်ခဲ့ရလေသည်။



သဲကောရွာသည် မင်းလှ–မိုးညို သွား ကားလမ်းဘေးတွင်ဖြစ်၏။ ထိုစဉ်က ယခုလို လမ်းမကောင်းသဖြင့် စက်ဘီးအား အထူး သတိထား နင်းနေရ၏။ အနည်းငယ် တိမ်းစောင်းသွားရုံဖြင့် ချိုင့်ခွက်အတွင်းကျကာ လဲကျသွားနိုင်သည်။

စာရေးသူမှာ ကျန်းမာရေးကြောင့်လည်းကောင်း၊ စက်ဘီးအား ခက်ခက်ခဲခဲ နင်းနေရခြင်းကြောင့် လည်းကောင်း ပို၍ပင် မောဟိုက်နေလေတော့သည်။

သဲကောရွာသို့ ရောက်ရှိပြီး ကျေးရွာ ဥက္ကဋ္ဌဦးကျော်၊ ရပ်ကွက်စာရေး ကိုညွန့်မောင်တို့နှင့် တွေ့ဆုံ၍ ကျွဲရှိနိုင်မည့် နေရာအား စုံစမ်းရာ တောင်ပို့ကြီးရွာ အနီးတွင် ရှိသည်ဟု ကြားကြောင်း ကျွဲရှိသည့်နေရာအား လိုက်လံပြသမည်ဟု ဆိုပါသည်။

စာရေးသူ ထပ်မံ မောရပြန်ပါသည်။ အကြောင်းမှာ တောင်ပို့ကြီးရွာသည် သဲကောရွာ၏ အနောက်တောင်ဘက် (၃)မိုင်မျှ ကွာဝေးသည့်ပြင် လယ်ကန်သင်းလမ်းသာ ရှိသောကြောင့် ဖြစ်၏။

ရာသီမှာလည်း လယ်များ စိုက်ပျိုးစပါဆိုလဖြစ်၍ ရွှံ့တောဗွက်တောကို ရုန်းသွားရမည် ဖြစ်ပါသည်။

ထိုအချိန်တွင် ရွာသား(၃၀)ဦးခန့် ရောက်ရှိလာကာ ကျွဲပစ်သွားမည့် နေရာသို့ ယင်းတို့လည်း လိုက်မည်ဟု ဆိုပါသည်။ အန္တရာယ်ရှိ၍ မလိုက်ရန် မေတ္တာရပ်ခံသော်လည်း မရသဖြင့် သဘောအတိုင်း ပြုလိုက်ရ၏။

စာရေးသူသည် ယခင်အချိန်များက တောပစ်ဝါသနာကြီးသူ ဖြစ်သည့်အလျောက် ပဲခူးရိုးမတောအတွင်းသို့ အလျဉ်းသင့်တိုင်း သွားရောက်ပြီး သားကောင် ပစ်ခတ်လေ့ရှိ၏။

သို့သော် ယခုအခါ အဆိုပါ ကျွဲအား ပစ်ခတ်ရန် စိတ်မပါချေ။ အကြောင်းမှာ ကိုယ်ကိုတိုင် ကျန်းမာရေး မကောင်းချိန်ဖြစ်၍ အသက်ချင်း စာနာစိတ်ကြောင့် ဖြစ်ပါသည်။

သို့သော် ရွေးချယ်စရာလမ်း မရှိသဖြင့် မလွှဲမရှောင် ပစ်ခတ်ရပေတော့မည်။

စာရေးသူနှင့် ရဲဘော်လူအောင်တို့ ကျွဲရှိသည်ဆိုသော တောင်ပို့ရွာအနီး ရောက်ချိန်တွင် နောက်မှ လိုက်လာကြသည့် ရွာသားများမှ...

'ဟိုမှာ... ဟိုမှာ ကျွဲနှစ်ကောင်အလယ်က ကျွဲပေါ့'

ဟု ညွှန်ပြပြောဆိုပါသည်။ ကျွဲသောင်းကျန်းသည် စာရေးသူတို့အဖွဲ့အား တစ်ချက် လှမ်းကြည့်ပြီး လယ်ကွက်အတွင်းမှ မြက်များအား ဂရုမြေ မပျက် စားနေ၏။ အိမ်ကျွဲမနှစ်ကောင်အား မင်ပြီး စိတ်ကောင်းဝင်နေပုံ ရသည်။

စာရေးသူတို့အဖွဲ့သည် ကျွဲနှင့် မျက်နှာချင်းဆိုင် ကိုက်(၁၀၀)အကွာလောက်အထိ သွားရောက် နေရာယူလိုက်ပြီး တစ်ချက် အကဲခတ်ရပြန်သည်။

စာရေးသူတို့ မရောက်ခင်ကပင် ကျွဲနှင့် အတော်လှမ်းလှမ်းနေရာ၌ ကောက်စိုက်သမ (၁၀)ဦးခန့် ကောက်စိုက်နေသည်ဟု သိရသဖြင့် ကျွဲ စိတ်ကောင်းဝင်နေသည်ဟု ခန့်မှန်း ပါသည်။

သို့သော် အကြိမ်ကြိမ် လူသတ် ထားသဖြင့် လုံးလုံးလျားလျား စိတ်ချ၍ တော့ မဖြစ်နိုင်ပေ။

အနောက်မြောက်ဘက်သို့ ခေါင်း လှည့်၍ မြက်စားနေသည့် ကျွဲ မျက်နှာချင်းဆိုင်တည့်တည့်သို့ စာရေး သူ ရွှေ့ပြောင်း နေရာယူလိုက်ပြီး ပစ် ခတ်ရန် အသင့်ပြင်လိုက်ပါသည်။

ထိုအချိန်တွင် နောက်မှ လိုက် ကြသည့် ရွာသားများအနက်မှ ဝင်း(နှစ်များကြာပြီဖြစ်၍ နာမည် အတိအကျ မမှတ်မိတော့ပါ။) မှ...

'[illegible]သန်းဝင်း... သေနတ် [illegible] ပေးပါ'

ဆိုသဖြင့် စာရေးသူ နားမ[illegible] သလို ကြောင်ပြီး ကြည့်နေမိပါ[illegible]

'ကွင်းပိုင်ချော်မလို့ ဆရာလေး[illegible]'

ဟု ထပ်မံ တောင်းခံပြန်ပါ[illegible] စာရေးသူအနေဖြင့် အဆိုပါအလု[illegible] အား ယုံကြည်လှသူ မဟုတ်[illegible] လည်း ကာလံဒေသံဟု သ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကာ လှမ်းပေးလိုက်၏။

ကိုမြဝင်းမှ အသင့် ယူဆောင်လာသည့် အရက်ပုလင်း။ ကွမ်းယာတို့နှင့်အတူ သေနတ်ကိုပါ အပေါ်သို့ မြှောက်၍ တစ်စုံတစ်ရာ ပြောဆိုရွတ်ဖတ်နေသည်ကို တွေ့ရ၏။

အသံထွက်ပြီး ရွတ်ဆိုခြင်းမဟုတ်၍ ဘာပြောသည်ကိုတော့ အတိအကျ မကြားရပါ။ ကိုမြဝင်းသည် ထိုသို့(၁) မိနစ်ခန့် ပြောဆိုတင်မြှောက်ပြီး သေနတ်အား ပြန်ပေး၏။

ကွမ်းယာအား စွန့်ပစ်ခြင်း၊ တင်မြှောက်ထားသော အရက်ပုလင်းထဲမှ အရက်အနည်းငယ်အား မြေပေါ်သို့ လောင်းချခြင်းများ တွေ့ရ၏။ မည်သည့်အဓိပ္ပါယ်ဟု နားမလည်ပါ။

စာရေးသူသည် သေနတ်အား မောင်းတင်ပြီး လှမ်းကြည့်နေသည့် ကျွဲသောင်းကျန်း၏ ငယ်ထိပ်တည့်တည့် ကြာပြူခွက်ထဲသို့ ချိန်လိုက်၏။

ပစ်မှတ်တည့်တည့်အား ထိမှန်နိုင်ရေးအတွက် သေနတ်အား တည်ငြိမ်အောင် ထိန်းခြင်း၊ သေနတ်ပြောင်း လှုပ်ရှားမှု မရှိအောင် အသက်မရှူဘဲ အောင့်ထားခြင်းတို့ မပြုလုပ်မီမှာပင် ထူးခြားသော ခံစားမှုတစ်ခုကြောင့် များစွာ အံ့ဩမိလေသည်။

ထိုခံစားမှုမှာ အခြားမဟုတ် စာရေးသူ၏ စိတ်သည် ထူးထူးခြားခြား ကြည်လင်ပေါ့ပါးနေခြင်း...

ကျန်းမာရေးကြောင့် ပစ်မှတ်အား သေနတ်နှင့် ချိန်ရွယ်ရာတွင် သေနတ်ပြောင်း တည်ငြိမ်မှုမရှိဘဲ အထက်အောက်(သို့မဟုတ်) ဝဲယာ လှုပ်ယမ်းနေရမည့်အစား ယခင် တောပစ်ချိန်များကထက်ပင် ပိုမို တည်ငြိမ်နေသည်ကို တွေ့ရခြင်း...

လုံးဝမောပန်းမှုမရှိခြင်း။ အခက်အခဲမရှိ ပစ်မှတ်အား တိတိကျကျ ထိမှန်လိမ့်မည်ဟု ယုံကြည်နေခြင်းတို့ပင်ဖြစ်ပါသည်။

ထိုသို့ စိတ်ခံစားမှုများ ထူးခြားစွာ ဖြစ်ပေါ်နေခြင်းမှာ ကွင်းပိုင်အား တင်မြှောက်ခြင်း၏ အကျိုးဆက်ကြောင့်လောဟု ရုတ်တရက် အတွေးဝင်လာမိသော်လည်း ကွဲကွဲပြားပြား မသိခဲ့ပေ။

ဦးလေးယွန်းတို့လို၊ ရဲမှူး ဦးစောသောင်းကြီးတို့လို၊ ရဲမှူးဦးတင်ထွန်းတို့လို ဝါရင့် မုဆိုးကြီးများနှင့် တွေ့မှ မေးမြန်းကြည့်မည်ဟု ဆုံးဖြတ်ကာ စိတ်ကို ကျွဲဘက်သို့ လှည့်လိုက်ပြန်သည်။

စာရေးသူသည် (၃၀၃)ရိုင်ဖယ်အား ကျည်ထိုးပြီး ကျွဲ၏ ငယ်ထိပ်ရှိ ကြာဖြူခွက်ထဲသို့ အသင့် ချိန်ရွယ်ထားပြီးဖြစ်ရာ စိတ်ကို ငြိမ်အောင် စုစည်းလျက် ခေတ္တမျှ အသက်ကို အောင့်ပြီး ပထမမောင်းအား ဆွဲလိုက်၏။

ထို့နောက် ဒုတိယမောင်းအား ဆွဲလိုက်ချိန်တွင် "ဒိုင်း" ခနဲ သေနတ်သံနှင့်အတူ ကျွဲလည်း တွန့်ခနဲဖြစ်သွားသည်ဟု ထင်လိုက်မိသည်။

တစ်ဆက်တည်းဆိုသလို သိသိသာသာ ပြောင်းလဲမှုမရှိဘဲ မတ်တတ်ရပ်မြဲဖြစ်သော ကျွဲကို ကြည့်ကာ နောက်မှ လိုက်ပါလာသည့် ရွာသားများနှင့် ကောက်စိုက်သမများ၏ လှောင်ပြောင်ရယ်မောသံကို ရုတ်တရက် ကြားလိုက်ရ၏။

ယင်းတို့စိတ်အထင်တွင် ကျွဲအား သေနတ်ထိမှန်သည်ဆိုပါက ချက်ချင်းတုန်းခနဲ လဲကျသွားလိမ့်မည်။ လွဲချော်သွားသောကြောင့်သာ ယခု ဂူမြေမပျက် ဆက်လက် ရပ်နေနိုင်ခြင်းဖြစ်သည်ဟု ထင်သောကြောင့်ပင်။

ထိုသို့ လှောင်ပြောင်ရယ်မောသံများ မကြားတကြား ဖြစ်တင်ဝေဖန်သံများကြောင့် ရှက်စိတ်ဝင်ကာ စာရေးသူ နဖူးမှ ချွေးများ စီးကျလာတော့သည်။

သားကောင်အား မိမိ၏ ပစ်ချက် ထိမှန်ပါက စိတ်တွင် မည်သို့ ကြိုတင်ခံစားရသည်၊ ထိမှန်ခြင်းမရှိက မည်သို့ ခံစားရသည်ဆိုခြင်းကို လည်းကောင်း၊ သားကောင်အား ထိမှန်သည့် သေနတ်သံက မည်သို့၊ မမှန်သည့် အသံက မည်သို့ ဆိုသည်ကို လည်းကောင်း အတွေ့အကြုံအရ သိရှိပြီး ဖြစ်၏။

ထိုသို့သော စိတ်ခံစားမှု အခြင်းအရာများအား ပစ်ခတ်သူ မုဆိုးတစ်ဦးတည်းသာ သိရှိနိုင်ပြီး အခြားသူများ လုံးဝ မသိရှိနိုင်ပေ။

ယခုလည်း ပစ်မှတ်အား တည့်တည့် ထိမှန်သည်ဟု ခံစားယုံကြည်၏။ သို့သော်လည်း ကျွဲမှာ တစ်စုံတစ်ရာ ထူးခြားမှုမပြဘဲ စာရေးသူတို့ဘက်သို့ တွေတွေကြီး မလှုပ်မယှက် ကြည့်နေလေသည်။

ထို့အတူ စာရေးသူလည်း နောက်ထပ် ပစ်ခတ်ရန် မကြိုးစားဘဲ ခေတ္တမျှ အကဲခတ်ကြည့်နေမိ၏။

(၂)မိနစ်ခန့်အကြာ ကျွဲသည် လူ အုပ်ရှိရာသို့ လိုက်မည့်အကြံဖြင့် ဝဲဘက်လက်အား မြှောက်လိုက်ရ လည်ကုပ်အောက်တည့်တည့်ဝင် (အစာဝင်လမ်းကြောင်း)မှ သွေးများ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့နဲ့ ထွက်ကျပြီး တအိအိ လဲကျသွားလေတော့၏။

ကျွန်ုပ်အား စာရေးသူ သေနတ်နှင့် ချိန်ရွယ်စဉ်က ဦးခေါင်း အလယ်တည့်တည့်သို့ ဖြစ်သော်လည်း ပစ်ခတ်ချိန်တွင် ကျွန်ုပ်သည် ရုတ်တရက် ဦးခေါင်း မော့လိုက်သဖြင့် ကျည်မှာ အစာဝင်လွှမ်းကြောင်းမှတစ်ဆင့် ခန္ဓာကိုယ်အတွင်း ဝင်သွားခြင်းဖြစ်ဟန် ရှိပါသည်။

လှုပ်ရှားနေသော သားကောင်ကို ဖြစ်စေ၊ ငြိမ်သက်နေသော သားကောင်ကိုဖြစ်စေ ပစ်ခတ်ရာတွင် မုဆိုးတစ်ဦးသည် အသုံးပြုမည့် လက်နက်အား ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်နိုင်ခြင်း...

သက်လုံကောင်းခြင်း၊ အကြမ်းပတမ်းခံနိုင်ခြင်း၊ စိတ်တည်ငြိမ်စွာ ထားတတ်ခြင်း၊ ပစ်မှတ်အား တည့်မတ်စွာ ချိန်ရွယ် ပစ်ခတ်နိုင်ခြင်း...

သားကောင်၏ သဘောသဘာဝကို ကြိုတင်သိထားခြင်းနှင့် သွားရောက်ပစ်ခတ်မည့် အရပ်ဒေသ၏ ဓလေ့စရိုက်များအား သိရှိလိုက်နာခြင်း ဆိုသည့် အချက်များ မလွဲမသွေ လိုအပ်ပါသည်။

အမှန်အတိုင်း ဝန်ခံရလျှင် ထိုအချိန်က စာရေးသူသည် ကျွန်းမာရေး ပြည့်စုံသူမဟုတ်သဖြင့် သေနတ်ကိုပင် ကောင်းစွာ ကိုင်တွယ်နိုင်ခြင်း မရှိသည့်ပြင် ကွင်း၏အထာကို လုံးဝ မသိရှိခဲ့ပါ။

သို့သော်လည်း အထက်တွင် ဆိုခဲ့သည့်အတိုင်း အဖက်ဖက်မှ အသာစီးရရှိပြီး တစ်ချက်တည်းဖြင့် ကျွဲသောင်းကျန်းအား နှိမ်နင်းနိုင်ခဲ့သည့် အကြောင်း ဖိရင့်မုဆိုးကြီး ဦးလေးယွန်းအား အလျဉ်းသင့်၍ ပြောပြရာ...

'မင်းတင်တာ အမှန်ပဲကွ၊ နေရာတိုင်းမှာ ပိုင်ရာဆိုင်ရာ ပုဂ္ဂိုလ်တွေရှိကြတယ်။ တောတောင်ရေမြေ သစ်ပင်မှန်သမျှ၌ တောထဲတောင်ထဲ တောပစ်သွားမယ် သစ်ခုတ်မယ် အပါအဝင် အကြောင်းအမျိုးမျိုးနဲ့ သွားမယ်ဆိုရင် ကိုယ့်မှာ ပါလာတဲ့ စားဖွယ်သောက်ဖွယ်လေးနဲ့ တောပိုင်တောင်ပိုင်တွေကို တင်မြှောက်ပြီး အမှားအယွင်းရှိရင် ခွင့်လွှတ်ဖို့ အန္တရာယ်တွေရှင်လဲ ကာကွယ်ပေးဖို့ တိုင်တည်တတ်ကြတယ်။

ဒါကြောင့် တချို့ဆို အန္တရာယ်ကင်းတဲ့အပြင် လိုအပ်တဲ့ အကူအညီတောင် ရဖူးတဲ့သူတွေ ရှိတယ်။

ကွင်း(လယ်ကွင်းအပါအဝင်) မှာလဲ ဒီအတိုင်းပဲ ကွင်းပိုင်ဆိုတာရှိတယ်။ တို့က လယ်သမားသားသမီးနဲ့ ကွင်းအကြောင်း ယေဘုယျကတည်းက သိတယ်ကွ။"

လယ်ပိုင်ရှင်တွေဟာ ဝါဝင်ဝါထွက်မှာ ကိုယ့်လယ်ထဲသွားပြီး ထမင်း၊ ကြက်သား၊ အရက်၊ ကွမ်း စတာတွေနဲ့ နှစ်စဉ် ကွင်းပိုင်တင်လေ့ရှိတယ်။"

အဲဒီလိုတင်တဲ့အတွက် ကွင်းပိုင်ကြီးက ပိုးမွှား(မြွေ)သတ္တဝါ အပါအဝင် အန္တရာယ်အပေါင်းက ကာကွယ်ပေးတယ်။ စိုက်ပျိုးသီးနှံတွေ အောင်မြင်ဖြစ်ထွန်းအောင် ကူညီတယ်လို့ ဆိုကြတယ်။

အခု မင်းအဖြစ်ပဲ ကြည့်လေကွာ။ မင်းဘက်က သားကောင်ကို ရအောင် ပစ်နိုင်ဖို့ အခြေအနေမရှိပေမယ့် ကွင်းပိုင်ကြီးက ကူညီလို့ ရခဲ့တယ်မို့လား။

တကယ်တော့ အဲဒီသားကောင် (ကျွဲ)ကို မင်း ပစ်လို့ရတာ မဟုတ်ဘူး၊ ကွင်းပိုင်ကြီးအစွမ်းကြောင့် ကွင်းပိုင်ကြီးပေးလို့ ရတာလို့ ပြောရလိမ့်မယ်'

**ကိုစနေ**

## စာမျက်နှာ (၂၇၃)မှ အဆက်

ရောင်စုံရောင်ရောင်နှင့် ငွေရောင် ရောယှက်ထားပြီး ခေါင်းပေါ်တွင် ကြက်မောက်များကဲ့သို့ အနီရောင် အမောက်ပါသော မြွေတစ်ကောင်ကို တွေ့လိုက်ရ၍ ခြေလှမ်းများ တုံ့ရပ်သွားမိပါသည်။

ထိုမြွေနှင့် မနီးမဝေးတွင် ဖားလေးတစ်ကောင်ကိုလည်း တွေ့မြင်လိုက်ပါသည်။ ရပ်ကြည့်မိသည့် ခဏအတွင်း ဖားလေးသည် မြေပေါ်တွင် ပျံ့ခဲ့သကဲ့သို့ ရုတ်တရက် ခုန်လိုက်ရာ မြွေကလည်း လေထဲ တစ်ကိုယ်လုံး ပျံ၍ ကာ လေထဲမှာပင် ဖားလေးကို ငုံခဲလိုက်သည်။

ထို့နောက် မြွေလေးမှာ မြေပြင်ပေါ်သို့ တဖြည်းဖြည်း လှလှပပ ပြန်ကျလာပြီး ချုံထဲသို့ ဝင်ရောက်သွားသည်ကို မြင်တွေ့လိုက်ရသည်။ ဖားလေးအတွက် စိတ်မကောင်းဖြစ်မိပြီး စိတ်ထဲမှလည်း "ဪ...သစ္စာ အစွမ်းကို မမြင်ရလေ..."ဟု ညည်းညူမိပါသည်။ အတိုးသံကို မမြင်ဖူးသော နှစ်မျိုး မြွေတစ်မျိုးဖြစ်ကြောင်း သိရှိခဲ့ရ သည်။

မဲလဘုတ်တောင်စောင့် ဘီလူး ပုံရိပ်နှင့် မြွေနဂါးလေးတို့၏ ပုံရိပ်သဏ္ဌာန်တို့ကို ယနေ့တိုင် မမေ့နိုင် များစိတ်ထဲ၌ မြင်ယောင်နေမိပါသည်။ စိတ်ကူးယဉ် အိပ်မက်မဟုတ်တဲ့ ကျွန် ကိုယ်တိုင် တွေ့ကြုံခဲ့သော တောတောင် ဘီလူးနှင့် မြွေနဂါးတို့၏ ပုံရိပ်သဏ္ဌာန် မှာ မြင်တွေ့နေကျ ရုပ်တုပုံများ နှင့်ထပ်တူ ရှိ၍ အံ့သြမှုလည်း ဖြစ်မိပါသည်။

(ယခုတွေ့ ရှုမြင်ရ ဂိုဏ်းတွေ...) အညှ ဖြစ်ရပ်မှန်တစ်ခုဖြစ်ပါသည်။

**ဝင်းအောင်ကြိုင်း**



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တစ်ခါက ရှိထွားခဲ့သော သိဒ္ဓိဝင်

မောင်သန်းမြင့် (သဝါ)

# မဟူရာကြက်ကလေးတစ်ရုံး

စားဝတ်နေရေး ကျန်းမာရေး ပညာရေးနှင့် အသက်အန္တရာယ်တို့၏ ဘေးများကို လုံခြုံမှုပေးကာ အသက်ဘက်မှ တိုးတက်ကြီးပွား အောင်မြင်မှုများကို ပေးစွမ်းနိုင်သော အဆောင်ကောင်းများသည် တိရစ္ဆာန် များ သဘာဝ သစ်ပင်များ ဆန်းပြား ယ်ကျောက်များ အံ့မခန်းဖွယ် ပို ဆောင်များစသည့် ရုပ်ဝတ္ထုပစ္စည်း များ ဆောင်ထားရှိမှုဖြင့် တိုးတက် ကြီးပွား အောင်မြင်မှုများကို ဖြစ်ပေါ်စေ ခဲ့သည်မှာ ယုံမှားဖွယ်မရှိခဲ့ပါ။

၁၉၅၁ ခုနှစ် ချင်းတွင်းမြစ်ကြောင်း သို့ တစ်ခေါက်တိုးစစ် စစ်ကြောင်း တက်ခဲ့စဉ် ဗိုလ်မှူးဦးသောင်းကြည် ကြီးမှူး၍ တပ်ရင်း(၂၀) စခန်းချခဲ့သော ပေါင်းမြင့်မြို့နယ်၊ သဝါရွာမှ ဗိုလ်မှူး ဦးသောင်းကြည်၏ ကိုယ်ရံတော် လားဟုတိုင်းရင်းသား ခဲ့ဘော်ကြီး ဦးကျုဟဲ၏ ပြောပြချက်ကို ဖော်ပြပါ မည်။

ပြောပြချက်အရ ဆိုရပါလျှင် နယ် မြေလုံခြုံရေး အပြည့်ရယူထားပြီး အေးချမ်းနေသော သဝါရွာမှ တာဝန်ခံ စစ်ကြောင်းမှူးကြီးသည် ဗိုလ်မှူးကြီး ဦးသောင်းကြည်အား ရပ်ရွာလူကြီး ဦးအောင်ညွန့်+ဒေါ်လှမြင့်တို့ အိမ်တွင်း

www.burmeseclassic.com

မှာပင် အရာရှိအရာခံ အကြွင်းစစ်သည်များ အစောင့်အကျပ်ထားပြီး မိမိမှာ ကျေးရွာလူထုနှင့် တစ်သားတည်းဖြစ်စေရန် ဦးပေါ်မြအိမ်မှာပင် တစ်အိုးတည်း နှိုက်၊ တစ်ခွက်တည်း စားကာ မိသားစုပမာ နေထိုင်ခဲ့သည်။

ထို့ပြင် နိုင်ငံတော်နှင့် နယ်မြေဒေသ၏ဘေးအန္တရာယ်ကင်းရှင်းရေးကို ရှေ့ရှုနေပြီး ဒေသအတွင်း သေနက်ဗျူဟာနည်းအရ ကင်းတို့၊ ကင်းရှည်ချကာ မကြာမကြာ ကင်းလှည့်ခြင်း၊ ထောက်လှမ်းခြင်းများ ပြုလုပ်ပြီးနေပါသည်။

ထိုစဉ် မည်ကဲ့သို့ အကြံဖြစ်ပေါ်ခဲ့သည်မသိ (တည်ကြက်) တိန်ညင်တစ်ကောင်နှင့် ကြက်တည်ရာတွင် ထောင်ထား၊ ရထားရသော ညွှတ်ကွင်းများ အပြည့်အစုံလိုချင်သည်ဟု တောင်းဆိုသဖြင့် မိတ်ဆွေကြီး(ကိုပွဲ) ဦးမွဲမှ ရှာဖွေပေးရလေသည်။

တပ်ခွဲမှူးရုံးဆိုက်ရာ ကချင်တိုင်းရင်းသားဗိုလ်ကျော်လှမှ နယ်မြေလုံခြုံရေးအခြေအနေတင်ပြမှုကို မိုင်းရှောင်းတပ်စုမှူးမှ တင်ပြသဖြင့် အေးငြိမ်းနေသော ကာလ၊ဒေသ၊ နေ့ရက်များတွင် စစ်ကြောင်းမှူးကြီးနှင့် မိတ်ဆွေကြီးကိုပွဲတို့ နှစ်ယောက်မှာ (တည်ကြက်)တစ်ကောင်ဖြင့် ရွာအရှေ့ဘက် လျှိုအတွင်း မိုးမလင်းမီ တောကြက် စင်မဆင်းခင်ကပင် ရောက်နှင့်နေရာယူပြီး ဖြစ်နေကြသည်။

တစ်နေ့ တည်ကြက်ကို အလယ်မှာထားပြီး ကိုယ်ရံညွှတ်များ၊ ကင်းများထောင်ထားပြီး၍ ပုန်းကွယ် နေရာယူအပြီး တည်ထားသော ကြက်ဖကြီးသည် အတောင် တဖြန်းဖြန်း ရိုက်ကာ သံကြီးမဲကြီး မာန်ဟုန်သည်းစွာ ခွပ်နေလေသည်။

တောကြက်လည်း စင်မဆင်းသေး



တွန်ကျူးသံလည်း မပေးသဖြင့် နှစ်ယောက်သား အံ့အားသင့်နေခဲ့ကြသည်။

မိမိတို့ ကြက်ဖကြီးကလည်း မနားတမ်း ခွပ်နေသံလို တဖန်ဖန် နောက်သို့ပင် လန့်လန့်နေခဲ့သော ကြက်ဖကြီးသော်ငြားး မည်သည့်ကြက်၊ ငှက်တစ်ကောင်မှ မရှိ။

'စစ်ကြောင်းမှူးကြီး... ကျွန်တော်တို့ တောခြောက်ခံနေရတယ် ထင်တယ်။ ဒါမှ မဟုတ် ရွာသူများ လိုက်လာသလား'

'ကိုပွဲကလဲဗျာ... လာခဲ့တာမှ ကျွန်တော်တို့နှစ်ယောက်ပဲ ဘယ်က ရွာသူအမျိုးသမီး လိုက်လာရမှာလဲ'

'မဟုတ်ဘူး ခင်ဗျ ရွာသူ ဆိုတာ ကျွန်တော်တို့ ဒေသအခေါ် ရုန်းလို့ ပြောတာဗျ'

'ကျွန်တော် ဒါတွေမယုံဘူး အယုံအကြည်မရှိဘူး'

'ဒါဆို ဘယ်လိုလုပ်မလဲ'

'စောင့်ကြည့်ကြတာပေါ့'

နှစ်ယောက်သား ငြင်းခုံနေစဉ် မိုးစင်စင်လင်း၍ မြင်ကွင်းကား ထင်လင်းခဲ့လေပြီ။

တဖြန်းဖြန်း အတောင်ရိုက်ကာ ခုန်၍ ခုန်၍ ခွပ်နေခဲ့သော ကြက်ဖကြီးသည် ဘယ်ဘက်ခြေတွင် ချည်နှောင်ထားသော ကြိုး ပြတ်နေပြီး တစ်ချိန်လုံး ခွပ်နေခဲ့သောနေရာတွင် နုတ်သီးဖြင့် မြေတွင်လိုက်၊ ခြေဖြင့် ယက်လိုက်နှင့် အလုပ်ရှုပ်နေစဉ် ပုန်းကွယ်ရာမှ နှစ်ဦးသား အပြေးသွားရောက် ကောက်ယူလိုက်သည်။ ဤတွင်...

'ကိုပွဲရေ... ရွှေပြီဗျို့'

တဲ့။

စစ်ကြောင်းမှူး ကောက်ယူ ရရှိသွားခဲ့သော အခေါင်ကောင်းကား ရှူးစီးပွားရေး အဘက်ဘက်မှ တိုးတက်ကြီးပွား၍ အောင်မြင်ခြင်းနှင့်တကွ အသက်အန္တရာယ်ကိုပင် တားဆီးကာကွယ်ပေးခဲ့သည်ကား ဖုံ့စိန်အပြောက်ကြားမှ မထိမပေါက် မျှမရှေ့ အောင်ပွဲကိုပင် ရရှိခဲ့ပေပြီ။

ရာထူးရာထူးသိန် ငည်းစိမ်ဥစ္စာများကိုပင် ခံစားနိုင်ပေးစွမ်းနိုင်ခဲ့သော **ကျောက်မဟူရာ အခေါင်ထေ**အား ရှာပေးခဲ့သော တည်ကြက်ဖလေးကား အဘယ်သို့ ရောက်သွားပြီလဲ...

ကြက်ဖအား လိုချင်သူအား အတောင့်တမဲ့ ရှာဖွေဝယ်ပေးခဲ့သော ကိုပွဲကတော့ ကွယ်လွန်ပြီ။

လားဟူတိုင်းရင်းသား ရဲဘော်ကျော (က.ပ.၁၁၇၀၁၉)ကတော့ ပင်စင်ခံစားခွင့်ရပြီး ဤအဖြစ်အပျက်တွေပြော အသက်(၈၅)နှစ်မှာ ကွယ်လွန်သွား လေပြီ။

၁၉၅၈ ခုနှစ် တပ်မတော် စစ်ကြောင်း တပ်ရင်း(၂၀) အခြေချ ရပ်နားခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မောင်းပြင်မြို့နယ်၊ သဝါဆိုး ရွာ...ရွာအရှေ့က မဟူတောင်။ တည်ကြက်ခံ ယက်ထားတဲ့ အရပ်၊ မဟူကျောက် ကောက်ယူသွားတဲ့နေ အမှတ်ရစရာတွေ ရှိခဲ့သည်ကား...

**မှတ်ချက်။ ။** ဤအကြောင်း အား ရဲဘော်မောင်ကြီး ဦးကျ ပြောပြပါသည်။

**မောင်အုန်းမြင့်(ဘေး)**



www.burmeseclassic.com

www.burmeseclassic.com



ရွှန်း ကြကြတေး

# [illegible]

ထိုက်ထရုးတော်

၁၉၈၈ ခုနှစ် အစပိုင်းလောက်မှာပဲ ကျွန်မတို့မိသားစုမှာ ပင်လယ်ဘူးမြို့မှ ဘုတလင်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါတော့တယ်။ မေမေနဲ့ ကလေးတွေကိုတော့ မုံရွာမြို့ကို ပြန်ပို့ခဲ့ရပါတယ်။ ကျွန်မကတော့ ကလေးတို့အဖေနဲ့ပဲ သွားရောက်မှာ ဖြစ်ပါတယ်။

ပစ္စည်းများ သိမ်းဆည်းပြီး နံနက်စောစော ကားနဲ့ ကောလင်းမြို့သို့ ရထားစီးရန် ဆင်းလာရာ အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းခုလတ်တောင်အတက် တစ်နေရာမှာ တောင်ပြိုပြီး လမ်းပိတ်ဆို့မှုကြောင့် ကားတွေ ပင်လယ်ဘူးမြို့သို့ ပြန်လှည့်လာရပြီး တစ်ညအိပ်ရပါတော့တယ်။

ခရီးလမ်း နှောင့်နှေးမှု အဆင်မပြေမှုကြောင့် စိတ်ပျက်ရပါတော့တယ်။ နောက်တစ်နေ့ နံနက်စောစောထပြီး ကားဖြင့် ထွက်ခဲ့ရာ ကောလင်းမြို့သို့ ချောချောမောမော ရောက်ပါတော့တယ်။

ရထားကတော့ မြစ်ကြီးနားမှ လာတဲ့ရထားကို စီးရမှာဖို့ သူငယ်ချင်းရဲ့အုပ်ဦးအောင်မြေရဲ့ အိမ်မှာပဲ ခေတ္တနားကြပြီး ရထားချိန်နီးမှ ဘူတာသို့ ဆင်းကာ ရထားဖြင့် ခရီးဆက်ခဲ့ရာ နံနက်ရောက်တော့ မန္တလေးဘူတာကို ရောက်ပါတော့တယ်။

မုံရွာကားဂိတ်ကို ဆင်းပြီး ကားစီးလာရာ မုံရွာကိုရောက်တော့ မုံရွာမှ တစ်ဆင့် ရေဦးကားပြောင်းစီးပြီးမှ ဘုတလင်မြို့ကို ရောက်ခဲ့ပါတယ်။

မသွားတတ် မလာတတ်နဲ့မို့ အဆင့်ဆင့်ပြောင်းစီး ကားစီးရတဲ့ဒုက္ခမှ လွတ်ကင်းရပါပြီ။ ဘုတလင်ရောက်တော့ နေစရာ အိမ်အဆင်သင့်ပါပဲ။ ရုံးဘော်တွေနဲ့ တက်ညီလက်ညီ အိမ်ဆေး သန့်ရှင်းရေးလုပ်ကြလို့ အဆင်ပြေသွားပါတော့တယ်။

လျှပ်စစ်မီးက (၂၄)နာရီ ရရှိပါတယ်။ ကြေးစင်တောင်စီမံကိန်းက လျှပ်စစ်ဓာတ်အားကြောင့် လျှပ်စစ်မီးတော့ ရှယ်ရပါတယ်။ လျှပ်စစ်ထမင်းပေါင်းအိုးနဲ့ နှစ်ယောက်စာ ထမင်းချက်ပြီး





www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ဘူးမှ ချက်ပြုတ်လာတဲ့ကြက်ကြော်၊ ခရမ်းချဉ်သီးချက်နဲ့ပဲ စားလိုက်ပါတယ်။

ကျွန်မတို့နေတဲ့ အိမ်ရဲ့ခေါင်းရင်းမှာ မြို့နယ်မှူး ဦးမောင်မောင်ရဲ့အိမ်၊ ခြေရင်းမှာတော့ အပြာခံ ဒု-ရဲအုပ်အိမ်၊ သွန်းဘေးမှာတော့ အလုပ်သင် ဒု-ရဲအုပ် အိမ်တစ်လုံး ရှိပါတယ်။ ရဲစခန်းမှဲ့စည်းပုံက လေးထောင့်အနေအထားဖြစ်ပြီး လေးဖက်လေးတန်ကတော့ အရာရှိအိမ်တန်းနဲ့ အခြားအဆောင့်ကိုတော့ ဝင်းရဲ့ပတ်လည်မှာ တည်ဆောက်ထားပါတယ်။

ရဲစခန်းကိုတော့ မြောက်ဘက်ကျကျမှာ တည်ဆောက်ထားပြီး စခန်းအဝင်လမ်းကတော့ လမ်းသေးသေးလေးပါ။ ယင်းလမ်းနံဘေးမှာတော့ စေတီတစ်ဆူနဲ့ အာရုံခံတန်ဆောင်းတစ်ခုရှိပါတယ်။ မြို့နယ်မှူးမိသားစုကတော့ ဘုရားတရား တော်တော်ကိုင်းရှိုင်းကြပါတယ်။

နေ့တိုင်း မိသားစုအားလုံး ဘုရားစင်ရှေ့ထိုင်ပြီး ဘုရားဝတ်တက်တာ တွေ့ရတော့ ကျွန်မ တအားကို ဝမ်းသာမိပါတယ်။ ကျွန်မတို့ကိုလဲ လိုအပ်တာအားလုံး ကူညီပေးကြပါတယ်။

သူတို့ကတော့ မြင်းခြံမြို့နယ်၊ နွားထိုးကြီးဇာတိဆိုတော့ အပူမကြောက်တဲ့ နေသားကျတာပေါ့ရှင်။ ကျွန်မတို့မှာတော့ ပေါင်းအိုးထဲထည့်ထားသလို ဖျော့ဖျော့လူးနေရတာပေါ့။ ဆောင်းရောက်ရင်လဲပဲ အေးတာ ကမ်းကုန်ပါ၊ ဂွန်နီအိတ်တွေ ခင်းထိုင်ကြရတယ်။ နွေရောက်တော့ အိမ်ကြမ်းပြင်ပေါ်ရေချိုးပြီး ရေစိုစိုမှာ သင်ဖြူးခင်းနေရအိပ်ရတယ်။

ကျွန်မ ညတိုင်း၊နံနက်တိုင်း ဘုရားဝတ်ပြုရင် ပရိတ်တွေ ရွတ်လေ့ရှိတော့ တစ်နေ့မှာ မြို့နယ်မှူးလင်မယား အိမ်ကိုလာပြီး စကားစမြည်ပြောရင်း ရေနွေးကြမ်း မြေပဲကြော်၊ ထန်းလျက်ခဲရှိတာလေး ထုတ်ကျွေးရင်းနဲ့ပဲ ဧည့်ခံခဲ့ရပါတယ်။



ကျွန်မတို့အိမ်ရှေ့မှာတော့ တမာပင်ကြီးရှိလို့ အရိပ် အရမ်းကောင်းပါတယ်။ ညဘက်ဆို ဘုရားဝတ်ပြုပြီးရင် တမာပင်ကြီးအောက်မှာ ထန်းလက်ဆက်ခွတ်တွေချပြီး ရေနွေးကြမ်းသောက်ရင်း ညတိုင်းလို စကားပြောဖြစ်ကြပါတယ်။ ကိုမောင်မောင်က ကျွန်မကို...

'ဆရာကတော်... ပရိတ်ရွတ်တာ အသံထွက် အရမ်းပီသပြီး အမြွက်အကောက်က အစ မှန်ကန်လွန်းလို့ ကျွန်တော်ရော မသွင်ကပါ အားကျမိပါတယ်။ ဆရာကတော် ဘယ်ဆရာတော်နဲ့ သင်ယူခဲ့တာလဲ'

လို့ မေးပါတယ်။ ကျွန်မကလဲ ရယ်မောပြီး...

'မဟုတ်တာကိုမောင်ရယ်... ကျွန်မ ဆရာတော်တွေနဲ့ မသင်ခဲ့ရပါဘူးရှင်၊ ဒီအကြောင်းကို ကျွန်မနည်းနည်းပြောပြပါ့မယ်'

ကျွန်မ ငယ်ငယ်က ကျွန်မတို့မြို့မှာ ရှင်အရပ်ကျောင်းနဲ့ A.V.Mကျောင်း ရယ် ရှိပါတယ်။ ရှင်အရပ် အထက်တန်းကျောင်းကတော့ (၁၀)တန်းထိရှိပြီး A.V.Mကျောင်းကတော့ (၇)တန်းထိပဲရှိပါတယ်။ သူငယ်တန်းကတည်းက အင်္ဂလိပ်စာသင်တဲ့ အမေရိကန်က သာသနာပြုကျောင်း ဖြစ်ပါတယ်။

ဖေဖေက ကျွန်မ(၃)နှစ်သမီးကတည်းက ဆုံးသွားတော့ မေမေငယ် စဉ်ကနေခဲ့တဲ့ ဒီသာသနာပြုကျောင်းမှာပဲ ထားခဲ့တော့ စိတ်က ခရစ်ယာန်တစ်ပိုင်းပေ့ါ။ ကလေးဆိုတော့ ဘာသိမလဲ၊ သင်းအုပ်ဆရာကလဲ စာသင်တဲ့ဆရာဖြစ်နေတော့ ကလေးတွေ စိတ်ဝင်စားအောင် မုန့်တွေ၊ သကြားလုံးတွေပေးပြီး ဘုရားသီချင်းတွေ သင်ပေးတာပေ့ါ။

ဒါနဲ့ ကျွန်မတို့မေမေရယ်၊ မုံရွာမြို့မှ ဆရာဝန်ကြီး ဒေါက်တာဦးရွှေမြရဲ့ဇနီး ဒေါ်ရွှေသင်(တေးသံရှင် ဗိုလ်ကြီး တင်အောင်သန်း၏ မိဘများ)နဲ့ ကျွန်မတို့ကျောင်းမှ (၄)တန်းကို သင်ပြသော ဆရာမဒေါ်အုံးကြည်စသည့် လူကြီးတွေ တိုင်ပင်ပြီး အရပ်ထဲက ကလေးတွေကို ကျောင်းဆင်းပြီး ညနေ(၅)နာရီလောက်ရောက်အောင် ခေါ်ပြီး တစ်ယောက်ကို ဟိုတုန်းက ပိုက်ဆံ(၂)ပြားနဲ့ သကြားလုံး(၅)လုံး နေ့စဉ်ဝေပေးပြီး ကလေးတွေကို ဘုရားရှိခိုးနဲ့ ပရိတ်အစုံကို တစ်ကြောင်းချင်း နှုတ်တိုက်သင်ရပါတယ်။

(၇)နှစ်၊ (၈)နှစ်ကလေးတွေဟာ ပရိတ်စာကို ဘယ်မှာ ဖတ်တတ်မှာလဲ။ အဲဒီလို မေမေကြီးက သင်ပေးပြီး ဖေဖေကြီးကတော့ ပိုက်ဆံ၊ သကြားလုံးတွေနဲ့ စည်းရုံးသင်ကြားပေးလို့ ကျွန်မ ဒီလို ရွတ်နိုင်တာပါလို့ ပြောပြပါတယ်။

နောက်တစ်ပတ် ကြာတော့ ကိုမောင်မောင်က ကျွန်မကို မေးပါတယ်။

www.burmeseclassic.com

'ဆရာကတော်...ကျွန်တော်တို့တပ်ဖွဲ့က ရဲမေတွေကို ဖတ်ရှုတ်အသင်မှုပြီး ဆရာကတော်နဲ့ ကျွန်တော့်အမျိုးသမီး ဒီအသင်းကို ဦးဆောင်ပြီး ပရိတ်အရေးတွေကို သင်ကြားပေးပါလားခင်ဗျာ။

'အသင်းသားအားလုံး၊ တပ်သွားကြရင် အားလုံးအတွက် ကုသိုလ်လဲရ၊ ဘေး အန္တရာယ်လဲ ကင်းတာပေါ့ဗျာ'

လို့ တောင်းဆိုလာတော့ ကျွန်မလဲ ဝမ်းသာအားရ လက်ခံလိုက်ပါတယ်။

နောက်တစ်နေ့မှစ၍ ဝတ်ရွတ်စဉ် စာအုပ်တွေနဲ့ ယောဂီဝတ်စုံတွေကို မှာပြီးမှ ဝယ်ယူပြီး အသင်းသူအားလုံးကို လှူဒါန်းလိုက်ပါတယ်။ နေ့တိုင်း လိုလိုပဲ ကျွန်မအိမ်မှာ လူစုပြီး ငယ်ငယ်က သင်ခဲ့ရသလိုမျိုး၊ တစ်ပုဒ်ချင်းစီ နှုတ်တိုက်သင်ပေးခဲ့ပါတယ်။

စာအုပ်ထဲမှာမပါတဲ့ အခြားသုတ်ကြီးများကိုတော့ ကျွန်မစာအုပ်ထဲမှ ကူးယူရိုက်နှိပ်ကာ ဝေငှပြီး သင်ပေးခဲ့ပါတယ်။ (၄)လလောက် နေ့စဉ် သင်ကြားပေးလိုက်တော့ အဖွဲ့သားအားလုံး အသံထွက် ပီသမှန်ကန်စွာ စာကြည့် ရွတ်ဆိုနိုင်ပါတော့တယ်၊

အားလုံး အဆင်ချောပြီးဆိုတော့မှ စခန်းဘေးနားမှာရှိတဲ့ ဘုရားမှာ လပြည့်၊ လကွယ်(ဂ)ရက် အပတ်တိုင်း အသံချိုစက်ဖြင့် ရွတ်ဆိုပူဇော်ကန်တော့ကြတာကို မြို့ခံလူတွေက အကျေးအမွှေး စုံလင်စွာဖြင့် ပါဝင်လှူဒါန်းလာကြပါတယ်။

ကျွန်မတို့နေတဲ့ ရဲစခန်းမှာ ရေတွင်းမရှိပါ။ ရေတွင်းတူးရင်လဲ ရေနံရေနဲ့ သဲဆပ်ပြာမြေမို့ ရေမကောင်းပါ။ ရဲဝင်း အနီးမှာ အဝီစိတွင်းရှိသော အိမ်မှ ရေကို ဝယ်သုံးရပါတယ်။ ရေကလဲ ခေးကပ်ကပ်နဲ့ ဆပ်ပြာတိုက်ရင်လဲ အမြှုပ်မထွက်ပါ။ ဝင်းတစ်ခုလုံးမှာ



တော့ တမာပင်ကြီးများကြောင့် အေးမြလှပါတယ်။

ကျွန်မတို့စခန်းက တပည့်လေးတစ်ယောက်ရောက်လာပြီး "အန်တီ ဗိုလ်ကြီးရှိပါသလား" လို့ကျွန်မကို လာမေးပါတယ်။ "အေးရှိတယ်၊ ရေချိုးနေလို့ ထိုင်ပါဦးကလေးရယ်" လို့ ပြောပြီး ကျွန်မကတော့ ဟင်းချက်နေရင်းနဲ့ ဆက်ချက်နေလိုက်ပါတယ်။

အမျိုးသားလဲ ရေချိုးပြီးမို့ ညှပ်ခန်း ထဲဝင်လာပြီး...

'ဟေ့...ဝင်းထွန်း ဘာကိစ္စလဲပြော'

လို့ မေးလိုက်တော့ မောင်ဝင်းထွန်းက...

'ဗိုလ်ကြီး ကျွန်တော် ခွင့်ယူချင်လို့ပါ ခင်ဗျ ကျွန်တော် တစ်ခါမှ ခွင့်မယူရသေးပါဘူးခင်ဗျာ။ အခု ကျွန်တော် ခွင့်(၁)လလောက် ယူချင်ပါတယ် ဗိုလ်ကြီး။ ကျွန်တော့်မိဘရပ်ရွာနေရာကို ပြန်ပြီး ကျွန်တော့်ချစ်သူနဲ့ လက်ထပ်ဖို့ပါ ဗိုလ်ကြီး'

'မင်းတို့ ဘယ်အရပ်ကလဲ'

'ဟုတ်ကဲ့ ကျွန်တော်တို့က ဂန့်ဂေါ မြို့ပေါ်ကပါ။ အမျိုးသမီးနဲ့ တစ်မြို့တည်းသားတွေပါပဲ။ ကျွန်တော် ခွင့်စေ့တာနဲ့ ချက်ချင်းပြန်လာပါမယ် ခင်ဗျာ'

လို့ ပြောပါတယ်။ အမျိုးသားက...

'အေး...အေး... မင်း ခွင့်စာရေးပြီး တင်လိုက်လေ၊ ငါလုပ်ပေးလိုက်မယ်'

'ဟုတ်ကဲ့ခင်ဗျာ... ကျေးဇူးတင်ပါတယ် ဗိုလ်ကြီး။ ကျွန်တော့်ကို သွားခွင့်ပြုပါ'

ဟု ပြောပြီး အလေးပြုကာ ပြန်သွားပါတော့တယ်။

ကျွန်မအမျိုးသားက...

'ဒီကောင်လေးက တော်တော်ရိုးတယ်၊ အလုပ်လဲ ကြိုးစားတယ်။ အရက်၊ ဆေးလိပ်ကအစ ကင်းတယ်။ (၁၀)တန်းအောင်ပြီးသားဆိုတော့ စာပေးစာယူနဲ့ အဝေးသင်တက်လိုက်လို့ ဘွဲ့ရတာနဲ့ ဒု-ရဲအုပ် အရာရှိလျှောက်လို့ ရပြီဆိုတော့ ပြုစုပျိုးထောင်ပေးရမယ်။ အဲဒါကြောင့် ငါ့အနားမှာထားပြီး ရဲလုပ်ငန်း ကျွမ်းကျင်အောင် သင်ပေးနေတာ'

လို့ ပြောပါတယ်။

'ကဲ... မေမေ ကျွန်မတို့ ထမင်းစားကြတော့မလား၊'

'အေး...ကောင်းသားပဲကွာ၊ ငါလဲ ဗိုက်ဆာနေပြီဟေ့'

ဆိုတော့ ကျွန်မလဲ ထမင်းပွဲပြင်ပြီး စားနေတုန်း ကိုမောင်မောင်ဇနီး မသွင် ဟင်းခွက်လေးကိုင်လို့ ရောက်လာပါတယ်။ မသွင်က...

'ဟယ်တော်... ထမင်းတောင် စားနေပြီလား၊ ကျွန်မ အညာဟင်းသုပ်လာပို့တာ အစ်မစားကြည့်ပါနော်'

နှမ်းဖတ်ချဉ်သုပ်ထားတယ်။ ကြက်သွန်နီ၊ ရေတ်သီးစိမ်း၊ မြေပဲဆီလောင်းပြီး သုပ်ထားတာ၊ ကျွန်မတို့ဆီက မုန်ညင်းချဉ်သုပ်၊ ငါးချဉ်သုပ်တို့နဲ့ တော်တော်တူတယ်။ နှံ့နှံ့ပင်ပါတော့ မွှေးကြိုင်ပြီး ထမင်းလဲ စားလို့ကောင်းပါတယ်။ စားပြီး ဘုရားဝတ်ပြုကာ နားလိုက်ကြပါတော့တယ်။

နောက်တစ်နေ့ လကုန်ရက်ပိုင်းရွာမြို့မှာ လစာထုတ်သွားရင်း ကြုံခဲ့တာ

www.burmeseclassic.com



တွေ့ဝယ်ရန် ကိုမောင်မောင်တို့ဇနီးမောင်နှံရယ်၊ ကျွန်မနဲ့ ရဲဘော်(၃)ယောက်ရယ် ဂျစ်ကားနဲ့ မုံရွာ ဒု-တိုင်းရုံးကို သွားခဲ့ပါတယ်။

ကိုမောင်မောင်နဲ့ ရဲဘော်တွေကို ရုံးမှာချထားပြီး ကျွန်မတို့ ဈေးသို့ ထွက်ခဲ့ပါတယ်။ တစ်လစာ အခြောက်အခြမ်း လိုအပ်တာတွေ ဝယ်ပြီးမှ ရုံးတွင် ဆင်းနေခဲ့သော ကိုမောင်မောင်နဲ့ ရဲဘော်တွေကို ဝင်ခေါ်ပြီး ပြန်ခဲ့ပါတော့တယ်။

ကျွန်မကတော့ သိပ်ပြီး ဝယ်စရာ မရှိပါ။ မသွင်ကတော့ သားသမီးလဲ များ၊ အဒေါ်အမျိုးကြီးပါရှိတော့ ဆန် အိတ်ကအစ ငါးပိ၊ ငါးခြောက် မီးဖို ချောင်သုံးပစ္စည်းတွေကို တစ်လစာ ဝယ်ရတော့ ဂျစ်ကားလေးမှာ ပြည့်ကျပ်ပြီး နေပါတော့တယ်။

အိမ်ပြန်ရောက်တော့ ခဏနေကာ ရေချိုးပြီး တမာရိပ်မှာ ထန်းလက်ဆက်တီမှာထိုင်ပြီး စာဖတ်နေတုန်း ကျွန်မ အမျိုးသားနဲ့ ဝင်းထွန်းတို့ ဇနီးမောင်နှံ ရယ် ရောက်လာကြတယ်။ ကျွန်မ က...

'မင်း ခွင့်သွားတာ ခဏလေးလိုပဲ နော်၊ ခွင့်စေ့သွားပြီလား'

'ဟုတ်ကဲ့ အန်တီ'

ဆိုပြီး သူတို့လဲ ဆက်တီမှာ ဝင်ထိုင်ကြပါတော့တယ်။

'ကျွန်တော့်ဇနီး မသန်းသန်းအေးပါ'

လို့ ဆိုပြီး သူ့မိန်းမနဲ့ မိတ်ဆက်ပေးပါတယ်။

'ဘယ်တုန်းက ရောက်တုံး'

ဆိုတော့...

'ဒီနေ့မနက်ပဲ ရောက်ပါတယ်'

'မြို့နယ်မှူးအိမ်ကိုရော ရောက်ပြီးပလား'

'ဟုတ်ကဲ့...ရုံးမှာ အရောက်ပြသတင်းပို့ရင်း ကန်တော့ပြီးပါပြီ။ အန်တီတို့ဆီတော့ အေးအေးဆေးဆေးမှပဲ လာခဲ့ကြပါတယ်။ ဒါက အမျိုးသမီးတို့အိမ်မှာ ရက်တဲ့ ဂန့်ဂေါ်ပုဆိုးနဲ့ ထဘီပါ အန်တီ။ ဂန့်ဂေါ်ဇာတိဖြစ်ကြလို့ ဒါလေးနဲ့ပဲ ကန်တော့ပါရစေ'

ဆိုလို့ ရေချိုးပြီးတဲ့ အမျိုးသားကို အိမ်ပေါ်ခေါ်ကာ သင်ဖြူးဖျာခင်းပြီး ကန်တော့ခံပါတယ်။

'အေးကွယ်... သားတို့ဇနီးမောင်နှံ သေတစ်ပန်သက်ဆုံး အိုမင်းသည်အထိ ပေါင်းရပါစေ၊ ရာထူးတွေလဲ အမြန်တိုးပြီး သားသမီးဝေဝေဆာဆာနဲ့ ကျန်းမာချမ်းသာကြပါစေ'

'အန်တီတို့ပေးတဲ့ဆုနဲ့ ပြည့်ဝရပါစေခင်ဗျား'

'ကဲ...ကဲ လာ လာ ရေနွေးကြမ်းနဲ့ လက်ဖက် သုံးဆောင်ကြပါဦး'

ဆိုပြီး အောက်ပြန်ဆင်းကာ တမာရိပ်မှာ စကားပြောရင်း ရေနွေးကြမ်း သောက်နေကြပါတယ်။

ကျွန်မအမျိုးသားက...

'မင်းတို့နေဖို့ လိုင်းခန်း ဘယ်နားမှာလဲ'

လို့ မေးကြည့်တော့...

'စခန်းအတွက် ဘုရားနားက လိုင်းခန်းမှာ ရပါတယ်ဆရာ။ ကျွန်တော်တို့ကို ဆရာ့သားသမီးလို သဘောထားပြီး ဆုံးမသွန်သင်ပေးပါ ဗိုလ်ကြီး ကျွန်တော်တို့ သွားပါဦးမယ်ခင်ဗျာ'

ဆိုပြီး နှုတ်ဆက်ကာ ပြန်သွားကြပါတော့တယ်။

—နောက် (၁၅)ရက်ခန့်အကြာမှာတော့ မြို့နယ်မှူးဇနီးမောင်နှံနဲ့အတူ မောင်းထောင်ရွာကို အလည်လိုက်ခဲ့ပြီး စေတီတော်ကိုဖူးကာ ပုတီးစိပ် ဆုတောင်းခဲ့ပါတယ်။ အလောင်းတော်ကဿပ ရဟန္တာရှင်မြတ်ကို ဖူးတွေ့ရပါလိုကြောင်း နေ့တိုင်းလဲ ဆုတောင်းမိပါတယ်။

'မောင်းထောင်နယ် ကူတော်ရွာ တစ်ဆင့်သွားတဲ့ ရွာမှန် ရွာပြင်သုသာန်မှာ ရဟန္တာတစ်ပါးတည်း သီတင်းသုံးနေကြောင်း။ ကျန်းမာရေးမကောင်းလို့ ဆွမ်းသိပ် မဘုဉ်းပေးနိုင်ကြောင်း ကိုယ်တိုင်ဆွမ်းခံကြွပြီး သီတင်းသုံးနေကြောင်း ကြားသိရ၍ သွားရောက်ဖူးချင်ကြောင်း အမျိုးသားကို ပြော... တော့ ကူတော်ရဲကင်းစခန်းသွားမည့် လိုက်ခဲ့လို့ သွားခွင့်ရတော့ ဝမ်းသာ... ပါတယ်။

တစ်နေ့ နံနက်မှာ ရဲမတစ်ယောက် အလူးအလဲပြေးလာပြီး...

'အန်တီတို့ လုပ်ပါဦး... ယောင်ဝင်... ဗိုန်းမှုလား ဘာဖြစ်မှန်းမသိ မျက်လုံး... လန်ပြူးပြီး ပါးစပ်မှလဲ ဂူဂူဝိဝိနဲ့ ဘာ... ပြောမှန်းလဲ မသိဘူး။ သူ့ယောက်ျား... စခန်းကမှာ တာဝန်ကျနေတယ်။ ကယ်... ပြီးမှ လာလို့ရမယ်'

လို့ လာပြောပါတယ်။ ကျွန်မ... မသွင်ကို သတင်းပို့ပြီး နှစ်ယောက်... အမြန်သွားခဲ့ကြပါတယ်။

လှေကားပေါ်အတက်မှာ ကြ...



www.burmeseclassic.com

www.burmeseclassic.com

မွေးညင်း ထသွားတာကို ကျွန်မ ခံစား လိုက်ရပါတယ်။ အိမ်ပေါ်ရောက်လို့ အိပ်ခန်းထဲကြည့်လိုက်တော့ မျက် တောက်နီပြီး မျက်လုံးကြီးလန်ကာ ဖူးဖူးဝါးဝါး အသံနက်ကြီးနဲ့ အော်ဟစ် နေပါတော့တယ်။

ကျွန်မတို့နှစ်ယောက်လဲ အိမ်ပေါ်စ တက်ကတည်းက နှစ်ယောက်လုံး တိုင်ပင်မထားဘဲ မေတ္တာသုတ်ကို ရွတ် ဆိုနေမိပါတော့တယ်။ ကျွန်မက သူ အိပ်နေတဲ့ ကွပ်ပျစ်ဘေးနား ကပ်သွား တော့ ပိုပြီး အော်နေပါတယ်။

ကျွန်မတို့ နှစ်ယောက်လဲ ဘုရားစင် ရှေ့သွားပြီး ဘုရားသောက်တော် ရေ တစ်ခွက် ခပ်ကာ မေတ္တာသုတ်ကို(၃) ခေါက်ရွတ်ဆိုပြီး ကျွန်မက မဟာ အာဋာနာဋိယသုတ်ရွတ်ဆိုကာ ဖူးဖူး ဝါးဝါးဖြစ်နေတဲ့ သန်းသန်းအေးကို ယင်း ပရိတ်ရေဖြင့် တောက်ကြည့်ရာ လူးလိမ့် အော်ဟစ်နေပါတော့တယ်။

ဒီအချိန်မှာပဲ သူ့ခင်ပွန်းလဲ ရောက် လာပြီမို့ သူ့မိန်းမကို အိပ်နေ၊ လူးနေရာ မှ ဆွဲထူနိုင်းပြီး ရေမန်းကိုတိုက်တာ မသောက်လို့ ပါးစပ်ကို ဖွန်းနဲ့ ကလန့်ပြီး ရေမန်းကို ဝင်သလောက် တိုက်ကာ ခေါင်းမှလဲ ရေမန်းရေနဲ့ လောင်းချ ကာ...

'ယခုသောကြာသမီးအား နှောင့်ယှက်နေ သောသူကို ကျွန်ုပ်မေတ္တာဖြင့် တောင်းဆိုပါ တယ်။ ဘုရားရှင် အသိန့်နဲ့ ဖယ်ရှားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အမှားရှိရင် ခွင့် လွှတ်ပေးပါ'

လို့ ပြောဆိုရင်း ရေမန်းကို ကုန် အောင်တိုက်ပြီး ကျွန်မရဲ့လက်ကို သူရဲ့ ဦးခေါင်းပေါ်တင်ပြီး သုတ်တော်ကြီးကို တစ်ခေါက်ပြန်ရွတ်ရာ ပြီးခါနီးမှာ တဝါးဝါးသမ်းဝေပြီး ငြိမ်ကျသွားပါ တော့တယ်။



ကလေးမလေးက ကျွန်မတို့ နှစ်ယောက်ကို ကြောင်တောင်တောင် ကြည့်ပြီး "ဘာအကြောင်းလဲ"လို့ မျက်နှာငယ်လေးနဲ့ မေးနေရှာပါတယ်။ လာခေါ်ပေးတဲ့ ကလေးမလေးက...

'ဖူးဖူးဝါးဝါး အသံကြားလို့ သွားလာ ကြည့်တာ စောစောက ပုံအတိုင်းမြင်ရ တော့ ကျွန်မလဲ လန့်ဖျပ်ပြီး အန်တီတို့ ဆီ အပြေးလာပြီး အကူအညီတောင်း ရတာပါ'

လို့ ပြောပြပါတယ်။ ဒါနဲ့ ကျွန်မ က...

'သမီး ဘယ်လိုဖြစ်တယ်ဆိုတာ အန်တီ့ကို ပြောပြပါလား'

လို့ ဆိုတော့ ကလေးမလေးက...

'ဟုတ်ကဲ့ရှင့်...ကျွန်မညက အိပ်နေရင်း အပေါ့သွားချင်တော့ ပထမ အောက်ထားသေး တယ်လေ။ အိမ်သာက ဘုရားဘက် ထိပ်ခြံ စည်းရိုးအနားမှာရှိနေတော့ အိမ်နဲ့ အလှမ်း ဝေးတယ်လေ။ ကျွန်မလဲ မအောင့်နိုင်တော့ တဲ့အဆုံး အိမ်သာဘက်ကို ထွက်လာခဲ့ တယ်။

ဘုရားမှ မီးရောက်ကလဲ ထိန်လင်းနေတာ မို့ အိမ်သာထဲ မဝင်တော့ဘဲ စေတီဘက် မျက်နှာမူကာ အိမ်သာဘေးမှာထိုင်ပြီး အပေါ့ သွားခဲ့မိပါတယ်။ စေတီနဲ့ ကျွန်မတို့ရဲ့ ခြံဝင်း ကြားမှာ လူသွားလမ်း ရှိပါတယ်။

အဲဒီလူသွားလမ်းမှာ လူတစ်ယောက် ရပ်ပြီး ကျွန်မ အပေါ့သွားတာကို ရပ်ကြည့်နေတာ မြင်ရတော့ ကျွန်မလဲ ပြန်ကြည့်မိပါတယ်။ ကျွန်မကြည့်နေတုန်း အဲ့ဒီအတောအတွင်းမှာပဲ အဲဒီလူ့ရဲ့ အရပ်ဟာ တဖြည်းဖြည်းနဲ့ ရှည် တက်လာပြီး ထန်းပင်လောက်ဖြစ်သွားပါ တယ်။ ခန္ဓာကိုယ်ကြီးကလဲ အရပ်ရှည်တာနဲ့ အမျှ ကြီးလာပါတယ်။

ကျွန်မလဲ ကြက်သီးမွေးညင်းတွေထလာပြီး အရမ်းကြောက်ရွံ့လာတာမို့ အိမ်ပေါ်ကို ဘယ်လို ရောက်မှန်းမသိဘဲ ရောက်လာရာ က ကျွန်မ လှမ့်မသိ ဖြစ်တော့တာပါ'

ကျွန်မတို့နှစ်ယောက်လဲ သဘော ပေါက်ကြပါတယ်။

တကယ်တော့ ကျွန်မတို့ခန်းရဲ့ အိမ်သာတွေကို စေတီနဲ့ဘေးမှာ တန်း စီပြီးရှိနေခြင်းသည် စေတီကို စောင့် ရှောက်နေကြသော အစောင့်ကာရက တွေက မကြိုက်လို့ ခြောက်လှန့် အန္တရာယ်ပေးနေတယ်လို့ ယူဆမိကြ ပြီး မြို့နယ်မှူးနဲ့ ခင်ပွန်းကို ပြောပြတော့ နောက်နေ့မှာပဲ အိမ်သာတွေကို စေတီ နဲ့ လွတ်ရာ ဝေးကွာရာ အပြာခံ ခန်းမှူး ဦးသန်းညွှန့်အိမ် အနောက် ဘက်သို့ ပြောင်းရွှေ့ပေးလိုက်ရပါ တယ်။

သန်းသန်းအေးကိုလဲ ယင်းစေတီ မှာ ကန်တော့ပွဲပေးပြီး တောင်းပန်ခိုင်း လိုက်ရပါတယ်။ နောက်ပိုင်းမှာတော့ ဘာမှ ဖြစ်သံ မကြားရတော့ပါ။

ရှင်တော်မြတ်ဘုရား၏ တန်ခိုးကြီး ပရိတ်တရားတော်ကြောင့် ပရလောက သား၏ ဘေးရန်မှ ကင်းဝေးခဲ့ရပါ တော့သည်။ ဝေနေယျသတ္တဝါ အားလုံး ကျန်းမာချမ်းသာကြပါစေ။

ရွှေဒုံ ကြူကြူအေး

www.burmeseclassic.com



# အိပ်မက်ထဲမှ ဒေါ်သဲ

ညွန့်ဝင်း (နတ်တလင်း)

ဒေါ်မြမြစန်းတစ်ယောက် အလယ်တန်းကျောင်းအုပ်ဘဝမှ အထက်တန်းကျောင်းအုပ်ဘဝသို့ ရာထူးတိုးမြှင့်ရသည်။ ရာထူးတိုးရသည်က မိမိတို့သဲကုန်းမြို့နယ်တွင် မဟုတ်ဘဲ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း နတ်တလင်းမြို့နယ် တာပွန် အ.ထ.ကတွင် ဖြစ်သည်။

၎င်းဒေသသည် မိမိအတွက် နယ်မြေစိမ်းဒေသစိမ်း ဖြစ်သော်လည်း ဝန်ထမ်းဘဝကို ခံယူထား၍ ရာထူးတိုးယူပါက နယ်မြေဒေသမရွေး သွားရမည်သာဖြစ်သည်။

ထို့ကြောင့် မိမိတာဝန်ကျရာ တာပွန် အ.ထ.ကသို့ သတ္တိစိတ်၊ တာဝန်စိတ်မွေးကာ သွားရောက် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါ်မြမြစန်း တာပွန် အ.ထ.ကသို့ ရောက်စက ရင်းနှီးကျွမ်းဝင်မှုမရှိသေးသော လက်ထောက် ဆရာ၊ ဆရာမများနှင့် ဆက်ဆံရေး အဆင်ပြေပါ့မလားဟု တွေးမှုမိခဲ့သည်။

သို့သော် မိမိသည် ယခုမှ ကျောင်းအုပ်တာဝန် ယူရသည် မဟုတ်။ ယခင်ကတည်းက အလယ်တန်းကျောင်းအုပ်တာဝန် ထမ်းဆောင်မှုပြီးသားဖို့ အတွေ့အကြုံ အထိုက်အလျောက်ရှိပြီးသား။

ကျောင်းအုပ်တစ်ယောက်၏ စွမ်းရည်များဖြင့် စည်းရုံးရေး၊ ချစ်ကြည်ရေး တာဝန်ထမ်းဆောင်ရေး ကိစ္စများကို ဆောင်ရွက်ရပေမည်။

ဆရာမကြီး ဒေါ်မြမြစန်းသည် ရပ်ဝေး တစ်နယ်တစ်ကျေးမှ လာရောက် တာဝန်ထမ်းဆောင်ရသဖြင့် တာပွန် အ.ထ.ကကျောင်းကြီး၏ အလယ်ကျောင်းဆောင်ရှိ မီဒီယာခန်းအနား စာကြည့်တိုက်နှင့် တွဲလျက်အခန်းတွင် တည်းခိုနေထိုင်ရပါသည်။

ထိုအခန်း၌ ချက်ပြုတ်နေထိုင် စားသောက်၍ အိပ်စက်ရပါသည်။ ပင်စင်စား ခင်ပွန်းသည်ရှိသော်လည်း ကျောင်းနေဆဲ သားလေး၏ ပညာရေးအတွက် ဇာတိသဲကုန်းမြို့မှာပဲ ကျန်ခဲ့ရသည်။

သို့ဖြစ်၍ ဒေါ်မြမြစန်းအတွက်တော့ တာပွန် အ.ထ.ကမှ ဆရာ၊ ဆရာမများသည်သာ မိသားစုသဖွယ် ဖြစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်။

တာပွန်ကျောင်းတွင် အနေကြာလာသည့်အခါ လက်ထောက် ဆရာ,ဆရာမများနှင့် ရင်းနှီးချစ်ခင်လာ၏။

ကျောင်းအုပ်နှင့် လက်ထောက် ဆရာ,ဆရာမများ ဆိုသော်လည်း ညီအစ်မမောင်နှမသဖွယ် အပြန်အလှန် လေးစားချစ်ခင်လျက် တာဝန်ဝတ္တရားများ ဦးထမ်းရွက်ထမ်း ဆောင်ရွက်လာခဲ့ကြသည်။

ဒေါ်မြမြစန်းသည် မိမိအခန်းတွင် အဖော်မခေါ်ဘဲ တစ်ယောက်တည်း အိပ်သည်။ ညမှုညတာအတွက် ပူပင်စရာမရှိ၊ အရေးအကြောင်းဆို ကျောင်းခြံဝင်းထဲတွင် ကျောင်းစောင့်ကြီး ဦးနာနီအိမ်နှင့် နီးသည်။ လှမ်းခေါ်အသံပြုလိုက်ရုံပင်ဖြစ်သည်။

ဒေါ်မြမြစန်းက သရဲတော့ မကြောက်တတ်။ မကြောက်၍လည်း ယခုလို တစ်ယောက်တည်း ညအိပ်ခြင်းဖြစ်သည်။

ကျောင်း၏ ရာဇဝင်နှင့်ပတ်သက်၍ နယ်ခံ ဆရာ,ဆရာမများက ဒေါ်မြမြစန်းအား ပြောပြကြသည်။ သို့သော် ဒေါ်မြမြစန်း ပြုံး၍သာ နားထောင်နေလိုက်ပါသည်။

ဒေါ်မြမြစန်းတွင် အိပ်မက်နှင့်ပတ်သက်၍ ထူးခြားချက်တစ်ခု ရှိသည်။ အိပ်မက်ထဲတွင် အခြားသူတစ်ဦးက သူ့ကို ခေါ်လိုက်သည့်အသံ ကြားရလျှင် ထူးခြားမှုတစ်ခု ကြုံရတတ်ခြင်းဖြစ်သည်။

ဒေါ်မြမြစန်းက မိမိကိုယ်မိမိ "မြမြ" ဟု သုံးနှုန်းပြောဆိုတတ်သလို ကျောင်းနေဖက်ရွယ်တူ သူငယ်ချင်းများကလည်း "မြမြ" ဟုပင် ခေါ်ကြသည်။

အိပ်မက်ထဲမှာ "မြမြရေ" ဟု သူငယ်ချင်းတစ်ဦးဦးက ခေါ်သံကြားလိုက်ရလျှင် သူငယ်ချင်းများထဲမှ နာရေးတစ်ခုခု ကြုံရတတ်သည်မှာ အမှန်ဖြစ်သည်။



ထို့အတူ အိပ်မက်ထဲမှာ "ဆရာမရေ" ဟု ခေါ်သံကြားလျှင် လက်ထောက် ဆရာမဘဝက အတူလုပ်ခဲ့သော လုပ်ဖော်ကိုင်ဖက်များထဲမှ နာရေးတစ်ခု ဖြစ်နေတတ်သည်။

တစ်ဖန် အိပ်မက်ထဲတွင် "ဆရာမကြီးရေ" ဟု ခေါ်သံကြားလျှင် ကျောင်းအုပ်ဖြစ်မှ သိကျွမ်းခွင့်ရသည့် တပည့် လက်ထောက် ဆရာ,ဆရာမများထဲမှ နာရေးဖြစ်တော့မည်ဟု ခန့်မှန်းသိရှိပြီး ဖြစ်နေသည်။

တာပွန်အ.ထ.ကသည် သက်တမ်းကြာရှည်ပြီဖြစ်သော ကျောင်းကြီးဖြစ်၍ အစဉ်အဆက် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများ၊ လက်ထောက်ဆရာ,ဆရာမများ မနည်းတော့ပြီ။

ယခုလက်ရှိလည်း ဆရာ,ဆရာမ (၅၀)ကျော် တာဝန်ထမ်းဆောင်လျက်ရှိသည်။ အစဉ်အဆက် ဝန်ထမ်းများထဲမှ အငြိမ်းစားယူသွားသောအခါ ဝန်ထမ်းအချို့ ကွယ်လွန်ခဲ့သည်မှာ မဆန်းပါ။

ယခင် ဝန်ထမ်းအချို့ သေဆုံးခဲ့သည်ကို ဒေါ်မြမြစန်း သိရသော်လည်း သေခြင်းတရားနှင့် လူတိုင်း မလွှဲမရှောင်နိုင်ဟု နှလုံးသွင်းပြီးသားဖြစ်သည်။ ည တစ်ယောက်တည်း အိပ်ရသည်ကို မကြောက်၍ပင် အားမငယ်မိပါ။

သို့သော် ညအိပ်ရာဝင်၍ အိပ်မပျော်တပျော်အချိန်၌ ကျောင်းဆောင်အပြင်ဘက်မှ "ဆရာမကြီးရေ ဝင်ခွင့်ပြုပါရှင်"၊ "ဆရာမကြီးရေ ဝင်ခွင့်ပြုပါခင်ဗျာ" ဟူသော အသံအချို့ ကြားရတတ်သည်။ အိပ်ရာမှ နိုးသွားပြီး သတိထား နားထောင်မိတော့လည်း ဘာသံမျှ မကြားရတော့။

အိပ်ရာထဲ နိုးနေစဉ်အတွင်း ထိတ်ဆိတ်နေသည့် ညချမ်းမှာ ကျောင်းခေါင်မိုးများပေါ်မှ သွပ်ပေါ် လမ်းလျှောက်သွားသည့် တဖြောင်းဖြောင်း အသံမျိုးကို ကြားရပြန်သည်။

ကြောင်တစ်ကောင် လမ်းလျှောက်သံမျိုး မဟုတ်ဘဲ လူတစ်ဦး၏ ခြေသံနှင့်မခြား တူလွန်းလှပေသည်။

ထို့အတူ ကျောင်းဆောင်များမှ တံခါးရွက် ပွက်နေသည့် ပြတင်းတံခါးများသည်လည်း လေမတိုက်ပါဘဲ ဝုန်းခနဲ၊ ဒိုင်းခနဲ ပွင့်သွား,ပိတ်သွားတတ်သည်။ ဒေါ်မြမြစန်း စိတ်ထဲ မကြောက်မိသည့်အပြင် ပါးစပ်မှ အမျှအတန်းပင် ဝေပေးနေမိပါသေးသည်။

ဒေါ်မြမြစန်းတို့ အထက်တန်းကျောင်းများတွင် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲများ ကျင်းပရန် အချိန်နီးကပ်လာခဲ့ပေပြီ။

အထက်တန်း ကျောင်းအုပ်ဖြစ်စ ဒေါ်မြမြစန်းအဖို့ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကြီးကြပ်ရေးမှူးတာဝန် မယူရသေးသော်လည်း မိမိကျောင်း တစ်ခုအတွက် လိုအပ်သည်များ တာဝန်ယူ ကြီးတင်ပြင်ဆင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရသည်။

မြို့နယ်မှ ထုတ်ပေးသော အမြေလွှာအုပ်များနှင့် အခြားစာရွက်စာတမ်းများကို သိမ်းဆည်းရန် ဒေါ်မြမြစန်းတို့ကျောင်းသို့ သယ်လာရသည်။

စာမေးပွဲ မကျင်းပရသေးခင် တစ်ရက်တွင် မြို့နယ်မှယူလာသော ဆယ်တန်းအမြေလွှာထုပ်ကြီးကို အခန်းတွင် ထားလျက် ဗီရိုအတွင်း ထည့်သွင်း သိမ်းဆည်းရန် ပြင်ဆင်ထားသည်။

သို့သော် မိန်းမသားဖြစ်သော ဒေါ်မြမြစန်းအဖို့ အလွန်လေးလံသော အမြေလွှာထုပ်ကြီးကို တစ်ယောက်တည်း ချီမ၍ ဗီရိုထဲ မထည့်နိုင်။

အခြားသူများ အကူအညီယူရမည်ဟု စဉ်းစားပြီး ညပိုင်းအချိန်လည်းဖြစ်၊ ခရီးပန်းလာသည်လည်း ဖြစ်၍ ဒေါ်မြမြစန်းသည် ခဏအခန်း ခုတင်တွင် လဲလျောင်းရင်း အိပ်ပျော်သွားသည်။

အိပ်မက် မက်သလိုဖြစ်ပြီး အိပ်ရာမှ လန့်နိုးလာချိန် အမြေလွှာထုပ်ကြီးကို ကြည့်မိတော့ အထုပ်ကြီးကို ဗီရိုထဲ သိမ်းပြီးသားဖြစ်နေသည်။ ပြီးမှ အိပ်မက်လိုလိုအဖြစ်ကို ပြန်စဉ်းစားမိပြီး အိပ်မက်ထဲမှ ဆရာတစ်ဦးက...

'ဆရာမကြီးရေ... ဒီအမြေလွှာထုပ်တွေက အရေးကြီးတယ်။ ဗီရိုထဲ သေချာသိမ်းမှ'

ဟု ဆိုပြီး ကူသယ် ချီမပေးကာ ဗီရိုထဲ ထည့်ပေးခြင်းဖြစ်လေသည်။

တကယ်တော့ ဘယ်ဆရာကမှ လာ၍ ကူသယ် ထည့်ပေးခြင်းလည်း မဟုတ်။ အိပ်မက်လိုလို တကယ်လိုလိုနှင့်သာ အမြေလွှာထုပ်ကြီးက သိမ်းပြီးသား ဖြစ်နေခြင်းပင်။

အိပ်ရာနိုးချိန်မှာ ဒေါ်မြမြစန်း လက်ထဲ၌ သော့တွဲကို ကိုင်လျက်သား။ ဒေါ်မြမြစန်း၏ မသိစိတ် လှုံ့ဆော်မှုကြောင့် အမြေလွှာထုပ်ကို သယ်ရန်မှာ



လည်း ဤမျှ လေးလံသည့် အထုပ်ကြီးကို တစ်ယောက်တည်း လုံးဝ မ,မနိုင်ပါ။

ထူးဆန်းသည့်အဖြစ်ကို ဒေါ်မြမြစန်းကိုယ်တိုင်နားမလည်နိုင်သလို အိပ်မက်ထဲမှာ "ဆရာမကြီးရေ" ဟူသော အသံပိုင်ရှင်ကို မှန်းဆမိသလို ပြန်ရှုလည်၍လည်း ကြားယောင်နေမိသည်။ သို့သော် မည်သူဟူ၍ကား သဲသဲကွဲကွဲ မသိရပါ။

ဆယ်တန်းစာမေးပွဲများ ပြီးစီး၍ ဒေါ်မြမြစန်းတို့ ဆရာ,ဆရာမျာ တာဝန်ပြီးဆုံးပြီဟု မထင်ပါနှင့်။ ကျောင်းတွင်းစစ် စာမေးပွဲများမှ အဖြေလွှာများကို တစ်စစ်အဖွဲ့ဖွဲ့၍ ကျောင်းမှာ စုဝေး ဖျက်ကြရဦးမည်။

တာဝန်ရှိ ဆရာ,ဆရာမများကို ရက်ချိန်းပေးပြီး အဖြေလွှာများ ဖျက်ရန် ကျောင်းသို့ လာကြသည်။

ကျောင်းရောက်တော့ သတင်းဆိုးတစ်ခုက ဆီးကြိုနေလေသည်။ အလယ်တန်းပြ ဆရာဦးဌေးလွင် တစ်ယောက်ဆုံး ရှာပြီတဲ့။

ဦးဌေးလွင်သည် ကျောက်ကပ်ရောဂါဖြင့် ဆေးရုံ၌ ဆေးကုသမှုခံယူထားသော ဆရာဖြစ်သော်လည်း ယခုလို ရုတ်ချည်းကြီး ဆုံးသွားမည်ဟုတော့ မထင်မိကြပါ။ သို့သော် အဖြစ်အပျက်က လက်တွေ့ ကြုံရချေပြီ။

ဒေါ်မြမြစန်းနှင့် ဆရာ,ဆရာမများ ဦးဌေးလွင်၏ ရွာပနာသို့ သွားရောက်၍ ဝမ်းနည်းကြောင်း ပြောဆိုကြပြီး ကောင်းမှုပြုပေး၊ လှူဒါန်း အမျှဝေပေးကြသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြစန်းက ဦးဌေးလွင်အား ဝန်ထမ်းတာဝန်မှ အငြိမ်းအပိုင် ထုတ်ပယ်လိုက်ကြောင်း အမိန့်ပြန်တမ်းကို အခေါင်းထဲ ထည့်ပေးလိုက်သည်။

အသုဘ သင်္ဂြိုဟ်သည့်နေ့က လုပ်ဖော်ကိုင်ဖက် ဆရာ,ဆရာမအားလုံး ဦးဌေးလွင်၏ ရုပ်ကလာပ်ကို ကြည့်ပြီး ဝမ်းနည်းကြေကွဲ စိတ်မကောင်းဖြစ်၍ မျက်ရည်လည်ကြရသည်။

အသုဘလိုက်ပို့ပြီး အပြန်လမ်းမှာ ဒေါ်မြမြစန်းခေါင်းထဲ အတွေးတစ်ခု ဝင်လာ၏။ ယင်းကား ဆယ်တန်းစာမေးပွဲ အဖြေလွှာအုပ်များ သိမ်းဆည်းစဉ်က အိပ်မက်နှင့် အိပ်မက်ထဲတွင် မိမိအား "ဆရာမကြီးရေ" ခေါ်လိုက်သည့် အသံပိုင်ရှင်ကို ပြန်စဉ်းစားမိခြင်းဖြစ်၏။

ယခုတော့ ထူးဆန်းသော အိပ်မက်ထဲမှ ခေါ်သံပိုင်ရှင်ကို တိတိကျကျ သိခဲ့ရပေပြီ။ ထိုအဖြစ်မှုက အခြင်းအရာတို့ကို ဒေါ်မြမြစန်းမေ့၍ ရနိုင်တော့မည် မဟုတ်ပါ။

ရင်ထဲမှလည်း မိမိ၏ လုပ်ဖော်ကိုင်ဖက် ဆရာဦးဌေးလွင်တစ်ယောက် ကောင်းရာသုဂတိလားပါစေဟု ဆုတောင်းနေမိပါတော့သည်။

ဆရာ့သတ္တာ ကမ္ဘာ့သကာ

ညွန့်ဝင်း(ဓာတုဗေဒ)



www.burmeseclassic.com

www.burmeseclassic.com



အဘိုးတာလမွန်နှင့်

# မိန့်အလာစတောင် ရတနာသိုက် (၁)

ဝသုန်သက်လွင်

ကျွန်ုပ်သည် တပ်ကြပ်ကြီး မိုးကျော် (အငြိမ်းစား) ပြောပြသည့် သူ၏ကိုယ်တွေ့ ဖြစ်ရပ်ဆန်းကို "အဘိုးတာလမွန်နှင့် ဝိဥ္စဉ်ပင်အောက်မှ မိတ်ဆုံကြီးများ" ခေါင်းစဉ်ပေး၍ ဝတ္ထုတစ်ပုဒ် ရေးခဲ့ပါသည်။

ထိုဝတ္ထုရှည်ကို မဂ္ဂဇင်းတစ်တိုက်သို့ ပေးပို့ထားပါသည်။ ထိုဝတ္ထုစာတမ်း၏အဆုံးတွင်...

'ထိုအချိန်သတ္တာနသည် ကျွန်ုပ်(တပ်ကြပ်ကြီးမိုးကျော်) မြင်လည်းတွေ့ဆုံချင်သည့် ထင်ရှားထင်ကြီးယံနှင့် သူတော်စင်ပုဂ္ဂိုလ်ကြီး "အဘိုးတာလမွန်" ဖြစ်နေသည်ကို သဲကွဲစွာ မြင်တွေ့လိုက်ရပြီး ဝမ်းသာကြီးနှင့်အတူ အလုံး ပျောက်ကွယ်သွားပါတော့သည်' ဟူ၍ နိဂုံးချုပ်ခဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

သည်တွင် အဘိုး နိုင်တလမွန်နှင့် ပတ်သက်၍ နောက်ထပ် ဂွေ့ရှုတ္တု များ ရေးနိုင်ရန် ကုန်ကြမ်းများ မရှိတော့ပြီဟု မှတ်ယူခဲ့ပါသည်။

အကြောင်းမှာ ကျွန်ုပ်လည်း တပ်မှ ထွက်ပြီး တပ်ကြပ်ကြီး မိုးကျော်လည်း တပ်မှထွက်ကာ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ် မရဘဲ ကွဲကွာခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သောကြောင့် ဖြစ်ပါ၏။

သို့သော် တစ်နေ့သ၌ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက်တွင် အခြေချနေထိုင်လျက်ရှိသော ကျွန်ုပ်ထံသို့ တပ်ကြပ်ကြီးမိုးကျော်၏ စာတိုက်မှ ပေးပို့လိုက်သော စာတစ်စောင်ကို မမျှော်လင့်ဘဲ ရခဲ့သည်။ စာထဲတွင်...

**"ဆရာသဆက်(တသုန်သက်ထွန်း)"**

မဂ္ဂဇင်းတွေထဲမှာ ဆရာ့ဝတ္ထုတွေ ဖတ်ရပါတယ်။ **"အဘိုးတလမွန်နှင့် ဗိန္ဓိပင်အောက်မှ မီးထိုးကြီးများ"** ဖတ်ရတော့ ကျွန်တော် ပြောပြခဲ့မှုတာတွေကို ဆရာရေးမှန်း သိရတယ်။

ဆရာနဲ့လဲ အဆက်အသွယ်ပြတ်ခဲ့တာ ကြာခဲ့ပြီဆိုတော့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်က လိပ်စာတောင်းပြီး ဆရာဆီ ဆက်သွယ်လိုက်တာပါ။ ဆရာ ကျွန်တော်ရှိရာ သံဖြူဇရပ်မြို့ကို လာခဲ့စေချင်ပါတယ်။

အဘိုးတလမွန်နဲ့ ကျွန်တော် ပြန်လည်ဆုံစည်းခွင့်ရတဲ့ ဆန်းကြယ်ဖြစ်ရပ်ကို ပြောပြချင်လို့ပါ။ ဆရာလာနိုင်မယ်ဆိုရင် ခရီးစရိတ် အသွားအပြန် ကျွန်တော် တာဝန်ယူပါတယ်။

**မိသားစု ကျန်းမာချမ်းသာကြပါစေ။**

**ဆရာကို ကျွန်တော် မျှော်နေမယ်။**

**ဆရာ့ထပည့်**

**မိုးကျော်**



ကိုမိုးကျော်၏ပေးစာကို ရပြီး ကျွန်ုပ် သံဖြူဇရပ်သို့ မကြာမီ ရောက်ရှိသွားပါသည်။ ပေးထားသည့် လိပ်စာအရ သူ နေထိုင်ရာ သံဖြူဇရပ်မြို့၊ စက်သစ်ရပ်ကွက်၊ သီရိရတနာလမ်း။ အိမ်အမှတ်(...)ကို တွေ့ရှိရပြီး လှပသေသသပ်စွာ ဆောက်လုပ်ထားသော တစ်ထပ်အိမ်၌ ကိုမိုးကျော်ကို တွေ့ရပါသည်။

ခါးတစ်ဝက်နီးပါးရှိ **"သူတော်ဂမုန်းဖြူ"** နှစ်ပင်မှာ အိမ်ပေါက်ဝ တစ်ဖက်တစ်ချက်တွင် ခံ့ညား တင့်တယ်စွာ ဂမုန်းပွင့်များ ပွင့်လျက်ရှိသည်ကို မြင်ရသည်။

ကိုမိုးကျော်သည် ကျွန်ုပ်ကို လှိုက်လှဲပျူငှာကြိုဆိုပါသည်။ ဖော်ရွေသော သူ၏ ဇနီးနှင့် လိမ္မာယဉ်ကျေးသော သူ၏ သားသမီးများကိုကြည့်လျက် ကျွန်ုပ် ပီတိဖြစ်ခဲ့ရပါ၏။ ကျွန်ုပ် သူ၏ အိမ်၌ (၃-၄)ရက်ခန့် နေလိုက်ရသည်။

သည်တွင် သူပြောပြသော အဘိုး တလမွန်နှင့် ဖြစ်ရပ်ဆန်းကို ကျွန်ုပ် သိရှိရပြီး ဝတ္ထုရေးရန် ကုန်ကြမ်း ရလိုက်ပါသည်။

ဤသို့ဖြင့် ကော့သောင်းသို့ ကျွန်ုပ် ပြန်ရောက်သောအခါ ကိုမိုးကျော်၏ ပြောပြချက်များကို စိတ်ဝင်စားသဖြင့် ဝတ္ထုတစ်ပုဒ်အဖြစ် ရေးသားလိုက်ပါသည်။

* * *

ကျွန်ုပ် တပ်ကြပ်ကြီးမိုးကျော်သည် တပ်မတော်တွင် အနှစ်(၂၅)နှစ်ခန့် တာဝန်ထမ်းဆောင်ပြီး ပင်စင်စားဘဝဖြင့် ထွက်ခဲ့ပါသည်။

လုပ်သက်ဆုကြေးနှင့် ပင်စင်လစာကိုစောင့်ရင်း စာအုပ်အငှားဆိုင်လေးဖွင့်ကာ စားဝတ်နေရေးအတွက် အပြင်အလုပ်အကိုင်တစ်ခု ရှာဖွေနေခဲ့ပါသည်။

စစ်ပြန်အငြိမ်းစားဘဝ ရောက်မှ ဘုရားကျောင်းကန်ဘက် ဦးလှည့်နိုင်ပါတော့သည်။ တရားဥပုသ်စောင့်နိုင်ပါတော့သည်။

မော်လမြိုင်မြို့ ဖားအောက်တောရတွင် ရက်ပေါင်းလေးဆယ်ခန့် တရားဝင်ပြီးနောက် အင်ကြင်းတောင်ပေါ် တက်၍ ဝိပဿနာဘာဝနာ ပွားရှုခဲ့၏။

အမှန်ဆိုရလျှင် ကျွန်ုပ်သည် ဝိပဿနာဘာဝနာထက် သမထဘက်တွင် အားစိုက်မှုများ၏။ ကိုးလုံးပုတီးစိပ်၍ တရားပူဇော်မှု အားသန်ခဲ့သည်။

တစ်နေ့ညနေ...

ထိုနေ့သည် ကျွန်ုပ်၏ အသက် (၅၀)ပြည့် မွေးနေ့ဖြစ်သည်။ ရွှေရတုမွေးနေ့နှင့်လည်း နေ့ရက်ထပ်တူ ကျနေသဖြင့် နှစ်ကိုယ်ရစ်ဆု ဘုရားရှင်များအနက် ကျွန်ုပ်နှင့် မွေးနေ့တူသော မင်္ဂလာ,ပဒုမုတ္တရ, တိဿနှင့် ကဿပ ဘုရားရှင်များကို လည်းပူဇော်ပြီး ပြုနေကျဝတ်အတိုင်း အမျှကုသိုလ် ပေးဝေလိုက်စဉ်...

'သာဓု...သာဓု...သာဓု... ဖူးစာ ယောင်မိုးကျော် ဘေးရန်ကြောင့်ကြ ဆင်း ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ပါစေ'

ဟူသော ကြည်လင်အေးမြသည့်





www.burmeseclassic.com

www.burmeseclassic.com

အသံကို ကြားလိုက်ရသည်။

ထိုအသံကြောင့် မျက်လုံးကိုဖွင့်ကာ ကျွန်ုပ်၏ ဘေးဘယ်ညာမှ အသံရှင်ကို ရှာဖွေကြည့်၏။ မည်သူတစ်ဦး တစ်ယောက်ကိုမျှ မတွေ့ရပါ။

ကျွန်ုပ်သည် သံဖြူဇရပ်မြို့ အင်ကြင်းတောင်ပေါ် ရောက်လျှင် သဘာဝအတိုင်း ပေါ်ထွန်းနေသော ကျောက်တုံးကြီးအနီးတွင် ကျောက်တုံးကြီးကို မျက်နှာပြု၍ ထိုင်လေ့ရှိ၏။ ထိုကျောက်တုံးကြီး၏ အနီးတွင် အလွန်အရိပ်ကောင်းလှသည့် တောသရက်ပင်ကြီးတစ်ပင်လည်း ရှိနေ၏။

ကျွန်ုပ် တရားထိုင် ပုတီးစိပ်ရာ နေရာသို့ လူသူ အရောက်အပေါက် မရှိလှသဖြင့် ဆိတ်ငြိမ်ပါလျက် ရုတ်တရက် ကြားလိုက်ရသော အသံကြောင့် ကျွန်ုပ် တအံ့တဩ ဖြစ်ခဲ့ရသည်။

"သာခု" ခေါ်သူ၏ အသံကိုသာ ကြားရပြီး ဘယ်သူဘယ်ဝါမှန်း မသိရပါ။ ကျွန်ုပ် ထိုင်နေသည့် ကျောက်တုံး၏ တစ်ဖက်တွင် အသံရှင် ရှိလိမ့်မည် ဟုသာ မှန်းဆရပါသည်။

သာခုခေါ်သံတွင် "မောင်မိုးကျော်" ဟူ၍ ကျွန်ုပ်၏အမည် ပါသည်ကို မအံ့ဩသော်လည်း "လူလေး" ဟူသောအသံ ပါလာသဖြင့် ထိုအသံရှင်ကို ကျွန်ုပ် ကြားဖူးသလို ရှိနေသဖြင့် စဉ်းစားနေမိ၏။

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည့် အတိတ်ကာလ၏ နှောင်းပုံရိပ်။ မှုန်ပြည်နယ်၊ မုံရွာမြို့နယ် ရောင်းခေါင်း တပ်စခန်းတစ်နေရာ။ ဝိန္ဓပင်နှင့် ဒီးလုံးကြီးများ။ ရောင်းခေါင်းရွာထိပ် ဘေးမဲ့တောရဘုန်းကြီးကျောင်း။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ဖြူဖြူ ရှည်ရှည်၊ ပါးပါးအဖြူ သျှောင်ထုံး



ပတ်ထားသည့် ဝတ်ဖြူစင်ကြယ်နှင့် အဘိုး။ ဧကန္တမှိုင်းအတွင်းမှာပင် ထို အသံရှင်ကို ကျွန်ုပ် သိလိုက်ရပါပြီ။

'အဘိုး...အဘိုးတာလမွန်'

ယနေ့ထိ မမေ့နိုင်သော အသံရှင်သည် **"အဘိုးတာလမွန်"** မှတစ်ပါး အခြားမရှိနိုင်သဖြင့် ကျွန်ုပ် ပြန်လည် အသံပြုလိုက်ပါသည်။ ထိုအခါ ကျောက်တုံးကြီး၏တစ်ဖက်မှ...

'ဟုတ်ပါတယ် လူလေး မောင်မိုးကျော် အဘိုးတာလမွန်ပါ။ လူလေးက ယနေ့တိုင် အဘိုးပေးထားတဲ့ ကိုးလုံးပုတီးကို ဆောင်ထားတာတွေ့ရတော့ ဝမ်းသာလှပါ။ လူလေး ထိုင်ပြမြဲထိုင်နေပါ။ အဘိုးပြောတာကိုပဲ ရောင်းခေါင်းစခန်းမှာတုန်းကလို နားထောင်ပေးပါ။

လူလေးဟာ အဘိုးရဲ့ သားတပည့်ပါ။ အများအကျိုး နိုင်ငံ့အကျိုးအတွက် အဘိုးနဲ့အတူ လူလေး လုပ်စရာတွေရှိတယ်။ လူလေးရဲ့ တအုပ်အနားဆိုင်ကလေးကို ဖော်ညည်ကိုလွှဲပြီး အလုပ်တစ်ခု လုပ်ရလိမ့်မယ်။ လူလေး လုပ်နိုင်ပါ့မလား စဉ်းစား ဆုံးဖြတ်ပြီးမှ အဖြေပေးပါ'

အဘိုးတာလမွန်၏ မျက်နှာကို ကျွန်ုပ် မြင်ချင်လှသော်လည်း အဘိုးက ထိုင်မြဲထိုင်နေပါဆိုသဖြင့် ကျွန်ုပ်မှာ မရှင့်မရဲနှင့် ထိုင်နေရ၏။

အဘိုးက အလုပ်နှင့် ပတ်သက်၍ ကျွန်ုပ်၏ ဆန္ဒကို မေးလာသဖြင့် လက်ထဲမှ ပုတီးကုံးကလေးကို ပခါနှင့် ထုပ်၍ အိတ်ထဲထည့်ပြီး ဆိုင်းမတွ ပင်...

**ကျွန်ုပ်** ။ ။'အဘိုးခိုင်းရင် ဘာမဆို ကျွန်တော် လုပ်ပါ့မယ်'

**အဘိုး** ။ ။'အဘိုး မခိုင်းသေးပါဘူး။ လူလေး လုပ်မယ်ဆိုရင် ဒီနေ့က လူလေးရဲ့ ရွှေရတုမွေးနေ့ ကြာသပတေးဆိုတော့ လာမယ့် စနေနေ့မှာ လူလေး ရန်ကုန်ကို သွားရမယ်။

လူလေးရဲ့ဆရာ ဗိုလ်မှူး နေဝင်းထွန်း(ငြိမ်း)ကို သွားတွေ့ပြီး အလုပ်တောင်းပါ။ သူက အလုပ်တစ်ခုမှာ ညွှန်မှူးဖြစ်နေတယ်။ သူပေးတဲ့ အလုပ်ကို မငြင်းပါနဲ့ လက်ခံလိုက်ပါ။ အချိန်တန်ရင် လူလေး အဘိုးကို တွေ့ရမယ်။ အခုတော့ အဘိုးကို စိတ်ခိုင်မှန်းပြီး ကန်တော့ပါ'

**ကျွန်ုပ်** ။ ။'ကျွန်တော် ရန်ကုန်ကိုသွားပါ့မယ် အဘိုး။ အဘိုးကို ကန်တော့ပါတယ်'

**အဘိုး** ။ ။'သာခု... သာခု... သာခု... လူလေး ဘေးကင်းရန်ဝေးပါစေ။ အဘိုး ယုံကြည်စိတ်ချပြီ။ လူလေးရဲ့ တရားကိုစွပြီးရင် အဘိုးရှိရာ ကျောက်တုံးဘက်မှာ ငှက်ပျောသီး တစ်လုံးနဲ့ အထုပ်ကလေး လာယူပါ။

ငှက်ပျောသီးကို လူလေးစား။ အထုပ်ထဲက ပစ္စည်းကို ထုခွဲပြီး လူလေးရဲ့အိမ်ကို တစ်ထပ်အိမ် သန့်သန့်ခေါက်၊ မိသားစုသုံးစွဲ နေ့စဉ် ဆွမ်းတော်ပါ လူလေး။ ကဲ အဘိုးသွားပြီ'

အဘိုးတာလမွန်၏အသံ ပျောက်ကွယ်သွားသဖြင့် ကျွန်ုပ်၏ ကိစ္စတည်း ပြီးစီးပြီ ဖြစ်သောကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com

ထပြီး အဘိုးရှိရာတက်သို့ အပြေးသွားခဲ့ပါသည်။



အဘိုးကို အရိပ်အယောင်မျှ မတွေ့လိုက်ရသော်လည်း နေညိုချိန်ကာလ အရှေ့ဘက်သို့ အစိမ်းရောင်မီးတန်းလေး ဖြတ်သွားနေသည်ကို ကောင်းကင်မှာ မြင်လိုက်ရသည်။

သူတော်စင်ကြီး အဘိုးတလမွန်သည် ကျွန်ုပ် မြင်သာအောင် သူ၏ကိုယ်စားပြခဲ့သည်ဟု ထင်ပါသည်။

ထို အစိမ်းရောင်မီးတန်းလေး ပျောက်ကွယ်သွားသည့်အခါ အဘိုးနေခဲ့သည့် ကျောက်တုံးဘက်ခြမ်းသို့ ကြည့်လိုက်ရာ ရွှေငှက်ပျောသီးအလုံးထွားထွားလှလှ တစ်လုံးနှင့် အင်ရွက်နှင့် ထုပ်ထားသော အထုပ်ကို တွေ့ရသည်။

ကျွန်ုပ်သည် အဘိုး မှာကြားခဲ့သည့်အတိုင်း ရွှေငှက်ပျောသီးကို အခွံနွာ၍ စားရာ အလွန် မွှေးကြိုင်ချိုမြနေပါသည်။ တစ်လုံးလုံး စားမကုန်သဖြင့် တစ်ဝက်စားပြီး သိမ်းဆည်း၍ အင်ရွက်ထုပ်ကို ဖြေကြည့်ရာ…

'ဟာ…ဟင်…'

ကျွန်ုပ် တအံ့တဩ ဖြစ်သွားရပါ၏။ ရွှေလက်ကောက်ခုနစ်ကွင်း၊ ဆွဲကြိုးနှစ်ကုံးနှင့် ရွှေဒင်္ဂါးသုံးပြားကို မြင်ရသည်။

လက်ရာမြောက် ရွှေထည်များ ဖြစ်နေသည့်အတွက် မှောင်ရီပျိုးစ ပြုလာပြီ ဖြစ်သောကြောင့် အင်ရွက်နှင့် ပြန်ထုပ်ပြီး လွယ်အိတ်ထဲသို့ ထည့်ကာ အင်ကြင်းတောင်ပေါ်မှ ပြန်ဆင်းခဲ့သည်။

အိမ်သို့ ပြန်ရောက်သောအခါ ဖနီးသည်ကို အကြောင်းစုံ ပြောပြရန် အချိန်မတန်သေးသဖြင့် ထိုရွှေထည်ပစ္စည်းများကို ကျွန်ုပ်၏ စာအုပ်သေတ္တာထဲ၌ သိမ်းဆည်းထားလိုက်သည်။

ကြယ်မြင်လမြင် အိမ်ကလေး။ အမိုးအကာအရံ မလုံသည့် အိမ်ကလေး။ ယိမ်းယိုင်နေသည့် အိမ်ကလေး။

ပေနှစ်ဆယ်၊ ခြောက်ဆယ် မြေကွက်ထဲ၌ တဲသာသာရှိသည့် အိမ်ကလေးကို အဘိုး၏ ထောက်ပံ့ကူညီမှုဖြင့် မကြာမီကာလ၌ တစ်ထပ်အိမ်သန့်သန့်တစ်လုံးကို ကျွန်ုပ် ဆောက်ရပေးမည်။

ဖနီးသည်အတွက် ဆွဲကြိုးတစ်ကုံးနှင့် လက်ကောက်နှစ်ကွင်းဆင်ပြီး ကျန်ပစ္စည်းများကို ထုခွဲရောင်းချရန် အစီအစဉ်ဆွဲပြီး ဘုရားဝတ်တက် ညစာထမင်းစားကာ အိပ်ရာဝင်ချိန်၌ အဘိုးတလမွန်ကို မှန်းဆ၍ ဦးချကန်တော့လိုက်ပါသည်။

'ဖြော…အဘိုးတလမွန်ရယ် ကျွန်တော်တို့အပေါ်မှာ အဘိုး ကျေးဇူးပြုတဲ့ မေတ္တာစေတနာတွေကို ကတိသစ္စာ တည်စွာနဲ့ ပြန်လည်ပေးဆပ် တာဝန်ကျေပါ့မယ်။ ရန်ကုန်ကို ကျွန်တော် သွားပါ့မယ်။ အဘိုး ညွှန်ကြားနိုင်သမျှ ကျေနပ်စွာ ကျွန်တော် လုပ်ပါ့မယ်'

ကျွန်ုပ် တိုင်တည်သစ္စာပြုလျက် စနေနေ့တွင် ရန်ကုန်သို့ သွားခဲ့သည်။ ဌာနတစ်ခုမှ ညွှန်မှူး ဗိုလ်မှူးနေဝင်းထွန်း(ငြိမ်း)သည် ကျွန်ုပ်ကို တွေ့သည်နှင့် တစ်ရင်းတစ်ရင်းတည်း နေလာခဲ့သူများဖြစ်၍ ရင်းရင်းနှီးနှီးပင်…

**ဗိုလ်မှူးနေဝင်းထွန်း(ငြိမ်း)။** ။'ဆရာမိုးကျော် တစ်ကာထွက်ပြီး အခု ဘာလုပ်နေသလဲ'

**ကျွန်ုပ်** ။ ။'ဘာအလုပ်မှ မရှိလို့ ဗိုလ်မှူးဆီမှာ အကူအညီ တောင်းဖို့ ကျွန်တော် လာခဲ့တာပါ'

**ဗိုလ်မှူး။** ။'အတော်ပဲ ကျုပ်တို့ သံဖြူရေပ်မှာ အုန်းစိုက်ပျိုးရေး စီမံကိန်းရှိတယ်။ မန်နေဂျာက ဦးမောင်မောင်ခင်၊ မြို့ခံအနေနဲ့ ခင်ဗျား ဒီမှာ အလုပ်ဝင်လုပ်ပါ။

သူ့ဆီကို ကျုပ် စာရေးပေးလိုက်မယ်။ ပေါက်တူးကိုင်ရမယ်၊ အုန်းပင်တွေ ပျိုးရမယ်။ လစာ နှစ်ရာပဲရမယ်၊ လုပ်နိုင်ပါ့မလား'

ဗိုလ်မှူး၏ အမေးကို မလုပ်နိုင်ဟု ဆိုကာ ကျွန်ုပ် ခေါင်းမခါနိုင်ပါ။ တစ်မတော်တွင် ကျောပိုးအိတ်လွယ် သေနတ်ကိုင်ကာ စစ်မြေပြင်မှာ နေလာခဲ့ရသူအတွက် ပေါက်တူးကိုင်ရန် မခက်လှပါ။ အဘိုးတလမွန်က ပေးထားခဲ့သည့် ကတိစကားအရ…

'ကျွန်တော် လုပ်ပါ့မယ်'

ဟု ခေါင်းညိတ်လိုက်ပါသည်။

ထိုအခါ ဗိုလ်မှူးနေဝင်းထွန်းသည် အုန်းခြံမန်နေဂျာ ဦးမောင်မောင်ခင်ထံသို့ စာတိုတစ်စောင် ရေးပေး… ကျွန်ုပ်ကို အပြန်လမ်းစရိတ်ပေး၍…

'စစ်ဆင်ရေးတစ်ခုမှာ ကျုပ်တို့ထမ်း… ကြတာ့ ဆရာမိုးကျော် ကျုပ်…



www.burmeseclassic.com

www.burmeseclassic.com



ထန်းလျက်သုံးခဲရဲ့ ကျေးဇူးကို
တစ်သက် မမေ့ပါဘူးရာ
ကနေ့ထိ သတိရနေတယ်။
ညွန့်မှူးတစ်ယောက် အနေနဲ့
လုပ်ပိုင်ခွင့် ရှိပေမယ့်
ဆရာမိုးကျော်ရဲ့ အရည်အချင်းကို
သိလို့ တစ်လနှစ်ရာနဲ့ ပေါက်တူး
ကိုင်မိုင်းရ တာကိုတော့ ခွင့်လွှတ်ပါ'

တစ်ရာသော ငွေဦးစစ်ဆင်ရေး ကာလ၌ ပြည်ပြေးကျော်နီတို့အဖွဲ့နှင့် တိုက်ပွဲဖြစ်ပြီး ပြည်ပြေးတင်ငွေအဖွဲ့မှ ဗိုလ်မှူးနေဝင်းထွန်း(ထိုစဉ်ကတပ်ခွဲမှူး ဗိုလ်ကြီး)၏ တပ်ခွဲကို ထွက်ပေါက်မရှိအောင် ပိုင်းထားစဉ်...

မီးနီးတိတ်လှုပ်ရှားရချိန် ဆန်စိမ်းကို ဝါး ရေကိုချွေတာ သောက်ခဲ့ရချိန် သွားလေရာ ထန်းလျက်ပါတတ်သော ကျွန်ုပ်သည် ဗိုလ်မှူးနေဝင်းထွန်းကို ထန်းလျက်သုံးခဲ ဝေမျှပေးခဲ့ဖူးပါသည်။

ထန်းလျက်သုံးခဲစား၍ ရေသောက်ကာ ကျေးဇူးတင်ကြောင်း ပြောခဲ့သော ဗိုလ်မှူးနေဝင်းထွန်းသည် ဘဝမမေ့တဲ့ ကျေးဇူးတရားကို အမှတ်ထားပုံလျှင် အသိုးတလမွန်၏ ကျေးဇူးနှင့် အလုပ်တစ်နေရာပေးခဲ့သော ဗိုလ်မှူးနေဝင်းထွန်း၏ ကျေးဇူးကို ကျွန်ုပ်လည်း အမှတ်ထားရပါလိမ့်မည်။

ဤသို့ဖြင့် ဗိုလ်မှူးနေဝင်းထွန်းပေးသော စရိတ်ငွေနှင့် စာကိုယူလျက် နှုတ်ဆက်ပြီး ကျွန်ုပ် သံဖြူဇရပ်သို့ ပြန်ခဲ့သည်။

* * *

အုန်းစိမ်းကိုင်း ရုံးစိုက်ရာ သံဖြူဇရပ်မြို့နယ် "ဝယ်ဝင်ကာရာ"ရှိ မန်နေဂျာ ဦးမောင်မောင်ခင်ကို ကျွန်ုပ် သွားရောက်တွေ့ဆုံကာ ဗိုလ်မှူးနေဝင်းထွန်း ပေးလိုက်သည့် အိတ်ပိတ်စာကို ရှိသေစွာ ပေးလိုက်ပါသည်။

ဦးမောင်မောင်ခင်သည် စာကို ဖောက်ဖတ်ပြီး ကျွန်ုပ်ကို အကဲခတ်ကြည့်လျက် ပြုံးချိုသော မျက်နှာဖြင့်...

'ဆရာမိုးကျော်တို့က တယ်ထဲမှာလဲ ပင်ပန်းခဲ့ကြတယ်။ ယခုထက်ရာရွာမှာ မနေပါနဲ့။ သံဖြူဇရပ်မှာပဲနေပါ။

"ထုန်ချောင်းရွာ"အလွန် သံဖြူဇရပ်မြို့အထိမှာ ကျွန်တော်တို့ အုန်းသိုလှောင်ရုံ အဆောက်အအုံနှစ်လုံးရှိတယ်။ ညစောင့်တစ်ယောက်ရှိတယ်။ ဆရာမိုးကျော်က အဲဒီ အဆောက်အအုံမှာ နေပေးပါ။ လကုန် ကျွန်တော် လစာလာထုတ်ပေးမယ်'

ကျွန်ုပ်ကို အလုပ်ခန့်အပ်ပြီး တာဝန်ပေးလိုက်သည့်အတွက် နောက်နေ့မှစ၍ ကျွန်ုပ် အုန်းသိုလှောင်ရုံသို့ ပြောင်းရွှေ့ခဲ့သည်။ မြေနေရာ အကျယ်အဝန်းမှာ ခြောက်ဧကကျော် ရှိသည်။

ထိုနေရာတွင် ယခင်ကတည်းက နွား။ ဝက်၊ ဆိတ် သားသတ်လုပ်ငန်း၊ ရှိနေသည်။ မြို့အစွန်လည်း ဖြစ်နေသဖြင့် ခုစရိုက်သမားတို့ ဖြတ်သန်းရာ၊ ရှပ်ထွေးကျက်စားရာ ဖြစ်နေသောကြောင့် ညအခါတွင် ထိုဝင်းအတွင်း၏ တစ်ဖက်တွင် ညစောင့်မိသားစု။ သည်ဘက်အစွန် အဆောက်အအုံတွင် ကျွန်ုပ်တစ်ယောက်တည်း ဖြစ်နေသည်။

ထိုစဉ်က လျှပ်စစ်မီးလည်းမရှိ မှောင်မည်းနေ၏။ မြေပြင်မှာလည်း ပြုပြင်ရှင်းလင်းထားခြင်း မရှိသေးသဖြင့် မြက်တော ချုံတော ထူထပ်ခြင်းကြောင့် မြွေကင်းများ ပေါလှသည်။

အဆိုးဝါးဆုံးမှာ ညအခါတွင် ဝရလောကသားတို့၏ အခြောက်အလှန့် ရှိနေသည်။

စင်စစ် ထိုနေရာသည် ဂျပန်စစ်ဝါဒီများ စိုးမိုးချိန် ၁၉၄၂–၄၅ ကာလအတွင်းက ချွေးတပ်သားများ အတုံးအရုန်း သေကျေခဲ့ရာ၊ မြှုပ်နှံခဲ့ရာ သင်္ချိုင်းလည်း ဖြစ်ခဲ့၏။

ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် ဤအုန်းသိုလှောင်ရာ နေရာတွင် ဆိုးဆိုးဝါးဝါး ကိုယ်ထင်ပြ ခြောက်လှန့်ခြင်းကို ခံခဲ့ရသည်။

ညအခါတွင် ဂျပန်စစ်သားလိုလို၊ ဓိနီးမကြွမ်းကြီးလိုလို၊ အရိုးပြိုင်းပြိုင်းချွေးတပ်သားပုံစံနှင့် လူ့ဘီလူးကြီးတို့၏ အသက်ရှူမရအောင် ခန္ဓာကိုယ်ပေါ်တွင် တက်ဖိထားခြင်းများ ခံခဲ့ရဖူးသည်။

လိပ်ပြာလွင့်မတတ် ထိတ်လန့်ကြောက်ရွံ့ခဲ့သော်လည်း အသိုးတလမွန်ကို ပေးထားခဲ့သည့် ကတိအတိုင်း စိတ်ကိုတင်းကာ ဂုဏ်တော်များ ရွတ်ဖတ်လျက် အကာအကွယ်ပြုနေခဲ့ရသည်။

ညဆိုလျှင် အေးချမ်းစွာ အိပ်စက်ခဲ့ရသည့် နေ့ရက်များ မရှိသလောက် ဖြစ်ခဲ့ရသည်။

တစ်ခါတစ်ရံ စိတ်ချောက်ချားလွန်း၍ ဤအလုပ်မှ ထွက်ချင်စိတ်ပင် ဖြစ်ပေါ်လာခဲ့၏။ ကြောက်လန့်လွန်း ပြေးလိုစိတ်ကို အဝန်ဝန် တင်းခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com

သည်။

မေတ္တာသုတ်၊ ခန္ဓသုတ်နှင့် ပရိတ်ကြီး ဓာလသုတ်များ ရွတ်ဖတ်လျက် အမျှ ကုသိုလ်ပေးဝေမှုကြောင့် မည်သည့် အနှောင့်အယှက်မှ မရှိတော့ဘဲ တည်ငြိမ်အေးချမ်းလာခဲ့သည်။

ထိုသို့ အေးချမ်းပြီး နေသား ကျလာသည့် တစ်နှစ်နီးပါး ကာလ၌ အုန်းစိမ်းကိန်းမှာ အောင်မြင် တိုးတက်သည့် အခြေအနေ မရှိတော့ သဖြင့် လုပ်ငန်း ရပ်စဲလိုက်သည်။

ကျွန်ုပ်မှာလည်း လုပ်ငန်း ရပ်စဲ လိုက်သည့်အတွက် အလုပ်မှ ထွက်ခဲ့ ရသည်။ အလုပ်လက်မဲ့ဘဝတွင် စာ အုပ်အငှားဆိုင်ကလေးကို ကြီးကြပ် လုပ်ကိုင်နေရ၏။

စစ်မှုထမ်းဟောင်းဆရာကြီးနှင့် ပင်စင် လစာလည်း ရရှိနေပြီဖြစ်သဖြင့် အဘိုး တလမွန်၏ မှာကြားချက်အတိုင်း သိမ်းဆည်းထားခဲ့သော ရွှေထည် ပစ္စည်းများကို ထုခွဲရောင်းလိုက်၏။

ထိုက်သင့်သော ငွေများ ကျွန်ုပ် လက်ဝယ် ရှိနေသဖြင့် အိမ်ကွက်ဘေး မှ ပေနှစ်ဆယ်၊ ခြောက်ဆယ် မြေကွက် ကလေးကို ဝယ်ယူလိုက်သည်။

တဲသာသာ အိမ်စုတ်ကလေးကို ဖျက်၍ လုပသစ်ရပ်သည့် တစ်ထပ် အိမ်ကလေးကို ပြန်ဆောက်ပြီး အိမ် တက်ဆွမ်းကျွေးမင်္ဂလာ ပြုခဲ့သည်။ ထိုနေ့ည၌ အဘိုးတလမွန်သည် အိပ်မက်ပေးခဲ့သည်။

ဝတ်ဖြူစင်ကြယ်နှင့် အဘိုးသည် ကျွန်ုပ်အိမ်သို့ ရောက်ရှိပြီး ဘုရား ဆောင်၌ ဆီမီးရေချမ်းများ ကပ်လှူ ပူဇော်ပြီး စကားတွေပြောခဲ့၏။

'လုလေး ယောင်္ကျားပီသကျော် အလုပ်လက်မဲ့ ဖြစ်သွားလို့ စိတ်မကောင်း ဖြစ်နေပြီလား။ ဝမ်းသာစရာပါ လုလေးရယ် လုလေးရဲ့



ကောင်းမှုကုသိုလ် အမှုတော်ကြောင့်အုန်းစိမ်း ကိန်းဝင်ထဲမှာ ပိုနေကြရတဲ့ ပရလောက သားတချို့ ကျွတ်လွတ်ခဲ့ကြပြီလေ။

ဒီမြို့ကို လုလေး ပိုင်ပိုင်နိုင်နိုင်အောင် အဘိုး ကြိုတင်စီမံခိုင်းလိုက်တာပဲ။ ထစ်ကျော့ပြန် မိုကျော်အဖြစ် လုလေး တစ်နေ့ ဒီအုန်းစိမ်း ကိန်း နေရာကို ပြန်ရောက်ဦးမယ်။

သားသတ်လုပ်ငန်း အုန်းစိမ်းကိန်းတွေ ပျက်သည့်ပြီး ဒီနေရာဟောင်းဟာ သံမြို့ ရဲ့ပြိုင်ပွဲ အလှပန်းချီနဲ့ ရုံးသစ် လွှင့်ပုံ နေမယ့် သိုမ်းဝင်ပြတိုက်(Museum)၊ မြို့တော်ခန်းမ(City Hall)တွေနဲ့ မြို့ ကျက်သရေဆောင် နေရာတစ်ခု ဖြစ်လာ လိမ့်မယ်။ ဒီနေရာမှာ လုလေး တာဝန်တစ်ခု ဆောင်ရွက်ရဦးမယ်။ လုပ်ငန်းသစ် မထိမ် ပါကြား လုလေးကို အဘိုး အလုပ်တစ်ခု ပေးလိုက်ပြီ။

......မြို့ပြ သမဝါယမဦးစီးမှူး လုပ်ခဲ့တဲ့ ဦးမိုးဝင်း(အငြိမ်းစား)ကို စုံစမ်းပြီး သွားနဲ့သွား တွေ့။ သံမြို့ရဲ့ပြိုင်ပွဲ အနောက်တောင် ဘက် တစ်မိုင်ခန့်အကွာမှာ မှန်အငေါ် "မိန်ဘာလာတောင်"ဆိုတာ ရှိတယ်။ ဒီ တောင်အကြောင်းနဲ့ ပတ်သက်ပြီး လုလေး ပြည့်ပြည့်စုံစုံ မှတ်တမ်းယူထားပါ။

ပြီးတော့ စာရေးဆရာကြီး "လင်းယုန် သစ်လွင်"ရေးခဲ့တဲ့"ကိုယ်တွေ့ရှေးမှတ်တမ်း" ကိုရှာပြီး ဖတ်ထားပါ။ တစ်ချိန်မှာ လုလေး စုဆောင်းထားတဲ့ မှတ်တမ်းတွေက လုပ်ငန်း ထဲတဲ့အခါမှာ အထောက်အကူ ပြုလာလိမ့် မယ်။ ကဲ...လုလေး နှမ်းနှမ်းပြိုက်ပြိုက် ပြန်အိပ်ပေတော့ အဘိုး သွားပြီ'

အဘိုး တလမွန်၏ အိပ်မက်ထဲ၌ ပြောခဲ့သော စကားများကို အတိအကျ မှတ်သားပြီး ကျွန်ုပ် နှစ်ခြိုက်စွာ ပြန်အိပ်လိုက်သည်။

နံနက်(၅း၃၀)နာရီအချိန်တွင် ဇနီး သည်က လာနှိုးသဖြင့် အိပ်ရာက ထလိုက်သောအခါ တစ်အိမ်လုံး စံပယ်ပန်းရနံ့များ မွှေးကြိုင်နေသဖြင့် ဇနီးသည် ဘုရားပန်းကပ်လှူထား သည်ဟုထင်၍ မျက်နှာသစ်ပြီး ဘုရား ဝတ်ပြုရန် ဘုရားဆောင်သို့ ရောက် လျှင် ဘုရားဆွမ်းပန်း ကိုင်ထားသည့် ဇနီးသည်က...

'ဒီရွှေကပ်ပျော့သီး အစ်ကို ကပ်လှူထား တာလား'

ကျွန်ုပ်မှာ ယခုမှ အိပ်ရာမှ နိုးခဲ့သူ ဖြစ်၏။ ကျွန်ုပ် ကပ်လှူထားခြင်း မဟုတ်ပါ။ သားနှင့်သမီးမှာလည်း ညဉ့်နက်အောင် စာကျက်ခဲ့ကြသဖြင့် အိပ်ရာက မထသေး။

ဘုရားဆောင်ပေါ် ကြည့်လိုက် သောအခါ စိမ်းစိုလှပသည့် ရွှေငှက် ပျောသီးတစ်ဖီးကို ငွေလင်ပန်းနှင့် အကျအန ကပ်လှူထားသည်ကို တွေ့ ရသည်။

'အစ်ကို မလှူထားပါဘူး'

'ဒါဆို...'

---

ရှေ့လ ဆက်ဖတ်ပါရန်

ဝေသုန်သက်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# မိုးတိတ်စေအင်း....



ကျွန်တော်သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလထုတ်၊ အမှတ်(၃၅၁)၊ စာမျက်နှာ(၁၄၅)၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် "**မိုးရွာစေအင်း**" ဆောင်းပါးကို ရေးသားတင်ပြပြီး ဖြစ်ပါသည်။

သို့ရာတွင် "မိုးရွာစေအင်း" ချပြီး မိုးများ လိုအပ်သည်ထက် ပိုမိုများပြားနေပါက အတိုင်းထက်အလွန် မိုးရွာသွန်းမှု ပိုမိုများပြားပြီး မိုးသည်းထန်လျှင် "**မိုးတိတ်စေ**" အင်းကို ဆက်လက်ချရပါမည်။

သီလသမာဓိ အားနည်းသူများအဖို့ မလိုအပ်သော်လည်း သီလ၊ သမာဓိ အားကောင်းသူများအတွက် အမှန်တကယ် လိုအပ်သော မမေ့မလျော့ အသုံးပြုမည့် "အင်း" ဖြစ်ပါသည်။

"မိုးတိတ်စေအင်း" ကို မချမိဘဲ မေ့လျော့နေလျှင် မိုးမတိတ်ဘဲ မိုးများ ရက်ဆက်ရွာသွန်းနေပါက ဝဲနေယျ သတ္တဝါများ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ကျရောက်ခဲ့သော် "အင်း" ချသူ ထံ့ရှိလိမ့်မှာ အပြစ်ဖြစ်နိုင်သည်ဟု ကျွန်တော့်ဘဘ(အဖေကြီး)က မှာကြားခဲ့ပါသည်။

အင်းချပုံချနည်းမှာ "**မိုးရွာစေအင်း**" ကဲ့သို့ ဖြစ်ပါသည်။

ညီညာသော စတုရန်းပုံ၊ အကျယ် အဝန်းတူ (၉)ကွက်အင်းပုံစံဖြစ်ပါသည်။ အင်းချစဉ် မျဉ်းများ (၂)ကြိမ် ဆွဲရပါ။ မျဉ်းပိုခြင်း၊ မှင်စက်၊ အစွန်းအပြောက်များ မရှိစေရပါ။ ဂဏန်းရာများ ကင်းရမည်။

အင်းချနေစဉ် သရဏဂုံသုံးပါးကို နှုတ်မှဖြစ်စေ ရွတ်ဆိုနေရမည်။ စိတ်မှ ဖြစ်စေ နှလုံးသွင်းနေရမည်။ အင်းမချမီ ငါးပါးသီလ ခံယူရမည်။ မေတ္တာ ဘာဝနာ ပွားရမည်။

အင်းချလက်ာမှာ...

"တေသ" ကိုတည် "နရ" နဲ့စား ဖျူရပ် နှိုရောက်လျှင် ထွန်းတောက်စေသော။

ထိုသို့ ရွတ်ဆိုပြီးလျှင် အောက်ပါအတိုင်း အင်းကို ချပါ။

"မိုးတိတ်စေ" ဟု ဆောင်း ဆောင်လိုက်ရပြီး အက္ခရာနံသင်္ချာဂဏန်းများကို ထောင်လိုက် ပေါင်းပါ။ ပေါင်းရကိန်းကို နရ(၈)ဖြင့် စားပါ။

အကြွင်းကို အင်း၏ ဘယ်ဘက်ထောင့်၌ မြင်းကွက်(၄)ကွက်ဖြင့်ချပါ။ အင်း၏ အလယ်ဗဟိုကွက်တွင် ပေါင်းရကိန်း(တေသ) ရောက်ရှိလျှင် အင်းကွက် မှန်ကန်ပါသည်။

အကြောင်းအကျိုး မှန်ကန်သော ကောင်းမြတ်သောစိတ်ဆန္ဒဖြင့် ဆောင်ရွက်ရမည်ဟု "မိုးရွာစေအင်း" နှင့် "မိုးတိတ်စေအင်း" တို့ဖြင့် ပတ်သက်၍ ကျွန်တော့်ဘဘဖြစ်သူက မှာကြားခဲ့ပါသည်။

အများပြည်သူ့ အကျိုးအတွက် မေတ္တာရှေ့ထားပြီး စေတနာမှန်ဖြင့် ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။

ကျွန်တော့်ဘဘ (အဖေကြီး)ဖြစ်သူ **ဦးညွှန့်၊ ရွှေဘိုမြို့နယ်၊ ပထိုင်းရွာ တိုင်းရင်းဆေးဆရာကြီး**ကို ဤဆောင်းပါးဖြင့် ကန်တော့လိုက်ပါသည်။

"မိုးတိတ်စေအင်း"

မိုး = ၅

တိတ် = ၇

စေ = ၃

၈ | ၁၅ | ၁

၈

၇ ကြွင်း

| | | |
|---|---|---|
| ၇ | ၁၀ | ၁၃ |
| ၁၂ | ၁၅ | ၈ |
| ၉ | ၁၄ | ၁၁ |

*မိုးလေဝသမှန်ကန်ပြီး ကောက်ပဲသီးနှံများ ဖြစ်ထွန်းကြပါစေ...*

**ထက်မြက်မြင့် (ဝက်လက်)**



www.burmeseclassic.com

www.burmeseclassic.com

# သရက်ပင်ပျိုး

### အသီးသီးစေရန် မှန်ထုတ်နည်း



သရက်ပင်ကို အစေ့မှ ပျိုးထောင်ပြီး အပင်အမြင့် တစ်တောင်ခန့် မရှိတရှိတွင် မြေပြင်ကျင်းထဲသို့ ချစိုက်ရပါသည်။

ထိုသို့ ချစိုက်ပျိုးပြီး အပင်သက် သုံးနှစ်မှ လေးနှစ်တွင် အပွင့်ပြ၊ သီးကင်းပြ အသီး သီးရပါသည်။

ပင်ပျိုသရက် သုံးနှစ်၊ လေးနှစ်တွင် အပင် ဖြစ်ထွန်း ပါလျက်နှင့် သီးပွင့် သီးကင်း မပြဘဲ အသီးမသီးလျှင် "ဟုန် ထသည်" ဟု လည်းကောင်း၊ **"ဟုန်းထနေသော"** ဟုလည်း၊ ခေါ်ဆို ပြောကြပါသည်။

ထိုသို့ ဟုန်နေ၊ ဟုန်းနေလျှင် **"မှန်"** ထုတ်ပေးရပါသည်။

ယင်းကဲ့သို့ သရက်ပင်ပျိုများ၊ မှန် ထုတ်ရာတွင် သက်တမ်းရင့်ပြီးသော ကိုးနှစ်၊ ဆယ်နှစ်အရွယ် သရက်ပင်များကဲ့သို့ ပင်စည်ကို မညှာမတာ ဓားဖြင့် ထစ်၍ ထုတ်ပစ်ခြင်း မပြုရပါချေ။

ထိုသို့ ဓားဖြင့် ပင်စည်ပတ်လည် ထစ်၍ မှန်ထုတ်ပစ်လျှင် သရက်ပင်ပျိုမှာ ဝိုးဝင် နာသွားပြီး ပျက်စီးသေသွားတတ် ပါသည်။

သရက်ပင်ပျို မှန်ထုတ်နည်းမှာ အလွန် လွယ်ကူပြီး မသိလျှင် ခက်ခဲပါသည်။

'သရက်ပင်ပျိုကို မှန်ထုတ်ရန်အတွက် သုံးနှစ်သား သရက်ပင်ပျိုဆိုလျှင် ထိပ်ခေါင်တွင် ထွက်လာသော ကိုင်းများမှ ခေါင်ညွန့် သုံးညွန့် ချိုးယပ်ပစ်ပါ။

လေးနှစ်သားဆိုလျှင် လေးညွန့်၊ ငါးညွန့် အရွယ်ဆိုလျှင် ခေါင်ညွန့် ငါးညွန့် ချိုးယပ်ပစ်လိုက်ပါ။

ထိုသို့ ခေါင်ညွန့် ချိုးယပ် မှန်ထုတ်လိုက်ခြင်းဖြင့် သရက်ပင်ပျိုသည် အသီးသီးလာစေပြီး သီးသမျှ သရက်သီးများလဲ တင်စေပါတယ်'

**နတ်မောက်မြို့နယ်၊ သပြေပင်တောကျောင်းမှ** သရက်၊ မာလကာ၊ ပိန္နဲ၊ ဩဇာနှင့် အခြား သီးပင်စားပင်များ ကျောင်းဝင်းခြံတွင် စိုက်ပျိုးပြုစုနေသူ **ကဝိဓဇ အဘဦးဉာဏိန္ဒ**၏ လက်တွေ့ ပြောပြချက်ကို အသံဖမ်း ယူ၍ တင်ပြ ရေးသားအပ်ပါသည်။

**နတ်မောက် မျိုးခေါ်**



www.burmeseclassic.com

www.burmeseclassic.com

# မြွေပြဒါး အသားကြွ

ရွှေဦးပိုင်
(ရမည်းသင်း)



မြွေပြဒါးဆိုတာ ကျွန်တော်တို့ အရပ်ဒေသမှာ ရှိပါတယ်။ မြွေမွေး လောက်တော့ နေရာအနှံ့အပြားမှာ မတွေ့ရပါဘူး။

များသောအားဖြင့် မိုးရာသီမှာ မိုးများများရွာပြီး လယ်ပြင်မှာ ရေဖွေး အောင် မြင်ကြရတဲ့ အခါမျိုးနဲ့ လယ်ထဲကို စပါးစိုက်ဖို့ရာ ထွန်ယက်နေတဲ့အခါ မျိုးတွေမှာ တွေ့ရတာ များပါတယ်။

အခု ကျွန်တော်ဟာ မြွေပြဒါး အကိုက်ခံရတဲ့ ရမည်းသင်းမြို့နယ်၊ ပေါက်ကုန်းကျေးရွာက ကိုခင်မောင် ချင်းထံ သွားရောက်ကာ တွေ့ဆုံမေး မြန်းခဲ့ပါတယ်။

ကိုခင်မောင်ချင်းရဲ့ မြွေပြဒါး အကိုက်ခံခဲ့ရတဲ့ အကြောင်းအရာကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာရှုသူ ပရိသတ်အပေါင်းကို ဗဟုသုတအဖြစ် တင်ပြလိုက်ပါတယ် ခင်ဗျာ။

'ကိုခင်မောင်ချင်းခင်ဗျား... အစ်ကို မှာ မြွေပြဒါးကိုက်တာကို ခံခဲ့ရဖူးတယ် လို့ ကြားမိလို့ပါ။ ဘယ်လိုနေရာမှာ ဘယ်ပုံတွေ့ပြီး မြွေကိုက်ခံခဲ့ရတာလဲ ဗျာ။ ခြေထောက်ကိုလား။ လက်ကို လား ဘယ်လိုအချိန်မှာ ကိုက်တာလဲ ဗျာ'

ကျွန်တော့်ဘက်ကို လက်မောင်း ဆန့်ပြပြီး...

'ဟောဒီမှာကြည့် အဲဒါပဲ'

'ဟာ... အစ်ကို လက်ချောင်းကလေးက ကွေးကောက်နေတာပါလားဗျာ'

'အေး ဟုတ်တယ် အဲဒါ မြွေကိုက် ခံရတဲ့လက်ပဲ။ ဟောဒီလက်ချောင်း လေးကို ကိုက်တာပဲ'

'သူများတွေ မြွေကိုက်ခံရတယ်ဆို ရင် ခြေထောက်ကို ကိုက်တာများ တယ်။ ခုဟာက လက်ကို ကိုက်တယ် ဆိုတော့ ဘာတွေလုပ်ရင်းနဲ့ မြွေကိုက် ခံခဲ့ရသလဲ'

'ဒီလိုဗျာ လက်ကို အကိုက်ခံရတဲ့ အကြောင်းရင်းက ကျွန်တော် ငယ် ငယ်တုန်းက ကျောင်းသားဘဝက ကျောင်းပိတ်တဲ့ ရက်တစ်ရက်မှာ လယ်တွေထဲလျှောက်ပြီး ငါးဆိုင်မှာ လုံး ဖမ်းနေတယ်။

အဲဒီမှာ ပုစွန်တွင်းထဲကို ငါးဝင် သွားတာမြင်တော့ ငါးရအောင်ဆိုပြီး တွင်းထဲကို နှိုက်လိုက်တာ။ တွင်းထဲကို လက်တံတောင်ဆစ်အထိ မြုပ်အောင် နှိုက်လိုက်တော့ ဟောဒီလက်ချောင်း ကလေးကို ကိုက်ထည့်လိုက်တာ မှုန်နဲ့

www.burmeseclassic.com

နေတယ်။

အဲဒီမှာ တွင်းထဲနှိုက်ထားတဲ့လက်ကို ဆတ်ခနဲ ပြန်နုတ်လိုက်တာ လက်ချောင်းကလေးကို ကိုက်ထားတဲ့မြွေက တွဲပြီးပါလာတာ။

အပေါ်ကိုရောက်တော့ ကြောက်အားလန့်အားနဲ့ ခါချလိုက်တာ၊ အနားမှာရှိတဲ့ လူကြီးတစ်ယောက်က လာပြီးရိုက်ထည့်လိုက်တာ၊ အဲဒီအခါကျတော့မှ မြွေကို သေချာကြည့်လိုက်တော့ မြွေက **အမည်းအရောင် တလက်လက်နဲ့နေတာ၊** အဲဒီမြွေကို ယူလာခဲ့ပြီး ရွာကျောင်းဘုန်းကြီး ဦးနန္ဒဆီကို သွားတော့ ယူလာတာ'

'အဲဒီမြွေကို ဘုန်းကြီးဦးနန္ဒက ဘာမြွေလို့ အမည်ပေးခေါ်သလဲ'

'အဲဒီမြွေကို ဘုန်းကြီးကိုပြတော့ ဘုန်းကြီးက သေချာကြည့်ပြီးတော့ **မြွေပြွေး**လို့ ပြောတယ်'

'ဒီလိုမြွေကိုက်ခံရတာကို ဘုန်းတော်ကြီးဆီကို သွားတာက ဘာပြုလို့လဲ၊ ဘုန်းကြီးက မြွေဆိပ်ဖြေဆေး ပေးလို့လား'

'အဲဒီအချိန်အခါတုန်းက မြွေဆိပ်ကုတတ်တဲ့ ဆရာဆိုတာ အနားနီးမှာ မရှိဘူးလေ။ ဆေးရုံကို သွားတော့လဲ ဝေးတာရယ်၊ ဆေးရုံကို မြွေကိုက်ခံရလို့ သွားတဲ့လူဆိုရင် ရွာကိုပြန်မရောက်တော့ဘူး။

အဲဒါနဲ့ ဘုန်းကြီးဆီကိုသွားတော့ ဘုန်းကြီးက မြွေဆိပ်ဖြေဆေး စားဆေးနဲ့ စုတ်နဲ့ ပေါက်ပေးတယ်'

'အဲဒီမြွေဆိပ်ကို ဘုန်းတော်ကြီးက ကုသပေးတာနဲ့ပဲ ပျောက်သွားခဲ့တာလား'

'လုံးလုံးလျားလျား ပျောက်သွားတာတော့ မဟုတ်ဘူး။ သက်သာရုံတင်ပဲရှိတာ'

'နောက်ထပ်ကော ထပ်မံပြီးတော့ ဘယ်က ဆရာတွေနဲ့ ကုသသေးသလဲ'

'မြွေကိုက်ခံရပြီး သုံးရက်ရှိတော့ **အနောက်ဝါးခုံတောရွာက ဆရာကြီး ဦးလှရွှေက ရွာကို ရောက်လာတာ၊** ဦးလှရွှေက မြွေဆိပ်ကို သူ ရအောင် ကုတတ်ပါတယ်ဆိုတော့ ဘုန်းတော်ကြီး ဦးနန္ဒက ဆရာဦးလှရွှေ လက်ထဲကို အပ်လိုက်တာ'

'အဲဒီလို ဘုန်းတော်ကြီးကနေ ဆရာဦးလှရွှေကို အပ်လိုက်တော့ ဆရာကြီးက လက်ခံပြီး ကုသပေးသလား'

'ဟုတ်ကဲ့ ဆရာဦးလှရွှေက လက်ခံပြီးတော့ ကုသပေးပါတယ်။ ဘုန်းတော်ကြီးကနေ လွှဲပြောင်းအပ်ပေးတာရော၊ ဆရာကြီးကလဲ ဒီအရပ်ဒေသမှာ မြွေဆိပ်ကုသမှု ကျွမ်းကျင်နိုင်နင်းတာကို လူအများ သိစေချင်တယ်လေ။

အဲဒါကြောင့်ရော ဆရာကြီးရဲ့ စိတ်ရင်းကလဲ မြွေကိုက်ခံရပြီး မြွေဆိပ်ကို ကုသပေးတဲ့ ဆရာနဲ့ မတွေ့ရလို့ ဆုံးရှုံးသွားတဲ့ လူတွေကို နမြောတာ သနားကြင်နာတတ်တဲ့စိတ်နဲ့ စေတနာကောင်းနဲ့ မြွေဆိပ်ကုသတဲ့ ပညာကို လိုက်လံရှာဖွေပြီး ကုသပေးချင်နေတာ တဲ့ဗျာ။

ဘုန်းတော်ကြီးကလဲ မြွေဆိပ်ကို ပြေပျောက်အောင် ကုသပေးနိုင်ပေမယ့် ဝိနည်းတော်အရ ကုသပေးခြင်း မပြုရဘူးလို့ ဘုန်းတော်ကြီးက မိန့်ပါတယ်။

အရေးကြုံလို့ ကုသမယ်ဆိုရင်လဲ လူတစ်ဦးတစ်ယောက်ကို ဆေးပစ္စည်း ပေးပြီး ကုသနိုင်းတာပဲ။

အဲဒါကြောင့်မို့လို့ ကျွန်တော့်ကို ဆရာကြီးဦးလှရွှေထံကို အပ်တဲ့အခါ ဘုန်းတော်ကြီးက ဆေးပစ္စည်းတွေပါ။ ဆရာကြီး ဦးလှရွှေကို လွှဲအပ်လိုက်တာ။

ဆရာကြီးကလဲ သူ့မှာ ဆေးပစ္စည်း အစုံပါပါတယ်။ ဆရာတော်ရဲ့ ဆေးပစ္စည်းကို ဆရာတော်ပဲ ကိုယ်ရေးကြုံရင် သက်လုံကောင်းအောင် သိမ်းထားပါဆိုပြီး ဆရာကြီးက ဘုန်းတော်ကြီးကို ဆေးပစ္စည်းတွေကို ဆရာတော်ထံ ပြန်လည် လှူဒါန်းပေးခဲ့ပါတယ်'

'ဒီလိုဆိုတော့ ဆရာကြီးဦးလှရွှေက အစ်ကိုရဲ့လက်ကို ဆက်ပြီး ကုသပေးတာပေါ့နော်'

'ဟုတ်ပါတယ် အဲဒါကြောင့် ခုလို ပြန်ကောင်းလာတာပဲလေ'

'ဒါဖြင့်ရင် အစ်ကိုရဲ့ လက်ချောင်းလေးတွေ ခုလို ကွေးကောက်နေတာ ပြန်မဆန့်တော့ဘူးပေါ့'

'အယ်...ဒီလောက် ပြန်ကောင်းလာပြီး အလုပ် လုပ်နိုင်တာကိုပဲ ဝမ်းသာနေရတာဗျ။ ဟောဒီလက်ချောင်းလေးတွေတင် ဘယ်ကမလဲ လက်ကောက်ဝတ် အရင်းထိအောင် အသားတွေ ကြွေကျပြီး အကြောနဲ့ အရိုးပဲ ကျန်တော့တာ။

မြွေဆိပ်က ပြင်းထန်လွန်းလို့ အသားတွေ ညိုပုပ်ပြီး တဖြည်းဖြည်း ကြွေကျသွားကုန်တာ၊ ဆရာကြီးလဲ အဆိပ်ပုပ်တွေ ထုတ်တာပဲ။ တွင်းစုပ်တာလဲ မနည်းဘူး။ အသားတွေ ပြန်ပြည့်လာအောင် လိမ်းဆေးတွေ လိမ်းရတာ အကြာကြီး'

'ဆရာကြီးက တွင်းစုပ်ရုံပဲလား စုတ်ဆေးကော မထိုးဘူးလား'

'ဟာ....အစဦးတုန်းကတော့ စုတ်ဆေးတွေနဲ့ ပေါက်တာပေါ့။ တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး ပေါက်လိုက်တာ ဘယ်နေရာမှ မကျန်ဘူး။ နောက်ပိုင်း...





www.burmeseclassic.com

www.burmeseclassic.com

လဲ အလွန်ပဲ။ မြွေဆိပ်ကြောင့် နာတာလို့လဲ ပြောတာပဲ။

အဲဒီလို စုတ်ခေးတွေ ပေါက်လိုက်တော့သွေးတွေက ညိုပုပ်ပုပ်ကြီးတွေ ထွက်ကျလာတာ။



ဟောဒီ လက်ဝတ် အထက်နားက လက်ဖမိုးတွေကရော ထွက်ကျလာတာ တံတောင်ဆစ်က အောက်ကို လက်ဖျံတစ်ခုလုံး။

အဲဒီလို ထွက်တာတောင် အဆိပ်က မကုန်နိုင်ဘူး။ တွင်စုပ်လိုက်တော့ တွင်ထဲမှာ ပါလာတာ။ တွင်ကိုဖြုတ်ပြီး ခါလိုက်တော့ ဖွတ်,ဘွတ်နဲ့ အပြင်ကို ရောက်တော့ သွေးတွေက ခဲကုန်တာ၊ ညိုမည်းမည်းကြီးတွေ မြွေဆိပ်က မှုပြင်းလွန်းလို့'

'အဲဒီလို စုတ်ခေးတွေနဲ့ပေါက် တွင်စုပ်လိုက်တော့ တွင်မစုပ်ခင်နဲ့ တွင်စုပ်ပြီးတဲ့အခါနဲ့ နေရတာ ဘယ်လိုထူးခြားမှု ရှိသလဲ သတိထားမိသလား'

'ဟာ...ထူးခြားတာပေါ့ တွင်မစုပ်ခင်ကဆိုရင် မျက်စိတွေမှုန်ပြီး ဘာကိုမှ ကွဲကွဲပြားပြား မမြင်ရဘူး။ မှိန်ဝါဝါနဲ့ ကိုယ်လက်တွေကလဲ လေးလံပြီး မလှုပ်ချင်ဘူး။ တွင်စုပ်ပြီးမှ ပေါ့ပေါ့ပါးပါးနဲ့ နေသာထိုင်သာ ရှိသွားတာ'

'ကိုခင်မောင်ချင်းကို ဆရာကြီးဦးလှရွှေက ကုသပေးနေတုန်း အချိန်အခါမှာ ဘယ်လို အစားအစာတွေ ကျွေးလို့ ဘယ်လိုအစာတွေကို ရှောင်ကြဉ်ခိုင်းသလဲ'

'ဟာ...အဲဒါကတော့ အစဦးကတည်းက ဘာမှကို မစားရဘူး။ ဆန်ရည်ကိုပဲ သောက်ခိုင်းတာ။ ရေဆာလဲ ဆန်ရည် အစာဆာလဲ ဆန်ရည်ပဲ သောက်ခိုင်းထားတာ။

အစဦးကတည်းက အစာအိမ်ထဲမှာ အဆိပ်တွေ ခဲနေမှာစိုးလို့ ညဦး ဝမ်းနုတ်ဆေးတိုက်ပြီး ဝမ်းကို ခါထားတော့ ဘာဘာပေါ့။ ဆန်ရည်တွေချည်း ဓိသောက်ခိုင်းတော့ နောက်တော့လဲ သိပ်မဆာတော့ဘူး'

'ဝမ်းနုတ်ဆေးတိုက်လို့ ဝမ်းသွားတော့ရော အရောင်က ဘယ်လို အရောင်တွေ ဖြစ်မလဲ ကြည့်မိပါသေးသလား။ ဆီးသွားတော့ရော ဘယ်လိုနေသလဲ'

'ဝမ်းသွားတာကတော့ နေကောင်းတုန်းကလိုပဲ ပုံမှန်အစာဝမ်းပါပဲ။ နောက်တော့ အရည်တွေပဲ သွားတာပါပဲ။

အစဦးပိုင်းမှာ ဆီးကတော့ သိပ်မသွားဘူး။ ဆီးသွားချင်လျက်နဲ့ မထွက်တာ။ နည်းနည်းပဲသွားတယ်။ ဆန်ရည်ထဲကို ဆေးမှုန့်ထည့်ပြီး တိုက်တော့မှ ဆီးသွားလို့ ကောင်းလာတာ'

'အစ်ကို့ကို မြွေကိုက်ခံရပြီးတော့ ရေဆာတာတို့ အစာဆာတာတွေရော မဖြစ်ဘူးလား'

'ဟာ...ရေကို အလွတ်ဆာတာ ဗိုက်ထဲမှာလဲ တအားပူတာ။ ရေမြင်ရင် ပြေးသောက်မယ်ကြံရင် ဆွဲထားရင်း အော်ပြီး ရေတောင်းလဲ မပေးဘူး။ ရေကို မသောက်ရဘူးတဲ့။ ရေနဲ့မတည့်ဘူးဆိုပဲ။

ဒီလက်ကိုတောင်မှ ရေထိလို့ ဒီလောက်အသားတွေ ကြေကျကုန်တာတဲ့။ ပွန်တွင်းထဲကို နိုက်တာဆိုတော့ တွင်းထဲမှာ ရေက ပြည့်နေတာလေ။

သေးကောင်းလို့ လက်ကောက်ဝတ်က အောက်တင် အသားကြေကျတာ ရေထိတာက တံတောင်ဆစ်ထိအောင် ဖိုသွားတာ'

'အဲဒီမြွေကိုက်မိပြီး ပြန်လာတော့ကော လမ်းမှာ ရေထဲကို ဖြတ်မသွားရဘူးလား'

'မြွေကိုက်ခံရတဲ့နေရာ အနားမှာက လယ်တွေနဲ့နေတဲ့ အစ်မအိမ်သားကိုကြီးမောင်က ထွန်ဖြုတ်ပြီး နွားလှည်းနဲ့အိမ်ကို ပို့တာ။ အိမ်က တစ်ဆင့် ဘုန်းကြီးကျောင်းကို သွားတာဆိုတော့ ရေထဲကို ဖြတ်မသွားရတော့ဘူးပေါ့'

'အေးဗျာ ကျွန်တော်တို့ရွာက မြို့ဆေးရုံနဲ့ ဝေးပေမယ့် ရွာမှာ မြွေဆိပ်ကို နိုင်နိုင်နင်းနင်း ကျွမ်းကျွမ်းကျင်ကျင်နဲ့ ကုသပေးတတ်တဲ့ ဆရာရောက်လာလို့ တော်သေးတာပေါ့နော့။ အဲဒီဆရာကြီးဆီက ပညာအမွေကို ဆက်လက်ခံယူထားဖို့ ကောင်းတယ်'

'ဒီအရပ်က လူတွေ အဲဒီဆရာကြီးဆီက မြွေဆိပ်ကုတဲ့ ပညာကို ယူတော့ယူကြတယ်။ ဦးချစ်အေးဆိုရင် အခု ကျွမ်းကျွမ်းကျင်ကျင်နဲ့ လက်ခံပြီး ကုသပေးနေတာ။ လူတွေ တော်တော်များများ ကုသပေးထားပြီးပြီ'

'ကိုခင်မောင်ချင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေဗျာ၊ အေးဗျာ အခုလို မြွေပွေးကိုက်ခံခြင်း ခံရတာကို ရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်'

သဗ္ဗေသတ္တာ ကမ္မဿကာ

ရွှေမိုးဟိန်း(ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ထဲက မင်းသား

ကျော်မင်းမြ



'တကူကူး...ကူး'

'တကူကူး...ကူ'

အနောက်တောင်တန်းဆီမှ ချိုးကူး သံလေးသည် အချက်ကျကျ ကူနေ၏။ ချိုးကလေး၏ ကူညွှဲသံက ရင်ကိုဖြင့် လွမ်းတသသ ကျွမ်းတမြမြ ဖြစ်စေနေပါသည်။

ထိုအချိန်တွင် ရင်အုပ်ကားကား ယောကျ်ားပီသသော ခန္ဓာကိုယ် အချိုးအစားနှင့် လုလင်ပျိုတစ်ယောက် အနောက်ဘက်တောတန်းသို့ ကြည့်ရင်း အတိတ်ကို စိတ်အစဉ်က ခေါ်ဆောင်သွား၏။

* * *

သက္ကရာဇ် ၉၉၁ ခုနှစ် ဗညားရမ်းမင်း အိမ်နိမ့်စံဘဝတွင် အကြောင်းပါခဲ့သော သား "သမိန္တြာရာမည" သည် တောတွင်း ပုန်းလျှိုးရင်း ခမည်းတော် ဗညား ရမ်မင်း မရှိသည့်နောက် တောတောင်များထဲတွင် ဆင်ဦးစီး လူယုံတော်များ လက်တွင် စောင့်ရှောက်ခံကာ ကြီးပြင်းလာခဲ့တော့သည်။

သူ၏ ကစားဘက်က တောအွင်းမှ ဖမ်းဆီးရမိသည့် ဆင်ငယ်လေးကို ယဉ်ကျေးအောင် သင်ပေးလျက် ကစားဖော်အဖြစ်နှင့် မွေ့ပျော်ခဲ့၏။ ဆင်ငယ်ကလေးကို ဆင်ဦးစီးများက အားလုံးဝိုင်းချစ်ကြ၍ "ချစ်ချင်း" အမည်ပေးထားကြ၏။

သမိန္တြာရာမညမင်းသား နန်းတွင်း မဟာဆိမဟာသွေးဘဝကို တောတွင်း၌ အကြောင်းမဲ့ အကုန်မခံနိုင်ဘဲ ဘဝ တိုးတက်ရာ ရှေ့ရှုရန်အတွက် သူ၏ ကစားဖော် "ချစ်ချင်း" ကို သင့်တော်သော ဆင်ဦးစီးထံတွင် အပ်နှံခဲ့၍ ရှေးဦးစွာ မုဒ္ဒသာရဆရာတော်ကျောင်း၌ ရဟန်းခံနေခဲ့သည်။

ညစဉ် ကျောင်းမြောက်ဘက် ပညောင်ပင်အောက်တွင် မေတ္တာ ကမ္ဘာ့ဒဏ်နားစီးဖြန့်နေစဉ် သစ်ပင်ထက်မှ ရုက္ခစိုးနတ် ဆင်း၍ ကိုယ်ထင်ပြကာ...

'အရှင့်သား... သင် အဖ၏ ပုံသာတော် ထီးနန်းကို ပြန်မြှုလိုပါလျှင် သီလကို စောင့်ထိန်း၍ ထိန်းပါလေ'

ဟု ဆို၍ ပျောက်ကွယ်သွား၏။

နောက် နှစ်လ၊ သုံးလခန့်အကြာ တွင် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီး အိပ်မက်ပေးသည်ကား...

'အနောက်မြစ်နားသို့သွားလျှင် မိကျောင်း ပေါ်လာလိမ့်မည်။ ထိုမိကျောင်းကို စီး၍ မြစ်အနောက်သို့ကူးလျှင် ကညင်ပင်ထက်၌ ဥဒေါင်း တွန်လိမ့်မည်။ သစ်ပင်ကို ရှာ၍ စင်ရော်ဝဲလိမ့်မည်။

ထိုသစ်ပင်၌ အရှေ့တစ်တောင်ကွာ အနက်သုံးတောင် တွင်းတူးလျှင် ရွှေပေ နှင့် ရေးထားသည့် ဂါထာ သုံးဂါထာ ရှိ

ပထမဂါထာအကျိုးမှာ ရှိန်းသောယာ ပြောင်းကိုယ်စွာ ရနိုင်သည်။ ဒုတိယဂါထာ တေ့လုံ့သေနတ်တုတ် စသည်တို့ ဖြ

တတိယဂါထာ ဝပ်။ ပြောင်း ပဲ ဘူး စိုက်ပျိုးရာ၌ ရေကို မန်း၍ ပက်လျှင် ဆယ်ပြန် တိုးသီးပွင့်သည်။

ယင်းဂါထာများကို နေ့ရှိန်ရအောင် ကျ မြုပ်နှံမြှုပ်ထားခဲ့ရမည်'

ဟု အိပ်မက်မက်၏။

အိပ်မက်အရ မြစ်ဆိပ်သွား မိကျောင်းပေါ်လျှင် အလွန်ကြော မက်ဖွယ်ရှိ၍ မစီးဝံ့ဘဲရှိရာ (၃) ကြာကာ မိကျောင်းငုပ်လေ၏။

နောက်တစ်လခန့် ကြာလျှင် အတိုင်း အိပ်မက် မက်ပြန်သော သွားပြန်ရာ မိကျောင်းပေါ်ကို မည့်အပြုတွင် မြစ်ကမ်း ရှိ



www.burmeseclassic.com

www.burmeseclassic.com



ယောက်မှ ရဟန်းကို စိတ်ပေါ့သွပ်နေသယောင် ရေထဲဆင်း မိကျောင်းစီးမည့်ထင်၍ ဝိုင်းချွဲကြသဖြင့် မစီးရတဲ့ မိကျောင်း ငုပ်ပြန်လေ၏။

နောက်အတန်ကြာသော် ရွှေအုံမြို့သားတို့က ...

'ပင်အမြစ်ကို ယူတော်မူပါ ကျွန်တော်တို့ အမှုထမ်းပါမည်'

ဟု ဆိုကြသဖြင့် သမိန်ထောရာမသည် ဒလဘက်တွင် လှေဝတ်လဲ၍ သန်လျင်မြို့သို့သွားပြီးလျှင် လှေအများ စုံရုံးစေကာ ကျိုက်ပေါ်ဘုရားတွင် သစ္စာပြုကြ၏။

ထိုအချိန်တွင် ဝတ်မြူစင်ကြယ် ပုဂ္ဂိုလ်ကြီးမှ တတိယအကြိမ် ရေးနည်းအတိုင်း အိပ်မက်ပေးပြန်လေရာ မြစ်ဆိပ်သို့ သွားကြည့်ရာ မိကျောင်းပေါ်လျှင် အရဲစွန့်၍ မိကျောင်းကို စီးလေ၏။

အနောက်ဘက်ကမ်းသို့ ရောက်လျှင် အိပ်မက်အတိုင်း အလုံးစုံကို တွေ့လေ၏။ [ဂါထာသိုးမှတ်(၃၂) လုံးဘွဲ့ ဂါထာများဖြစ်၏]ကို ကျက်မှတ်၍ ရွှေပေကို မြှုပ်ပြီးလျှင် အရှေ့ကမ်းသို့ အဆိုပါ မိကျောင်းကိုပင် စီး၍ကူးရာ မြစ်လယ်တွင် လေကြီးမိုးကြီးကျ၍ မြစ်တစ်ခုလုံး မှောင်မိုက်ခဲ့၍ မနည်းအသက်လုလာခဲ့ရသည်။

ထိုအခါ ပထမ၊ ဒုတိယဂါထာ နှစ်ပုဒ်ကို မေ့လျော့စေခဲ့ပြီး တတိယဂါထာတစ်ပုဒ်ကိုသာ မှတ်မိတော့လေ၏။

မြစ်ကမ်းစပ်သို့ရောက်၍ အကြောင်းမျိုးစုံကို ပြန်ကြားသော် ရွှေတုံသားများက ဂါထာများကို သွား၍ ယူမည်ဟု လာရောက် ရှာဖွေရာ တူးရာကို မဆိုနှင့်ဦး ကညင်ပင်ကိုမျှ မတွေ့လေသောဟူ၏။

သမိန်ထောရာမလည်း လူသူအင်အား အလုံးအရင်း စုရုံး၍ ဆင်မြင်းများရှင်နှင့် စစ်ပြု၍ ရှုံးလေသည်တွင် ပြေးခဲ့ရ၍ တောင်သူကြီးတစ်ဦးအိမ်တွင် ခိုလှုံနေရလေ၏။

တောင်သူကြီး၏ လယ်ယာများကို သမိန်ထောရာမက ရေမန်း၍ ပက်ပေးလျှင် ဆယ်ဆတိုးလျှင် သီးပွင့်သည်ကို တောင်သူကြီးသိသော် မိမိ၏ သမီး အလတ်ကို ပေးလေ၏။

* * *

လုလင်ပျို မည်မျှ စိတ်ကူးအတွေးနယ် ကျံသွားလေသည်မသိ သူ၏အနီးသို့ လုံမပျိုလေး ရောက်နေသည်ကို တောင် သတိမထားခဲ့ချေ။

'မောင်ကြီး...ရေ'

'နေတောင် အတော်စောင်းနေပြီ ဘာတွေများ အတွေးကောင်းနေတာတုံး'

'ဪ...နှမလေးရယ်၊ မောင်ကြီး ဒုက္ခရောက်စဉ်က စောင့်ရှောက်ထားတဲ့ နှမလေးတို့ရဲ့ကျေးဇူးကို အမြဲအောက်မေ့လို့ အခါအခွင့်သင့်တုန်း ဘုန်းစွမ်းနဲ့ လူစ ပြုပါမှ နေရာကျနိုင်မပေါ့ကွယ်'

လုလင်ပျိုနှင့် လုံမပျိုနှစ်ဦးသား ရေ့ရေးအတွက် တိုင်ပင်ရင်း ယာတဲအိမ်ဆီသို့ ပြန်လာခဲ့ကြသည်။

တကယ်တော့ လုလင်ပျိုသည်ကား တစ်ချိန်က ဟံသာဝတီ ထီးနန်းရှင်ဖြစ်ခဲ့သော "သမိန္ဒြောရာမည" မင်းသားပင် ဖြစ်လေသည်။

အချိန်သမယအခါက မြန်မာလူမျိုးတို့၏ နှစ်ဦး အတာကူးပြီးသည့်အချိန် တန်ခူးလဆန်း(၁၃)ရက်တနင်္ဂနွေနေ့ သမိန္ဒြောရာမည်မင်းသားအကြံသည်ကား ရွှေအုံနယ် ကရင်ရွာသူကြီးနှင့် ထော်(ရွှေ)ရွာသားများကဘုရင်ကို ငါ၏ ဒူးများကို ရိုက်ချိုးစေ၍ဆက်သ စေမည် ရှေ့တော်ရောက်လျှင်ရေတင် သည်ဆိုလျှင် ရေပေးအုံသည်။

ထိုရေကို မန်း၍ သောက်သော် ဒူးနာပျောက်လိမ့်မည်။ ဒူးနာပျောက်ကာလ အနီးအနားရှိ တစ်စုံတစ်ခုသော လက်နက်ကို ယူပါအုံ။ ဘုရင်ကို လုပ်ကြံပြီးလျှင် မင်းအဖြစ်ကို ယူမည်ဟု ကြံလေ၏။

ကြံသည့်အတိုင်း ရှေ့တော်မှောက်ရောက်လာသော် ဟံသာဝတီ အရေးတော်တွင် စစ်ရှုံး၍ တပ်ပျောက်နေသော "သမိန္ဒြောရာမည" မင်းသားအား လာရောက် ဆက်သသော ရွာသားများက ဒူးနှစ်ဖက်ကို ရိုက်ချိုးကြိုးတုပ်နှောင်သည့် မြင်ကွင်း...

ဘုရင်နောင် မင်းတရားကြီး သူ့လက်စွပ်ကို လျှပ်တစ်ပြက် ကိုင်တွယ်ကြည့်ပြီး...

'အလျှင် သမိန္ဒြောရာမည'

ဟု ခေါ်လိုက်၏။

မင်းကြီးနှင့် သမိန္ဒြောရာမည မင်းသားတို့ အကြည့်ချင်းဆုံ မိကြသည်။

သို့သော် အကြည့်နှစ်ခု၏ အဓိပ္ပါယ်က မတူညီ။ မင်းကြီးအကြည့်က တစ်ချိန်က ဟံသာဝတီ [illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကို စိတ်မကောင်း ကရုဏာသက်သည့် အကြည်၊ သူရဲကောင်းမင်းသား၏ အတွင်းစိတ်သဏ္ဍာန်က အများကောင်းကျိုးအတွက် ကြိုးပမ်းနေချိန်တွင် တစ်ယောက်ချင်းသော ကိုယ်ကျိုးမရှာလိုသည့် အရှင်သစ္စာအား ဦးထိပ်ပန်ဆင်မည့် အကြည်။ မင်းကြီးမှ...

'သင်သည် တပ်မှူးတ်၍ တိမ်းရှောင်နေသည်မှာ မှန်၏။ ငါ၏ သစ္စာတော် ခံယူပါက သင့်အား ငါ ချီးမြှောက်မည်'

ထိုအခါ မှန်သူရဲကောင်းမှ...

'အရှင်မင်းကြီး... ကျွန်ုပ်သည် အရှင့်သစ္စာအား ဦးထိပ်ထက်တင်၍ အမျိုးကောင်းစားရေးသာ ရည်ရွယ်ပါသည်။ တစ်ယောက်ချင်းသာ ကိုယ်ကျိုးရှာမှုအတွက် သစ္စာကို မဖျက်ခဲ့ပါ'

ထိုအခါ မင်းကြီးမှ...

'သင်အလိုရှိရာ အခွင့်တစ်ခု တောင်းဆိုပါလေမည်'

'ကျွန်ုပ်အား ရေကြည်တစ်ခွက် ချီးမြှောက်လင့်ပါ'

ကြသည့်အတိုင်း ရေတောင်းသောက်သော်လည်း မန်းမှုတ်သော် ဒူးနာမပျောက်ဘဲ ရှိလေမှ သူရဲကောင်းမင်းသားမှာ ငိုလေ၏။

'ယောကျ်ားကောင်း ဖြစ်လျက် အဘယ်ကြောင့် ငိုသနည်း'

'ရေမန်းသောက်၍ ဒူးနာပျောက်လျှင် နီးရာလက်နက်နှင့် လုပ်ကြံမည် ကြံစည်ပါသည်။ ဘုန်းတော်က ကြီးမားလွန်း၍ မကြံနိုင်မကြံစည်နိုင်၍ စိတ်အားငယ်၍ ငိုခြင်းဖြစ်ပါသည်'

'အသင်သည်... ငါ့ဘုန်းကံကို မသိ၍ ကြံမိမှားခြင်းဖြစ်သည်။ ယခု ဒိုင်းလွှားပေး၍ ကာစေ... အမိန့်တော်ရှိလျှင် ထကာ၏ တန်ခဲစေတော့ အမိန့်တော်ရှိလျှင် ကျိုးမြဲ ကျိုးနေ၏'.

နောက်ဆုံးတွင် မင်းကြီးသည် တိုင်းပြည်စည်းရုံးရေးအတွက် ပြုလုပ်နေချိန် သူတစ်ယောက်အတွက်ဖြင့် ကွဲပြားခြားနားမှုကို တွေ့၍ နောင်အရေး စိတ်မအေးမွယ်ရာဖို့ မျက်နှာလွှဲတော်မူလေ၏။

ဤသို့ဖြင့် ပုဂ္ဂိုလ်ထူး ပေးသနားခဲ့သော ရွှေပေလွှာဂါထာတော်ကို ရရှိသော်လည်း ဘုန်းကံကြီးသော ဘုရင်တစ်ပါး၏ အစွမ်းအစကို မယုံကြည်မိ၍ ကြံမှားဆိုးနှင့် သူရဲကောင်း သမိန်ဗြောရာမည၏ ဘဝနိဂုံးမှာ အဆုံးသတ်လေခဲ့တော့သည်။

## ကျော်ငြိမ်းနည်း

BURMESE CLASSIC

စာကြွင်း

ဘုရင့်နောင် မင်းတရားကြီးသည် ရခိုင်၊ တောင်ငူ၊ ဇင်းမယ်၊ ထိုင်း(ယိုးဒယား)နိုင်ငံများသို့ စစ်ချီထွက်ခဲ့မှုသဖြင့် ပြကျောက်နှင့် ကျောက်မျက်ရတနာများအကြောင်းကို နားလည်တတ်ကျွမ်း၏။

မင်းကြီးဝတ်ထားသည့် သိန္ဓုဝင်အမြဲတေလက်စွပ်အစွမ်းသည် သူရဲကောင်း "သမိန်ဗြောရာမည"၏ ရန်သူများကို နှိမ်နင်းရာတွင် ပတ္တမြားလက်စွပ်ကို အသုံးပြုပြီး လက်စွပ်ပေါ်တွင် ပေါ်ထားသော အရိပ်အယောင်များကို လက်သုံးတော် တဖြင့် ခုတ်ခုံမှုဖြင့် ရန်သူများ ကျဆုံး ထွက်ပြေးရသည်ဟု အဆိုရှိ၏။

တည့်နန်း

အမျိုးသားပညာဝန် ဦးဖိုးကျား၏ မြန်မာ့ဂုဏ်ရည် သူရဲကောင်းများ၊ ဆင်ဖြူများရှင်နှင့် သမိန်ဗြောရာမ။



စာမျက်နှာ (၃၀၃)မှ အဆက်

လောကဝိဒူ ထိနာမေ
အတိဿယာ လောကဝိဒူ
သင်္ခါရ သတ္တ ဩကာသံ
လောကဝိဒူ ထေရဿ

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| လောကဝိဒူ | = လောကဝိဒ် |
| အတိဿယာ | = အတိဿယာ |
| သင်္ခါရ | = သင်ခါရ |
| သတ္တ | = သတ်တ |

အနက်

မောင်ဓမ္မ— ကြီးမြတ်သောဘုန်းတန်ခိုးတော်နှင့်ပြည့်စုံသောမြတ်စွာဘုရားသည် ထိုလောကသုံးပါးကို ဝိဒူ- သိတော်မူ၏ လောကသိရှိ—လောက၏ ဖြစ်ပျက်ခြင်းကို၊ ဟာကသိကေတာ- ပြုတော်မူ၏ လောကရုမဏေ— လောကအဆုံးဖြစ်ကို ဆောင်တော်မူ၏ လောကဇေ— လောက၏ အမြတ်ဆုံး ဖြစ်တော်မူ၏ မာရ်စစ်သည်—မာရ်ငါးပါးကို အောင်မြင်တော်မူ၏ သင်္ခါရ သတ္တဩကာသ— သင်္ခါရသတ္တဩကာသ ဟူသော လောက ဝိဒူ— လောကသုံးပါးကို သိတော်မူ၏ လောကဝိဒူ ထိနာမေ — လောကဝိဒူ ဟူသောဂုဏ်တော်အမြင့် အတိဿယာ— ထင်ရှားတော်မူ၏ လောကဝိဒူထိ— လောကဝိဒူဟူသော မြတ်စွာဘုရား ထေ— အရှင်ဘုရားအား နမော— ရှိခိုးပါ၏။

[ဤဂါထာတော်များကို နေ့စဉ်ရွတ်ဆို၍ ဘုန်းကံ ပွင့်လန်း အောင်မြင်ပါစေ။ [မြန်မာ(လောကဝိဒူ)ဂုဏ်တော်ဂါထာ]]

မှ ကြိုဆိုလေ့ရှိသည်။]

☐ ဂုဏ်တော် အမှတ် (၅) ဂုဏ်တော် ပုတီးစိပ်ပါ။

လောကဝိဒူ (ပုတီးတစ်ပတ်မှ ၄-ပတ်)

ဤ ယတြာကျင့်စဉ်ကို...

၅-ကြိမ်မြောက်ဖြစ်ရှင်(၇)နေ့သားသမီးများသည် ဆင်းစီးမြင်း၍ ဘုရားရှေ့တွင်အထူးဆောင်ရွက်ရမြဲဖြစ်ပါတယ်။

၅-ကြိမ်မြောက်ဖြစ်ရှင်များသည်... သက်တော်ထင်ရှား မြတ်ဘုရားကြည်ညိုး ရွက်ဆောင်ရမည့် (၅)ညနေ ဤယတြာကျင့်စဉ်ကို ဆောင်ရွက်ရမည် ဖြစ်ပါတယ်။

အောင်ပါစေ အောင်ပါစေ

– ကဝိသိရေမဟ

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်

ကဝိသိရေအောင်

ယတြာကျွင်းစဉ်ထုံးများ



## ၅-ကြွင်း

### မဟာဘုတ်ပိုင်ရှင်များအတွက်

ကြည့်ပါ...။

| | | |
|---|---|---|
| | ၂ | |
| (၄) | ၀ | ၃ |
| ၁ | ၅ | ၆ |

၅-ကြွင်း မဟာဘုတ်

၅-ကြွင်းမဟာဘုတ်ပိုင်ရှင် (၇)ရက်သားသမီးများအတွက် ကောင်းကျိုးအပြုဆုံးဖြိုဟ်သည် အထွန်းဖြိုဟ် ဖြစ်ပါတယ်။ ထို့ကြောင့် ၅-ကြွင်း မဟာဘုတ်ပိုင်ရှင်များအတွက် ဗုဒ္ဓဟူးဖြိုဟ်သည် ကောင်းကျိုးအပေးနိုင်ဆုံး ဖြိုဟ်တစ်ခုလဲ ဖြစ်ပါတယ်။

ဤတွင်...

၅-ကြွင်း မဟာဘုတ်ပိုင်ရှင်များအတွက် ယတြာကျွင်းစဉ်ထုံးမှာ...

❒ ဗုဒ္ဓဟူးနေ့များဘုရားရှင်များအား ရှိခိုးကန်တော့ပါ။

ကောဓဇ္ဈောပုဂ္ဂလေ နာရဒေါ သဇ္ဈာ
သိဒ္ဓတ္ထ ကောဏ္ဍဂမနာ။
ဗုဒ္ဓဝိရေ အဘိဇာတာ
တေ နမဿာမိ သာဒရံ။
နဝေနာဒေနန ကမ္မနံ
ပေါရာဏက် ဝိနဿတု။
စတုန္နံ ဗုဒ္ဓတေလနံ
သင်္ဃံ သုခီ ဘဝန္တုမေ။

ခက်ခဲသော ပါဠိအသံထွက်

ကောဓဇ္ဈောဗြောဇ္ဈော=ကွန်ဒင်ညော
သဇ္ဈာ =သဇ်တာ
သဒ္ဓတ္ထ =သိတ်ဓတ်ထ
နမဿာမိ =နမတ်သာမိ
ကမ္မနံ =ကမ်မနံ
ဝိနဿတု =ဝိနတ်သတု
စတုန္နံ =စတုန်နံ
ဘဝန္တု =ဘဝန်တု

အနက်

ကောဏ္ဍညော- ကောဏ္ဍညမြတ်စွာဘုရားသည် လည်းကောင်း၊ နာရဒေါ သဇ္ဈာ- နာရဒ မြတ်စွာဘုရားသည် လည်းကောင်း၊ သိဒ္ဓတ္ထ ကောဏာဂမနာ- သိဒ္ဓတ္ထမြတ်စွာဘုရား၊ ကောဏာဂုံ မြတ်စွာဘုရားတို့သည် လည်းကောင်း၊ ဤခေမ- ဤဘုရားလေးဆူတို့သည်၊ ဗုဒ္ဓဝါရေ- ဗုဒ္ဓဟူးနေ့၌၊ အဘိဇာတာ- ဖွားမြင်တော်မူကြကုန်၏၊ တေ- ထိုဘုရားလေးဆူတို့ကို၊ သာဒရံ- ရိုသေလေးစားခြင်းရှိသည်ဖြစ်၍၊ နမဿာမိ- ရှိခိုးပါ၏။

နဝေန- အသစ်အဦး ဆည်းပူးအပ်သော၊ အဓနနကမ္မေန-ဤဘုရားလေးဆူ သမ္မုဒ္ဓတို့ကို ကြည်ဖြူမြတ်နိုးရှိခိုးရသော ကောင်းမှုကံကြောင့်လည်းကောင်း၊ စတုန္နံဗုဒ္ဓတေဇေန- လေးဆူကုန်သော ဘုရားရှင်တို့၏ တန်ခိုးတေဇော အာနုဘော်ကြောင့်လည်းကောင်း၊ ပေါရာဏကံ-ရှေး၌ ပြုကောင်းကံ အဟောင်းသည်၊ ဝိနဿတု- ပျောက်ပျက်ပါစေသတည်း။ မေ-အကျွန်ုပ်အား၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ သုခီ-ချမ်းသာခြင်းတို့သည်၊ ဘဝန္တု-ဖြစ်ပါစေကုန်သတည်း။

❒ လောကဝိဇ္ဇဂါထာကို (၁၇)ခေါက်ရွတ်ပါ။

လောကဝိဒူ တိလောကသာ၊
လောကသိဒ္ဓိ ပဏာသိတော။
လောကဂုဏော မဟာဝီရော
လောကဂ္ဂေါ ဟရိဝံသော။

နက္ခတ်ရောင်ခြည်မဂ္ဂဇင်း ၃၈၃ (စာမျက်နှာ (၁၀၂) သို့)